www.burmeseclassic.com

BURMESE CLASSIC

# THE MARK OF THE ANGEL

# နတ်မိမယ်လားဝိုးတဝါး

Nancy Huston

မောင်ထွန်းသူ

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ည်ထောင်စု မပြိုကွဲရေး ဒို့အရေး
င်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
ချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

BURMESE CLASSIC

စိတ်ကူးချိုချိုစာအုပ်

# နတ်မိမယ်လား ပိုးတဝါး

မောင်ထွန်းသူ

# The Mark of the Angel

NANCY HUSTON

၂၀၀၉ ခုနှစ်၊ မတ်လ
ပထမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

နတ်မိမယ်လား ဝိုးတဝါး

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၃၅၀၂၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၇၄၀၇၀၈ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဣ. ဒ. ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည့်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ မတ်လတွင် တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

BURMESE CLASSIC

# ဤဝတ္ထုသည်

နှစ်က ၁၉၅၇ ခုနှစ်…၊ နေရာက ပါရီ၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ရှိထားခဲ့သော လူတို့၏ စိတ်ဒဏ်ရာများ ပျောက်ကင်းစအချိန်။

ဆက်ဖ်ဖီအမည်ရှိ ဂျာမန်အမျိုးသမီးသည် ပါရီမြို့သို့ ရောက်လာသည်။ ပြင်သစ်ဂီတပညာရှင် ရာဖေး၏အိမ်တွင် အိမ်ဖော်အဖြစ် ဝင်၍အလုပ်လုပ်သည်။ သို့နောက် ရာဖေးနှင့်…

တစ်ရက်တွင် ဆက်ဖ်ဖီသည် ဂီတပညာရှင် ရာဖေး၏ပလွေကို သွား၍ ပြင်ရာမှ တူရိယာပစ္စည်းကိရိယာပြုလုပ်သူ ဟန်ဂေရီအမျိုးသားတစ်ဦးနှင့် ဆုံမိခဲ့၏။ ဤသည်မှစ၍ လူသုံးဦး၏ ဘဝများသည် မမျှော်လင့်သော အဖြစ်များနှင့် ရင်ဆိုင်ခဲ့ရလေ၏။

ဤသို့ဖြင့် စစ်ကြီးကြောင့် စိတ်တွင် ဒဏ်ရာအနာတရဖြစ်ကာ ထိခိုက်ပျက်စီးခဲ့ရသော လူနှစ်ယောက်သည် ပြင်းထန်သော ဆန္ဒရမ္မက်၏ တွန်းအားကြောင့် အန္တရာယ်အလွန်များသည့် နယ်နိမိတ်များကို ဖြတ်ကူးမိကြသည်။

အရှိန်အဟုန်ပြင်းသည့် ဒီရေသဖွယ် လျင်မြန်စွာ တက်လာနေသော အယ်လ်ဂျီးရီးယားစစ် ပဋိပက္ခကို နောက်ခံပြုထားသည့် ဤဝတ္ထုသည် ဖြစ်ပေါ်လာခဲ့သည်။ ဤဘက်ခေတ်တွင် ဤဝတ္ထု၏အရှိန်သည် ကြီးမားလာခဲ့လေရာ…။

ဤနှစ် (၂၀၀၀)ခုနှစ်အတွင်း ကျွန်တော် ဖတ်ရှုခဲ့ရသမျှ အကောင်းဆုံးအုပ်များထဲတွင် ဤဝတ္ထုသည် တစ်အုပ်ဖြစ်၏။ စစ်၏နောက်မှ ပေါ်ထွက်လာခဲ့သော ကြေကွဲဖွယ်ရာများနှင့် အနိဋ္ဌာရုံများကို နောက်ခံထား၍ အံ့ဩဖွယ်ကောင်းများနှင့် ထိတ်လန့်ဖွယ်ရာများကို ဖတ်ရှုရ၏။ ဤသည်မှာ ဤဝတ္ထု၏ ထူးခြားချက်တစ်ရပ် ဖြစ်ပေသည်ဟု Times Literary Supplement မှ စာပေပညာရှင် အယ်လ်ဘာတို မင်ဂူယယ်လ် Alberto Manguel က ရေးသားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အရေးအသားကောင်းသည့် ဤဝတ္ထုသည် စာဖတ်သူ၏စိတ်ကို ထိထိ ခိုက်ခိုက်ရှိစေနိုင်စွမ်းရှိသည်။ ထို့ကြောင့်လည်း ပို၍ လူကြိုက်များကာ အောင်မြင် မှုရရှိခဲ့ခြင်းဖြစ်သည်ဟု အချို့ ဝေဖန်ရေးဆရာများက ဆိုကြ၏။ 'ဂေးရှားမယ် တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်း' Memoirs of a Geisha အမည်ရှိ စာအုပ်ကို ရေးသားခဲ့သော 'အာသာဂိုးလ်ဒင်း Arthur Golden' ကမူ ဤဝတ္ထုတွင် အံ့သြ ဖွယ်ကောင်းလောက်အောင် ထူးခြားသည့် နက်နဲသိမ်မွေ့မှုများကို တွေ့ရပေလိမ့် မည်ဟု ရေးခဲ့သည်။

ဤဝတ္ထုကို ရေးသူမှာ 'နန်စီဟူစတန် Nancy Huston' ဖြစ်သည်။ သူသည် ဂျာမန်အမျိုးသမီးတစ်ဦးဖြစ်၍ ၁၉၅၃ ခုနှစ်တွင် 'ကယ်လ်ဂါရီ Calgary' ၌ မွေးဖွားသည်။ ၁၉၇၃ ခုနှစ်တွင် နန်စီဟူစတန်သည် ကျောင်းသူတစ်ဦးအဖြစ် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ရောက်လာခဲ့ပြီး ထိုအချိန်မှစ၍ ယနေ့အထိ ပါရီမြို့မှာ ပင် အခြေချနေထိုင်ခဲ့သည်။

သူ့ဝတ္ထုများမှာ အရောင်းရတွင်ကျယ်ခဲ့သည်သာမက ပြင်သစ်နိုင်ငံမှာ ရော ကနေဒါနိုင်ငံ၌ပါ စာပေဆုများ ရရှိခဲ့၏။ ယခု ဤစာအုပ် The Mark of the Angel မှာ ပြင်သစ်နိုင်ငံတွင် အရောင်းရအကောင်းဆုံး စာအုပ်တစ်အုပ် ဖြစ်ခဲ့ရုံမျှမက ပြင်သစ်နိုင်ငံ၏ The Grand Prix des Lectrices de Elle စာပေဆုကို ရရှိခဲ့သည်။ သူသည် ဘူလ်ဂေးရီးယန်နိုင်ငံဖွား ဒဿနိကပညာရှင် လည်းဖြစ်၊ စာရေးဆရာလည်းဖြစ်သော 'တက်ဗ်စီတန်တိုဒိုရော့ဗ် Tzvetan Todorov' နှင့် လက်ထပ်ခဲ့ရာ ယခုအခါ သားသမီးနှစ်ယောက် ရရှိနေပြီ ဖြစ်လေ သည်။

နန်စီဟူစတန်သည် ဤဝတ္ထုကို ပြင်သစ်ဘာသာဖြင့် ရေးခဲ့ခြင်းဖြစ်၍ "L' Empreinte del'anye" အမည်ဖြင့် ပထမဆုံးအကြိမ် ၁၉၉၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ အင်္ဂလိပ်ဘာသာပြန်စာအုပ်ကို ဗြိတိန်နိုင်ငံ၌ ၁၉၉၉ ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ဒုတိယအကြိမ် ရိုက်နှိပ် ထုတ်ဝေခဲ့သည်မှအစ နိုင်ငံတကာမှ နှစ်သက်သောစာအုပ် ဖြစ်လာခဲ့၏။

ခံစားမှုတွေကို တို့ ဘယ်လိုလုပ်ပြီး
နှိုင်းယှဉ်နိုင်မှာလဲ။
တစ်ယောက်ချင်းစီရဲ့ ခံစားမှုသာ
အရေးကြီးဆုံးပါ။
ဒါပေမဲ့ တို့ ခရီးဆက်ဖို့ကျတော့
ဘယ်သင်းက လုပ်ပေးနိုင်မှာလဲ။
လာခြင်းနဲ့ သွားခြင်းဟာ
ကျောက်တုံးကျောက်ခဲတွေကြားက
ရေနဲ့တူတဲ့ အသံမျှသာပါ။

ဂိုရမ်တွန်စထရောင်း
*G'o'ran Tunstr'o'm*

www.burmeseclassic.com

www.burmeseclassic.com

အခုတော့… အခုတော့
တေးဂီတက အမြဲပြောနေသလို
မငိုပါနဲ့လား။

အင်ဂျီဘော့ဂ်ဘားမန်း
*INGEBORG BACHMANN*

BURMESE CLASSIC

## ခြေဆင်း

ဇာတ်လမ်းစခဲ့တဲ့အချိန်က ၁၉၅၇ ခုနှစ်၊ မေလထဲမှာပါ။ ဖြစ်ခဲ့ပျက်ခဲ့တဲ့ နေရာကတော့ ပါရီမြို့တော်ထဲမှာပါ။

အဲဒီအချိန်က ပြင်သစ်နိုင်ငံဟာ အလွန်သည်းထိတ်ရင်ဖို ဖြစ်စရာကောင်းတဲ့ လှုပ်ရှားထကြွမှုတွေနဲ့ ရုတ်ရုတ်သဲသဲဖြစ်နေချိန်ပါ။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးတဲ့နောက် ဆယ့်နှစ်နှစ်တာကာလအတွင်းမှာ နိုင်ငံဟာ အစိုးရအဖွဲ့ခေါင်း နှစ်ဆယ့်လေးဖွဲ့တိတိ ပြောင်းခဲ့ပါတယ်။ အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် အကြံပြုချက်ပေါင်း ရှစ်ဆယ့်ကိုးကြိမ်အထိ တင်သွင်းခဲ့ပါတယ်။

ဒါပေမယ်လို့ လူတွေက သိပ်ပြီးစိတ်ဝင်စားကြတဲ့ပုံ မပေါ်ပါဘူး။ မကြာသေးခင်ကမှ ပြုလုပ်သွားခဲ့တဲ့ ဆန်းစစ်လေ့လာချက်အရဆိုရင် ပြင်သစ်ပြည်သူတွေရဲ့ (၄၁)ရာခိုင်နှုန်းသာလျှင် နိုင်ငံရေးကိစ္စတွေအပေါ်မှာ စိတ်ဝင်တစား ပြောကြဆိုကြပါတယ်။ လူများစုက စိတ်ဝင်စားနေတဲ့အတွက် နံပါတ်တစ်နေရာမှာ ရှိနေတာကတော့ ရုပ်ရှင်မင်းသမီး ဘရစ်ဂျစ်ဘားဒေါ့ပါ။ သူ့အကြောင်းနဲ့ သူ့ကိုစိတ်ဝင်စားတဲ့လူက (၄၇)ရာခိုင်နှုန်းတောင် ရှိတယ်လို့ စစ်တမ်းအရ သိရပါတယ်။

ဘာပဲဖြစ်ဖြစ် အားလုံးခြုံကြည့်လိုက်ရင်တော့ ဘဝဟာ ခံနေရကြီးကျေနပ်စရာပါတယ်။ ခေတ်မီတဲ့နိုင်ငံတော်ပေကိုး။ အလုပ်လက်မဲ့ ပြဿနာမရှိဘူး။ [illegible]ကားတွေကလည်း ပုံအမျိုးမျိုးနဲ့၊ ညနေခင်းတွေထဲမှာ တိုင်တွေက ထွန်းလင်း[illegible] အလင်းရောင်တွေဟာ တလင်းလင်း ဖလက်လက်နဲ့ ရောင်စုံများကို [illegible] [illegible]ရိုက်တာတွေကလည်း ဓာတ်ကားသစ်တွေ မရပ်မနား [illegible] မွေးလိုက်ဖွားလိုက်တဲ့ ကလေးအရေအတွက်ကလည်း များပြား[illegible] လာနေတဲ့အတွက် ဖောင်းပွနေပြီလို့တောင် ပြောနိုင်လောက်ပါတယ်။

www.burmeseclassic.com



ပန်းချီဆရာ ပီကာဆိုကလည်း ယူနက်စကို[၁] လို့ခေါ်တဲ့ 'ကုလသမဂ္ဂ ပညာ၊ သိပ္ပံနဲ့ ယဉ်ကျေးမှုအဖွဲ့ကြီး' အတွက် 'ဖောလ်အော့ဖ်အိုင်ကာရပ်စ်[၂]' အမည်ရှိတဲ့ ဧရာမနံရံပန်းချီကားကြီးတစ်ချပ် ရေးဆွဲနေပါတယ်။ သူပြောတဲ့ အတိုင်းဆိုရင်တော့ သူ့ပန်းချီကားဟာ နက်ရှိုင်းတဲ့ အနှစ်သာရတစ်ခုကို ဖော် ဆောင်ထားတာပါ။ ငြိမ်းချမ်းသာယာနေတဲ့ လူ့လောကဟာ ပျော်ရွှင်ချမ်းမြေ့နေတဲ့ အနာဂတ်ဘဝကို လှမ်းကြည့်နေလိမ့်မယ်လို့ သရုပ်ဖော်ထားပါသတဲ့။

သဘာဝအားဖြင့် ကြည့်လိုက်ရင် အရာရာတိုင်းဟာ အပြစ်ဆိုလို့ လုံးဝ မရှိအောင် စင်းလုံးချောပြီးပြည့်စုံခြင်း မရှိပါဘူး။ ဟိုမှာပဲဖြစ်ဖြစ်၊ သည်မှာပဲဖြစ် ဖြစ် ဒီပုံစံပါပဲ။ ပြင်သစ်နိုင်ငံမှာတောင် ဒီအတိုင်းပါပဲ။ လူ့လောကဟာ အခုချိန် အထိ တိုးတက်မှုအနည်းငယ်ကိုသာ လုပ်နိုင်သေးတဲ့ အရိပ်လက္ခဏာတွေ မြင်နေရ ဆဲပါ။

ဥပမာဆိုပါတော့။ ဂျာမနီနိုင်ငံတွင်းမှာ အခြေခံစစ်ပညာကို သင်ကြား လေ့ကျင့်ခဲ့ရတဲ့ ပြင်သစ်လူငယ် လေးသိန်းဆိုပါတော့။ သူတို့ဟာ အခုလောလော ဆယ် အယ်လ်ဂျီးရီးယားနိုင်ငံမှာ ရောက်နေကြတယ်။ ရည်ရွယ်ချက်က ဘာလဲ။ အို… စစ်ပွဲတစ်ပွဲတိုက်ဖို့တော့ မဟုတ်ပါဘူး။ အင်း… အလားတူ လုပ်ရပ်မျိုး တစ်ခုခုလုပ်ဖို့ဆိုတဲ့ ဦးတည်ချက်လည်း ရှိမယ်မထင်ပါဘူး။ ဒါဖြင့် ဘာလုပ်ဖို့ လဲ…။ နည်းနည်းပါးပါး ခွတီးခွကျဖြစ်လာမယ့် ငြိမ်းချမ်းရေးလမ်းစဉ်တစ်ခုခု လုပ်ဖို့ ဖြစ်ချင်ဖြစ်မယ်။

ဒါမှမဟုတ်ရင်လည်း… ဥပမာအားဖြင့်…

**အို… ကွယ်… မင်းက ကိုယ့်ရဲ့ဒန်တီ ဖြစ်လိုက်ပါလား၊ အဲဒါဆိုရင် ကိုယ်က မင်းရဲ့ ဗာဂျစ်လ်ဖြစ်လာမှာပေါ့၊ မင်းရဲ့လက် ကိုယ့်ဆီကို မင်းလက်ကမ်း လိုက်စမ်းပါ၊ မကြောက်ပါနဲ့လား၊ ကိုယ် မင်းကို စွန့်ပစ်မသွားပါဘူး၊ ကိုယ်တို့ နှစ်ယောက် လေ့ကားထစ်တွေကိုနင်းပြီး ဖြည်းဖြည်းချင်းဆင်းသွားနေတဲ့အခါမှာ လည်း ကိုယ် မင်းဘေးမှာ အမြဲရှိနေမှာပါ၊**

+ + +

၁။ UNESCO
၂။ Fall of Icarus

(၁)

ဟိုးကဟာ သူပဲ။ ဆက်ဖ်ဖီလေ… အဲ… ဟိုမှာ ရပ်နေတာပေါ့။

သူ့မျက်နှာက အလွန့်ကို ဖြူရော် ဖျော့တော့နေတယ်။ ပိုပြီးတိကျအောင် ပြောရမယ်ဆိုရင်တော့ သွေးမရှိသလိုပဲ။

သူဟာ ရှုဒီစိန့်လမ်းပေါ်က ခွဲညားလှပတဲ့ အိမ်ဟောင်းတစ်လုံးရဲ့ အုတ်ကြီးထပ်မှာပါ။ မှောင်ရိပ်ကျကျ စကြံလမ်းကြားက အခန်းတစ်ခန်းရဲ့ တံခါးဝမှာ ရပ်နေပါတယ်။ လက်တစ်ဖက်ကလည်း တံခါးကိုခေါက်တော့မလို့ ဟန်ပြင်နေ တယ်။ ပြီးတော့ တံခါးကိုခေါက်တယ်၊ သူ့အမူအရာက တစ်ခုခုကို စိတ်စောနေ သလိုပဲ။ မရေမရာ မပြတ်မသားပုံမျိုးနဲ့…။

သူ ပါရီကိုရောက်တာ မကြာသေးဘူး။ လွန်ခဲ့တဲ့ ရက်အနည်းငယ်ကမှ ရောက်လာတာပါ။ ညစ်ပတ်ပေရေနေတဲ့ ပြတင်းပေါက်တွေပေါ်ကို မိုးစက် မိုးပေါက်တွေ တရစပ်ကျနေတာ သူတွေ့ရပါတယ်။ ပတ်ဝန်းကျင်က မှုန်မှိုင်းမှိုင်း မှုန်ပြာပြာနဲ့ မိုးရေမိုးစက်တွေကလည်း တစက်… စက်နဲ့၊ ပါရီဟာ အတော်ကြီး ကို သူစိမ်းဆန် နေတယ်။ ဘာပဲဖြစ်ဖြစ်လေ၊ သူ ရထားပေါ်တက်ခဲ့တာက ဒေါ့ဆဲလ်ဒေါ့ဖ်မှာပါ။

သူ့အသက်က နှစ်ဆယ်ရှိနေပြီ။

ဝတ်စားထားတာကတော့ အလယ်အလတ်ပဲ။ အတွန့်တွေပါတဲ့ ကော်လာ အဖြူရောင်ဘလောက်စ်၊ အဖြူရောင်ခြေအိတ်တွေနဲ့ပါ။ ဝတ်စားထားတာက ရိုးရိုး ရှင်းရှင်းပါ။ ဘာတစ်ခုမှ အထူးအဆန်း မရှိပါဘူး။ ဒါပေမဲ့ သူဟာ ထူးဆန်းနေ ပါတယ်။ သူ့ဆီမှာ အနက်ရောင်သားရေလက်ဆွဲအိတ် ပါလာတယ်။ ပြီးတော့ စီးလာတဲ့ရှူးဖိနပ်တွေ။

ဘာပဲဖြစ်ဖြစ် ဝတ်စားဆင်ယင်ထားတာတွေကတော့ ရိုးရိုးသည် သလေးပါ။ သူ့ကို အသေအချာ အနီးကပ်ကြည့်လိုက်တဲ့အခါ ဆယ်ကျော်သက် အခြင်ဆန်းသလိုလိုရှိပေမယ့် ဝတ်စားဆင်ယင်ပုံနဲ့ နေပုံထိုင်ပုံကတော့ ရိုးရိုးသည် သည်ကလေးပါ။ ဘာပဲဖြစ်ဖြစ် သူဟာ ထူးဆန်းတာတော့ အမှန်ပဲ။ ပထမဦးဆုံး

www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်ချင်း သူနဲ့ပတ်သက်လို့ ဘာတွေထူးဆန်းတယ်ဆိုတာ မြင်ဖို့ကတော့ မလွယ်ဘူး။

သူခေါက်နေတဲ့ တံခါးရဲ့ ဟိုတစ်ဖက်က တိုက်ခန်းထဲမှာတော့ လူတစ်ယောက်ဟာ မာရင်မာရေးစ်ရဲ့ **ဖော်လီးစ်ဒီအက်စ်ပက်ဂ်နေးသီချင်း**ကို ပလွေနဲ့ မှုတ်ကြည့်နေပါတယ်။ ပလွေဆရာဟာ သီချင်းရဲ့အပိုဒ်တစ်ပိုဒ်တည်းကိုပဲ ခြောက်ကြိမ်၊ ခုနစ်ကြိမ် မှုတ်ကြည့်နေပါတယ်။ စည်းချက်ဝါးချက် မှန်သည်အထိ မှုတ်ကြည့်နေတာပါ။ အမှားရယ်လို့ လုံးဝမရှိအောင် ထပ်တလဲလဲ လေ့ကျင့်တဲ့သဘောပါ။ နောက်ဆုံးမှာ သူဟာ အမှားရယ်လို့မရှိလောက်အောင် မှုတ်နိုင်တဲ့ အနေအထားကို ရောက်သွားပါတယ်။

ဒါပေမဲ့လို့ ဆက်ဖ်ဖီကတော့ ပလွေမှုတ်နေတာကို လုံးဝနားမထောင်ပါဘူး။ သူဟာ တံခါးဝမှာ ရပ်နေတာကလွဲပြီး တခြား ဘာကိုမှမလုပ်ပါဘူး။ သူ့အနေနဲ့ တံခါးကိုခေါက်တာ ငါးမိနစ်လောက်ရှိသွားပါပြီ။ တံခါးကို လာပြီးဖွင့်ပေးမယ့်လူ တစ်ဦးမှရောက်မလာပါဘူး။ သူ့အနေနဲ့ နောက်ထပ် ဒုတိယအကြိမ်လည်း တံခါးကို မခေါက်ပါဘူး။ အဲဒီတံခါးရှေ့ကလည်း ထွက်မသွားပါဘူး။

စောစောက အဆောက်အဦထဲ ဆက်ဖ်ဖီဝင်လာတာကို မြင်လိုက်တဲ့ အစောင့်ဟာ စာဖေဖို့ ဒုတိယထပ်ကို တက်လာပါတယ်။ (အမှန်တော့ ဆက်ဖ်ဖီဟာ ဓာတ်လှေကားနဲ့ အပေါ်ဆုံးထပ်အထိ တက်သွားပြီးခါမှ ဒုတိယထပ်ကို ပြန် ဆင်းလာတာပါ) အဆောက်အဦအစောင့်ဟာ မွန်စီယာလီပိတ်ချ်ရဲ့ အခန်းတံခါးဝမှာ ရပ်နေတဲ့ မျက်နှာစိမ်းအမျိုးသမီးကို မြင်လိုက်တော့ အတော်အံ့အားသင့်သွားပါတယ်။

'ဘာလုပ်နေတာလဲ' လို့ သူက ရေရွတ်လိုက်ပါတယ်။

အစောင့်မိန်းမဟာ အတော်လေးဝပါတယ်။ အရပ်ကလည်း ဆိုးပါတယ်။ သူ့မျက်နှာဟာ မှဲ့ခြောက်တွေနဲ့ ပြည့်နေပါတယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေကတော့ မိန်းမချင်း ကိုယ်ချင်းစာတတ်ပြီး ကြင်နာတတ်တဲ့သဘောကို ဖော်ပြနေပါတယ်။ ပြီးတော့ ဉာဏ်ရှိကြောင်းကိုလည်း ပြနေပါတယ်။

'ဒီလိုလေ… သူ အခန်းထဲမှာရှိတယ်၊ မွန်စီယာလီပိတ်ချ်ကို ပြောတာ ရှင် ခေါင်းလောင်းကို မတီးဘူးလား'

ဆက်ဖ်ဖီဟာ တစ်ဖက်ကပြောလိုက်တဲ့ ပြင်သစ်စကားကို နားလည်ပါတယ်။ သူကလည်း ပြင်သစ်လို ပြန်ပြောပါတယ်။ သို့သော်လည်း ကျွမ်းကျွမ်းကျင်ကျင်တော့ မဟုတ်ပါဘူး။



'ခေါင်းလောင်းတော့ မတီးဘူး' လို့ ဆက်ဖ်ဖီက ပြောတယ်။ 'ကျွန်မ တံခါးခေါက်တာပဲ'

သူ့အသံက အေးအေးသာသာရှိပါတယ်။ ပြင်သစ်စကားပြောသံကတော့ သိပ်မပီတော့ နားထောင်ရတာ တစ်မျိုးဖြစ်နေသလိုပဲ။

'ရှင် တံခါးခေါက်တာကို သူ ဘယ်ကြားမလဲ' လို့ မဒမ်ဘာလန်ချီက ပြောတယ်။ 'ရှင် ခေါင်းလောင်းတီးမှ ရမှာ'

ပြောပြောဆိုဆို မဒမ်ဘာလန်ချီဟာ ခေါင်းလောင်းဘဲလ်ကို နှိပ်လိုက်တယ်။ ပလွေသံဟာ ချက်ချင်းရပ်သွားတယ်။ မဒမ်ဘာလန်ချီရဲ့ မျက်နှာပေါ်မှာ အောင်မြင်တဲ့အပြုံးရိပ် ထင်ဟပ်လာတယ်။

'ကဲ… တွေ့တယ်မဟုတ်လား'

မဒမ်ဘာလန်ချီဟာ ခက်ခက်ခဲခဲပဲ ရှေ့ကိုကုန်းလိုက်ပြီး မွန်စီယာလီပိတ်ချ်ရဲ့စာကို တံခါးအောက်က ထိုးသွင်းလိုက်တယ်။ ပြီးတော့ လှေကားက ပြန်ဆင်းသွားတယ်။

ဆက်ဖ်ဖီဟာ ရပ်နေရာက မရွေ့ဘူး။ သူ မရွေ့မလျားဖြစ်နေတာဟာ အံ့အားသင့်စရာတစ်ခုလို ဖြစ်နေတယ်။ ဖြန်းခနဲ အခန်းတံခါးပွင့်သွားတယ်။ အခန်းထဲက အလင်းရောင်ဟာ ခပ်မှောင်မှောင် စင်္ကြံလမ်းပေါ်ကို ဖြန့်ကျလာတယ်။

'ဘာလာပြီးရှုပ်ကြ…'

ရာဖေးလီပိတ်ချ်ဟာ အမှန်စင်စစ်အားဖြင့် စိတ်မဆိုးပါဘူး။ စိတ်ဆိုးချင်ဟန် ဆောင်တာပါ။ သူ့အနေနဲ့က အလုပ်တစ်ခုလာရှာတဲ့ လူတစ်ယောက်ဟာ ဘဲလ်ကို အခုလို တအားကြီးနှိပ်တာ မသင့်တော်ဘူးလို့ ထင်တယ်မဟုတ်လား။ ဘယ်လိုပဲဖြစ်ဖြစ် ဆက်ဖ်ဖီရဲ့ ငြိမ်ဆိတ်နေမှုဟာ သူ့ကို လက်သီးနဲ့ တစ်ချက်အထိုးခံလိုက်ရသလို ဖြစ်သွားတယ်။ သူ့စိတ်ဟာ ချက်ချင်းငြိမ်သွားတယ်။ ပါးစပ်လည်း ပိတ်သွားတယ်။

အခုတော့ဖြင့် ဒီအမျိုးသားနဲ့ ဒီအမျိုးသမီးဟာ အရင်အခါက တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖူးကြပေမယ့်လို့ အခုတော့ဖြင့် တံခါးခုံရဲ့ ဟိုဘက်သည်ဘက်မှာ မျက်နှာချင်းဆိုင်ရပ်ပြီး တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြတယ်။ ဒါမှမဟုတ်လည်းပဲ သူက အမျိုးသမီးကို အံ့အားသင့်ပြီး စိုက်ကြည့်နေမယ့် ဟိုတစ်ဖက်သောသူကတော့… သူရောက်နေတဲ့ နေရာမှာ ပျော်ပျော်ကြီး ရပ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရာဖေးလီပိတ်ချ်ဟာ ကြောင်တောင်တောင် ဖြစ်နေတယ်။ သူ့အနေနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိသလိုပဲ။ သူ့ဘဝမှာ အခုလို သူ့ရှေ့တည့်တည့်က ရပ်ပြီး သူ့ကိုကြည့်နေတဲ့ မိန်းမတစ်ယောက်ကို တွေ့ဖူးမြင်ဖူးခဲ့တာ မဟုတ်လေ တော့ အံ့ဩစရာ ဖြစ်နေတယ်။ စောစောက ကျယ်လောင်စူးရှတဲ့ ဘဲလ်သံ ထွက်ပေါ်လာတုန်းက သူဟာ ပလွေကို မှုတ်နေခိုက်ပါ။ ရုတ်တရက်ဆိုတော့ ပလွေသံရဲ့ သာယာမှုကို နှောင့်ယှက်ဖျက်ဆီးလိုက်တဲ့အသံလို့ ပြောနိုင်လောက် ပါတယ်။

သူ့အာရုံဟာ ချက်ချင်းပဲ ပျံ့လွင့်ပြီး တခြားနေရာကို ရောက်သွားပါ တယ်။ သူ့စိတ်ဟာ သူမှုတ်နေတဲ့ ပလွေပေါ်မှာ မရှိတော့ဘူး။ မတူညီတဲ့ လောက ကြားမှာ ခဏတော့ဖြင့် ဆိုင်းငံ့ပြီး ရပ်ထားပါမှ ဖြစ်မှာပါ။ အမှန်တော့လည်း ထည့်ထားခဲ့တဲ့ "ဗီဂါရို"သတင်းစာထဲက ကြော်ငြာကို အကြောင်းပြုပြီး အမျိုး သမီးငယ်တွေ ရောက်ရောက်လာတတ်ပါတယ်။ ရောက်လာရင်လည်း အနှောင့် အယှက်ကတော့ ဖြစ်စမြဲပါ။

'အရေးထဲကွာ'

အာရုံပျက်သွားလို့ ရာဖေးလီပိတ်ချ် ရေရွတ်လိုက်တဲ့ အသံပါ။ သူဟာ မှုတ်နေတဲ့ လူးဝစ္စလော့ထ်ပလွေကို အပြာရောင် ကတ္တီပါဘူးလေးထဲ ထည့်လိုက်ပြီး ပိတ်လိုက်တယ်။ ပြီးတော့ ဧည့်ခန်းကော်ဇောတွေပေါ်က ဖြတ်လျှောက်ပြီး တံခါးဘက်စကြံဆီ ထွက်လာခဲ့ပါတယ်။

သူ့ပတ်ပတ်လည်မှာ ရှိနေတဲ့ အရာရာတိုင်းဟာ သန့်စင်နေပါတယ်။ အရောင်တလက်လက် ထွက်နေပါတယ်။ ပန်းခက်ပန်းပြောက်နဲ့ ရုပ်ပုံတွေ အကွက် ဖော်ထားတဲ့ ကမ္ဗလာစ ကားချပ်တွေဟာ နံရံထက်မှာ ရှိနေကြပါတယ်။ ဧည့်ခန်း ထဲက ဝက်သစ်ချသား ပရိဘောဂပစ္စည်းတွေဟာ အရောင်တဖိတ်ဖိတ် တောက်နေ ကြပါတယ်။ ကြွယ်ဝခြင်းနဲ့ အကောင်းစား သုံးတတ်ခြင်းတို့ကို ပစ္စည်းအားလုံးက ဖော်ပြနေကြပါတယ်။ အခန်းထဲမှာ သုံးထားတဲ့ အထည်စတွေဟာ အလွန်ချောမွေ့ ညှို့ရုံတင် မကဘူး၊ အနီ၊ အညိုနဲ့ ရွှေရောင်တွေပါ ပါနေတာကို တွေ့ရပါ တယ်။ ဒါပေမဲ့လည်း သန်းပေါင်းများစွာသော ဖုန်မှုန့်ကလေးတွေဟာ နေရောင် ခြည်တန်းတွေထဲမှာ လွင့်မျောနေကြပါတယ်။

သူ့အမေက လွန်ခဲ့တဲ့ အပတ်တည်းက သူမသွားခင်ကလေးမှာ တိုက်ခန်း ပတ်သက်ပြီး ဂရုတစိုက်ရှိဖို့ မှာကြားသွားတာတွေ ရှိခဲ့ပါတယ်။ သူ့အမေဟာ



ဘာဂန်ဒီမှာရှိနေတဲ့ သူတို့ပိုင် အိမ်ကိုမပြန်ခင်မှာ ပါရီက တိုက်ခန်းကို သူ့လက်ထဲ လွှဲပေးခဲ့တယ် မဟုတ်လား။

ပထမဆုံး သူ့အမေ ပြောတာက ကြော်ငြာတစ်စောင်ရေးပြီး ဗီဂါရို သတင်းစာထဲမှာ ကြော်ငြာဖို့ပါ။ ဒုတိယမှာတဲ့အချက်က အလုပ်လာလျှောက်သူ တွေထဲက အသင့်တော်ဆုံးနဲ့ အလားအလာအရှိဆုံး အလုပ်သမတစ်ယောက်ကို ရွေးပြီးခန့်ထားဖို့ပါ။ 'လက်ချောင်းလှလှ နုနုကလေးတွေနဲ့ ကောင်မလေးတွေကို ရွေးမိအောင် သတိထား'လို့ သူ့အမေက သတိပေးသွားပါတယ်။ 'အဲဒါမျိုးက တော့ ရွေးဖို့ အင်မတန်လွယ်ပါတယ်။ သူတို့မျက်လုံးတွေကလည်း ဂနာမငြိမ်တတ် ဘူး။ အမြဲတမ်း ကစားနေတတ်တယ်'

'ပေါ့ပေါ့ပါးပါး အိမ်မှုကိစ္စများအတွက် အိမ်ဖော်အမျိုးသမီး အလိုရှိသည်။ အိပ်ခန်းနှင့် အစားအစာ တာဝန်ယူမည်။ အချက်အပြုတ် ကျွမ်းကျင်မှုလိုသည်'

အဲဒီကြော်ငြာဟာ ရာဖေးလီပိတ်ချ် ရေးခဲ့တာပါ။ အမိက လိုအပ်တာထက် ပိုပြီး အပိုတွေ ထည့်မရေးပါဘူး။ သူ့အနေနဲ့ လူလတ်တန်းစားတွေ လုပ်လေ့လုပ် ထရှိတဲ့ အကျင့်နဲ့ ဉာဉ်ကို မုန်းတီးပါတယ်။ ကြော်ငြာထဲမှာ 'ထောက်ခံစာများ ပို့သည်'ဆိုတာမျိုးနဲ့ 'အကျင့်စာရိတ္တ ကောင်းရမည်'ဆိုတာမျိုးတွေ လုံးဝမပါပါ ဘူး။

လွန်ခဲ့တဲ့ တစ်နာရီလောက်က ဆက်ဖ်ဖီက ဖုန်းဆက်ခဲ့ပါတယ်။ အဲဒီ တုန်းက ရာဖေးဟာ တစ်ဖက်လူ ပြောနေတဲ့ လေသံဝဲနေတာကို သတိထားခဲ့ မိတယ်။ ဘယ်နိုင်ငံသူဆိုတာကို သူ မပြောနိုင်ပေမယ်လို့ သူပြောနေတဲ့ ပြင်သစ် စကား လေယူလေသိမ်းက 'ပြင်သစ်မ' မဟုတ်ဘူးဆိုတာ အထင်အရှားဖြစ်နေ ပါတယ်။

သူ့အယူအဆအတိုင်း ဆိုရင်တော့ အဲဒါဟာ အဖိုးတန်တဲ့ အရည်အချင်း တစ်ခု ဖြစ်နေပါတယ်။ သူလိုချင်နေတာက 'မာရီယာ ဗီးလစ္စ'လို အိမ်ဖော်မျိုးပါ။ မာရီယာ ဗီးလစ္စဟာ သူမှတ်မိသလောက်ဆိုရင် သူ့အမေရဲ့ လူယုံအိမ်ဖော်အဖြစ် နှစ်ပေါင်းအတော်ကြာကြာ လုပ်သွားခဲ့ဖူးတဲ့ ပေါ်တူဂီအမျိုးသမီးပါ။

သူ့အနေနဲ့ အိမ်ဖော်အလုပ်သမသစ်ကို သူလိုလားတာတွေ ရှင်းပြထား ဖို့ စိတ်ကူးရှိနေတယ်။ သူဟာ အသံဗလံနဲ့ ပတ်သက်လာရင် နားမခံနိုင်တတ် တဲ့အကျင့်ရှိကြောင်း၊ သူ အိမ်မှာရှိနေရင် ဖုန်မှုန့်တွေကို စုပ်ယူတဲ့ သန့်ရှင်းရေး စက်တို့ လုံးဝသုံးလို့ မဖြစ်နိုင်ကြောင်း၊ ပြီးတော့ အိမ်ထောင်ပရိဘောဂ ပစ္စည်းတွေ

www.burmeseclassic.com



ကို ဖုန်သုတ်ရင်း သီချင်းညည်းဖို့ဆိုတာ အိပ်မက်တောင်မှ မမက်သင့်ကြောင်းစတဲ့ အချက်တွေ ကြိုတင်ပြီး ပြောထားမယ်လို့ သူ စိတ်ကူးထားတာပါ။ သူပလွေမှုတ် လေ့ကျင့်နေချိန်တွေအတွင်းမှာ မီးဖိုထဲ အလုပ်လုပ်ရင်း အိုးတို့ ဒယ်အိုးတို့များ လွတ်ကျလို့ကတော့ အလုပ်ပြုတ်ပြီသာမှတ်ဆိုတဲ့ စကားကိုလည်း ပြောထားမယ်လို့ စီစဉ်ထားတယ်။

အခုလည်း သူဟာ တံခါးကို ဆောင့်တွန်းပြီး ဖွင့်လိုက်တယ်။ သူ့ခေါင်းကိုတော့ ပင့်ဆောင်ပြီး ထိန်းချုပ်ထားတယ်။

'ဘာလာပြီး ရှုပ်ကြ...'

သူဟာ မျက်တောင်တွေကို တဖျတ်ဖျတ်ခတ်လိုက်တယ်။ စကြိုလမ်းထဲမှာ ရှိနေတဲ့ အမှောင်ထုကို ကြည့်နိုင်လောက်အောင် ကျင့်သားရလာတဲ့အထိပေါ့။ ပြီးတော့ သူနဲ့ မျက်နှာချင်းဆိုင်မှာ ရပ်နေတဲ့ အမျိုးသမီးရဲ့မျက်နှာကို အကဲခတ်တယ်။

ဘာကြောင့်လဲ။

မျက်နှာမှာ ထင်ဟပ်နေတဲ့ အပြုံးရိပ်။ လက်နှစ်ဖက်ကိုလည်း ဘေးတစ်ဖက်တစ်ချက်မှာ ချထားတယ်။ သေးသွယ်တဲ့ ကိုယ်ခန္ဓာ၊ အဲဒါတွေအားလုံးကို သူသတိထားလိုက်မိတယ်။ နောက်တော့ သူဟာ အမျိုးသမီးရဲ့ မျက်လုံးအိမ်တွေထဲကို ကျသွားတယ်။ မျက်လုံးအရောင်က စိမ်းစိမ်း။ သိနားလည်ဖို့ ခက်ခဲတဲ့ လျှို့ဝှက်ချက်တွေ ရှိနေသလိုလိုပဲ။ ကျောက်စိမ်းတုံးတစ်တုံးက ထွက်ကျလာတဲ့ အစကလေးတွေနဲ့ တူတယ်။ တည်ငြိမ်အေးဆေးခြင်းကို ဖော်ပြနေကြတယ်။

မှန်ပါတယ်။ အစကတည်းကပါ။ ဆက်ဖ်ဖီရဲ့ ဥပေက္ခာပြုတတ်တဲ့ အမူအရာဟာ ရာဖေးလီပိတ်ချ်ရဲ့စိတ်ကို အများကြီး ဆွဲဆောင်ခဲ့ပါတယ်။ သူ့စိတ်ကို စွဲမက်စေခဲ့ပါတယ်။ သူ့အာရုံကို ညို့ယူဖမ်းစားထားပါတယ်။ အဲဒီအဖြစ်က သူနဲ့တွေ့ပါပြီ ဆိုကတည်းက ကြုံခဲ့ရတာပါ။ သူ့နာမည် ဘယ်သူဘယ်ဝါဆိုတာ မသိရခင်တတည်းက ကြုံခဲ့ရတာပါ။ သူ့အနေနဲ့က ဒီအမျိုးသမီးငယ်ဟာ အလုပ်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဘယ်လိုပြဿနာမျိုးကိုမှ ပေးမှာမဟုတ်ဘူးဆိုတာ သိနေပါတယ်။

အမျိုးသမီးအနေနဲ့ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ ဘာမှ ထူးဘူးဆိုတဲ့သဘော ရှိနေပုံပဲ။ တည်ကြည်ဖြောင့်မတ်တဲ့ သဘောနဲ့ ဘာကိုမှ ကြောက်လန့်ခြင်းမရှိတဲ့ သဘောဟာ ပေါ်လွင်နေပါတယ်။ သူဟာ သူတော်



ဆောင်းဟန် ဆောင်ထားသူ မဟုတ်ကြောင်းကိုလည်း သိသိသာသာ ဖော်ပြနေပါတယ်။

'ကျေးဇူးပြုပြီး အထဲဝင်ပါ' လို့ သူက ယဉ်ကျေးသိမ်မွေ့ပြီး တလေးတစားရှိတဲ့ လေသံနဲ့ ပြောပါတယ်။

ဆက်ဖ်ဖီဟာ တံခါးခုံကိုဖြတ်ပြီး အိမ်ထဲကို ဝင်ပါတယ်။ သူ့ရဲ့ လှုပ်ရှားမှုဟာ သူ့ရဲ့ မျက်လုံးတွေလိုပဲ။ ဘာကိုမှ သိပ်ပြီး အရေးမထားသလိုပဲ။ သူ့နောက်ဘက်ကနေပြီး တံခါးကိုပိတ်နေတဲ့ ရာဖေးလီပိတ်ချ်ရဲ့ရင်ဟာ တဒိတ်ဒိတ်ခုန်နေပါတယ်။ သူ့စိတ်သူ မနည်းထိန်းပြီး အသက်ကို မှန်မှန်ရှူနေရပါတယ်။

နောက်တော့ သူဟာ ဆက်ဖ်ဖီကို ရှေ့ကဦးဆောင်ပြီး ခေါ်လာခဲ့ပါတယ်။ သူ့ရင်ထဲမှာကတော့ ဆက်ဖ်ဖီရဲ့ မျက်လုံးစိမ်းစိမ်းတွေဟာ သူ့ခေါင်းရဲ့ နောက်နေရာကို စူးစူးရဲရဲကြည့်နေတယ်လို့ သိနေပါတယ်။

ဧည့်ခန်းထဲရောက်တော့ သူက အရင်ဆုံး ဆိုဖာပေါ် ဝင်ထိုင်ပြီး အမျိုးသမီးကို သူ့ရှေ့တည့်တည့်က ကုလားထိုင်မှာထိုင်ဖို့ ကိုယ်အမူအရာနဲ့ လုပ်ပြပါတယ်။ အမျိုးသမီးက စကားတစ်ခွန်းမှမပြောဘဲ သူညွှန်ပြတဲ့ ကုလားထိုင်မှာ ဝင်ထိုင်ပါတယ်။ အမျိုးသမီးရဲ့ မျက်လုံးအစုံဟာ ကြမ်းပြင်ကော်ဇောဆီကိုပဲ စိုက်နေပါတယ်။ အဲဒီတုန်းမှာပဲ သူဟာ အမျိုးသမီးရဲ့ ရုပ်ရည်နဲ့ ပုံပန်းသဏ္ဌာန်ကို ကပျာကယာ လေ့လာကြည့်ပါတယ်။

လှပရှည်လျားတဲ့ ဆံပင်ကို ရာဘာပင်တစ်ပင်နဲ့စည်းပြီး နောက်ဘက်မှာ တွဲလောင်းချထားတယ်။ နဖူးက ခပ်မောက်မောက်၊ ပါးရိုးတွေက ကြွကြွနတ်ခမ်းနီကို လှနေအောင်ဆိုးထားတယ်။ နားနှစ်ဖက်မှာ ပုလဲတု နားကပ်လေးတွေ တပ်ဆင်ထားတယ်။ နှာတံကဖြောင့် စင်းနေတာပဲ။ မျက်ခုံးတွေကလည်း လှလှလေးတွေညွှတ်ကျနေတယ်။ အင်မတန်မှ လှပချောမွေ့ပြီး ကျက်သရေရှိတဲ့ မျက်နှာပါပဲ ဒါပေမဲ့ လျှို့ဝှက်သိပ်သည်းလွန်းပါတယ်။ မျက်နှာကို မြင်ရုံမျှနဲ့ သူ့စိတ်ကို အဖတ်လို့ မရပါဘူး။

မျက်နှာပေါ်မှာ ရှက်တာ၊ ရွံ့တာ၊ ကြောက်လန့်တာတွေ မမြင်ရဘူး ဟန်လုပ်ပြီး ပြုံးပြတဲ့အပြုံးကိုတောင်မှ မမြင်ရပါဘူး။ သူ့မျက်နှာက မိတ်ကပ်လိမ်းဆင်ထားတဲ့ လက်ဝတ်ရတနာတွေဟာလည်း လိုက်ဖက်ညီသလို ... သလို ဖြစ်နေတယ်။ ရာဖေးလီပိတ်ချ်ဟာ သူ့ကိုပဲ စိုက်ကြည့်နေမိတယ်။

ဘာရယ်လို့တော့ မဟုတ်ဘူး။ အဓိကအကြောင်းနဲ့ပဲ သူဟာ ... ကြေးခေါင်းလောင်းလေးဆီကို လက်လှမ်းလိုက်တယ်။ အခုတော့ အိမ်စေတိုး...

www.burmeseclassic.com

www.burmeseclassic.com

ပြီး ညှော်သည်အတွက် ကော်ဖီဖျော်ခိုင်းမလို့။ အဲဒီစိတ်ကူးနဲ့ ကြေးခေါင်းလောင်းကို တီးမလို့။

နောက်တော့မှ အသိဝင်လာလို့ ခေါင်းကိုယမ်းလိုက်တယ်။ ရင်ထဲမှာ ကျိတ်ပြီးရယ်မိတယ်။ သူ့မှာ အိမ်စေမှမရှိဘဲ။ အခုမှ အိမ်စေက ရောက်လာတာ။ အဲ… ဟုတ်ပြီ။ တို့များ ဘယ်ရောက်နေကြပါလိမ့်။ ကဲ… ကဲ… မင်းက ဘယ်သူပါလိမ့်။

'မင်းက မဒမ်…'

'ကျွန်မနာမည်က ဆက်ဖ်ဖီပါ' လို့ သူက ပြောတယ်။ သူက ထပ်ပြောပါဦးလို့ခိုင်းတော့ ထပ်ပြောတယ်။ အဲဒီနောက် စာလုံးပေါင်းပြတယ်။ သူ့နာမည် အက်စ် (S)နဲ့ စတာပဲ။ အသံထွက်ရင် ဆက်ဖ်ဖီလို့ ထွက်ရမှာပေါ့။ ဒါပေမဲ့ သူက 'ဇက်ဖ်ဖီ' လို့ပဲ ထွက်နေတယ်။ ဘာ့ကြောင့်လဲ သိလား။ သူက ဂျာမန်အမျိုးသမီးကိုး။

✣ ✣ ✣

ဂျာမန်… အဲဒီစကားလုံးကို ရှုဒီစိန့်လမ်းပေါ်က ဒီတိုက်ခန်းထဲမှာ မပြောရဘူးလို့ ပိတ်ပင်တားမြစ်ထားပါတယ်။ သူ့အမေက သူတို့ကို ကရော့ထ်လို့လည်း မခေါ်ဘူး။ ဘိုချက်စ် လို့လည်း မခေါ်ဘူး။ ချာရီးစ် လို့လည်း မခေါ်ဘူး။ ဂျာမန်တွေလို့တောင်မှ မခေါ်ဘူး။ သူ့အမေ အမြဲပြောလေ့ရှိတာက 'သူတို့' တဲ့။

အများအားဖြင့်တော့ သူ့အမေဟာ ဂျာမန်တွေအကြောင်း ပြောနေရင် သူ့နှုတ်ခမ်းတွေကို တင်းတင်းစေ့ပြီး စကားတစ်ခွန်းမှ ဝင်မပြောဘဲ နေလေ့ရှိပါတယ်။ ဒါပေမဲ့လို့ ထူးခြားတာတစ်ခုက သူ့မျက်နှာဟာ နီမြန်းနေလေ့ရှိပါတယ်။ တကယ်တော့ သူ့အမေ မဒမ်ထရာလာ… လီဝိတ်ချ်ရဲ့ခင်ပွန်း သေရတာဟာ ဂျာမန်တွေကို တိုက်ရင်းခိုက်ရင်းနဲ့ သေရတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဂျာမန်တွေရဲ့ လက်ချက်ကြောင့် သေရခြင်းပါလို့ပြောရင် ရနိုင်ပါတယ်။

မဒမ်ထရာလာ လီဝိတ်ချ် မုဆိုးမဖြစ်တော့ အသက်လေးဆယ်ပဲ ရှိပါသေးတယ်။ အဲဒီအချိန်ကစပြီး နှစ်ပေါင်းများစွာ ကုန်လွန်လာခဲ့သည်အထိ နောက်ထပ် သူ့ကိုချစ်မယ့်ယောကျ်ားဆိုလို့ ပေါ်မလာခဲ့ပါဘူး။ သူ့အနားမှာနေပြီး သူ့ကို ကယ ‌တယ တမြတ်တနိုး ပြုစုပျိုးထောင်ပေးမယ့်လူဟာ နောက်ထပ် ပေါ်မလာတော့ဘူး။

ရာဖေးရဲ့အဖေဟာ ဆော်ဘွန်းက သမိုင်းပါမောက္ခတစ်ယောက်ပါ။ သူ



ဟာ ပြင်သစ်နိုင်ငံတွင်းက လောကီဆိုင်ရာ ကိစ္စရပ်တွေနဲ့ လူလူချင်း အကျိုးပြုရာပြုကြောင်း မိရိုးဖလာဓလေ့ထုံးစံတွေကို အထူးလေ့လာနေတဲ့ ပုဂ္ဂိုလ်ကြီးပါ။ သူဟာ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလထဲမှာ လက်စ်ပောလက်စ် ရပ်ကွက်ထဲမှာ ဘဝအဆုံးသတ်ခဲ့ရပါတယ်။

အဲဒီနေ့က ရပ်ကွက်ထဲက အိမ်ရှင်မ အုပ်စုတစ်စုဟာ အာလူးတင်လာတဲ့ ထရပ်ကားကို အရှုံးအမှူး ဝိုင်းခဲ့ကြတယ်။ အဲသလိုဖြစ်ရာကစပြီး ထရပ်ကားဟာ မှောက်သွားတယ်။ ရာဖေးရဲ့အဖေ ပါမောက္ခဟာ ကားအောက်မှာ ကားပိပြီး သေဆုံးသွားခဲ့ပါတယ်။ ပါမောက္ခအနေနဲ့ မနက်ခြောက်နာရီ စောစောစီးစီး ရှတွင်ကင်ပတ်စ် မှာ ဘာလုပ်နေတာလဲဆိုတာက တစ်ကိစ္စပေါ့။ ထရပ်ကားအောက်ရောက်မသွားခင်က သူ ဘာပြုလို့ ဒီရောက်နေတာလဲဆိုတာက နောက်ပြဿနာတစ်ခုပါ။

နောက် နှစ်နှစ်အကြာမှာ ပြင်သစ်နိုင်ငံကို သိမ်းပိုက်ထားခဲ့တဲ့ ဂျာမန်တပ်တွေဟာ ပြင်သစ်တော်လှန်ရေးသမား လေးယောက်ကို ရာဖေးတို့ အိမ်ရှေ့ ဘုတ်တည့်မှာ သတ်ဖြတ်ခဲ့ကြပါတယ်။ ရာဖေးဟာ လသာဆောင် ဝရန်တာဘက်ထွက်ပြီး သွေးအိုင်ထဲ လဲကျနေသူတွေကို စိတ်မကောင်းခြင်းကြီးစွာနဲ့ ကြည့်နေတယ်။ သူဟာ အံကိုကြိတ်ပြီး ဝရံတာသံလက်ရမ်းကို တအားဆုပ်ကိုင်ထားတယ်။ သူ့မျက်လုံးတွေကတော့ အိမ်ရှေ့က သွေးအိုင်ကို လှမ်းကြည့်နေတယ်။

လွန်ခဲ့တဲ့ တစ်မိနစ်လောက်ကပဲ သေနတ်ပစ်သံတွေကို သူကြားခဲ့ရပါတယ်။ အခုတော့ဖြင့် ဘာသံမှ ထပ်မကြားရတော့ပါဘူး။ အခုဆိုရင် စောစောကမြင်လိုက်ရတဲ့ လူငယ်တွေဟာ မရှိတော့ဘူး။ သူတို့အစား လူငယ်အလောင်းတွေပဲ ရှိတော့တယ်။ လှုပ်ရှားနိုင်စွမ်း မရှိတော့တဲ့ အသားပုံကြီးတစ်ပုံ ဖြစ်နေပြီ။ အဲဒီ အပုံကြီးကို ဘယ်လိုနည်းနဲ့ မကြည့်ဘဲ နေလို့ရမှာတဲ့လဲ။

ဒါ့ကြောင့်မို့လည်း ရာဖေးဟာ သူ့ခေါင်းကိုမော့ပြီး အလောင်းတွေရှိရာဘက်ကို လှမ်းကြည့်တယ်။ လည်တံကို တတ်နိုင်သမျှဆန့်၊ မျက်စိတွေကို အစွမ်းကုန်ဖြဲပြီးကြည့်တာဆိုတော့ မြင်ရတာပေါ့။ သူမြင်ရတာ သေခြင်းတော့ မဟုတ်ဘူး။ သေခြင်းရဲ့နောက်က အမှန်တရားကို သူမြင်နေတာ။ သွေးအိုင်ထဲက သွေးအလူးလူးကပ်နေတဲ့ လက်တွေနဲ့ ခြေတွေပါ။ တစ်ပြိုင်တည်း အသေ[illegible]ခဲ့တဲ့ ရဲဘော်တွေဟာ သွေးအိုင်ထဲမှာ တစ်ယောက်ကိုတစ်ယောက် ဖက်ထားကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခိုက်မှာပဲ စိတ်တုန်လှုပ်ချောက်ချားပြီး သွေးရူးသွေးတမ်း အော်သလို အော်ပြောလိုက်တဲ့အသံကို ကြားရပါတယ်။ 'မင်း ဘာလုပ်နေတာလဲ မင်း ရူးသွားပြီလား၊ အဲဒီ ပြတင်းပေါက်ကို အခုချက်ချင်း ပိတ်လိုက်စမ်း ဘာတွေ လှမ်းကြည့်နေတာလဲ၊ ဒီလောကထဲမှာ ငါ့အတွက် နင်တစ်ယောက်တည်းပဲ ကျန်တော့တာ၊ ငါ့မှာရှိနေတဲ့ အရာရာတိုင်းကို ဒီကောင်တွေ ယူသွားတာ ငါမခံချင်ဘူး' တဲ့။

ရာဖေးအနေနဲ့ အလွန်သေချာတာတစ်ခုက သူ့အမေသာမရှိရင်၊ သူ့အမေကသာ အတင်းအဓမ္မ မကန့်ကွက်ခဲ့ဘူးဆိုရင် ၁၉၄၃ ခုနှစ်ကုန်မှာ တော်လှန်ရေး လှုပ်ရှားမှုမှာ ကိုယ်ထိလက်ရောက် ပါဝင်ဆောင်ရွက်တော့မလို့ပါ။ အဲဒီအချိန်က သူ့အသက်ဟာ ဆယ့်ငါးနှစ်ပါ။ 'ဖို့ဆက်စ် ဖရန့်ကိုျက်စ် ဒီ အယ်လ် အင်တာရီးယား' လို့ အမည်ပေးထားတဲ့ တော်လှန်ရေးအဖွဲ့ထဲမှာ သင့်တော်ရာ အဆင့်တစ်ဆင့်ရဖို့ စိတ်ကူးယဉ်အိပ်မက် မက်ခဲ့ပါတယ်။

ဒါပေမဲ့ သူ့အဖေက သေသွားပြီ။ သူ့အမေမှာက သူကလွဲပြီး အဖော်ဆိုလို့ တစ်ယောက်မှရှိတော့တာ မဟုတ်ဘူး။ ဂျာမန်တွေ မတရားသဖြင့် အုပ်စိုးနေတဲ့ကာလအတွင်းမှာ သူဟာ သူ့အမေနဲ့အတူ ရုန်းကန်လှုပ်ရှားနေရမှာပါ။ စားဝတ်နေရေးကိစ္စတွေမှာသာ မကဘူး။ စိတ်ပိုင်းဆိုင်ရာတွေမှာပါ ကြံ့ကြံ့ခံနိုင်အောင် အားထုတ်နေရတာပါ။ အဲဒီနေရာတွေအားလုံးမှာ သူ့အမေကို ကူညီနေရတဲ့ အနေအထားမှာ ရှိနေပါတယ်။

နောက်ပိုင်းမှာတော့ ဂုဏ်သိက္ခာမြင့်မားရေးဆိုတဲ့ အကြောင်းပြချက်တစ်ခုနဲ့ တိုင်းပြည်အတွက် တိုက်ခိုက်ခြင်းဆိုတဲ့ အလုပ်ကို လုပ်သင့်သလားလို့ တောင်မှ စဉ်းစားခဲ့ပါတယ်။ ဒါကို အကြောင်းပြုပြီး ရာဖေးဟာ အယ်လ်ဂျီးရီးယားမှာ တာဝန်ယူဖို့ စစ်ထဲဝင်ရရင် ကောင်းလေမလား စတဲ့ အတွေးတွေဟာ ရှိလာခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာ သူဟာ အနုပညာသင်ကျောင်းတစ်ကျောင်းကို ရောက်သွားခဲ့ပါတယ်။ ကျောင်းမှာ သူဟာ အလွန်တူးချွန်ခဲ့ပါတယ်။ အဲဒီခါမှာတော့ သူ့ရဲ့ နိုင်ငံရေးနဲ့ပတ်သက်တဲ့ အယူအဆတွေနဲ့ ယုံကြည်မှုတွေဟာ သိပ်ပြီး အမြင်ကျယ်လာရုံမကဘူး၊ လွတ်လပ်လာတယ်။ အယ်လ်ဂျီးရီးယားနိုင်ငံကို လွတ်လပ်ရေးပေးဖို့တောင် ထောက်ခံသူ ဖြစ်လာတယ်။ တတ်နိုင်သရွေ့ ဖြင့်သစ်နိုင်ငံကို အကြီးအကျယ် ထိခိုက်မှုမရှိစေဘဲ လွတ်လပ်ရေးပေးဖို့ဆိုတဲ့ သဘောပေါ့။

✢ ✢ ✢



ဒါပေမယ်လို့…

အခုတော့ ဆက်ဖ်ဖီဆိုတဲ့ ဂျာမန်မတစ်ယောက်ဟာ ညှော်ခန်းထဲမှာ သူနဲ့အတူ သူ့ရှေ့တည့်တည့်မှာ ထိုင်နေပါတယ်။ သူထိုင်နေသလိုမျိုး ဒီညှော်ခန်းထဲမှာ ဘယ်သူမှ မထိုင်ဖူးကြသေးပါဘူး။ ဆယ့်ခုနစ်ရာစုအလယ်လောက်ကတည်းက တောင်ဆောက်လုပ်ခဲ့တဲ့ ဒီအဆောက်အအုံထဲမှာ ဘယ်သူမှ အခုလို မထိုင်ဖူးသေးပါဘူး။ တကယ်ပါ။ တစ်ယောက်မှ မထိုင်ဖူးသေးဘူး။

ဆက်ဖ်ဖီကတော့ ပြုံးပြီးကြည့်နေပါတယ်။ သူ့ရဲ့ အစိမ်းရောင် မျက်လုံးတွေရဲ့အကြည့်ဟာ ရာဖေးအပေါ်မှာပဲ တည်ငြိမ်အေးဆေးစွာ ကျက်စားနေပါတယ်။

ရာဖေးမှာကလည်း ဆက်ဖ်ဖီရှိနေမှုက သူ့စိတ်ကို သိပ်ပြီးလွှမ်းမိုးထားတော့ ရုတ်တရက် ဘာကိုမှ သတိမရဘူး။ သူ ဘာ့ကြောင့် သူ့ညှော်ခန်းထဲ ရောက်နေရတာလဲဆိုတဲ့ အချက်ကိုတောင်မှ မေ့နေတယ်။ သူဟာ ဖျတ်ခနဲ ထိုင်ရာကထပြီး အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေတယ်။ သူ ဘယ်ဘက်လက်ကို မကြာခဏမြှောက်မြှောက်ပြီး သူ့ဆံပင်တွေကို ထိုးထိုးဖွတယ်။ ခေါင်းထိပ်ကနေပြီး နောက်ဘက်အထိ လက်ချောင်းတွေကိုဖြန့်ပြီး ထိုးဖွတာ။

အဲဒီ အနုပညာဆန်ဆန် အပြုအမူကို သူ ရလာခဲ့တာဟာ လူလားမြောက်စ အရွယ်ကတည်းကပါ။ ဒါပေမဲ့ ဒီအပြုအမူဟာ ရယ်စရာကောင်းလာပါတယ်။ သူ့အနေနဲ့ ဘယ်လောက်ပဲ လက်ချောင်းတွေနဲ့ ထိုးထိုးဖွပြီး နောက်ဘက်ကို သပ်ချနေပေမယ့် ဆံပင်တွေကတော့ တွန့်လိမ်ကောက်ကွေးပြီး ရှေ့ဘက်ကိုပဲ ပြန်ကျလာနေပါတယ်။ အကြောင်းကတော့ အသက်နှစ်ဆယ့်ရှစ်နှစ်သာ ရှိသေးတဲ့ ရာဖေးလီပိုက်ချ်ဟာ တစ်ခေါင်းလုံး ထိပ်ပြောင်နေလို့ပါ။ အဲဒီတော့ သူ့ဆံပင်တွေကို ထိုးဖွလိုက်တဲ့ သူ့လက်ချောင်းတွေဟာ ဆံပင်ကိုမတွေ့ဘဲ ထိပ်ပြောင်နေတဲ့ အရေပြားကိုသာ တွေ့နေရပါတယ်။

အခုလို ညှော်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားရင်း ထောင်သောင်းကြ သူ့ရဲ့ ထိပ်ပြောင်နေတဲ့ခေါင်းကို စမ်းသပ်နေမိတာပါ။ အဲသလို လှုပ်ရှားရင်းကပဲ သူဟာ အိမ်စေအဖြစ်ငှားမယ့် သူ့လူအတွက် ဘယ်လိုအလုပ်တာဝန်တွေ ရှိလာလိမ့်မယ်ဆိုတာ ပြောပြနေပါတယ်။ အမှန်အတိုင်း ဝန်ခံရရင်တော့ အိမ်တွင်းရေးရာနဲ့ မီးဖိုချောင်ကိစ္စတွေကို သူ ဘာမှသိပ်မသိဘူး။ ဘယ်အရာကို ဘယ်လိုစပြောရမှန်းလည်း မသိဘူး။

သူ စဉ်းစားလိုက်တော့ မာရီယာ ဖီးလစ်ကို သတိရတယ်။ ပြတင်းပေါက်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်တွေကို တိုက်ဖို့ချုတ်ဖို့အတွက် လှေကားခုလတ်မှာ တက်ရပ်နေတဲ့ မာရီယာ ဖီးလစ္စကို မြင်ယောင်နေမိတယ်။ ပြီးတော့ မာရီယာ ဖီးလစ္စဟာ သူ့စာတွေကို ယူလာပြီးပေးတယ်။ မနက်ကိုးနာရီဆိုရင် သူ့အတွက် မနက်စာ လာပို့တယ်၊ ညနေငါးနာရီဆိုရင် လက်ဖက်ရည်လာပို့တယ်။

မာရီယာ ဖီးလစ္စဟာ မနက်ဆိုရင် အစားအစာချက်ပြုတ်ဖို့ ဈေးဝယ်ထွက်တယ်။ လိုအပ်တဲ့ စွတ်ပြုတ်ရည်နဲ့ ဟင်းတွေ ချက်ပြုတ်ပေးတယ်။ ချက်ဖို့ပြုတ်ဖို့အတွက် ထင်းတို့၊ လောင်စာတို့ကို နောက်ဖေးလှေကားကနေပြီး မီးဖိုခန်းထဲ သယ်ပို့တယ်။

ရာဖေးဟာ သူမှတ်မိသမျှကို စုစည်းပြီး စာရင်းအကျဉ်းချုပ် လုပ်လိုက်တယ်။ ပြီးတော့ သူ့ရှေ့မှာထိုင်နေတဲ့ အမျိုးသမီးကို တစ်ခုချင်းစီ ပြောပြတယ်၊ သူပြောနေတာကို နားမှထောင်ရဲ့လားလို့ အကဲခတ်တယ်။ နားထောင်နေတဲ့ လက္ခဏာရှိပါတယ်။ သူပြောသမျှကို နားလည်တဲ့လက္ခဏာလည်း ရှိပါတယ်၊ ဘာပဲဖြစ်ဖြစ် အိမ်မှုလောကနဲ့ ပတ်သက်လို့ ရှိနေသမျှ အရာရာတိုင်း သူသိနေပုံ ပေါ်ပါတယ်။ အခုမှသိတာ မဟုတ်ပါဘူး။ ဟိုတုန်းကတည်းက အမြဲတစေ သိနေခဲ့တဲ့သဘောပါ။

သူဟာ ပလွေဆရာတစ်ယောက်ဆိုတာလည်း ပြောပြတယ်။ သူဟာ နာမည်ကြီး သံစုံတီးဝိုင်းတစ်ခုမှာ အဖွဲ့ဝင်အဖြစ် ပါဝင်တီးမှုတ်နေတာကိုလည်း ပြောပြတယ်။ တီးဝိုင်းနာမည်ကို ပြောပြလိုက်တဲ့အခါမှာ ဆက်ဖ်ဖီဟာ မျက်တောင်ခတ်ပါဘူး။ မျက်ခုံးတွေကိုလည်း မပင့်ပါဘူး။ ပါးစပ်လည်း ဟောင်းလောင်းဖြစ်မသွားပါဘူး။ သူ့ပုံပန်းကြည့်ရတာ တီးဝိုင်းနာမည်ကို ကြားဖူးပုံမပေါ်ဘူး။

ရာဖေး ထပ်ပြောတာက သူ မကြာခဏ ခရီးထွက်ရတဲ့အကြောင်း၊ တစ်ခါတစ်ရံ ရက်သိပ်မကြာပေမယ့် တစ်ခါတလေမှာတော့ ရက်အတော်ကြာတဲ့အကြောင်း ရှင်းပြတယ်။ တစ်ခါတလေ သူဟာ နိုင်ငံရပ်ခြားကို ရောက်သွားရတဲ့အကြောင်းအထိ ပြောပြတယ်။ သူ အိမ်မှာမရှိတဲ့ကာလတွေမှာတော့ ဆက်ဖ်ဖီရဲ့ အလုပ်တာဝန်ဟာ နည်းမှာပေါ့။ အဲဒီအခါတွေမှာတော့ အချိန်အား ရတာလေးတွေကြည့်ပြီး တခြားလုပ်သင့်တာလေးတွေ လုပ်ထားဖို့ (ဥပမာ ငွေထည်ပစ္စည်းတွေကို တိုက်ချွတ်ထားဖို့) သူက ပြောပြတယ်။

သူ့အခန်းကတော့ ခြောက်ထပ်မှာရှိမယ်။ ဧည့်သည် လုံးဝလက်မခံရဘူး ဧသည်ဖြင့်လည်း သူက ထပ်ပြောတယ်။ သူပြောနေပုံကဖြင့် နှစ်ဦးနှစ်ဖက်

သဘောတူညီမှုရပြီးလို့ ပြောနေသလိုပဲ။ တကယ့်ကို ပိုင်ပိုင်နိုင်နိုင် ပြောနေတာ။ သူတို့နှစ်ဦးကြားမှာ သူ့ရဲ့အလုပ်ချိန်၊ သူ့ရဲ့လုပ်ခ စသည်များကို သဘောတူညီချက်ရထားသလို ပုံစံနဲ့ ပြောနေတာ...။

အလုပ်ကို မနက်ဖြန်မနက်က စဝင်ဖို့နဲ့ အခုလောက် ပြောပြလိုက်တာနဲ့ ဒီဂျာမန်မဟာ သူ့ကို စောင့်ရှောက်ရမယ့်အလုပ်ဆိုတာ မသိဘဲ ဘယ်နေမလဲလို့ တွက်တယ်။ သူကတော့ ရာဖေးလီပိတ်ချ်အနေနဲ့ နာမည်ကျော်ပလွေဆရာ ဖြစ်လာဖို့ သိပ်နီးစပ်နေတဲ့ အချိန်ပေါ့။ ဒီလိုအချိန်မှာ ဒီဂျာမန်အမျိုးသမီးဟာ သူ့စာအုပ်တွေကို ဖုန်သုတ်ပေးရမယ်။ သူ့လက်ဖက်ရည်ထဲ သကြားထည့်ပေးရမယ်။ သူ့ရှပ်အင်္ကျီ ဆောင်းဘီတွေကို မီးပူတိုက်ပေးရမယ်။ သူ့အတွင်းခံတွေကို လျှော်ဖွပ်ပေးရမယ်။ ပြီးတော့ သူ့အိပ်ရာမှာ လာအိပ်သွားတဲ့ သူ့ချစ်သူတွေပြန်ရင် အိပ်ရာခင်းတွေ လဲပေးရမယ်။

‘တို့နှစ်ယောက် သဘောတူကြပြီလား’

ဆက်ဖ်ဖီက ခပ်ဖြည်းဖြည်း ခေါင်းညိတ်တယ်။

‘မင်းပစ္စည်းတွေကရော’

‘ပစ္စည်းက များများစားစား မပါပါဘူး၊ လက်ဆွဲသေတ္တာ နှစ်လုံးတည်းပါ။ ကျွန်မ အခုသွားယူရတော့မလား’

ဘုရားသခင် ကယ်တော်မူပါ။ သူ့အသံကဖြင့်... စောစောက သူ့အသံကို သူ လုံးဝသတိမထားခဲ့မိဘူး။ အမှုမဲ့ အမှတ်မဲ့ ဖြစ်နေတာကိုး။ အခုတော့လည်း သတိထားလိုက်မိတယ်။ အလွန့်ကို ‘ကန္တဲ့ကလျ’ နိုင်လွန်းတဲ့ အသံပါကလား။ အသံကြောင့် သူဟာ မလှုပ်နိုင် မရှားနိုင်သလိုတောင် ဖြစ်သွားတယ်။ ချက်ချင်းပဲ အသိဝင်လာတယ်။ ငထုံငထိုင်းတစ်ယောက်လို ဒီနေရာမှာ မတ်တတ်ကြီးရပ်ပြီး သူ့မျက်နှာကို ပြူးကြည့်နေတာကို မရပ်လို့မဖြစ်ဘူး၊ ရပ်လိုက်မှပေါ့။

အင်း... ပြီးတော့ နောက်တစ်ချက် အားထုတ်ရပြန်ဦးမယ်။ စိတ်ထဲမှာ ဆိုတ်ပြီးပေါ်လာတာပါ။ တခြားတော့ မဟုတ်ဘူး။ သူ အခုနက ပြောလိုက်တဲ့ စကားရဲ့ အနက်အဓိပ္ပာယ်ကို စဉ်းစားပြီး ဖော်ထုတ်ဖို့ပါ။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com

# (၂)

ဆက်ဖ်ဖီရဲ့ လက်ဆွဲအိတ်တွေက ဘူလိုဗတ် စိန့်မိုက်ကယ် လမ်းမကြီးပေါ်က အမျိုးသမီးငယ်များ ဟိုစတယ်မှာပါ။ သူ့အခန်းရဲ့ ပြတင်းပေါက်တွေကနေ ကြည့်လိုက်ရင် လူဇင်ဘတ်ပန်းခြံကို မြင်နေရပါတယ်။ အဲဒီ ဟိုစတယ်နဲ့ ရာဖေးလီဝိတ်ချ်ရဲ့ တိုက်ခန်းဟာ သိပ်မဝေးပါဘူး။ လမ်းလျှောက်သွားရင်တောင် ခဏပဲကြာမှာပါ။

ရှုဒီစိန့်လမ်းဟာ စိန့်မြစ်ကမ်းပါးက စတာပါ။ အဲဒီနောက် ရှေ့ဆက်လျှောက်လိုက်ရင် ရှုဒီတော်နန်လမ်းလို့ ပြောင်းသွားပါတယ်။ နောက်ဆုံး လူဇင်ဘတ်နန်းတော်ရောက်တဲ့အထိ ဒီနာမည်နဲ့ပဲ ဆက်သွားတာပါ။ ဒီနိုင်ငံရဲ့ ဆီးနိတ်လွှတ်တော်ဟာ ဒီအနီးအနားတစ်ဝိုက်မှာ တည်ရှိပါတယ်။ လမ်းဟာ ဒီတစ်ဝိုက်မှာ မသိမသာ ကျယ်လာပါတယ်။ ကိုက်တစ်ရာအထိ ကျယ်လာပြီး ဘူလိုဗတ်စိန့်ဂျာမိန်းလမ်းမကြီးနဲ့ ယှဉ်ပြီးနေတာကို တွေ့ကြရပါတယ်။

ဆက်ဖ်ဖီ အဖို့တော့ ထုံးစံအတိုင်းပဲ။ ဒါတွေကို ဘယ်လိုလုပ်ပြီး သတိထားမိမှာလဲ။ ဒီလမ်းတစ်လျှောက် လျှောက်လာတဲ့အခါတိုင်းတော့ဖြင့် ပတ်ဝန်းကျင်ကို ကြည့်မိတာ အမှန်ပဲ။ လမ်းရဲ့ တစ်ဖက်တစ်ချက်မှာတော့ ပန်းချီပန်းပု အနုပညာပြခန်းတွေ၊ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်တွေ၊ စီးကရက်တွေကို မီးခိုးထောင်းထောင်းထအောင်ဖွာရင်း နိုင်ငံရေးအကြောင်း၊ စာပေအကြောင်း ဆွေးနွေးနေကြသူတွေနဲ့ ပြည့်နေတဲ့ ကဖီးဆိုင်တွေ၊ ဆိုင်ပြတင်းပေါက်တွေမှာလည်း ဂျပန်ပုံနှိပ်ပန်းချီကားတွေ ကပ်ထားလိုက်တာ ပြည့်လျှံနေတယ်။ ဆိုင်ထဲမှာကျတော့လည်း အဖိုးတန် ပါရှန်း ကော်ဇောတွေ ခင်းထားလိုက်သေးတယ်၊ မြင်တွေ့ရသမျှ အရာရာတိုင်းဟာ ဆက်ဖ်ဖီအတွက် စိတ်ဝင်စားစရာတွေချည်းပါလား။



ဆက်ဖ်ဖီဟာ ခပ်မှန်မှန်ပဲ လျှောက်လာတယ်။ ရေးကြီးသုတ်ပျာလည်း မလျှောက်ဘူး၊ ဘေးဘီကိုလည်း မကြည့်ဘူး၊ သူ့ရှေ့တည့်တည့်ကိုပဲ ကြည့်လာတာဆိုတော့ ဘာကိုမှမမြင်ရ၊ မတွေ့ရဘူး။ သူ့ကို လူတွေကလည်း အာရုံသိပ်မဝင်စားကြပါဘူး။ လာ ပါလက်တီ ဘေးက ကွက်လပ်ထဲမှာ ထိုင်နေကြတဲ့ လူငယ်လူရွယ်တွေကတောင် သူ့ဆီကို တစ်ချက်ကလေးမှ လှမ်းမကြည့်ဘူး။

ဆက်ဖ်ဖီအဖြစ်က အဆန်းပဲ။ ကိုယ်ပျောက်နေတဲ့ သရဲမတစ်ကောင်လိုပဲ။ ဘယ်သူကမှ သူ့ကို မမြင်ကြသလိုပဲ။ ဒါပေမဲ့ ဆက်ဖ်ဖီမှ ဆက်ဖ်ဖီအစစ်ပါ။ မြို့တော်ကြီးတွေမှာ နေထိုင်သွားလာနေကြတဲ့ လူတွေရဲ့ အပြုအမူဟာ ဒီလိုပါပဲ။ ဆက်ဖ်ဖီဟာ လမ်းကျယ်ကြီးကို ဖြတ်ကူးတော့မယ်အလုပ်မှာ မီးနီပွင့်လာတဲ့အတွက် ရပ်နေလိုက်တယ်။

ဆက်ဖ်ဖီဟာ ဆီးနိတ်အဆောက်အဦဘေးက ကပ်ပြီးလျှောက်လာခဲ့ရာက လူဇင်ဘတ်ပန်းခြံထဲ ဝင်ခဲ့ပါတယ်။ အခုအချိန်မှာတော့ ပန်းခြံထဲမှာ ပန်းတွေ အများကြီး ပွင့်နေကြပါပြီ။ အဖူးတွေ၊ အငုံတွေဆိုတာလည်း အောတိုက်နေတာပဲ။ ပတ်ဝန်းကျင်တစ်ခွင်လုံး ကဗျာဆန်နေပါတယ်။

ဆက်ဖ်ဖီဟာ ကျောက်သားရုပ်ထုတွေနဲ့ ရေပန်းကြီးတွေရှေ့က ကျော်ဖြတ်ပြီး လျှောက်လာခဲ့တယ်။ သူဖြတ်လျှောက်လာနေခိုက်မှာ ဝဲယာနှစ်ဖက်က အင်္ဂလိပ် ကျောင်းသား၊ ကျောင်းသူတွေကို မြင်တွေ့နေရပါတယ်။ ပန်းခြံထဲ အကြေးငွေနဲ့ ငှားတဲ့ ကုလားထိုင်တွေငှားပြီး ထိုင်နေကြပါတယ်။ တချို့ကလည်း ထန်းပေါလ်ဆာတ်ရဲ့ စာအုပ်တွေကို စိတ်ဝင်တစား ဖတ်နေကြတယ်။ တချို့ကျတော့လည်း တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်နမ်းရှုပ်နေကြလေရဲ့။

ဆက်ဖ်ဖီကတော့ ရေပန်းတွေနောက်က ရှောင်ပုန်းပြီး ပုန်းလျှိုးကွယ်လျှိုး သွားပါဘူး။ ခပ်တင်းတင်း ခပ်တည်တည်ပဲ အတွဲတွေဘက်ကို တစ်ချက်ကလေးမှ ငဲ့မကြည့်ဘဲ လျှောက်လာခဲ့ပါတယ်။ ဒါပေမယ်လို့ သူ့နှလုံးသားကတော့ ဘာရယ်ဖျတ် လှုပ်ခါနေပါတယ်။ သူ့အနေနဲ့ ဒီအကြောင်းတွေကိုလည်း ကြားဖူးသိဖူးခဲ့ပါတယ်။ ရှေး ခေါ်မ၊ ရောမခေတ်က စပါတန်လူမျိုး ခင်းသမီး ထိုင်းအကြောင်း၊ လီဒါဟာ နတ်ဘုရားတစ်ပါးရဲ့ မတရားပြုမှုကို ခံခဲ့ရတယ်။ ဒီအမှုကို ကျူးလွန်ခဲ့တဲ့ နတ်ဘုရားလည်း ငန်းတစ်ကောင်ဖြစ်သွားတာပါတဲ။

ဆက်ဖ်ဖီ မြင်ခဲ့ပြီးပါပြီ။ သူ အားလုံးကို မြင်ခဲ့ပြီးပါပြီ။

+ + +

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖ်ဖီဟာ ပန်းခြံထဲကထွက်လာတော့ စိန့်မိုက်ကယ်လမ်းကျယ်ကြီးပေါ် ရောက်လာတယ်။ သူ့ဟိုတယ်ဆီကို လျှောက်သွားတယ်။ ညှို့ကြိုစားပွဲကို တန်းသွားတယ်။ သူ အဲဒီမှာ နေထိုင်ခဲ့ရတဲ့ ညတွေအတွက် ကျသင့်စရိတ်ငွေကို အရင်ဆုံး ရှင်းပေးပြီး သူ့လက်ဆွဲအိတ်တွေယူဖို့ ပထမထပ်ကို တက်ခဲ့တယ်။ နောက်ဆုံးမှာတော့ သူဟာ အခန်းသော့ကို စားပွဲပေါ် ချထားခဲ့တယ်။ အပေါ်ထပ်က ပြန်ဆင်းလာခဲ့ပြီး အလာတုန်းက လမ်းအတိုင်း ပန်းခြံထဲကဖြတ်ပြီး ပြန်လာခဲ့တယ်။ သူ့မျက်နှာကတော့ အသွားတုန်းကလိုပဲ ဘာကိုမှ စိတ်ဝင်စားမှုမရှိသလို ထုံပေပေနဲ့ပဲ။

မြင်ရ တွေ့ရတာကတော့ မယုံနိုင်စရာကောင်းသလို ဖြစ်နေတယ်။ ရာဖေးဟာ လသာဆောင်မှာရပ်ပြီး ဆက်ဖ်ဖီ ပြန်အလာကို စောင့်နေတယ်။ စောစောတုန်းက သူလေ့ကျင့်နေတဲ့ မာရင်မာရေးစ်သီချင်းကို ဆက်ပြီး မလေ့ကျင့်တော့ဘူး။ သူ့ပလွေဟာ စောစောက သူချထားခဲ့တဲ့အတိုင်းပဲ။ ကတ္တီပါဘူးထဲမှာ လဲလျောင်းနေလေရဲ့…။

သူချမှတ်ထားတဲ့ စည်းကမ်းအတိုင်းဆိုရင်တော့ သူ့တူရိယာပစ္စည်းကို သူဟာ အရွှေးအမွှေးမက်မောတဲ့လူဖြစ်လေတော့ တစ်ကြိမ်မှုတ်ပြီးရင် ပြီးလွယ်စီးလွယ်သိမ်းလေ့မရှိပါဘူး။ မှုတ်ထားလို့ သွားရည်လူးနေတဲ့နေရာတွေကို အဝတ်စနဲ့ အကျအနသုတ်သင်ပစ်လေ့ရှိပါတယ်။ ဒီအတိုင်း ပစ္စလက္ခတ်ထားလိုက်ရင် သတ္တုတွေချေးတက်ပြီး ပျက်စီးကုန်မှာ သေချာတယ်မဟုတ်လား။

ဒါပေမဲ့ ဒီနေ့တော့ဖြင့် ရာဖေးရဲ့နှလုံးသားဟာ အားလပ်ရက်တစ်ရက်ဖြစ်နေတယ်။ ဘာရယ်လို့တော့ မသိဘူး။ ဒီတစ်ခါကျမှ အကျိုးသင့် အကြောင်းသင့် ရှင်းမပြနိုင်ဘဲ သူ့စိတ်ထဲမှာ ပျော်သလို ဘာလိုလို ဖြစ်နေတယ်။ အကြောင်းက ဘာလဲတဲ့။ အပေါ်ယံကြည့်ရုံမျှနဲ့ သူ့သဘောမနောကို ဖောက်ထွင်းပြီးသိဖို့ ခက်ခဲလှ ခက်ခဲလှ... လွယ်တဲ့ ဒီအမျိုးသမီး သူ့ခေါင်မိုးအောက်မှာ လာနေမှာ သိနေရလို့ပါ။

သူဟာ လသာဆောင် ကျဉ်းကျဉ်းငယ်ငယ်လေးရဲ့ ပြတင်းပေါက်ကနေပြီး အမျိုးသမီး ပြန်အလာကို မျှော်ကြည့်နေတယ်။ သူ့အဖြစ်ကို သူ ဖုံးကွယ်နိုင် မကြိုးစားပါဘူး။ ဒီအမျိုးသမီး ပြန်မှ ပြန်လာပါ့မလားဆိုတဲ့ သံသယအတွေးနဲ့ ပူပန်နေတာပါ။ တကယ်လို့များ အလာတုန်းက လျှို့ဝှက်ပြီး ရောက်လာခဲ့သလို ပျောက်သွားတော့လည်း လျှို့ဝှက်ပြီး ပျောက်သွားမှာဖြင့်။ အဲသလိုများ ဖြစ်သွား



လို့ကတော့ သူ့အနေနဲ့ အမျိုးသမီး တစ်ခေါက်တစ်ကျဉ်း ရောက်လာပုံကို စိတ်ထဲ သည်လို့ဆုံးမှာ မဟုတ်တော့ဘူး။

'မင်း ရူးနေတာဖြစ်မယ်၊ အိမ်ဖော်ကွ၊ အားလုံးခြုံကြည့်လိုက်ရင် အိမ်ဖော်တစ်ယောက်ပါလားကွာ' လို့ သူ့ကိုယ်သူ မပြောဖြစ်ဘူး။ သူ့အနေနဲ့ ဒီ နိုင်ငံခြားသူ မိန်းမတစ်ယောက် သူ့ဘဝထဲ ဝင်လာတာဟာ အရေးမပါပါဘူးလို့လည်း တွေးဖို့ မစဉ်းစားမိဘူး။ အင်း… အဲဒါဟာ မင်းအတွက်တော့ '**အချစ်**' ပါလား။

နောက်ဆုံးမှာ လက်ဆွဲအိတ်နှစ်လုံးကို တစ်ဖက်တစ်ချက်စီဆွဲပြီး ပြန်လာနေတဲ့ အမျိုးသမီးကို သူ လှမ်းမြင်တယ်။ အသွားတုန်းကလို မဟုတ်ဘူး။ အလေးအပင်တွေ ဆွဲလာရတော့ နှေးကွေးတယ်။ ဘာ့ကြောင့်များ သူ လိုက်ပြီး သယ်ပေးပါမယ်လို့ မပြောမိတာပါလိမ့်။ အနည်းဆုံး တက္ကစီငှားပြီး ပြန်လာခဲ့ဆိုတဲ့ စကားလောက်တော့ ပြောမိခဲ့ဖို့ကောင်းတယ်။ ဒါပေမဲ့ ဘာ့ကြောင့်မှန်း မသိဘူး။ ပြောမထွက်ခဲ့ဘူး။

အမှန်တော့ သူ့အနေနဲ့ လက်ဆွဲအိတ်တွေကို အခုလို တပင်တပန်းဆွဲပြီး ခြေလျင်ပြန်လာလိမ့်မယ်လို့ နည်းနည်းလေးမှ မတွေးမိခဲ့ဘူး။ အခုလို မြင်လိုက်တော့ သူဟာ သူ့ကို ကျိတ်ပြီး ကျိန်ဆဲလိုက်မိတယ်။ လှေကားကနေ အပြေးဆင်းသွားမိတယ်။ ပြီးတော့ လမ်းမပေါ် ပြေးထွက်ခဲ့တယ်။ သူ့ကိုယ်သူ မထိန်းနိုင်တော့ပါလား။ အင်းလေ… ဒါဟာ မင်းအတွက်တော့ '**အချစ်**' ပဲ။

'ဆက်ဖ်ဖီ' လို့ သူက အော်ခေါ်ပြီး ပြေးသွားတယ်။

သူ သိတယ်။ သူ့ 'အချစ်' ကို ဖုံးထားဦးမှဖြစ်မှာ။ လောလောဆယ် နှစ်ဦးနှစ်ဖက် ကောင်းစေဖို့အရေးဟာ အဲဒါပဲ။ သူသိသွားသည်အထိ လုပ်လိုက်လို့လည်း မဖြစ်ဘူး။ သူ့ကို လန့်သွားအောင်လုပ်လို့လည်း မဖြစ်ဘူး။ သူ့ဆီကို အခုလို အပြေးအလွှားသွားမိတဲ့အတွက်လည်း လုံလောက်တဲ့ ဆင်ခြေထားတော့မှ။

သူ့အနေနဲ့ ကရုဏာတရားကို လက်ကိုင်ထားပြီး ယဉ်ယဉ်ကျေးကျေး ဆက်ဆံသွားမယ်လို့ တိတ်တိတ်ကလေးကျိတ်ပြီး ဆုံးဖြတ်တယ်။ သူ့ရဲ့ ရှင်းစတွေကိုလည်း မလေးစားလို့ မဖြစ်ဘူး။ ခပ်ကင်းကင်း ခပ်ခွာခွာနေပြီး တစ်နိုင်ငံလုံး 'အလုပ်ရှင် အလုပ်သမား ဆက်ဆံရေး' ကို ရှေ့တန်းတင်ထားပါမှ…

'ကိုယ် စိတ်မကောင်းပါဘူး။ ကိုယ်ဟာ အတော့်ကို အသိခေါင်းပါးသွားတာပဲ။ ကိုယ် မင်းကို တက္ကစီငှားပေးလိုက်သင့်တာ။ မင်း အခုလိုဆိုတော့

www.burmeseclassic.com



သိပ်ပြီးများ ပင်ပန်းနေမလား။ အထူးသဖြင့် အခုလို ရာသီဥတုပူပြင်းတဲ့အချိန်မှာ…

လူသွားလူလာ များပြားရှုပ်ထွေးလှတဲ့ ရှုဒီစိန့်လမ်းရဲ့ ဘေးတစ်ဖက်က ပလက်ဖောင်းပေါ်ရောက်တော့ ဆက်ဖ်ဖီဟာ သူ့လက်နှစ်ဖက်နဲ့ ဆွဲလာတဲ့ လက်ဆွဲအိတ်တွေကို ပလက်ဖောင်းပေါ် ချလိုက်တယ်။ ပြီးတော့ ရာဖေးကိုကြည့်တယ်။ ပထမဆုံးအကြိမ် စိတ်ဝင်တစားကြည့်ခြင်းပါ။ ဆက်ဖ်ဖီကတော့ ရာဖေး ပြောလိုက်တဲ့ စကားကို နားမလည်ပါဘူး။

နားလည်ချင်လည်း လည်ပါလိမ့်မယ်။ အို… မဟုတ်ဘူး။ သူ နားမလည်ဘူး။ မြန်းခနဲ ရုတ်တရက် ဆက်ဖ်ဖီရဲ့ ဟက်ဟက်ပက်ပက် ရယ်သံထွက်လာတယ်။ လာပလက်တီဘေးမှာရှိနေတဲ့ ကွက်လပ်ထဲက လူတွေက ဆက်ဖီကို လှည့်ကြည့်ကြတယ်။ ပြီးတော့ နှစ်ယောက်စလုံးကို ကြည့်နေကြတယ်။ ရာဖေးရဲ့ တစ်ကိုယ်လုံး တောင့်တင်းသွားတယ်။

လူအများက သူ့ကို ဝိုင်းကြည့်အောင် လုပ်ရတဲ့အလုပ်မျိုးကို ရာဖေး အင်မတန် မုန်းပါတယ်။ ဆက်ဖ်ဖီရဲ့ ရယ်သံဟာ သိပ်ပြီးတော့လည်း ကျယ်တယ်။ သိပ်ပြီးတော့လည်း ကြမ်းတမ်းပါတယ်။ အဲဒီနောက်တော့ ဖျတ်ခနဲ ရပ်သွားတယ်။ သူ့မျက်နှာဟာ ဖြူရော်ရော် ဖျော့တော့တော့ မျက်နှာဖုံးရဲ့နောက်မှာ ပျောက်ကွယ်သွားပြန်တယ်။ သူ့မျက်နှာပေါ်မှာ 'အပြုံးတု' ကိုပဲ မြင်ရပါတယ်။

'ဘာမှ မဟုတ်ပါဘူး' လို့ ဆက်ဖ်ဖီက ပြောတယ်။ ချထားတဲ့ လက်ဆွဲသေတ္တာတွေကို ဆွဲယူလိုက်တယ်။ ရာဖေးက ဖွင့်တောင်းနေတဲ့အတွက် တစ်လုံးကို လှမ်းပေးတယ်။

တခမ်းတနားရှိလွန်းလှတဲ့ ဒီအဆောက်အဦအိုကြီးထဲမှာ ဓာတ်လှေကား တည်ဆောက်ထားတာ မကြာသေးပါဘူး။ လူကြီးနှစ်ယောက်နဲ့ လက်ဆွဲသေတ္တာနှစ်လုံး ကောင်းကောင်းဆံ့ပါတယ်။ ဒါပေမယ်လို့ ရာဖေးအဖို့တော့ ဒီလိုနေရာမှာ ဆက်ဖ်ဖီနဲ့ နှစ်ယောက်တည်း ဆုံမိရတာဟာ သူ့စိတ်မှာ တစ်မျိုးခံစားနေရပါတယ်။

ဓာတ်လှေကားထဲမှာ သူတို့ဟာ သိပ်ကို နီးစပ်လှပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ထိလုမတတ် ဖြစ်နေပါတယ်။ သူ့ဆီက ရေမွှေးနံ့နဲ့ ကိုယ်နံ့တွေ သင်းပျံ့လို့နေပါတယ်။ သူ့ဘလောက်စ်အကျီဟာ သူ့ကိုယ်က ချွေးတွေနဲ့ ကပ်နေတာကို မြင်နေရပါတယ်။ သူ့ရင်သားတွေ ဘယ်လိုအနေအထားနဲ့ ဘယ်

အရွယ်အစားရှိတယ်ဆိုတာတောင် သူသိနေပါတယ်။ သူဟာ ဆက်မကြည့်တော့ဘဲ ခေါင်းကို ငုံ့ထားလိုက်ပါတယ်။ မျက်လွှာတွေကိုလည်း ချထားလိုက်ပါတယ်။

အမှန်တော့ ဓာတ်လှေကားဟာ အထပ်ငါးထပ်အထိပဲ ရောက်တာပါ။ ခြောက်ထပ်ကိုရောက်အောင် ခြေကျင်တက်ကြရပါတယ်။ အိမ်ဖော်တွေရဲ့ အခန်းတွေက အားလုံး ခြောက်ထပ်မှာပါ။ ခြေကျင်တက်ကြတဲ့အခါမှာ ရာဖေးဟာ ဆက်ဖ်ဖီကို ရှေ့ကတက်ခိုင်းပါတယ်။ သူက နောက်ကဆိုတော့ ဆက်ဖ်ဖီရဲ့ စကတ်အောက်က ခန္ဓာကိုယ်လှုပ်ရှားမှုကို အသေအချာ မြင်နေရပါတယ်။

သူဟာ ခြောက်ထပ်ရောက်လို့ ဆက်ဖ်ဖီရဲ့အခန်းကို ပြတဲ့အခါ ရေချိုးခန်းနဲ့ အိမ်သာကအစ သော့ဖွင့်ပြီး ပြပါတယ်။ ခန်းမရဲ့အစွန်မှာရှိနေတဲ့ ကြွေရေဇလုံနဲ့ တွဲအက်နေတဲ့ မှန်ကိုလည်း လိုက်ပြပါတယ်။ အဲဒါတွေကို လိုက်ပြနေတဲ့အခါမှာ သူဟာ သူ့စိတ်ကို တည်ငြိမ်အေးဆေးနေအောင် ထိန်းသိမ်းနိုင်စွမ်း ရှိခဲ့ပါတယ်။ သူ့အမူအရာဟာ လုံးဝ ပျက်ပြားခြင်းမရှိပါဘူး။ သူ့တစ်ကိုယ်လုံးဟာ သွေးကြောက်ကပေးတဲ့ အမိန့်အားလုံးကို လိုက်နာခဲ့ပါတယ်။

ဘယ်လိုသည်းခံရမယ်ဆိုတာ သူသိပါတယ်။

သူ့ရဲ့ ကိုယ်အားနဲ့ စိတ်အား နှစ်ခုစလုံးကို ချုပ်တည်းခြင်းဟာ အဲဒီအရာ ကို ပိုပြီး သတိပြုမိစေခဲ့ပါတယ်။

သူဟာ တကယ်တော့ ထူးထူးခြားခြားကို ရင့်ကျက်တည်ငြိမ်တဲ့ လူငယ် လေးကျားလေး တစ်ယောက်ပါလား။

+ + +

ဆက်ဖ်ဖီဟာ ရာဖေးပြနေသမျှ အရာရာတိုင်းကို ကြည့်တယ်။ စကားနည်းနည်းပဲ ပြောတယ်။ သူပြောသမျှ အားလုံးကို နားလည်ကြောင်း အမြဲအေးအေးနဲ့ မကြာခဏ ခေါင်းညိတ်ပြတယ်။

'ကဲ… ဒါဆိုရင် အားလုံး နားလည်ပြီပေါ့နော်'

ဒီလိုနဲ့ပဲ နောက်ဆုံးမှာ ရာဖေးက ဂဏန်းတစ်လုံးကို ပြောပြတာဟာ အလွှာသနားစရာကောင်းတဲ့ လစာငွေအရေအတွက်ပါ။ လစဉ်ရမယ့်ငွေဟာ ဆက်ဖ်ဖီအနေနဲ့ အခန်းနဲ့ အစားအစာအပြင် လစဉ်ရရှိမယ့် လုပ်ခငွေမျိုးပါ။ ရာဖေးက အရှက်သိက္ခာမရှိတဲ့လူလိုပဲ မရှိသွားဖြစ်ပုံမျိုးနဲ့ ပြောပြတယ်။

'ရပါတယ်… ပေးထားတာအားလုံး အဆင်ပြေပါတယ်' လို့ ဆက်ဖ်ဖီ က ခက်ချင်းပြန်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရာဖေးက ဆက်ဖ်ဖီရဲ့ မျက်လုံးစိမ်းစိမ်းတွေကို အသေအချာကြည့်တယ်။ ခိုးခံပြောတာ ဟုတ်ရဲ့လားလို့ သေချာအောင်ကြည့်တဲ့ သဘောပါ။ ပြီးတော့ သူဟာ သူ့ဘောင်းဘီအိတ်ကပ်ထဲက အိတ်ဆောင်နာရီကို ထုတ်ယူလိုက်ပါတယ်။

သူ့အဖေဆီက သူဆက်ခံထားတဲ့ အမွေပစ္စည်းပါ။ ဒီပစ္စည်းအပေါ်မှာတော့ သူ အထူးဂရုစိုက်ပြီး တန်ဖိုးထားပါတယ်။

နာရီကိုကြည့်အပြီးမှာ သူ့နှုတ်က တအံ့တသြရေရွတ်သံ ကြားရပါတယ်။

'ဟာ… တစ်နာရီထိုးခါနီးနေပါပကောလား၊ မင်း သိပ်ပြီးဆာနေရောပေါ့'တဲ့။

'ကိစ္စမရှိပါဘူး၊ အဲသလောက် မဆာသေးပါဘူး'လို့ ဆက်ဖ်ဖီက ပြန်ပြောတယ်။

'ဟား… ဟား… ဟား…'လို့ ရာဖေးက ရယ်တယ်။ ဆက်ဖ်ဖီက တခင်သက်သက် နောက်ပြောင်ပြီးပြောတယ်ထင်လို့ ရယ်တာပါ။

'ဘာလဲ ကောင်းအောင်ကြည့်ပြောနေတာလား'လို့ သူကပြောတယ်။ အဲဒီစကားအတွက် ဆက်ဖ်ဖီဆီက ဘာအဖြေမှ မရပါဘူး။

'ကိုယ်ပြောနေတာက မင်း ဆာနေပြီလားလို့ ဆိုလိုတာ'

'ဟုတ်တယ်… ဆာနေပြီ'

'ဒါဆိုရင် အောက်ထပ်သွားကြစို့၊ ကိုယ် မင်းကို မီးဖိုခန်းလိုက်ပြမယ်၊ ပြီးတော့ စားစရာလေး နည်းနည်းပါးပါး စားကြတာပေါ့'

'စားစရာ… ဟုတ်လား'

✢ ✢ ✢

သူ ဘယ်လိုဖြစ်တာလဲ။ အိမ်ဖော်မနဲ့ နေ့လယ်စာအတူတူစားဖို့ ပါးစပ်က ပြောလိုက်မိတယ်။ ဘာပြုလို့ပါလိမ့်။ အိမ်ဖော်မနဲ့တွေ့တာ ဘယ်လောက်ကြာသေးလို့လဲ။ အလွန်ဆုံးရှိပါမှ နှစ်နာရီလောက်ပဲ ရှိသေးတာ။

သူ စဉ်းစားလို့ မရဘူး။ သူ့စိတ်ထဲမှာ သူ့ပလွေကိုမှုတ်အပြီး မသုတ်မိသေးလိုက်သလို ခံစားနေရတယ်။ သူ့အမေမြင်ရင် ဘယ်လိုများနေမလဲ စသည်ဖြင့်လည်း တွေးနေမိတယ်။ အင်း… သူ့အမေဟာ အိမ်ဖော်မာရီယာ ဗီးလစ္စနဲ့ တရင်းတနှီးနေခဲ့တယ် မဟုတ်လား။ သူတို့နှစ်ယောက်ဆိုရင် မကြာခဏ အစားအတူတူစားခဲ့ကြတာပဲ မဟုတ်လား။ ဒီနှစ်ခုကြားမှာ ခြားနားမှုရှိနေတာ သူမမြင်ပါဘူး။



ခြားနားမှုကို သူ အသေအချာမြင်နေရတယ်။

နောက်ထပ်တစ်ခါ မာတ်လေ့ကားနဲ့ ဆင်းတယ်။ စိတ်တင်းကျပ်မှုကို ခံစားရတယ်။ ပြီးတော့ စိတ်ပြေမှုနဲ့ ရင်ဆိုင်ရပြန်တယ်။ နောက်ပြီးတော့မှ အေးဆေးတည်ငြိမ်တဲ့လက်နဲ့ တံခါးကိုဖွင့်တယ်။

နှစ်ယောက်သား မီးဖိုခန်းထဲ လျှောက်သွားနေချိန်မှာ ရာဖေးဟာ လိုအပ်တယ်လို့ ယူဆမိတဲ့ အချက်အလက်တွေကို ပြောပြတယ်။ ရယ်စရာလေးတွေနဲ့ ပုံတိုပတ်စလေးတွေပါ ညှပ်ညှပ်ပြီး ပြောသွားနေတာပါ။ သဘောကတော့ ဆက်ဖ်ဖီ အနေရအထိုင်ရ မခက်အောင်၊ စိတ်သက်သာရာရအောင် လုပ်ပေးနေတဲ့သဘောပေါ့။

သူက မီးဖိုအကြောင်း ပထမဆုံး ပြောပြတယ်။ မီးခြစ် ဘယ်နေရာမှာ ထားတယ်ဆိုတာကအစ ပြောပြတာ။ အနီးဆုံးဈေး (ရူဒီဘူစီလမ်းမှာ)ကိုလည်း ပြောပြတယ်။ အလုပ်ရှင်အသစ်ဖြစ်တဲ့ သူ့အနေနဲ့ ကြိုက်တတ်တဲ့ အစားအစာတွေ အကြောင်းလည်း ပြောပြတယ်။ သူ ငါးကြိုက်တယ်။ ဂေါ်ဖီထုပ်နဲ့ ပန်းဂေါ်ဖီတို့ကို သူမုန်းတယ် စသည် စသည်ဖြင့်ပေါ့။

'မင်း ဘယ်လိုဟင်းမျိုးတွေ ချက်ရတာ ကြိုက်သလဲ၊ မင်း ဂျာမန်အစားအစာတွေ ချက်တတ်သလား'

'ဂျာမန်… အစားအစာ'

လို့ ဆက်ဖ်ဖီက သံယောင်လိုက်ပြီး ရေရွတ်တယ်။ ဘာအနက်အဓိပ္ပာယ်မှမရှိတဲ့ စကားတစ်လုံးကို ရေရွတ်သလိုမျိုး ရေရွတ်လိုက်တာ။ အဲဒီတော့ ရာဖေးဟာ ဝါးလုံးကွဲရယ်ချလိုက်တယ်။ အခုလို ရယ်ချလိုက်တာဟာ သူတို့နှစ်ဦးကြားမှာ သံယောဇဉ်အမျှင်တန်းစရာတစ်ခု ဖြစ်လာနိုင်တယ်လို့ သူထင်လိုက်မိတယ်။

'မင်းထင်တာ မှန်တယ်၊ ဂျာမန်တွေဟာ အချက်အပြုတ်မှာ သိပ်ပြီး များများစားစား တီထွင်လေ့မရှိဘူး'လို့ ရာဖေးက သူ့အထင်နဲ့သူ ပြောတယ်။ 'ဂေါ်ဖီထုပ်အရွက်တွေကို ပါးပါးလှီးပြီး အချဉ်ထည့်ထားတဲ့ ဆောရာကရောက် (ဂေါ်ဖီထုပ်ချဉ်)ကလွဲရင် ကိုယ်ကတော့ ဘယ်လိုဂေါ်ဖီထုပ်ဟင်းလျာမျိုးကိုမှ မကြိုက်ဘူး'

ဆက်ဖ်ဖီက ပြုံးတယ်…။ သူ့အပြုံးက ဘာအဓိပ္ပာယ်လဲ…။ ... ဆောရာကရောက်ပေါ်မှာ ရှင့်လောက်အရူးအမူးစွဲမက်တာ ... ဘာပဲဖြစ်ဖြစ် အခုအချိန်ထိတော့ဖြင့် သူ ဘာဟင်းလျာမျိုး ... ချက်တတ်တယ်ဆိုတာ လုံးဝမပြောသေးဘူး။

www.burmeseclassic.com



ထားပါတော့လေ။ ဒီအချက်ကို မကြာခင် သူသိလာမှာပဲဟာ။

ဒီအတောအတွင်းမှာ ရာဖေးဟာ ကြက်ဥနည်းနည်းနဲ့ ဆလတ်ရွက်နည်းနည်း ရေခဲသေတ္တာထဲက ထုတ်ယူလိုက်တယ်။ ဆက်ဖ်ဖီကိုလည်း ကြောင်အိမ်တွေပြတယ်။ သူမမွေးခင်ကတည်းက ရှိခဲ့တဲ့ ပစ္စည်းတွေပေါ့။ ပြီးတော့ အထဲမှာရှိနေတဲ့ တင်းခတ်အမွေးအကြိုင်ပစ္စည်းတွေ၊ မဆလာ စတဲ့အရာတွေ၊ ဆီပုလင်းတွေ၊ ရှာလကာရည်ပုလင်းတွေ၊ ပန်းကန်တွေ၊ ဒယ်အိုးတွေကိုပါ ပြပေးတယ်။ တိစ္စပြီးသွားတဲ့အခါမှာ သူက ယဉ်ကျေးသိမ်မွေ့စွာနဲ့ ပြောတယ်။ နေ့လယ်စာအဆင်သင့်ဖြစ်ရင် သူ့ကို လှမ်းခေါ်လိုက်ပါတဲ့။

ဒီအခါမှာတော့ ဆက်ဖ်ဖီက ပထမဆုံးမေးခွန်းတစ်ခုကို မေးတယ်။

'ရှင့်ဆီမှာ… ဟိုတစ်ခုရှိမလားပဲ'

သူ မပြောတတ်တဲ့ စကားလုံးအတွက် ဆက်ဖ်ဖီက ခြေဟန်လက်ဟန်နဲ့ပြတယ်။ ရာဖေးက ချက်ချင်းပဲ ခါးစည်းအဝတ်သစ်တစ်ထည်ကို အံဆွဲတစ်ခုထဲက ဆွဲထုတ်ပြီး ဆက်ဖ်ဖီကို လှမ်းပေးတယ်။ ခါးမှာစည်းဖို့လည်း လက်နဲ့ပြတယ်။

'ဒါ ခါးစည်း'လို့ သူက ပြောတယ်။

'ဒီဟာကို 'ခါးစည်း'လို့ ခေါ်တယ်'

'ဟုတ်တယ်'လို့ ဆက်ဖ်ဖီက ပြန်ပြောတယ်။

'ခါးစည်း… ကျွန်မက 'လက်သုတ်ပဝါ'လို့ ခေါ်တယ် ထင်နေတာ၊ ဒါက ခါးစည်းပဲ၊ ကျွန်မ ဒီနှစ်ခု ရောနေတယ်'

'ပြီးတော့မှ တွေ့မယ်'

'ဟုတ်ကဲ့ရှင့်'

+ + +

နေ့လယ်စာကတော့ အပြစ်ကင်းစင်ပါတယ်။

ဆီ၊ ရှာလကာရည်စတဲ့ အမယ်မျိုးစုံကို အချိုးကျပေါင်းစပ်ပြီး ကြော်ထားတဲ့ ကြက်ဥမွှေကြော်ပါ။ အကာက ကျက်ပေမယ့် အနှစ်ကတော့ မကျက်ပါဘူး။ ကြက်ဥမွှေကြော်ကို လှနေအောင် ခပ်ပါးပါးလှီးထားပါတယ်။ အပြာရောင်လက်သုတ်ပဝါတွေကို တြိဂံပုံချိုးပြီး ခေါက်ထားပါတယ်။ လက်သုတ်ပဝါတွေကို ပန်းကန်၊ ဖန်ခွက်နဲ့ ရေပုလင်းတွေရဲ့ ဘယ်ဘက်ဘေးမှာ စနစ်တကျ ချထားပေးတယ်။



ဟုတ်ပါတယ်။ အပြစ်ကင်းစင်တဲ့ နေ့လယ်စာပါ။ ဒါပေမဲ့ ဆက်ဖ်ဖီက တော့ စားပွဲပေါ်မှာချထားတဲ့ ပစ္စည်းတွေရဲ့ တစ်ဝက်ကို နာမည်တောင် မခေါ်တတ်ပါဘူး။

'ကျေးဇူးပဲ'လို့ ရာဖေးက ရေရွတ်ပြီး စားပွဲမှာ ဝင်ထိုင်တယ်။

နေ့လယ်စာကို အားပါးတရစားတယ်။ ခေါင်းထဲမှာလည်း 'ဖော်လီးစ် ဒီ အက်စ် ပက်ဂ်နေး'သီချင်းတေးသွားက မြူးကြွနေဆဲပါ။ နေ့လယ်စာ အဆင်သင့်ဖြစ်ဖို့ စောင့်နေစဉ်အတွင်းမှာ သူဟာ ဒီသီချင်းကို လေ့ကျင့်ခဲ့ပါတယ်။ သန်ဘက်ခါဆိုရင် ဒီသီချင်းကို သူ တီးမှုတ်ပြီး လူအများကို ဖြေဖျော်ရမယ် မဟုတ်လား။

သူဟာ ဆက်ဖ်ဖီစားတာကို အကဲခတ်နေတယ်။ ဆက်ဖ်ဖီဟာ ပိန်ပိန်ပါးပါးပေမယ်လို့ အစားတော့ အတော်စားနိုင်တာပဲလို့ စိတ်ထဲက မှတ်ချက်ချနေမိတယ်။ သူဟာ သူ့ပန်းကန်ကို ပေါင်မုန့်နဲ့ သန့်စင်သွားအောင်လုပ်ဖို့ ကောင်းကောင်းသိသားပဲလို့လည်း တွေးနေမိတယ်။ ဆက်ဖ်ဖီဟာ ကြေညက်အောင်ဝါးတယ်၊ မျိုချတယ်၊ ပန်းကန်ထဲမှာ ပေါင်မုန့်အစအနဆိုလို့ တစ်စမှ မကျန်စေရဘူး။

ဒါပေမယ်လို့ သူလည်းပဲ တခြားလူတွေလိုပါပဲ။ သူစားနေသမျှအတောမှာ ထိပ်ပြီး အရသာခံပုံ မပေါ်ပါဘူး။ အစာစားပြီးချိန်မှာလည်း သူ ဘာမှမပြောဘူး။ ဂျာမန်လိုတောင်မှ မပြောဘူး။ သူ့နှုတ်ခမ်းထောင့်တွေကို အပြာရောင်လက်သုတ်ပဝါနဲ့သုတ်ပြီး သူ့ရှေ့တည့်တည့်ကို ငေးကြည့်နေတယ်။

ရာဖေးအနေနဲ့ ထုံးစံအတိုင်း မေးရမယ့်မေးရိုးမေးစဉ် မေးခွန်းတွေကိုတောင် မမေးမိဘူး။ သူ့အနေနဲ့ အာလာပသလ္လာပစကားမျိုး ပြောချင်စိတ်လည်းမရှိဘူး။ မင်း ဘယ်ကလာတာလဲ။ ပြင်သစ်စကားကို ဘယ်မှာသင်ခဲ့တာလဲ။ မင်း ပါရီမှာ ဘယ်လောက်ကြာကြာနေမယ်လို့ စီစဉ်ထားသလဲ စတဲ့ မေးခွန်းတွေကိုတောင်မှ မမေးဖြစ်ခဲ့ဘူး။

ထူးခြားတဲ့ အခြေအနေကြောင့် သူဟာ စိတ်လှုပ်ရှားခဲ့ရတယ်။ သူပိုင်ဆိုင်တဲ့ အိမ်ထဲမှာ လက်တွေ့အားဖြင့် ဘာစကားမှမပြောတဲ့ နိုင်ငံခြားသူ ငယ်လုံးစိမ်းစိမ်း မိန်းမပျိုတစ်ဦးနဲ့ နှစ်ယောက်တည်း အတူနေရတာပါ။ ဒါကို သူသိလိုက်တဲ့အခါ သူ့စိတ်ဟာ ပိုပြီးလှုပ်ရှားလာရပြန်ပါတယ်။ အဲဒီပြင်ပြင် အသေးအဖွဲ့တော့ ဆက်ဖ်ဖီရဲ့ နှုတ်ဆိတ်မှုကိုပဲ ကြည်ညိုလေးစားနေမိပါတယ်။

ဆက်ဖ်ဖီဟာ စကားတစ်ခွန်းမှမပြောဘဲ ထိုင်ရာကထပြီး ရေဝတယ်။ အစာ

www.burmeseclassic.com



စားခင်က ချက်ထားခဲ့တဲ့ ခါးစည်းအဝတ်ကို ယူဝတ်တယ်။ စားပွဲပေါ်က ပစ္စည်းတွေကို ရှင်းတယ်။ ပန်းကန်တွေ၊ ဖန်ခွက်တွေကို ဆေးကြောတယ်။

'ကိုယ် အပြင်သွားစရာရှိတယ်' လို့ ရာဖေးက ပြောတယ်။

ဆက်ဖ်ဖီက သိပ်ပြီး စိတ်မဝင်စားတဲ့ပုံမျိုးနဲ့ ခေါင်းညိတ်တယ်။

'ဒါဆိုရင် အင်း… ရော့… ဟောဒီမှာ သော့တွေ'

တကယ်လို့များပေါ့လေ။ ရူဒီစိန့်လမ်းပေါ်က အလွန်ကျယ်ဝန်းလှပတဲ့ ထရာလာမိသားစုပိုင် တိုက်ခန်းသော့တွေကို ဂျာမန်မတစ်ယောက်ရဲ့ လက်ထဲ အပ်နေတာကို သူ့အမေ မြင်သွားမယ်ဆိုရင်…

'ဟောဒီသော့က မင်းအခန်းသော့၊ ဟောဒါက နောက်ဖေးဘက်က အဝင်သော့၊ ဟောဒါကတော့ ပိုင်ထားတဲ့အခန်းသော့၊ မင်း ပိုင်ကောင်းကောင်း ကြိုက်သလား'

'ကြိုက်တယ်'

မယုံနိုင်စရာပါပဲလား။ သူ စကားပြောပုံက တိုလွန်း ပြတ်လွန်းတယ်။ အပိုဆာဒါးတွေ လုံးဝမပါဘူး။ စကားကို လှပအောင် တန်ဆာဆင်ပြီး ပြောဖို့ဆို တာကတော့ အလွန်ဝေးခြင်းပဲ။ သူက မေးလိုက်တယ်။

'မင်း ပိုင်ကောင်းကောင်းကြိုက်သလား' လို့။

အဖြေက 'ကြိုက်တယ်' တဲ့။ အဲဒါပဲ။

'ကောင်းတယ်' လို့ သူက ခပ်ကျယ်ကျယ် ပြန်ပြောတယ်။

'ကဲ… ဒီလိုဆို တို့သွားမယ်၊ မင်းရဲ့ နေရာထိုင်ခင်း အခြေတကျ ဖြစ်အောင်လုပ်၊ နားချင်ရင်လည်း မင်းကြိုက်သလောက်နား၊ ဒီည ညစာ၊ ကိုယ် အပြင်မှာစားမယ်၊ မနက်ဖြန် မနက်ကျရင် အိမ်ရဲ့ သန့်ရှင်းရေးပစ္စည်းတွေ ဘယ် မှာထားတယ်ဆိုတာ ပြမယ်၊ မင်းအတွက် အိုကေပါတယ်နော်'

'ဟုတ်ကဲ့… အိုကေပါတယ်၊ ကျွန်မအတွက်က… အင်းပါ၊ အိုကေပါ တယ်'

သူက ဖြည်းဖြည်းချင်း တိုးတိုးကလေး ပြောတယ်။

'ကောင်းပြီ… တို့ မင်းကို မကြာခင်ပြန်တွေ့မယ်'

'ကောင်းပြီ… ရှင့်ကို မကြာခင်ပြန်တွေ့မယ်' လို့ ဆက်ဖ်ဖီက ပြုံးပြီး ပြန်ပြောတယ်။ ဒီတစ်ကြိမ်အပြုံးကတော့ အသက်ပါတဲ့ အပြုံးပါလား။ အင်း— ဒီအပြုံးကဖြင့် အတော့်ကို ချစ်စရာကောင်းပြီး စွဲမက်စရာကောင်းတဲ့ အပြုံးပါလား



နောက် မိနစ်အနည်းငယ်အကြာမှာ ရာဖေးဟာ သူ့အိပ်ခန်းထဲက မှန်ရှေ့ ရောက်ပြီး နက္ကတိုင် တပ်ရင်းက 'မင်းကို မကြာခင် ပြန်တွေ့မယ်၊ မင်းကို မကြာခင် ပြန်တွေ့မယ်' ဆိုတဲ့ စကားကို ထပ်တလဲလဲ ရေရွတ်နေတယ်။

ပြီးတော့ အပြင်ကို ထွက်သွားတယ်။

✢ ✢ ✢

စစ်မှန်တဲ့ အံ့သြဖွယ်ရာ တစ်ခုပါပဲ။ ကိုယ့်အိမ်ထဲမှာ မိန်းမတစ်ယောက်၊ ကိုယ်က လစာအခကြေးငွေ ပေးထားတဲ့မိန်းမပါ။ သူနဲ့ ကိုယ်နဲ့ ကျေးဇူးခံ ကျေးဇူးစားလည်း မဟုတ်ဘူး။ မာမာက ဘာဂန်ဒီနယ်ကို အပြီးအပိုင်ပြန်သွားပြီး သူ့အနားမှာ သူ့ကို ပြုစုယုယမယ့် လူတစ်ဦးမှ မရှိဘူး။ သူ့ကို စောင့်ရှောက်မယ့် သူ၊ ပြုစုပျိုးထောင်မယ့်လူ ဘယ်သူမှမရှိဘူး။ ဒီနေ့ သူဘာလုပ်ဖို့ အစီအစဉ်တွေ ရှိသလဲ။ ဒီညရော ဘာတွေစီစဉ်ထားသလဲ စတဲ့ မေးခွန်းတွေ မေးမယ့်လူလည်း တစ်ဦးမှ မရှိပါကလား။

သူဟာ အပျိုစင်တစ်ယောက်မှ ဟုတ်ပါ့မလားလို့ တွေးရင်းနဲ့ပဲ ရာဖေး ဟာ အိုးဒီယွန်လမ်းဆုံကို ရောက်လာတယ်။ မက်ထရိုထဲကို ဝင်လာခဲ့တယ်။ သူကြည့်ရတာ သူ့ဘဝကို မှုဝေခံစားခဲ့ဖူးသလိုပဲလို့ ရာဖေး တွေးမိပြန်တယ်။

ဒါပေမဲ့ အချစ်ကျတော့ရော။ သူဟာ လမ်းဘေးစာနယ်ဇင်းခုံလေးဆီက ဝယ်လာခဲ့တဲ့ မွန်ဒီသတင်းစာကို ဖြန့်လိုက်တယ်။ မဟုတ်သေးဘူးလေ။ ဒါကျ တော့ ငါ သံသယရှိတယ်။ တကယ်လို့ ဆက်ဖ်ဖီဟာ အချစ်အကြောင်းကို အများကြီးသိတယ်ဆိုရင်တော့ ငါ အလွန်အံ့သြမိမှာပဲ။ ဟုတ်တယ်။ သိပ်ကို အံ့သြမိမှာ သေချာတယ်။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ဆက်ဖ်ဖီ သူ့အခန်းထဲ ရောက်နေပါပြီ။ သူပိုင်ပစ္စည်းအားလုံး ထည့်ထားတဲ့ သူ့ရဲ့လက်ဆွဲသေတ္တာနှစ်လုံးကို ဖွင့်နေပါတယ်။

ပစ္စည်းအားလုံးနီးပါးဟာ အဝတ်အစားတွေပါ။ အဲဒီအထဲမှာ အထူးတလည် ပြောပြနိုင်လောက်အောင် တန်ဖိုးရှိတဲ့ ပစ္စည်းဆိုလို့ တစ်ခုပဲပါပါတယ်။ အဲဒါကတော့ သူ ဒပ်ဆဲလ်ဒေါ့ဖ်က ထွက်မလာခင်ကလေးမှာ ခိုးယူလာခဲ့တဲ့ 'စည့်ညွှန့်အမျိုးသမီးများ သင်တန်းကျောင်း'က ယူနီဖောင်းဝတ်စုံပါ။ သူက ပြောတယ်၊ ဒီလိုပုံမျိုးနဲ့ ဝတ်စုံတစ်ခုဟာ အမြဲတမ်း အသုံးတည့်တတ်ပါတယ်တဲ့။

အမှန်တော့လည်း ဒီဝတ်စုံဟာ အင်မတန်လှပါတယ်။ ကြော့ကြော့မော့မော့နဲ့ အမြဲတစေ ခေတ်ဆန်နေတဲ့ ဝတ်စုံပါ။ ဒီဝတ်စုံမှာ အနက်ရောင်ဦးထုပ် အဝိုင်းပြားပြားကြီးတစ်လုံး ပါတယ်။ ကြီးတာမှ အတော့်ကို ကြီးတာပါ။ ဗျက်အကျယ်ဟာ နှစ်ပေလောက်ရှိပါတယ်။ ပြီးတော့ အနက်ရောင်အင်္ကျီ၊ အနက်ရောင် လက်အိတ်၊ အဖြူရောင်ရင်ထိုးနဲ့ နားကွင်းတစ်စုံပါ ပါတယ်။

လွန်ခဲ့တဲ့ လတည်းက ဒပ်ဆဲလ်ဒေါ့ဖ်မှာပါ။ လူတစ်ယောက်ကို သိပ်ပြီး ဆွဲဆောင်မှု အားကြီးတဲ့ ယူနီဖောင်းဝတ်စုံနဲ့ မက်မောလောက်စရာ ပစ္စည်းတွေ ရှိနေတဲ့ကြားကပဲ ဆက်ဖ်ဖီဟာ စည့်ညွှန့်အမျိုးသမီးအဖြစ် သဘောကျစရာ အရည်အသွေးကို မပြနိုင်ခဲ့ပါဘူး။ နည်းပြဆရာမတွေက ဆက်ဖ်ဖီဆီက သူတို့ ဘာတွေ မျှော်လင့်ထားတယ်ဆိုတာ စိတ်ရှည်လက်ရှည်နဲ့ ရှင်းပြကြပါတယ်။

ဆက်ဖ်ဖီဆီက သူတို့ရလိုတာက အပြုံးရယ်၊ ချင့်ချိန်ပေဖန်တတ်တဲ့ ဉာဏ်ရယ်၊ အေးမြတဲ့ ဆွဲဆောင်မှုရယ်၊ တက်ကြွမှုရှိတဲ့ ယဉ်ကျေးဖွယ်ရာမှုရယ် ခင်တွေ တင်တွေကို တွန့်လိမ်လှုပ်ရှားခြင်းမပြုဘဲ လမ်းလျှောက်ခြင်းရယ်၊ အဲဒါတွေကို ရယူလိုကြတာပါ။ ဒါပေမယ်လို့ သူတို့လိုချင်တာ မရကြပါဘူး။



စည့်ညွှန့်အမျိုးသမီး အခန်းကဏ္ဍကို လက်တွေ့စမ်းသပ်စစ်ဆေးတဲ့အခါ ဆရာ ဆရာမတွေ သဘောပေါက်ထားကြတာက ဆက်ဖ်ဖီအနေနဲ့ သူ့ဧည့်သည်တွေကို 'လိုက်လှဲပျူငှာစွာ ကြိုဆိုဖို့ပါ'၊ အတုအယောင်လုပ်ငန်းရှင်တွေဟာ အထူးပြပွဲတစ်ခုအတွက် မြို့ထဲကို ရောက်လာနေကြပါတယ်။

ဆက်ဖ်ဖီက အဲဒီဧည့်သည်တွေကို တစ်နေရာက မတ်တတ်ရပ်ပြီး အပြုံးနဲ့ ဆီးကြိုရမှာပါ။ မင်တံတစ်ချောင်းကို အနက်ရောင်လက်အိတ်စွပ်ထားတဲ့ လက်တစ်ဖက်နဲ့ ကိုင်ထားရမယ်။ ကျန်လက်တစ်ဖက်မှာက တရားဝင်ထုတ်ပြန်ထားတဲ့ မှတ်တမ်းစာရွက်တစ်ရွက်ကို ကိုင်ထားရမယ်။

ဒါပေမဲ့ တကယ်လက်တွေ့လုပ်ရတဲ့အခါကျတော့ ဆက်ဖ်ဖီဟာ သူ့ကိုယ်သူ အသက်ဝင်လှုပ်ရှားလာအောင် လုပ်လို့မရဘူး။ တက်ကြွမှုမရှိသလို ဖြစ်နေတယ်။ ဧည့်သည်တွေအဖြစ် သရုပ်ဆောင်နေကြတဲ့ သူ့ဆရာ၊ ဆရာမတွေက ဒီမိန်းကလေးမှာ စွဲမက်စရာအလွန်ကောင်းတဲ့ ညို့ဓာတ်တွေ ရှိနေပေမယ့် သူ့ရဲ့ ဟန်အမူအရာနဲ့ လှုပ်ရှားမှုတွေက အရည်အသွေးမပြည့်မီဘူးလို့ ပြောခဲ့ကြပါတယ်။

ဒါနဲ့ပဲ သူတို့က ဆက်ဖ်ဖီကို သိမ်မွေ့စွာနဲ့ ပယ်လိုက်ကြပါတယ်။ သူ့အတွက် နှစ်နာကြေးအဖြစ် လစာတစ်လစာ ထုတ်ပေးလိုက်ကြပါတယ်။ သူ့ခမျာ အဲဒီ လစာငွေရဲ့ နှစ်ပုံလောက်ကို ပါရီသွားဖို့ မီးရထားလက်မှတ်တစ်စောင်အတွက် သုံးခဲ့ရပါတယ်။ အဲဒီတုန်းကပဲ သူ့ရဲ့ လက်ဆွဲသေတ္တာတစ်လုံးဟာ နှစ်ဆယ့်ခြောက်လက်မအထိ ရှိလေတော့ သင်တန်းကျောင်း ယူနီဖောင်းဝတ်စုံထဲက အကြီးဆုံးဦးထုပ်အနက်ကြီး ထည့်ရင်တောင် ရတယ်ဆိုတာ သတိထားမိခဲ့ပါတယ်။ အဲဒါနဲ့ပဲ သူရထားတဲ့ ယူနီဖောင်းကို ကျောင်းပြန်မအပ်တော့ဘူးလို့ ဆုံးဖြတ်ခဲ့တာပါ။

သူ့ရဲ့ လက်ဆွဲသေတ္တာတွေထဲမှာ တခြား ထူးခြားတဲ့ပစ္စည်း ဘာရှိသေးလဲ။

သူ့အမေရဲ့ ဘုရားရှိခိုးစာအုပ် ရှိပါတယ်။ သူ့အမေသေတာ ဆယ့်နှစ်နှစ်ရှိသွားပါပြီ။ အခုထက်ထိ ဖွင့်မကြည့်သေးပါဘူး။

သိုးမွေးစောင်ကြီးတစ်ထည်လည်း ရှိပါသေးတယ်။ [illegible] ခုံခြံထဲက ခုံတန်းလျားပေါ် အိပ်ရသည်အထိ အခြေအနေဆိုးသွားခဲ့ရင်ပေါ့။

ပြီးတော့ သားမွေးအနားသတ်ထားတဲ့ ဖိနပ်တစ်ရံ၊ ပြီးတော့ မီးခိုးရောင် သိုးမွေးထည် ဆောင်းဝတ်ကုတ်အင်္ကျီတစ်ထည်။

www.burmeseclassic.com

www.burmeseclassic.com



အစာသွတ် အမွှေးပွခွေးရုပ်ကလေးတစ်ကောင်ရဲ့ ခြေတစ်ဖက်။ ဒီပစ္စည်းက သူကလေးဘဝတစ်လျှောက်လုံး သူ့အဖော်လုပ်လာခဲ့တဲ့ အရုပ်ကလေးရဲ့ အကျန်အကြွင်းလေးတစ်ခုပါ။ အဲဒီ ခွေးရုပ်ကလေးဟာ သူ့ကို စိတ်ချောက်ချားမှုတွေက ကင်းလွတ်အောင် အကာအကွယ်ပေးလာခဲ့ပါတယ်။ သူ့အဖေ ကွယ်လွန်သွားချိန်အထိပေါ့။ အခုကျတော့လည်း အဲဒီလို လုပ်မပေးနိုင်တော့ဘူး။ ဒါပေမဲ့လည်း ဒီခွေးရုပ် ခြေတစ်ဖက်ကိုတော့ သိမ်းထားတုန်းပဲ။

သူ့အဖေရော အမေပါ မရှိတော့ပါဘူး။ သူ့အစ်ကိုတွေ၊ အစ်မတွေနဲ့ သူကြားမှာ ရှိခဲ့တဲ့ တွယ်တာမှုဆိုတာတွေလည်း လုံးဝပျက်သွားခဲ့ပါပြီ။ ဒါပေမဲ့ ဒီခွေးခြေထောက်အပေါ်မှာ ထားခဲ့တဲ့ တွယ်တာမှုကတော့ ဒီနေ့ ဒီအချိန်အထိ ပျက်မသွားသေးပါဘူး။

အခုဆိုရင် ပစ္စည်းအားလုံးကိုထုတ်ပြီး နေရာချထားခဲ့ပြီးပါပြီ။ အချိန်ကတော့ နေ့ခင်းမွန်းလွဲပိုင်း လေးနာရီထိုးဖဲ့ ရှိပါသေးတယ်။ မနက်ဖြန် မနက်ခင်းအထိတော့ သူ့မှာ လုပ်စရာ ဘာမှမရှိပါဘူး။ သူဟာ သူ့အိပ်ရာပေါ်မှာလှဲပြီး မျက်နှာကြက်ကို မော့ကြည့်နေပါတယ်။ အိပ်လို့တော့ ပျော်မသွားသေးပါဘူး။ စာအုပ်လည်း မဖတ်ပါဘူး။ စိတ်ကူးလည်း မယဉ်ပါဘူး။

ခဏနေတော့ သူ အိပ်ရာက ထလာပြန်တယ်။ လှေကားထိပ်မှာရှိနေတဲ့ ရေအိမ်ကို သွားတယ်။ အန်တယ်။ ဂျာမန်တွေဟာ ပြင်သစ်တွေရဲ့ စိတ်နေစိတ်ထား သဘောသဘာဝကို မသိကြပါဘူး။ မြင့်မြတ်မှုနဲ့ ယုတ်ညံ့မှုဆိုတဲ့ အရာနှစ်ခုကို ပြင်သစ်တွေ ဘယ်လိုပေါင်းစပ်နိုင်အောင် စီမံတယ်ဆိုတာကို သူတို့ ဘယ်တော့မှ နားမလည်ကြပါဘူး။

သူဟာ ဒုတိယထပ်က လူမရှိတဲ့အခန်းကို ဆင်းလာခဲ့တယ်။ ပန်းကန်ဆေးတဲ့ ကြွေဇလုံပတ်ပတ်လည်မှာ ကြမ်းတိုက်ဘရပ်ရှ်၊ ရေပုံးနဲ့ အဝတ်စုတ်စတာတွေကို လိုက်ရှာတယ်။ ပြီးတော့ အိမ်သာဆေးဖို့ ခြောက်ထပ်ကို ပြန်တက်လာခဲ့တယ်။

သူဟာ အသက်ကိုမရှူဘဲ အောင့်ထားတယ်။ ပါးစပ်ကို တင်းတင်းစေ့ထားတယ်။ ပြီးတော့ သူ့နဲ့ ဘဝတူ လူစိမ်းသူစိမ်းတစ်ဒါဇင်လောက် စွန့်ပစ်ထားတဲ့ အညစ်အကြေးတွေကို အရှုးအမူးတိုက်ချွတ်ဆေးကြောပစ်နေတယ်။ သူ့မှာ ဒီလိုလုပ်ဖို့ကလွဲပြီး တခြားရွေးစရာလမ်းက မရှိတော့ဘူး။ သန့်ရှင်းရေးလည်း လုပ်ပြီးရော သူဟာ သူ့အခန်းကို ပြန်တယ်။ အိပ်ရာပေါ်လှဲပြီး မျက်လုံးတွေဖွင့်ထားတယ်။ မျက်နှာကြက်ကို စူးစူးစိုက်စိုက်ကြည့်နေတယ်။

+ + +



ရာဖေးရဲ့ တစ်နေ့တာကလည်း ထူးထူးခြားခြား ဘာမှမရှိပါဘူး။ သူဟာ စာတိုက်တဲ့နေရာကို သွားတယ်။ သုံးနာရီခွဲ ကြာသည်အထိ သံစုံတီးဝိုင်းနဲ့ စာတိုက်တယ်။ နောက်ပြီးတော့ အင်မတန်မှ ထူးထူးခြားခြားရှိတယ်လို့ ပြောနိုင်လောက်အောင် လက်စောင်းထက်တဲ့ တီးမှုတ်မှုကို ပြုခဲ့တယ်။ မာရင်မာရေ့စ်ရဲ့ သီချင်းပါပဲ။ သူမှုတ်ပြသွားတာဟာ အလွန်ကို လှပါတယ်။

ရာဖေးဟာ ပလွေကို လုံးဝရပ်နားခြင်းမပြုဘဲ မှုတ်နိုင်ပါတယ်။ အသက်အောင်မရှူဘဲ မှုတ်လို့ရတယ်လို့ ဆိုနိုင်စရာရှိပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူဟာ နှာခေါင်းနှစ်ပေါက်ကနေပြီး ဘယ်လိုအသက်ရှူသွင်းရမယ်ဆိုတာကို သိနေသလို သူရှူသွင်းထားတဲ့ ထွက်သက်ကို ပါးစပ်ကနေပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း ဘယ်လိုထုတ်ရမယ်ဆိုတာလည်း သိနေပါတယ်။

တကယ်တော့ အဲဒီနည်းပညာဟာ ကြောက်စရာကောင်းလောက်အောင်ကို ခက်ခဲပါတယ်။ အရေအတွက်အားဖြင့် ဂီတပညာရှင် အနည်းငယ်မျှသာ ဒီနည်းကို နိုင်နင်းကြတာပါ။ ရာဖေးဆိုရင်လည်း ဒီနည်းပညာကို မရမနေအားထုတ်နေမှုကို လက်မြှောက်ရတော့မလို အကြိမ်ကြိမ်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ရာဖေးဟာ ဆယ်နှစ်တိတိ ဒီနည်းကို မရရအောင် လေ့ကျင့်ခဲ့ပါတယ်။

သူ့စိတ်ပျက်တော့မယ့် အခြေအနေကိုရောက်တိုင်း သူ့အမေရဲ့ ဆုတောင်းစာကို နားထောင်ပြီး အားမွေးခဲ့ရပါတယ်။ ပြီးတော့လည်း ပါရီအနုပညာသင်ကျောင်းတက်ပြီး တေးဂီတသဘောတရားတွေကို လေ့လာခဲ့ပါတယ်။ ဒီလိုနဲ့ပဲ သူဟာ သူ့ရဲ့အသက်ရှူမှုကို အလေးအနက်ထားခဲ့ပါတယ်။

စစ်ကြီးမဖြစ်မီကတော့ မွန်စီယာလီပိုက်ချ်စီနီယာဟာ သူ့သားငယ်တို့ စစ်တုရင်ကစားတတ်အောင် သင်ပေးခဲ့ပါတယ်။ တစ်ဖက်ကလည်း သူ့သားတို့ ပြင်သစ်တော်လှန်ရေးအတွင်းက သည်းထိတ်ရင်ဖိုဖြစ်စရာကောင်းလှတဲ့ အကြောင်းခြင်းရာတွေကို စစ်တုရင်ထိုးရင်း ပြောပြခဲ့ပါတယ်။

ပြင်သစ်တော်လှန်ရေးခေတ်မှာ အထင်ရှားဆုံးဖြစ်ခဲ့တဲ့ တော်လှန်ရေးခေါင်းဆောင် ရိုးဘက်စ်ပီရာရဲ့ စိတ်အားထက်သန်တက်ကြွတဲ့ မိန့်ခွန်းအကြောင်း၊ ဂစ်လ်လိုတင်း လို့ခေါ်တဲ့ ခေါင်းဖြတ်စက်ကြီးအကြောင်း အဲဒီစက်ကြီးထဲက ထွက်ကျလာနေတဲ့ ခေါင်းပြတ်ကြီးတွေအကြောင်း ... ခရေ့စေ့တွင်းကျ ပြောပြလေ့ရှိပါတယ်။

ဒါဟာ ရာဖေး ငယ်စဉ်ဘဝက တစ်ချိန်တည်းနဲ့ အတူနှစ်ခုကို သင်ယူ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရခြင်းပါ။ အဲဒီနှစ်ခုစလုံးကို တစ်ပြိုင်တည်းသင်ယူရပေမယ့် သူ့စိတ်ထဲမှာက တော့ အဲဒီနှစ်ခုရဲ့ မတူညီမှုကို ခွဲခြားပြီးသိအောင် အားထုတ်ခဲ့ရတာပါ။ အဲဒါ ဟာ အလွန့်ကိုမြင့်မားတဲ့ စွမ်းရည်တစ်ခုပါ။

အဲဒီလို စွမ်းရည်သတ္တိမျိုး ရှိနေတဲ့အတွက် သူဟာ အရာရာမှာ ဆင်ခြင် ချင့်ချိန်နိုင်စွမ်း ရှိခဲ့ပါတယ်။ သူ့အနေနဲ့ သူ့ရဲ့ အရ အသုံး ငွေကို စနစ်တကျ ချင့်ချိန်သုံးစွဲနိုင်စွမ်း ရှိလာခဲ့ပါတယ်။ သူ့အနေနဲ့ ဘယ်လောက်ပဲ စားချင်နေဦး တော့ သူ့မှာရှိနေတဲ့ ငွေကြေးပမာဏက ခွင့်မပြုရင် သူ့စိတ်ကို အလိုမလိုက် ဘဲ အောင့်အည်းသည်းခံနိုင်စွမ်း ရှိလာခဲ့ပါတယ်။

သူ့ရဲ့ တစ်ကိုယ်တော် ဖြေဖျော်မှုဟာ အလွန်ထက်မြက်ပါတယ်။ ဘဝတူ တေးဂီတဆရာတွေရဲ့ အံ့သြချီးမွမ်းမှုကို အမြဲတစေ ရရှိခဲ့ပါတယ်။ အဲဒီလို ချီးမွမ်းမှုတွေကို ရတဲ့အခါဆိုရင် ရာဖေးရဲ့စိတ်ထဲမှာ ကျိတ်ပြီးရင်ဖိုရပါတယ်။ ပီတိဖြစ်ရပါတယ်။ ရာဖေးဟာ အချစ်ခံရခြင်းကို ချစ်မြတ်နိုးတဲ့လူပါ။ သူ့ပရိသတ် ကို သူ့ရဲ့ဂီတစွမ်းရည်ထဲမှာ နစ်မျောလိုက်ပါလာအောင် စွမ်းဆောင်ရခြင်းအပေါ်မှာ လည်း သာယာယစ်မူးတတ်သူပါ။

သူဟာ သူ့ပရိသတ်ကို ဒီကမ္ဘာလောကကြီးထဲက အပြင်ကိုရောက်သွား အောင် ခေါ်ဆောင်သွားလေ့ရှိပါတယ်။ သူ ကလေးဘဝကတည်းက နှစ်သက် ခဲ့လမ်းခဲ့တဲ့ 'ဟာမီလင်မှ အံ့ချီကွက်ကျားနှင့် ပလွေဆရာ'အဖြစ်မျိုးကို သိပ်ပြီး လိုလားသူပါ။

မွန်းလွဲပိုင်း ကုန်ဆုံးခါနီးအချိန်ကျတော့ ရာဖေးဟာ သာယာနေတဲ့ ရာသီဥတုရဲ့ အရသာကို ခံစားချင်စိတ် ဖြစ်လာတယ်။ သူ့အနေနဲ့ နော်ထရီဒိန်း ဘုရားရှိခိုးကျောင်းကြီးရဲ့ ဟိုတစ်ဖက်က စိန့်လမ်းတစ်လျှောက်မှာ တန်းစီပြီးရှိနေတဲ့ စာအုပ်ဟောင်းဆိုင်တွေဘက်သွားပြီး မိနစ်အနည်းငယ်လောက် အချိန်ဖြုန်းလိုက် ဦးမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

သူဟာ စိန့်မိုက်ကယ်လမ်းရဲ့ တစ်ဖက်တစ်ချက်က တူရိယာပစ္စည်း ဆိုင်နှစ်ဆိုင်ကို ခဏဝင်ပြီး ကြည့်ပါတယ်။ ပြီးတော့ သူ့သူငယ်ချင်း သံစုံကြေး ခရာမှုတ်သူ(ထရမ်းဘုန်းသမား)နဲ့ ညနေစာစားတယ်။ စားသောက်အပြီးမှာ သူတို့ နှစ်ယောက်ဟာ ပလေ့စ်ကလီချီလမ်းထဲက အရက်ဆိုင်ကိုသွားပြီး ဝီစကီနှစ်ခွက် စီ မှာတယ်။

ဝီစကီသောက်ရင်းနဲ့ပဲ ရာဖေးဟာ သူ့သူငယ်ချင်းရဲ့ ငွေကြေးသော



တွေအကြောင်း သူ့နားတစ်ဖက်ကို ခဏငှားပြီး ကိုယ်ချင်းစာတရားအပြည့်နဲ့ နားထောင်ခဲ့ပါတယ်။ သူ့ရဲ့ ကျန်နားတစ်ဖက်ကတော့ ဘေးနားမှာရှိတဲ့ စားပွဲဆီ က ရုတ်ရုတ်သဲသဲဖြစ်လောက်အောင် ဝေဖန်ပြောဆိုနေကြတဲ့ စကားသံတွေကို နားထောင်နေခဲ့ပါတယ်။

အဲဒီစားပွဲမှာ ပြောဆိုနေကြတာက အယ်လ်ဂျီးရီးယားနိုင်ငံတွင်းမှာ ပေါ်ပေါက်နေတဲ့ 'ဖြစ်ရပ်တွေ'အကြောင်းပါ။ (နေရှင်နယ် လိုက်ဘရေးရှင်း ဖရန့်လို့ခေါ်တဲ့ အမျိုးသားလွတ်မြောက်ရေးတပ်ဦးက တပ်သားတွေဟာ နေရှင် နယ် အယ်လ်ဂျီးရီးယန်းမုဗ်မင့်လို့ခေါ်တဲ့ 'အမျိုးသား အယ်လ်ဂျီးရီးယန်းလှုပ်ရှား မှု'တပ်သားတွေနဲ့ အကြီးအကျယ် ပဋိပက္ခဖြစ်နေတာတွေ၊ မီလောင်ဇာမြို့တွင်း က လူပေါင်းနှစ်ရာငါးဆယ်ကို ရက်ရက်စက်စက် သတ်ဖြတ်ပစ်တာတွေ၊ အသတ် ခံရသူတွေထဲမှာ မိန်းမတွေ၊ ကလေးတွေနဲ့ သက်ကြီးရွယ်အိုတွေ ပါဝင်ပုံ စတဲ့ အကြောင်းတွေပါ။

အဲဒီ သတ်ဖြတ်မှုမှာ တာဝန်ရှိတာက အမျိုးသားလွတ်မြောက်ရေး တပ်ဦးအဖွဲ့ဝင်တွေ ဖြစ်တယ်တဲ့။ ဒါ့ကြောင့်မို့ အဲဒီလုပ်ရပ်ကို တုံ့ပြန်တဲ့အနေနဲ့ မီလောင်ဇာဒေသတွင်းက အယ်လ်ဂျီးရီးယန်းလူမျိုး နှစ်ရာငါးဆယ်ဟာ သူတို့ လူမျိုးချင်း နှိမ်နင်းဖို့အတွက် ပြင်သစ်စစ်တပ်နဲ့ ဆက်သွယ်ပြီး ပူးပေါင်းခဲ့တယ် တဲ့။ အဲဒီ စားပွဲမှာ ပြောနေကြတာက အဲဒီအကြောင်းတွေပါ)

ရူဒီစိန့်လမ်းက တိုက်ခန်းကို ရာဖေး ပြန်ရောက်လာတဲ့အခါ နေတ် နှစ်နာရီထိုးလုနီးပါး ဖြစ်နေပြီ။ အပေါ်ဆုံးထပ်ကို လှမ်းကြည့်လိုက်တဲ့အခါမှာ ဆက်ဖ်ဖီရဲ့ အထပ်ခိုးပြတင်းပေါက်က မီးရောင်ကို မြင်နေရဆဲပါ။ အဲဒါကိုမြင် တော့ သူ အံ့အားသင့်သွားတယ်။ တစ်ခဏလောက်တော့ သူ့ရဲ့နှလုံးခုန်သံဟာ မြန်နေလာနေတယ်။

+ + +

ဆက်ဖ်ဖီဟာ အကောင်းဆုံး အိမ်ဖော်တစ်ယောက်ပါ။ သူ့ချောက်ချ ဖြတ်တာဟာ ရှီးရှီးစင်းစင်းပေမယ်လို့ အရသာရှိပါတယ်။ သူ့ရဲ့ အနေအထိုင် ထောက်၊ အဖြူရောင်ဘလောက်စ်နဲ့ အဖြူရောင်ခါးစည်းဝတ်စုံတာ အချင်းသဖြင့် သန့်ရှင်းစင်ကြယ်နေပါတယ်။ သူ့နှုတ်က 'ဟုတ်ကဲ့ရှင့်'၊ 'မဟုတ်ပါဘူးရှင့်'၊ 'ကော်လာညှချမ်းပါရှင်'ဆိုတဲ့ ချိုသာသိမ်မွေ့တဲ့ စကားတွေကို ကြားရပါတယ်။

www.burmeseclassic.com



'အပြုံး'နဲ့ နှုတ်ဆက်ဖို့လည်း ဘယ်တော့မှ မမေ့ပါဘူး။

အိမ်ကိုလည်း တစ်အိမ်လုံး သန့်ရှင်းနေအောင် ပိုက်စိပ်တိုက်ပြီး လုပ်လေ့ရှိပါတယ်။ သန့်ရှင်းရေးလုပ်တဲ့အခါမှာလည်း အသံဗလံ လုံးဝမကြားရပါဘူး။ သူဟာ ရာဖေးမရှိတဲ့အချိန်ကျမှ ဖုန်မှုန့်တွေစုပ်ယူတဲ့ သန့်စင်စက်ကို သုံးပါတယ်။

✢ ✢ ✢

ရက်တွေဟာ ဖြည်းဖြည်းမှန်မှန် ကုန်ဆုံးသွားနေပါတယ်။ ဒီလိုနဲ့ပဲ ဖွန်လကို ရောက်လာခဲ့ပါတယ်။ မှန်ပါတယ်။ ဖြစ်သွားတာက ဖွန်လအစောပိုင်း တစ်ရက်မှာပါ။

အဲဒီညကလည်း ဆက်ဖ်ဖီ ပထမဆုံးရောက်လာတဲ့ညကလိုပါပဲ။ ရာဖေး အိမ်ပြန်ရောက်တော့ ထုံးစံအတိုင်း မနက်နှစ်နာရီထိုးလုနီးနေပြီ။ အရက်ကလည်း နည်းနည်းတွေနေပါတယ်။ အဲဒီအချိန်ကလည်း ဆက်ဖ်ဖီရဲ့ အခန်းထဲက မီးရောင်ကို သူ မြင်နေရပါတယ်။ အမျိုးသမီးက ဘယ်လိုလဲ၊ ညမှအိပ်ရဲ့လားလို့ ရာဖေးက တွေးတယ်။

သူသိထားရသလောက်ဆိုရင် ဆက်ဖ်ဖီဟာ မနက်ခုနစ်နာရီလေးဆယ့်ငါး ဆိုရင် အဝတ်အစားလဲပြီးနေပြီ။ ခဏကြာရင် သူ့အိပ်ခန်းတံခါးကို အပြင်ကနေ ခေါက်တယ်။ သူ့အတွက် မနက်စာ လာပို့တာပါ။ ဒီအဖြစ်ကို သိထားတဲ့ ရာဖေးဟာ ဆက်ဖ်ဖီရဲ့ အအိပ်အနေပေါ်မှာ စဉ်းစားရခက်နေပါတယ်။

အဲဒီညက မီးရောင်ကို မြင်ခဲ့ရတဲ့ ရာဖေးဟာ နောက်တစ်နေ့မနက် မနက်စာလာပို့တဲ့ ဆက်ဖ်ဖီကို အပြုံးနဲ့ဆီးကြိုပြီး 'မင်းအိပ်တာ သိပ်နောက်ကျသလား။ ဒါမှမဟုတ် တစ်ညလုံး မီးဖွင့်ပြီးအိပ်သလား'လို့ မေးတယ်။

ဆက်ဖ်ဖီရဲ့ မျက်လုံးစိမ်းစိမ်းတွေဟာ ဒေါသထွက်နေတဲ့ လက္ခဏာကို ပြနေပါတယ်။ မှန်းတီးတဲ့ အရိပ်အငွေ့တွေလည်း ယှက်သန်းနေပါတယ်။ ဒါပေမဲ့ ပါးစပ်က ဘာမှမပြောဘဲ မျက်နှာကို လွှဲထားပါတယ်။ သူ့အမူအရာကို စိတ်ဝင်တစားကြည့်နေမိတဲ့ ရာဖေးရဲ့စိတ်ဟာ ဆက်ဖ်ဖီအပေါ်မှာ မရိုးမသားဖြစ်သွားပါတယ်။

အဲဒီနေ့၊ အဲဒီအချိန်က ရာဖေးဟာ သူ့ရဲ့မရိုးသားတဲ့စိတ်ကြောင့် ဆက်ဖ်ဖီကို ပွေ့လား၊ ဖက်လား၊ နမ်းလား၊ ရှုံ့လား ပြုမိခဲ့ပါတယ်။ ဆက်ဖ်ဖီကလည်း ရုန်းလား ကန်လား မလုပ်လေတော့ သူဟာ နယ်ကျွံသည်အထိ ဖြစ်ခဲ့ရပါတယ်။ ဒါပေမယ်လို့…



သူ့ရဲ့ စိတ်ခံစားမှုဟာ တစ်မျိုးပဲ၊ ထူးခြားနေပါတယ်။ သူ့စိတ်ဟာ ပြည့်တန်ဆာမတစ်ယောက်နဲ့ ဆက်ဆံရတဲ့ အခြေအနေမျိုး လုံးဝပေါ်မလာဘူး။ ခံစားမှုဟာ သူ့အတွက် အံ့ဩစရာတစ်ခုပါ။ သူ ဆက်ဖ်ဖီ့ကို အခုလိုပြုခြင်းဟာ ချစ်လို့လား၊ ဒါမှမဟုတ် ရုတ်တရက် ဖြန့်းခနဲပေါ်လာတဲ့ ရမ္မက်မီးကြောင့်လား။

ဆက်ဖ်ဖီဘက်ကရော ဘယ်လိုလဲ။ သူပြုသမျှကို လိုက်လျောခြင်းဟာ ဆန္ဒရမ္မက်ကြောင့်လား၊ ချစ်လို့လား၊ ဒါမှမဟုတ်ရင်…

✢ ✢ ✢

အဲဒီနေ့ မနက်ပိုင်း တစ်ပိုင်းလုံး ရာဖေးဟာ အပြင်ကိုရောက်နေတယ်။ နေ့လယ်စာစားချိန်မှာ သူ အိမ်ပြန်လာတယ်။ ဆက်ဖ်ဖီက နေ့လယ်စာပြင်ဆင်ပြီး ကျွေးတယ်။ သူယူထားတဲ့ တယ်လီဖုန်းသတင်း ရာဖေးကိုပေးတယ်။ သူတို့ နှစ်ဦးကြားမှာ ဘာမှမဖြစ်ခဲ့သလိုပဲ။

ဘာပဲဖြစ်ဖြစ် ရာဖေးကတော့ ဆက်ဖ်ဖီအပေါ်မှာ အရူးအမူးဖြစ်နေတဲ့ သဘောရှိနေပြီ။

အဲဒီညက သူတို့ဆီက တီးဝိုင်းအဖွဲ့ဟာ တစ်နေရာမှာ ဖြေဖျော်ပွဲရှိတယ်။ သူ့အနေနဲ့ တေးဂီတဖြေဖျော်ရေးမှာ တာဝန်အရ ပါဝင်နေရပေမယ့် စိတ်က ဆက်ဖ်ဖီ ဆီ ရောက်နေတယ်။ အဲဒီညက သူ အိမ်ပြန်ရောက်တော့ ဆက်ဖ်ဖီအခန်းထဲက မီးရောင်ကို မြင်နေရတယ်။ သူဟာ သူ့စိတ်ကို မချုပ်တည်းနိုင်ဘူး။ ခြောက်ထပ်အထိ တက်သွားတယ်။ ဆက်ဖ်ဖီအခန်းထဲ ရောက်သွားတယ်။

ဆက်ဖ်ဖီအနေအထားက တစ်မျိုးပဲ။ ဒီအချိန်မှာ သူကပဲဖြစ်ဖြစ်၊ တခြားယောကျ်ားတစ်ယောက်ကပဲဖြစ်ဖြစ် ဘာပဲလုပ်လုပ် ခုခံတွန်းလှန်မယ့်သဘော ရှိဘူးလို့ ထင်ရတယ်။ ရာဖေးစိတ်မှာ သံသယဝင်နေမိတယ်။

ဒါပေမယ်လို့ အဲဒီညမှာပဲ သူက နှစ်ကိုယ်ကြား လေသံနဲ့ ဆက်ဖ်ဖီကို ပြောမိတယ်။

'ဒီအပေါ်ထပ်မှာ သိပ်ပူတယ်။ ကိုယ်ကတော့ မင်းကို အောက်ထပ် ပြောင်းအိပ်စေချင်တယ်'

'ဘယ်နေရာမှာ အိပ်ရမှာလဲ'

'ကိုယ့်အိပ်ခန်းမှာပေါ့၊ ကိုယ်နဲ့ အတူတူလေ၊ မင်းသဘောတူရင်ပေါ့'

ဆက်ဖ်ဖီက ဘာတစ်ခွန်းမှ ပြန်မပြောဘူး။ ရာဖေးမှာတော့ ပျော်စရာ ကောင်းနေတယ်။ ထူးဆန်းတဲ့စကားလို့ပဲ ဆိုရလေမလား။ သူတို့နှစ်ဦးကြားမှာ

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်မှုဟာ အကြာကြီးပဲ။ ရာဖေးရဲ့နှလုံးသားဟာ အပြင်းအထန်ခုန်နေတယ်။ သူပြောမယ့်စကားဟာ သဘာဝမကျပဲ့မလား။ မပြောသင့် မပြောထိုက်တဲ့စကားများ ဖြစ်နေလေမလား။

'ကိုယ် မင်းကို လက်ထပ်ချင်တယ် ဆက်ဖ်ဖီ'တဲ့။ သူ နှုတ်ကထွက်သွားတယ်။

ဆက်ဖ်ဖီ နှုတ်ဆိတ်နေတယ်။ ချစ်စိတ်နဲ့ မမာမချာဖြစ်နေတဲ့ ရာဖေးကတော့ 'ကိုယ်ပြောတာ မင်း နားလည်ရဲ့လား'လို့ မေးတယ်။ 'မင်းကို ကိုယ့်ဇနီးဖြစ်စေချင်တယ်'

တိတ်ဆိတ်သွားတယ်။ နောက်တော့မှ ဆက်ဖ်ဖီဆီက အဖြေထွက်လာတယ်။ 'ကျွန်မအဖို့ကတော့ အဆင်ပြေပါတယ်'တဲ့။ အဖြေပေးချိန်မှာ ဆက်ဖ်ဖီဟာ ရာဖေးကို မကြည့်ပါဘူး။ ပြုံးလည်းမပြုံး၊ ရယ်လည်းမရယ်ပါဘူး။

+ + +

(၄)

မကြာသေးခင်ကမှ သူ အိမ်ဖော်အဖြစ် ငှားထားခဲ့တဲ့ ဂျာမန်မနဲ့ တရားဝင်လက်ထပ်ဖို့ စိတ်ကူးကြောင်း သားဖြစ်သူက အသိပေးလိုက်တဲ့အခါမှာ သူ့အမေယော်တင်ဆီထရာလာ လီပိတ်ချ်ဟာ မေ့မျောပြီး သတိလစ်မတတ် ခံစားလိုက်ရပါတယ်။

ဂျာမန်တွေ သိမ်းပိုက်ထားတဲ့ ပါရီမြို့တော်အတွင်းမှာ လေးနှစ်တိတိ အစားအစာရှားပါးမှုဒဏ်ကို ယော်တင်ဆီ ခံခဲ့ရပါတယ်။ စီးပွားပျက်ကပ်ကြီး ဆိုက်ရောက်ခဲ့တဲ့ သုံးဆယ်ပြည့်နှစ်တွေ ကုန်ဆုံးသွားပြီး ရာစုနှစ်အသစ်ကို ကူးပြောင်းသွားချိန်ကတည်းက မိသားစုရဲ့ စီးပွားရေးအခြေအနေဟာ ဆိုးဝါးမှု မရှိတော့ပါဘူး။ အတိုးထရာလာရဲ့ အယ်လ်ဂျီးယားနိုင်ငံတွင်းမှာ ရှိနေတဲ့ စပျစ်ခြံတွေက ပထမဆုံး အမြတ်ငွေတွေကို ရရှိခဲ့တဲ့အတွက် အများကြီးအဆင်ပြေခဲ့ပါတယ်။ ထရာလာ လီပိတ်ချ်မိသားစုတွေဟာ ဆင်းရဲခြင်းက ကင်းဝေးလာခဲ့ကြပါတယ်။

သူတို့ ရင်ဆိုင်နေကြရတဲ့ ပြဿနာက တခြားမဟုတ်ပါဘူး။ ဈေးထဲမှာ ငွေရှိပေမယ့် လိုချင်တဲ့အစားအစာ ဝယ်မရတဲ့ကိစ္စပါ။ အထူးသဖြင့်တော့ ဆောင်းရာသီဆိုရင် အဆိုးဆုံးနဲ့ ရင်ဆိုင်ကြရပါတယ်။ အစားအစာဝယ်လို့ ရခဲ့တော့လည်း ဝယ်လို့ရတဲ့ အစားအစာတွေက သိပ်ပြီးညံ့ဖျင်းလွန်းအားကြီးသတော့ ဝယ်စားရတာ ဂုဏ်သိက္ခာကင်းမဲ့ရပါတယ်။ အထူးသဖြင့် အစားကောင်း အသောက်ကောင်း ချက်ပြုတ်ဖို့ကိစ္စတွေမှာ သူ့အိမ်စေတို့ အတီးသမူ အချက်သမား ညွှန်ကြားရခြင်းအပေါ် ဂုဏ်ယူလေ့ရှိတဲ့ ယော်တင်ဆီ လို မိန်းမတစ်ယောက်အဖို့ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာ၊ အရှက်ရစရာတွေနဲ့ ကြုံနေရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို ဆယ့်လေးရက်တစ်ခါ အာလူး နှစ်ပေါင် ရတယ်။ တစ်လကို ထောပတ် ဂရမ် ငါးဆယ် ရတယ်။ အဲဒါနှစ်မျိုးအပြင် ဟင်းသီးဟင်းရွက်တချို့ကို ကိုတာနဲ့ရတယ်။ မုန်လာဉ၊ မုန်ညင်းရွက် စတဲ့ အဲဒီ ဟင်းသီးဟင်းရွက်တွေကို အလွန်ခက်ခက်ခဲခဲနဲ့ ရှားရှားပါးပါး ရကြတာမို့ နိုင်ငံခြားက လာတဲ့ ပစ္စည်းအထူးအဆန်းတွေများလားလို့ ထင်ရတယ်။ တကယ်တော့ အဲဒီ အစားအစာတွေကို ရတယ်လို့သာ ဆိုရတယ်၊ လူတစ်ယောက်ရဲ့ ဗိုက်ကိုတောင် ပြည့်သွားအောင် မဖြည့်နိုင်ပါဘူး။ လူကြီးမပြောနဲ့၊ ကလေးသူငယ်တစ်ယောက် ဝမ်းဝဖို့လောက်တောင်မှ ရတာမဟုတ်ပါဘူး။

နေ့စဉ်နဲ့အမျှ တစ်ရက်ပြီးတစ်ရက် စိတ်ဓာတ်ပျက်ပြားစရာ အရိပ်လက္ခဏာတွေကို လူတွေရဲ့ ပတ်ဝန်းကျင်မှာ မြင်နေရပါတယ်။ အထူးသဖြင့်တော့ စတိုးဆိုင် မှန်ပြတင်းတွေမှာ ရေးထားတဲ့ စာတန်းတွေဟာ စိတ်ပျက်စရာပါ။ 'အမဲသားမရှိ'၊ 'ပေါင်မုန့်မရှိ'၊ 'နွားနို့မရှိ'တဲ့။

ရူဒီစ်နဲ့လမ်းဘက်မှာ လူတွေငတ်နေကြပြီဆိုတာကို ထရာလာ လီပိတ်ချ် မိသားစုတွေ အသေအချာသိနေကြတယ်။ ဒါတင်မကသေးဘူး… 'ကျောက်မီးသွေးမရှိ'ဆိုတဲ့ စာတန်းကိုလည်း မြင်လာရတယ်။ သူတို့မိသားစု အအေးဒဏ်ကို အပြင်းအထန်ခံကြရတယ်။ ရာဖေးရဲ့ အမေဟာ ဘယ်တော့မှ မမေ့နိုင်တဲ့ အဖြစ်တစ်ခုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ တစ်မနက်ခင်းမှာပါ။ အဲဒီနေ့ဟာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလထဲမှာပါ။ သူတို့ဟာ ကုလားထိုင်ဟောင်းတွေနဲ့ သစ်သားသေတ္တာကြီး တစ်လုံးကို ဖျက်ဆီးပြီး မီးလှုံဖို့ ထင်းအဖြစ် အသုံးပြုခဲ့ရပါတယ်။ အဲဒါဟာ သူ လုံးဝမမေ့နိုင်တဲ့ ဖြစ်ရပ်တစ်ခုပါ။

ငတ်မွတ်ခြင်း၊ အအေးဒဏ်အပြင်းအထန်ခံရခြင်း၊ လေကြောင်းမှ တိုက်ခိုက်ခံရခြင်း စတဲ့ အဖြစ်တွေဟာ တကယ်တမ်းကျတော့ ဂုဏ်သိက္ခာကင်းမဲ့အောင် အလုပ်ခံနေရခြင်းပါ။ လေကြောင်းက တိုက်ခိုက်မှုရှိလာရင် ညဝတ်အင်္ကျီနဲ့ ကျင်းထဲဆင်းကြရပါတယ်။ ကျင်းထဲမှာ နာရီပေါင်းများစွာ ကြာသည်အထိ လေကြောင်း တိုက်ခိုက်မှုမပြီးမချင်း စောင့်နေကြရပါတယ်။

ကျင်းထဲမှာ နေရထိုင်ရတာဟာ အတော့်ကိုဆိုးပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ထိနေကြပါတယ်။ တစ်ယောက်ရဲ့ကိုယ်နံ့ကို တစ်ယောက်က ရှူနေကြရပါတယ်။ မိန်းမတွေဟာ တုန်ယင်နေတဲ့လက်တွေနဲ့ ဓာတ်ထိုးနေကြပါတယ်။ ယောက်ျားတွေကလည်း လက်ထဲမှာကိုင်ထားတဲ့ သစ်သားတွေကို မငြိမ်



သက်တဲ့စိတ်နဲ့ လှီးကြ၊ ဖြတ်ကြ၊ ထွင်းထုကြနဲ့ အာရုံပြောင်းအောင် အားထုတ်နေကြပါတယ်။

ရာဖေးကတော့ သူတို့ရဲ့ နတ်သားလေးပါ။ သူတို့ရဲ့ အချစ်ဆုံးနတ်သားလေးဟာ အသက်ဆယ့်နှစ်နှစ်ပဲ ရှိပါသေးတယ်။ အဲဒီနောက်တော့ ဆယ့်သုံးနှစ်ပါ။ သူဟာ သူ့ပတ်ဝန်းကျင်က တခြားလူတွေ စိတ်အေးချမ်းသာမှုအတွက် ပျော်ကိုမှတ်ပြီး ဖြေဖျော်နေပါတယ်။ သဘောကတော့ သူတို့တစ်တွေရဲ့ ကြောက်ရွံ့မှုဟာ အဓိပ္ပာယ်မရှိဘူးလို့ပြောပြီး တည်ငြိမ်အေးဆေးအောင် လုပ်ပေးနေတာပါ။

အစားအစာအတွက် တန်းစီနေရတာတွေ၊ ငတ်ပြတ်နေမှုတွေနဲ့ အအေးဒဏ် ခံနေရတာတွေ၊ လေကြောင်းတိုက်ခိုက်မှုဒဏ်ကြောင့် လူတစ်ဦးချင်းစီရဲ့ ကိုယ်ပိုင်လွတ်လပ်မှု ဆုံးရှုံးရတာတွေ… ပြီးတော့ ဖခင်ဖြစ်သူ မွန်စီယာလီပိတ်ချ် တစ်ယောက် သေဆုံးခဲ့ရတဲ့ ကြေကွဲဖွယ်ရာအဖြစ်… အဲဒီအရာအားလုံးဟာ ဂျာမန်တွေရဲ့ အပြစ်ပါ။

ဒီအမျိုးသမီးအကြောင်းကို သူ့သား ရာဖေးက ဘယ်အတိုင်းအတာထိ သိနေလို့လဲ။ သူ့နာမည်လောက် သိရုံနဲ့ ဘာလုပ်မှာလဲ။ နာမည်အသံထွက်တောင် မှည်း ရယ်စရာကောင်းလိုက်တာ။ လူချင်းတွေ့တာ မကြာသေးတဲ့ အချိန်ကာလအတွင်းမှာ သူ့အကြောင်းကို သူက ဘယ်လောက်အထိ သိနိုင်မှာတဲ့လဲ။

ဘာပဲဖြစ်ဖြစ် ဘာမှမကြာသေးတဲ့ အချိန်တိုတိုကလေးအတွင်းမှာ လူသားတစ်ခုလုံးကို သူ့လက်ထဲထည့်တော့မှာလား။ စစ်ကြီးဖြစ်နေတဲ့ အချိန်ကာလအတွင်းမှာ သူ ဘယ်မှာလဲ။ တကယ်တော့ သူဟာ အဲဒီအချိန်က ကလေးပဲရှိဦးမှာ သေချာတယ်။ ဒါဆိုရင် သူ့မိဘတွေက ဘယ်လိုလဲ။ သူက သူ့မိဘတွေအကြောင်းတွေ ရာဖေးကို ပြောပြခဲ့သလား။

'သူ့မိဘနှစ်ယောက်စလုံး သေသွားကြပြီလို့ ပြောတယ် အမေ'

'ဟုတ်ပြီ… အခု သေသွားကြပြီ၊ ဒါပေမဲ့ စစ်ကြီးအတွင်းက သူတို့ သေပြီလား'

'မသေသေးဘူး'

'ဒါဆိုရင် သူတို့ ဘာတွေဆိုတာရော မင်းသိသလား။ သူတို့အသေနဲ့ အလွန်ရှုံ့ရှာစက်ဆုပ်ဖို့ကောင်းတဲ့ အုပ်ချုပ်ရေးစနစ်ကိုရော သဘောကျကြသလား'

'မကျကြဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ... မင်းသိပြီ မဟုတ်လား'

သူ့အမေအသံက ဝမ်းသာအားရဖြစ်သွားတဲ့ အသံမျိုးပါ။

'ကျွန်တော် ဘာကိုသိရမှာလဲ'

'အမေဆိုလိုတာက သူတို့ဟာ အဲဒီလိုဖြစ်ချင်လည်း ဖြစ်မယ်၊ အဲဒီလို လုပ်ချင်လည်း လုပ်မယ်... ဆိုတော့...'

'အမေရယ်'လို့ ရာဖေးက စိတ်ပျက်သံနဲ့ ရေရွတ်လိုက်ပါတယ်။ သူဟာ ညာလက်နဲ့ တယ်လီဖုန်းခွက်ကို ကိုင်ထားရာက သူ့ဘယ်ဘက်လက် လက်ချောင်းတွေနဲ့ သူ့ခေါင်းရဲ့ နဖူးထိပ်က အမွေးတစ်ပင်မှမရှိတဲ့ ဆံပင်အခွေအလိပ်တွေကို ထိုးဖွလိုက်တယ်။

'အမေက အပြစ်ဆိုတာဟာ မျိုးရိုးအလိုက် ပါလာတာလို့ ယူဆနေသလား'လို့ မေးတယ်။

'ဟင့်အင်း... ဟင့်အင်း... မဟုတ်ဘူး၊ အမေ အဲဒီလို မယူဆပါဘူး သားရယ်'

'ဒါဆိုရင် အမေက ဆက်ဖ်ဖီမှာ မျိုးရိုးဗီဇက ဆင်းသက်လာတဲ့ ဆိုးဝါးမှုတွေ ပါလာတယ်လို့ ပြောချင်နေတာလား။ ကျွန်တော် အတိအကျတော့ မသိဘူး အမေ... အမေပြောချင်နေတာက ဆက်ဖ်ဖီမှာ ဂျာမန်ဆန်လွန်းနေတဲ့ အပြစ်အနာအဆာတချို့ ပါလာတယ်လို့ စွပ်စွဲချင်နေတာလား။ သဘောကတော့ အမေရယ်... ဂျာမန်ဆန်လွန်းရင် ရက်စက်ကြမ်းကြုတ်ရုံသာ မကဘူး၊ သဘာဝမကျတဲ့ အပြုအမူတွေကိုပါ လုပ်တတ်တယ်လို့ ဆိုချင်နေတာလား။ ဘာပဲဖြစ်ဖြစ်လေ... အမေ ဘာကိုပြောချင်နေတာလဲ။ အမေက အမွေအထင်တွေကို စောင်းပါးရိပ်ခြည်ပြောနေတာလား အမေရယ်'

'အမေ အဲဒီလို ပြောနေတာ မဟုတ်ပါဘူး သားလေးရယ်၊ အခုပြောနေတာတွေဟာ သားကို အမေ ချစ်လွန်းလို့ပါ၊ သားရဲ့ဘဝနဲ့ အလုပ်အပေါ်မှာ အမေထားနေတဲ့ မျှော်လင့်ချက်အားလုံး ပြည့်ဝသွားစေချင်လို့ပါ၊ အမေပြောနေတဲ့ စကားတွေကို နားထောင်စမ်းပါဦး သားရယ်၊ အမေ့အပေါ် ယုံကြည်ပါ သားရယ်၊ အမေဟာ မင်းရဲ့အမေပါ၊ အခု မင်းဖြစ်နေတာဟာ ရူးခြင်းတစ်မျိုးပါ သားရယ်'

ယော်တင်ဆီထရာလာ လီပိတ်ချ်ဟာ ဘာဂန်ဒီနယ်က သူ့ရဲ့ ရဲတိုက်လိုလို ဘာလိုလိုပုံစံမျိုးနဲ့ ဆောက်ထားတဲ့ နေအိမ်ထဲက သူ့စာရေးစားပွဲမှာ ထိုင်နေတယ်။ သူ့မျက်လုံးအစုံမှာလည်း မျက်ရည်တွေ ပြည့်လျှံနေပါတယ်။



'အမေ ဘာတွေဖြစ်နေတာလဲ'လို့ ရာဖေးက မေးတယ်။ 'ဘာကြောင့် အမေ ဒီလောက်အထိ စိတ်ထိခိုက်နေတာလဲ၊ သားပြောတာကို နားထောင်ပါဦး [illegible]ဟာ ပလွေဆရာတစ်ယောက်ဆိုတာ အမေ မေ့မပစ်ပါနဲ့'

'လွန်ခဲ့တဲ့ ရာစုနှစ်စုအတွင်းမှာ ပလွေဟာ ပြင်သစ်နဲ့ ဂျာမနီ နှစ်နိုင်ငံကြားမှာ ချစ်ကြည်ရေးအမှတ်တံဆိပ် ဖြစ်လာနေတယ် အမေ။ ဂျိုဟန် ဂျိုဝါချင်အမ်တစ်ဖ်ကို အမေ သတိရစေချင်တယ်။ [illegible] တီထွင်ခဲ့တဲ့ ပညာရှင်ပေါ့၊ သူဟာ ပြင်သစ်ပန်းချီကားတွေကိုလည်း စုဆောင်းလေ့ရှိတယ်၊ သားတို့ရဲ့ ပြင်သစ်စာရေးဆရာကြီး ဗော်လ်တဲယား ကိုယ်တိုင် သူ့ရဲ့ ဆန်ဆောဆီ ရဲတိုက်ကို သွားလည်ခဲ့တယ် မဟုတ်လား'

ယော်တင်ဆီရဲ့ ငိုရှိုက်သံဟာ ပိုပြီးကျယ်လောင်လာတယ်။ တယ်လီဖုန်းခွက်ထဲကို ဝင်လာနေတဲ့အသံဟာ ပေါက်ကွဲသံတစ်သံပါ။ အသံက သိပ်ပြီး ကွဲကွဲပြားပြား မရှိလှပါဘူး။

'အမေရယ်... သီအို ဘောဘိုဟမ် ကိုလည်း သတိရစေချင်တယ်'လို့ ရာဖေးက ဆက်ပြောတယ်။ 'ဘိုဟမ်ရဲ့ ပလွေမရှိရင် သားရဲ့ဘဝဟာ ဘယ်လိုဖြစ်သွားမလဲ'

ဖုန်းလိုင်းရဲ့ ဟိုဘက်တစ်ဖက်က အလိုက်သင့်ပြန်ပြောတဲ့ အဖြေစကား မကြားရပါဘူး။ နှာရှုံ့သံ၊ အသက်ရှူသံနဲ့ ရှိုက်သံတွေကလွဲပြီး တခြား ဘာသံမှ မကြားရပါဘူး။

တယ်လီဖုန်းကို ပြန်ချိတ်အပြီးမှာ ရာဖေးဟာ စကြံလမ်းပေါ်မှာ တစ်ခဏလောက် ငိုင်ပြီးရပ်နေမိတယ်။ သူဟာ တွေတွေငေးငေးဖြစ်နေတယ်။ စိတ်လည်း ရှုပ်နေတယ်။ သူ့အမေဘက်က အခုလို ပြင်းပြင်းထန်ထန်တုံ့ပြန်လာလိမ့်မယ်လို့ [illegible]မမျှော်လင့်ခဲ့ဘူး။ အခုတော့ သူ့မှာ စဉ်းစားရခက်တယ်။ [illegible] ကောင်းပါတယ်။ ဒါပေမယ့် အမေတစ်ယောက်ဟာ သူ့သားရဲ့ [illegible]ထပ်ပွဲကိုတော့ လာချင်ရှာမှာပေါ့၊ အဲဒီအချက်တော့ မတွေးလို့[illegible]

ဒါပေမယ်လို့ မဒမ်ထရာလာ လီပိတ်ချ်ဟာ သူ့ရဲ့ [illegible] [illegible]သောပဲ ဆုပ်ကိုင်ထားတယ်။ မင်္ဂလာပွဲအတွက် ပါရီကို သူ့[illegible] [illegible]ယမ်ခဲ့ရုံသာ မကဘူး။ သူ့ချွေးမနဲ့ မတွေ့နိုင်ဘူးလို့လည်း [illegible] [illegible]တင်းတင်းပဲ ငြင်းဆန်လာခဲ့ပါတယ်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ပြင်းထန်တဲ့ ဒီဆုံးဖြတ်ချက် ရှိလာပေမယ့်လည်း ရာဖေးက တော့ စိတ်အားပျက်တာတို့၊ ညှိုးငယ်တာတို့ ဖြစ်မလာအောင် သူ့ကိုယ်သူ ထိန်း ထားပါတယ်။ သူ့အနေနဲ့ ပျော်ပျော်နေချင်စိတ်ပဲ ရှိပါတယ်။ အဲဒီအကျင့်ကိုလည်း သူ ရအောင် မွေးထားခဲ့တာပါ။ ဆက်ဖ်ဖီကို ပျော်နေတတ်အောင် သင်ပေးဖို့ သူ့မှာ တာဝန်ရှိနေတယ်ဆိုတာကိုလည်း သူသိနေပါတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ… အခုလောလောဆယ် အရေးကြီးတာက ဆက်ဖ်ဖီပဲ။ သူ ဘယ်မှာပါလိမ့်။

ဆက်ဖ်ဖီကို သူတွေ့တော့ ကြမ်းပေါ်မှာ လေးဘက်ထောက်လျက် လက်နှစ်ဖက်ကိုလည်း ရာဘာလက်အိတ်တွေနဲ့ စွပ်ထားတယ်။ သူဟာ မီးဖိုခန်း ကြမ်းပြင်ကို တိုက်ချွတ်ဆေးကြောနေပါတယ်။ သူတို့နှစ်ဦး စေ့စပ်ပြီးကတည်းက ဆက်ဖ်ဖီဟာ အိမ်ဖော်ယူနီဖောင်းဝတ်စုံကို မဝတ်တော့ဘူး။ ဒါပေမယ့်လို့ အိမ်မှု ကိစ္စတွေကိုတော့ အရင်ကအတိုင်းပဲ လိုလေသေးမရှိအောင် လုပ်နေတုန်းပဲ။ သူ့ မျက်နှာကလည်း အရင်ကလို 'အပြုံးမဲ့မျက်နှာပဲ'။

ရာဖေးဟာ သူ့ကို ကြည့်နေတယ်။ ရုတ်တရက် ကြောက်စိတ်ဝင်နေတဲ့ အရိပ်အငွေ့ကို ဆက်ဖ်ဖီမျက်နှာမှာ မြင်လိုက်ရတယ်။ 'ကိုယ်တို့ မင်္ဂလာဆောင်တဲ့ နေ့ကျရင် မင်းဟာ အတော့်ကို ကျက်သရေရှိမှာပဲ' လို့ သူက ပြောတယ်။

'ဟုတ်ကဲ့ရှင့်' လို့ပြောပြီး ဆက်ဖ်ဖီဟာ ထိုင်ရာက ထရပ်လိုက်တယ်။ 'ကျွန်မမှာ ဝတ်စုံတစ်စုံရှိနေပြီ' လို့ ပြောပြီး အခန်းထဲဝင်သွားတယ်။ ရာဖေးဟာ တအံ့တဩဖြစ်ပြီး ကျန်ရစ်ခဲ့တယ်။

သူပြန်ထွက်လာတော့ ဆက်ဖ်ဖီဟာ ဒပ်ဆဲလ်ဒေါ့ဖ် အိမ်ရှင်မများ သင်တန်းကျောင်းရဲ့ ယူနီဖောင်းဝတ်စုံကို ဝတ်လာတယ်။ ရာဖေး ထိတ်လန့်တုန် လှုပ်သွားတယ်။ ဆက်ဖ်ဖီရဲ့ အနက်ရောင်ဝတ်စုံကို မြင်လိုက်ရတဲ့အတွက် တစ်ကိုယ်လုံး အေးစက်သွားတယ်။

'မဟုတ်သေးဘူး ဆက်ဖ်ဖီ' လို့ သူကပြောတယ်။ 'အဖြူရောင် သတို့ သမီးဝတ်စုံလှလှတစ်စုံကို ဝယ်ပေးပါ့မယ်၊ အဲဒီလိုဆိုရင် ကိုယ် သိပ်ပျော်မှာပဲ။ မင်း ဘာပြုလို့ အနက်ရောင်ဝတ်ချင်နေတာလဲ၊ အခုလုပ်မှာက ရှာပနပွဲတစ်ခု မဟုတ်ဘူးဆိုတာ မင်းသိနေသားနဲ့'

'သိပါတယ်' လို့ ဆက်ဖ်ဖီက ပြန်ပြောတယ်။ သူ့မျက်လုံးတွေထဲမှာ ပြောင်ချင်နောက်ချင်တဲ့ အရိပ်ငွေ့တွေ ယှက်သန်းနေတယ်။ 'ရှင် ကျွန်မကို



ပြောခဲ့တယ်လေ… ရှင့်ရဲ့ လူမျိုးဘဝကို မြှုပ်နှံသင်္ဂြိုဟ်လိုက်ပြီတဲ့၊ အဲဒါကြောင့် ကျွန်မက ရှင့်ရဲ့ လူမျိုးဘဝအတွက် ဝမ်းနည်းတဲ့ အထိမ်းအမှတ်နဲ့ ဒီဝတ်စုံကို ဝတ်တာ'

ရာဖေးဟာ သူ့စကားကြားလိုက်တော့ ဟက်ဟက်ပက်ပက် ရယ်ချလိုက်တယ်။ အမျိုးသမီးက ပြင်သစ်ဘာသာစကားနဲ့ ပြက်လုံးထုတ်တတ်နေပါပြီပေါ့ ဆိုတာလို့ တွေးပြီး အတော်သဘောကျသွားတယ်။ သူဟာ ဆက်ဖ်ဖီကို ပွေ့ဖက်ပြီး ဆက်ဖ်ဖီရဲ့ လည်တိုင်ကြော့ကြော့နဲ့ ပခုံးနှစ်ဖက်ကို တယုတယ နမ်းနေမိတယ်။ သူ ဆက်ဖ်ဖီကို သိပ်ချစ်နေမိပြီ။ ချစ်တာမှ သိပ်ကိုချစ်နေမိတာပါလား။

+ + +

အားလုံး အိုကေပဲ။ အစစအရာရာ အဆင်ပြေတယ်၊ ကောင်းတယ်။ ဒီအခြေအနေမျိုးမှာ ဆက်ဖ်ဖီဟာ အသေးအဖွဲဖြစ်သွားပြီ။ ဘာ့ကြောင့်လဲ။ သူ့ထက် အလေးအနက်ထားပြီး လုပ်ရမယ့်ကိစ္စတွေက ရှိလာလို့ပါ။

ဆက်ဖ်ဖီဟာ နိုင်ငံခြားသူတစ်ဦးပါ။ သူကိုင်ထားတဲ့ 'နိုင်ငံကူးလက်မှတ်' ကလွဲလို့ သူ့ဆီမှာ ဘာမှမရှိပါဘူး။ တရားဝင် စာရွက်စာတမ်းဆိုလို့လည်း ဘာမှမရှိပါဘူး။ ဒီကမ္ဘာလောကကြီးထဲမှာ သူဟာ တစ်ယောက်တည်းဆိုတဲ့ အချက်၊ မိဘအုပ်ချုပ်မှုဆိုတာ လုံးဝမရှိပါဘူးဆိုတဲ့ အချက်နဲ့ သူဟာ မိဘမဲ့ တစ်ယောက်ဆိုတဲ့ အချက်တွေအတွက် သက်သေခံအထောက်အထား ဘာစာရွက်မှ မရှိပါဘူး။

၁၉၅၇ ခုနှစ်အတွင်းကတော့ ပြင်သစ်ပြည်သူ့ဝန်ထမ်းဆိုတဲ့ လူတွေဟာ ဆက်ဖ်ဖီလို အနေအထားမျိုးကိုတွေ့ရင် အလွန်အကျွံ အလေးအနက်ထားပြီး ဆုပ်ကိုင်တတ်ကြတယ်။ နိုင်ငံခြားက ဝင်လာတဲ့ လူတစ်ယောက်ဆိုရင် ဘယ် စာရွက်မျိုးက မူရင်းပါမှဖြစ်မယ်ဆိုတာမျိုး လုပ်တတ်ကြပါတယ်။ စာချုပ်စာတမ်း ချုပ်ထားတဲ့ အထောက်အထားစာရွက်တွေ ပါရမယ်ဆိုတာမျိုး ... သတ်မှတ်ထားတဲ့ အရွယ်အစား ဓာတ်ပုံဘယ်နှပုံပေးရမယ်ဆိုတာမျိုးတွေ ... ပြောတတ်တယ်၊ တောင်းခံတတ်ကြတယ်။ အနည်းဆုံး ... တံဆိပ်တုံးတွေနဲ့ ထုကြရိုက်ကြတယ်။ လက်မှတ်တွေ ... လည်း အများကြီး။

ဒီနေ့ ဒီခေတ်ကျပြန်တော့လည်း အဲဒီလိုဟာမျိုးတွေ မရှိတော့ဘူး။ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ညစ်၊ စိတ်ရှုပ်အောင် လုပ်တာမျိုးတွေ မတွေ့ရတော့ဘူး။ ပြည်သူ့ဝန်ထမ်းဆိုတဲ့ လူတွေရဲ့ ယဉ်ကျေးစွာ၊ သိမ်မွေ့စွာနဲ့ ရိုးသားစွာဆက်ဆံမှုတွေကို ရရှိကြရပါတယ်။ ဒီတော့လည်း အစစအရာရာ အဆင်ချောနေတာပေါ့။ အခုကျတော့ ဘယ်လောက်ထိ အဆင်ပြေလာသလဲဆိုရင်…

လူတစ်ယောက်ဟာ အကြောင်းတစ်ခုခုကြောင့် စောင့်ပြီးယူရမယ့်ကိစ္စမျိုး ဆိုပါတော့။ ဝန်ထမ်းလုပ်သူဟာ ယဉ်ယဉ်ကျေးကျေးနဲ့ အကြောင်းစုံရှင်းပြပြီး ဧည့်ခန်းထဲပို့ပေးမယ်။ စောင့်တဲ့လူ အပျင်းပြေဖတ်ဖို့ အင်တွန်ချက်ကော့၊ ကာဆော် မက်ကူးလား စတဲ့ စာရေးဆရာတွေရဲ့ စာအုပ်တွေကို ပေးထားမယ်။ ပြီးရင် ပြဿနာတွေကို ပြေလည်အောင် ရှင်းပေးမယ်။

✢ ✢ ✢

ရာဖေးဟာ ဆက်ဖ်ဖီအတွက် လုပ်ပေးရမယ့်တာဝန်ကို ယူခဲ့ပါတယ်။ တကယ်တော့လည်း ရာဖေးဟာ သူမွေးလာခဲ့တဲ့ ရက်ကစပြီး သူ့အမေ မိသားစုရဲ့ ငွေကြေးနဲ့ သူ့အဖေဘက်က လွတ်လပ်တဲ့ ဒဿနအမြင်တွေနဲ့ ကြီးပြင်းလာခဲ့တဲ့ လူပါ။ ဒါ့ကြောင့်လည်း သူ့ကိုယ်သူ ယုံကြည်မှုဟာ အခိုင်အမာရှိထားခဲ့ပါတယ်။ သူဟာ လူ့အခွင့်အရေးတွေကိုလည်း ကောင်းကောင်းသိပါတယ်။ တကယ်လို့ အကြောင်းတစ်ခုခုကြောင့် အခွင့်အရေးတစ်ခုကို ဆုံးရှုံးသွားမယ်ဆိုရင်လည်း အဲဒီအခွင့်အရေးကို ငွေကြေး ထိုက်တန်သလောက်ပေးပြီး ပြန်ဝယ်နိုင်တဲ့ လူစားပါ။

သူဟာ ဆက်ဖ်ဖီကိုခေါ်ပြီး မြို့တော်ခန်းမကို သွားတယ်။ ဆက်ဖ်ဖီနဲ့ အတူတူ တစ်ရုံးဝင်တစ်ရုံးထွက် လှည့်သွားပြီး ပုံစံမျိုးစုံဖြည့်ရတယ်။ လက်မှတ်တွေ ထိုးရတယ်။ ပြီးတော့ တင်ရတယ်။ ဗျူရိုကရက်စံနစ် လွှမ်းမိုးကြီးစိုးနေတဲ့ ဝန်ထမ်းတွေရဲ့ ဟန်ရေးဝါရေးပြမှု၊ ရှုတည်တည် အောက်သိုးသိုး မျက်နှာထားကြီးတွေနဲ့ နိုင်လိုမင်းထက် ပြောဆိုဆက်ဆံမှု စတဲ့ စိတ်မချမ်းမြေ့စရာတွေကို ရင်ဆိုင်ပြီး ရှင်းစရာရှိတာတွေကို ရှင်းရတယ်။

အဲဒီကိစ္စမျိုး လုပ်ပြီဟေ့ဆိုရင် လူတစ်ယောက်အနေနဲ့ ပြင်သစ်လူမျိုးဖြစ်ဖို့လည်း လိုတယ်။ အသားအရောင်ဖြူဖို့လည်း လိုတယ်။ ဥပဓိရုပ်ကောင်းခြင်းနဲ့လည်း ပြည့်စုံရမယ်။ ငွေကြေးများများသုံးနိုင်မှု ဆိုတဲ့ အရည်အသွေးလည်း ရှိပါမှ။ ပြီးတော့ ရာထူးကြီးကြီးနေရာမှာ ကိုယ့်သူငယ်ချင်းရှိတယ်ဆိုတဲ့ ခြိမ်းခြောက်မှုမျိုးလည်း လိုအပ်လာရင် သုံးပါမှ။ (အခုတော့ အဲဒါမျိုးတွေ မလိုအပ်တော့ပါဘူး၊ အတော်ကြီးကို ပါးရှားသွားပြီဖြစ်တဲ့အတွက် ဝမ်းသာစရာပါ)



ဘာပဲဖြစ်ဖြစ်ပေါ့လေ… အဲဒီအချိန်မှာတော့ စောစောကပြောခဲ့တဲ့ ဖဲချပ်မျိုးတွေ လက်ထဲမှာ အဆင်သင့်ကိုင်ထားနိုင်မှ ကိစ္စတစ်ခုဟာ ပြီးမြောက်နိုင်ပါတယ်။ အမှန်တော့ ဖဲချပ်တွေကို ကိုင်ထားနိုင်ရုံနဲ့တော့ အဆင်ပြေဖို့ မလွယ်ပါဘူး။ ဘယ်အချိန်၊ ဘယ်လိုနေရာမျိုးမှာ ဘယ်ဖဲချပ်ချရမလဲဆိုတာလည်း သိမှဖြစ်တာ။

ရာဖေးလီဗိတ်ချ်ဟာ အဲဒီ ဖဲချပ်အားလုံးကို ကိုင်ထားပါတယ်။ အချိန်အခါနဲ့ အခြေအနေကိုကြည့်ပြီး ဘယ်ဖဲချပ် ဘယ်လိုချပြီး ကစားရမလဲဆိုတာလည်း သိတယ်။ အဲဒီတော့ ဗျူရိုကရက် လောကကြီးရဲ့ ဝင်္ကပါထဲကို သူ ပထမဆုံး ခြေချခဲ့တဲ့ နေ့ကစပြီး ရေတွက်ရင် ဆယ့်လေးရက်အကြာမှာ သူနဲ့ ဆက်ဖ်ဖီရဲ့ မင်္ဂလာလက်ထပ်ပွဲကို ပါရီမြို့ရဲ့ မြို့တော်ခန်းမမှာ ပြုလုပ်နိုင်ခဲ့ပါတယ်။

✢ ✢ ✢

ဇွန်လ (၂၁)ရက်ဆိုရင် နေဟာ အီကွေတာရဲ့ မြောက်ဘက် အဝေးဆုံးနေရာကို ရောက်သွားပါတယ်။ အဲဒီအချိန်ဆိုရင် နေ့တာဟာ အရှည်ဆုံးပါ။ တစ်နည်းအားဖြင့်တော့ 'နွေရာသီရဲ့ နေ့တာအရှည်ဆုံးကာလ' ပေါ့။

အဲ… အချိန်ကာလမှာ ဆက်ဖ်ဖီ ဟာ ရာဖေးရဲ့ ကလေးကို 'လွယ်' ထားရပါပြီ။ ပထမတော့ ဆက်ဖ်ဖီ သတိမထားမိဘူး။ သူတို့ရဲ့ လက်ထပ်ပွဲနေ့နောက်မှာပါ။ သူဟာ ရေချိုးခန်းထဲ အပြေးအလွှားဝင်သွားပြီး အော့လိုက်အန်လိုက်ဖြစ်ပါတယ်။ အဲဒီအခါမှာ ရာဖေးဟာ အစဉ်းစားရခက်နေတဲ့ ပုံစံမျိုးနဲ့ အတော်ကလေး တွေတွေဝေဝေ ဖြစ်သွားခဲ့ပါတယ်။

၁၉၅၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်ဟာ သာယာတဲ့ နေ့တစ်နေ့ပါ။ တိမ်တွေ ပွသလောက်တောင် မပူဘူး။ ကြည်နူးစရာကောင်းတဲ့ မနက်ခင်းလို့ပြောရင်လည်း မမှားနိုင်ပါဘူး။ ရာဖေးနဲ့ ဆက်ဖ်ဖီတို့ ရောက်သွားတဲ့အခါမှာ မြို့တော်ခန်းမဟာ သူတို့ အရင်တစ်ခေါက် ရောက်ဖူးခဲ့တဲ့ အဆောက်အဦနဲ့ တော့သလို ဖြစ်နေတယ်။ နေရဲ့ အလင်းရောင်ဟာ မြို့တော်ခန်းမအပေါ် ဖျန်းထားတယ်။

သူတို့ လက်ထပ်ပြီးပါပြီ။ ရိုးရိုးစင်းစင်းနဲ့ ရှင်းရှင်းလေး… ကြီးနဲ့ ရတ်ရတ်သဲသဲဖြစ်နေတာတွေလည်း မမြင်ရပါဘူး။ … ရှုံးလွှမ်းနေတဲ့ အပြုံအမူနဲ့ ပြောသံဆိုသံတွေကိုလည်း မကြားရပါဘူး။

သူတို့လက်ထပ်ပွဲအတွက် သက်သေနှစ်ယောက်ရှိပါတယ်။ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



က ရာဖေးရဲ့သူငယ်ချင်း ကလီချီ က သံစုံကြေးခရာမှုတ်တဲ့ ထရမ်းဘုန်းသမား မာတင် ပါ။ ဒုတိယတစ်ယောက်ကတော့ မာတင်ရဲ့ဇနီး မစ်ချယ်လီ ပါ။ အားလုံး လုပ်ရမယ့်အလုပ်တွေကို သတ်မှတ်ထားတဲ့အတိုင်း လုပ်ကြပါတယ်။ ကျမ်းကျိန် စရာရှိတာတွေကို ကျိန်ကြပါတယ်။ လက်မှတ်ထိုးစရာရှိတာတွေကို လက်မှတ်ထိုး ကြပါတယ်။

တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ရမယ့်အချိန် ရောက်လာတဲ့အခါ မှာ ရာဖေးဟာ ဆက်ဖ်ဖီကို တယုတယပွေ့ပြီး နမ်းပါတယ်။ တရားဝင် လက်ထပ် ပြီးမှ ပေးတဲ့ 'အနမ်း'ပါ။ ဒါပေမဲ့ ဆက်ဖ်ဖီရဲ့ နှုတ်ခမ်းမှာတော့ 'ထူးခြားတဲ့ အနမ်း'လို့ မဆိုနိုင်ပါဘူး။ ဆက်ဖ်ဖီအဖို့တော့ လက်မထပ်ခင်က ရရှိခံစားခဲ့ရတဲ့ အနမ်းနဲ့ ဘာမှမခြားပါဘူး။

✢ ✢ ✢

အခုတော့ဖြင့် ဆက်ဖ်ဖီနာမည်ဟာ မဒမ်လီဝိတ်ချ် ဖြစ်သွားခဲ့ပါပြီ။

လက်ထပ်ပြီး နောက်တစ်ရက်မှာ ဆက်ဖ်ဖီဟာ မိသားစုမှတ်တမ်းစာအုပ် အသစ်ကိုကိုင်ပြီး အနောက်ဂျာမနီသံရုံးကိုသွားပြီး (ရယ်စရာတော့ အကောင်းသား သံရုံးက ဖရန့်ကလင်ရှစ်ဖွဲ့ လမ်းသွယ်ထဲမှာပါ) နိုင်ငံကူးလက်မှတ် အသစ်တစ်စောင် ထုတ်ပေးဖို့ မေတ္တာရပ်ခံတယ်။

ဂျာမန် ပြည်သူ့ဝန်ထမ်းတွေကျတော့ သူတို့နဲ့ အပြိုင်ဖြစ်နေတဲ့ ပြင်သစ် ဝန်ထမ်းတွေထက် ပိုပြီးတော်နေလို့လား မသိဘူး။ လေးဆယ့်ရှစ်နာရီအတွင်းမှာ သူလိုချင်နေတဲ့ နိုင်ငံကူးလက်မှတ်ကို ရခဲ့ပါတယ်။ သူရဲ့ မူလကိုင်ဆောင်နေတဲ့ နိုင်ငံကူးလက်မှတ်ဟောင်းကိုတော့ ထောင့်နားကဖြတ်ပြီး ပြန်ပေးလိုက်တယ်။ ဆက်ဖ်ဖီဟာ ချက်ချင်းပဲ မျက်ရည်တွေအပြည့်နဲ့ လက်မှတ်ဟောင်းကို ဆုတ်ဖြဲ ပြီး အမှိုက်ပုံးထဲ ဝစ်ထည့်လိုက်ပါတယ်။

သူ့အဖေနာမည်၊ မိသားစုနာမည်ကို သူ ဆက်ခံလာခဲ့တာ နှစ်ပေါင်း နှစ်ဆယ် ရှိသွားခဲ့ပါပြီ။ အခုတော့ဖြင့် ရာသက်ပန် စွန့်ပစ်လိုက်ရပါပြီ။ ရာဖေး က သူနဲ့ လက်ထပ်ဖို့ ပြောစဉ်အခါတုန်းက သူက 'ကျွန်မအတွက်ကတော့ အိုကေပါပဲ'လို့ ပြောခဲ့ဖူးတယ်။ မမျှော်လင့်ဘဲနဲ့ အလွယ်တကူ ပြောလိုက်မိတဲ့ စကားများလား၊ အဲဒီစကားဟာ အခု ဒီနေ့ ကြုံလိုက်ရတဲ့အဖြစ်ကို ရည်ရွယ်ခြင်း လား။



ရာဖေးဘက်က ဆင်ခြင်တုံတရားကင်းမဲ့စွာနဲ့ လုပ်ခဲ့ခြင်းလား။ ဆက်ဖ်ဖီ ဘက်ကရော…။ ထုတ်ဖော်မပြောလိုတဲ့ ရည်ရွယ်ချက်တစ်ခုခုနဲ့များ သဘောတူခဲ့ ခြင်းလား။ ဘာပဲဖြစ်ဖြစ် သူတို့နှစ်ဦးရဲ့ ဘဝနဲ့ ကံကြမ္မာကတော့ ပေါင်းစပ် ဆုံတွယ်သွားပါပြီ။ အခုဆိုရင် ဂျာမန်မိန်းမပျိုတစ်ယောက်နဲ့ သူ့ရဲ့ ပြင်သစ်ခင်ပွန်း တို့ဟာ ကလေးတစ်ယောက် ရပါတော့မယ်။ လူသား အသစ်ကလေးတစ်ယောက် ပေါ့။ အဲဒီကလေးဟာ မကြာခင် လူ့ဘဝထဲ ရောက်လာတော့မှာပါ။

သူတို့အဖို့ နောက်ရင်း ပြန်လှည့်ချင်လို့ မရတော့ပါဘူး။ သူတို့နှုတ်တွေ က ထွက်လာတဲ့ စကားတွေနဲ့ သူတို့ချမှတ်ခဲ့သမျှ ဆုံးဖြတ်ချက်တွေဟာ သူတို့ရဲ့ ဘဝထဲမှာ အကျိုးသက်ရောက်ဖြစ်ထွန်းမှုတွေ ရှိလာနေတော့မှာပါ။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com

## (၅)

သူတို့ရဲ့ မင်္ဂလာဦးညဟာ အရင်အရင်က ညတွေနဲ့ ဘာမှမခြားနားပါဘူး။ ရာဖေးက ချစ်တင်းနှောတယ်။ ပြီးတော့ အိပ်ပျော်သွားတယ်။ သူကြည့်ရတာ ကလေးတစ်ယောက် အိပ်နေသလိုပဲ။ လူချောတစ်ယောက်ဆိုတာကို သူ့မျက်နှာက ဖော်ပြနေတယ်။ ရင့်ကျက်မှုသဘောကိုတော့ သူ့ခေါင်းထိပ်က ပြောင်နေတဲ့အကွက်က ပြနေတယ်။ သူ့ရင်ဘတ်ဟာ နိမ့်ချည်မြင့်ချည် ဖြစ်နေတယ်။

ရာဖေးမှာ ထူးခြားတာလေးတစ်ခု ရှိတယ်။ အိပ်မောကျနေတဲ့အခါ မဟောက်တတ်ဘူး။ သူ အသက်ရှူနေပုံဟာ အေးအေးဆေးဆေးနဲ့ ညင်ညင်သာသာလေးရယ်။ ဆက်ဖ်ဖီကတော့ ခါတိုင်းလိုပဲ… မျက်နှာကြက်ဆီကို ငေးကြည့်နေတယ်။ မနက်လေးနာရီထိုးချိန်အထိ သူ အိပ်မပျော်သေးဘူး။ တစ်ခါတစ်ရံ အိပ်ပျော်သွားပြန်တော့လည်း အိပ်မက်က မကောင်းဘူး။

ဆက်ဖ်ဖီ မသိတာတစ်ခုက ရာဖေးအနေနဲ့ မနက်ခြောက်နာရီထိုးမှာ အိပ်ရာကနိုးချင်လို့ နှိုးစက်နာရီကို သံပတ်ပေးထားတဲ့ ကိစ္စပဲ။ သူက နာရီကို သူ့ဘေးနားက စားပွဲပေါ်မှာ တင်ထားတယ်။ နှိုးစက်မြည်မြည်ချင်း ကပျာကယာ လှမ်းပိတ်နိုင်အောင် စီစဉ်ထားတဲ့သဘော။ သူ လုပ်ထားတဲ့ နှိုးစက်သံကြောင့် သူ့အချစ် ဆက်ဖ်ဖီကို အိပ်ရာက လန့်မနိုးစေချင်ဘူး။

သူ့မှာက ဆက်ဖ်ဖီ အံ့အားသင့်သွားအောင်လုပ်ဖို့ အစီအစဉ်လေးတစ်ခု ရှိထားတယ်။ သူတို့နေရာ တိုက်ခန်းရဲ့ လမ်းတစ်ဖက်က မုန့်ဆိုင်မှာ ဆက်ဖ်ဖီ ကြိုက်တဲ့မုန့်ကို ဆက်ဖ်ဖီ မသိအောင် ဝယ်ထားဖို့ပါ။ သူ့အနေနဲ့ တစ်ကြိမ်လောက်ပဲဖြစ်ဖြစ် ဆက်ဖ်ဖီကို အိပ်ရာထဲမှာပဲ မနက်စာကျွေးချင်နေတယ်။



သူ့အနေနဲ့ ဆက်ဖ်ဖီရဲ့ အေးဆေးသာယာပြီး ပေါ့ပေါ့ပါးပါးဖြစ်နေတဲ့ မျက်နှာကလေးကို ကြည့်ချင်၊ မြင်ချင်နေတယ်။ သူ့လက်တွေနဲ့ ထိလိုက်တွေ့လိုက်၊ ပွေ့လိုက်ဖက်လိုက် လုပ်တဲ့အခါမှာ ဆက်ဖ်ဖီရဲ့ အသွေးအသားတွေ ဆက်ဝင်လာတာကိုလည်း ခံစားချင်တယ်။

သူတစ်ခုတော့ သိထားတယ်။ ဆက်ဖ်ဖီ သူ့ကို မချစ်ဘူးဆိုတာလေး ပါမယ်လို့ သူယုံကြည်ထားတာတစ်ခုရှိတယ်။ အဲဒီသဘောထားဟာ တစ်နေ့ကျရင် ပြောင်းသွားလိမ့်မယ်ဆိုတဲ့ အချက်ပဲ။ အဲဒါကိုတော့ သူ အခိုင်အမာယုံကြည်နေတယ်။

အချစ်ဟာ တေးဂီတနဲ့တူတယ်လို့ စိတ်ထဲမှာကျိတ်ပြီး သူ့ကိုယ်သူ ပြောမိတယ်။ ဆန္ဒရမ္မက်ဆိုတာ သည်းခံခြင်း၊ ဖွဲ့ရှိခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ ဆင်ပန်းခံခြင်း ဆိုတာမျိုးတွေ မရှိဘဲနဲ့ မရနိုင်ဘူးလို့ သူထင်တယ်။ ဒါမျိုးက ဖြည်းဖြည်းချင်းမှ ဖြစ်လာတတ်တာ။ ဒီကိစ္စဟာ သူတို့ လက်ထပ်ပြီးရင် ဖြစ်လာနိုင်မှာပေါ့လို့လည်း သူတွက်တယ်။ ဖြစ်လာနိုင်မှာ မဟုတ်ဘူးလို့ သူ လုံးဝ မတွေးဘူး။ 'တကယ်လို့များ' ဆိုတဲ့ စကားနဲ့လည်း ခြွင်းချက်မထားဘူး။ အဲဒါကြောင့်လည်း သူဟာ အပူအပင် အကြောင့်အကြကင်းမဲ့စွာနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့တာပါ။

တဖြည်းဖြည်းနဲ့ အမှောင်ထုဟာ နောက်ဆုတ်သွားပြီး အရုဏ်ရဲ့ ဝါထိန ဦးဆုံး အလင်းရောင်တွေဟာ သူတို့အိပ်ခန်းထဲကို ပြတင်းပေါက်ရဲ့ တရုတ်ထစ် ကန့်လန့်တွေကြားကနေပြီး ဝင်လာနေတာပါ။ အဲဒီတုန်းမှာပဲ နာရီနှိုးစက်က ဖြုန်းခနဲ ဆိုပြီး မြည်လာပါတယ်။ အဲဒီတော့ ရုတ်ရုတ်သဲသဲဖြစ်မှုတစ်ခုဟာ ချက်ချင်း ပေါ်လာပါတယ်။

ဆက်ဖ်ဖီဆီက အော်သံထွက်လာပါတယ်။ အော်နေပေမယ့် မျက်လုံး ကတော့ မှိတ်လျက်ပါ။

ရာဖေးဟာ ဒေါသတကြီးနဲ့ သူ့လက်တစ်ဖက်ကို စားပွဲဆီ ဆန့်ထုတ် လိုက်ပြီး စားပွဲပေါ်က နာရီကို ပုတ်ထုတ်လိုက်တယ်။ နာရီဟာ ကြမ်းပြင်ပေါ် အကျိုးပြင်းစွာနဲ့ ကျသွားပါတယ်။ ဒါပေမဲ့လည်း ဆက်ဖ်ဖီဟာ အိပ်ရာက နိုးမလာဘူး။ အအော်လည်း မရပ်ပါဘူး။ ရူးရူးရှရှနဲ့ အော်မြဲတိုင်း အော်နေသေးပါ။ နှိုးစက်ကလည်း ရပ်မသွားပါဘူး။ ဆက်ပြီး မြည်နေတုန်းပဲ။

အိပ်ရာက နိုးတစ်ဝက်၊ မနိုးတစ်ဝက်ဖြစ်နေတဲ့ ရာဖေးဟာ ထိတ်လန့်

www.burmeseclassic.com

www.burmeseclassic.com



တကြားနဲ့ပဲ အိပ်ရာပေါ်ကဆင်းပြီး ကျသွားတဲ့နာရီကို စမ်းတဝါးဝါးနဲ့ လိုက်ရှာတယ်။ တွေ့လည်းတွေ့ရော နှိုးစက်သံပတ်ကို ပိတ်ပစ်လိုက်တယ်။ အဲဒီတုန်းမှာပဲ မှောင်မှောင်မည်းမည်းမှာ ရှိနေတဲ့ ရေချိုးခန်းထဲ လူတစ်ယောက်ဝင်သွားတာ ရိပ်ခနဲမြင်လိုက်ရတယ်။

ဘယ်သူများပါလိမ့်။ သူ့ဇနီး ထင်ပါရဲ့။ ချက်ချင်းပဲ အိပ်ချင်မူးတူးဖြစ်နေတာ ပျောက်သွားပြီး အသိဝင်လာတယ်။ ဟုတ်တယ်။ သူ့ဇနီး၊ သူ့ရင်သွေးကို ဝမ်းနဲ့လွယ်ထားရတဲ့ သူ့မယားပါ။

သူဟာ အိပ်ရာပေါ်ပြန်ထိုင်တယ်။ သူ့ရင်မှာ ဖြစ်ပေါ်လာတဲ့ သာယာပျော်ရွှင်မှုဟာ ယစ်မူးစရာပါ။ တစ်ဖက်မှာရှိနေတဲ့ စားပွဲတင်နာရီရဲ့ တချက်ချက်မြည်သံကိုရော သူ့နှလုံးခုန်သံတွေကိုပါ သူ နားစွင့်နေမိပါတယ်။ သူဟာ ကလေးအဖေဖြစ်တော့မှာပါလား။ အဲဒီအတွေးဟာ သူ့အဖို့တော့ ကြည်နူးစရာပါ။

ဆက်ဖ်ဖီ ပြန်ရောက်လာတယ်။ မင်္ဂလာလက်ဆောင်အဖြစ် သူပေးထားတဲ့ အဝါရောင်ပိုးသား ညဝတ်အင်္ကျီနဲ့ပါ။ ဆက်ဖ်ဖီရဲ့ ဖြူရော်ရော် ဖျော့တော့တော့အသားနဲ့ သိပ်ကိုလိုက်ဖက်တဲ့ အရောင်ပါလား။

ဆက်ဖ်ဖီက သူ့ကိုကြည့်ပြီး ပြုံးနေတယ်။ တောင်းပန်လိုတဲ့ အပြုံးပါ။ 'ကျွန်မ အိပ်မက်ဆိုးတစ်ခု မက်နေတာ၊ ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ ရှင့်ကို လန့်သွားအောင် မလုပ်ချင်ပါဘူး' လို့ ဆက်ဖ်ဖီက ပြောတယ်။

'စိတ်မကောင်းမဖြစ်ပါနဲ့' လို့ ရာဖေးက ပြန်ပြောတယ်။ 'တစ်ခါတစ်ရံမှာ အဲဒီလို လန့်ရထိတ်ရတာကို ကိုယ်က ကြိုက်တယ်။ အခုရော ဘယ်လိုနေသေးလဲ၊ အဆင်ပြေသွားပြီလား'

'ပြေသွားပြီ၊ ဒါပေမဲ့ ... ဗိုက်နာနေတယ်'

'ဘာပြုလို့လဲ' လို့ ရာဖေးက မေးတယ်။ ဆက်ဖ်ဖီရဲ့ ဗိုက်ပေါ်ကို လက်ဝါးတင်ပြီး စမ်းကြည့်တယ်။

မိန်းမတွေဟာ ကိုယ်ဝန်ဆောင်နေရတဲ့အချိန်မှာ ပျော့နေတတ်တာပဲလို့ ရာဖေးက သူ့ကိုယ်သူပြောတယ်။ တစ်ခုရှိတာက ကိုယ်ဝန်ဆောင်စ ပထမသုံးလပတ်တွေမှာတော့ အော့ချင် အန်ချင် မစားချင် မသောက်ချင်တာတွေ ဖြစ်တတ်တယ်။ ဒါလည်းပဲ ဟိုမုန်းဓာတ် အပြောင်းအလဲရှိနေလို့ပါ။ နောက်ပိုင်းကျတော့ ကောင်းသွားတာပဲ မဟုတ်လား။

နောက်တတ်ရာရာတွေးရင်းနဲ့ ရာဖေးဟာ သူ့ကိုယ်သူ ဖခင်တစ်ယောက်



ဖြစ်လာရမယ့်အရေးကို တွေးပြီး ဂုဏ်ယူနေမိတယ်။ ပြီးတော့ ဆက်ဖ်ဖီရဲ့ ပြဿနာတွေ အားလုံးအတွက် သူရှာပေးခဲ့တဲ့ အဖြေဟာ အလွန်ထိရောက်ပါကလားလို့ တွေးပြီး စိတ်ထဲမှာ ကြည်နူးနေမိတယ်။

အမှန်တော့ ဆက်ဖ်ဖီမှာ ပြဿနာတွေရှိနေတယ်ဆိုတာ သူသိပါတယ်။ သူဟာ အကန်းလည်း မဟုတ်ဘူး။ အရူးအမိုက်တစ်ယောက်လည်း မဟုတ်ဘူး။ ပထမဆုံး စတွေ့တဲ့နေ့ကစပြီး သူ့အခန်းတံခါးရဲ့ အပြင်ဘက်စင်္ကြံမှာ ရပ်နေတဲ့ အမျိုးသမီးငယ်ကို မြင်လိုက်ကတည်းက သူသိခဲ့တာပါ။

ပထမဆုံး မြင်လိုက်ရတဲ့ မိနစ်ပိုင်းအတွင်းမှာပဲ ဆက်ဖ်ဖီရဲ့ အခြေအနေကို ရိပ်စားနားလည်ခဲ့တာပါ။ ဆက်ဖ်ဖီမှာ စိတ်ဒဏ်ရာတစ်ခု ရှိနေတယ်လို့ သူ သိထားလိုက်တယ်။ ဒဏ်ရာက ပြင်းထန်လေတော့ ထိပ်တိုက်ရင်ဆိုင်ဖို့တောင် မလွယ်ဘူး။ သူ့အနေနဲ့ ဆက်ဖ်ဖီရဲ့ ကလေးဘဝက အကြောင်းတွေကို မမေးမိအောင် စပြီးတွေ့ကတည်းက သတိထားလာလိုက်တာ ဒီနေ့အထိပဲ။

ဆက်ဖ်ဖီနဲ့ပတ်သက်လို့ သူသိထားတာ တစ်ချက်ပဲရှိတယ်။ ဆက်ဖ်ဖီရဲ့ မိဘတွေဟာ ဆက်ဖ်ဖီငယ်ငယ်ကတည်းက ဆုံးပါးသွားခဲ့ကြတယ်ဆိုတဲ့ အချက်ပဲ။ အဲဒါကလွဲလို့ တခြား ဘာမှမသိဘူး။ **'ပေါ့ပါးသော အိမ်မှုလုပ်ငန်းအတွက် အိမ်ဖော်အလိုရှိသည်'** ဆိုတဲ့ ကြော်ငြာကို **ဇီဂါရိုး**သတင်းစာထဲမှာ မတွေ့မီက ဆက်ဖ်ဖီဘဝကို သူမသိခဲ့တာ အမှန်ပါ။

ဒါပေမဲ့ သူ့အနေနဲ့ကတော့ ပြတ်သားပါတယ်။ ဆက်ဖ်ဖီနဲ့ ပတ်သက်ကို အကောင်းချည်းမြင်ထားသလို အကောင်းချည်းပဲ မျှော်လင့်ထားတယ်။ ပြီးတော့ သူ ဆက်ဖ်ဖီကို ချစ်တယ်။ ချစ်တာမှ နက်နက်ရှိုင်းရှိုင်း ချစ်နေမိခဲ့တာပါ။ သူ့အချစ်ရဲ့ ဩဇာလွှမ်းမိုးမှုအောက် ရောက်သွားရင် ဆက်ဖ်ဖီရဲ့ လျှို့ဝှက်ထားတဲ့ ဒဏ်ရာဟာ ဖြည်းဖြည်းချင်း ပျောက်ကင်းသွားလိမ့်မယ်လို့လည်း သူထင်တယ်။ ဒါပေမယ်တော့လည်း ဆက်ဖ်ဖီအတွက် အကောင်းဆုံးနည်းက ဘာလဲ။ သူ့အတွက်ရော ... သူ့ရဲ့ခန္ဓာကိုယ်ထဲမှာထားပြီး သွားလေရာ သယ်သွားနေမယ့်အစား အဲဒီဒဏ်ရာကို တစ်ခုခုအစားထိုးလိုက်ပေါ့။ ပြီးတော့ 'ဘဝသစ်တစ်ခု' အစပြုလိုက်ပေါ့။

'နှိုးစက်ကို သံပတ်ပေးထားမိတယ်' လို့ ရာဖေးက ဆက်ဖ်ဖီ ... ထိုင်ပြီး ရှင်းပြတယ်။ 'ကိုယ်က မင်းမနိုးခင် အပြင်ထွက်ပြီး ... ထားမလို့။ မင်း အံ့ဩသွားအောင် လုပ်မလို့ပါ'

'ရပါတယ်' လို့ ဆက်ဖ်ဖီက သူ့ခင်ပွန်းသည်ရဲ့ အ... ရင်ခေါင်းမှီ

www.burmeseclassic.com

www.burmeseclassic.com



အောင် ရှောင်ပြီးပြောတယ်။ 'ကျွန်မ မဆာပါဘူး'

ဆက်ဖ်ဖီဟာ တစ်ဖက်ကိုလှည့်ပြီး အဝတ်လဲနေတယ်။ ရာဖေးကတော့ သူ့မိန်းမအတွက် စိတ်ပူတဲ့အနေနဲ့ စကားတစ်ခွန်း ထပ်ပြောတယ်။

'အချစ်ရယ်... မင်းအတွက် ဆရာဝန်နဲ့တွေ့ဖို့ စီစဉ်ပေးရမလား' တဲ့။

'စောပါသေးတယ်' လို့ ဆက်ဖ်ဖီက ပြန်ပြောတယ်။ 'နောက်ထပ် ရက်နည်းနည်းလောက်တော့ စောင့်လိုက်ပါဦး၊ ပိုပြီးသေချာအောင်ပေါ့'

'အချစ်သဘောပါ၊ အချစ်ကြိုက်သလိုလုပ်ပေါ့၊ ကိုယ်ကတော့ သေချာပေါက်ရှိနေပြီလို့ ထင်တယ်၊ ဘယ်လိုကြောင့် အဲဒီလို ထင်ရတာလဲဆိုတာတော့ ကိုယ်လည်း မသိဘူး၊ စိတ်ထဲက အလိုလိုသိနေတဲ့သဘောပဲ'

ရာဖေးက ဆက်ဖ်ဖီကို လက်ဆွဲပြီး ပြောင်ပြောင်နောက်နောက် မျက်နှာထေးနဲ့ ပြောတယ်။ ဒါပေမဲ့ ဆက်ဖ်ဖီက မရယ်ဘူး။

+ + +

လက်ထပ်ပြီးစ ဇနီးမောင်နှံ အသစ်စက်စက်စုံတွဲဟာ ဟန်းနီးမွန်း (ပျားရည်ဆမ်းခရီး) မထွက်ပါဘူး။ ရာဖေးမှာက ဇူလိုင်လကစပြီး အမေရိကန်ပြည်ထောင်စုအတွင်းမှာ ခရီးလှည့်လည်ဖို့ ရှိနေပါတယ်။ ပြီးတော့ သူ့အနေနဲ့ သူ့အဖွဲ့ရဲ့ ဖာတ်တိုက်တဲ့ပွဲတွေကိုလည်း အများကြီးလွှတ်ခဲ့ရတယ်။ အခုကျတော့ အရင်ကထက်ပိုပြီး အလုပ်လုပ်ပါမှ ဖြစ်မယ့်အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။

လုပ်ရမှာတွေကတော့ အများကြီးပဲ။ သူတစ်ယောက်တည်းရော၊ သူ့သံစုံတီးဝိုင်းအဖွဲ့နဲ့ တွဲပြီးတော့ရော လုပ်ရမှာပါ။ အချိန်နဲ့အမီလိုက်ရမယ့်သဘောပါ။ ဘာပဲဖြစ်ဖြစ် ရာဖေးကတော့ အမီလိုက်နိုင်အောင် လုပ်မှာပါ။

သူ့ယောက်ျားက ဆရာဝန်ခေါ်ဖို့စီစဉ်တော့ ခဏစောင့်ပါဦးလို့ ဆက်ဖ်ဖီက ပြောခဲ့ပါတယ်။ သူ့မှာ ကိုယ်ဝန်ရှိမရှိ တရားဝင်မသိရသေးခင်အတွင်းမှာ ဆက်ဖ်ဖီဟာ အိမ်မှုကိစ္စတွေကို အားသွန်ခွန်စိုက် ပုံအောပြီးလုပ်တယ်။

သူတစ်ယောက်တည်းပဲ အိမ်စေအခန်းကို ဆေးသုတ်မယ်လို့ သူဆုံးဖြတ်တယ်။ နေ့စဉ်နေ့တိုင်း ရာဖေး အပြင်သွားတာနဲ့ တစ်ပြိုင်နက် သူဟာ ဒုတိယထပ်နဲ့ ခြောက်ထပ်ကြား တက်လိုက်ဆင်းလိုက်နဲ့ အလုပ်များတော့တာပဲ။ တက်ပြီးဆင်းပြီးဆိုရင်လည်း သူဟာ သုတ်ဆေးဘူး အလေးကြီးတွေကို သယ်သွားရှေ့ရှိပါတယ်။



အခန်းနီးချင်းတွေကတော့ သူတက်မယ် ဆင်းမယ်လုပ်နေတာကို သူတို့အခန်းတွေမှာ ရှိနေတဲ့ 'ချောင်းကြည့်ပေါက်' တွေကနေပြီး 'ချောင်း' ကြည့်တယ်။ ပြီးတော့ မျက်နှာတွေကို ရှုံ့မဲ့ပြီး တစ်ဖက်ကိုလှည့်သွားတယ်။ မဒမ်ဘာလန်ချီတစ်ယောက်တည်းကသာ ဆက်ဖ်ဖီ အတွက် စိုးရိမ်သောကမကင်း ဖြစ်နေတယ်။

မဒမ်ဘာလန်ချီကိုယ်တိုင်လည်း ငါးဆယ်တွင်းမှာ မြို့သွားခဲ့ရသူပါ။ ခမ်းဒါးဘက်ထရီအလုပ်ရုံမှာ အလုပ်လုပ်ရင်းနဲ့ ဓာတုပစ္စည်းတွေရဲ့ အခိုးအငွေ့တွေကို ရှူရှိုက်ခဲ့ရာက အဲဒီလို ဖြစ်သွားတာပါ။ သူဟာ အလွှန်နာမည်ဆိုးလွှန်းလို့ 'ငရဲတွင်း' လို့ နာမည်ပေးထားတဲ့ အဲဒီအလုပ်ရုံမှာ ဆယ့်ငါးလတိတိ အလုပ်လုပ်ခဲ့အပြီးမှာ မျိုးဆက်သစ်မထွန်းကားနိုင်တဲ့ဘဝကို ရောက်ရှိသွားခဲ့တာပါ။

မိန်းမငယ်လေးတစ်ယောက် ဓာတ်လှေကားနဲ့မတက်ဘဲ ဒုတိယထပ်နဲ့ ခြောက်ထပ်ကို ဆင်းလိုက် တက်လိုက် လုပ်နေတာရယ်၊ လောင်စာဆီကို အခြေခံပြီး ထုတ်လုပ်ထားတဲ့ သုတ်ဆေးနဲ့ တာပင်တိုင်ဆီအနံ့တွေကို အခန်းကျဉ်းကလေးထဲမှာ မိုးလင်းကမိုးချုပ် အဆက်မပြတ် ရှိုက်နေတာရယ်... အဲဒါတွေဟာ ဒီမိန်းကလေးအတွက် စိတ်ပူစရာတွေချည်းပါလားလို့ မဒမ်ဘာလန်ချီက တွေးတယ်။ ပြီးတော့ ဆက်ဖ်ဖီအတွက် အဆိုးဆုံးဖြစ်လာမှာကို စိုးရိမ်လာတယ်။

မဒမ်ဘာလန်ချီက ဒီမိန်းကလေးမှာ ကိုယ်ဝန်ရှိနေပြီလို့ မှန်းတယ်။ ဒါကြောင့်လည်း ပိုပြီးစိတ်ပူတယ်။ မှန်စီယာလီဗိတ်ချ်အနေနဲ့ သူ အပြင်သွားနေတုန်းမှာ သူ့ဇနီး မိန်းကလေး ဘာတွေလုပ်နေတယ်ဆိုတာ သိမှသိပါလေစ။

တစ်ရက်မှာ ဆက်ဖ်ဖီ သူ့ဆီရောက်လာတယ်။ မျက်နှာမှာလည်း မှုန်သွားဝင်နေတယ်။ လက်ထဲမှာလည်း ဂျာမန်-ပြင်သစ် အဘိဓာန်စာအုပ်ကိုင်လို့... ပြီးတော့ သူ့ကိုမေးတယ်။ အနီးဆုံး ဓာတ်ုပစ္စည်းရောင်းတဲ့ဆိုင် ဘယ်နားမှာ ရှိမလဲတဲ့။ မဒမ်ဘာလန်ချီဟာ ဆက်ဖ်ဖီကို ခြေဆုံးခေါင်းဆုံးကြည့်တယ်။ အခုလောက်ဆိုရင်တော့ ဒီမိန်းကလေးနဲ့ပတ်သက်ပြီး သူသိသင့်တာ သိလာပြီလို့ တွေးမိတယ်။

ကိုယ်ဝန်ရှိစ မိန်းမတစ်ယောက်အနေနဲ့ ဓာတုပစ္စည်း လိုချင်တာဟာ ဘာ့ကြောင့်လဲ။ မိခင်တစ်ယောက် ဖြစ်လာရမယ့်ဘဝကို စိတ်ရှုပ်လို့လား။ ဒါမှမဟုတ်ရင် လုံးဝ မိခင်တစ်ယောက်ဘဝကို မလိုလားလို့လား။ ဒီချောင်းခန်းခုထဲက တစ်ခုကြောင့်လား... နှစ်ခုစလုံးကြောင့်လား။ အင်း... ဒီမိန်းကလေးအပေါ်မှာ အဆောက်အဦစောင့်ကတော့ မလိုမလားရှိပုံ မရပါဘူး။ အထဲခတ်

www.burmeseclassic.com

www.burmeseclassic.com



ရတာကတော့ သူ့ရဲ့ မွေးလာမယ့်ကလေးအတွက် ရှစ်လတိတိကြိုပြီး အဝတ်အစား အပြည့်အစုံ လုပ်ထားမယ့်ပုံစံမျိုးလည်း မဟုတ်ပါဘူး။

ငါ ဘာလုပ်ရရင် ကောင်းမလဲလို့ မဒမ်ဘာလန်ချီ တွေးတယ်။ ငါ့ပုံပန်းနဲ့ အရွယ်အရာက သူ့ကို ခြောက်လှန့်လွှတ်လိုက်သလိုများ ဖြစ်သွားလေသလား။ နှောင်းမွန်းတည့်ချိန်မှာ ဒုတိယတစ်ခေါက် ဆင်းလာပြီး ပို့စာပေးစာတွေ လာယူလိမ့်မယ်။ အဲဒီအခါကျရင် အထဲခဏဝင်ထိုင်ဖို့ သူ့ကိုပြောရရင် ကောင်းမလား။ ပြီးတော့ အအေးလေးတစ်ဖန်ခွက်လောက် တိုက်လိုက်ရင် ကောင်းမလား။

ဒါပေမဲ့ သူက ငြင်းလိုက်ရင် မခက်ပေဘူးလား။ သူလာမေးတဲ့ ပစ္စည်းမျိုးတွေနဲ့ ရနိုင်တဲ့ ကုန်သေးကုန်မွှားဆိုင်ကို တခြားတစ်ယောက်က ညွှန်လိုက်ရင်ရော။ ငါ မွန်စီယာလီပိတ်ချ်နဲ့ စကားစမြည်ပြောရရင် ကောင်းမလား။ ပြီးတော့ ဒီကိစ္စ သူ့ကိုပြောပြလို့ သင့်ပါ့မလား။ နေပါဦး… 'ဒီကိစ္စ'ဆိုတာ ဘာလဲ။

သူ့မိန်းမမှာ ကလေးရှိနေပြီ။ သူသိမှာ သေချာတယ်။ သူ့မိန်းမက အခု ဇာထိုးအပ်တွေဝယ်ဖို့ ဆိုင်လိုက်ရှာနေတယ်။ အေးလေ… ဒီကိစ္စက ရာဇဝတ်မှုတစ်ခုတော့ မဟုတ်ပါဘူး။ ဒါက သဘာဝတစ်ခုပဲ။

သူ့မိန်းမရဲ့ မျက်လုံးထဲမှာ မြင်နေရတာကတော့ မရိုးသားသလိုပဲ။ အဲဒါမျိုးတွေက ငယ်ရွယ်တဲ့မိန်းကလေးတွေ ကိုယ်ဝန်ရှိစမှာ မြင်ရတတ်တယ်လေ။ ငါကတော့ တွေ့ဖူးပေါင်းများခဲ့ပြီ။ အလုပ်ရှင်သူဌေးဆိုတဲ့လူနဲ့ ခရီးထွက်သွားပြီး ပြန်ရောက်လာတဲ့အခါ ဒီကိစ္စမျိုးတွေကို မြင်ရတွေ့ရ ကြားရသိရတယ်။ ယုံချင်ယုံ မယုံချင်နေ၊ တွေ့ခဲ့ကြုံခဲ့ရတာတွေကတော့ဖြင့် အမှန်ပဲ"

မဒမ်ဘာလန်ချီဟာ ရှေးဟောင်းနှောင်းဖြစ်တွေကို စဉ်းစားရင်းနဲ့ အအေးတစ်ဖန်ခွက် ထပ်ထည့်ပြန်တယ်။ အဲဒီအချိန်မှာပဲ တကယ့်ဇာတ်လမ်းက ဖြစ်[illegible]ပါပြီ။ ဆက်ဖ်ဖီရယ်၊ ရေချိုးခန်းရယ်၊ အင်္ကျီချိတ်ရယ်၊ အဖြူရောင်အုတ်နံရံရယ်၊ နီနီရဲရဲ သွေးတွေရယ်၊ ရာဖေးရယ်။

အော်သံ၊ ဟစ်သံတွေ၊ တယ်လီဖုန်းဆက်သံတွေ၊ သူနာတင်ယာဉ်ဆေးရုံ၊ အရေးပေါ်အခန်း၊ သူနာပြုတွေ၊ လက်တွန်းလှည်းတွေ၊ ဆရာဝန်တွေ စမ်းသပ်စစ်ဆေးမှုတွေ၊ အရေးတကြီးဆွေးနွေးမှုတွေ၊ ပြီးတော့ ခေါင်းခါမှုတွေ။

✢ ✢ ✢



ရာဖေးရဲ့ ပါးတွေဟာ မျက်ရည်တွေနဲ့ စိုရွှဲနေတယ်။ ဆက်ဖ်ဖီပါးတွေကတော့ ခြောက်သွေ့နေတယ်။

ဆက်ဖ်ဖီရဲ့ ကြံ့စည်အားထုတ်မှုဟာ မအောင်မြင်ပါဘူး။ ရှုံးပါတယ်။ သူ့ခန္ဓာကိုယ်တွင်းမှာ ရှိနေတဲ့ ကလေးဟာ အသက်ရှင်နေတုန်းပါပဲ။ ဆက်ဖ်ဖီအနေနဲ့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မိခင်တစ်ယောက်တော့ ဖြစ်လာရတော့မှာပါ။

သူ့ယောက်ျား အမေရိကန်ပြည်ထောင်စုကို ထွက်သွားချိန်အထိ မစောင့်ဘဲ လုပ်လိုက်မိတဲ့အတွက် ဆက်ဖ်ဖီဟာ သူ့ကိုယ်သူ ဒေါသဖြစ်လို့မဆုံးပါဘူး။ သူ့ရဲ့ အိပ်မပျော်တဲ့ရောဂါဟာ တစ်ခါတလေ သူ့ကို အတွေးမမှန်အောင် ဟန့်တားထားတယ်ဆိုတာ သူနားလည်နေပါတယ်။

ရာဖေးဟာ သူ့ရဲ့ အလွန်အားနည်းနေတဲ့ ဇနီးကို ကလီချီက သူ့သူငယ်ချင်း မာတင်နဲ့ မာတင့်ဇနီး မစ်ချယ်လီတို့ လင်မယားလက်မှာ အပ်ထားပါတယ်။ သူတို့လင်မယားကလည်း ကိုယ်ချင်းစာတတ်ကြလေတော့ ဆက်ဖ်ဖီကို သူတို့ အစွမ်းကုန်ပြုစုပေးပါ့မယ်လို့ အာမခံကြပါတယ်။

သူတို့ရဲ့ သမီးအကြီးဆုံးဟာ အားရက် နားရက်မှာ သူ့ညီအစ်ကို မောင်နှမဝမ်းကွဲတွေနဲ့ အပန်းဖြေခရီးထွက်သွားပါတယ်။ အဲဒါကြောင့် ဆက်ဖ်ဖီကို သူတို့ရဲ့သမီးအခန်းမှာ ထားပေးကြပါတယ်။ အားလုံး အဆင်ပြေသွားမှာပါ… စိတ်ချပါနဲ့လို့ သူတို့က ရာဖေးကို ပြောကြတယ်။ အကူအညီလိုလာရင် သူတို့ကို အချိန်မရွေးခေါ်ပါတဲ့။ ဘာအတွက်မှ မပူပါနဲ့တဲ့။ ပလွေမှုတ်စရာရှိတာ မှုတ်ပါတဲ့။

✢ ✢ ✢

ရာဖေးဟာ သူ့သံစုံတီးဝိုင်းအဖွဲ့က အဖွဲ့ဝင်တွေနဲ့အတူ လေယာဉ်ပေါ်မှာ လိုက်ပါလာတယ်။ သူ့စိတ်မှာတော့ နက်နက်ရှိုင်းရှိုင်း ထိခိုက်နေပါတယ်။ ဆက်ဖ်ဖီ ဘာ့ကြောင့် ဒီအလုပ်မျိုး လုပ်လာလဲ။ သူနဲ့ လက်ထပ်ဖို့ [illegible] ဘာမှ သူနဲ့အတူတူရလာတဲ့ ကလေးကို ဘာပြုလို့ သတ်ချင်ရတာလဲ။ [illegible] ရှိလာရင် သူ့ကိုယ်ကာယအလှ ပျက်မှာစိုးရိမ်လို့လား။

အဲဒါမှမဟုတ်ရင်လည်း မကြာသေးခင်ကမှ သူ့ကိုယ်[illegible] သူငယ်ဘဝက လွှတ်လာခဲ့မို့ မိခင်တစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေကို [illegible] ကြောက်လို့လား စသည် စသည်ဖြင့် တွေးနေမိပါတယ်။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com

ဆက်ဖ်ဖီဟာ မျက်နှာကြက်ဆီကို ငေးကြည့်နေတယ်။ သူဟာ မိန်းမငယ်လေးတစ်ယောက်ရဲ့ အိပ်ရာပေါ်မှာ လဲလျောင်းနေတာပါ။ မိန်းမငယ်လေးရဲ့ အခန်းဆိုတော့ အခန်းက သေးလည်းသေး၊ ကျဉ်းလည်းကျဉ်းပါတယ်။ နံရံတွေပေါ်မှာတော့ ကိုးရိုးကားရားရေးဆွဲထားတဲ့ ပန်းချီကားစက္ကူတွေ ကပ်ထားပါတယ်။ စားပွဲနဲ့ ကုလားထိုင်တွေပေါ်မှာတော့ ကစားစရာအရုပ်တွေပါ။

အားရက် နားရက် ပိတ်ရက်မှာ ပင်လယ်ကမ်းခြေ တစ်နေရာကို ခရီးထွက်သွားတဲ့ ကလေးမက အခုမှ ရှစ်နှစ်သမီးပဲ ရှိပါသေးတယ်။ ရှစ်နှစ်သမီးဆိုတော့ ဆက်ဖ်ဖီနဲ့ တူပါတယ်။ အခု ဆက်ဖ်ဖီနဲ့တော့ မတူပါဘူး။ ဟိုး လွန်ခဲ့တဲ့ တစ်ချိန်က ရှစ်နှစ်သမီးအရွယ် ဆက်ဖ်ဖီနဲ့ တူတာပါ။

ဆက်ဖ်ဖီက မိုးလင်းက မိုးချုပ်အထိ အခန်းရဲ့ တရုတ်ကပ်မှန်တွေကို ပိတ်ထားပေးပါလို့ မေတ္တာရပ်ခံထားတယ်။

သူ့ဗိုက်ထဲက အရာဝတ္ထုကတော့ တစ်ရက်ပြီးတစ်ရက် ကြီးထွားလို့ လာနေပါပြီ။

+ + +

(၆)

၁၉၅၇ ခုနှစ်ရဲ့ ဆောင်းဦးပေါက်ကာလပါ။ 'ကမ္ဘာ့ဂြိုဟ်ကြီး'ဟာ အဆမတန်ကြီးမားတဲ့ သမုဒ္ဒရာကြီးတစ်ခုနဲ့ တူနေပါတယ်။ တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေတဲ့ ဖြစ်ရပ်ပေါင်းစုံကြောင့် သမုဒ္ဒရာကြီးပေါ်မှာ လှိုင်းတံပိုးတွေဟာ လှုပ်ရှားထကြွနေကြပါတယ်။ ဖြစ်ပျက်နေတာတွေကလည်း ကောင်းတာတွေပါသလို ဆိုးတာတွေလည်း ပါပါတယ်။ အဲဒီလို အခြေအနေတွေ ပေါ်ပေါက်နေချိန်မှာ ရာဖေးနဲ့ ဆက်ဖ်ဖီတို့ရဲ့ ဘဝအခြေအနေဟာတော့ဖြင့် ဘာမှမဖြစ်သလိုပါပဲ။

ရာဖေးဟာ သူ့မိန်းမရဲ့မျက်နှာကို စိုးရိမ်မကင်းဖြစ်တဲ့စိတ်၊ ချစ်ခင်မြတ်နိုးတဲ့စိတ်နဲ့ အရိပ်တကြည့်ကြည့်နေတာပါ။ ဆက်ဖ်ဖီကတော့ သူ့လို မဟုတ်ပါဘူး။ သူ့အာရုံဟာ သူ့ရဲ့အတွင်းစိတ်ပေါ်မှာပဲ ရှိပါတယ်။ ဒါပေမယ်လို့ သူတို့နှစ်ဦးစလုံးရဲ့ဘဝဟာ နောက်ပိုင်းမှာ အဆမတန် ရိုက်ခတ်လာနေတဲ့ လှိုင်းလုံးကြီးတွေကြားထဲ ရောက်ရောက်သွားပါတယ်။ တစ်ခါတလေကျတော့လည်း မျောပါသွားတတ်ပါတယ်။ တစ်ခါတစ်ရံကျတော့လည်း နှစ်ဦးစလုံးဟာ ပတ်ဝန်းကျင်မှာ ဖြစ်နေတဲ့ လှိုင်းလေတွေကိုကြည့်ပြီး စိတ်မောလူမော ဖြစ်ရရုံတင် မကပါဘူး၊ ကြောက်လန့်ခြင်း၊ ချောက်ချားခြင်း စတာတွေကိုလည်း ခံစားကြရပါတယ်။

ဥပမာ ဆိုပါတော့။ ဇန်နဝါရီလထဲမှာ တိတ်တဆိတ်ကြိတ်ပြီး လုပ်ခဲ့တဲ့ ပြင်သစ်နိုင်ငံရဲ့ ရှမ်ပိန်စစ်ဆင်ရေး။ အဲဒီ စစ်ဆင်ရေးမှာ ပြင်သစ်လူငယ်[illegible] များများကို အတင်းအကျပ် စစ်မှုထမ်းခိုင်းခဲ့တယ်။ အယ်လ်ဂျီးရီးယားနိုင်ငံကို [illegible]တယ်။ လူတွေကို ဘယ်လိုနှိပ်စက်ရမလဲဆိုတာ သင်ပေးတယ်။ [illegible] သတ်ဘယ်နမကင်းသူတွေ၊ မိမိတို့ကို ဆန့်ကျင်လိမ့်မယ်လို့ ယူဆသူတွေ [illegible] တိုင်းရင်းသားတွေကို ရက်ရက်စက်စက်နှိပ်စက်ဖို့ သင်[illegible]။ လူငယ်တွေအနေနဲ့ အများစုကတော့ စိတ်မပါကြဘူး။ ဒါပေမဲ့ [illegible]တော့လည်း သုံးကြရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com





အဲဒီကာလ အတောအတွင်းလောက်မှာပဲ ဂျာမန်ပြည်ထောင်စု သမ္မတနိုင်ငံဟာ ဥရောပနိုင်ငံတွေထဲမှာ စီးပွားရေးအဖွံ့ဖြိုး အတိုးတက်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာတယ်။ တရုတ်နိုင်ငံရဲ့ခေါင်းဆောင် မော်စီတုံးကလည်း သူ့နိုင်ငံ တိုးတက်ရေးအတွက် 'ရှေ့သို့ မဟာခြေတစ်လှမ်း' ဆိုတဲ့ မူဝါဒချမှတ်ပြီး လုပ်ဆောင်လာပါတယ်။

ဒီအချိန်မှာပဲ ရုရှားနိုင်ငံက '**စပွတ်နစ် ၁**' အာကာသယာဉ်ကို စကြဝဠာကမ္ဘာပတ်လမ်းကြောင်းထဲ လွှတ်တင်လိုက်ခြင်းအားဖြင့် ခေတ်သစ်တစ်ခုရဲ့ အခန်းကဏ္ဍကို ဖွင့်လှစ်လိုက်ပါတယ်။ အဲဒီကာလမှာပဲ အမေရိကန်သမ္မတ အိုက်ဆင်ဟောင်ဝါဟာ 'ဗီယက်နမ်' ဆိုတဲ့ နိုင်ငံကို လှမ်းကြည့်နေတဲ့အချိန်ပါ။

✣ ✣ ✣

အဲဒီဖြစ်ရပ်တွေ အရေးအခင်းတွေဟာ ရှုဒီစိန့်လမ်း(စိန့်လမ်း)မှာနေကြတဲ့ လီပိတ်ချ်ဖနီးမောင်နှံဆီကို စုံစုံလင်လင် သတင်းမရောက်ပါဘူး။ ရာဖေးအနေနဲ့ သူ့အဖေ လီတမ့်စ်သတင်းစာ ဝယ်လေ့ရှိသလို နေ့စဉ်နေ့တိုင်း လီမန်ဒီသတင်းစာကို ဝယ်တယ်။ ဟိုလှန် သည်လှန်ပြီး သတင်းခေါင်းစည်းတွေကို ကြည့်တယ်။ အကျအန စိတ်ပါလက်ပါ ဖတ်တယ်ဆိုတာ မရှိသလောက်ပဲ။

ဆက်ဖ်ဖီကျတော့ရော ပိုလို့တောင်ဆိုးသေးတယ်။ လတ်တလော ဖြစ်ပျက်နေသမျှ အရာတွေအပေါ်မှာ အရူးအမူးစိတ်ဝင်စားတတ်တဲ့သူ မဟုတ်ပါဘူး။ တကယ်တော့လည်း သူတို့နှစ်ဦးစလုံးဟာ ကိုယ့်အကြောင်းနဲ့ကိုယ် ကိုယ့်ရဲ့ဘဝဖြစ်တည်မှုနဲ့ ရပ်တည်မှုကလွဲလို့ တခြားဖြစ်ရပ်တွေအပေါ် သိပ်ပြီးအာရုံမစူးစိုက်တတ်တဲ့ အလေ့အထ ဖြစ်နေကြတာပါ။

ဆက်ဖ်ဖီစိတ်ကတော့ သူ့ရဲ့ ခံစားမှုကလွဲပြီး တခြား ဘယ်ကိုမှမရောက်ဘူး။ အလုံပိတ်ထားတဲ့ ပစ္စည်းတစ်ခုနဲ့ တူပါတယ်။ အထူးသဖြင့် သူ့ပုလဲလုံးကလွဲပြီး တခြား ဘာကိုမှ မသိမမြင် စိတ်ဝင်စားမှုမရှိတဲ့ ခရုကမာကောင်တစ်ကောင်နဲ့ သိပ်တူပါတယ်။

ရာဖေးရဲ့ စိတ်နေသဘောထားကလည်း ထူးမခြားနားပါပဲ။ သူ့ဦးနှောက်ဟာ သူ့မိန်းမ ကိုယ်ဝန်သည်နဲ့ သူ့ရဲ့ ညပိုင်းသံစုံတီးဝိုင်းတွေပေါ်မှာပဲ တစ်လှည့်စီ ကျက်စားနေတာပါ။ အဲဒီ နှစ်မျိုးကလွဲပြီး တခြားဟာတွေအပေါ် စိတ်ဝင်စားအောင် ကြိုးစားအားထုတ်လေ့ မရှိပါဘူး။

အဲဒီလိုနဲ့ပဲ… အောက်တိုဘာ (၁၇)ရက်နေ့မနက်… သူတို့ အိပ်ရာထနိုးလာကြတဲ့အခါမှာ အခန်းမီးတွေလည်း ဖွင့်လို့မရဘူး။ ဓာတ်ငွေ့မီးဖိုလည်း သုံးလို့မရဘူး။ သူတို့နဲ့ ကိုက်တစ်ရာ့ငါးဆယ်အကွာ အိုးဒီယွန်လမ်းဆုံဘက်က မော်တော်ကားတွေ ကြောက်စရာကောင်းလောက်အောင် ပိတ်ဆို့ကုန်လို့ အဆက်မပြတ် ဆူညံနေတဲ့ အသံတွေကိုလည်း ကြားနေရပါတယ်။ အဲဒီအခါမှာ သူတို့အိမ်မယားဟာ ဘာ့ကြောင့် ဘယ်လိုဟာတွေဖြစ်နေတာလဲဆိုတာ မသိကြတော့ဘူး။

သူတို့ဟာ လွန်ခဲ့တဲ့ သီတင်းပတ်အနည်းငယ်အတွင်းက လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီမှာ ဖြစ်နေတဲ့ မကျေနပ်မှုတွေနဲ့ မပြေလည်မှုတွေအကြောင်းကို မသိကြ၊ မကြားကြဘူး။ အဲဒီ အောက်တိုဘာ (၁၇)ရက်နေ့ရဲ့ နောက်ပိုင်းမှာ ကမ္ဘာ့နိုဗယ်လ်ဆု ကော်မတီက ကမ္ဘာ့စာရေးဆရာ အဲလ်ဘတ်ကမူးကို စာပေနိုဗယ်လ်ဆုပေးဖို့ ဆုံးဖြတ်လိုက်ပြီဆိုတဲ့သတင်း ထွက်လာပါတယ်။

အဲဒီသတင်း ကြားရပြန်တော့လည်း အဲဒီ ရွေးချယ်မှုရဲ့ နိုင်ငံရေးဆိုင်ရာ အနက်အဓိပ္ပာယ်ကို သူတို့ မမြင်ကြ၊ မသိကြပြန်ပါဘူး။ သူတို့အနေနဲ့ အမှုမဲ့ပတ်သက်လို့ ဘာဆို ဘာမှ မသိကြပါဘူး။ သူ့စာအုပ်တွေထဲက စာကြောင်းတစ်ကြောင်းကိုတောင်မှ မဖတ်ဖူးခဲ့ကြပါဘူး။ နောက်ဆုံး ကုန်ကုန်ပြောရရင် အဲလ်ဘတ်ကမူးဟာ အယ်လ်ဂျီးရီးယားနိုင်ငံမှာ မွေးဖွားကြီးပြင်းခဲ့ရတဲ့ ပြင်သစ်အမျိုးသားလောက်ဆိုတဲ့ အချက်ကိုတောင်မှ မသိကြပါဘူး။

✣ ✣ ✣

ဆက်ဖ်ဖီရဲ့ ကိုယ်ဝန်ဟာ အခြေအနေ သိပ်မကောင်းဘဲ ဆက်ပြီး သွားနေပါတယ်။ သူတို့နှစ်ဦးစလုံးရဲ့ စိတ်ထဲမှာ အမြဲတစေရှိနေတာကတော့ အဲဒီ အချက်ပါပဲ။

✣ ✣ ✣

ပထမလေးလအတွင်းမှာ ဆက်ဖ်ဖီဟာ ကိုယ်အလေးချိန် တက်မလာဘူး။ အစားကိုလည်း ဟုတ်တိပတ်တိမစားပါဘူး။ ရာဖေးက သူ ဘာ[illegible] ကြိုက်သလဲဆိုတာ မေးတယ်။ စားချင်အောင် ပြောတယ်။ စာတို့ တို့[illegible] နေပါဘူး။ အာဟာရဖြစ်နိုင်မယ့် အစားအစာဆိုလို့ ဘာတို့မှ [illegible] မစားဘူး။

အဲဒီတော့ကာ ဗိုက်ထဲက ကလေးက သူ့အခြေခံ အရိုးတွေကိုစပြီး

www.burmeseclassic.com

www.burmeseclassic.com



စားတော့တာပေါ့။ ဆက်ဖ်ဖီရဲ့ အရောင်အသွေးဟာ အရင်ကလို မတောက်ပြောင် တော့ပါဘူး။ သူမျက်နှာပေါ်က အသားအရေတွေဟာလည်း ခြောက်ခန်းကျပါပြီ။ အဲဒီတော့ ဆက်ဖ်ဖီရဲ့အလှဟာ ကွယ်ပျောက်သွားပါတယ်။ မျက်ကွင်းတွေက လည်း ညိုလာတယ်။ သွားဖုံးတွေကလည်း သွေးတွေထွက်လာတယ်။ ခွန်အားဟာ သူ့ဆီက ခွာသွားနေပါပြီ။

ဆက်ဖ်ဖီဟာ ရှုဒီဘူစီလမ်း(ဘူစီလမ်း)ဘက်ကို ဈေးဝယ်မထွက်တော့ပါ ဘူး။ ချက်တဲ့ပြုတ်တဲ့ အလုပ်ကိုတောင်မှ မလုပ်တော့ပါဘူး။ အသားငါးတွေကို မြင်ရုံနဲ့ အော်ဂလီဆန်လာတတ်ပါတယ်။ ရာဖေးလည်း သူ့ရဲ့ လူပျိုဘဝက ကျင့်သုံး ခဲ့တဲ့ပုံစံအတိုင်း ပြန်ပြီးနေရတဲ့ဘဝကို ရောက်သွားခဲ့ပါတယ်။ နေ့စဉ်နဲ့အမျှ အခန်း မှာပဲဖြစ်ဖြစ် အနီးအနားက စားသောက်ဆိုင်တွေမှာပဲဖြစ်ဖြစ် တစ်ယောက်တည်း စားသောက်နေရတဲ့အဖြစ်နဲ့ ရင်ဆိုင်နေရပါတယ်။

တစ်ဖက်မှာကျတော့လည်း ဆက်ဖ်ဖီဟာ အိမ်မှုကိစ္စတွေကို မရပ်မနား လုပ်နေရပါတယ်။ သူလုပ်ကိုင်နေတာတွေကို ကြည့်လိုက်ရင် အလွန်စိတ်မောစရာ ကောင်းပါတယ်။ မာရီယာ ဖီးလစ္စနဲ့တုန်းက ရာဖေးရဲ့ ညပ်ဖိနပ်ကို ထားနေကျ နေရာမှာပဲ ထားပေးလေ့ရှိပါတယ်။ ရာဖေး အလွန်နှစ်သက်တဲ့ ပက်လက်ကုလား ထိုင်ရဲ့ အောက်နားမှာ ချထားပေးလေ့ရှိပါတယ်။

နောက်တစ်နေ့ကျလို့ သူ့ညပ်ဖိနပ်ကို စီးချင်ရင် အဲဒီနေရာမှာ သွားရှာ ချက်ချင်းတွေ့ပါတယ်။ ဆက်ဖ်ဖီကျတော့ ပစ္စည်းတိုင်းကို ဝေးရာနေရာတွေဆီ ပစ်တတ်ပါတယ်။ တစ်ခါတလေများ လိုချင်တဲ့ပစ္စည်းကို လွယ်လွယ်နဲ့ ရှာမရလို့ ဆက်ဖ်ဖီဆီ အကူအညီတောင်းပြီး ရှာခိုင်းရပါတယ်။

အဲဒီအဖြစ်တွေကိုကြည့်ပြီး ထိတ်လန့်အံ့သြနေရတဲ့ ရာဖေးဟာ တစ်ရက် မှာ မာတင့်ကို မေးပါတယ်။ မာတင့်မိန်းမ မစ်ချယ်လီ ကိုယ်ဝန်ရှိတုန်းက အခု ဆက်ဖ်ဖီလုပ်သလို ဟာမျိုးတွေ လုပ်သလားလို့။ မာတင်ပြောတာက အဲ လို မလုပ်ဘူးတဲ့။ သူမှတ်မိသလောက် ပြောရရင် ဆက်ဖ်ဖီလုပ်သလိုဟာမျိုးတွေ လုံးဝလုပ်တာ မတွေ့ဘူးတဲ့။

ညပိုင်း သူအိမ်ပြန်ရောက်လာတဲ့အခါမှာ ဆက်ဖ်ဖီဟာ မီးဖိုခန်းထဲက စားပွဲမှာ မီးမဖွင့်ဘဲ မှောင်ကြီးမည်းမည်းထဲ မလှုပ်မခြောက် ထိုင်ထိုင်နေတာကို တွေ့ရတတ်ပါတယ်။ အဲဒီအဖြစ်ကို မြင်ရတော့လည်း ရာဖေးဟာ ကြောက်စိတ် လန့်စိတ် ဝင်ရပါတယ်။

✣ ✣ ✣



အဆိုးဆုံးဖြစ်လာတာကတော့ တခြားမဟုတ်ဘူး၊ ဆက်ဖ်ဖီက သူ့အိပ်ရာ ထဲမှာ သူနဲ့အတူ မအိပ်နိုင်ပါဘူးလို့ ပြောနေတဲ့ကိစ္စပဲ။ ဆက်ဖ်ဖီ ဆင်ခြေပေးတာ က သူ့မှာ အိပ်မပျော်တဲ့ရောဂါ ရှိနေတယ်တဲ့။ သူ အိပ်မပျော်တော့ ရာဖေး ကောင်းကောင်းအိပ်ရမှာ မဟုတ်ဘူးတဲ့။ ပြီးတော့လည်း ရာဖေးမှာ ပလွေမှုတ် လေ့ကျင့်ရမှာ ရှိတယ်တဲ့။ သူရှိနေရင် လေ့ကျင့်နိုင်ဖို့ မလွယ်ဘူးတဲ့။

ဆက်ဖ်ဖီဟာ တိုက်ခန်းရဲ့ အစွန်းတစ်ဖက်မှာရှိနေတဲ့ စာကြည့်ခန်းထဲ ရွှေ့သွားတယ်။ အဲဒီအခန်းထဲမှာ ခေါက်ခုတင်တစ်လုံးချပြီး အိပ်တယ်။ ကြုံရတဲ့ အဖြစ်ကို မယုံကြည်နိုင်လောက်အောင် ဖြစ်နေရတဲ့ ရာဖေးဟာ ခေါင်းတခါခါ ဖြစ်နေရှာတယ်။ လက်ထပ်ပြီး သုံးလကြာခါမှ သူတို့လင်မယား ခွဲအိပ်နေကြရသတဲ့။

တစ်မနက်ခင်းမှာ ရာဖေးဟာ စာကြည့်ခန်းထဲ ဝင်လာတယ်။ သူဝင်လာ ချိန်မှာ ဆက်ဖ်ဖီဟာ ရေချိုးခန်းထဲရောက်နေတယ်။ ရာဖေးဟာ ဆက်ဖ်ဖီရဲ့ အိပ်ရာခင်းအောက်က ထိုးထွက်နေတဲ့ ပစ္စည်းတစ်ခုကို မြင်လိုက်တော့ ခုတင်နား အထိ လျှောက်သွားပြီး ပစ္စည်းကို ဆွဲယူလိုက်တယ်။ ကြည့်လိုက်တော့ အမွေးဖွား နယ်လ်ခွေးကလေးတစ်ကောင်ရဲ့ အစာသွတ်ထားတဲ့ ခြေထောက်ကလေးတစ်ဖက် ဖြစ်နေတယ်။

အဲဒီတုန်း မြန်မြန်ခဲ့ ဆက်ဖ်ဖီ အခန်းထဲပြန်ဝင်လာတယ်။ ဒေါသတကြီး နဲ့ခုန်ပြီး ရာဖေးလက်ထဲက ပစ္စည်းကို လုယူတယ်။

'အခုချက်ချင်း ပြန်ပေး'

အော်ပြောလိုက်တဲ့ အသံပါ။ ရာဖေးဟာ အံ့အားသင့်နေတယ်။ ပစ္စည်း ကိုလည်း ပြန်ပေးလိုက်ပါတယ်။

'ဆက်ဖ်ဖီ… အဲဒါ ဘာလဲ'လို့ ရာဖေးက လေသံတိုးတိုးနဲ့ မေးတယ်။

'အဲဒါ ကျွန်မပစ္စည်း'လို့ ဆက်ဖ်ဖီက သံကုန်ဟစ်ပြီး အော်ပြောတယ်။ တစ်ကိုယ်လုံးလည်း တုန်နေတယ်။ ဒါပေမဲ့ ခဏကြာတော့ သူ့အဖြစ်ကို ပြန်ပြီး သတိထားမိသွားပုံရတယ်။ 'ဘာမှမဟုတ်ပါဘူး။ ကစားစရာလေးပါ။ ကျွန်မ ငယ်ငယ် ကလေးဘဝတုန်းက ကစားခဲ့တဲ့ပစ္စည်း။ အဲဒါကြောင့်ပါ။ ကျွန်မ ခင်နေသည်းပါတယ်'လို့ ထပ်ပြောတယ်။

'ဒါပေမဲ့ အဲဒါ ဘာလဲ'

'ကျွန်မ ရူးခဲ့တာပါ၊ ရှင်က ကျွန်မကို ပြောင်မှာ'

'အိုကွာ… ဆက်ဖ်ဖီကလည်း၊ ကိုယ် မင်းတို့ [illegible] အခဲ့တာ သိသားနဲ့'

www.burmeseclassic.com



ဆက်ဖ်ဖီဟာ သူ့ပစ္စည်းကို ခေါင်းအုံးအောက် ထိုးထည့်ထားလိုက်တယ်။ အိပ်ရာကို ကပျာကယာ ပြန်ပြီးခင်းလိုက်တယ်။

'ကဲ... လာ... ကော်ဖီဖျော်ပေးမယ်'

✢ ✢ ✢

အဲဒီစကားတစ်ခွန်းဟာ ဆောင်းဦးပေါက်ကာလတစ်လျှောက်လုံး သူတို့နှစ်ဦးကြားမှာ ပြောခဲ့တဲ့ 'အရှည်ဆုံးစကား'ဖြစ်လိမ့်မယ်လို့ ယူဆရပါတယ်။

မှန်ပါတယ်။ သူတို့ချင်းကြားမှာ စကားပြောတာ နည်းနည်းလာပါတယ်။ ဆက်ဖ်ဖီရဲ့ နှုတ်ဆိတ်မှု(စကားနည်းမှု)ဟာ ရာဖေးက ဆက်ဖ်ဖီကို ချစ်လာရတဲ့ အကြောင်းတွေထဲမှာ အကြောင်းတစ်ကြောင်း ဖြစ်ချင်လည်း ဖြစ်မှာပါ။

ဒါပေမယ်လို့ အခုအနေအထားက ဆက်ဖ်ဖီဟာ သူ့ဇနီး ဖြစ်နေပါပြီ။ ပြီးတော့ သူ့ရင်သွေးကိုတောင်မှ လွယ်ထားနေရပါပြီ။ ဟိုတုန်းကနဲ့တော့ မတူတော့ပါဘူး။ အဲဒီတော့ကာ ဟိုတုန်းက ပုံစံအတိုင်း အမြဲတစေ စကားနည်းနေခြင်းဟာ ကောင်းပါ့မလား။ ဘာ့ကြောင့်များ အခုအချိန်အထိ ဒီလိုလုပ်နေရတာလဲ၊ ရာဖေးရဲ့ စိတ်ထဲမှာ ဘဝင်မကျဖြစ်နေရပါတယ်။

သူ့သူငယ်ချင်း မာတင်နဲ့ မစ်ချယ်လီတို့ လင်မယားက သူ့ဇနီး ဘယ်လိုနေလဲ၊ နေကောင်းရဲ့လားလို့ မေးကြတယ်။ သူပေးတဲ့ အဖြေတွေက သိပ်ပြီး ရှင်းလင်းပြတ်သားမှု မရှိဘူး။ 'သူ ဘယ်လိုနေသလဲဆိုတာ တွေ့ရမှာပါ' ဆိုတဲ့ အဖြေမျိုးပဲ ပေးလေ့ရှိတယ်။

'ကိုယ်ကတော့ အရာရာတိုင်းဟာ အဆင်ပြေသွားလိမ့်မယ်လို့ပဲ ယုံကြည်ထားတာပဲ' လို့ တစ်ရက်မှာ တယ်လီဖုန်းနဲ့ မစ်ချယ်လီကို ပြောတယ်။ ဒါပေမဲ့ လောလောဆယ်မှာတော့ ဆက်ဖ်ဖီဟာ မကြာမကြာ ငေးငေးမှိုင်မှိုင်နေလေ့ရှိတယ်။ သူ့ကိုကြည့်ရတာ သိပ်ပြီး စိတ်ဓာတ်ကျနေသလိုပဲ'

'သူ့မှာ လျှို့ဝှက်ထားရမယ့် ဝမ်းနည်းစရာများ ရှိနေလို့လားမှ မသိတာ' လို့ မစ်ချယ်လီက ပြောတယ်။ 'စစ်အတွင်းတုန်းက နို့စို့ကလေးတစ်ယောက် သေတာကို သူ မြင်ဖူးချင် မြင်ဖူးခဲ့မှာပေါ့။ ကိုယ်ဝန်ရှိလာတော့လည်း ဖြစ်ခဲ့ပျက်ခဲ့တာတွေထဲက ဆိုးတဲ့အပိုင်းတွေဟာ ပြန်ပေါ်လာတတ်တယ်။ သူ မကြာမကြာ ငိုတတ်သလား ဟင်'

'မငိုတတ်ဘူး' လို့ ရာဖေးက ဆံပင်မရှိတဲ့ သူ့ခေါင်းကို ပြောင်နေအောင်



...ပ်ကို ကွယ်ရင်းနဲ့ပြောတယ်။ 'ကိုယ်တော့ သူငိုတာ လုံးဝမမြင်ခဲ့ဖူးဘူး၊ ဟုတ်...ယ်၊ တစ်ခါမှကို မမြင်ခဲ့ဖူးဘူး'

✢ ✢ ✢

ရာဖေးဟာ ကလေးမွေးလာမယ့်ရက်ကို တွက်ချက်ကြည့်တယ်။ မတ်လ...မှာ မွေးလိမ့်မယ်လို့ သူခန့်မှန်းတွက်ချက်လို့ ရတယ်။ ဘာပဲဖြစ်ဖြစ် သူတို့...ဦးကြားမှာ အစစအရာရာ အဆင်ပြေနေအောင် လုပ်ထားနိုင်ဖို့ သူ့ဘက်က ...ထားတယ်။ ပြီးတော့ တွက်သင့်တွက်ထိုက်တာတွေကိုလည်း တွက်ကြည့်တယ်။

သူ့အမြင်မှာ ရှင်းနေတာတစ်ခုက မသိနိုင်တဲ့ အကြောင်းတစ်ခုခုကြောင့် ...က်ဖ်ဖီဟာ ကလေးရှိလာတာကို ကြောက်နေတယ်လို့ ယူဆတယ်။ ဒါပေမဲ့ ...န့်ကျလို့ ကလေးမွေးလာရင်တော့ တကယ်စစ်မှန်တဲ့အဖြစ်နဲ့ ရင်ဆိုင်ရတာပဲ။ ...ဒါဆိုရင်တော့ ကိုယ်မွေးထားတဲ့သားကို မချစ်တဲ့ အမေဆိုတာ ရှိနိုင်ပါ့မလား။ ...ဒီအချိန်ကစပြီး အရာရာတိုင်းဟာ ပိုပိုပြီး ကောင်းလာဖို့ပဲရှိတယ်။ **သူတို့အနေနဲ့ ...ာင်းလာအောင်လည်း ဖန်တီးကြရမှာပဲပေါ့။**

အခုအတောအတွင်းမှာတော့ဖြင့် ဆက်ဖ်ဖီရဲ့ ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှု...ကို သည်းခံခွင့်လွှတ်နေရဦးမှာပဲ။ သူ့ရဲ့ ဆင်းရဲဒုက္ခကြောင့် ရူဒီစိန့်လမ်း... တိုက်ခန်းထဲမှာကတော့ ပျော်ရွှင်မှုဆိတ်သုဉ်းနေရတာပေါ့။ တိုက်ခန်းရဲ့ ...ခန်းကျဉ် လေထုထဲမှာကလည်း အဆိပ်သင့်နေသလို ဖြစ်နေတာ အမှန်ပဲ။ ...အနေနဲ့ ညစ်ညမ်းပျက်စီးနေတဲ့ လေကို အမြဲတစေ ရှူနေနိုင်ဖို့ဆိုတာကရော ...ဉ်မှာ ဖြစ်နိုင်ပါ့မလား။

ရာဖေးဟာ သူ့ရဲ့ သံစုတ်ိးဝိုင်းအဖွဲ့ပိုင် ရုံးကိုသွားပြီး ပလွေမှုတ်လေ့ကျင့်...တယ်။ ညတိုင်းလိုလို အိမ်အပြန်နောက်ကျပါတယ်။ ဒီကိစ္စတစ်ခုတည်းကြောင့်...ာ ဟုတ်မှဟုတ်ရဲ့လား။ တခြားမိန်းမတွေနဲ့များ... မဟုတ်ပါဘူး ...ာင်မှ သူ့ခေါင်းထဲ ဝင်မလာပါဘူး။

အမှန်တော့ သူ ဆက်ဖ်ဖီကို လက်ထပ်ခဲ့တာဟာ ချစ်လို့ပါ၊ ...စိတ်ဟာ အခုထက်ထိ ရှိနေဆဲပါ။ သူနဲ့ရထားတဲ့ ကိုယ်ဝန်ကို ...လားဆိုတဲ့ အသိကလည်း ရာဖေးရဲ့စိတ်ကို ကြည်နူးလှုပ်ရှား... ...ရယ်လို့ တစ်ခုပဲရှိပါတယ်။ တခြားမဟုတ်ပါဘူး ဆက်ဖ်ဖီရဲ့ ကိုယ်စိတ် ...ဆင်းရဲမှုကို ဘယ်လိုမှ ကူညီဖြေရှင်းမပေးနိုင်တဲ့ ...

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com



ရက်တွေဟာ တစ်ရက်ပြီးတစ်ရက် ကုန်သွားနေပါတယ်။ တစ်နှစ်တာ ကာလအတွင်းမှာ နေ့တာအတိုဆုံးရက်တွေပါ။ ဒါပေမဲ့ ဖြည်းဖြည်းချင်း ကုန်သွားနေတာပါပဲ။ ရှည်လျားတဲ့ညတွေဟာလည်းပဲ အတူတူပါပဲ။ ကုန်ဆုံးသွားနေတာပါပဲ။

တစ်ညခင်းမှာပါ။ သူတို့ညစာစားနေတုန်း (ညစာကလည်း ရာဖေးကိုယ်တိုင် စီစဉ်ပြီး သူနှစ်သက်ရာကို စိတ်တိုင်းကျ စီစဉ်ချက်ပြုတ်ထားတာပါ။ ဆက်ဖ်ဖီက ဆီနံ့ကို လုံးဝမခံနိုင်လို့ မချက်တာ ကြာပါပြီ။ ဆက်ဖ်ဖီအတွက်က ထောပတ်မပါတဲ့ ဘီစကွတ်မုန့်နဲ့ သကြားမပါတဲ့ လက်ဖက်ရည်ပါ) တယ်လီဖုန်း မြည်လာပါတယ်။

ရာဖေးက တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပါတယ်။

'ဟာ… **မမေ**'

သူ့ကိုယ်သူ မထိန်းနိုင်ပါဘူး။ အမေ့အသံကြားလိုက်တော့ သူ့နှလုံးသားဟာ ကလေးသူငယ် ပေါက်စလေးစိတ် ဝင်သွားပါတယ်။

'အေး… ဟုတ်တယ်'လို့ ပြောပြီး တစ်ခဏလောက် ငြိမ်နေတယ် ပြီးတော့မှ ဟော်တင်ဆီထရာလာ လီဗိတ်ချ်ရဲ့အသံကို ဆက်ကြားရပါတယ်။

'သား နေကောင်းရဲ့လား'

'ကောင်းတယ်… ကောင်းတယ်'လို့ ရာဖေးက ပြန်ပြောတယ်။

တကယ်လို့ စားသောက်ခန်းထဲမှာ ဆက်ဖ်ဖီ မရှိသည့်တိုင်အောင် သူ့လက်ရှိအခြေအနေကို အမှန်အတိုင်းပြောပြဖို့ မလွယ်ပါဘူး။ ဂျာမန်အိမ်စေ အမျိုးသမီးကို လက်ထပ်ပြီး ခြောက်လအကြာမှာ ဖြစ်ပျက်လာနေတဲ့ လူ့ဘဝဖော ကြောင်းဟာ ပြောလို့ သိပ်မကောင်းလှဘူး မဟုတ်လား။ အဲဒီတော့ 'ကောင်းတယ်၊ ကောင်းတယ်'ပဲ ပြောရတာပေါ့။

'မင်း ခရစ္စမတ်ပွဲကို လာမယ်မဟုတ်လား'တဲ့။ ဟော်တင်ဆီ က ဆက်ပြောနေတယ်။ သူ့အသံထဲမှာ ယဉ်ကျေးသိမ်မွေ့မှုဟာ ပါနေတယ်။ ပြီးတော့ ရှက်တဲ့စိတ်နဲ့ စိုးရိမ်မကင်းဖြစ်နေတဲ့စိတ်။ သူ့ဆီက မလာနိုင်ဘူးလို့ ပြောလိုက်မှာကို စိုးရိမ်နေတယ်ဆိုတာ ရာဖေး သိနေပါတယ်။

'ခရစ္စမတ်ပွဲ ဟုတ်လား'လို့ ရာဖေးက မသိသလိုလုပ်ပြီး ထပ်ပြောလိုက်ပါတယ်။ သူ့အနေနဲ့ စဉ်းစားနိုင်ဖို့ အချိန်ယူတာပါ။

သူတို့ သားအမိရဲ့ ဘဝတစ်လျှောက်လုံးမှာ ခရစ္စမတ်နေ့ဆိုရင် မအေနဲ့



သား ခွဲမနေကြပါဘူး။ နှစ်ဦးသား အတူတူပဲ အချိန်ကုန်ခဲ့ကြတာပါ။ သူ့ကို မွေးဖွားရာ ဇာတိမြို့က ကျောင်းတွေကို ရာဖေး ပြန်ပြီးသတိရမိပါတယ်။ သူ့မိဘနှစ်ပါးဟာ ပရိသတ်ထဲမှာ ထိုင်နေကြပါတယ်။ စင်ပေါ်မှာ ပလွေမှုတ်နေတဲ့ သားမျက်နှာကို အားတက်သရောနဲ့ လှမ်းမျှော်ကြည့်နေကြပါတယ်။

အဲဒီအဖြစ်ဟာ နှစ်စဉ်ကြုံခဲ့ရတာပါ။ တစ်နှစ်မှ ပျက်ကွက်မသွားခဲ့ပါဘူး။ သူ ဖြေဖျော်ပြီးလို့ စင်ပေါ်ကဆင်းလာပြီး မိဘတွေဆီ ရောက်သွားတဲ့အခါတိုင်း သူ့အမေရဲ့ ပါးနှစ်ဖက်မှာ မျက်ရည်တွေနဲ့ ဖုံးလွှမ်းနေလေ့ရှိပါတယ်။

ရုတ်တရက် ချက်ချင်း အဖြေမပေးဘဲ အခုလိုကြီး တိတ်ဆိတ်နေတာဟာ ထိုးရိုးကားရားနိုင်လှပါတယ်။ ဘာပဲဖြစ်ဖြစ် သူ အဖြေပေးမှ ဖြစ်လိမ့်မယ်ဆိုတာ ရာဖေး သိပါတယ်။ ဘယ်လိုအဖြေမျိုးပဲဖြစ်ဖြစ် မြန်မြန်ပေးဖို့ အရေးကြီးပါတယ်။

'ဪ… ဟုတ်ကဲ့ပါ အမေ၊ အို… အမေရာ၊ သားတို့ လာနိုင်မယ်ဆိုရင် သိပ်ကောင်းမှာ'

'အမေက မင်းတို့နှစ်ယောက်စလုံးကို ဖိတ်မှာမဟုတ်ဘူး၊ မင်းတစ်ယောက်တည်းကို ဖိတ်မှာ၊ ဒီနှစ် ခရစ္စမတ်ပွဲကို မာရီယာ ဖီးလစ္စနဲ့ပဲ လုပ်လိုက်ပါတော့ အမေရယ်ဆိုတဲ့ စကားမျိုးတော့ အမေ့ကို မပြောပါနဲ့'

'အမေရယ်'လို့ ရာဖေးက ညည်းသံတစ်ချက် ပေးတယ်။ ပြီးတော့ သူ့အသံကို ဆက်ဖ်ဖီ မကြားအောင် အသံကို တိုးလိုက်တယ်။ ဒါပေမဲ့ ဆက်ဖ်ဖီက မီးဖိုခန်းထဲဝင်လာပြီး အလုပ်လုပ်နေပြီ။ 'သား အိမ်ထောင်သည် ဖြစ်နေပြီ အမေ၊ အနေနဲ့အမြန် ဒီအချက်ကို အမေ လက်ခံမှ ဖြစ်တော့မှာ'

'အမေ ဝမ်းနည်းပါတယ် သားရယ်'လို့ ဟော်တင်ဆီက ပြောတယ်။ သူ့အသံထဲမှာ တကယ့်ကို ထိခိုက်နေတဲ့ အရိပ်အငွေ့ ပါနေပါတယ်။

'အမေ အဲဒီမိန်းမကို မတွေ့နိုင်လို့ပါကွယ်'

'အမေရယ်… အမေခေါ်တဲ့အတိုင်း '**အဲဒီမိန်းမ**'ရဲ့ ဗိုက်ထဲမှာ အမေ့သွေး အမေ့မြေး ရှိနေပြီ'

တယ်လီဖုန်းလိုင်းရဲ့ တစ်ဖက်က အသံဟာ တိတ်ဆိတ်သွားပါတော့တယ်။ အချိန်အတော်ကြာမှ တစ်ဖက်က အဆက်မပြတ် ငိုရှိုက်သံဟာ ရာဖေးရဲ့နားထဲကို ဝင်လာပါတယ်။

'မငိုပါနဲ့ အမေရယ်၊ သား တောင်းပန်ပါတယ်၊ အမေ့ငိုသံကြားရရင် သား စိတ်မကောင်းဖြစ်ရလွန်းလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'သားကလည်း အမေ့ကို သိပ်ပြီး စိတ်ထိခိုက်အောင် လုပ်နေတာပဲ'

'အမေရယ်… မငိုပါနဲ့၊ စိတ်ကို အေးအေးထားပါ၊ ကျွန်တော် အမေ့ကို လွမ်းနေတယ်ဆိုတာ အမေ သိမှာပါ၊ ပြီးတော့ အိမ်ကိုလည်း လွမ်းတယ် အမေ၊ အမေတို့ဆီမှာ ရာသီဥတု ဘယ်လိုနေလဲ၊ အဘွားကြီး မာရီယာဖီးလစ္စရော နေကောင်းရဲ့လား'

'လာမယ့်နှစ်ပေါ့ကွယ်'လို့ သူ့အမေက ပြောတယ်။ 'ဒါမှမဟုတ်လည်း ပဲ မင်းလာချင်တဲ့အချိန်မှာ မင်းကလေးနဲ့အတူ လာလည်ပေါ့၊ ကလေးက အပြစ်ကင်းစင်သူပါ၊ ဒါပေမဲ့ အဲဒီမိန်းမနဲ့ ပတ်သက်လာရင်တော့ အမေ ငြင်းရမှာပဲ သား'

+ + +

အဲဒီလိုနဲ့ပဲ ရာဖေးနဲ့ ဆက်ဖ်ဖီတို့ဟာ သူတို့အိမ်ထောင်ရဲ့ ပထမဆုံး ခရစ္စမတ်ပွဲကို ရှုဒီစိန့်လမ်းပေါ်က တိုက်ခန်းမှာ သူတို့နှစ်ယောက် အတူတူတွဲပြီး ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ်လို့ အစားကိုစားဖို့ ငြင်းဆန်နေတဲ့ လူတစ်ယောက်နဲ့ ခရစ္စမတ်ပွဲ ပြုလုပ်ရတာ မချောင်လှပါဘူး။

စိတ်ခပ်လေးလေးနဲ့ပဲ ရာဖေးဟာ သူတို့ရပ်ကွက်ထဲက စားသောက်ဆိုင်ကိုသွားပြီး သူ့အတွက် အစားအစာကို မှာပါတယ်။ အိမ်မှာ စားပွဲကို သူကိုယ်တိုင် ပြင်ဆင်ပါတယ်။ စားပွဲခင်းအဖြူ၊ ဓာပန်းထိုးထားတဲ့ လက်သုတ်ပဝါလှလှလေးတွေ၊ ငွေဇွန်းနဲ့ မား၊ ခက်ရင်း စတဲ့ အသုံးအဆောင်တွေ၊ ပြီးတော့ ဖယောင်းတိုင်စင်တွေနဲ့ ဖန်ခွက်လှလှလေးတွေ။ တစ်ခက်တစ်ခဲ တစ်ပင်တပန်း လုပ်ကိုင်နေရင်းကပဲ ဆက်ဖ်ဖီကို အရက်တစ်ခွက် တစ်ဖလားသောက်ဖို့ တိုက်တွန်းပါတယ်။ ပြီးတော့ 'ဟောဒီမှာ အချစ်ရဲ့ ကျန်းမာရေးနဲ့ ကိုယ်တို့ကလေးရဲ့ ကျန်းမာရေးအတွက်'လို့ ပြောပြီး ဖန်ခွက်ကို မြှောက်ပြလိုက်ပါတယ်။

ဆက်ဖ်ဖီက ဘာမှပြန်မပြောဘူး။

'ကိုယ် မင်းကိုချစ်တယ် ဆက်ဖ်ဖီ'

'ကျွန်မကလည်း ရှင့်ကို ချစ်ပါတယ်'

ဆက်ဖ်ဖီက ဒီတစ်ခါ ပြန်တော့ပြောတယ်။ ဒါပေမဲ့ သူ့နာမည်ကို ထည့်မပြောဘူး။ အရင်ကကော သူ့နာမည် ပြောခဲ့ဖူးသလား။ ဒါတော့ဖြင့် ရာဖေး မမှတ်မိတော့ဘူး။



သူတို့ စကားပြောရပ်သွားတဲ့အချိန်တိုင်း သူတို့နှစ်ဦးကြားမှာ ငြိမ်ဆိတ်မှုဟာ ကြီးမားနက်ရှိုင်းလာတတ်ပါတယ်။ သူတို့ကြားမှာ အုတ်တံတိုင်းကြီးတစ်ခု ခြားထားသလို ဖြစ်နေပါတယ်။

'နောက်နှစ်ကျရင် ခရစ္စမတ်သစ်ပင်တစ်ပင် လုပ်မယ်နော်'လို့ ရာဖေးက ရွှင်မြူးနေလေဟန်ဆောင်ပြီး ပြောတယ်။

'ကိုယ်တို့ကလေးအတွက်ပေါ့၊ ဒီနှစ်မှာတော့ ကိုယ်တို့နှစ်ယောက်တည်းဆိုရင်တော့ ခရစ္စမတ်သစ်ပင် မရှိလည်း ရပါတယ်'

ဆက်ဖ်ဖီဆီက စကားတစ်ခွန်းမှ ထွက်မလာဘူး။

'မင်း ငယ်ငယ်တုန်းက မင်းတို့အိမ်မှာ ခရစ္စမတ်သစ်ပင် ရှိခဲ့သလား ဆက်ဖ်ဖီ'

ဘာမှမတုံ့ပြန်ဘူး။ သူ့မိန်းမရဲ့ တိတ်ဆိတ်မှုကြောင့် ရာဖေးဟာ စိတ်ညစ်စိတ်ရှုပ်သွားတယ်။ သူဟာ ဂျာမန်သီချင်းတစ်ပုဒ် (သူရတာကလည်း ဒီတစ်ပုဒ်တည်းပါ)ကို စိတ်ပါလက်ပါ ဆိုလိုက်ပါတယ်။ သူ့အသံက အလွန်ကောင်းတဲ့ အသံပါ။

'မဆိုနဲ့၊ ရပ်လိုက်'လို့ ဆက်ဖ်ဖီက ဝင်းဝင်းတောက်နေတဲ့ မျက်လုံးအစုံနဲ့ ရာဖေးကို ဒေါသတကြီးကြည့်ပြီး ပြောတယ်။

ရာဖေးဟာ သူ့ခေါင်းကို ငုံ့ထားလိုက်တယ်။ သစ်အယ်သီး အစာသွတ်ပြီး ပေါင်းထားတဲ့ ကြက်ဆင်သားကို စားနေတယ်။ ဒါပေမဲ့ နောက်ဆယ်မိနစ်လောက်ကြာတော့ သူ့ကိုယ်သူ ထိန်းမထားနိုင်တော့ဘူး။ တိတ်ဆိတ်မှုကို ဖြိုခွင်းခဲ့လိုက်ပါတယ်။ 'ခရစ္စမတ်နေ့ကျရင် မင်းမိဘတွေက မင်းကို ဘုရားရှိခိုးကျောင်းကို လိုက်ပို့သလား'လို့ မေးတယ်။

'ပို့တယ်'လို့ ဆက်ဖ်ဖီက ပြန်ပြောတယ်။ စောစောက ဖြစ်ယောင်ဆဲတဲ့ အခြေအနေကို အဆင်ပြေသွားအောင် ပြောတဲ့သဘောပါတယ်။

'တို့အဖေက ဘုရားသခင်ရှိတယ်ဆိုတဲ့ အယူဝါဒကို လက်မခံတဲ့သူပါ၊ သူက ဘုရားရှိခိုးကျောင်းထဲကို ခြေတစ်ဖက်တောင်မှ မချနိုင်ဘူးလို့ ပြောခဲ့သူပဲ။ ဒါပေမဲ့ ကိုယ့်အမေက အဖေ့ကို ဇွတ်အတင်း နားချခဲ့တယ်။ အဲဒီနောက်မှာတော့ ခရစ္စမတ်နေ့တိုင်း အီစတာပွဲတော်နေ့တိုင်းကို တို့သားအမိတတွေ ဘုရားရှိခိုးကျောင်းရဲ့ ဝတ်တက်ပွဲကို မပျက်မကွက် တက်ခဲ့ကြတယ်။

'ကိုယ်က ဓမ္မတေးသီချင်းတွေဆိုရတာကို သိပ်နှစ်သက်တယ်။ သိပ်ပြီးတော့

www.burmeseclassic.com



ည်း မြတ်နိုးတယ်။ ကိုယ်တို့ဟာ ညစာစားအပြီးမှာ နော်ထရီဒိန်း ဘုရားရှိခိုး ကျောင်းကြီးထဲမှာ ကျင်းပတဲ့ သန်းခေါင်ယံ ဝတ်တက်ပွဲကို အမြဲတက်တယ်။ အဲဒီပွဲမှာ သီဆိုကြတဲ့ ခရစ္စမတ်ပွဲရဲ့ ဝတ်တက် သီချင်းတွေဟာ သိပ်ကိုလှတာပဲ။ သီချင်းတွေကို အခုညဆိုရင် သိပ်ကိုလှမှာပဲ'

'ဟင့်အင်း… ဒီညတော့ ဆိုလို့မဖြစ်ဘူး၊ ကျွန်မ သိပ်ပင်ပန်းနေတယ်'

'ဒီညတော့ မဖြစ်ဘူး ဟုတ်လား'ဟု ရာဖေးက ခေါသတကြီး ရေရွတ် သည်။ 'ဒါပေမဲ့ မနက်ဖြန်ကျတော့ ခရစ္စမတ်အကြိုနေ့ မဟုတ်တော့ဘူး၊ ကဲ… အွာ… မင်းကြိုက်သလိုသာ လုပ်ပေတော့'

တိတ်ဆိတ်မှုဟာ ချက်ချင်းပဲ ပြန်ရောက်လာတယ်။ နောက်တော့ ချက်ချင်းပဲ ရာဖေးရဲ့စိတ်ထဲမှာ အဲဒီတိတ်ဆိတ်မှုကို ဖြိုဖျက်ပစ်ဖို့ လိုအပ်တယ်လို့ ခံစားလာရတယ်။

ရာဖေးဟာ ထိုင်ရာကထရပ်လိုက်တယ်။ ဆက်ဖ်ဖီကို အပြောင်းအလဲ ရှိသွားအောင် လုပ်ဖို့ပါ။ တကယ်တော့ ဆက်ဖ်ဖီဟာ သူ့ခန္ဓာကိုယ်ကို သူ့ဆီပေး ခဲ့တဲ့ပုံဟာ အရိုးတစ်ချောင်းကို ခွေးတစ်ကောင်ဆီ ပစ်ပေးသလိုမျိုးပါ။ သူ့ရဲ့ ရင်းတနှီး ဖြစ်လာစေမယ့်ဟာဆိုလို့ ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး။

'မင်းအဖေက ဘာလုပ်သလဲ၊ စစ်ကြီးမဖြစ်ခင်က အနေအထားကို ဆိုလို တာနော်'

ဆက်ဖ်ဖီက သူ့မေးခွန်းကိုချက်ချင်းဖြေလိုက်တဲ့အတွက် အံ့အားသင့်သွားတယ်။

'တိရစ္ဆာန်တွေအတွက် ဆရာဝန်'တဲ့။

'တိရစ္ဆာန်ဆေးကု ဆရာဝန်လား'

'ဟုတ်တယ်… တိရစ္ဆာန်ဆေးကု ဆရာဝန်ပဲ'

'မင်းအမေကရော'

'ကျွန်မ အမေလား'လို့ ပြောပြီး ရပ်သွားတယ်။ စကားကို ဆက်မပြော ဘဲ စဉ်းစားနေတယ်။ 'ကျွန်မအမေက… သူက အမေတစ်ယောက်ပဲ'တဲ့။

ဆက်ဖ်ဖီဟာ စားပွဲကိုရှင်းဖို့ ထိုင်ရာကထတယ်။

အရက်သောက်ရင်း စကားစမြည်ပြောရင်း မနက်နှစ်နာရီထိုးအထိ ဒီစားပွဲမှာ ထိုင်နေလို့ မရဘူးလား။ ရာဖေးက အဲဒီလို စဉ်းစားတယ်။ အဲဒီတုန်း မှာပဲ…

'ကျွန်မ အိပ်တော့မယ်'ဆိုတဲ့စကား ဆက်ဖ်ဖီဆီက ထွက်လာတယ်။



နန်းကန်တွေကို ဆေးကြောပြီးတာနဲ့ တစ်ပြိုင်နက် ထွက်လာတဲ့စကားပါ။

အဲဒါဟာ ရာဖေးနဲ့ ဆက်ဖ်ဖီတို့ရဲ့ ခရစ္စမတ် ညစာစားပွဲ အဆုံးသတ်ပုံ ပါပဲ။

✢ ✢ ✢

ရာဖေးဟာ ပလွေမှုတ်နေပါတယ်။

သူ့ပလွေသံဟာ အင်မတန်မှ သာယာပါတယ်။ ဂီတပညာရှုထောင့်က ကြည့်ရင် အလွန်လည်း အဆင့်မြင့်ပါတယ်။ သူတို့ရဲ့ သံစုံတီးဝိုင်းအဖွဲ့ဝင်အားလုံး သူ့ပလွေသံရဲ့ အဆင့်မြင့်မှုကို သတိမပြုမိဘဲ မနေနိုင်ကြပါဘူး။ လီပိတ်ချ်ဟာ ထူးခြားတဲ့ ဂီတပညာရှင်တစ်ယောက်လို ပလွေကို မှုတ်သွားတာပါ။ သူ့မျိုးဆက် ထဲမှာ အထူးခြားဆုံး၊ ပလွေဆရာတစ်ယောက်အဖြစ် အသိအမှတ်ပြုခံရဖို့အတွက် အလားအလာဟာ သိပ်ကောင်းနေပါတယ်။ ရမ်ပဲလ်က သူ့ပလွေသံကို နားထောင် ပါတယ်။ ပြီးတော့ ဂီတသင်္ကေတကို ထုတ်ယူပါတယ်။

အဲဒီအချိန်မှာ ဆက်ဖ်ဖီ ဘာလုပ်နေပါလိမ့်။ ဆက်ဖ်ဖီဟာ ထုံးစံအတိုင်း အိမ်မှုကိစ္စတွေကို မရပ်မနား လုပ်နေပါတယ်။

✢ ✢ ✢

ဆီးနှင်းတွေ အဆက်မပြတ်ကျပြီး ရေခဲတွေ ဖုံးလွှမ်းနေတဲ့နေ့ပါ။ နေ့ဝါရီလ ကုန်ခါနီး တစ်ရက်ပေါ့။ ဆက်ဖ်ဖီဟာ တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နဲ့ သောကြာနေ့မနက် လုပ်နေကျအတိုင်း မီးဖိုခန်းကြမ်းပြင်ကို ပြောင်စင်သွားအောင် ပွတ်ချွတ်ဆေးကြောနေပါတယ်။ အဲဒီတုန်းမှာပဲ ဗိုက်ထဲက နာကျင်မှုဟာ အကြွင်း အထန့်ဖြစ်ပေါ်လာပါတယ်။ နာကျင်မှုဟာ ပေါ်လာလိုက်၊ ပျောက်သွားလိုက်ပါ။

'ရာဖေး'

ဆက်ဖ်ဖီဟာ သူခံစားနေရတဲ့ နာကျင်မှုဝေဒနာကြောင့် အထိတ်တလန့် နဲ့ပြီး ရာဖေးကို အော်ခေါ်ပါတယ်။

✢ ✢ ✢

သူတို့နှစ်ယောက် သူနာတင်ယာဉ်ထဲ ရောက်နေကြပါတယ်။ မော်တော် ကားဟာ မိုးရေထဲမှာ အပြေးအလွှားသွားနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'တအားကို စောလွန်းနေတယ်' လို့ ရာဖေးက သူ့စိတ်ထဲမှာ ဘဝင်မကျဖြစ်နေတဲ့ လေသံနဲ့ ခပ်တိုးတိုးရေရွတ်တယ်။

'သီတင်းခြောက်ပတ်ပဲ ရှိသေးတာ၊ သိပ်ကို စောလွန်းနေတယ်၊ ဘယ်လိုဖြစ်တာလဲ၊ မင်းဗိုက်နာနေတာ ရပ်သွားအောင် သူတို့ တစ်ခုခုလုပ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ရတော့မှာပဲ။ မင်းဘာသာမင်း သက်သောင့်သက်သာဖြစ်အောင်နေပါ။ မင်း အိပ်ရာထဲ လှဲနေရရင်များ ပိုကောင်းမလား ဆက်ဖ်ဖီရယ်။ မီးဖိုခန်းကြမ်းပြင်ကို ဘာပြုလို့ တိုက်ရတာလဲ။ မီးဖိုခန်းထဲကို ဘယ်သူဝင်လို့လဲ။ ကြမ်းတွေက သိပ်ပြီး ညစ်ပတ်တာလည်း မဟုတ်ဘဲနဲ့ကွာ'

ရာဖေးဟာ ကလေးပျက်ကျသွားမှာကို တွေးပူပြီး ကြောက်နေတယ်။ သူ့နဖူးက ချွေးတွေဟာ ကားမှန်ပေါ် မိုးရေမိုးစက်တွေ စီးကျသလို သူ့မျက်နှာပေါ်ကို စီးကျနေတယ်။ ဆက်ဖ်ဖီကတော့ သူပြောတဲ့စကားတွေကို နားမထောင်ဘူး။ နားထောင်ဖို့ဆိုတာ ဝေးရော။ သူ့ကို ဘယ်သူဘယ်ဝါမှန်းတောင်မှ မသိဘူး။ သူဟာ ကြောက်လန့်တကြားနဲ့ ရာဖေးကို တအားကုန်ဖက်ထားတယ်။ တစ်ခါတလေ ရာဖေးရဲ့ ပိုးလည်စည်းကို သူ့သွားတွေနဲ့ တအားကိုက်ထားတယ်။ အော်ငိုလိုက်မိမှာစိုးလို့ ချုပ်တည်းထားတဲ့ သဘောပါ။

သူနာတင်ယာဉ်က သူတို့ကို အလွန်ကြီးမားတဲ့ ဆေးရုံကြီးတစ်ရုံရဲ့ သားဖွားဆောင်အပြင်ဘက်မှာ ချပေးတယ်။ သားလျှောမယ့် လူနာလို့ မသတ်မှတ်တာကတော့ သေချာတယ်။ ရာဖေးကတော့ သူ့မိန်းမကိုပဲ စိုးရိမ်မကင်းတဲ့ မျက်နှာထားနဲ့ စောင့်ကြည့်နေတယ်။ ဆက်ဖ်ဖီမျက်နှာကတော့ မမှတ်မိနိုင်လောက်အောင်ကို ရှုံ့မဲ့နေတယ်။ မိခင်တွေရဲ့ မြင့်မြတ်တဲ့ အာဇာနည်စိတ်ဓာတ်နဲ့ နာကျင်မှုဝေဒနာကို အလူးအလိမ့် ခံနေရရှာတယ်။

အို… အဖဘုရားသခင်ရယ်လို့ ရာဖေးက တိုးတိုးသာသာ ရေရွတ်တယ်။ ကျေးဇူးပြုပြီး စောင့်ရှောက်တော်…။

၁၉၅၈ ခုနှစ်အတွင်းဆီက ယောက်ျားတွေဟာ သူတို့မိန်းမတွေနဲ့အတူ မွေးခန်းထဲအထိ လိုက်လေ့မရှိကြဘူး။ သူတို့ချစ်မြတ်နိုးလှပါတယ်လို့ အသိအမှတ်ပြုထားတဲ့ ကိုယ်ခန္ဓာ၊ ဒုက္ခဝေဒနာ ခံစားနေရတာကို မကြည့်ကြပါဘူး။ အတူအညီမဲ့၊ တွယ်ရာမဲ့ဖြစ်နေရှာတဲ့ ချစ်မြတ်နိုးသူရဲ့ အဖြစ်ကိုကြည့်ပြီး စိုးရိမ်ခြင်း ထိတ်လန့်ခြင်းဆိုတာတွေကို မခံစားပါဘူး။

အဲဒီအချိန်အခါက ယောက်ျားတွေဟာ သူတို့ရဲ့ အဆောက်အအုံ ရင်သွေးတွေ အမိဝမ်းထဲမှာ စည်းစိမ်ခံစားနေရာက အပြင်လောကထဲ အထွက်ပစ်ခံရတာကို



မြင်ခွင့်မရှိကြပါဘူး။ အမိဝမ်းထဲက ထွက်လာစ သွေးစက်လက်နဲ့ ဖြစ်နေတဲ့ သိုယ့်ရင်သွေးကို ကြည်နူးခြင်းတစ်ဝက်၊ ရွံရှာခြင်းတစ်ဝက်နဲ့ လှမ်းယူခွင့်တောင်ရကြပါဘူး။

၁၉၅၈ ခုနှစ်ဆီတုန်းကတော့ ယောက်ျားတွေဟာ မွေးခန်းထဲ လိုက်ခွင့်မရှိဘဲ ဧည့်ခန်းထဲမှာထိုင်ပြီး စောင့်ခွင့်ရကြပါတယ်။ သန့်သန့်ပြန့်ပြန့် ခြောက်ခြောက်သွေ့သွေ့နဲ့ စိတ်အေးနားအေး နေလို့ရပါတယ်။ ဆေးလိပ်ဖွာပြီး မိမ်နဲ့စောင့်လေား… စောင့်ခွင့်ရပါတယ်။

ရာဖေးဟာ အခန်းထဲမှာ ရှိနေကြတဲ့ တခြား အဖေလောင်း လေးငါးယောက်လို ဆေးလိပ်မသောက်ပါဘူး။ ပြောင်နေတဲ့ထိပ်ကိုပဲ မကြာခဏကုတ်ပြီး ရင်တမမ သက်ပြင်းတရှူရှူဖြစ်နေတယ်။ သူ့မိန်းမ ဆက်ဖ်ဖီ့ဗိုက်ထဲက ကလေးအရှင်မွေးမလား၊ အသေကလေးများ ဖြစ်နေမှဖြင့်…

**ဆက်ဖ်ဖီတစ်ယောက် ဘာ့ကြောင့် ကြမ်းတိုက်ရတာပါလိမ့်**

ပိတ်ထားတဲ့တံခါးတွေကိုဖြတ်ပြီး ထွက်လာနေတဲ့ မွေးခါနီးလူနာတွေရဲ့ အော်သံတွေကို ကြားနေရတယ်။ တစ်ခါတလေ အပီအပြင်ကြားရပေမယ့် တစ်ခါတစ်ရံကျတော့ မသဲကွဲဘူး။ တကယ်တော့ အော်သံတွေကိုသာ ကြားနေရတာမဟုတ်ပါဘူး။ ညည်းသံညူသံနဲ့ ငိုသံတွေကိုပါ ကြားနေရပါတယ်။

သူ့စိတ်ထဲမှာ ကျိတ်ပြီး ဘုရားသခင်ကို 'တ' နေပါတယ်။ သက်ပြင်းလည်း မကြာခဏချမိပါတယ်။ သူ့အမေ ဟော်တင်ဆီရဲ့ ဝမ်းဗိုက်ထဲက သူ့ကို အန်းထုတ်လိုက်တဲ့အဖြစ်ကို မြင်ယောင်နေမိပါတယ်။ သူ့အမေရဲ့ ရုန်းကန်လှုပ်ရှားမှုတွေနဲ့ သူ့အမေရဲ့ အော်သံတွေ။

သူဟာ နားတွေကို စွင့်ထားပါတယ်။ ကြားနေရတဲ့ အော်သံတွေကြားမှာ ဆက်ဖ်ဖီအသံကို သူ ဘယ်လိုလုပ်ပြီး ခွဲခြားနိုင်မှာလဲ။ ဒါပေမဲ့ သူထောင်နေတယ်။ အသေအချာသာ ကြားရလို့ကတော့ ဆက်ဖ်ဖီအသံကို မှတ်မိမှာပဲလို့။

+ + +

အမှန်စင်စစ်တော့ ဆက်ဖ်ဖီဟာ လုံးဝမအော်ပါဘူး။ တခြား မိခင်လောင်းတွေထက် ပိုပြီးနာကျင်မှုဝေဒနာကို ဥပေက္ခာပြုနိုင်လို့တော့ မဟုတ်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ လွန်ခဲ့တဲ့ ဆယ်မိနစ်ကပဲ သူ့ကို မေ့ဆေးပေးလိုက်လို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် သူ့မျက်နှာနဲ့ ခြေထောက်တွေကို အဝတ်နဲ့ ဖုံးလွှမ်းထားပါတယ်။ ပြီးတော့ သားဖွားဆရာဝန်က ဆက်ဖ်ဖို့ဗိုက်ကို ခွဲစိတ်ခန်းသုံး ဓားပါးကလေးနဲ့ ခွဲနေပါတယ်။

လွယ်လွယ်နဲ့ မမွေးနိုင်ပါဘူး။ တွန်းအားနဲ့ ညှစ်အား မရှိပါဘူး။ ကလေးအတွက် သူ့ဘက်က ဘာမှလုပ်မပေးနိုင်သလိုပါပဲ။ ဒါပေမဲ့ သူကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ ကလေးကိုတော့ သူယူရမှာပေါ့။

ဟော… ဟိုမှာ ဆရာဝန့်လက်ထဲမှာ ခွေခေါက်ခေါက်ကလေး ယောကျ်ားကလေးပါလား။ မလှဘူး၊ ပြာနှမ်းနှမ်းနဲ့။ ပျော့ပျော့ညက်ညက်ကလေးပါလား။

သူတို့ ချက်ချင်းယူသွားကြပြီ။ အမြန်ဆုံး ယူသွားကြတာ။ သူ့ကို အောက်စီဂျင်ပေးဖို့ လိုနေတယ်။ နှလုံးကတော့ ခုန်နေတယ်။ ဟုတ်တယ်။ တကယ့်ကို ခုန်နေတာ။ သူ အသက်ရှင်တယ်။

သူ့ရဲ့ အလေးချိန်က လေးပေါင်တောင်မှ မပြည့်ဘူး။ ပေါင်ချိန်က တအားနည်းတာပဲ။ ခုနစ်လခွဲနဲ့ လမစေ့ခင် မွေးတဲ့ကလေးတွေထဲမှာတောင်မှ စံချိန်ကမမီဘူး။

သူ့အမေက သူ့ကို နို့မတိုက်ချင်ဘူး။ သူစားဖို့ သူ့အမေ အရိုးတွေကလွဲပြီး တခြား ကျွေးစရာ ဘာမှမရှိဘူး။

+ + +

အခုထိ ဆက်ဖ်ဖီဟာ လူနာစင်ခုတင်ပေါ်မှာ ရှိပါသေးတယ်။ သူ့ဘေးမှာ မေ့ဆေးဆရာဝန်တွေနဲ့ သူနာပြုဆရာမတွေ ဝိုင်းအုံနေကြဆဲပါ။ သူ သွေးဆင်းနေပါတယ်။ အခုဆိုရင် သွေးအတော်များများ ဆုံးရှုံးခဲ့ရပါပြီ။ ဒါပေမဲ့ သူ့ကို ဘယ်သူကမှ အရေးတယူမပြုနိုင်ကြပါဘူး။

လူတိုင်းဟာ ကလေးဆီကို အပြေးအလွှား သွားနေကြပါတယ်။ ကလေးအသက်ကို ကယ်ဖို့အတွက် ပြေးသွားနေကြတာပါ။ သားဖွားဆရာဝန်ဟာ အခန်းထဲမှာ မရှိတော့ဘူး။ သူထွက်သွားတာ အတော်ကြာသွားပြီ။ အခုတော့ အခန်းကို ပြန်ပြေးလာနေပါတယ်။ သူဟာ ကတုန်ကယင်ဖြစ်နေပါတယ်။ သူ ငယ်ပါသေးတယ်။ ဆေးကျောင်းကဆင်းလာတာ မကြာသေးပါဘူး။ အခု ရင်ဆိုင်နေရတဲ့အဖြစ်ဟာ သူ့အတွက် သွေးပျက်စရာပါ။



ဒါပေမဲ့လည်း ဒီပြဿနာကို သူ နိုင်နိုင်နင်းနင်း ကိုင်တွယ်ချင်ပါတယ်။ လွယ်လွယ်နဲ့ လက်မမြှောက်ချင်ပါဘူး။ ဒါကြောင့်မို့ သွေးတွေ နောက်ထပ် ထွက်အောင် နည်းအမျိုးမျိုးနဲ့ သူကြိုးစားမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

"ဒီကို လာကြစမ်း"

သူနာပြုဆရာမတွေဟာ အလန့်တကြား ဖြစ်နေပါတယ်။ မေ့ဆေးဆရာဝန်တွေလည်း သူတို့လိုပါပဲ။ သူကတော့ တည်တည်ငြိမ်ငြိမ် အေးအေးအေးအေးပဲ၊ ပြဿနာဖြစ်နေတဲ့ အင်္ဂါအစိတ်အပိုင်းကိုရှာပြီး သွေးရပ်သွားအောင် လုပ်ဖို့ အားထုတ်ပါတယ်။ အဲဒီနောက်တော့ သတိလစ်နေတဲ့ အမျိုးသမီးရဲ့ ခန်းဗိုက်ကို ပြန်ချုပ်ပါတယ်။ သူ့ဝမ်းဗိုက်ပေါ်မှာ အရုပ်ဆိုးအကျည်းတန်တဲ့ ကြက်သွေးရောင် ချုပ်ရိုးအမာရွတ်ကြီးတစ်ခုကတော့ ရာသက်ပန် ထင်သွားတော့မှာပါ။

+ + +

အခုတော့ဖြင့် ညှော်ခန်းထဲမှာ ရာဖေးတစ်ယောက်တည်း ကျန်ပါတော့တယ်။ အထီးကျန်နိုင်မှုဟာ သူ့အကြောက်ကို တိုးလာစေပါတယ်။ တကယ်လို့သာ သူ့ထိပ်မှာ ဆံပင်ရှိခဲ့ရင် ဆံပင်လက်တစ်ဆုပ်စာလောက်တော့ သူ့လက်ထဲပါလာမှာ သေချာပါတယ်။

သူဟာ မျက်လုံးတွေစုံမှိတ်ပြီး ရပ်နေဆဲပါ။ လက်နှစ်ဖက်ကလည်း ခေါင်းကို ဆုပ်ကိုင်ထားပါတယ်။ စောစောက သူနဲ့ တူတူရှိနေခဲ့တဲ့ ယောကျ်ားတွေအားလုံး သူတို့မိန်းမတွေနဲ့ ကလေးတွေဆီကို သွားနေကြပါပြီ။ အခုချိန်ထိ ခေါ်မခံရသေးသူဆိုလို့ ရာဖေးတစ်ဦးပဲ ရှိပါတယ်။ သူဟာ တစ်ချိန်က ဘုရားအဲ့ဒါတို့ လက်ကိုင်ပြုခဲ့တဲ့ သူ့အဖေကို ဂုဏ်ပြုချီးကျူးတဲ့အနေနဲ့ ဗွေလား ဓေတ်လား လုပ်ခဲ့သူပါ။ ဒါပေမဲ့ အခုတော့ ဘုရားသခင်ကို အာရုံပြုပြီး ဆုတောင်းနေပါတယ်။

သူငယ်စဉ်က ရွတ်ခဲ့ ဖတ်ခဲ့ဖူးတဲ့ ဆုတောင်းစာတွေဟာ သူ့ခေါင်းထဲမှာ ပြည့်နေပါတယ်။ တိုးတိုးလေးကျိတ်ပြီး ရွတ်ဖတ်နေပါတယ်။ သူ့ရဲ့ဆုတောင်းစာတွေဟာ သူ့မှတ်ဉာဏ်ထဲကို တစ်ခုပြီးတစ်ခု ဝင်လာနေတယ်။ မဆုံးနိုင်တော့မှာပဲ။

"မွန်စီယာလီမိတ်ချ်"

www.burmeseclassic.com



သူနာပြုဆရာမတစ်ယောက်ရဲ့ ခေါ်သံပါ။ တရင်းတနှီး အသံပါ။ [illegible]ကလေး သေများသေပြီလား။

'ရှင့်သားကို ကြည့်ချင်ပါသလား'

စိတ်ရဲ့ အေးချမ်းသာယာမှုဟာ သူ့တစ်ကိုယ်လုံးကို ပျံ့နှံ့သွားပါတယ်။ အတိုင်းအဆ မသိနိုင်လောက်အောင် ကြီးမားတဲ့ ပျော်ရွှင်မှုနဲ့ သာယာမှုကြောင့် သူဟာ စကားမပြောနိုင်ဘဲ ဖြစ်သွားပါတယ်။

+ + +

ရာဖေးဟာ လမစေ့ဘဲမွေးတဲ့ ကလေးငယ်တွေထားတဲ့ အနွေးသေတ္တာထဲကို ငုံ့ကြည့်နေပါတယ်။ သူမြင်ဖူးခဲ့တဲ့ တခြားကလေးတွေနဲ့ မတူပါလား။ အတော်ကြီး ကွာခြားနေတာပဲ။ တကယ့် သေးသေးကလေးပါလား။ သူ့ရဲ့ လက်သီးဆုပ်နှစ်ဆုပ်စာလောက်ပဲ ရှိတယ်။ ဒါပေမယ်လို့ သူဟာ 'တစ်ယောက်ယောက်'တော့ ဖြစ်နေပါပြီ။

အသက်တော့ ရှူနေတယ်။ အသက်ရှူနေပုံက မြန်သလားမမေးနဲ့။ ဆံပင်ကလေးတွေကလည်း မည်းနက်နေတာပဲ။ မျက်နှာလေးကို ကြည့်ပါဦး။ ချစ်စရာ၊ သနားစရာကောင်းလိုက်တာ။ မျက်လုံးနက်နက်လေးတွေကလည်း အရောင်တလက်လက် ထွက်နေတယ်။ အသက်က ဘယ်လောက်ရှိပြီလဲ။ မိနစ်သုံးဆယ်ပဲ ရှိပါသေးတယ်။

+ + +

ရာဖေးအနေနဲ့ သူ့သားကို သူ့လက်နှစ်ဖက်နဲ့ ပွေ့ချီခွင့်မရပါဘူး။ ပွေ့ချီဖို့ မပြောနဲ့၊ လက်နဲ့တောင် ထိကိုင်ခွင့်မရပါဘူး။ ကလေးကို လောလောဆယ်တော့ မှန်အောက်မှာ ထားရဦးမှာပါ။ ဒါကလည်း သူ့အသက်ကို ကယ်နိုင်ဖို့ စီစဉ်ထားရတာပါ။

ဘာပဲဖြစ်ဖြစ်လေ… အခုဆိုရင်တော့ သံသယဖြစ်နေဖို့ မလိုတော့ဘူး။ အီးမစ်လ်ဟာ လူ့လောကထဲမှာ အသက်ရှင်ပြီး နေသွားတော့မှာပါ။

ရာဖေးရဲ့ ပါးနှစ်ဖက်ဟာ မျက်ရည်တွေနဲ့ ဖုံးလွှမ်းနေပါတယ်။

ပြီးတော့ ဆက်ဖ်ဖီ… ဆက်ဖ်ဖီ ဘယ်မှာလဲ။

+ + +

(၇)

တစ်လကုန်သွားပြီ။

ဆက်ဖ်ဖီတစ်ယောက် ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်လာတယ်။ အဲဒီနောက် သီတင်းနှစ်ပတ်အကြာမှာ အီးမစ်လ်ဟာ ကိုယ်အလေးချိန် ငါးပေါင်အပြည့် ရှိနေပြီ။ အီးမစ်လ်ဟာ ရာဖေးရဲ့သားပါ။ ရာဖေးတော့ မှတ်ပုံတင်ရုံးမှာ သူ့သားရဲ့နာမည်ကို အီး(e)ဆိုတဲ့ စကားလုံးနဲ့ ပေါင်းတယ်။ အဲဒါမှလည်း ပြင်သစ်ဆန်တဲ့နာမည်ဖြစ်မယ် မဟုတ်လား။ ဒါပေမဲ့ ဆက်ဖ်ဖီရဲ့ စိတ်ထဲမှာတော့ သူ့သားနာမည်ကို အီး(e)ဆိုတဲ့ စကားလုံးမပါဘဲ ဂျာမန်ဆန်ဆန် မှည့်ထားတယ်။

ဆက်ဖ်ဖီ နို့မထွက်ဘူး။ သူ့သားနဲ့ ခွဲနေလိုက်ရတဲ့ နှစ်ပတ်အတွင်းမှာ နို့ရည်ခန်းခြောက်သွားတာပါ။ အဲဒီအချိန်က အီးမစ်လ်ကို မိခင်နဲ့ခွဲပြီး အနွေးသေတ္တာထဲမှာ ထားရပါတယ်။ ရာဖေးဟာ ဆက်ဖ်ဖီမပါဘဲ ဆေးရုံကို နေ့စဉ်မှန်မှန်သွားပြီး သူ့သားကို ကြည့်ပါတယ်။

သူငယ်နာရောဂါ ပြုစုကုသမှုဆိုင်ရာ သူနာပြုဆရာမတွေကတော့ ဆက်ဖ်ဖီ ဆေးရုံကမဆင်းမီကတည်းက သူ့နို့ရည် ခန်းလိမ့်မယ်ဆိုတာ သိ[illegible]တယ်။ အဲဒါကြောင့်လည်း ဆရာမတွေက ကလေးနို့ဘူးတွေမှာ [illegible]အောင် ဆေးကြောသန့်စင်နည်းနဲ့ ကလေးအတွက် နို့မှုန့်ဖျော်နည်းတွေကို [illegible]တကျ သင်ကြားပြသပေးလိုက်ကြတယ်။ ကလေးရေချိုးနည်း ([illegible]အတ်သလို မဖြစ်အောင်)ကိုလည်း သင်ပေးလိုက်တယ်။ ပြီးတော့ [illegible]တောင်းကျိုက် လဲပေးတဲ့နည်း (ကလေးဗိုက်ကို ပင်အပ်နဲ့ မထိုးမိအောင် [illegible])ကို သင်ပေးလိုက်တယ်။

+ + +

www.burmeseclassic.com

www.burmeseclassic.com



ရာဖေးကတော့ သူတို့ရဲ့ အိမ်ထောင်သည်ဘဝကို ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင် အစွမ်းကုန်ကြိုးစားရမယ်ဆိုတဲ့အသိ ဝင်နေပါပြီ။ အခုဆိုရင် ကလေးကလည်း အန္တရာယ်ကင်းသွားပါပြီ။ ဒီကမ္ဘာမြေကြီးပေါ်မှာ သူတို့နဲ့ အတူတူနေရတော့မယ်ဆိုတာ သေချာသလောက် ဖြစ်သွားပါပြီ။

ရာဖေးဟာ အနီးအနားက ပုံနှိပ်စက်ကိုသွားပြီး သားရတနာမွေးဖွားခြင်းကတ်လှလှကလေးတွေ တစ်ဒါဇင်လောက် ရိုက်ခိုင်းပါတယ်။ ပြီးတော့ သူ့အမေ၊ သူ့သူငယ်ချင်းတွေ၊ သူ့တီးဝိုင်းအဖွဲ့သားတွေဆီကို ပို့တယ်။

ဆက်ဖ်ဖီကတော့ ဘယ်သူ့ဆီကိုမှ မပို့ဘူး။

✢ ✢ ✢

ရာဖေးက သူ့မိတ်ဆွေတွေနဲ့ သူ့သူငယ်ချင်း ကလီချီအိမ်မှာဆုံပြီး သူ့မိန်းမနဲ့ သူ့သား၊ သားအမိ နေကောင်းကြောင်း အသိပေးတယ်။ ပြီးတော့ သူတို့အားလုံး မကြာခင် အိမ်ကိုလာပြီး အနာဂတ်ကာလမှာ ထရာလာစပျစ်ခြံတွေ ဘာဂန်ဒီနဲ့ အယ်လ်ကျီးရီးယန်း စပျစ်ခြံတွေရဲ့ ပိုင်ရှင်ဖြစ်လာမယ့် ပုဂ္ဂိုလ်လေးနဲ့ တွေ့ပေးပါ့မယ်လို့ သူက ကတိပေးတယ်။ ဒါပေမဲ့ ရက်တွေသာကုန်သွားတယ်… မိတ်ဆွေတွေကို မဖိတ်ဘူး။ အဲဒီကာလအတွင်းမှာ ဆက်ဖ်ဖီဟာ အခုအချိန်ထိ ထူးဆန်းတဲ့ အပြုအမူတွေကို ပြုမူနေတုန်းပဲ။

ဆက်ဖ်ဖီဟာ အိမ်မှုကိစ္စတွေကို ပြန်ပြီးလုပ်နေပါတယ်။ ကိုယ်ဝန်ရှိနေတုန်းကထက် လျှော့လုပ်သလိုလိုတော့ ရှိတယ်။ ဒါပေမဲ့ လိုအပ်တာထက် ပိုပြီးလုပ်နေတာကတော့ အခုအထိပဲ။ သူဟာ သူ့ကလေးနဲ့ ဘယ်လိုအချိန်ကုန်ရမယ်ဆိုတာလည်း မသိပါဘူး။ သူဟာ ဘာကိုမှ စိတ်မပါသလို ဖြစ်နေတယ်။

အီးမစ်လ်ကတော့ အအိပ်နည်းတယ်။ အမေကိုလည်း သိပ်မခေါ်ဘူး။ သူဟာ လုံးဝမငိုသလောက်ပဲ။ အသံတောင်မှ အွဲ… အွဲ… မမြည်ဘူး။ ကလေးအခြေအနေဟာ သာမန်မှဟုတ်ရဲ့လားလို့ ရာဖေးက တွေးတယ်။ မွေးကင်းစကလေးဟာ ဘာ့ကြောင့် ဒီလောက်တိတ်ဆိတ်နေရတာလဲ။ ရာဖေးဟာ ခြင်းပုခက်ထဲမှာ ကျောခင်းပြီး ငြိမ်ငြိမ်ဆိတ်ဆိတ် လဲလျောင်းနေတဲ့ သူ့သားကို ငုံ့ကြည့်နေတယ်။ မျက်လုံးတွေက ပွင့်နေပေမယ့် ခြေတွေ လက်တွေက သိပ်မလှုပ်ဘူး။ သူ့အမေကတော့ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားရင်း သန့်ရှင်းရေးလုပ်နေတယ်။ ရာဖေးဟာ သားအမိနှစ်ယောက်ကိုကြည့်ပြီး ကျောထဲမှာ စိမ့်လာတယ်။



ဆက်ဖ်ဖီဟာ ကလေးမချီတတ်သေးပါဘူး။ ရေချိုးပေးပြီးရင် သူဟာ ကလေးကို မျက်နှာသုတ်ပဝါကြီးတစ်ထည်နဲ့ ရေသုတ်ပေးပါတယ်။ ပြီးရင် ကိုယ်လုံးတီးကလေးကို ထောင်ချီထားပြီး ဘာလုပ်ရမှန်းမသိတဲ့ ပုံစံနဲ့ ခပ်ကြောင်ကြောင် ရပ်နေပါတယ်။ ဒါမှမဟုတ်လည်း ကလေးကိုချီပြီး ပြတင်းပေါက်နားက ကုလားထိုင်မှာ ထိုင်နေတတ်တယ်။ ပြတင်းပေါက်ပေါင်တွေကြားက တိုးဝင်လာနေတဲ့ လေက ရေတောင်ခဲလောက်အောင် အေးမြတဲ့ ဖေဖော်ဝါရီလ လေဝါ။

ဆက်ဖ်ဖီကတော့ သူ့လက်ထဲမှာ ကလေးမရှိသလိုပဲ။ ထိုင်လက်စနေရာမှာ ထိုင်နေပါတယ်။ ကလေးကိုလည်း ငုံ့မကြည့်ဘူး။ အပြင်လောကက လူသူလေးပါး ကင်းမဲ့နေတဲ့ ကွင်းပြင်ဆီကိုပဲ ငေးနေတယ်။ နောက်ဆုံး ဆာလို့မှဟုတ် အေးလို့ အီးမစ်လ်ဆီက အသံအွဲအွဲထွက်လာမှ သတိပြန်ဝင်လာပါတယ်။

'လူတစ်ယောက် ငှားပေးရမလား'လို့ ရာဖေးက မေးတယ်။ 'မင်းကို ကူဖို့လေ'

'ကျွန်မကို ကူဖို့လား'လို့ ဆက်ဖ်ဖီက ရေရွတ်တယ်။ 'ကျွန်မအတွက် အကူအညီ မလိုပါဘူး'

ပိုပြီး ငေးသွားတယ်။ သူ့နယ်ပယ်ထဲ အလွယ်တကူ ပေါက်ပေါက်ရောက်ရောက်ဝင်နိုင်ဖို့ အရင်ကထက်ပိုပြီး ခက်သွားသလိုပဲ။

✢ ✢ ✢

ကလေးကို ထိန်းသိမ်းစောင့်ရှောက်ရာမှာ စိတ်မဝင်စားသလိုဖြစ်နေတဲ့ သူ့မိန်းမရဲ့ ခွတီးခွကျနိုင်လွန်းလှတဲ့ အနေအထိုင်၊ စိတ်မတည်ငြိမ်သလိုဖြစ်နေတဲ့ အမူအရာတွေကို မြင်ရတဲ့ ရာဖေးဟာ စိတ်ထဲမှာ မသိမသာ 'ထင့်'နေရှာတယ်။ သူ့မျှော်လင့်ချက်တွေ ပျက်ပြားသွားသလိုလည်း ခံစားနေရတယ်။ [illegible] ပြီး ပြုပြင်ကုစားလို့ မရနိုင်လောက်တဲ့ အရာတစ်ခုနဲ့ အခုအချိန်ကစပြီး [illegible] နေတော့မှာပါလားဆိုတဲ့ အတွေးဟာ သူ့စိတ်ကို ချုပ်ကိုင်ထားနေပါတယ်။

လောလောဆယ်မှာတော့ ဒီအဖြစ်တွေကို စဉ်းစားမိပေမယ့် သူ့ရင်ထဲ [illegible] တဲ့ ဖခင်ဘဝက သူ့ကို ညို့ယူဖမ်းစားထားပါတယ်။ ဒါ့ကြောင့်မို့ [illegible] ဖြစ်ဖို့ဆိုတာကို သတိမရနိုင်ပါဘူး။ သူ အစမ်းလေ့ကျင့်တဲ့ ပွဲ [illegible] တစ်ပွဲတစ်ခုကဖြစ်စေ အိမ်ကိုပြန်လာရင် အီးမစ်လ်ရဲ့ အခန်းဆီကို [illegible] တယ်။ အီးမစ်လ်ဟာ အခန်းထဲမှာရှိနေသေးရဲ့လား။ [illegible] ရှင်နေသေးရဲ့

www.burmeseclassic.com



လား၊ အသက်ရော ရှုနေသေးရဲ့လား… စသည်ဖြင့် သိချင်စိတ်နဲ့ ဝင်တာပါ။

မကြာခင်မှာပဲ ကလေးဟာ သူ့ဖခင်ရဲ့ခြေသံကို မှတ်မိလာတယ်။ သူ့အဖေ အခန်းထဲရောက်လာတာကို ခြေထောက်တွေ ကန်ကျောက် ကန်ကျောက်လုပ်ရင်းနဲ့ဖြစ်စေ၊ ပါးစပ်က ဝူးဝူးဝါးဝါး အသံပေး၍ဖြစ်စေ သူသိကြောင်း တုံ့ပြန်မှု ပြုလာပါတယ်။

ရာဖေးဟာ သူ့သားကို ကြည့်နေရတဲ့အတွက် မောတယ်၊ ပန်းတယ်လို့ လုံးဝမရှိပါဘူး။

တစ်ခါတလေမှာ ပုခက်ထဲက သူ့သားကိုကြည့်နေတဲ့ ရာဖေးရဲ့ မျက်လုံးအစုံမှာ မျက်ရည်တွေ ဝဲနေတတ်ပါတယ်။ အီးမစ်လ်ရဲ့ လက်ကလေးတွေ ဆွဲကိုင်ပြီး သူ့နှုတ်ခမ်းတွေနဲ့ ထိထားတတ်တယ်။ 'တေးဂီတပညာရှင်တစ်ယောက်ရဲ့ လက်ကလေးတွေပါလား။ ပါရမီရှင်လေး ဖြစ်လာမှာပါ သားရယ်၊ သံသယဖြစ်ဖို့ မရှိပါဘူး' စသည်ဖြင့် သူ့ပါးစပ်က တတွတ်တွတ်ပြောနေတတ်ပါတယ်။

✢ ✢ ✢

ဖေဖော်ဝါရီလ အလယ်လောက်မှာ ရာဖေးဟာ တေးဂီတအခန်းကို ပထမဆုံးအကြိမ် ပြန်သွားတယ်။ ဆက်ဖ်ဖီအဖို့ သာယာချိုအေးတဲ့ ပလွေသံကို နောက်တစ်ကြိမ်ထပ်ပြီး ကြားရပြန်တယ်။ သူ့ခင်ပွန်းသည်ရဲ့ နှုတ်ခမ်းတွေဟာ တင်းကျပ်နေတယ်။ သူ့လျှာဆီက သီချင်းစာသားတွေဟာ ပီပီသသကြီး ထွက်လာနေတယ်။

အဲဒီ နှုတ်ခမ်းတွေနဲ့ လျှာဟာ…။ ဆက်ဖ်ဖီအနေနဲ့ သူ့ယောကျ်ားကို နမ်းမယ်လို့ အားထုတ်တိုင်း မျက်နှာကို တစ်ဖက်လွှဲထားတတ်ပါတယ်။ ဆက်ဖ်ဖီဟာ ငမ်းငမ်းတက်ဖြစ်နေတဲ့ ရာဖေးရဲ့ နှုတ်ခမ်းတွေကို သဘောမကျပါဘူး။ သူ့လျှာက ဆက်ဖ်ဖီရဲ့လျှာကို အတင်းအဓမ္မ ရှာဖွေနေတယ်မဟုတ်လား။

✢ ✢ ✢

မတ်လဆန်းမှာ ရာဖေးဟာ တေးဂီတဖျော်ဖြေပွဲတွေ ရှိနေလို့ မီလန်ကို သွားရတယ်။ အကြာကြီး မဟုတ်ပါဘူး။ သုံးရက်တည်းပါ။ ဒါပေမဲ့ အိမ်နဲ့ဝေးရာကိုတော့ သွားရမှာပါ။

'မင်း အဆင်ပြေပါ့မလား' လို့ သူက ဆက်ဖ်ဖီကို မေးတယ်။



'ပြေပါတယ်'

'ဟောဒါ ကိုယ်တည်းမယ့် ဟိုတယ်ဖုန်းနံပါတ်ပဲ၊ ပြဿနာတစ်ခုခုရှိလာရင် မင်း ကိုယ့်ဆီကို မဒမ်ဘလန်ချီနဲ့ တိုင်ပင်ပြီး ဖုန်းဆက်ပါ။ ကိုယ်ပြောတာ သိတယ်နော်။ မဒမ်ဘလန်ချီက သဘောကောင်းပါတယ်၊ မင်း အဆင်ပြေမယ်ဆိုတာရော တကယ်ပဲလား'

ဆက်ဖ်ဖီက ခေါင်းညိတ်တယ်။

✢ ✢ ✢

ရာဖေး အိမ်ကထွက်သွားတဲ့ ပထမနေ့ပါ။

ကလေးဟာ ဧည့်ခန်းကော်ဇောပေါ်မှာ ရှိနေပါတယ်။ အီးမစ်လ်ဟာ အေးလာတဲ့အတွက် ငိုပါတယ်။ အသံသိပ်မကျယ်ပါဘူး။ မျက်ရည်လည်း မထွက်ပါဘူး။ ဆက်ဖ်ဖီကတော့ အိမ်ထောင်ပရိဘောဂတွေကို ဖုန်သုတ်နေပါတယ်။ ကလေးငိုတော့ ကလေးကိုကောက်ချီပြီး ပုခက်ထဲကို ပြန်ထည့်ပါတယ်။

'အိပ်တော့' လို့ ဆက်ဖ်ဖီက ပြောတယ်။

ကပ်လျက်ရှိတဲ့ ရေချိုးခန်းထဲကို ဆက်ဖ်ဖီ သွားတယ်။ အဝတ်လျှော်ဇလုံထဲက အီးမစ်လ်ရဲ့ ကလေးခါးတောင်းကျိုက်တွေကို ယူပြီးလှန်းတယ်။ လှမ်းရင်းနဲ့ သူဟာ အတွေးလွန်သွားပြီး…။

နေသာတဲ့ နေ့တစ်နေ့ပါ။ နွေဦးပေါက်ရာသီရဲ့ နေ့တစ်နေ့နဲ့ သိပ်တူတယ်လို့ ပြောရင် မမှားနိုင်ဘူး။ ဆက်ဖ်ဖီဟာ ကလေးခါးတောင်းကျိုက်ကလေးတွေကို နေလှန်းပေးနေပါတယ်။ သူဟာ သူ့အမေကို အဝတ်တွေ ကူလှန်းပေးနေတာပါ။ နေရာက သူတို့အိမ်ရဲ့နောက်က ဥယျာဉ်ထဲမှာပါ။ အချိန်က နွေဦးပေါက်ချိန်ပါ။ နှစ်ကတော့ ၁၉၄၂ သို့မဟုတ် ၁၉၄၃ ခုနှစ် တစ်ခုခုဖြစ်ဖွယ်ရာ ရှိပါတယ်။ သူ့အသက်က ငါးနှစ် သို့မဟုတ် ခြောက်နှစ်လောက်ပဲ ရှိဦးမှာပါ။ ဘာကြောင့်လဲဆိုတော့ သိပ်မြင့်တဲ့ အဝတ်ကြိုးတန်းကို လက်လှမ်းမီအောင် အဝတ်တစ်ထည်လှန်းတိုင်း ခြေဖျားတစ်ခါ ထောက်ရလို့ပါ။

အဲဒီနေ့က သူတို့သားအမိ ကြုံခဲ့ရတာဟာ ပျော်စရာတစ်နေ့ပါပဲ၊ အဝတ်တွေကို ကြိုးတန်းပေါ်တင်ပြီး ညှပ်နဲ့ညှပ်နေတုန်း လေက အားကောင်းကောင်း တိုက်တဲ့အခါ အဝတ်တွေဟာ မကြာမကြာ လက်ထဲက လွတ်ထွက်သွားတတ်ပါတယ်။ ဒါ့ကြောင့်မို့ သူတို့သားအမိဟာ အဝတ်လွင့်ရာနောက်ကို ပြေးလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မြှတ်ခင်းပြင်ပေါ် ကျသွားတဲ့ အဝတ်ကို ပြန်ကောက်ယူရပါတယ်။ အဲဒီလို လုပ်ရတဲ့အခါတိုင်း နှစ်ယောက်သား မရယ်ဘဲမနေနိုင်လို့ အော်အော်ပြီး ရယ်မိတတ်ကြပါတယ်။

မြက်က အစိမ်းရောင်၊ အဝတ်က အဖြူရောင်၊ အဖြူနဲ့ အစိမ်း၊ အစိမ်းနဲ့ အဖြူ ဘယ်လောက်များ လိုက်ဖက်ညီလိုက်ပါသလဲ။

အဝတ်တွေကို ကောက်အပြီးမှာ ထပ်ပြီးလှန်းကြပြန်ပါတယ်။ အဝတ်တွေ လှန်းနေခိုက်မှာ သားအမိနှစ်ယောက် သီချင်းသံပြိုင် ဆိုမိကြတယ်။ သူ့အမေရဲ့ အသံက အမြင့်သံ၊ ဆက်ဖ်ဖီအသံက အနိမ့်သံ။ **‘ငှက်ကလေးတစ်ကောင် ဖုံလာတယ်၊ သူ့နှုတ်သီးမှာ စာပါတယ်၊ အမေ့ဆီကကွယ်’**

အဲဒီနေ့က သားအမိ ပျော်ခဲ့ရတဲ့အဖြစ်ကို ဆက်ဖ်ဖီ မေ့လို့မရ၊ အဲဒီတုန်းက သူတို့သားအမိ ကကြတယ်၊ ရယ်ကြတယ်၊ လေတိုက်တိုင်း တလူလူလွင့်ကျနေတဲ့ ကြိုးတန်းပေါ်က အဝတ်တွေကြားမှာ တူတူပုန်းတမ်း ကစားကြတယ်။

အီးမစ်လ် စကားပြောတတ်တဲ့အခါကျရင်တော့ သူ့ကို ‘မတ်တီ’ လို့ ခေါ်မယ်မထင်ဘူး၊ သူခေါ်ရင် ‘မာမာန်’ လို့ပဲ ခေါ်မှာ၊ ‘မတ်တီ’ ဆိုတာ မရှိတော့ဘူး။ ‘မတ်တာစပရာချို’ ဆိုတာလည်း မရှိတော့ဘူး။ နှစ်ဦးစလုံးကို ပယ်လိုက်ပြီ မဟုတ်လား။

+ + +

ဆက်ဖ်ဖီဟာ ကလေးခါးတောင်းကျိုက်တွေကို လှန်းပြီးသွားပြီ။ သူ့ရဲ့ နှလုံးခုန်သံဟာ မြန်နေဆဲပါ။ သူဟာ အီးမစ်လ်ရဲ့ အခန်းဆီကို လျှောက်သွားခဲ့ပါတယ်။ ပြီးတော့ ပုခက်ထဲက အီးမစ်လ်ကို ပွေ့ချီလိုက်ပါတယ်။

အခုအချိန်ထိ အီးမစ်လ်ဟာ မငိုသေးပါဘူး။ သူဟာ အီးမစ်လ် ကို ပွေ့ချီပြီး သူ့ရင်ခွင်ထဲမှာ ထားတယ်။ သူ့ကို မနက်စာကျွေးရမယ့်အချိန် ရောက်နေပါပြီ။ သူဟာ ကလေးကိုပွေ့ချီပြီး တလှုပ်လှုပ်လုပ်ရင်း သိပ်နေပါတယ်။ ကလေးကတော့ နို့မထွက်တဲ့ သူ့နို့တွေကို အငမ်းမရ ဟပ်နေပါတယ်။ ဒါပေမဲ့ အခုအချိန်ထိ မငိုသေးပါဘူး။

ဩော်… အလွန့်အလွန်ကို သေးငယ်တဲ့ အရာလေးတစ်ခုပါလား။

ဆက်ဖ်ဖီဟာ သူ့သားကို မီးဖိုခန်းဆီခေါ်သွားပြီး စားပွဲပေါ် ခဏချထားပါတယ်။ သူကတော့ နို့ဖျော်နေပါတယ်။ သူ့ကလေးဟာ မလှိမ့်နိုင်သေးပါဘူး။



သူချထားတဲ့ စားပွဲပေါ်ကနေပြီး ကြမ်းပြင်ပေါ် ကျသွားဖို့ဆိုတာ လုံးဝမဖြစ်နိုင်သေးပါဘူး။

နို့ဖျော်အပြီးမှာ သူဟာ အီးမစ်လ်ကို ကောက်ချီပြီး နို့ဘူးတိုက်ပါတယ်။ အီးမစ်လ်ရဲ့ မျက်လုံးနက်နက်ကလေးတွေဟာ သူ့အမေ မျက်နှာပေါ်ကို စူးစိုက်နေပါတယ်။ နို့ဘူးကိုစို့ရင်း စို့ရင်းနဲ့ပဲ သူ့မျက်နှာဟာ တဖြည်းဖြည်းချင်း သွေးရောင်တွေ လျှမ်းလာပါတယ်။ သူ့ရဲ့ နှာခေါင်းပေါက်သေးသေးလေးတွေဟာ လေကို ရှူနေကြပါတယ်။ သူ့မျက်ခုံးလေးနှစ်ဖက်ကလည်း အပေါ်တက်သွားလိုက် ပြန်ကျလာလိုက်နဲ့၊ တလှုပ်လှုပ်ဖြစ်နေပါတယ်။ သူ့မျက်နှာက အံ့အားသင့်နေသလိုလို၊ တစ်စုံတစ်ခုအတွက် အပူအပင်ရှိနေသလိုလို ဘာလိုလိုနဲ့။

ဆက်ဖ်ဖီဟာ အိပ်ပျော်တော့မလိုဖြစ်နေတဲ့ သူ့သားကို စိတ်ဝင်တစား ကြည့်နေပါတယ်။ သူ့သားရဲ့ မျက်ခွံကလေးတွေဟာ သိပ်ချစ်ရစရာကောင်းပါလား။ မျက်တောင်လေးတွေကလည်း တဖျတ်ဖျတ်နဲ့။ မိုက်ခရိုစကုပ်မှန်သားပြင်နဲ့ တူလိုက်တာ။ သိပ်ကိုလှတာပါပဲလား။ မွေးကင်းစ ကလေးငယ်တစ်ယောက်ဟာ ဘယ်လိုဟာတွေကို အိပ်မက်… မက်ပါလိမ့်။

ကလေးဆီက အသက်ရှူသံမျှင်မျှင်ကလေး ကြားရတယ်။ သက်ပြင်းချသံလားလို့တောင် ထင်ရတယ်။ တကယ့် တိုးတိုးသာသာကလေးပါ။ သူ့နှုတ်ခမ်းတွေဟာ တင်းကျပ်သွားတယ်။ နို့သီးခေါင်းကို တအားငုံထားရာက တမြွတ်မြွတ် နို့သံတွေ ထွက်လာတယ်။

ဆက်ဖ်ဖီ လန့်သွားတယ်။

သူဟာ သူ့သားကိုပွေ့ပြီး ပခုံးပေါ်မှောက်ထားလိုက်တယ်။ (ဆေးရုံမှာတုန်းက ဆရာမတွေ သင်ပေးလိုက်တဲ့အတိုင်းပေါ့) ပြီးတော့ ကလေးကျောကို အသာလေးဖိပေးတယ်။ ကလေးဆီက လေထွက်သွားသံကို နားစွင့်တယ်။ လေလည်းအွက်ရော ကလေးကို လက်ထဲပြန်ချပြီး သူ့လက်မောင်းပေါ် ပက်လက် လှန်ထားလိုက်တယ်။

သူ့သားက သူ့အပေါ်မှာ ဘယ်လောက်များ ယုံကြည်စိတ်ချရှိသလဲ။ သူပွေ့ချီပြီး လက်မောင်းပေါ်တင်လိုက်တော့ အလိုက်သင့်ကလေးပဲ သူ့ကို ပြန်ဖက်ထားတယ်။ ခပ်တင်းတင်းကလေး ညှစ်လိုက်တာကိုတောင်မှ … မပေါ်ဘူး။ နည်းနည်းကလေးတိုးပြီး ညှစ်လိုက်ပြန်တော့လည်း…။

+ + +

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စဟာ ထိတ်လန့်ကြောက်ရွံ့စရာကောင်းလောက်အောင်ကို လွယ်ပါ တယ်။

ဒါကို ဆက်ဖ်ဖီ သိတယ်။ မွန်စီယာဖာရတ် သို့မဟုတ် ဂျူလီယ ကို ကျေးဇူးတင်ခြင်းက စတာပါ။ အဲဒီလူက သူ့ရဲ့တီဂျဲလ်က ပြင်သစ်ဘာသာသ ကျောင်းဆရာပါ။ ၁၉၅၂ ခုနှစ် နွေရာသီအကုန် စာသင်တန်းတွေ ပြီးဆုံးသွားပြီ တဲ့ နောက်ပိုင်းကာလမှာပါ။ အဲဒီတုန်းက သူ့အသက်က ဆယ့်ငါးနှစ်။ ဂျူလီယ က သုံးဆယ့်နှစ်နှစ်။

ဂျူလီယန်က ဆက်ဖ်ဖီကို သူ့အဖော်ဖြစ်သင့်တယ်လို့ ဆုံးဖြတ်ခဲ့ပါတယ် အဲဒီနောက်မှာတော့ ဆက်ဖ်ဖီဟာ သာမန်အဖော်ဘဝထက် ပိုတဲ့အခြေအနေတစ်ရ ဆီ ရောက်သွားတယ်။ အဲဒီဘဝမှာတော့ ဆက်ဖ်ဖီကို ဂျူလီယန်ရဲ့ 'သုံ့ပန်း' ဆိုရင်တောင် ရနိုင်စရာရှိလာပါတယ်။

ဘာပဲဖြစ်ဖြစ် ဂျူလီယန်ဟာ ဆက်ဖ်ဖီကို အရာရာတိုင်းနဲ့ နေရာတိုင်းမှ ပညာအလင်းရောင်ပေးဖို့ လိုအပ်တယ်လို့ ယူဆခဲ့ပါတယ်။ အဲဒါတင် မကသေး ပါဘူး၊ ဆက်ဖ်ဖီရဲ့ ခန္ဓာကိုယ်နဲ့ စိတ်ကိုပါ လွတ်မြောက်အောင် ကူညီသင့်တယ် လို့လည်း ယူဆခဲ့ပါတယ်။

ဆက်ဖ်ဖီကတော့ သူ့ကိုယ်ခန္ဓာ သန့်ရှင်းဖြူစင်မှုနဲ့ ပတ်သက်လို့ သူ့ ဆရာအပေါ်မှာ အပြစ်မတင်သင့်ဘူးလို့ ထင်တယ်။ အမှန်တော့လည်း ဆက်ဖ်ဖီဟာ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က အပျိုရည်ပျက်ခဲ့ပြီးပြီ မဟုတ်လား။ တကယ်တော့ အဲဒီကိစ္စဟာလည်း ဂျူးလူမျိုးတစ်မျိုးလုံး ချေမှုန်းသုတ်သင်ရေးဆိုတဲ့ အနိဋ္ဌာ လုပ်ငန်းကြီးနဲ့ ဆက်စပ်ပတ်သက်နေပါတယ်။

ဆက်ဖ်ဖီဟာ အဲဒီလုပ်ငန်းကို စပြီးကြားသိရစဉ်တုန်းကတော့ သူ့အပျိုစင် ဘဝဟာ မပျက်သေးပါဘူး။ သူမှတ်မိနေတဲ့အတိုင်းဆိုရင် အဲဒီအချိန်က သူမြင်ခဲ့ ရတဲ့ ပိုစတာတွေထဲမှာ ကိုယ်လုံးတီးအလောင်းတွေ တောင်ပုံရာပုံဖြစ်နေတဲ့ ဓာတ်ပုံ တွေ ပါနေပါတယ်။ အဲဒီ ပိုစတာစာရွက်ကြီးတွေဟာ ၁၉၄၅ ခုနှစ် နွေရာသီအဆ နံရံတွေပေါ်မှာ ကပ်ထားဆဲပါ။ ဒါပေမယ့်လို့ 'ဒါဟာ မင့်အပြစ်ပဲ' လို့ ရေးထားတဲ့ အဲဒီပိုစတာကြီးတွေဟာ ဆက်ဖ်ဖီအတွက် ဒဏ္ဍာရီပုံပြင်လို ဖြစ်နေပါတယ်။ သူ့စိတ်ကို ထိထိခိုက်ခိုက်ဖြစ်အောင် ထိုးဖောက်နိုင်စွမ်း မရှိခဲ့ပါဘူး။

ဂျူလီယန်ဖာရတ်ကတော့ အဲဒီအကြောင်းအရာပေါ်မှာ ဆက်ဖ်ဖီ စိတ် မဝင်စားဘူးဆိုတာ သိနေပါတယ်။ ဒါပေမဲ့ စစ်ကြီးအပြီးမှာ သူဟာ ဆက်ဖ်ဖီ ရဲ့ ပညာရေးကို ကောင်းကောင်းစီမံခန့်ခွဲပေးနိုင်ခဲ့တဲ့ သအော်ာတော့ ရှိခဲ့ပါတယ်။

အဲဒီအချိန်က မရေမတွက်နိုင်လောက်အောင် များပြားတဲ့ ကြောက်စရာသတင်းတွေ ကို အများကြီးဖတ်နေရပါတယ်။

သုံ့ပန်းစခန်းတွေ၊ အကျဉ်းစခန်းတွေနဲ့ ဒုက္ခသည်စခန်းတွေ တစ်ခုပြီး တစ်ခု လွတ်မြောက်လာတဲ့ သတင်းတွေနဲ့ နျူရင်ဘတ် စစ်ခုံရုံးမှာ အမှုစစ်ဆေး ကြားနာနေတဲ့သတင်းတွေ။ သတင်းတွေကတော့ အမျိုးစုံပဲ။ ဂျာမန်တွေမှာ အပြစ် ရှိကြောင်း တင်ပြနေကြတဲ့ သက်သေခံချက်တွေလည်း ပါတယ်။

ဒီလိုနဲ့ပဲ လူတွေသတ်ဖြတ်ခြင်းဆိုတဲ့ အနိဋ္ဌာရုံသမိုင်းကြောင်းကို အဲဒီ နှစ် တစ်နွေလုံး မွန်စီယာဖာရတ်ဟာ သူ့ကျောင်းသူ ဆက်ဖ်ဖီကို စုံစုံစေ့စေ့ဖြစ် အောင် စနစ်တကျ သင်ကြားပေးခဲ့ပါတယ်။ အရွယ်ရောက်လာပြီဖြစ်တဲ့ ဆက်ဖ်ဖီ ဟာ ဂျူးအလောင်းတွေရဲ့ ပါးစပ်တွေထဲက ရွှေသွားတွေကို နုတ်ယူနေကြတာတွေ၊ သူ့အဝတ်နဲ့ ဆပ်ပြာထုတ်လုပ်တာတွေကို ကြားလာ သိလာရပါတယ်။

အဲဒီနောက်မှာတော့ ဟိုအကြောင်းကိုပါ သိလာခဲ့ရပါတယ်။

ဒီကိစ္စဟာ ကြောက်စရာကောင်းအောင်ကို လွယ်ပါတယ်။ လူငယ်ဆရာ က အားရက်တစ်ရက်မှာ သူ့ကျောင်းသူကို ရှင်းပြပါတယ်။ ပြီးတော့ မိန်းမတွေ ကလေးမီးဖွားတဲ့အခါ ဆရာဝန်လုပ်ပေးသလိုမျိုး လုပ်ပေးပါတယ်။ ဆရာက သူ့လက်ညှိုးနဲ့ လက်မကို သုံးပါတယ်။

ကလေးကို ခြေနှစ်ချောင်းကကိုင်ပြီး ဇောက်ထိုးထားပါတယ်။ ဦးခေါင်း က သေးသေးနုနုကလေးဆိုတော့ သိပ်ကိုလွယ်ပါတယ်။ ကလေးအမေက အော်နေ ပါတယ်။ ကလေးခေါင်းက ကြေမွသွားပါတယ်။ ကျန်ရစ်ခဲ့တာက ဦးနှောက် အစအနတွေနဲ့ သွေးတွေပဲ။

✢ ✢ ✢

ဆက်ဖ်ဖီဟာ အိုးမစ်လ်ကို ပွေ့ချီထားပါတယ်။ သူဟာ ကလေးငို ရှုံ့မဲ့ရဲ့ ကြည့်နေပါတယ်။ ကလေးက အိပ်ပျော်နေပါပြီ။ နုတ်ခမ်းမွေး ဆံစကလေးတွေဟာ ချွေးနဲ့ရောပြီး သူ့ခေါင်းမှာ ကပ်နေပါတယ်။ ကလေးက အိပ်မောကျနေပြီ။ ဒါပေမဲ့ မပွင့်တပွင့်ဖြစ်နေတဲ့ မျက်လုံးအစုံကြားထဲက ကလေး ရဲ့ မျက်ဆံတွေကို မြင်နေရပါတယ်။

ဆက်ဖ်ဖီဟာ သူ့မျက်လုံးတွေကို ပိတ်ထားလိုက်ပါတယ်။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖ်ဖီဟာ အက်စ်အက်စ် စစ်ထောက်လှမ်းရေးသမားတစ်ယောက် လုပ်ကိုင်နေပုံကို မျက်ခြည်မပြတ် ကြည့်နေပါတယ်။ အက်စ်အက်စ်ဟာ ကလေးရဲ့ ခြေမျက်စိနှစ်ဖက်ကို သူ့လက်မ၊ လက်ညှိုးနဲ့ကိုင်ပြီး ရှေ့နောက်လွှဲနေတယ်။ အရှိန်ယူတာပါ။ ပြီးတော့ ကလေးငယ်ရဲ့ အလွန်သေးငယ်တဲ့ ကိုယ်ခန္ဓာကို အုတ်နံရံ သို့မဟုတ် ထရပ်ကားကြီးရဲ့ ဘော်ဒီ သို့မဟုတ် အင်္ဂတေခင်းထားတဲ့ ကြမ်းပြင်နဲ့ ရိုက်ပစ်လိုက်ပါတယ်။

ဆက်ဖ်ဖီဟာ သူ့စိတ်အာရုံထဲမှာ ပေါ်လာနေတဲ့ ပုံသဏ္ဌာန်တွေကို ခြင်ယောင်နေဆဲပါ။

သူဟာ အနီးကို တိုးကပ်သွားတယ်။ အက်စ်အက်စ်ရဲ့ နုပျိုလန်းဆန်းနေတဲ့ ခန္ဓာကိုယ်ကို အသေအချာကြည့်နေမိပါတယ်။ အလွန်တောင့်တင်း သန်မာလှပါကလား။ အခု သူကြည့်နေတာဟာလည်း လူ့ကိုယ်ခန္ဓာတစ်ခုပဲ။ ဟိုကလေးလေးတွေ ကိုယ်ခန္ဓာတွေနဲ့ ဘာများခြားနားမှုရှိလို့လဲ။

ဒီခန္ဓာကိုယ်ပိုင်ရှင်ဟာလည်း တစ်ချိန်က မိခင်နို့ကို စို့ခဲ့တဲ့လူပဲ မဟုတ်လား။ ဆက်ဖ်ဖီဟာ စိတ်နေစိတ်ဓာတ် ယုတ်ညံ့အောင်၊ ရိုင်းစိုင်းယုတ်မာသွားအောင် လေ့ကျင့်သင်ကြားပေးထားတဲ့ အက်စ်အက်စ်ရဲ့ မျက်နှာကို စူးစူးရဲရဲ မကြည့်ဘဲ မနေနိုင်ပါဘူး။

သူ့မျက်လုံးတွေက အပြာရောင်ဆိုပေမယ့် ခက်ထန်လွန်းပါတယ်။ နှုတ်ခမ်းတွေကလည်း လူတစ်ဖက်သားကို သရော်ချင်သလိုလို၊ စော်ကားမော်ကားပြုချင်သလိုလို ဖြီးစပ်စပ်နဲ့။ ဒါပေမဲ့… သူ့ခန္ဓာကိုယ်ကတော့… ဆက်ဖ်ဖီဟာ မျက်လုံးတွေစုံမှိတ်ပြီး သူ့ဆီလျှောက်သွားပါတယ်။

ဆက်ဖ်ဖီက ပထမဆုံး အရောင်လက်လက်ထနေအောင် တိုက်ထားတဲ့ အနက်ရောင်ဘွတ်ဖိနပ်ကို ချွတ်ပေးတယ်။ ပြီးတော့ ဘောင်းဘီနဲ့ ယူနီဖောင်းဂျက်ကက်အင်္ကျီကို ချွတ်ပေးတယ်။ သူ ယူနီဖောင်းကို ချွတ်ပေးနေခိုက်မှာပဲ အက်စ်အက်စ်ရဲ့ ခန္ဓာကိုယ်ဟာ သက်သောင့်သက်သာ ဖြစ်လာသလိုပဲ။ အဲဒီနောက်မှာတော့ဖြင့်…

နောက်ဆုံးမှာ ဆက်ဖ်ဖီဟာ သူ့သားငယ် အီးမစ်လ်ကို ငုံ့ကြည့်တယ်။ ကလေးကတော့ သူ့အမေ ဆက်ဖ်ဖီရဲ့ လက်ပေါ်မှာ အိပ်ပျော်နေရှာပါတယ်။

+ + +



ဆက်ဖ်ဖီက သူ့သားငယ်ကို ပွေ့ချီပြီး သူ့ရင်ခွင်မှာ အပ်ထားပါတယ်။ သားငယ်ရဲ့ မျက်လုံးတွေကို ငုံ့ကြည့်ပါတယ်။ ကလေးဆီက ကိုယ်နံ့ဟာ သင်းပျံ့နေပါတယ်။ အသက်ရှုသံသဲ့သဲ့ကလေးကို နားစွင့်နေမိပါတယ်။

ပြီးတော့ အပြင်က ထွက်ပေါ်လာတဲ့ ပါရီမြို့တော်ရဲ့ ငှက်သံတွေ၊ ဒီတွေနဲ့ စာကလေးတွေပါ။ ဒီရာသီ မတ်လရဲ့ စောစောပိုင်းကာလမှာ အဲဒီငှက်သံတွေကလွဲပြီး တခြား ဘာငှက်သံကိုမှ မကြားရပါဘူး။ ဆက်ဖ်ဖီဟာ အဲဒီ ငှက်သံတွေကို နားစွင့်နေမိပါတယ်။ **ရာဖေးရယ်… အိမ်ကို ပြန်လာခဲ့ပါတော့၊ ဘာပြုလို့များ အိမ်ကိုခွာသွားရတာလဲ။**

+ + +

**ဗာတီ**တစ်ယောက် အိမ်မှာမရှိဘူး။ တခြား အဖေတွေလိုပဲ သူလည်းပဲ ရုပ်ဖေးတစ်နေရာကို သွားနေပါတယ်။ ထူးဆန်းတဲ့ ကမ္ဘာလေးတစ်ခုလို့ ဆိုရမယ် အဲဒီရဲ့။ ပတ်ပတ်လည်မှာ ယောကျ်ားတွေ မရှိကြဘူး။ ရွာထဲမှာ ကျန်ရစ်ခဲ့တဲ့ ယောကျ်ားတွေက အသက်ကြီးကြီးတွေပါ၊ မမာမချာ ဖြစ်နေသူတွေပါ။ အဲဒီထဲမှာ စိတ်နောက်နေသူတွေလည်း ပါတယ်။ **'ဖရင်း ဒါ ဘိတ်တား'**တွေကိုတော့ အရင်းထဲ ထည့်လို့မရဘူး။ သူတို့က လယ်တွေထဲမှာ အလုပ်လုပ်ဖို့ လာကြတာ။ သူတို့ကို တကယ်စစ်မှန်တဲ့ ယောကျ်ားတွေပါလို့ ပြောလို့မရဘူး။ ရန်သူသုံ့ပန်းတွေပါ။ စစ်မှန်တဲ့ ယောကျ်ားတွေက အဝေးမှာ ရောက်နေကြပါတယ်။ သူတို့က ရန်သူတွေကို ရင်ဆိုင်တိုက်ခိုက်နေကြပါတယ်။

တို့ရန်သူကလည်း တစ်ကမ္ဘာလုံးပါ။ သူတို့က တို့ကို ဝန်းရံထားပါတယ်။ သူတို့က တို့ကို သတ်ချင်နေတာမို့ ယောကျ်ားတွေက တို့ကို အကာအကွယ်ပေးနေကြရပါတယ်။ တို့ ယောကျ်ားတွေက မိန်းမတွေဆီကို စာရေးကြပါတယ်။ အဲဒီတော့ တို့မိန်းမတွေက တို့ရဲ့အချိန်တွေကို စာတွေ အော်ကြီးဟစ်ကျယ်ဖတ်ရင်း ဖြုန်းနေကြရတယ်။

ဘယ်လိုပဲဖြစ်ဖြစ် တို့ယောကျ်ားတွေဟာ အိမ်ကို လုံးဝပြန်မလာကြဘူး။ ခွင့်ရတဲ့အချိန် တစ်နှစ်မှ တစ်ခေါက်လောက်တော့ ရောက်လာတတ်ကြပါတယ်။ ဒါမှမဟုတ်ရင်လည်း ယူနီဖောင်းတွေနဲ့ သေကုန်ကြတာပါပဲ။ … နီးချင်း 'ဟာဆစ်လ်ဘား' လို အဖြစ်မျိုးပေါ့။

ဒါပေမယ့် ဗာတီတစ်ယောက်ကတော့ အဲဒီလို မဖြစ်ပါဘူး။ သူက

www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်း မဝတ်ဘူးလေ။ သူ့အနေနဲ့ သေမှာမဟုတ်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူ့နှာတစ်ဖက်က ပင်းနေတယ်။ သူ့အတွက် ကံကောင်းတာပေါ့။ သူက လီဗာကူဆင်မှာ အလုပ်လုပ်ရပါတယ်။ အရေးပါတဲ့ အလုပ်တစ်ခုပါ။ ဓာတ်ခွဲခန်းတစ်ခုမှာပါ။ မှော်ဆရာတစ်ယောက်နဲ့ တူပါတယ်။ ပျောက်ကင်းစေနိုင်မယ့် ဆေးတွေရှာတာပါ။ ဒီတစ်ခါမှာတော့ တိရစ္ဆာန်တွေအတွက် မဟုတ်ပါဘူး။ လူသားတွေအတွက်ပါ။ သူတို့ကို အိပ်ပျော်အောင် ကူညီဖို့ပါ။

\+ + +

ရာဖေးတစ်ယောက် အိမ်မှာမရှိတဲ့ ဒုတိယနေ့ပါ။ ဆက်ဖ်ဖီဟာ ဧည့်ခန်းထဲက သားရေဆိုဖာကုလားထိုင် ထောင့်ထဲမှာထိုင်ပြီး အီးမစ်လ်ကို အသာအယာလေးလှုပ်ပြီး သိပ်နေတယ်။ အရာရာတိုင်းဟာ ငြိမ်ဆိတ်နေကြပါတယ်။ နိုတွေရဲ့ ညည်းသံတွေနဲ့ စာကလေးတွေရဲ့ အော်သံတွေကလွဲပြီး အားလုံး ငြိမ်ဆိတ်နေတာပါ။ သစ်သားပရိဘောဂတွေဟာ အရောင်တလက်လက် ထွက်နေကြပါတယ်။

နေ့ဟာ ညနောက်က ထက်ကြပ်မကွာ လိုက်လာနေတယ်။ ဆက်ဖ်ဖီအိပ်မပျော်တာ နှစ်ညရှိသွားပြီ။ တစ်မှေးတောင်မှ အိပ်လို့မရဘူး။ သူ့စိတ်ကထိတ်လန့်နေပေမယ့် အရာရာတိုင်းကတော့ ငြိမ်ဆိတ်နေတာပါပဲ။

အနေအထားကဖြင့် မယုံကြည်နိုင်အောင်ကိုပဲ အေးဆေးတည်ငြိမ်လှပါတယ်။ အချိန်တိုင်း အဲဒီပုံစံပါပဲ။ ငြိမ်အေးလှတဲ့အတွက် ချစ်စရာကောင်းလှပါတယ်။ တနင်္ဂနွေနေ့ဆိုတော့ တေးဂီတသံတွေကိုလည်း ကြားရတယ်။ တနင်္ဂနွေအချက်အပြုတ်က ဟင်းအမယ်မျိုးစုံရဲ့ အနံ့တွေကလည်း ဖွင့်ထားတဲ့ ပြတင်းပေါက်တွေကနေပြီး ဝင်လာနေပါတယ်။

လူတွေအားလုံး သူတို့ရဲ့ ဥယျာဉ်တွေထဲမှာပါ။ စက်ဘီးတွေစီးတဲ့လူကစီး၊ အတင်းအဖျင်း သတင်းတွေ ပြောတဲ့လူက ပြော။ အဲဒီနောက် ဗြုန်းခနဲစည်းလွတ်ဝါးလွတ်ဖြစ်မှုကြီး ဖြစ်ပေါ်လာပါတယ်။ အော်သံဟစ်သံတွေ၊ ပြေးသံလွှားသံနဲ့ လှုပ်ရှားသံတွေ၊ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ အလောင်းကောင်တွေအို… ငရဲပြည်ရောက်နေသလိုပါပဲလား။ ပြီးတော့ ပြန်ငြိမ်း တည်ငြိမ်အေးဆေးသွားတယ်။ တိတ်ဆိတ်မှုဟာ ပြန်လည်ရောက်ရှိလာပါတယ်။ ကြည်လင်လှတဲ့ အပြာရောင်ကောင်းကင်ဟာ တည်ငြိမ်အေးဆေးစွာနဲ့ ပြုံးပြနေပါတယ်။

ဆက်ဖ်ဖီဟာ အီးမစ်လ်ကို လှုပ်ပြီးသိပ်နေပါတယ်။ သူဟာ သီတင်း



ခြောက်ပတ်သား ရှိသွားပါပြီ။ သူ့ပါးစပ်မှာ နို့ဘူးတပ်ထားပါတယ်။ နို့ကုန်သွားတော့ လေအန်တယ်။ ပြီးတော့ အိပ်ချင်မူးတူး ဖြစ်လာတယ်။ သူ့မျက်နှာပေါ်မှာ အပြုံးရိပ် ထင်ဟပ်လာတယ်။ သူ့ပါးစပ်ထောင့်က နို့ရည်တွေ စီးကျလာတယ်။ ဆက်ဖ်ဖီက သွားရည်ခံနဲ့ သုတ်ပေးတယ်။

\+ + +

အိမ်တိုင်းမှာ ယောက်ျားတွေရဲ့အနံ့ ကင်းမဲ့နေတယ်။ ဆေးလိပ်နံ့၊ ဆေးတံသောက်ဆေးနံ့၊ ယောက်ျားချွေးနံ့တွေ လုံးဝမရှိဘူး။ အိမ်တွေမှာ မိန်းမတွေရဲ့ကြောက်စိတ်သာ ကြီးစိုးနေတယ်။ ပွဲတော်ရက်တွေမှာတော့ ရွာထဲက ယောက်ျားအတိုးကြီးတွေ ထွက်လာပြီး ဝေါ့လ်ဇ်အကတွေ ကကြတယ်။ မိန်းမတွေကတော့ မိန်းမချင်းတွေ တွဲကကြတယ်။

ဆက်ဖ်ဖီအမေဟာ သီချင်းဆိုနေတယ်။ သူဟာ နှစ်လသားအရွယ်သာရှိသေးတဲ့ သူ့သား ပီတာကို လှုပ်ပြီးသိပ်နေပါတယ်။ ဘေးယား က အလုပ်ကတော့ အခုထိ စစ်တပ်ရဲ့အလုပ်ပဲ။ ဗာတီဟာ သူခရီးသွားချင်ရင် သူသွားချင်တဲ့နေရာကို သွားလို့မရပါဘူး။

ပီတာဟာ သူ့ရဲ့ သေးငယ်လွန်းလှတဲ့ ဦးခေါင်းကို သူ့အမေရဲ့ နို့နှစ်လုံးကြားမှာ မြှုပ်နှံထားပါတယ်။ အမေကတော့ သီချင်းကို အေးအေးသာသာပဲဆိုနေပါတယ်။ လက်ထဲက ပီတာကိုလည်း အသာကလေးလှုပ်ပြီး သိပ်နေပါတယ်။ သူ့အဖို့ တခြား ဘာသံကိုမှ ကြားနိုင်စွမ်းမရှိတော့ပါဘူး။

ဒါပေမယ်လို့ လေယာဉ်ပျံသံတွေကို ကြားနေရပါတယ်။ ပေါက်ကွဲသံတွေကိုလည်း ကြားနေရပါတယ်။ နောက်ပြီးတော့ အော်သံတွေပါ။ အဆုံး[illegible]တဲ့ မိန်းမတစ်ယောက်ရဲ့ အော်သံကိုလည်း ကြားရပါတယ်။ တို့အားလုံး အဲဒီနေရာမှာ ရှိနေကြပါတယ်။ အားလုံး အခန်းထောင့်ထဲမှာ စုပြီးနေကြ[illegible] အိမ်နီးနားချင်း ဆစ်လ်ဘားရဲ့အိမ်ကို ဗုံးထိပြီထင်ရဲ့။ အော်သံတွေက [illegible]သေးပါဘူး။ ဘာ့ကြောင့် ဒီအော်သံတွေကို ဆက်ပြီးကြား[illegible]

နောက်ဆုံးမှာတော့ အော်သံတွေ ရပ်သွားတယ်။ [illegible] တဲ့အသံတွေလည်း ရပ်သွားတယ်။ လေယာဉ်ပျံတွေ ပြန်သွား[illegible] ပြန်ရောက်လာတယ်။ ဖရောဆစ်လ်ဘာ ရဲ့ ငိုသံတို့တော့ [illegible] ဒီနေ့ဟာ သူ့အလှည့်၊ တို့အလှည့် မဟုတ်ဘူး။ သူ့အိမ်ခေါင်မိုး[illegible]

www.burmeseclassic.com



သူ့သမီး အသက်ခုနစ်နှစ်ခွဲအရွယ် လော့တီ ဟာ ဆက်ဖ်ဖီရဲ့ အရင်းနှီးဆုံး အခင်မင်ဆုံး သူငယ်ချင်းပါ။

ဆက်ဖ်ဖီဟာ အိမ်နီးနားချင်းရဲ့ အိမ်ဘက်ကို သူ့အမေနဲ့အတူ အပြေး အလွှားသွားပါတယ်။ လော့တီဟာ ကြမ်းပေါ်မှာ လဲနေတုန်းပါ။ လှုပ်ရှားခြင်း မရှိပါဘူး။ သတိလစ်နေပုံပဲ။ သေများ သေပြီလား။

မဟုတ်သေးဘူး။ သေတော့ မသေသေးဘူး။ အသက်ရှူနေတုန်းပဲ။ ဒါပေမဲ့ သူ့ရဲ့လက်နဲ့ ခြေထောက်ပေါ် ဝက်သစ်ချသား ရက်မကြီး ပြုတ်ကျထား တဲ့အတွက် လက်ရောခြေထောက်ပါ ကြေမွကုန်တယ်။

✢ ✢ ✢

အီးမစ်လ် အိပ်မောကျနေပြီ။ အချက်ပေးဥသြသံ ကြားလိုက်ရသလိုပဲ။ ကြောက်စိတ်က ဆက်ဖ်ဖီ လည်ချောင်းကို ပိတ်ဆို့ထားတယ်။ သူတွေး အချိန်မရလိုက်သေးခင်မှာပဲ (တစ်နည်းအားဖြင့် သူ့ဦးနှောက်က ကျိုးကြောင်း ဆင်ခြင်တုံတရားကို လက်ကိုင်ထားပြီး အခုအချိန်ဟာ စစ်ကြီးကာလ မဟုတ်ဘူး ငြိမ်းချမ်းနေတဲ့ကာလ။ ပြီးတော့ ဘာလင်မြို့မှာ မဟုတ်ဘူး။ အခု ရောက်နေ တာ ပါရီမြို့။ ငါ့ဘဝဟာ လူကြီးဘဝ၊ ကလေးဘဝ မဟုတ်ဘူး စသည်ဖြင့် မစဉ်းစားလိုက်နိုင်ခင်ကလေးမှာပဲ) အသက်ရှူရတာပါ မွန်းကျပ်လာတယ်။

• တံခါးဆီက လူခေါ်ခေါင်းလောင်းသံပါ။ လေကြောင်း အချက်ပေးဥသြ သံ မဟုတ်ပါဘူး။

တံခါးဆီသွားတယ်။ တံခါးကို ဖွင့်တယ်။ ဘာပေါက်ကွဲသံမှ မကြား ဘူး။ လူတစ်ယောက်မှလည်း မသေဘူး။

တံခါးစောင့် အမျိုးသမီးကြီး မဒမ်ဗွိုင်ဇယ် ဘလန်ချီပါ။ သူ အခု ... တာကို အနှောင့်အယှက်ပေးတယ်လို့ မထင်ပါနဲ့တဲ့။ ဘလန်ချီက တောင်းပန်စကား ပြောတယ်။ ဒါပေမယ်လို့ ...

မွန်စီယာ လီပိတ်ချ်တစ်ယောက် အိမ်ထဲကထွက်သွားတာ လွန်ခဲ့ ... လေးဆယ့်ရှစ်နာရီကတည်းကပါတဲ့။ အခုအချိန်ထိ ဒီအခန်းထဲက ဘယ်သူ ထွက်လာတာ လုံးဝမမြင်ရတဲ့အတွက် သူ့စိတ်ပူလာလို့ လာမေးတာပါတဲ့။ အိမ်



မှာ တစ်ခုခုဖြစ်နေရင် ခက်ချေရဲ့လို့ တွေးမိတာနဲ့ လာခဲ့မိတာပါတဲ့။

'ဒီစာအိတ်ကို တံခါးအောက်က ထိုးသွင်းလို့မရဘူး မဒမ်'လို့ ဘလန်ချီ က ပြောတယ်။ ပြီးတော့ လက်ထဲက စာအိတ်ကြီးတစ်လုံးကို ထောင်ပြတယ်။ သူ့အနေနဲ့ ကြံဖန်ပြီး လိမ်ပြောတာပါ။ ပြောရင်းနဲ့ စိတ်က မလုံမလဲဖြစ်လာလေ တော့ တစ်မျက်နှာလုံး နီရဲသွားတယ်။

ဘလန်ချီက ဆက်ဖ်ဖီ့မျက်နှာကို အနီးကပ်အကဲခတ်တယ်။ မဒမ်လီ ပိတ်ချ်(ဆက်ဖ်ဖီ)ကို ကြည့်ရတာ စိတ်ချောက်ချားနေသလိုပဲလို့ တွေးတယ်။ ခါတိုင်းနဲ့ မတူဘူး။ ပိုပိန်သွားတယ်။ မျက်နှာကလည်း ဖျော့တော့တော့နဲ့။

'ကလေးအိပ်နေတယ်'လို့ ဆက်ဖ်ဖီက ပြောတယ်။ 'သူ အသက်ရှင် တယ်'လို့ ဆက်ပြောတော့မလို ဟန်ပြင်လိုက်ပေမယ့် မပြောဖြစ်ဘူး။ ဘလန်ချီ က သူ့နှုတ်ခမ်းပေါ် လက်ညှိုးတင်လိုက်ပြီး နောက်ဆုတ်သွားတယ်။

'အို... ဝမ်းနည်းပါတယ် မဒမ်၊ သူ မနက်ခင်း တစ်ရေးအိပ်တာ ဖြစ်မယ်။ တံခါးခေါက်သံကြောင့် နိုးသွားမှဖြင့်...'

ဘလန်ချီ ချက်ချင်းပဲ ပျောက်သွားတယ်။ ဆက်ဖ်ဖီ စိတ်အေးသွားတယ်။ တစ်ဆက်တည်း သူတွေးမိတယ်။ ဩော်... စာနာစိတ်ရှိလိုက်တာ။

✢ ✢ ✢

ဆက်ဖ်ဖီရဲ့ သတိတရဖြစ်မှုတွေဟာ ဒီနေရာမှာ ရပ်သွားတယ်။ အဲဒါတွေ အပြီးမှာ ဘာဖြစ်တယ်ဆိုတာ သူ မမှတ်မိတော့ဘူး။ အိမ်နီးနားချင်း မိန်းမတွေနဲ့ သူတို့ရဲ့ကလေးတွေဟာ သူတို့ဘာသာသူတို့ အိမ်ကိုပြိုမကျအောင် ခေါင်မိုးရက်မ တွေကို ထိန်းထားနိုင်ခဲ့ဟန် တူပါတယ်။ ဒါမှမဟုတ်လည်း အပြင်က အကူအညီ တွေ... ဥပမာ ဆေးရုံက အရေးပေါ်ကားတွေ၊ ကရိန်းကြီးတွေ၊ မီးသတ်ကားတွေ ရောက်လာပြီး... ...။

ဆက်ဖ်ဖီရဲ့ အမှတ်တရရှိမှုတွေဟာ ဒီနေရာရောက်တော့ ရပ်သွားသလို ပဲ။ ဒါပေမဲ့ သူ နောက်ဆုံးမှတ်မိနေတဲ့ ရုပ်လွှာတစ်ခုကို သူ့အာရုံမှာ ဆင်ခဲ့ တယ်။ တခြား မဟုတ်ဘူး။ လီလက်ပင်ကလေးတွေပါ။ ဟုတ်တယ် ... တာ ... ဝါဝင်းပြီး ယိမ်းနွဲ့လှုပ်ရှားနေကြတဲ့ လီလက်ပင်လေးတွေပါ။ အဲဒီ ... တဲ့ ဧပြီလတစ်ရက်ပါ။

လီလက်ပင်ကလေးတွေ ပေါက်နေတာက ... အိမ်ရှေ့

www.burmeseclassic.com



နွားပါ။ အရောင်မျိုးစုံ ပန်းကလေးတွေပွင့်တဲ့ ချုံပင်ကလေးတွေပါ။ အခုပွင့်နေတာ တ အရောင်သုံးရောင်ပါ။ အဖြူရောင်၊ မရမ်းရောင်နဲ့ ခရမ်းရောင်တွေပါ။ အေးအေး သာသာလေး တိုက်နေတဲ့လေဟာ ရှုံရှုံ့ကြိုက်ရတာကို အကြိုက်တွေ့နေသလိုပဲ။ ပန်းတွေရဲ့ မွှေးပျံ့တဲ့ရနံ့ဟာ ဆက်ဖ်ဖီနှာခေါင်းကို ထိတွေ့ပွတ်သပ်နေပါတယ်။

ဘယ်သူကမှ လီလက်ပင်ကလေးတွေကို နှာကျင်ထိခိုက်အောင် မလုပ်ကြပါဘူး။ သူတို့ဟာ ကျက်သရေရှိရှိ၊ တင့်တင့်တယ်တယ်နဲ့ အပူအပင် အကြောင့် အကြကင်းမဲ့စွာ နေကြရတာပါ။ သူ့အဖို့တော့ ကမ္ဘာလောကကြီးဟာ အခုမှ ဖန်ဆင်းပြီးစ အခြေအနေမျိုးပါ။ ဘုရားသခင်ကလည်း သူ့ရဲ့ တည်ရှိမှုကို အလွန် ကျေနပ်အားရစွာနဲ့ ကြည့်နေတယ်လို့ ထင်ရလောက်ပါတယ်။

လီလက်ပွင့်ကလေးတွေဟာ ခေါင်မိုးရက်မ အပိခံနေရတဲ့ လော့တီရှိရာ အိမ်ဘက်ကို မကြည့်ဘူး။ လော့တီဟာ ရထားတဲ့ဒဏ်ရာက နာကျင်မှု ပြင်းထန်လွန်းလို့ သတိလစ်နေရှာပါတယ်။

✢ ✢ ✢

ဆက်ဖ်ဖီဟာ အီးမစ်လ်ကို သူ့အခန်းကလေးထဲမှာ ချသိပ်လိုက်ပါတယ်။ အခန်းက ပြင်သစ်ကလေးအတွက် သီးသန့်လုပ်ထားတဲ့ အခန်းလေးပါ။ နံရံတွေ ပေါ်မှာ လေယာဉ်ပုံတွေပါတဲ့ စက္ကူတွေ ကပ်ထားတယ်။ စင်ကလေးတွေပေါ်မှာ နုနုပျော့ပျော့ ကစားစရာအရုပ်ကလေးတွေ တန်းစီပြီးတင်ထားတယ်။ အံဆွဲတွေ ပါတဲ့ သေတ္တာတစ်လုံးလည်း တစ်နေရာမှာ ချထားတယ်။

အပေါ်ဆုံး အံဆွဲထဲမှာ ကလေးညဝတ်စုံတွေ ထည့်ထားတယ်။ အလယ် အံဆွဲထဲမှာက စွပ်ကျယ်အင်္ကျီကလေးတွေ ရှိတယ်။ အောက်ဆုံးအံဆွဲထဲမှာတော့ ကလေးကစားတဲ့အချိန်မှာ ဝတ်တဲ့ ဝတ်စုံပွပွကလေးတွေ ထည့်ထားတယ်။ ပြီးတော့ ကလေးအိပ်စင်ခုတင်ကလေး၊ အဲဒီဘေးမှာ ချထားတဲ့ စားပွဲလေးပေါ် မှာတော့ ရေသန့်ပုလင်း တစ်ပုလင်း၊ အသားလိမ်းဆေးရည်၊ ကိုယ်လိမ်းပေါင်ဒါ၊ ဘီးငယ်လေးတစ်ချောင်းနဲ့ ကလေးရဲ့ ဆံပင်နုနုကလေးတွေကိုဖြီးဖို့ ဘရပ်ရှ်နုနု လေးတစ်ခု တင်ထားတယ်။

ဆက်ဖ်ဖီက သူ့သားငယ်ရဲ့ ကိုယ်ပေါ်ကို ဖွမ်းစောင်ကလေး ခြုံပေး တယ်။ ခေါင်းကိုတော့ ခြုံမပေးပါဘူး။ သံစုံဂီတသေတ္တာလေးရဲ့ သံပတ်ကို



လှည့်ပေးတယ်။ သားကလေးရဲ့ အဘွားက ပေးထားတဲ့လက်ဆောင်ပါ။ သေတ္တာ လေးထဲက ထွက်လာတဲ့သီချင်းက တီချိုကိုဗတ်စကီး ရဲ့ **'ငန်းတို့ပျော်ရာ ရေကန် သာ'** သီချင်းပါ။

✢ ✢ ✢

တေးဂီတ တူရိယာပစ္စည်းတွေဟာ ငှက်ကလေးတွေလိုပါပဲလားလို့ ဆက်ဖ်ဖီ တွေးတယ်။ သူတို့ဟာ ပါးစပ်ကို ဘယ်လိုပိတ်ရမလဲဆိုတာ မသိကြ ပါကလား။ လီလက်ပင်ကလေးတွေဟာ လေထဲမှာ ယိမ်းထိုးလှုပ်ရှားနေကြတယ်။ သူတို့ဟာ လုံးဝ ရပ်မသွားကြဘူး။ လေကလည်း တိုက်ခတ်နေတာကို လုံးဝ မရပ်ဘူး။ ကောင်းကင်ကလည်း သူ့အပြုံးကို လုံးဝရပ်မသွားဘူး။ ငှက်တွေနဲ့ ဗလွေတွေဟာလည်း ဘယ်တော့မှ သီချင်းအဆိုကို ရပ်ကြမှာမဟုတ်ဘူး။

✢ ✢ ✢

လော့တီ သေသွားပြီ။ သူတို့အနေနဲ့ ခေါင်မိုးက ရက်မကိုလည်း မဖယ်နိုင်ကြပါဘူး။ ပြင်ပက အကူအညီကိုလည်း ရအောင်မလုပ်နိုင်ကြတော့ပါ ဘူး။ လော့တီဟာ ရက်မကြီးအောက်မှာပဲ လဲနေပါတယ်။ အခုတော့ သူသေပြီး ဘတယ်ကို သေသွားတာပါ။ သူဟာ သူ့မိခင်ရဲ့ တစ်ဦးတည်းသောသမီးပါ။ သူ့အမေ ဖရောဆစ်လ်ဘားဟာ သူ့နဖူးကို သူ့ဒူးနှစ်ဖက်ပေါ်အပ်ပြီး တံခါးဝမှာ ထိုင်နေပါတယ်။ သူ့လက်နှစ်ဖက်ကတော့ သူ့ခြေထောက်တွေကို ပိုက်ထားပါ တယ်။ လေထဲမှာ လှုပ်နေတဲ့ လီလက်ပင်တွေလိုပဲ ရှေ့တိုးနောက်ငင် လှုပ်ရှားလို့ နေပါတယ်။

နေဝင်ဖျိုးဖျအချိန် ရောက်လာတဲ့အခါမှာ ဆက်ဖ်ဖီရဲ့အမေ ထွက်လာပါ တယ်။ သူဟာ လော့တီအမေရဲ့ လက်တစ်ဖက်ကို အသာအယာလေး ဆွဲယူလိုက် ပါတယ်။ အခုအချိန်မှာတော့ အိမ်ထဲမှာ ဘယ်သူမှမရှိတော့ပါဘူး။ သူတို့အိမ် တော့ အခုထက်ထိ ပြိုမကျသေးပါဘူး။ ဆက်ဖ်ဖီ့အမေဟာ နှိုး အသုဘ ပြင်ဆင် လုပ်နေပါတယ်။ ဒါပေမဲ့ အမေနှစ်ယောက်စလုံး မဆာကြပါဘူး။

လော့တီအမေဟာ အခန်းရဲ့ထောင့်တစ်ထောင့်ကို သွားပါတယ်။ ဆောင် နေတဲ့ သစ်သားမီးဖိုဘေးမှာ စောစောကပုံစံမျိုးနဲ့ပဲ ထိုင်နေပါတယ်။ သူ့နဖူးကို

www.burmeseclassic.com

www.burmeseclassic.com



ဒူးနှစ်ဖက်မှာ အပ်ထားပါတယ်။ လက်နှစ်ဖက်ကလည်း ခြေနှစ်ဖက်ကို ပိုက်ထားပါတယ်။ စောစောကလိုပဲ ရှေ့တိုးနောက်ငင် လှုပ်ရှားလို့နေပါတယ်။

ဆက်ဖ်ဖီနဲ့ သူ့အစ်ကိုတွေ၊ အစ်မတွေ၊ ပြီးတော့ သူ့အမေ အားလုံး စားပွဲမှာ ဝိုင်းထိုင်ကြတယ်။ လက်ချင်းဆက်လိုက်ကြတယ်။ သူတို့ရဲ့ ဦးခေါင်းတွေကို ငုံ့ပြီး သူတို့အပေါ် ကောင်းချီးပေးခဲ့တဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို အာရုံပြုကြပါတယ်။ အဲဒီနေ့ညနေက သူတို့အားလုံးအတွက် ဖြစ်လာတဲ့ဘဝဟာ စိတ်ချမ်းသာစရာပါ။ ဘာ့ကြောင့်လဲဆိုတော့ သူတို့အားလုံး လော့တီလို အသက်သေမသွားကြဘဲ လွတ်မြောက်လာကြလို့ပါ။ အားလုံးပဲ အရသာရှိတဲ့ စွပ်ပြုတ်ကို သောက်နိုင်ကြပါတယ်။ လက်တွေဆက်ပြီး ဘုရားသခင်ကို အာရုံပြုနိုင်ကြရုံမကဘူး၊ ဆုတောင်းခြင်းအမူကိုလည်း ပြုနိုင်ကြပါတယ်။ လူခြောက်ယောက်ရဲ့ မွှေတေးသံကိုလည်း ကြားကြရပါတယ်။

အဲဒီညက စက္ကန့်တိုင်းလိုလို ကယ်တင်ရှင် ဘုရားသခင်ကို သတိရနေကြပါတယ်။ သူတို့ရဲ့မိခင်ဟာ လော့တီရဲ့မိခင်လိုထိုင်ပြီး ရှေ့နောက် လှုပ်ရှားနေရတဲ့ အနေအထားမျိုး မဟုတ်ပါဘူး။ သူတို့အားလုံးဟာလည်း လော့တီအဖြစ်မျိုးနဲ့ ရင်မဆိုင်ခဲ့ကြရပါဘူး။ သူတို့အားလုံးဟာ ဘာမှမဖြစ်ကြဘဲ အသက်နဲ့ကိုယ် ခြနေကြပါတယ်။ သူတို့ရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေဟာ သူတို့ရဲ့ခန္ဓာကိုယ်တွေမှာ ရှိနေတုန်းပါ။ သူတို့ပါးစပ်တွေထဲမှာလည်း သွားတွေနဲ့ အပြည့်ပါ။ သူတို့ရဲ့ ဝမ်းဗိုက်တွေဟာလည်း နွေးနွေးထွေးထွေးနဲ့ အရသာရှိတဲ့ အစားအသောက်တွေကို တမ်းတနေကြဆဲပါ။

+ + +

**'နေးတို့ပျော်ရာ ရေကန်သာ'** သီချင်းဟာ အလယ်ပိုဒ်လောက်အရောက်မှာ ရပ်သွားပါတယ်။ အီးမစ်လ်ရဲ့ အသက်ရှူသံ မြန်လာသလိုပဲ။ ပြီးတော့ မှန်သွားတယ်။ သူ အိပ်ပျော်သွားပြီကိုး။

+ + +

တို့များမှာ ဘာပြုလို့ ရန်သူတွေ ဒီလောက်တောင် များနေရတာလဲ။ သူတို့ကို ငါတို့က ဘာတွေလုပ်ခဲ့မိလို့ပါလိမ့်။ သူတို့ဟာ ဘာပြုလို့ တို့ခေါင်းပေါ်



က ပျံသန်းနေကြတာလဲ။ တို့အားလုံးကိုသတ်ဖို့နဲ့ တို့အိမ်တွေကို မီးလောင်တိုက်ချွင်းဖို့ ဘာ့ကြောင့်လုပ်ချင်နေကြရတာလဲ။

ဆက်ဖ်ဖီဟာ အဲဒီမေးခွန်းတွေကို မေးချင်ပါတယ်။ ဒါပေမဲ့ ဘယ်သူ့ကို သွားမေးရမှန်း မသိဘူး။

ဆက်ဖ်ဖီဟာ သူ့အမေရဲ့ရင်ခွင်ပေါ် တက်ထိုင်တယ်။ အမေဟာ သူ့အတွက် ဆောင်စဉ်တောင်တန်းကြီးတစ်ခုပါ။ သစ်တောကြီး တစ်ခုပါ။ ပင်လယ်ပြင်ကြီးဆိုရင်လည်း မမှားပါဘူး။ မိုးကောင်းကင်ကြီးလို့လည်း ပြောနိုင်ပါတယ်။ စကြဝဠာကြီးနဲ့တူတဲ့ အမေဟာ ဆက်ဖ်ဖီကို သူ့ရဲ့စကြဝဠာလက်နှစ်ဖက်နဲ့ ဖက်ထားပါတယ်။ ဆက်ဖ်ဖီ ငယ်ငယ်လေးတုန်းက ပွေ့သလိုမျိုး ပွေ့ဖက်ထားတာပါ။ ဩော်… လူတစ်ယောက်ဟာ ဘာ့ကြောင့် တစ်သက်လုံး ငယ်မနေတာလဲ။

'တို့တစ်တွေကို သတ်ချင်နေကြတဲ့လူတွေဟာ မကောင်းဆိုးဝါးတွေလို့ ပြောနေကြတာ ဟုတ်များ ဟုတ်လေမလား' … အဲဒီစကားကို အိမ်နီးနားချင်းအိုးမကြီးတွေက ပြောနေကြတာပဲ။ သူတို့ပြောကြတာက ရန်သူဟာ မီးတောက်မီးလျှံလို နီနီရဲရဲ မျက်လုံးကြီးတွေ ရှိတယ်တဲ့။ ကျည်ဆန်ပုံအရွယ်အစားနဲ့ သွားကြီးတွေလည်း ရှိတယ်တဲ့။ သူ့ရဲ့ ကြောက်စရာကောင်းလောက်အောင် အကျည်းတန်အရုပ်ဆိုးတဲ့ လက်နက်တွေကို မြေကြီးထဲမှာ ဝှက်ထားတယ်တဲ့။

သူဟာ ဟိုးအဝေးကြီးကလာတာ။ တို့ကို မုန်းတီးရွံရှာနေတဲ့စိတ်ဟာ ပြောင်းလဲသွားမှာလည်း မဟုတ်ဘူး။ သူဟာ တို့အားလုံးကို ဒီကမ္ဘာမြေကြီးပေါ်က ကျုပင်ခုတ် ကျုငုတ်မှမကျန်အောင် သုတ်သင်ပစ်ချင်နေတာ။ တို့ရဲ့ မြို့တွေ၊ တို့ရဲ့ စက်ရုံအလုပ်ရုံတွေ၊ တို့ရဲ့ လယ်မြေတွေနဲ့ တို့ရဲ့ မီးရထားသံလမ်းတွေကို မြေပေါ်က ပျောက်ပျက်အောင် ရှင်းလင်းသုတ်သင်ပစ်ချင်နေတာ။

ရန်သူဟာ ညတိုင်းလောက်နီးပါး တို့ခေါင်းပေါ်က ပျံသန်းနေကြတယ်။ သေခြင်းနဲ့ ပျက်စီးခြင်းတွေကို ကြဲချနေကြတယ်။ တို့အိမ်တွေက အုတ်နံရံတွေကို တုန်ခါနေအောင်၊ တို့ရဲ့ မီးအိမ်တွေနဲ့ ပြတင်းပေါက်တွေကို တုန်ခါပြီး ကွဲအက်ကုန်အောင် လုပ်နေကြတယ်။ သူ့ရဲ့ လေယာဉ်သံတွေဟာ တို့ဆီကို နီးကပ်လာနေကြတယ်။ ပြီးတော့ ဝေးသွားပြန်ရော။ နောက်တော့ နီးကပ်လာ ပြန်ရော။ နီးလာလိုက်၊ ဝေးသွားလိုက်၊ ပြန်ပြီး ဝေးသွားလိုက်။

+ + +

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖ်ဖီဟာ သူ့လက်ညှိုးနဲ့ အိပ်မောကျနေတဲ့ ကလေးရဲ့ပါးကို အသာအယာလေး ထိတွေ့ပွတ်သပ်နေပါတယ်။ ဒီနေ့အထိ သူဟာ အကွာအဝေးတွေနဲ့ ဆက်စပ်နေတဲ့ ဒုက္ခတွေကို ရနေတုန်းပါ။ အရာဝတ္ထုတစ်ခု၊ ဒါမှမဟုတ် လူတစ်ယောက်၊ သူနဲ့ ကိုက်ပေါင်းများစွာ ကွာလှမ်းတဲ့နေရာမှာ တည်ရှိနေတယ်ဆိုပါတော့…။

အဲဒီ-ာရာဝတ္ထု၊ ဒါမှမဟုတ် လူဟာ အလွန်ကြီးမားပေမယ့် မှုန်ဝါးဝါးဖြစ်သွားနိုင်ပါတယ်။ သူ့ရဲ့ရှေ့မှာရှိနေတဲ့ သစ်ပင်တစ်ပင်ရဲ့ ပင်စည်ဟာ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ နောက်ပြန်ဆုတ်သွားပြီလို့ ယူဆနိုင်လောက်ပါတယ်။

+ + +

ကလေးတွေဟာ လေကြောင်းအချက်ပေး ဥသြသံကြောင့် ညဥ့်လယ်မှာ အိပ်ရာက နိုးလာကြရပါတယ်။ သူတို့ဟာ လေးဘက်တွားပြီး သူတို့အမေရဲ့ အခန်းထဲကို တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြပါတယ်။ ကလေးငယ်ပီတာနဲ့ လာပြီးဆက်သွယ်ကြတယ်လို့ ဆိုနိုင်ပါတယ်။

တစ်ညမှာတော့ ခါတိုင်းညတွေလိုပဲ ဥသြသံတွေကို ကြားရပါတယ်။ ဆူဆူညံညံ လှုပ်ရှားသံတွေကိုလည်း ကြားနေရပါတယ်။ ပြေးကြလွှားကြ ပုန်းအောင်းကြတဲ့ အသံတွေကိုလည်း ကြားနေရပါတယ်။ အဲဒီနောက်တော့ ပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာပါတယ်။

အဲဒီနောက် ချက်ချင်းလိုပဲ တိတ်ဆိတ်မှုဟာ ပေါ်လာပါတယ်။ သူတို့ဟာ တစ်ခဏအတွင်းမှာပဲ ပေါက်ကွဲသံတစ်ခုကို ကြားလိုက်ရပါတယ်။ အဲဒီနောက်တော့ တိတ်ဆိတ်ငြိမ်သက်မှုပါ။ သူတို့အားလုံး အိပ်ရာထဲ ပြန်ရောက်သွားကြပါတယ်။

အမေဟာ အိပ်ရာက ထထိုင်ပါတယ်။ ညဝတ်အင်္ကျီကြီးနဲ့ ခြေညှပ်ဖိနပ်ကို ယူဝတ်ပါတယ်။ တခြား အမေတွေကလည်း အပြင်ကို ချောင်းကြည့်နေကြပါတယ်။ ဘယ်သူတွေလဲ။ ဒီတစ်ခါ ဘယ်သူ့အိမ်လဲ။ လူဘယ်နှယောက်သေလဲ။ အား… မဟုတ်သေးဘူး။ ဒီတစ်ခါ ရန်သူ့လေယာဉ်ပျံ ပျက်ကျတယ်။ လယ်ကွက်တစ်ခုရဲ့အလယ်မှာ မီးလောင်နေပါရောလား။

+ + +



ဆက်ဖ်ဖီဟာ အဖြူရောင်ခန်းဆီးတွေကို ဆွဲချပြီး သူ့သားအိပ်နေတဲ့ အခန်းထဲက ထွက်လာခဲ့တယ်။ အခန်းတံခါးကိုလည်း ဆွဲပိတ်ခဲ့တယ်။

သူဟာ လက်နှစ်ဖက်ကို ဘေးတစ်ဖက်တစ်ချက်မှာ တွဲလောင်းချပြီး ကော်ရီလမ်းပေါ်မှာ မလှုပ်မယှက် ရပ်နေပါတယ်။

+ + +

နောက်နေ့မနက်မှာ သူဟာ အိပ်ရာက အစောကြီးနိုးလာတယ်။ အနီးအနားမှာရှိနေတဲ့ ယာတောက ပထမဦးဆုံး တွန်လိုက်တဲ့ ကြက်သံနဲ့အတူ နိုးလာတယ်လို့ ဆိုနိုင်ပါတယ်။ သူ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်တော့ သူ့ဘေးပတ်ပတ်လည်မှာရှိနေတဲ့ ကလေးသူငယ်တွေဟာ အိပ်မောကျနေကြတုန်းပါ။ သူ့အမေကတော့ ညဝတ်အင်္ကျီကြီးနဲ့ အိပ်ရာခြေရင်းမှာ အိပ်ပျော်နေဆဲပါ။ နို့စို့ကလေးငယ်ကို သူ့ခန္ဓာကိုယ်နဲ့ အကာအကွယ်ပေးထားပါတယ်။ ပါးတစ်ဖက်က ကုရှင်တစ်ခုပေါ် တင်ထားပါတယ်။ ဆက်ဖ်ဖီဟာ သူ့အမေနားကို တိုးသွားပြီး ငုံ့ကြည့်မိပါတယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတဲ့ အမေ့မျက်နှာမှာ ပြုံးနေပါတယ်။

ဘာ့ကြောင့်ရယ်လို့တော့ သူ မပြောပြတတ်ပေမယ့် သူ့စိတ်ထဲမှာ ဝမ်းသာအားတက်နေပါတယ်။ ကမ္ဘာမြေကြီးပေါ်မှာ သူတစ်ယောက်တည်းရှိနေတယ်လို့ ခံစားနေရပါတယ်။ အိပ်ရာကနိုးလာတာ သူတစ်ယောက်တည်းပါ။ အပြင်မှာ နေရောင်ခြည် လွှမ်းခြုံနေပြီ။ သူ့နှလုံးသားကလည်း အတွင်းက ခုန်လို့နေပါတယ်။

သူဟာ အငြိအတွယ်ဖြစ်စရာတွေ၊ ရှုပ်ထွေးလာစရာတွေနဲ့ လွတ်အောင် အားထုတ်ပါတယ်။ သူ့အစ်ကိုတွေနဲ့ အစ်မတွေ နိုးလာရင် သူ နားအေးပါးအေး ဖြစ်မှာ မဟုတ်တော့ဘူးလေ။ သူဟာ သူ့အစ်ကိုနဲ့ အစ်မတွေရဲ့ လက်တွေ ခြေတွေနဲ့ မထိမိ၊ မခိုက်မိအောင် သတိကြီးစွာနဲ့ ကျော်လွှားပြီး ထွက်လာခဲ့ရပါတယ်။ ခြေသံမကြားအောင် အသာလေး ကိုယ်ကိုဖော့ပြီး လျှောက်ရပါတယ်။ သူတို့ကို မထိမိအောင်လည်း သတိကို သိပ်ထားပြီး ကျော်ရလွှားရ ရှောင်ရ တိမ်းရပါတယ်။

သူလှုပ်ရှားသွားလာနေပုံဟာ တုတ်ချောင်းထောက်ထစားရှည်ကြီးတို့ လားနေသလိုပဲ။ အဲဒီကစားနည်းက တခြားသူကို မထိအောင် တလဲ့လဲ့နဲ့ ခုတ်ခုတ်ခဲခဲလျှောက်သွားပြီး တုတ်ချောင်းကို ထောက်ရတာပါ။ အဲဒီကစားနည်းမှာ အဓိက

www.burmeseclassic.com



ဆိုးလှုထတော့ လော့တီပါ။ ဘာ့ကြောင့်လဲဆိုတော့ လော့တီမှာ ရှည်ပြီးချွန်တဲ့ လက်သည်းတွေ ရှိနေလို့ပါ။ ဘုရားသခင်က သူ့လက်သည်း ချွန်မြနေအောင် လုပ်ပေးထားလေသလား။ လက်ချောင်းတွေကို ရှည်အောင်လုပ်ပေးခဲ့တာဟာလည်း သူတို့ အိမ်ပြိုကျပြီး ခေါင်မိုးရက်မက သူ့အပေါ်ပိတဲ့အခါ အလွယ်တကူနဲ့ ဖယ်ရှားပစ်နိုင်အောင် ရည်ရွယ်ထားခဲ့လေသလား။ ဒါပေမဲ့ . . .

+ + +

ဆက်ဖ်ဖီဟာ စကြာလမ်းပေါ်မှာ မလှုပ်မယှက် ရပ်နေဆဲပဲ။ မနက်ဖြန် ဆိုရင် အင်း . . . မနက်ဖြန်ဆိုရင်တော့ ရာဖေး ပြန်လာတော့မယ်ထင်ပါရဲ့။ မနက် ပိုင်း အချိန်နောက်ကျပြီးမှ ရောက်မယ်လို့တော့ သူပြောသွားတာပဲ။

+ + +

ဆက်ဖ်ဖီဟာ ကုလားထိုင်ကျောမှီပေါ်က သူ့အင်္ကျီကို လှမ်းယူလိုက် တယ်။ ခြေညှပ်ဖိနပ်အပေါင်းကို အသာလေးစွပ်ပြီး အပြင်ကိုထွက်လာခဲ့တယ်။ သူ့ကို ဘယ်သူမှ မမြင်နိုင်ဘူး။ အခုလို သူတစ်ယောက်တည်း သီးခြားကမ္ဘာ လေးတစ်ခုနဲ့ နေခွင့်ရတာ အခုတစ်ကြိမ်ပဲ ရှိသေးတယ်။

သူဟာ အပြင်ရောက်တာနဲ့တစ်ပြိုင်နက် ပြေးချလာခဲ့တယ်။ သူ့ခြေ ထောက်နှစ်ချောင်း အမြန်ပြေးသွား လှုပ်ရှားနေရတဲ့ အရသာကို ခံစားနေမိတယ်။ သူ့နှလုံးရော တစ်ကိုယ်လုံးမှာရှိတဲ့ သွေးပါ ခုန်နေတယ်။ ခြေတစ်ဖက် ခုန်တယ်။ ကျန်တစ်ဖက် ချတယ်။ ခုန်လိုက် ချလိုက်၊ ချလိုက် ခုန်လိုက်။

သူ့အဖြစ်က ပြေးတမ်းလိုက်တမ်း ကစားနေသလား အောက်မေ့ရတယ်။ သူ့ခြေထောက်တွေရဲ့ လှုပ်ရှားမှုကို သဘောကျလွန်းလို့ သူ့ကိုယ်သူ တစ်ယောက် တည်း ခိုးခိုးခစ်ခစ် ရယ်မိတယ်။ လွတ်လပ်လိုက်ပါဘိခြင်း။ သူ့အနေနဲ့ အဲဒီ စကားလုံးရဲ့ အနက်အဓိပ္ပာယ်ကို နက်နက်ရှိုင်းရှိုင်း နားမလည်ပေမယ့် ဒီမနက် သူ့အကြောတွေထဲမှာ စီးဝင်နေတဲ့ အရာတစ်ခုလို့ သိနေပါတယ်။

အိမ်အားလုံးဟာ အိပ်မောကျနေတုန်းပါ။ နွားမတွေတောင်မှ လယ်ကွင်း တွေထဲမှာ ငိုက်မျဉ်းနေတုန်းပါ။ အားလုံးဟာ တစ်နေရာတည်းကိုသာ မျက်နှာမူ ထားကြပါတယ်။ အခုအချိန်မှာ နွားမတွေ နေမကောင်းဖြစ်လို့ကတော့ သေကုန် မှာပဲ။ ဘာ့ကြောင့်လဲဆိုတော့ ဆက်ဖ်ဖီအဖေဟာ လီဗာကူဆင်မှာ ရောက်နေလို့



ပါ။ ဒါပေမဲ့ အဖေဟာ မကြာခင် ပြန်ရောက်လာမှာ။ စစ်ကြီးကလည်း မကြာခင် ပြီးသွားတော့မှာ မဟုတ်လား။ အဲဒါဆိုရင် လူတွေရဲ့ဘဝဟာ အရင်ကလိုပဲ ပြန်ဖြစ်သွားမှာပါ။

မနေ့ညက ပျက်ကျခဲ့တဲ့ လေယာဉ်ပျံဟာ မီးလောင်ထားလို့ မီးကျွမ်း ပြီး မည်းနက်နေရုံမကဘူး၊ တွန့်လိမ်ကွေးကောက်နေတယ်။ ဆက်ဖ်ဖီဟာ လေယာဉ်ပျက်ကို ကျော်ဖြတ်ပြီး ပြေးသွားတယ်။ ယာနီးချင်းအိမ်ကိုလည်း ကျော် ဖြတ်လာခဲ့တယ်။ ကြက်တွန်သံကို ဒုတိယအကြိမ် ကြားလိုက်ရတဲ့အချိန်မှာ သူဟာ ဆိုရှိရာ ရောက်သွားခဲ့ပါတယ်။

+ + +

ဆက်ဖ်ဖီဟာ စကြာလမ်းပေါ်မှာရပ်ပြီး အဝေးကို တွေတွေငေးမောနေ တုန်းပဲ။ သူဟာ လက်နှစ်ဖက်ကို ပိုက်ထားပြီး လက်နှစ်ဖက်စလုံးနဲ့ ပခုံးနှစ်ဖက် ကို ဆုပ်ကိုင်ထားပါတယ်။

+ + +

ကျီတံခါးက ပွင့်နေတယ်။ တံခါး ခပ်ဖြည်းဖြည်းပွင့်သွားပုံနဲ့ အသံမြည် ပုံတွေက အိပ်မက်နဲ့ တစ္ဆေသရဲ ပုံပြင်တွေထဲမှာ တွေ့ရသလိုမျိုး ဖြစ်နေတယ်။ သူဟာ တစ်ခဏတော့ ရောက်တဲ့နေရာမှာ ခဏရပ်နေမိပြီး တံခါးကို ငေးကြည့် နေမိတယ်။

ဘယ်သူမှ လာပြီးတွန်းဖွင့်မယ် မထင်ပါဘူး။ သူ့ဘာသာသူ ပွင့်သွား တာထင်ပါရဲ့။ လူတော့ မဟုတ်နိုင်ပါဘူး။ လေးဘက်တွားပြီး သွားတတ်တဲ့ အရာ၊ အနက်အရောင်နဲ့ အကောင်တစ်ကောင် ဖြစ်မှာပါ။ ရုတ်တရက် ချက်ချင်းပဲ သူ့ခေါင်းထဲကို အသိတစ်ခု ဝင်လာတယ်။ မကောင်းဆိုးဝါးလို့ခေါ်တဲ့ သရဲတစ္ဆေ တစ်ကောင် ဖြစ်မယ်ထင်ပါရဲ့။

အဲဒါမှမဟုတ်ရင် . . . ကလေးကဗျာတွေထဲမှာ ပါပါနေတဲ့ အလွန် ကြောက်စရာကောင်းတဲ့ လူမည်းကြီးများလား။ အဲဒီ လူမည်းကြီးဟာ ညညကျရင် အိပ်ရာပေါ်မှာ အိပ်နေကြတဲ့ ကလေးတွေကို ဖမ်းပြီးသတ်ပစ်မယ်တဲ့။ အဲဒီ လူမည်းကြီးကို ဘယ်သူတွေက ကြောက်ကြပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



သူဝတ်ထားတာဟာ မကောင်းဆိုးဝါးရဲ့ ကာကီယူနီဖောင်းပါ။ ဒါပေမဲ့ ယူနီဖောင်းတစ်စုံလုံး ပေရေညစ်ပတ်ပြီး စုတ်ပြဲနေတယ်။ သွေးကွက်တွေလည်း စွန်းထင်းနေတယ်။ ညကြီးသန်းခေါင်မှာ သူတို့ကိုသတ်ဖို့ ကြိုးစားခဲ့တဲ့လူပါ။

လေယာဉ်ဟာ ပျက်ကျတယ်၊ မီးလောင်တယ်၊ ဒါပေမဲ့ သူ့ကိုတော့ မီးမလောင်ဘူး။ သူ မသေနိုင်ဘူး။ မနေ့ညက တစ်ညလုံး ဒီကျီထဲမှာ လှဲနေတာ ပဲဖြစ်မယ်။ သူလာလိမ့်မယ်ဆို ကြိုသိနေလို့ သူရောက်အလာကို စောင့်နေတာ သလား။ သူ့ကိုလည်း မြင်ရော၊ သူဟာ သူ့ဆီကို အလျားမှောက်လျက်ကြီး တိုးတိုးလာနေတယ်။

သူလာနေတာ မြွေတစ်ကောင်နဲ့ တူနေတယ်။ သူ့အသားတွေဟာ မည်းနက်နေတယ်။ သူ့ရဲ့ နီရဲနေတဲ့ နှုတ်ခမ်းတွေဟာ ယောင်ကိုင်းနေကြတယ်။ သူ့ရဲ့ နီနီရဲရဲလျှာဟာ မကြာခဏ အပြင်ကို ထွက်ထွက်လာနေတယ်။ သူ့လက် တစ်ဖက်ကတော့ သူ့ဆီကို ဆန့်တန်းထားတယ်။ သူ့ရဲ့မျက်လုံးနက်နက်တွေဟာ မှိန်နေကြတယ်။ သူ့ကို ပြုံးပြီးကြည့်နေကြတယ်။

အခုဆိုရင် ဆက်ဖ်ဖီဟာ သူ့အသံကိုပါ ကြားနေရပြီ။ သူနားမလည်တဲ့ နိုင်ငံခြားဘာသာစကားလုံးကို ထပ်တလဲလဲ ရေရွတ်နေပါတယ်။

'ရေ… ရေ… ရေ'တဲ့။ ပြီးတော့ ဆက်ပြောတယ်။ 'ကလေးမရယ် ရေနည်းနည်းလောက်တိုက်ပါ'တဲ့။

သူဟာ မောဟိုက်နေတယ်။ သွေးတွေလည်း ထွက်နေပါတယ်။ ချွေးတွေ ကလည်း ရွဲလို့။ သူ့လက်ဟာ သူ့ဆီကို လှမ်းနေတယ်။ ဆက်ဖ်ဖီဟာ စကားလည်း မပြောဘူး။ အော်လည်း မအော်ဘူး။ ဘာမှလည်း မတွေးဘူး။ ကျီထဲက ပြန့်ခဲ ပြန်ထွက်လာပြီး သူ့အိမ်ဘက်ကို ကဆုန်စိုင်းလာခဲ့ပါတယ်။

သတင်းဟာ ချက်ချင်းပဲ ပျံ့နှံ့သွားပါတယ်။ ဆက်ဖ်ဖီ၊ သူ့အမေ၊ အိမ်နား နီးချင်းမိန်းမတွေ၊ သင်းအုပ်ဘုန်းကြီးနဲ့ အဘိုးကြီးတွေ အားလုံးဟာ တစ်ညလုံး မကောင်းဆိုးဝါးကို အကာအကွယ်ပေးထားခဲ့တဲ့ ကျီရှေ့ရောက်နေကြပါတယ်။ သူတို့လက်တွေထဲမှာ ခက်ရင်းခွကြီးတွေနဲ့၊ ရိုင်ဖယ်သေနတ်တွေ ကိုင်ထားကြပါ တယ်။

သူတို့အားလုံး ဆူညံ ဆူညံနဲ့ အော်ဟစ်ကြိမ်းမောင်းပြီး ကျီကို ဝိုင်းထား ကြပါတယ်။ လက်သီးတွေဆုပ်ပြီး တမြှောက်မြှောက် လုပ်နေကြပါတယ်။ ဒါပေမဲ့ ဟိုလူကတော့ ကျီရဲ့အဝင်ဝမှာ မှောက်လျက်လဲနေတယ်။ သူ့မျက်နှာက ရွှံ့ဗွက်



ထဲမှာပါ။ သူ့ယူနီဖောင်းက မီးလောင်ထားရုံတင် မကဘူး။ သွေးတွေပါ စွန်းနေ တယ်။

သူဟာ လုံးဝလှုပ်ရှားခြင်း မရှိတော့ပါဘူး။ သူဟာ ဟန်ဆောင်နေတာ မဟုတ်ပါဘူး။ သူဟာ နောက်ထပ် လှုပ်ရှားမယ့် အရိပ်လက္ခဏာ မရှိတော့ပါဘူး။

နောက်ပိုင်းမှာ သူ့အမေက ဆက်ဖ်ဖီကို ပြောပြခဲ့တဲ့ ဇာတ်လမ်းဟာ အဲဒီဇာတ်လမ်းပါ။ ဒါပေမဲ့ အဲဒီအချိန်က ဇာတ်လမ်းနဲ့ပတ်သက်လို့ သူမှတ်မိနေ သမျှဆိုရင် အားလုံးဟာ အိပ်မက်နဲ့တူနေပါတယ်။ အဲဒီတုန်းက သူ့ပါးစပ်က ထွက်ခဲ့တဲ့ စကားလုံးဟာ 'မကောင်းဆိုးဝါးကြီး၊ ဟိုမှာ ရောက်နေတယ်၊ ကျီထဲ မှာ' အဲဒါပဲ။

ဒါပေမဲ့ တကယ်တမ်းကျတော့ သူ့ပါးစပ်က ဘာသံမှ ထွက်မလာခဲ့ပါ ဘူး။ သူ့လက်တွေကသာ လှုပ်ရှားနေကြတာပါ။ သူပြောတဲ့စကားက 'ဟိုမှာ ကျီထဲမှာ'။ အဲဒါပဲ။ လူတွေကတော့ သူ့ကိုပဲ ကြည့်နေကြတယ်။ မျက်မှောင်တွေ ကုတ်လို့ပေါ့။ သူတို့ခေါင်းတွေကို တယမ်းယမ်းနဲ့။

+ + +

တတိယညမှာ ဆက်ဖ်ဖီဟာ လုံးဝ အိပ်လို့မပျော်ဘူး။ သူ့ယောကျ်ားက သော့ကိုဖွင့်လိုက်တဲ့အခါမှာ မနက်ရှစ်နာရီ ထိုးနေပြီ။

မှန်ပါတယ်။ ရာဖေးဟာ အိမ်ကို မူလစီစဉ်ထားတာထက် အချိန်စောပြီး ရောက်ဖို့ ဆုံးဖြတ်ထားပါတယ်။ သူဟာ မီလန်ကနေပြီး ပထမဆုံးထွက်တဲ့ လေယာဉ်နဲ့ သူ့မိသားစုဆီရောက်ဖို့ လိုက်လာခဲ့တာပါ။ အခု သူဟာ သူ့ခေါင်းကို တံခါးပေါက်ကနေသွင်းပြီး ဧည့်ခန်းထဲကို လှမ်းကြည့်တယ်။ ဆိုဖာရဲ့ ထောင့် တစ်ထောင့်မှာ ထိုင်နေတဲ့ သူ့မိန်းမကို လှမ်းမြင်ပါတယ်။ သူ့မိန်းမဟာ ခလုတ်ပိတ် ထားတဲ့ ရေဒီယိုကို ကြည့်နေပါတယ်။

'ဆက်ဖ်ဖီ'လို့ ရာဖေးက လှမ်းခေါ်တယ်။ 'ကိုယ်တို့သားလေး အိပ်ပျော် သွားပြီလား၊ အားလုံး အဆင်ပြေတယ် မဟုတ်လား'

ဆက်ဖ်ဖီက သူ့ကို လှမ်းကြည့်တယ်။ သူ့အကြည့်က [illegible] လည်သလိုဖြစ်နေတဲ့ အကြည့်မျိုးပါ။ သူဟာ ထိုင်နေရာက [illegible] ဘ ဆိုဖာပေါ်ကို ပြန်ပြီးထိုင်သွားပါတယ်။

'မင်း ဒီရက်တွေမှာ ဘယ်ကိုရောက်သေးလဲ၊ [illegible] တောင်းနဲ့

www.burmeseclassic.com



လား၊ မင်း အံပြင်ကို ခဏတဖြုတ်တော့ ထွက်တယ်မဟုတ်လား' စသည်ဖြင့် ရာဖေးက မေးပါတယ်။

ဆက်ဖ်ဖီမျက်နှာနဲ့ အသံဟာ စိတ်ရှုပ်နေသလိုပဲ။ 'ရာသီဥတု ကောင်းရဲ့လား'လို့ ထစ်တီးထစ်ငေါ့နဲ့ ရေရွတ်တယ်။ 'ကျွန်မ မသိဘူး၊ ကောင်းချင်လည်း ကောင်းမှာပေါ့၊ အဲဒါက ဘယ်လိုလဲ၊ ရှင် ဘယ်သွားနေတာလဲ'

'အချစ်ရယ်'လို့ ရာဖေးက ရေရွတ်တယ်။ ဆက်ဖ်ဖီရှေ့သော ကော်ဖော်ပေါ်မှာ ဒူးထောက်ပြီး ထိုင်လိုက်တယ်။ ပါးတစ်ဖက်ကို ဆက်ဖ်ဖီရင်ခွင်မှာ အပ်လိုက်ပြီး လက်နှစ်ဖက်နဲ့ ဆက်ဖ်ဖီတစ်ကိုယ်လုံးကို သိမ်းဖက်ထားတယ်။

'ကိုယ် မင်းတို့သားအမိကို အမြဲသတိရနေတယ်'လို့ သူက ထပ်ပြောတယ်။ 'ကိုယ် မင်းတို့ကို ဘယ်လောက်လွမ်းနေတယ်ဆိုတာ မင်းသိမှာ မဟုတ်ဘူး'

ဆက်ဖ်ဖီက ခဏလေးငြိမ်နေပြီးမှ ပြန်ပြောတယ်။

'ကျွန်မလည်း ရှင့်လိုပါပဲ'တဲ့။

'မင်းကိုကြည့်ရတာ အေးနေသလိုပါလား၊ မင်း လက်ဖက်ရည် သောက်မလား၊ ကိုယ် လက်ဖက်ရည်တစ်ခွက် သွားဖျော်လိုက်မယ်၊ မင်း ဒီမှာ စောင့်'

ဆက်ဖ်ဖီ စောင့်နေတယ်။

ရာဖေးဟာ လက်ဖက်ရည်ပွဲလင်ပန်းကို သူ့မိန်းမရှေ့မှာ ချပေးတယ်။ ပန်းကန်ထဲကို လက်ဖက်ရည်တစ်ခွက် ထည့်ပေးတယ်။ ပြီးတော့ ဆက်ဖ်ဖီနှုတ်ခမ်းကို သူ့နှုတ်ခမ်းတွေနဲ့ အသာအယာနမ်းလိုက်တယ်။

'ကျေးဇူးပါပဲ'လို့ ဆက်ဖ်ဖီက ပြောတယ်။ လက်ဖက်ရည်ကို မသောက်ခင်မှာပဲ 'သိပ်အရသာရှိတာပဲ'လို့ ထပ်ပြောတယ်။

ဒီလိုဆိုတော့လည်း ဆက်ဖ်ဖီဟာ ဘာတစ်ခုမှ မပြောင်းလဲသေးပါလားလို့ ရာဖေး တွေးတယ်။ သူ့အခြေအနေဟာ ကောင်းမလာသေးပါလား။ မိခင်ဖြစ်လာမယ့် ဘာမှထူးမလာသေးပါလား။

စိတ်ပျက်လက်ပျက်နဲ့ ရာဖေးဟာ သူ့လက်ဆွဲအိတ်ထဲက သွားတိုက်ဆေး သွားပွတ်တံ၊ ဆပ်ပြာ စတဲ့ ပစ္စည်းတွေကို ထုတ်ယူပြီး ရေချိုးခန်းထဲဝင်တယ်။ မုတ်ဆိတ်ရိတ်တယ်၊ ရေချိုးတယ်။ သူ ဧည့်ခန်းထဲပြန်ရောက်လာတော့ ဆက်ဖ်ဖီဟာ စောစောကအတိုင်းပဲ။ ပုံစံမပျက် ထိုင်လျက်ပဲ တွေ့ရတယ်။ သူ့အတွက် ဖျော်ပေးထားတဲ့ လက်ဖက်ရည်ကိုလည်း ထိတောင်မထိဘူး။ အေးစက်ကုန်ပြီ။



အဲဒီအတွင်းမှာပဲ အီးမစ်လ်ရဲ့ငိုသံ ကြားကြရတယ်။ ငိုသံက သူ့ခါးတောင်းကျိုက်အဝတ် ရေစိုလို့ငိုတယ်ဆိုတာ သိပ်သိသာတယ်။

✢ ✢ ✢

လူတိုင်းရဲ့ ခံစားမှုဟာ အရေးကြီးတာချည်းပါပဲ။ ဒီစကားဟာ မမှန်ဘူးလား။ အခုလောလောဆယ်ကိုပဲ ကြည့်လေ။ ခါးတောင်းကျိုက်အဝတ် ရေစိုလို့ ဖြစ်လာရတဲ့ အီးမစ်လ်ရဲ့ ခံစားမှုဟာ သူ့အတွက် အနေရခက်တယ်။ သူ့ရဲ့ ပေါင်ကြားနှစ်ဖက်နဲ့ တင်ပါးတစ်ပြင်လုံး သေးစိုတာဆိုတော့ အနေရ အထိုင်ရ ခက်နေမှာပေါ့။

အဲဒါဟာ ရယ်စရာတော့ မဟုတ်ဘူး။ ဆီးနဲ့ ဆက်စပ်ပတ်သက်နေတဲ့ အကိဆစ်ဓာတ်ကြောင့် အနေရခက်ရတာပါ။ ဒါဟာ သဘာဝကျပါတယ်။ အဲဒီ ခံစားမှုမျိုးကို ကိုယ်ကိုယ်တိုင်လည်း တစ်ချိန်က ခံစားခဲ့ရဖူးတာပဲ မဟုတ်လား။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ကိုယ်ကိုယ်တိုင် ဒီလိုခံစားမှုမျိုးတွေနဲ့ တွေ့ရကောင်း တွေ့ရဦးမှာပါ။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com

# (၈)

နွေဦးပေါက်လာပါပြီ။ တခြားငှက်တွေလည်း ဆိတ်ဖို့ ဆွဖို့နဲ့ တစာစာ မြည်ဖို့ ရှုဒီစိန့်ဘက်က ဝင်းခြံတွေထဲ ရောက်လာကြပါတယ်။ သူတို့ဟာ အစိမ်းရောင်ဖျော့ဖျော့ ရွက်သစ်နုကလေးတွေထွက်စ အိုင်ဗီပင်ပေါ် တက်လိုက်ဆင်းလိုက် လုပ်နေကြပါတယ်။

မီလန်မှာ လုပ်ခဲ့ရတဲ့ တေးဂီတဖြေဖျော်ပွဲတွေနဲ့ ပတ်သက်လို့ ရာဖေး အပေါ်မှာ အရှုးအမူးသဘောကျတဲ့ ဝေဖန်သုံးသပ်ချက်တွေ ထွက်လာတယ်။ ပါရီမြို့တော်ရဲ့ ဂုဏ်သိက္ခာအမြင့်ဆုံး တေးဂီတခန်းမက ရာဖေးလီပိတ်ချ်ရဲ့ ခန့်နေဂျာနဲ့တွေ့ပြီး တကယ်လို့ ထင်ရှားကျော်ကြားလာတဲ့ ပလွေပညာရှင်အနေနဲ့ ဧပြီလအတွင်း သူတို့ခန်းမမှာ 'တစ်ပင်တိုင် ဖြေဖျော်ပွဲ' လုပ်ပေးနိုင်မယ်ဆိုရင် သူတို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါမယ်လို့ ပြောကြတယ်။

သူ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ အောင်မြင်မှုရလာတဲ့ ရာဖေးဟာ ကိုယ်ရေးကိုယ်တာကိစ္စတွေမှာကျတော့ အရင်ကထက် ပိုပြီးဆိုးတဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင်လာခဲ့ရတယ်။ သူဟာ သူ့ဇနီးနဲ့ သားရဲ့ပုံတွေကို အတော်များများ ရိုက်ယူခဲ့ပါတယ်။ အဲဒီအထဲက ကောင်းတဲ့ပုံတွေကို (ဆက်ဖ်ဖီ ပြုံးနေတဲ့ပုံဆိုလို့ ရှားရှားပါးပါး တစ်ပုံတည်းသာ ပါပါတယ်) ဘာဂန်ဒီက သူ့အမေဆီကို ပို့ခဲ့ပါ တယ်။

အရာရာတိုင်းကို အဆင်ပြေပြေဖြစ်အောင်တော့ **လုပ်မှဖြစ်မယ်**လို့ သူ ကိုယ်သူ စိတ်ထဲကကျိတ်ပြီး ပြောမိတယ်။ ကြောက်စရာကောင်းတဲ့ ထစ်ငေါ့ ထစ်ငေါ့ဖြစ်မှုတွေကို အဆုံးသတ်အောင် လုပ်ပါမှ ဖြစ်တော့မယ်လို့လည်း သူတွေး တယ်။ ဒီပြဿနာကို အခုချက်ချင်း မဖြေရှင်းနိုင်ရင် အခြေအနေဟာ အဆိုးဆုံး အဆင့်ကို ရောက်တော့မယ်လို့လည်း သူထင်နေတယ်။



အမှန်တော့လည်း တို့သားအမိ သားအဖသုံးယောက် ပျော်ပျော်ပါးပါး နေနိုင်စရာအကြောင်း မရှိဘူးလို့လည်း သူ စဉ်းစားမိတယ်။ **ဆက်ဖ်ဖီရယ် မင်းကို ကိုယ် တောင်းပန်ပါတယ်။ ပွင့်လင်းစမ်းပါတော့လားကွယ်။ မင်းနဲ့ ကိုယ်နဲ့** ဟာ လက်ထပ်ထားတာပါ။ ဒါဟာ ကိုယ်တို့နှစ်ဦးရဲ့ ဘဝတွေအတွက် တစ်သက် တာ သွားရမယ့်ကိစ္စပါ။ ကိုယ့်သားလေးဟာ မိခင်စစ် မိခင်မှန်ရှိမှ **ဖြစ်မှာပါ။** သူ့ကို စကားပြောမယ့် အမေ၊ သူ့ကို သီချင်းဆိုပြမယ့် အမေ၊ သူ့ကို ဒီကမ္ဘာ လောကကြီးအကြောင်း သင်ပြပေးမယ့် အမေတစ်ယောက်ရှိဖို့ လိုနေပါ**တယ်။**

**ဆက်ဖ်ဖီရယ်၊ အချစ်ရယ်၊ ကိုယ့်အိပ်ရာဆီကို ပြန်လာခဲ့ပါတော့လား ကွယ်။**

သူတို့ အတူတူမအိပ်တာ ကြာပြီ။ ဆက်ဖ်ဖီမှာ ကိုယ်ဝန်ရှိနေပြီလို့ သိလိုက်ရတဲ့ ပထမသီတင်းပတ်တွေကတည်းကပဲ။ ရာဖေးအနေနဲ့က ဘာကိုမှ အလျှင်စလို လုပ်လေ့လုပ်ထ မရှိပါဘူး။ ညဆိုရင် ဆက်ဖ်ဖီကို သူ တယုတယနဲ့ တမြတ်တနိုး ပွေ့ဖက်ထားလေ့ရှိပါတယ်။ သူ့ကို ကြင်ကြင်နာနာ ချော့ချော့မော့ မော့နဲ့ သူ့အပေါ် ယုံကြည်အားကိုးလာအောင် လုပ်လေ့ရှိပါတယ်။

ဆက်ဖ်ဖီကလည်း သူ့စကားကို နားထောင်ပါတယ်။ သူပြောတဲ့အတိုင်း နာခံပါတယ်။ အရင်ကလို စာကြည့်ခန်းထဲမှာ မအိပ်တော့ဘဲ သူ့ဘေးမှာ ပြန်အိပ်ပါ တယ်။ အနေအထားက အဲဒီထက် ပိုလည်း မပိုဘူး၊ လျော့လည်း မလျော့ဘူး။ တစ်ခုရှိတာက ဆက်ဆံတဲ့အခါမှာ ဆက်ဖ်ဖီဟာ သူ့ညဝတ်အင်္ကျီကို မချွတ်ဘူး။ အဲဒီတော့ ရာဖေးအနေနဲ့ ဆက်ဖ်ဖီရဲ့ဗိုက်ပေါ်က အလွန်အကျည်းတန် အရုပ်ဆိုးတဲ့ အရာကြီးကို မမြင်ရ မတွေ့ရတော့ဘူးပေါ့။

ဆက်ဖ်ဖီဟာ ခါတိုင်းလိုပါပဲ။ သူ့ကို စကားပြောတယ်။ သူ့ကိုကြည့်ပြီး ပြုံးတယ်၊ ရယ်တယ်။ အဲဒီလောက်ပါပဲ။

✢ ✢ ✢

အဲဒီအခြေအနေဟာ ၁၉၅၈ ခုနှစ် ဧပြီလအလယ်... ရာဖေးတစ်ယောက် တည်း 'တစ်ပင်တိုင်ဖြေဖျော်ပွဲ' ကျင်းပတဲ့ရက် မတိုင်ခင်ကလေးမှာ ကြုံနေတဲ့ အခြေအနေပါ။ အဲဒီရက်ဟာ အရာရာတိုင်းကို ပြောင်းလဲသွားစေမယ့်ရက်လို့ ဆိုရင်လည်း မမှားနိုင်ပါဘူး။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com



မနက်ဆယ်နာရီလောက်မှာပါ။ ရာဖေးဟာ သူ့ပလွေနဲ့ ပရိသတ်ထပ်တာလဲလဲပွဲတောင်းလိမ့်မယ်လို့ ယူဆရတဲ့ တေးတစ်ပုဒ်ကို လေ့ကျင့်နေပါတယ်။ သူ့ပလွေဟာ ဘတ်စ် သံပလွေပါ။ သူ့ရဲ့ သံစဉ်ပြောင်းလဲမှုဟာ ပရိသတ်ကို သူပေးချင်နေတဲ့ လက်ဆောင်ပါ။ သူ့အနေနဲ့ ပရိသတ်ကို အလေးအနက်ဖြစ်စေမယ့် အရာတစ်ခုကို ပေးချင်နေတဲ့အတွက် အခုလို လေ့ကျင့်နေတာပါ။

သူ့ရည်မှန်းချက်က ဘယ်လိုလဲ။ အင်မတန်မှ လေးနက်ပါတယ်။ သူပေးလိုက်တဲ့ ဂီတကို နားထောင်အပြီးမှာ ပရိသတ်တွေ ပြန်ကြမယ်။ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ပြန်ကြမှာပါ။ အဲဒီအခါမှာ သူတို့စိတ်တွေနဲ့ သူတို့နှလုံးသားတွေထဲမှာ သူပေးလိုက်တဲ့ ဂီတသံ၊ ဒါမှမဟုတ် သူတို့ကြားခဲ့ရတဲ့ ဂီတသံဟာ ပွဲတင်ထပ်ပြီး ရိုက်ခတ်နေစေရမယ်။

ဒါပေမဲ့ သူ့ပလွေကိုမှုတ်ပြီး လေ့ကျင့်နေခိုက်မှာပဲ သူ့ရဲ့ ဘတ်စ်ပလွေဟာ အသံမမှန်တော့ဘူး။ သံကြောင် သံသေးတွေ ထွက်လာတယ်။

'ဘယ်လိုဖြစ်တာလဲကွာ'

ရာဖေးဟာ ဒေါသတကြီး ရေရွတ်လိုက်တယ်။ ပလွေမှုတ်နေတာကိုလည်း ရပ်ပစ်လိုက်တယ်။ ပြဿနာ ဘာလဲဆိုတာကို သူ အတိအကျသိနေပါတယ်။ ပလွေကို မှုတ်နေခိုက်မှာ သူ့ဘယ်ဘက်လက်ညှိုးကို စီခလုတ်ပေါ် ဖိထားရာက ဖယ်လိုက်တဲ့အခါတိုင်း အောက်ခံအဖတ်ကလေးက ကပ်ကပ်နေတာပါ။ အဲဒီတော့ ထွက်လာနေတဲ့ အသံက ဘယ်မှာမှန်တော့မှာလဲ။ အဲဒီတော့ ဘာလုပ်ရမလဲ။ ကျွမ်းကျင်တဲ့ တူရိယာပစ္စည်းလုပ်သူတစ်ဦးဆီ ယူသွားပြီး ပြဖို့ကလွဲလို့ တခြားနည်းလမ်း မရှိတော့ဘူး။

ရုတ်တရက် သူ့ခေါင်းထဲကို စိတ်ကူးတစ်ခု ဝင်လာတယ်။ စိတ်ကူးက ဘာလဲ။ သူ့ပလွေကိုပြင်ဖို့ ဆက်ဖ်ဖီကိုလွှတ်ရင် ရနိုင်တာပဲ။ တူရိယာပစ္စည်းထုတ်လုပ်သူက ရှူဒူရှိုင်း ဒီစစ္စလီလမ်းက မာရေ့စ်ရပ်မှာ နေတာမဟုတ်လား။ ဒီကနေ့ သိပ်ဝေးတာမှ မဟုတ်ဘဲ။

သူသွားရင် ခြေလျင်တောင် သွားလို့ရတယ်။ သား အီးမစ်လ်ကို ကလေးလက်တွန်းလှည်းပေါ်တင်ပြီး တွန်းသွားနိုင်တာပဲ။ နွေဦးပေါက်ရဲ့ သာယာလှပတဲ့ နေ့တစ်နေ့ဆိုတော့ ဆက်ဖ်ဖီအဖို့ လမ်းလျှောက်လို့ သိပ်ကောင်းပေါ့။ ဟုတ်တယ်။ ဟုတ်တယ်။ ရာဖေးအနေနဲ့ သူ့စိတ်ကူးကို အကောင်းဆုံးစိတ်ကူးတစ်ခုလို့ သတ်မှတ်လိုက်တယ်။



ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ကို ထိမှန်အောင် ပစ်တဲ့နည်းလို့ တွေးလိုက်သေးတယ်။

သနားစရာပါပဲလား။

+ + +

ကလေးတွန်းလှည်းလေးက မြေညီထပ် တံခါးစောင့်ရဲ့ တဲအားမှာထားပါတယ်။ လှည်းက ခပ်ကြီးကြီး၊ အနက်ရောင်ပါ။ မလို့မရတဲ့ ပစ္စည်းပါ။ ဆက်ဖ်ဖီဟာ အိပ်ပျော်နေတဲ့ ကလေးကို လက်တွန်းလှည်းထဲ အသာအယာထည့်လိုက်တယ်။ အီးမစ်လ်ကို ခြုံထားတဲ့ စောင်ရဲ့အောက် အီးမစ်လ်ရဲ့ ခြေထောက်တွေနားမှာ ဘတ်စ်ပလွေကို ချထားလိုက်ပါတယ်။

အမျိုးသမီးငယ်ဟာ လက်တွန်းလှည်းလေးကိုတွန်းပြီး မြစ်ဘက်ကို လျှောက်သွားနေပါတယ်။ တကယ်တော့ သူဟာ သူ့သားငယ် အီးမစ်လ်ကို ရှုဒီဘူစီဈေးအထိ အသွားအပြန်နဲ့ပဲ ခေါ်သွားဖူးပါတယ်။ အဲဒီထက် ပိုဝေးတဲ့နေရာကို သုံးဝခေါ်မသွားခဲ့ဖူးပါဘူး။ အခုတစ်ခေါက်ကတော့ အလွန်ခြားနားလှပါတယ်။

ရာဖေးက သူ့ကို မြေပုံအကြမ်းဆွဲပေးလိုက်တယ်။ မင်း ရူဒီစိန့်လမ်းအတိုင်း လျှောက်သွား၊ အေကာဒီမီအဝင်လမ်းအတိုင်း ဆက်လျှောက်၊ ပြီးရင် ပွန်ဒက်စ်အတ်တ်ကို ဖြတ်လိုက်တဲ့။ ပွန်ဒက်စ်အတ်တ်ဟာ ပါရီရဲ့ အရောင်မျိုးစုံနဲ့ ဆွဲဆောင်မှုအကောင်းဆုံး တံတားတွေထဲမှာ တစ်ခုအပါအဝင်ပါတဲ့။

အဲဒီနေရာမှာ အကော်ဒီယံသမားတွေနဲ့ လေမှုတ်ကိရိယာမှုတ်သူတွေ အများကြီးတွေ့ရမယ်။ သူတို့ဟာ မျောက်တွေကို သူတို့ပခုံးတွေပေါ်မှာတင်ပြီး ပွဲတွေ အများကြီးလုပ်ပြနေကြတာ တွေ့ရမယ်။ ပန်းချီဆရာတွေကလည်း အဲဒီနေရာတွေမှာရပ်ပြီး ပန်းချီကားတွေကို ဆွဲနေကြလိမ့်မယ်။ အဲဒီကနေပြီး လှမ်းကြည့်ရင် သမိုင်းမှာ ထင်ရှားခဲ့တဲ့ နော်ထရီဒိန်း ဘုရားရှိခိုးကျောင်းကြီးရဲ့ မျှော်စင်ညီနောင်ကို မြင်နေရတယ်။

ဆက်ဖ်ဖီဟာ စက်ရုပ်တစ်ရုပ်လို နွေဦးပေါက်နေ့တစ်နေ့ရဲ့ [illegible] ဖြတ်သန်းပြီး ဆက်လျှောက်လာတယ်။ သူတို့သားအမိဟာ သူတို့ [illegible] သူတို့ သူတို့ရဲ့ပတ်ဝန်းကျင်က အလှတွေကို မမြင်ကြပါဘူး။ [illegible] ရာဖေးဆွဲပေးလိုက်တဲ့ မြေပုံကြမ်းကို ဖြန့်ချပြီး ကြည့်နေရပါတယ်။

ညာဘက်ကိုကွေ့ပါ။ စိန့်လမ်းအတိုင်း ဆက်လျှောက်ပါ၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သဘော်ာတွေ၊ ဖောင်တွေ၊ တံငါသည်တွေ၊ တောလေကြမ်းပိုးတွေ၊ ချစ်သူစုံတွဲတွေး ပြီးတော့ သူ့လိုပဲ ကလေးလက်တွန်းလှည်းကလေးတွေကို တွန်းလာနေကြတဲ့ တခြားသောမိခင်တွေ…။ အဲဒါတွေကို တွေ့ရမြင်ရပါတယ်။

အခုဆိုရင် အီးမစ်လ် အိပ်ပျော်နေရာက နိုးနေပါပြီ။ သူ့မျက်လုံးအစုံဟာ သူ့မိခင်ရဲ့ မျက်နှာပေါ် ရောက်နေကြပါတယ်။ ဒါပေမဲ့ သူ့မိခင်ကတော့ သတိ မပြုမိပါဘူး။ သူဟာ မြေပုံနောက်ကိုပဲ လိုက်တာကိုး။

မြို့တော်ခန်းမဘက်ကို နီးကပ်လာတဲ့အခါမှာ ဆက်ဖ်ဖီရဲ့ မျက်လုံးတွေ ဟာ မျက်တောင်မခတ်နိုင်ပါဘူး။ အလွန်ကြီးမားတဲ့ သဲတောင်ကုန်းတွေဟာ သူ့မြင်ကွင်းထဲကို ဝင်လာနေကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြို့တော်ခန်းမဟာ သူ့အတွက်တော့ စိတ်မှာစွဲစရာ ရှုခင်းတစ်ခုပါ။

တဖြည်းဖြည်းနဲ့ သူဆက်လျှောက်လာနေခိုက်မှာပဲ မြို့တော်ဟာ မည်းနက် လာနေသလိုပါပဲ။ အဆောက်အအုံတွေဟာ ကျပ်ခိုးတွေနဲ့ မည်းနက်နေကြပါတယ်။ လမ်းတွေကလည်း အိုးဒီယွန်ရပ်ကွက်ထဲက လမ်းတွေထက်ပိုပြီး ကျဉ်းမြောင်း လာနေတာ တွေ့ရပါတယ်။ လူတွေကလည်း ပိုပြီးစည်ကား ထူထပ်နေပါတယ်။ လက်တွန်းလှည်းတွေ၊ မြင်းလှည်းတွေနဲ့ ထရပ်ကားတွေ၊ ကုန်တင်လှည်းကြီးတွေ ဟာလည်း အများကြီးပဲ။

ကလေးသူငယ်တွေရဲ့ အော်သံဟစ်သံတွေ၊ စက်မောင်းသံတွေ၊ ဈေးသည် တွေရဲ့ အော်သံတွေ။ အသံတွေအားလုံးဟာ သောသောရုတ်ရုတ်ပါပဲ။ ဆူညံသံ လည်း ရှိလွန်းလှပါတယ်။ ဒါပေမဲ့ ဆက်ဖ်ဖီအနေနဲ့ကတော့ သူ့တာဝန်ကို သူ ယောကျ်ား ညွှန်ကြားလိုက်တဲ့အတိုင်း 'တစ်သဝေမတိမ်း လိုက်နာလုပ်ကိုင်ရ ပါ။

ဆက်ဖ်ဖီဟာ သူ့ယောကျ်ားပေးလိုက်တဲ့ လိပ်စာကို ရူဒူရှိုင်ဒီစစ္စလီလမ်း ထဲမှာ လိုက်ရှာနေပါတယ်။ သူတွေ့လိုက်ပါတယ်။ လမ်းရဲ့ တစ်ဖက်အစွန်ဆုံး မှာပါ။ မှန်တံခါးကြီးပေါ်မှာ 'လေမှုတ်တူရိယာပစ္စည်းများ' လို့ ရေးထားပါတယ်။ သူ တံခါးကို ခေါက်လိုက်တယ်။ တစ်စုံတစ်ယောက် တံခါးဖွင့်ဖို့ လာနေတာ မြင်ရတယ်။ တံခါးပွင့်သွားတော့ ဆက်ဖ်ဖီဟာ လက်တွန်းလှည်းကိုတွန်းပြီး အထဲကို ဝင်သွားတယ်။

နံရံဟာ မှန်သားဆိုပေမယ့် အတွင်းပိုင်းဟာ အပြင်ဘက်အလုပ်ရုံထက် ပိုပြီးမှောင်တယ်။ အတွင်းရောက်စမှာ ဆက်ဖ်ဖီဟာ အရိပ်တွေကလွဲပြီး



တခြား ဘာကိုမှ မမြင်ပါဘူး။ ကလေးလက်တွန်းလှည်းကလေးမှာ ထပ်ရောက်နေသူ ဟာ အရပ်မြင့်မြင့် အရိပ်တစ်ခုပါ။ အဲဒီအရိပ်ဟာ သူ့နောက်က တံခါးကို ပိတ်ဖို့သွားနေတာ သိလိုက်တယ်။

ဆက်ဖ်ဖီက သူပြောစရာရှိတာကို စပြောပါတယ်။ တစ်လမ်းလုံး သူ စိုးရိမ်စိတ်ကူးလာတဲ့ စကားလုံးတွေကို အဆစ်အပိုင်းကျကျ ပြောနေတာပါ။

'မင်္ဂလာနေ့ခင်းပါ လူကြီးမင်းရှင့်၊ ကျွန်မဟာ ရာဖေးလီပီတ်ချ်ရဲ့ ဇနီး ပါ။ လူကြီးမင်းကို သူကိုယ်တိုင် လာတွေ့ချင်ပေမယ့် ဒီညပြုလုပ်မယ့် တေးဂီတ ဖျော်ဖြေပွဲအတွက် စီစဉ်စရာတွေကရှိနေလို့ မလာနိုင်တာ ခွင့်လွှတ်ပါလို့ တောင်းပန် လိုက်ပါတယ်။ ပြဿနာက အရေးပေါ်ဖြစ်လာတာပါ။ သူ့ရဲ့ ဘတ်စ်ဝလွေ၊ ဘတ်စ်ပလွေပါ။ အဲဒီမှာ ဖြစ်လာတဲ့ ပြဿနာကို သူ စာတစ်စောင် ရေးပေးလိုက် ပါတယ်။ စာ ကျွန်မဆီမှာ ပါလာ…'

ဆက်ဖ်ဖီက သူ့ကလေး အီးမစ်လ်ရဲ့ စောင်အောက်မှာ ထိုးထည့်ထားတဲ့ စာကိုယူဖို့ လက်လှမ်းလိုက်တယ်။ ဒါပေမဲ့ လူစိမ်းရဲ့အသံကြောင့် သူ့လက်ဟာ ဟိုရာကိုမရောက်ဘဲ တန့်သွားပါတယ်။

'အား… အား… မလုပ်နဲ့၊ မလုပ်နဲ့၊ ရပ်ထားဦး၊ ခဏရပ်ထားဦး' တဲ့။

ဆက်ဖ်ဖီတစ်ကိုယ်လုံး တောင့်တင်းသွားတယ်။ အံ့အားသင့်ဖို့တောင် အချိန်မရလိုက်ဘူး။ ဘယ်လိုဖြစ်တာလဲ။ သူ့လက်ဟာ မြှောက်ထားရာက ဘေး ဘက်ကို ပြန်ကျသွားတယ်။ မျက်လုံးအစုံကိုပါ မှိတ်ထားလိုက်မိတယ်။

အမျိုးသားက ရယ်တယ်။ သူ ပြောင်ပြီးပြောလိုက်တဲ့စကားကြောင့် အစ်ဖက်လူဖြစ်သွားတာကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားတယ်။

'စိတ်မရှိပါနဲ့'လို့ ပြောတယ်။ 'ကျွန်တော် နောက်တာပါ။ တခြားကြောင့် မဟုတ်ပါဘူး။ ခင်ဗျားလည်း ကြားဖူးမှာပါ။ အယ်လ်ဂျီးရီးယားနိုင်ငံမှာ အခု တွေဟာ မကြာခဏ လက်တွန်းလှည်းထဲမှာ ကလေးတွေမထည့်ဘဲ ဗုံးတွေထည့် ပြီးလာတတ်တယ်။ စောင်နဲ့ဖုံးထားတာဆိုတော့ ဘယ်သူကသိမှာလဲ။ အဲဒါကို အကြောင်းပြုပြီး ကျွန်တော်က နောက်လိုက်မိတာပါ။

'ကျွန်တော် ခင်ဗျားကို လန့်သွားအောင် ခြောက်လိုက်သလိုဖြစ်သွား တယ်၊ ခွင့်လွှတ်ပါ။ တွေ့ရတာ ဝမ်းသာပါတယ် မဒမ်လီပီတ်ချ်။ ခွင့်လွှတ်ပါ ခင်ဗျာ။ ကျွန်တော် ခင်ဗျားရဲ့ခင်ပွန်းကို တစ်ခါတွေ့ဖူးပါတယ်။ အလွန်တော်တဲ့ ဂီတပညာရှင်တစ်ယောက်ပါ။ ပလွေကိုပြပါ ခင်ဗျာ၊ ဟုတ်ပါတယ် အဲ့ အခုပဲပါ'

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖ်ဖီကတော့ အခုထက်ထိ ပြုံးလား ရယ်လား မရှိပါဘူး။ စကားလည်း တစ်ခွန်းမှမပြောပါဘူး။ အန်ဒရပ်စ်ကတော့ တွန်းလှည်းပေါ် ငုံ့လိုက်ပြီး ကလေးကို ပွေ့ချီလိုက်ပါတယ်။ ပြီးတော့ ကလေးကို စိတ်ဝင်တစားနဲ့ ခြေဆုံးခေါင်းဆုံးကြည့်နေတယ်။

'ကဲ... ရာဖေးလီပိတ်ချ်ရဲ့ ပစ္စည်းက ဘာဖြစ်တာလဲ'

ဒီစကားကို ပြောလိုက်ချိန်ကျကာမှ မယုံကြည်နိုင်စရာကောင်းလောက်အောင် ထူးခြားတဲ့ဟာတစ်ခု ဖြစ်ပေါ်လာတယ်။ ဆက်ဖ်ဖီ့ပါးနှစ်ဖက်ဟာ ဖြူနီခနဲ နီရဲသွားတယ်။ ပိုပြီး မယုံကြည်နိုင်စရာ ဖြစ်ရတာကတော့ ဆက်ဖ်ဖီဟာ ပြုံးခနဲ ရယ်လိုက်ခြင်းပါပဲ။ သူ့ဆီက ဘယ်တုန်းကမှ ထွက်မလာဖူးတဲ့ ရယ်သံမျိုးပါ။ နှစ်ပေါင်းများစွာ မရယ်ဘဲနေလာခဲ့တာဆိုတော့ သူ့ရယ်သံက တစ်မျိုးကြီးဖြစ်နေတာတော့ အမှန်ပဲ။

အန်ဒရပ်စ်က သူ့မျက်ခုံးနှစ်ဖက်ကို ပင့်လိုက်တယ်။ သူ့နဖူးပေါ်မှာ အရေးအကြောင်း ငါးကြောင်း ထင်းခနဲပေါ်သွားတယ်။ ဆက်ဖ်ဖီကလည်း သူ့ရယ်သံကို ပြန်လန့်ပြီး အံ့အားသင့်နေတယ်။

'အင်း...'လို့ အန်ဒရပ်စ်က ရေရွတ်တယ်။ သူပွေ့ချီထားတဲ့ ကလေးကို တွန်းလှည်းထဲ ပြန်ချပေးတယ်။ 'ကလေးမလေးက လှတယ်၊ ချစ်စရာလေးပဲ'

'သမီးကလေး မဟုတ်ဘူး၊ သားကလေး'

'အိုး... ဟုတ်လား၊ ကဲ... ပြပါဦး ပစ္စည်းကို' အန်ဒရပ်စ်ဟာ ပြောပြောဆိုဆိုနဲ့ပဲ ဆက်ဖ်ဖီ လှမ်းပေးတဲ့ပစ္စည်းကိုယူပြီး သူ့အလုပ်ခုံဆီကို ပြန်သွားတယ်။ သေတ္တာလေးကို ဖွင့်တယ်။ 'အင်း... သူလည်းပဲ သားလေးပဲ'လို့ ပြောတယ်။

ဆက်ဖ်ဖီ့ရင်ထဲမှာ ပေါ်လာတဲ့ ရယ်ချင်စိတ်ဟာ သူ့လည်ချောင်းထဲ ထိုးတက်လာတယ်။ ဒါပေမဲ့ သူ့ရယ်ချင်စိတ်ကို အတင်းမြန်ပြီး မျိုချလိုက်တယ်။

'ပြင်သစ်တွေက ပလွေကို မိန်းမလို့ ပြောကြတယ်'

ဆက်ဖ်ဖီက အဲဒီစကားကို လွှတ်ခနဲပြောလိုက်မိတယ်။ သူ့အသံဟာ ပုံမှန်တော့ မဟုတ်ဘူး။ ထိန်းချုပ်ထားတဲ့အသံ။

'ကိစ္စမရှိပါဘူး၊ အဲဒါတွေက အလကားပါ။ ဂူတွ်ဗီလိုင်၊ ပုလ္လိင်ဆိုင်ရာ လိင်အကြောင်းတွေကို ကျွန်တော် သိပ်ပြီး မလေ့လာပါဘူး။ ဘာ့ကြောင့် ပလွေတစ်ချောင်းဟာ မိန်းမနဲ့တူပြီး စားပွဲတစ်လုံးက ယောက်ျားနဲ့တူနေရတာတဲ့လဲ



ကျွန်တော်ဖြင့် နားကိုမလည်တော့ဘူး'

'မဟုတ်ဘူး၊ စားပွဲဟာ မိန်းမပဲ'လို့ ဆက်ဖ်ဖီက ပြန်ပြောတယ်။

'သြော်... သြော်... ဟုတ်တာပေါ့၊ ဟုတ်တယ်၊ ဟုတ်တယ်'လို့ အန်ဒရပ်စ်က ပလွေကိုကြည့်နေရာက သူ့ခေါင်းကို တဗျစ်ဗျစ်မြည်အောင်ကုပ်ပြီး ပြန်ပြောတယ်။

ပြီးတော့ ဆက်ဖ်ဖီကို မော့ကြည့်တယ်။ အခုမှ အသေအချာ စေ့စေ့စပ်စပ်ကြည့်တာ။ ဒါ ပထမဆုံးအကြိမ်ပဲ။ ဆက်ဖ်ဖီကတော့ ပြန်မကြည့်ဘူး။ မျက်နှာက နောက်တစ်ကြိမ် နီရဲနေပြန်တယ်။

'ရှင်က ဘယ်တိုင်းပြည်ကလာတာလဲ'လို့ ဆက်ဖ်ဖီက မေးပေမယ့် သူ့မျက်လုံးတွေရဲ့ အကြည့်က ကြမ်းပေါ်မှာ။ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ အရာဝတ္ထုတွေကို မြင်နေရသလိုပဲ။ တကယ်တော့ ကြမ်းပြင်ပေါ်မှာရှိနေတာ ညစ်ပတ်ပေရေနေတဲ့ အဝတ်စုတ်တွေ၊ စီးကရက်အတိုတွေ၊ မုလင်းတွေ၊ ဖော့အတိုအစတွေ။

'နာမည်က အန်ဒရပ်စ်... ခင်ဗျား ဘယ်လိုထင်သလဲ'လို့ ပြန်ပြောတယ်။ အဲဒီအချိန်မှာ သူဟာ ချွတ်ယွင်းနေတဲ့ စီကီးခလုတ်ကိုဖွင့်ပြီး အထဲက အပြားလေးကို ဆွဲထုတ်ပြီးနေပြီ။

'ကျွန်မ မသိဘူး'

'ဘာ... ခင်ဗျား မသိဘူး'

'မသိဘူး'

ဆက်ဖ်ဖီဟာ သူ့နှလုံးခုန်သံကို ပြန်ပြီးကြားနေရတယ်။

'ဒါဆိုရင် ဘူဒါပက်စ်ကိုရော ခင်ဗျား သိတယ်မဟုတ်လား'လို့ အန်ဒရပ်စ်က ပြန်မေးတယ်။

'အင်း... အင်း... ဟို... ဟို'

ဆက်ဖ်ဖီဟာ ကျောင်းဆရာတစ်ယောက်ရှေ့မှာ ရောက်နေတဲ့ ကျောင်းသူတစ်ယောက်လို ဖြစ်နေတယ်။

ဒီတစ်ခါတော့ အန်ဒရပ်စ်ဟာ မျက်ခုံးတစ်ဖက်တို့ပဲ ပင့်တယ်။ သူ့အကြည့်ကလည်း အပြစ်ရှိနေတဲ့ စီကီးပေါ် ရောက်နေတယ်။ သူ့ဆီက [illegible] ဘာသာစကားကို ကလေးဘဝကတည်းက ပြောလာရတဲ့လူဆိုတော့ [illegible] လို့ တကယ့်ဂျာမန်တစ်ယောက်လို ပြောနိုင်ပါတယ်။ ဒါပေမဲ့ သူ့ပါးစပ်က

www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်စကားကို တစ်လုံးမှ မပြောတော့ပါဘူးလို့ သစ္စာဆိုထားခဲ့ပါတယ်။

'ခင်ဗျားဟာ ပြင်သစ်လူမျိုးတော့ မဖြစ်နိုင်ဘူး'လို့ သူက ပြောတယ်။ 'ဒါပေမဲ့ ပြင်သစ်စကား ပြောနေတာကတော့ သိပ်ကောင်းတာပဲ'

'သိပ်တော့ မကောင်းပါဘူး'

ငြိမ်ဆိတ်နေတယ်။ ဆက်ဖ်ဖွီအနေနဲ့ ဒီစကားကို ပြောချင်စိတ်မရှိပါဘူး။ ဒါပေမဲ့ ပြောလိုက်ပါတယ်။ တကယ့် တိုးတိုးကလေးပါ။

'ကျွန်မ ဂျာမန်ပါ'

တစ်ခဏတော့ ငြိမ်ဆိတ်သွားပါတယ်။ စီကီးထဲက ဆွဲထုတ်ထားတဲ့ အပြာလေးဟာ အန်ဒရပ်စ်ရဲ့လက်ထဲက လွတ်ကျပြီး ကြမ်းပေါ်ကို ဆင်းသွားတယ်။ အန်ဒရပ်စ်က ခပ်တိုးတိုး လေချွန်လိုက်ပါတယ်။

'သိပ်မကြာပါဘူး၊ ငါးမိနစ်လောက်ပါ'လို့ သူက ပြောတယ်။

'အဲဟိုနေရာမှာ ထိုင်ပါ'

သူ ခေါင်းဆတ်ပြီးပြလိုက်တဲ့ လက်တင်ကုလားထိုင်က ပေရေညစ်ပတ်နေတဲ့ သားရေကုလားထိုင်ပါ။ အထဲမှာ အစာသွပ်ထားတဲ့ ဂွမ်းစတွေကလည်း အပြင်ကို ထိုးထွက်နေကြပါတယ်။ အဲဒီအပေါ်မှာ ခင်းထားတာက သတင်းစာစက္ကူဟောင်း တစ်ထပ်ကြီးပဲ။

'ရပါတယ်၊ ကျွန်မ ရပ်နေရတာပဲ ကြိုက်တယ်'

သူတို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်မှု ပြန်ရောက်လာတယ်။ နောက်ဘက်က ရေဒီယိုသံ ကြားနေရတယ်။ ဆက်ဖ်ဖီအဖို့ အသက်ရှူရတာ မဝဘူး။ သူ့လှည့်ကြည့်လိုက်တော့ စင်တစ်ခုပေါ်မှာ တင်ထားတဲ့ ရေဒီယိုကို မြင်နေရတယ်။ ဖုန်တွေတက်နေလိုက်တာ ဖွေးနေတာပဲ။ ရုတ်တရက်ဆိုတော့ သူ့သားကို မေ့သွားတယ်။ သူ့မျက်လုံးတွေဟာ ဖရိုဖရဲနဲ့ ကစဉ့်ကလျားဖြစ်နေတဲ့ အခန်းထဲက ပစ္စည်းတွေကိုသာ စိတ်ဝင်တစား ကြည့်နေမိတယ်။

အန်ဒရပ်စ်ရဲ့ အလုပ်ရုံဟာ တခမ်းတနားရှိပေမယ့် ညစ်ပတ်ရှုပ်ပွနေပါတယ်။ စက်တွေ၊ ကိရိယာတန်ဆာပလာတွေနဲ့ တူရိယာပစ္စည်းတွေ အများကြီးပဲ။ ပလွေတွေ၊ ဆက်ဆိုဖုန်းတွေ၊ ကလယ်ရီနက်တွေနဲ့ အိုဗိုး (အခင်တပ် လေမှုတ်တူရိယာ)တွေ၊ ထရမ်းပက်တွေနဲ့ ထရမ်းဘုန်းတွေ။

စင်တွေပေါ်မှာရော၊ နံရံတွေပေါ်မှာရော၊ မျက်နှာပြင်ရှိတဲ့ နေရာတိုင်းမှာ ပစ္စည်းမျိုးစုံ တင်ထားတယ်။ ချိတ်ထားတယ်။ စုတ်တံသေးသေးတွေ၊ ဘောလုံး



ကြီးကြီးတွေ၊ ရွှေရောင်ငွေရောင်နဲ့ သစ်သား၊ ဆလင်ဒါတွေ၊ စက်ဆီဘူးတွေ၊ လက်စတစ်ဘူးတွေ... အမျိုးပေါင်းကို စုံနေတာပဲ။

အခန်းရဲ့ တစ်ဖက်အစွန်မှာ ရွှေပြောင်းလို့လွယ်တဲ့ ဂက်(စ်)မီးဖိုတစ်လုံး၊ ကျပ်ခိုးတွေနဲ့ မည်းနက်နေတဲ့ အိုးတစ်လုံး၊ ပေရေညစ်ပတ်နေတဲ့ ပန်းကန်သုတ်အဝတ်တစ်ထည်၊ သိပ်ပြီး မသန့်တော့တဲ့ ကြွေခွက်ကြီးတစ်ခွက်၊ လက်ဖက်ရည်အိုးတစ်လုံး၊ လက်ဖက်ရည်အချိုခြောက်ထုပ်တွေနဲ့ သကြားထုပ်တွေ။ ယိုဘူးတစ်ဘူး၊ ချိတ်ထားတဲ့ ဝက်အူချောင်းတွေ၊ အချိုအချဉ် ပုလင်းတွေ။

ကြမ်းပေါ်မှာရော၊ စားပွဲတွေနဲ့ ကုလားထိုင်တွေပေါ်မှာရော နေရာလွတ်တိုင်းမှာ သတင်းစာတွေ၊ စာအုပ်တွေ၊ မြေပုံတွေ၊ သီချင်းခွေတွေနဲ့ ပြည့်နေတာပဲ။

ဆက်ဖ်ဖီ့မျက်လုံးတွေဟာ အခန်းထဲမှာ လှည့်ပြီးရှာဖွေနေဆဲပါ။ နောက်ဆုံး သူ့နဲ့ မျက်နှာချင်းဆိုင် နံရံထက်က နာရီဆီကို ရောက်သွားတယ်။ ဘုရားသခင် ထယ်တော်မူပါ။ **ခြောက်နာရီခွဲ ဆိုပါလား။** နာရီရပ်နေတာများလား။ အို... မဟုတ်ဘူး။ နာရီလက်တံတစ်ချောင်းက ရွေ့နေသားပဲ။ ပြီးတော့ နာရီစက်သံကိုလည်း ကြားနေရတာပဲ။

**ခြောက်နာရီခွဲ**တဲ့။ ရာဖေး သူ့ဖျော်ဖြေပွဲကို သွားမယ့်အချိန်က ခြောက်နာရီ၊ အို... ဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်တာကြီးပဲ။ ဆက်ဖ်ဖီဟာ အထိတ်ထိတ် အလန့်လန့် ဖြစ်သွားတယ်။ သူ လက်ပတ်နာရီကို ကမူးရှူးထိုးငုံ့ကြည့်တယ်။ အမယ်လေးနော်... တော်ပါသေးရဲ့။ အခုမှ တစ်နာရီသုံးဆယ်ပဲ ရှိပါသေးလား။

သူ့အကြည့်ဟာ ဟန်ဂေရီယန်အမျိုးသား ထိုင်နေတဲ့ အလုပ်ခုံဆီကို ရောက်သွားတယ်။ ဟန်ဂေရီယန်ဟာ ခေါင်းကိုငုံ့ထားတယ်။ သူ့ယောက်ျားရဲ့ ပလွေကို မှုတ်မှုတ်ပြီး စမ်းနေတယ်။ ဆက်ဖ်ဖီဟာ အဲဒီလူကို စူးစူးရဲရဲကြည့်နေတယ်။

ဒီလူဟာ ရာဖေးထက် အသက်နည်းနည်းကြီးမယ့်ပုံပဲ။ ခေါင်းပေါ်ကတော့ ပြောင်ထားတဲ့ ဆံပင်နီရဲရဲဟာ မသပ်မရပ်ရှိလွန်းလှပါတယ်။ မျက်နှာပေါ်မှာ အရွှံ့တွေ သိပ်မရှိသေးဘူး။ ပြုံးလိုက်ရင် သူ့မျက်နှာဟာ ဝင်းလက်သွားတယ်။ ဝတ်ထားတဲ့ သိုးမွေးဆွယ်တာဟာ တံတောင်နှစ်ဖက်စလုံးမှာ အပေါက်ကြီးတွေနဲ့ ရှင်ဘောင်းဘီပွပွကို ဝတ်ထားတယ်။ ခါးစည်းအဝတ်က အပြာရောင်၊ ရာဖေးရဲ့ပလွေကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်နေတဲ့ လက်ချောင်းတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆီချေးတွေနဲ့ မည်းနေတယ်။ ဒါပေမယ်လို့ သွယ်လျလျနဲ့ ကျက်သရေရှိတဲ့ လက်ချောင်းတွေပါ။

အီးမစ်လ်ကတော့ အသက်မှန်မှန်ရှူပြီး အိပ်ပျော်နေပါတယ်။ နာရီစက်သံကလည်း တချက်ချက် မြည်နေပါတယ်။ အခုဆို ခြောက်နာရီသုံးဆယ့်နှစ်မိနစ် ရှိသွားပြီ။ မနက်ခင်းလား၊ ညနေခင်းလား… အဲဒါကတော့ အတိအကျ မသိရဘူး။ ဒါပေမဲ့ သူတို့ကို သတိပေးနေသလိုပဲ။ ဖြစ်လာသမျှတွေကို သတိရှိကြပါစေလို့ ပြောနေသလိုပဲ။ ဟုတ်ပါတယ်။ အချိန်ဆိုတာကတော့ ကုန်သွားနေတာပါ။ အခုလည်း အချိန်ကတော့ ကုန်သွားနေပါတယ်။

ဆက်ဖ်ဖီဟာ အသက်နှစ်ဆယ့်တစ်နှစ်ပါ။ လွန်ခဲ့တဲ့ နှစ်မိနစ်အတွင်းမှာပဲ သူ့စိတ်ဟာ တစ်မျိုးတစ်ဖုံ ဖြစ်ခဲ့ရပါတယ်။ သူ့စိတ်ထဲမှာ ဒီလူ့အပေါ် ချစ်တဲ့စိတ် ဝင်လာပါတယ်။ သူ့စိတ်ဟာ ချက်ချင်းပဲ နောက်ကျိရှုပ်ထွေးလာပါတယ်။ ကစဥ့်ကလျား ဖြစ်လာပါတယ်။ သူ့အကြည့်ဟာ ဟိုလူရဲ့ မျက်နှာပေါ်မှာပဲ စူးစိုက်နေပါတယ်။

ရာဖေးရဲ့ပလွေကို ပြင်နေတဲ့ အန်ဒရပ်စ်က ရုတ်တရက် မော့ကြည့်လိုက်တယ်။ သူ့ကို စူးစူးစိုက်စိုက်ကြည့်နေတဲ့ ဆက်ဖ်ဖီ့မျက်လုံးတွေနဲ့ ရင်ဆိုင်မိတယ်။ ဆက်ဖ်ဖီ့မျက်လုံးတွေ ဘာပြောနေတယ်ဆိုတာ သူသိတယ်။ တကယ်တော့ သူသိတာက မဒမ်လီပိတ်ချ်အဖြစ်ပဲ သိထားတာပါ။ တခြား ဘာမှမသိပါဘူး။ သူ့နာမည်ရင်းကိုတောင်မှ သိသေးတာ မဟုတ်ပါဘူး။ ဒါပေမယ်လို့…

✢ ✢ ✢

ဆက်ဖ်ဖီ့မျက်လုံးအစုံဟာ အန်ဒရပ်စ်ရဲ့ လှုပ်ရှားမှုအားလုံးကိုပဲ မျက်ခြည်မပြတ် လိုက်ကြည့်နေပါတယ်။ 'မင်းမှာ တခြားနာမည် ရှိသေးလား'လို့ အန်ဒရပ်စ်က မေးတော့ သူက ပြုံးပါတယ်။ ပြီးတော့ တစ်ဆက်တည်း ရယ်လိုက်ပြီး '**ဆက်ဖ်ဖီ**'လို့ ဖြေပါတယ်။

သူ့အသံက အတော်ကလေးကျယ်သွားတော့ သူ့သားကို နှိုးလိုက်သလို ဖြစ်သွားတယ်။ ချက်ချင်းပဲ အီးမစ်လ်ရဲ့ငိုသံကို ကြားရပါတယ်။

သူတို့စုံတွဲ… ဟုတ်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ မျက်လုံးအကြည့်တွေနဲ့ နားလည်သွားကြပြီဆိုတော့ သူတို့ကို 'သူတို့စုံတွဲ'လို့ ပြောလို့ရနေပါပြီ။ သူတို့စုံတွဲဟာ ကလေးလက်တွန်းလှည်းဆီ လျှောက်သွားကြပါတယ်။



'သူဆာနေပြီ ထင်တယ်'လို့ အန်ဒရပ်စ်က ပြောတယ်။

ဆက်ဖ်ဖီက သူ့လက်ပတ်နာရီကို ငုံ့ကြည့်တယ်။ နှစ်နာရီပဲ ရှိသေးတယ်။ သူ့သား နောက်ဆုံး နို့စို့ခဲ့တာ မွန်းတည့်ချိန်ကပဲ။

'မဆာပါဘူး၊ သူ့ကို အစာထပ်ကျွေးဖို့ စောသေးတယ်'တဲ့။

'သူ့ကြည့်ရတာ မအေနဲ့ တူသလိုပဲ၊ သူ ဘယ်နှနှစ်ရှိပြီလဲ'

ဆက်ဖ်ဖီဟာ တုံ့ဆိုင်းဆိုင်း ဖြစ်နေပါတယ်။

'နှစ်လခွဲ'

အီးမစ်လ် အငိုမတိတ်သေးဘူး။ အန်ဒရပ်စ်က သူ့အိတ်ဆောင်နာရီကို ထုတ်ပြီး ကလေးရဲ့ မျက်နှာရှေ့မှာ ချိန်သီးယမ်းသလို ခပ်ဖြည်းဖြည်းကလေး ယမ်းပေးနေပါတယ်။ ကလေးရဲ့ မျက်လုံးအစုံဟာ ချက်ချင်းပဲ နာရီနောက်ကို လိုက်နေတယ်။ ကလေးဟာ အငိုတိတ်သွားတယ်။

'အချိန်သိဖို့ နာရီဆောင်ထားတယ်နော်'လို့ ဆက်ဖ်ဖီက ပြောတယ်။

'မဟုတ်ပါဘူး'လို့ အန်ဒရပ်စ်က ဖြေတယ်။

'ဒီလိုပဲ အိတ်ကပ်ထဲ ထည့်ထားတာ၊ အချိန်ကို တို့က သိပ်ဂရုမစိုက်ပါဘူး၊ ဒီနာရီကို သိမ်းထားတာ အဖေ့ဆီကရတဲ့ ပစ္စည်းမို့ပါ'

'အဖေက သေပြီလား'

အန်ဒရပ်စ်က ချက်ချင်းမဖြေဘူး။ အကြာကြီးနေမှ ဖြေတယ်။

'အင်း… ဟုတ်တယ်၊ သေပြီ'

'သူက ဘာလုပ်သလဲ'

'တို့လိုပါပဲ၊ လေမှုတ်တူရိယာတွေ လုပ်တယ်၊ သူက အချိန်သိပ်[illegible] တယ်'

'ကျွန်မအဖေကတော့ တိရစ္ဆာန်ဆေးကု ဆရာဝန်တစ်ယောက်ပဲ'

✢ ✢ ✢

အမေ့အသံကိုလည်း ကြားရတယ်၊ အမေ့အနံ့ကိုလည်း [illegible] အီးမစ်လ်ဟာ စိတ်အေးနားအေးပဲ ပြန်ပြီးအိပ်ပျော်သွားတယ်။

'မင်း ဒီကို လာဦးမလား'လို့ မေးတယ်။ သူ့အသံထဲမှာ [illegible] ပါဦးလား'လို့ ဆိုလိုချင်တဲ့ အရိပ်အငွေ့ ပါနေတယ်။ [illegible] နားလည်တယ်။ သူပေးလိုက်တဲ့ အဖြေက 'လာခဲ့ပါဦးမယ်'တဲ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပြန်တယ်။ 'ပလွေက ကောင်းသွားပြီ' ဆိုတဲ့စကား အန်ဒရပ်ဆီက ထွက်လာတယ်။ သူ့ပါးစပ်ဟာ ပလွေကို မှုတ်ဖြတယ်။ စီရှပ်သံကို အပီအပြင်နဲ့ ကြည်ကြည်လင်လင် ကြားရတယ်။

'မင်းယောက်ျား ဒီည မှုတ်နိုင်ပါတယ်'

သူဟာ ပလွေကို သေတ္တာလေးထဲပြန်ထည့်ပြီး အဖုံးကို ပိတ်ပေးတယ်။ ကလေးရဲ့စောင်အောက်ကို အသာလေး ထိုးသွင်းပေးတယ်။ ပြီးတော့ သူတို့သားအမိအတွက် တံခါးလိုက်ဖွင့်ပေးတယ်။ အပြင်ဘက်အထိ လိုက်ပို့ပေးတယ်။ အဆောက်အဦ ဝင်ပေါက်နားရောက်တဲ့အထိပဲ။

သူတို့ချင်း စကားတစ်ခွန်းမှ မပြောကြတော့ဘူး။ အန်ဒရပ်စ်ရဲ့ မျက်လုံးတွေဟာ ဂျာမန်အမျိုးသမီးရဲ့နောက်ကို လိုက်သွားနေကြပါတယ်။ ဂျာမန်အမျိုးသမီးဟာ ရှုဒ္ဓရှိုင်ဒီစစ္စလီလမ်းအတိုင်း လျှောက်သွားနေပါတယ်။ သူဟာ လူအုပ်ကြားထဲ ဝင်ရောက်ပျောက်ကွယ်မသွားခင်မှာ နောက်ကို တစ်ချက်လှမ်းကြည့်တယ်။ သူတို့နှစ်ဦးကြားမှာ တည်ရှိသွားပြီဖြစ်တဲ့ နားလည်မှုနဲ့ သဘောတူညီမှုဟာ အခိုင်အမာဖြစ်သွားပြီဆိုတာကို ပြလိုက်တဲ့ သင်္ကေတပါပဲ။

+ + +

ရာဖေးရဲ့ ဘတ်စ်ပလွေဟာ ပြင်ပြီးသွားပါပြီ။ ဒါပေမဲ့ သူ့အိမ်ထောင်ကတော့ ယိုယွင်းပျက်စီးမယ့် အခြေအနေထဲ ဆင်းသွားပါပြီ။

+ + +

BURMESE CLASSIC

## (၉)

အဲဒီအတောအတွင်းမှာ ပြင်သစ်စစ်တပ်ဟာ အယ်လ်ဂျီးရီးယားနိုင်ငံထဲမှာ ကိုယ်စိတ်နှစ်ပါးကို ယုတ်မာရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ခြင်းကို စစ်ဆေးမေးမြန်းရာမှာ စနစ်တကျ အသုံးပြုနေသလို သေဒဏ်ကိုလည်း လက်စားချေရာမှာ နည်းလမ်းကောင်းတစ်ခုအဖြစ် သုံးနေပါတယ်။

အခိုင်အမာ ပြောရမယ်ဆိုရင် ဒီအလုပ်ရဲ့အဓိပ္ပာယ်ဟာ ဘာလဲ။ ပြင်သစ်နိုင်ငံရဲ့ အလယ်တန်းကျောင်းက ထွက်လာတဲ့ အပြစ်ကင်းစင်သူ ပြင်သစ်လူငယ်တွေကို တာဝန်ရှိပုဂ္ဂိုလ်တွေက အာရပ်လူငယ်တွေကိုဖမ်းပြီး လျှပ်စစ်ဓာတ်[illegible] တို့တာတို့ ဘာတို့ကိုလုပ်ဖို့ သင်ကြားပေးတယ်။ အဲဒီလို နှိပ်စက်ညှဉ်းပန်းနည်းမျိုးကို သူတို့က **'ရှော့ခ်-အင်-ရီးလ် ကုသနည်း'**လို့ နာမည်ပေးထားကြတယ်။

အဲဒီ လူငယ်တွေဟာ အကြမ်းဖက်သမားတွေလို့ စွပ်စွဲခံရတဲ့ လူတွေကို ရေထဲမှာ ခေါင်းတွေကိုပဲဖော်ပြီး စိမ်ထားတတ်တယ်။ အဲဒီနည်းကို သုံးတတ်အောင် သူတို့ဆရာကြီးတွေက သူတို့ကို သင်ပေးထားတာကိုး။ ဘဝတူ လူသားအချင်းချင်း[illegible] ကို အဲဒီနည်းတွေနဲ့ ဖြိုဖျက်ပစ်တတ်အောင် ယုတ်မာတဲ့လူတွေက ဘာ[illegible] သိနားမလည်သေးတဲ့ လူငယ်တွေကို ဖွတ်အတင်းအဓမ္မ စစ်ထဲသွင်းပြီး ရက်စက် ယုတ်မာတဲ့ အလုပ်တွေ လုပ်တတ်အောင် သင်ပေးနေကြတာပဲ။

လူငယ်တွေကလည်း ဘာမှမသိနားမလည်ကြသေးတဲ့ လူတွေ[illegible] သူတို့ကိုင်တွယ်နေရတဲ့ လူတွေဟာ အမှန်တကယ် လူဆိုးလူယုတ် [illegible] ဆိုတာ အတိအကျ အခိုင်အမာမသိဘဲ မပြောနိုင်ဘဲနဲ့ အပေါ်က [illegible] အတိုင်း၊ ခိုင်းထားတဲ့အတိုင်း နည်းမျိုးစုံပုံစံမျိုးနဲ့ ညှဉ်းဆဲကြ၊ နှိပ်စက်ကြ၊ သတ်[illegible] ဖြတ်ကြတယ်။ ခံနေရတဲ့လူတွေက ငိုကြ၊ ယိုကြ၊ အသနားခံကြ[illegible]

www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်ညှဉ်းပန်းတဲ့အခါမှာ သူတို့ဟာ လျှပ်စစ်ဓာတ်အားသုံး ကိရိယာ တန်ဆာပလာတွေကို အများကြီးသုံးကြတယ်။ လျှပ်စစ်ဓာတ်အားတွေလွှတ်ပြီး လူတစ်ကိုယ်လုံးကို တုန်ခါနေအောင် လုပ်ကြ (နှိပ်စက်ကြ)တာကိုပဲ သူတို့က 'ရော့ခ်-အင်-ရိုးလ်ပြုစုကုသနည်း'လို့ အမည်ပေးထားလိုက်ကြသေးတယ်။

တစ်ခါတလေ သူတို့ဟာ သူတို့လက်ထဲ ရောက်နေသူတွေကို စုံစမ်း စစ်ဆေးရာမှာ လိုချင်တဲ့အဖြေမရဘူးလို့ ထင်လာရင် ဦးခေါင်းကိုသာ ရေပေါ်ဖော် ပြီး တစ်ကိုယ်လုံး ရေထဲစိမ်ထားကြတယ်။ အတင်းအကျပ်ဖမ်းဆီးပြီး စစ်မှုအထမ်း ခိုင်းခံထားရတဲ့ စစ်သားဆိုတဲ့ လူတွေဟာ သူတို့ညှဉ်းဆဲနေတဲ့ လူသားတွေက ငိုယိုပြီး တောင်းပန်တဲ့အခါ၊ အသနားခံတဲ့အခါ သရော်ကြတယ်၊ ပြောင်ကြ လှောင်ကြတယ်၊ အရှက်သိက္ခာကင်းမဲ့အောင် ပြုကြတယ်။

တစ်ဖက်က အဲသလို ထင်ရာ မြင်ရာတွေ လုပ်လာကြတဲ့အခါ ကျန်တစ် ဖက်ကလည်း ရေရှည် သည်းမခံနိုင်တော့ဘူး။ သူတို့လိုပဲ ရက်စက်ကြမ်းကြုတ် တဲ့နည်းတွေသုံးပြီး ပြန်လည်တုံ့ပြန်ကြတယ်။ အဲဒီအခါမှာ လူသတ္တဝါချင်း ကိုယ်ချင်းစာနာမှုကင်းမဲ့တဲ့ လက်တုံ့ပြန်မှုနဲ့ လက်စားချေမှုတွေဟာ လူသားတွေ ကြားမှာ ထည်ရှိလာခဲ့တယ်။

၁၉၅၈ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှာ အယ်လ်ဂျီးရီးယားနိုင်ငံထဲက အာဏာလုပွဲ ဖြစ်လာတယ်။ အဲဒီအထဲမှာ တပ်တွေကို ဦးဆောင်နေတဲ့ လူတချို့ လည်း ပါလာကြတယ်။ တချို့ လေထီးတပ်သားတွေက အစိုးရအသံလွှင့်ဌာနနဲ့ အရေးပါအရာရောက်တဲ့ အစိုးရအဆောက်အဦတွေကို စီးနင်းသိမ်းပိုက်ခဲ့ကြတယ်။ အစိုးရဖွဲ့စည်း တည်ထောင်ကြတယ်။ အယ်လ်ဂျီးရီးယား သမ္မတနိုင်ငံတော်ဆိုတဲ့ အသံတွေလည်း ကြားလာရတယ်။

အလွန်စိုးရိမ်ရတဲ့ အခြေအနေ ဖြစ်လာပါပြီ။ ချားလ်စ်ဒီဂေါ ဟာ အဲဒီ အခြေအနေကို နားလည်ပါတယ်။ မကောင်းတာကို မကောင်းမှန်းသိဖို့ဆိုတာ မလွယ်ပါဘူး။ ဒီဂေါကတော့ သိပါတယ်၊ သိလို့လည်းပဲ ဒီအခြေအနေကို ဝင်ထိန်း ပေးတာပါ။

ဟော်တင်ဆီထရာလာ လီပိတ်ချ်ကလည်း လွတ်လပ်စွာ ရေးသားထုတ် ဝေခွင့်ရတဲ့ ဖီဂါရိုကို နေ့စဉ်နေ့တိုင်း ဖတ်နေရတော့ အခြေအနေမှန်ကို ကောင်း ကောင်းနားလည်ပါတယ်။ အဲဒီတော့ နိုင်ငံရပ်ခြား အယ်လ်ဂျီးရီးယားမှာရှိနေတဲ့ စပျစ်ခြံကြီးတွေအတွက် စိတ်ပူစပြုလာပါတယ်။ ခြံကြီးတွေရဲ့ တန်ဖိုးက သိပ်



...လာတော့ မပူလို့ ဘယ်ဖြစ်ပါ့မလဲ။

အမှန်တော့ အခြေအနေမှန်ကို လူတိုင်းသိကြပါတယ်။ အယ်လ်ဂျီးရီးယား ...ရော ပြင်သစ်နိုင်ငံတွင်းမှာပါ အမှန်ကို အမှန်အတိုင်း သိကြတဲ့လူတွေ ရှိပါ ...ယ်။ အသိဉာဏ်ဆိုတဲ့အရာကို တန်ဖိုးထားကြသူတိုင်းဟာ အမှန်ကိုသိအောင် ...စားကြစမြဲပါ။ သိလာရင်လည်း အမှန်အတိုင်းဖြစ်အောင် အားထုတ်စမြဲပါ။ ...တာ လူနဲ့တူသော၊ လူပီသသော၊ လူဆန်သောလူတို့ရဲ့ တာဝန်တစ်ခုပါ။

✢ ✢ ✢

ရာဖေးတစ်ယောက်ကတော့ အခုလို သိပ်အရေးကြီးတဲ့ အချိန်ကာလ ...ခုနဲ့ ပေးရာကို ရောက်နေတယ်။ သူက ခရီးသွားနေတာကိုး။ တကယ်တော့ ...အနေနဲ့က သူ့ပလွေ ပြုပြင်လိုက်မိတာကိုပဲ ကျေးဇူးတင်ရတော့မလို ဖြစ်နေပါ ...ယ်။ နာမည်ကျော်ကြားနေတဲ့ တေးဂီတခန်းမထဲမှာ သူ့ရဲ့ တစ်ပင်တိုင်ဖြေဖျော် ...ဟာလည်း လူကြိုက်အလွန်များပြီး ကျော်ကြားခဲ့ပါတယ်။ အဲဒါကိုလည်း သူ ...ကျေးဇူးတင်ရမှာပါ။

အခုဆိုရင် သူဟာ သူ့ပလွေအပေါ်မှာ အရှင်သခင် ဖြစ်နေပါပြီ။ တစ် ...ခွာလုံးမှာ ဖြေဖျော်တဲ့အခါတိုင်း သူ ပလွေမှုတ်ပုံရဲ့ ထူးခြားတဲ့နည်းကို ပရိသတ် ... သတိထားမိကြပါတယ်။ အဲဒီနည်းဟာ ပရိသတ်ရဲ့ စိတ်အာရုံကို ညှို့ယူဖမ်း ...နိုင်စွမ်း ရှိခဲ့ပါတယ်။ သူ့နည်းက 'စိတ်အားထက်သန်မှု၊ တိကျမှုနဲ့ အနုစိတ်မှု' ...ကို ပေါင်းစပ်ဖော်ဆောင်တဲ့နည်းပါ။

သူ့အတွက် ဖိတ်စာတွေ အများကြီးရောက်လာတတ်ပါတယ်။ သူက ...လည်း လာသမျှကို လက်ခံပါတယ်။ ဖြေဖျော်ပွဲတွေပါသလို ဂီတဆွေးနွေးပွဲတွေ ...လည်း ပါတယ်။ လှည့်လည်ပြီး ဖြေဖျော်ရတာတွေရှိသလို ဂီတပညာသင်ကျောင်း ...တွေမှာ ပညာပေးဖြေဖျော်ရတာတွေလည်း ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ... သွားရင် ပါရီမြို့က ခွာရပါတယ်။ ဒါ့ကြောင့်လည်းပဲ သူဟာ ... ပါရီနဲ့ဝေးရာကို ရောက်နေလေ့ရှိပါတယ်။ တစ်ခါထွက်သွားရင် ... အတော်များများ ကြာတတ်ပါတယ်။

အခုလို အလုပ်ကိစ္စတွေနဲ့ သွားရလာရတာများလာ... အဖို့ ရိုးသလိုဖြစ်လာပါတယ်။ ပြီးတော့ ကျေနပ်မှုရှိတဲ့ ... ပါတယ်။ သူ ခရီးဝေးက ပါရီကိုပြန်ရောက်တော့လည်း ...

www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်ပြီး လမ်းလျှောက်တဲ့ အလေ့အထပေါ်မှာ သာယာနေတာကို ရာဖေ... သတိပြုမိလာတယ်။

ပြီးတော့ သူ့ဇနီးသည်ရဲ့ ပါးတွေဟာ အမြဲတစေ သွေးရောင်လွှမ်းနေတာ... တွေ့ရတယ်။ ခန္ဓာကိုယ်ကလည်း စိုပြည်နုဖတ်ပြီး အသားပါတက်လာနေတာ... လည်း မြင်ရပါတယ်။ ရာဖေးအဖို့တော့ သူ့ဇနီးနဲ့ သူ့သားကိုကြည့်ပြီး စိတ်အေး... ရပါတယ်။ စိတ်ချမ်းသာရပါတယ်။ ဒါ့ကြောင့်မို့လည်း သူဟာ တက္ကစီတွေပေါ်... တက်လိုက်၊ မီးရထားတွေပေါ် တက်လိုက်၊ လေယာဉ်ပျံတွေပေါ် တက်လိုက်နဲ့ အလုပ်များနေခဲ့ရပါတယ်။ ရူဒီစိန့်လမ်းအိမ်နဲ့ ဝေးရာ၊ ပို၍ဝေးရာ နေရာတွေကို... သူ အနှံ့သွားနေခဲ့ပါတယ်။

✢ ✢ ✢

ဆက်ဖ်ဖီရဲ့ သာယာရွှင်လန်းမှုကို သတိထားမိခဲ့တဲ့ လူတစ်ယောက်... ရှိလာပါတယ်။ တခြားလူတော့ မဟုတ်ပါဘူး။ မဒမ်မွိုင်ဇယ် ဘလန်ချီပါ။

မိန်းမငယ်လေးရဲ့ ပျော်ရွှင်မှုနဲ့ သွက်လက်ပေါ့ပါးတဲ့ ခြေလှမ်းတွေဟာ... မဒမ်မွိုင်ဇယ်ဘလန်ချီရဲ့စိတ်ကို အာရုံဝင်စားလာအောင် ဆွဲဆောင်မှုရှိလာခဲ့ပါ... တယ်။ အမှန်တော့ ဘလန်ချီကိုယ်တိုင် ဆက်ဖ်ဖီ အသက်အရွယ်လောက်တုန်းက... အခု ဆက်ဖ်ဖီလို ပျော်ရွှင်ပြီး ဆက်ဖ်ဖီ လျှောက်နေတဲ့ ခြေလှမ်းမျိုးတွေနဲ့ လျှောက်... ခဲ့ဖူးပါတယ်။

အဲဒီအချိန်က သူဟာ အကြီးစားကုမ္ပဏီတစ်ခုမှာ အတွင်းရေးမှူးလုပ်... နေတာပါ။ သူဟာ သူ့လုပ်ဖော်ကိုင်ဖက် အိမ်ထောင်သည်တစ်ဦးအပေါ် မေတ္တာ... သက်ဝင် ချစ်ခင်ခဲ့မိပါတယ်။ သူတို့ရဲ့ အချစ်ဇာတ်လမ်းဟာ ဆိုးဝါးစွာနဲ့ ...ဆုံး... သိမ်းခဲ့ရပါတယ်။ ဘလန်ချီအတွက်ကတော့ သူ့ဘဝမှာ ပထမဆုံးနဲ့ နောက်ဆုံး... အချစ်ဇာတ်လမ်းပါ။

အဲဒီတုန်းက ဘလန်ချီဟာ အတော့်ကိုရိုးပါတယ်။ အကင်းမပါးတော့... အ တဲ့ဘက်ကို ယိမ်းယိုင်နေပါတယ်။ သူနဲ့ဖြစ်ရတဲ့လူဟာ လက်ရှိမယားပေါ်မှာ... အချစ်စိတ်မရှိတော့လို့သာ ဖြစ်ရမယ်လို့ သူထင်ခဲ့မိပါတယ်။ တကယ်တော့... သူနဲ့ဖြစ်ခဲ့ရတဲ့အချိန်က သူ့ချစ်သူဆိုတဲ့လူမှာ သားနှစ်ယောက်ရှိနေပါပြီ။

သူနဲ့ ဖြစ်လာတဲ့အခါမှာ ဘလန်ချီဟာ သူ့ချစ်သူအတွက် သမီးလေး... တစ်ယောက် မွေးဖွားပေးဖို့ အိပ်မက်မက်ခဲ့ပါတယ်။ အဲဒီလိုနဲ့ပဲ တစ်ရက်မှာတော့... သူ့ချစ်သူဆိုတဲ့လူက သူ့မှာ သမီးလေးတစ်ယောက် မွေးလာလို့ ဝမ်းသာတဲ့ အထိမ်းအမှတ်အနေနဲ့ ရုံးထဲမှာ ပါတီပွဲလေး လုပ်ပါတယ်။ အဲဒီပွဲကိုတက်ဖို့ သူ့ကိုပါ ဖိတ်လေတော့ ဘလန်ချီအဖို့ ရှက်လည်းရှက်၊ စိတ်လည်း ဆင်းရဲခဲ့ရပါ တယ်။

မှန်ပါတယ်။ လင်မယားသစ္စာပျက်မှု (တစ်နည်းအားဖြင့် နောက်မီးလင်း ...)ဟာ ဖောက်ပြန်တဲ့သူကို အတောင်တပ်ပေးတတ်ပါတယ်။ ယေဘုယျသဘော ...ပြောရရင်တော့ ပျော်ရတဲ့ကာလဟာ တိုတောင်းလှပါတယ်။ အကျ ကျတော့ ...ပ်ကိုပြင်းထန်တတ်ပါတယ်။

ဒါပေမဲ့ ဘလန်ချီအနေနဲ့ ကလေးလက်တွန်းလှည်းကလေးကို တွန်းပြီး ...မြစ်ကမ်းပါးဆီသွားနေတဲ့ မိန်းမငယ်ကလေးကို ထိုင်ကြည့်နေရုံကလွဲပြီး မတတ် ...င်ပါဘူး။ သူ့အနေနဲ့ သတိပေးဖို့ဆိုတာကလည်း မဖြစ်နိုင်ပါဘူး။ အတော့်ကို ...လွယ်တဲ့ကိစ္စပါ။ မလွတ်လပ်တဲ့ ပျော်ရွှင်မှုမျိုး ရယူနေတဲ့ လူတစ်ယောက်ကို သတိပေးဖို့ဆိုတာ ခက်ပါတယ်။

ကိုယ်လုပ်နိုင်တာ တစ်ခုပဲရှိပါတယ်။ ဒီကိစ္စအတွက် နောက်ဆက်တွဲ ...ဖြစ်လာမယ့် ထိခိုက်ပျက်စီးမှုနဲ့ နစ်နာဆုံးရှုံးမှုတွေဟာ မကြီးမားမပြင်းထန်ဘဲ ...တန့်အသတ် အတိုင်းအဆလေးနဲ့သာ ဖြစ်ပါစေလို့ မျှော်လင့်ဖို့ပါ။

✢ ✢ ✢

အန်းဒရပ်စ်မှာ တယ်လီဖုန်း မရှိပါဘူး။ အဲဒီတော့ ဆက်ဖ်ဖီအနေနဲ့ ...ချင်းတွေ့ဖို့ကိစ္စမှာ ကြိုတင်ပြီး ဆက်သွယ်လို့မရပါဘူး။ သူ့အနေနဲ့ အန်းဒရပ်စ် ...ကို တွေ့ချင်ရင် သူကပဲ လာရပါတယ်။ ဒီနေ့ သူလာတာဟာ ဒုတိယအကြိမ် ...ပါ။ ဆိုင်ရှေ့ရောက်လို့ တံခါးဝမှာ ရပ်လိုက်တော့ အထဲက စကားပြောသံကြားရ ...ပါတယ်။ ယောက်ျားနှစ်ယောက် စကားပြောသံပါ။

အန်းဒရပ်စ်က ဆက်ဖ်ဖီကို ဆီးပြီးနှုတ်ဆက်ပါတယ်။ သူ့ညီ... ...ရုပ်မြင့်မြင့် အမေရိကန်လူမည်းနဲ့လည်း မိတ်ဆက်ပေးပါတယ်။ ပြီး... ...ဆက်ဖ်ဖီကိုထိုင်ခိုင်းထားပြီး သူ့ညီသည်နဲ့ စကားဆက်ပြောနေပါတယ်။ ... ...တော့ ကလေးလက်တွန်းလှည်းနဲ့ ကလေးပါလာပေမယ့် သူ့... ...မည်နဲ့ လွတ်လပ်စွာ ပြောခွင့်ဆိုခွင့် နေထိုင်ခွင့်ရနေတယ်... ...ပါ။

www.burmeseclassic.com



ဆက်ဖ်ဖီဟာ ကြမ်းပေါ်မှာကျနေတဲ့ သတင်းစာကို ကောက်ယူလိုက်ပြီး ဖတ်ချင်ဟန်ဆောင်ထားပါတယ်။ ဆယ်မိနစ်လောက်ကြာတော့မှ သူကိုင်ထား သတင်းစာဟာ ဟန်ဂေရီဘာသာနဲ့ထုတ်တဲ့ သတင်းစာမှန်း သိလာတယ်။ သူကိုယ် သူ ကျိတ်ပြီးပြုံးလိုက်မိတယ်။ ယောကျာ်းနှစ်ယောက်ကတော့ အင်္ဂလိပ်လို စကား လက်ဆုံကျနေကြတုန်းပဲ။

သူ ကြားနေရသလောက်ဆိုရင် အင်္ဂလိပ်လိုပြောရာမှာ အန်းဒရပ်စ်ဟာ သိပ်ပြီး မသွက်လှဘူး။ နှစ်ယောက်သား စီးကရက် တစ်ယောက်တစ်လိပ်ဖွာရင်း ဆက်ဆိုဖုန်း ဒါဇင်ဝက်လောက်ကို စမ်းပြီးမှတ်ကြည့်နေကြတယ်။ နောက်ဆုံးမှာ တော့ အမေရိကန်လူမည်းဟာ ဆက်ဆိုဖုန်းတစ်ခုကိုဝယ်ပြီး ဆိုင်ထဲက ပြန်ထွက် သွားတယ်။ မထွက်ခင် အန်းဒရပ်စ်ကိုရော ဆက်ဖ်ဖီ ကိုပါ တရင်းတနှီး နှုတ်ဆက် သွားတယ်။

လူမည်းချွေးသည်ကို တံခါးဝထိလိုက်ပို့တဲ့ အန်းဒရပ်စ်ဟာ ဆိုင်ထဲပြ အဝင်မှာ တံခါးကိုပိတ်လိုက်တယ်။ 'ဆိုင်ပိတ်သည်' ဆိုတဲ့ ဆိုင်းဘုတ်ကိုလည်း ချိတ်လိုက်တယ်။

+ + +

ဧပြီလက မေလကို ကူးသွားပြီ။ ဆက်ဖ်ဖီကတော့ အချစ်ဆိုတဲ့ တိမ်လွှာ တစ်ခုပေါ်မှာ လွင့်မျောနေတုန်းပဲ။ သူ့သားကလေးကိုလည်း သူ တယုတယပြု တက်ပါတယ်။ သူ့ကလေးကို ရေချိုးပေးတဲ့အခါ၊ အဝတ်လဲပေးတဲ့အခါ၊ အ ကျွေးတဲ့အခါ ပိုပြီးဂရုစိုက်ပါတယ်။ ကလေးကလည်း သူ့အမေအပေါ်မှာ ယုံကြည် မှုအပြည့်အဝပါပဲ။

ပါရီကို ပြန်ရောက်လာတဲ့အခါတိုင်း ရာဖေးဟာ ဆက်ဖ်ဖီသားအမိ ကြည့်ပြီး ဝမ်းသာတယ်၊ ကြည်နူးတယ်၊ ပြီးတော့ သူနဲ့ ဆက်ဖ်ဖီရဲ့ လင်မယား ဆက်ဆံမှုဟာလည်း ပြောင်းလဲမသွားပါဘူး။ ဒါပေမဲ့ သူ့လင်ရဲ့ အပွေ့အဖက် ခံနေရတဲ့အချိန်မှာ ဟိုတုန်းကလိုပဲ သူဟာ ရေငုံနှုတ်ပိတ် ရှိနေတတ်ပါတယ်

ရာဖေးကတော့ သူ့ဇနီးရဲ့ အခြေအနေအရပ်ရပ်ကိုကြည့်ပြီး မကောင်း ဘက်က မတွေးဘူး။ တို့အိမ်ထောင်ရေးဟာ တခြားအိမ်ထောင်တွေထက်ဘေ ဗိုမဆိုးပါဘူး။ မာတင်နဲ့ မစ်ချယ်လီတို့ လင်မယားကို ကြည့်၊ ငွေကြေး ဝတ်သက်ပြီး ခဏခဏ စကားများနေကြတာပဲ။ ဒါပေမဲ့ ငါ့မယားနဲ့ ငါ့သား



ကိုကြည့်။ သူတို့သားအမိဟာ အမြဲတမ်း ပျော်နေကြတာပဲ စသည်ဖြင့် တွေးတယ်။

အမှန်စင်စစ်တော့လည်း ဆက်ဖ်ဖီဟာ ပျော်နေတယ်။ ဘွန်မာချီစတိုး ဆိုင်ကြီးကို သွားတယ်။ ပြတင်းပေါက်ခန်းဆီးတွေ ဝယ်တယ်။ ဧည့်ခန်းထဲမှာ အလှပြင်ဖို့ ရေမွှေးပန်းတွေ ဝယ်တယ်။ အိမ်ကို တတ်အားသရွေ့ သူစိတ်ကူးရသလို အလှပြင်တယ်။

အခုလည်း သူ့သားငယ် အီးမစ်လ်ကို ကတ္တီပါကူရှင်ခံထားတဲ့ ကော်ဇော ပေါ်မှာချထားပြီး သူကတော့ ပြတင်းပေါက်နားမှာ ရပ်နေတယ်။ သူ့လက်တစ်ဖက် နဲ့ ပန်းပင်က အရွက်ခြောက်တွေကို အသာအယာလေး ချွေချပေးနေတယ်။ သူနေရာ ကို တိုးဝှေ့နေတဲ့လေဟာ 'နွေဦးပေါက်လေ' ပါလား။ သူကိုယ်တိုင် စိုက်ထားခဲ့ တဲ့ ပန်းကလေးရဲ့ရနံ့ဟာ မွှေးကြိုင်သင်းပျံ့နေတယ်။

သူရင်ဆိုင်နေရတဲ့ တဒင်္ဂအချိန်ကာလလေးတွေ အားလုံးကို သူသတိထား နေမိတယ်။ သူ့ရဲ့ လှပဖြူဖွေးတဲ့ လက်မောင်း၊ သစ်ရွက်တွေကို ချွေချနေတဲ့ လက်ချောင်းကလေးတွေရဲ့ သိမ်မွေ့မှု။ ဩော်... ဒါလေးတွေဟာ ဝမ်းသာစရာ စိတ်ချမ်းသာစရာလေးတွေပါလား။

ဆက်ဖ်ဖီအဖို့ အတိတ်က ကြောက်စရာတွေကို မေ့ပစ်လိုက်ချင်တယ်။ အဲဒါတွေကို ခေါင်းထဲထည့်မထားချင်တော့ဘူး။ သူ့အနေနဲ့ ပစ္စုပ္ပန်ကို ပွေ့ဖက် ထားတတ်တဲ့ အလေ့အကျင့်ကို ရနေပြီ။ အိပ်မပျော်တဲ့ရောဂါဟာ သူ့ဆီမှာ အနည်းအပါး ကျန်နေပါသေးတယ်။ ဒါပေမဲ့ ဟိုတုန်းကနဲ့စာရင်တော့ ငြိမ်းငြိမ်း ချမ်းချမ်း အိပ်နေနိုင်တဲ့ဘဝကို ရနေပါပြီ။

+ + +

မေလ ၂၉ ရက် မနက်မှာ နိုးလာတဲ့ ဆက်ဖ်ဖီဟာ ဒီဂေါ်ရဲ့ အာဏာ နောက်တစ်ကြိမ် ပြန်ရဖို့ကြိုးစားတဲ့ပွဲနဲ့ ကြုံနေရပါတယ်။ ဒီတစ်ကြိမ်မှာလည်း ဆက်ဖ်ဖီဟာ လျှပ်စစ်ဓာတ်အားပြတ်မှုနဲ့ ကြုံရပြန်ပါတယ်။ နောက်တစ်ကြိမ် လျှပ်စစ်အလုပ်သမားတွေ သပိတ်မှောက်ပြန်ပြီဆိုတာ ထင်ရှားနေပါတယ်။

ဆက်ဖ်ဖီဟာ သူ့သား အီးမစ်လ်အတွက် နို့ဗူးများ ဒါ တစ်ဆယ်ငွေ့မီးက ထွန်းလို့မရလေတော့ သူ့သားအတွက် နို့ပူလင်း မပွက်တော့ ပါဘူး။ သူ့သားဟာ လေးလသားပဲ ရှိပါသေးတယ်။ နို့ဗူးကို နို့တိုက်နေရတာ နို့အေးကိုပဲ စို့ရတော့မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖ်ဖွီရင်ဟာ ပေါ့ပါးနေပါတယ်။ ပျော်လည်း ပျော်နေပါတယ်။ အခုဆိုရင် ရာဖေးဟာ အင်္ဂလန်မှာ ရောက်နေပါတယ်။ မနက်ဖြန်ဟာ တနင်္ဂနွေနေ့ပါ။ သူ့အနေနဲ့ အီးမစ်လ်ကိုခေါ်ပြီး အန်းဒရပ်စ်နဲ့ သွားတွေ့ဖို့ စီစဉ်ထားပါတယ်။

အန်းဒရပ်စ်ဟာ သူတို့သားအမိ ရောက်အလာကို စောင့်မျှော်နေပါတယ်။ သူ့ဘာသာသူလုပ်ထားတဲ့ ကင်းဗတ်အိတ်ကို လွယ်ထားပါတယ်။ ပြီးတော့ ကလေးငယ်ကို ဆက်ဖ်ဖီသယ်သွားနိုင်မယ့် အိတ်တစ်လုံးကိုလည်း သူလုပ်ထားတယ်။

'ဘာလုပ်ဖို့လဲ' လို့ ဆက်ဖ်ဖီကမေးတော့ 'ဒီနေ့ ကိုယ်တို့ ခရီးထွက်ကြမယ်' လို့ အန်းဒရပ်စ်က ပြောပါတယ်။ ပြီးတော့ နံရံမှာမှီပြီးထောင်ထားတဲ့ စက်ဘီးကို လက်ညှိုးထိုးပြတယ်။

'စက်ဘီးကို အဟောင်းဆိုင်က ရခဲ့တာ' လို့ အန်းဒရပ်စ်က ပြောပါတယ်။ သူက စက်ဘီးရဲ့ရှေ့ခုံမှာ ထိုင်တယ်။ ဆက်ဖ်ဖီက ကလေးကိုချီပြီး နောက်ထကယ်ရီယာခုံပေါ်မှာထိုင်ပြီး စက်ဘီးကို စီးလာခဲ့ပါတယ်။ အီးမစ်လ်ဟာ စက်ဘီးရဲ့ ရွေ့လျားမှုကြောင့် ချက်ချင်းလိုလို သူ့အမေ ဆက်ဖ်ဖီရဲ့ ရင်ခွင်ထဲမှာ အိပ်ပျော်သွားတယ်။

'ဆက်ဖ်ဖီတို့ ဘယ်သွားမှာလဲ'

'ပစ္စည်းဟောင်း ရောင်းတဲ့ဈေးကို သွားမှာ'

အန်းဒရပ်စ်ဟာ ကလစ်နန်ကုတ် လဟာပြင်ဈေးကိုသွားရတာ အလွန်သဘောကျပါတယ်။ ဒါ့ကြောင့်မို့လည်း မကြာခဏ လာလေ့ရှိပါတယ်။ သူ့လုပ်ငန်းအတွက် လိုအပ်တဲ့ပစ္စည်းတွေကို ဒီအဟောင်းဈေးက ဈေးသက်သက်သာသာနဲ့ ဝယ်လေ့ရှိပါတယ်။

ဒါပေမဲ့ ဒီနေ့တော့ ပြဿနာက ရှိလာပါတယ်။ ကလစ်နန်ကုတ်ဈေးကို မရောက်ခင် လမ်းတစ်ဝက်မှာ ဘူလ်လိုဇက်ဘားဘက်စ်လမ်းပေါ်က စစ်ရဲတစ်ဦးဟာ သူတို့စက်ဘီးကို တားထားပါတယ်။

အန်းဒရပ်စ်ဟာ သူ့စက်ဘီးကို ရပ်ထားရပါတယ်။ ဆက်ဖ်ဖီက အံ့ကြိတ်ထားတဲ့ အန်းဒရပ်စ်ကိုကြည့်ပြီး မေးတယ်။

'ဘာဖြစ်တာလဲ' တဲ့။

'မင်း မသိဘူးလား' လို့ အန်းဒရပ်စ်က ပြန်မေးတယ်။

'အယ်လ်ဂျီးရီးယား ပြဿနာလေ၊ မင်း သတင်းစာတွေထဲမှာ မဖတ်ရဘူးလား'



ဆက်ဖ်ဖီက ငြိမ်နေတယ်။

'မင်း မသိဘူးလား' လို့ အန်းဒရပ်စ်က ထပ်မေးတယ်။ **'စစ်ပွဲတစ်ပွဲ ဖြစ်နေတယ် ဆက်ဖ်ဖီ'**

'မဟုတ်ပါဘူး၊ စစ်ပွဲဆိုတာ မရှိပါဘူး'

'ဆက်ဖ်ဖီ… မင်းဟာ စစ်ဖြစ်နေတဲ့ နိုင်ငံတစ်နိုင်ငံထဲမှာနေတာ၊ ပြင်သစ်နိုင်ငံဟာ အယ်လ်ဂျီးရီးယားနိုင်ငံကို တိုက်ခိုက်ဖို့အတွက် နှစ်စဉ် ဖရန့်ငွေ ဘီလီယံတစ်ရာ သုံးနေတာ မင်းမသိဘူးလား၊ မင်းအဖြစ်က **အယ်လ်ဂျီးရီးယားနိုင်ငံ ဘယ်မှာလဲဆိုတာတောင် မသိတော့ဘူးလား**' လို့ အန်းဒရပ်စ်က ဒေါသကြီးနဲ့ အော်ဟစ်ပြီးမေးတယ်။

အီးမစ်လ်ဟာ လန့်နိုးလာပြီး သူ့အမေကို ဖက်ထားတယ်။ ဆက်ဖ်ဖီက တယုတယ ပြန်ပွေ့ထားတယ်။ မျက်လွှာကိုလည်း ချထားတယ်။

'စစ်ပွဲက ပြီးသွားပြီပဲ' လို့ ရေရွတ်တယ်။

'မပြီးသေးဘူး၊ စစ်က အခုထိ မပြီးသေးဘူးကွ' လို့ အန်းဒရပ်စ်က အော်တယ်။ '၁၉၄၀ ခုနှစ်က ၁၉၄၄ ခုနှစ်အထိ ပြင်သစ်နိုင်ငံဟာ ဂျာမနီနိုင်ငံရဲ့ ချုပ်ကိုင်မှုကို ခံနေရတဲ့အတွက် အရှက်သိက္ခာ ကင်းမဲ့ခဲ့ရတယ်။ ၁၉၄၆ ခုနှစ်ကျတော့ ပြင်သစ်ဟာ အင်ဒိုချိုင်းနားမှာ စစ်ပွဲတစ်ပွဲ စခဲ့တယ်။ ၁၉၅၄ ခုနှစ်ကျတော့ ပြင်သစ်ဟာ အင်ဒိုချိုင်းနားကို လက်လွှတ်ခဲ့ရတယ်။ ဗီယက်နမ်တွေက ပြင်သစ်နိုင်ငံကို ဗိုင်းခေါ်လာကြတော့ ရှက်စရာဖြစ်ခဲ့ရတယ်။ နောက် သုံးလကြာတော့ အယ်လ်ဂျီးရီးယားမှာသွားပြီး စစ်ပွဲတစ်ပွဲ စခဲ့ပြန်တယ်။ အဲဒါကို မင်း မသိဘူးလား'

ဆက်ဖ်ဖီဟာ ခေါင်းကိုငုံ့ထားတယ်။ သူ့သားလေးကို လှုပ်ပြီးသိပ်နေတယ်။ အန်းဒရပ်စ်ကို ဘာမှပြန်မပြောဘူး။

သူတို့နှစ်ဦးကြားမှာ ရှိလာတဲ့ တိတ်ဆိတ်မှုဟာ နာကျင်စရာဖြစ်လာနေတယ်။ နောက်ဆုံးမှာ အန်းဒရပ်စ်ဟာ ခေါင်းကိုယမ်းလိုက်ပြီး စက်ဘီးကို ပြန်လှည့်တယ်။ ဒေါသနဲ့ သက်ပြင်းတစ်ချက်ချလိုက်ပြီး မာရေ့စ်ဘက်ကို စက်ဘီးပြန်နင်းလာတယ်။

သူတို့ရဲ့ ပထမဆုံး အပျော်ခရီးပါ။ ဒီခရီးဟာ အရှုံးနဲ့ရင်ဆိုင်ခဲ့ရတယ်။

+ + +

www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့နွေရာသီကာလတစ်လျှောက်လုံး သူတို့နှစ်ယောက်ဟာ စက်ဘီး တူတူစီးပြီး ခရီးမထွက်တော့ဘူး။ ပြင်သစ်တွေနဲ့ အယ်လ်ဂျီးရီးယားတွေကတော့ တစ်ယောက်လည်ပင်းတစ်ယောက် လှီးနေကြလေရဲ့။ သူတို့လက်တွေနဲ့ ခြေထောက် တွေကိုလည်း အပြန်ပြန်အလှန်လှန် ဖြတ်နေကြတယ်။ မြို့တော်ရဲ့နေရာအနှံ့အပြား မှာလည်း ပေါက်ကွဲလိုက်တဲ့ဗုံးတွေ။ ရဲစခန်းတွေကိုလည်း မီးနဲ့ရှို့ကြတယ်။

ပြင်သစ်နိုင်ငံဟာ အရှက်သိက္ခာကင်းမဲ့လာတယ်။ နိုင်ငံတကာရဲ့ တံတွေး ခွက်ထဲမှာ ပက်လက်မှောက်ခုံ မျောနေရတယ်။ ပါရီမြို့ပေါ်မှာ စစ်တပ်တွေကို နေရာအနှံ့ ဖြန့်ချထားရတယ်။ ဘာ့ကြောင့်လဲဆိုတော့ ရန်ပြုမယ့်အန္တရာယ်တွေက များလာနေလေတော့ ပါရီမြို့တော်ကို ကာကွယ်ဖို့ပဲဆိုပါတော့။

လက်တင်အမေရိကနိုင်ငံဘက်ကို သွားလုဆဲဆဲအချိန်မှာ ရာဖေးဟာ သူ့ဇနီးကို အိမ်နဲ့ဝေးဝေးမသွားဖို့ သတိပေးပါတယ်။ မြို့လယ်ကောင်မှာ ချထားတဲ့ စစ်တပ်တွေကလည်း သိပ်များလေတော့ ဆက်ဖ်ဖီအနေနဲ့ သူ့ယောက်ျားရဲ့စကားကို မလိုက်နာလို့ မဖြစ်ပါဘူး။ ဇွန်လက စက်တင်ဘာလအထိ လေးလတာကာလ အတွင်းမှာ သူဟာ မာရေ့စ်ဘက်ကို အီးမစ်လ်နဲ့အတူ နှစ်ခေါက်ပဲရောက်ခဲ့တယ်။

ဒါပေမဲ့ နှစ်ခေါက်စလုံး ကြာကြာမနေခဲ့ပါဘူး။

ကျန်တဲ့အချိန်တွေမှာကတော့ ဆက်ဖ်ဖီဟာ စိတ်ကူးယဉ်အိပ်မက်ထဲမှာ ဝဲ နေတယ်။ စိတ်ကူးနဲ့ပဲ ရှူးရတယ်လို့ ပြောချင်လည်း ပြောပါ။ သူ့စိတ်ကူးထဲ မှာ သူဟာ အန်းဒရပ်စ်ကို စကားပြောနေပါတယ်။ သူက သူ့ကို မေးခွန်းတွေ မေးတယ်။ သူ့ဆီက အဖြေတွေကြားရတော့ ရယ်တယ်။ နွေခင်းနေ့လယ်မှာတော့ သူ့သားလေးကို ပြုစုယုယတယ်။ သူ့ပန်းတွေကို ပြုစုပျိုးထောင်တယ်။ သူ့အိမ်မှု ကိစ္စတွေကို လုပ်တယ်။

ဩဂုတ်လရဲ့ လလယ်လောက်ကျတော့ သားငယ်လေး အီးမစ်လ်ဟာ သူ့ဘာသာသူ ထိုင်တတ်လာတယ်။ ဆက်ဖ်ဖီက ဘေးကနေ လက်ခုပ်တီးပြီး အားပေးတယ်။ အနမ်းနဲ့ ဆုချတယ်။ ရာဖေးဆီက တယ်လီဖုန်းဆက်တဲ့အခါ သားကလေး သူ့ဘာသာသူ ထိုင်တတ်နေပြီဆိုတဲ့ သတင်းကို ဂုဏ်ယူဝင့်ကြွားစွာ နဲ့ အသိပေးတယ်။

✢ ✢ ✢



ဆက်ဖ်ဖီဟာ အသက်ရှင်သန်နေတဲ့ဘဝထဲကို ပြန်ဝင်လာနေတယ်။ သူ့ သားလေးကို အရုပ်ကလေးတစ်ရုပ်လို၊ အထုပ်ကလေးတစ်ထုပ်လို သဘောမထား တော့ဘူး၊ မဆက်ဆံတော့ဘူး။ တခြားမိခင်တွေလိုပဲ သူ့သားငယ်ရဲ့ တစ်နေ့တခြား ဖြစ်လာနေတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကိုကြည့်ပြီး ဝမ်းသာတယ်၊ ကြည်နူးတယ်၊ အားပေးသမှုပြုတယ်။

ဥပမာဆိုပါတော့… အီးမစ်လ်တစ်ယောက် သူ့ဘာသာသူ အလျား မှောက်တတ်သွားတာတို့၊ အိပ်ရာပေါ်မှာ အပြန်ပြန်အလှန်လှန် လိမ့်သွားနေတာတို့၊ ဦးခေါင်းကိုထောင်ပြီး သူ့အမေ ဆက်ဖ်ဖီနောက်က မျက်လုံးအကြည့်နဲ့ လိုက်တာ တို့၊ အဲဒါတွေဟာ ဆက်ဖ်ဖီအဖို့ စိတ်သာယာကြည်နူးစရာလေးတွေပါ။

ဆက်ဖ်ဖီဟာ "ပုံမှန်မိခင်" ဖြစ်နေပါပြီ။ မိခင်စိတ်အပြည့်အဝရှိနေတဲ့ သာမန်အမေဘဝကို ရောက်နေပါပြီ။

တစ်ဖက်မှာကလည်း အီးမစ်လ်ရဲ့ ငေးကြောင်ကြောင်အကြည့်နဲ့ ပြုံးခြင်း ရယ်ခြင်းအလွန်နည်းပါးတဲ့ အပြုအမူဟာ သာမန်အနေအထား မဟုတ်ဘူးလို့ ယူဆစရာ ရှိလာနေပါတယ်။ သူ့အသက် သူ့အရွယ်နဲ့ သူနားမလည်သင့်တာ တစ်ခုခုကများ သူ့ကို ဖမ်းစားထားလေသလား။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

နွေဦးတုက ဆောင်းဦးကာလကို ကူးပြောင်းသွားပြီ။ မကြာသေးခင်က ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုတွေဟာလည်း အတော်ကလေးငြိမ်သွားပြီ။ ပါရီမြို့တော်ရဲ့ လမ်းတွေပေါ်မှာ ချထားတဲ့ လက်နက်ကိုင်စစ်သားတွေကိုလည်း အရင်ကလို အများကြီးမချတော့ဘူး။ စည်းစနစ်နဲ့ ချထားတာဆိုတော့ အမြင်မဆိုးတော့ဘူးပေါ့။ စက်တင်ဘာလအလယ်ကျတော့ ဆက်ဖ်ဖီဟာ မရောက်တာကြာပြီဖြစ်တဲ့ ဓာရေ့စ်ဘက်ကို ထွက်လာခဲ့ပါတယ်။

ရှုဒူရှိုင်းဒီစစ္စလီလမ်းဘက်ရောက်တော့ ရာနဲ့ချီပြီး ရှိတဲ့လူတွေ လမ်းပေါ်မှာ သွားလာလှုပ်ရှားနေကြတာကို ဆက်ဖ်ဖီ သတိထားမိတယ်။ လူတွေက ဆိပ်များလွန်းတော့ ဆက်ဖ်ဖီဟာ အီးမစ်လ်ရဲ့ လက်တွန်းလှည်းကို အလွယ်တကူနဲ့ တွန်းလို့မရဘူး။ အတော်ခက်ခက်ခဲခဲ တွန်းနေရတယ်။

ပလက်ဖောင်းပေါ်မှာ အဖြူရောင်ကြက်မွေးတွေဟာ လေထဲမှာ ဝဲပျံနေတယ်။ လမ်းဘေးရေမြောင်းတွေထဲမှာလည်း စီးသွားနေတဲ့ သွေးတွေ။ ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း ကြောက်လန့်တကြား အော်နေကြတဲ့ ကြက်သံတွေ။ ဆက်ဖ်ဖီဟာ လန့်လာတယ်၊ ချွေးတွေထွက်လာတယ်၊ လက်ဖဝါးတွေမှာ စိုရွှဲပြီး အဆီပြန်လာတယ်။ ကလေးလက်တွန်းလှည်းကို ခပ်ကြမ်းကြမ်းတွန်းမိတယ်။ အနက်ရောင်ဝတ်စုံတွေ ဝတ်ထားတဲ့ မိန်းမတွေရဲ့ ဆဲဆိုသံနဲ့ မကျေနပ်တဲ့ ရေရွတ်သံတွေ ကြားရတယ်။ ဘာတွေများ ဖြစ်နေကြတာပါလိမ့်။

သူ ကံကောင်းတယ်။ ဆိုင်ထဲမှာ အန်းဒရပ်စ်တစ်ယောက်တည်း။ သူက ဆက်ဖ်ဖီကို ဆိုင်ထဲဆွဲသွင်းသွားတယ်။ သူ့မျက်နှာကိုမြင်တော့ အံ့အားသင့်သွားတယ်။

'မင်း ဘာဖြစ်လာသလဲ'



'အပြင်မှာ ဘာတွေဖြစ်နေကြတာလဲ'လို့ ဆက်ဖ်ဖီက မေးတယ်။

'အို… အဲဒါလား၊ ဘာမှမဟုတ်ဘူး၊ ပွဲတော်ရက်တစ်ရက်ပါ'

'ဘယ်လို ပွဲတော်ရက်လဲ၊ ကြောက်စရာကောင်းလိုက်တာ၊ ပလက်ဖောင်းပေါ်မှာ ကြက်တွေသတ်နေကြတယ်'

'ယွမ်ကစ်ပါ ပွဲတော်လေ၊ အပြစ်ကျေအေးတဲ့နေ့ပေါ့'

'ဆက်ဖ်ဖီ မသိဘူး၊ ပြင်သစ်တွေရဲ့ အခါကြီးရက်ကြီးနေ့လား'

အန်းဒရပ်စ်က အံ့အားသင့်ပြီး ဆက်ဖ်ဖီကို ကြည့်နေတယ်။

'မင်း တကယ်မသိဘူးလား ဆက်ဖ်ဖီ'လို့ မေးတယ်။

ဆက်ဖ်ဖီက ခေါင်းခါတယ်။

အန်းဒရပ်စ်ရဲ့ တစ်ကိုယ်လုံး တောင့်တင်းသွားတယ်။ ဖျတ်ခနဲ ဆက်ဖ်ဖီရဲ့လက်မောင်းကို ဆွဲကိုင်ပြီး အပြင်ကိုဆွဲခေါ်သွားတယ်။ ဆက်ဖ်ဖီဟာ ဘာမသိညာမသိနဲ့ အန်းဒရပ်စ်ဆွဲခေါ်ရာနောက်ကို တရွတ်ထိုးပါသွားတယ်။ အလုပ်ရုံထဲမှာ အီးမစ်လ်တစ်ယောက်ပဲ ကျန်ခဲ့တယ်။ ဆက်ဖ်ဖီဟာ လူတွေအများကြီးကြားက ဖြတ်သွားနေတာကို သတိထားနေမိတယ်။ ပြီးတော့ သူ့ဖိနပ်တွေဟာ ဝေရေညစ်ပတ်နေတဲ့ ကြက်မွေးတွေ၊ ကြက်အူတွေနဲ့ ကြက်သွေးတွေပေါ် နင်းလျှောက်သွားနေရတာကိုလည်း သိနေတယ်။

သူတို့ဟာ ရူဒက်စ်ရိုစီယားစ်ကို ရောက်သွားကြတယ်။ အဲဒီနေရာ ရောက်တော့မှပဲ အန်းဒရပ်စ်က ဆက်ဖ်ဖီ့လက်မောင်းကို တအားဆုပ်ကိုင်ထားရာက လွှတ်ပေးလိုက်တယ်။ ပြီးတော့ 'ကြည့်… ဟိုမှာကြည့်၊ တွေ့လား'လို့ ပြောတယ်။

ဆက်ဖ်ဖီဟာ သူ့မျက်စိရှေ့မှာရှိနေတဲ့ မြင်ကွင်းကို အံ့အားသင့်ပြီး ကြည့်နေမိတယ်။ လမ်းနှဲ့ ဝဲယာက ဆိုင်တွေရဲ့ မျက်နှာစာတွေမှာ အပြာ၊ အနီနဲ့ အစိမ်းရောင်တွေ လွှမ်းနေတယ်။ ကလေးသူငယ်တွေက ဇာကွက်တွေနဲ့ အလှခြယ်ထားတဲ့ ကက်ဦးထုပ်တွေဆောင်းလို့။ အမျိုးသမီးတွေကလည်း ဆံပင်ပုံစံအမျိုးမျိုးနဲ့ ကြော့မော့နေကြတယ်။ အဘိုးကြီးတွေကလည်း သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ထားကြတယ်။

ဆက်ဖ်ဖီ့ရင်ထဲမှာ တစ်မျိုးခံစားနေရတယ်။ စကားမပြောနိုင်ဘူး။ အသက်ရှူလည်း မမှန်ချင်ဘူး။ အန်းဒရပ်စ်ရဲ့ မျက်နှာကိုတောင် မကြည့်ဝံ့ဘူး။ သူ့ခြေထောက်တွေနဲ့ နင်းထားတဲ့ မြေကြီးဟာ နိမ့်ဝင်သွားသလိုလိုပဲ။

အန်းဒရပ်စ်က ဆက်ဖ်ဖီ့ပခုံးကိုဖက်ပြီး သူ့အလုပ်ရုံဘက်ကို ပြန်ခေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။ အလုပ်ရုံထဲရောက်တော့ အိုးမစ်လ် နိုးနေပြီ။ ဒါပေမဲ့ မငိုဘူး။ ဆက်ဖ်ဖီ က ချိတုံချတုံမျက်နှာထားနဲ့ မေးတယ်။

'အဲဒီလူတွေက…'

ဒီစကားလုံးကို သူ ဘယ်တုန်းကမှ အသံမထွက်ခဲ့ဖူးဘူး။ သူ့နားမှာ ကြားခဲ့ရပေမယ့် သူ့ပါးစပ်ကတော့ ပြောမထွက်လို့ မပြောဖြစ်ခဲ့ဘူး။ အခုတော့ဖြင့် သူ့နှုတ်က အသံထွက်လာတယ်။

'ဂျူးတွေလား'

အန်းဒရပ်စ်က မဖြေဘူး။ လေကလေးတချွန်ချွန်နဲ့ မီးဖိုဘက်ထွက်သွားပြီး လက်ဖက်ရည်ဖျော်ဖို့ ရေနွေးအိုးတည်တယ်။ ဆက်ဖ်ဖီကတော့ အားပြတ်သလို ဖြစ်လာတဲ့အတွက် နီးရာကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်တယ်။ သူ့ရင်ဟာ ခုန်နေတယ်။ ခေါင်းကလည်း မူးနောက် မူးနောက်နဲ့။ စကားပြောနိုင်လာတဲ့ အချိန်ကျတော့ သူ့ဆီက အသံတိုးတိုးကလေး ထွက်လာတယ်။

'အန်းဒရပ်စ်ရယ်… **ရှင်ရော ဂျူးလူမျိုးပဲလား**'

အန်းဒရပ်စ်က ရယ်တယ်။ ဆက်ဖ်ဖီဘက် လှည့်ကြည့်တယ်။ ထပ်ပြီး ရယ်တယ်။ သူ့ရဲ့ ရယ်ပုံနဲ့ ပြုံးပုံဟာ တကယ့်လှိုက်လှိုက်လှဲလှဲ ရယ်တာ ပြုံးတာပဲ လို့ ယူဆရတယ်။ ဒါပေမဲ့ အဲဒီထဲမှာ ငေါ့တဲ့ထေ့တဲ့သဘောလေးကတော့ ပါနေ တာ အမှန်ပဲ။ သူဟာ စိတ်ရှုပ်သလိုဖြစ်နေတဲ့ ဆက်ဖ်ဖီမျက်နှာကို လှမ်းကြည့်ပြီး အရယ်ရပ်သွားတယ်။

'ဒီခေတ် ဒီအချိန်ကျခါမှ ဂျာမန်တွေက ဂျူးတွေကို ခင်ဗျားတို့ ဂျူးတွေ လားလို့ မေးတတ်ကြတယ် ဆက်ဖ်ဖီ…။ အဲဒီအခါမှာ ဂျူးတွေဘက်က ပထမဆုံး သိချင်တာက ဂျာမန်တွေ အဲဒီမေးခွန်းကို ဘာ့ကြောင့်မေးတာလဲဆိုတဲ့ အချက်ပဲ'

ငြိမ်ဆိတ်သွားတယ်။ အဲဒီနောက်တော့…

'ဆက်ဖ်ဖီ'

ငြိမ်ဆိတ်နေဆဲပဲ။

'ရှင်ဟာ ဂျူးလား' တဲ့။

ဆက်ဖ်ဖီက မေးခွန်းထပ်ထွက်လာတယ်။ ဆက်ဖ်ဖီဟာ သူချစ်နေတဲ့ လူရဲ့ မျက်နှာကို အသေအချာထပ်ကြည့်နေတယ်။

'ရှင်… ရှင်ဟာ **ဂျူးလူမျိုးလား**' ဆက်ဖ်ဖီက တတိယအကြိမ် ထပ်မေး



သာဖြန့်ပါတယ်။ ပြီးတော့ တစ်ဆက်တည်း 'ဒါဆိုရင် ရှင် **ဆက်ဖ်ဖီကို ချစ်ရဲ့ လား**' တဲ့။

'ကိုယ့်သဘောကို မင်းသိသင့်ပါတယ်' လို့ သူက ပြန်ပြောတယ်။

ဆက်ဖ်ဖီမျက်နှာမှာ အပြုံးရိပ်သန်းလာတယ်။ 'ဆက်ဖ်ဖီသဘောကိုရော ရှင်သိမှာပါ' တဲ့။

✣ ✣ ✣

ဆောင်းဦးရာသီဟာ တစ်ပတ်ပြီးတစ်ပတ် ကုန်ဆုံးလာခဲ့ပါတယ်။ ချစ်သူ တွေရယ်လို့ဖြစ်လာခဲ့ကြတဲ့ လူနှစ်ယောက်မှာ တစ်ယောက်က 'ဂျူး'၊ တစ်ယောက် က 'ဂျာမန်' ပါ။ နှစ်ဦးစလုံးရဲ့ အတိတ်နောက်ခံဟာ မကောင်းကြပါဘူး။ နှစ်ဦး လုံး အတိတ်က အကြောင်းတွေကို စကားမပြောမိအောင် အထူးသတိထားကြ ပါတယ်။

✣ ✣ ✣

ဆက်ဖ်ဖီအနေနဲ့ အန်းဒရပ်စ်အကြောင်းကို တဖြည်းဖြည်းချင်း သိလာရ ပါတယ်။ အန်းဒရပ်စ်ဟာ ပါရီကို လွန်ခဲ့တဲ့ နှစ်နှစ်ကမှ ရောက်လာခဲ့တာပါ။ ၁၉၅၆ ခုနှစ် ဆောင်းဦးကာလအတွင်းက ဟန်ဂေရီနိုင်ငံမှာ တော်လှန်ရေးတစ်ရပ် ပေါ်ပေါက်ခဲ့ပါတယ်။ ပြည်သူတွေက မော်စကိုရဲ့ လောင်းရိပ်နဲ့ လွတ်ကင်းပြီး ပြည်သူလူထုအပေါ်မှာ သက်သက်ညှာညှာနဲ့ အုပ်ချုပ်မယ့် အစိုးရစနစ်မျိုးကို လိုချင်ကြပါတယ်။ ဒါပေမဲ့ လက်ရှိအုပ်ချုပ်နေတဲ့ လူတွေက လက်မခံကြပါ ဘူး။

အဲဒီတော့ ပုန်ကန်ထကြွမှုဟာ ပေါ်ပေါက်လာပါတယ်။ ဒါပေမဲ့ တော်လှန်မှုက ဆယ့်နှစ်ရက်ပဲ ကြာပါတယ်။ ပုန်ကန်မှုဟာ ချေမှုန်းခြင်းခံခဲ့ရပါ တယ်။

'ကိုယ့်အမေက ပြောတယ်၊ ငါ့သား ဒီနိုင်ငံမှာ မနေနဲ့တော့။ [illegible] ဝေးရာကိုသာ ထွက်သွားတော့၊ အခုတော့ နယ်စပ်ကို ဖွင့်ထားသေးတယ်။ [illegible] ဖြန့်ကျတော့ ပိတ်ချင်ပိတ်မှာ၊ ယုံကြည်စိတ်ချရတဲ့လူတွေ မဟုတ်ဘူး။ ငါ့သား သွားပါတော့၊ ပြင်သစ်ကိုသာသွား'

www.burmeseclassic.com

www.burmeseclassic.com



'အမေကတော့ အတိတ်က လွမ်းမောစရာဖြစ်ရပ်တွေနဲ့ အတူတူ အိမ်မှာပဲ နေရတာ ပိုလိုလားတယ်။ အထုပ်ကြီးတစ်ထုပ် ကျောပိုးပြီး သစ်တောထဲပြေးတာတို့၊ မီးရထားပေါ် ခုန်တက်ပြီး ပုန်းနေတာတို့ကို မလိုလားတော့ဘူး' တဲ့။

အန်းဒရပ်စ်ဟာ ဟန်ဂေရီနိုင်ငံကနေပြီး သူ့အချစ်ဆုံးသူငယ်ချင်း ဂျိုးဆက်နဲ့အတူတူ ထွက်ပြေးလွတ်မြောက်လာခဲ့တယ်။ ဒါပေမဲ့လို့ ဂျိုးဆက်က ဗီယာနာကို ရောက်တော့ သူ့အတွက် ဩစတြီးယားနိုင်ငံဟာ အသင့်တော်ဆုံးနိုင်ငံလို့ သတ်မှတ်ပြီးနေခဲ့တယ်။

အန်းဒရပ်စ်ကတော့ ဂျာမန်စကားပြောသံကို လုံးဝနားထောင်လို့မရလေတော့ ပြင်သစ်ကိုရောက်တဲ့အထိ ခရီးဆက်လာခဲ့တယ်။ သူ့မှာ မိုးကာဟောင်းတစ်ထည်နဲ့ သူ့အလုပ်အတွက် ကိရိယာတန်ဆာပလာ အနည်းအကျဉ်းပဲ ပါလာတယ်။ သူလာခဲ့ရတဲ့ ရက်တွေအတွင်းမှာ ထိတ်လန့်ကြောက်ရွံ့ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းနဲ့ အအေးဒဏ်ခံရခြင်းတို့ကလွဲပြီး တခြား ဘာမှမရှိဘူး။ ဘာပဲဖြစ်ဖြစ် သူ့အဖို့ကတော့ နိုင်ငံသုံးနိုင်ငံဟာ အရေးအကြီးဆုံးပဲ။

'ဩစတြီးယား၊ ဆွစ်ဇာလန်နဲ့ ပြင်သစ်နိုင်ငံတွေဟာ ကိုယ့်အတွက် အရေးကြီးဆုံး သုံးနိုင်ငံပဲ၊ ကိုယ့်အမေရဲ့ ညီမဝမ်းကွဲတစ်ယောက်က ဘီဆန်ကွန်မှာ နေတယ်။ သူက ကိုယ့်ကို အရင်းအနှီးထုတ်ပေးတယ်'

'ဘာပြုလို့ အမေက ရှင့်ကို ဟန်ဂေရီက ထွက်သွားစေချင်ရတာလဲ' ဟု ဆက်ဖ်ဖီက မေးသည်။

'ဘာပြုလို့လဲဆိုတော့ ဟန်ဂေရီမှာက လူလိုသူလို နေချင်တဲ့ လူတွေအတွက် ဘယ်တော့မှ ကောင်းလာစရာ မမြင်တော့လို့ပဲ၊ အထူးသဖြင့် ကိုယ်တို့ဂျူးတွေအတွက်က ဘာမျှော်လင့်ချက်မှ မရှိဘူး။ ပြီးတော့လည်း ဟန်ဂေရီက အစွန်းရောက် ဆူပါကက်သလစ်နိုင်ငံတစ်နိုင်ငံ ဖြစ်နေတယ်။ မင်းရော ကက်သလစ်ပဲလား'

'မဟုတ်ဘူး' လို့ ဆက်ဖ်ဖီက ပြောတယ်။ 'ဟုတ်တယ်' လို့လည်း သူက ပြောတယ်။ 'ဟုတ်တယ်ဆိုတာ အရင်တုန်းက ဟုတ်တယ်လို့ပြောတာ၊ အခုတော့ ဆက်ဖ်ဖီ မသိတော့ဘူး၊ မဟုတ်တော့ဘူးလို့ ထင်တယ်'

ဆက်ဖ်ဖီက သူငယ်ငယ်တုန်းက ဘာသာခံယူခဲ့ရပုံကို သတိရတယ်။ သူ့အမေက သူ့ကို အဖြူရောင်ဂါဝန်ဝတ်စုံ ဝတ်ပေးတာကအစ ခေါင်းမှာ သရဖူလေးဆောင်းပေးတာကိုပါ အသေးစိတ်ပြောပြတယ်။



'မင်းအမေ အခုရှိသေးလား'

'ဟင့်အင်း... မရှိတော့ဘူး၊ ရှင့်အမေရော'

'အင်း... ရှိတယ်၊ ဘူဒါပက်စ်မှာ'

+ + +

နောက်တစ်ကြိမ် ဆုံမိကြတဲ့အခါ ဆက်ဖ်ဖီက မေးတယ်။

'ရှင် ဘာ့ကြောင့် ပါရီကိုရွေးတာလဲ' တဲ့။

'ပါရီကိုလား၊ ပါရီဟာ အမေ့အိပ်မက်လေးပဲ၊ အမေက ပါရီကို အသိဉာဏ်ပညာတို့ရဲ့ အလင်းမြို့တော်လို့ ပြောတယ်။ စစ်ကြီးပြီးတဲ့နောက် တွေ့ရမြင်ရတဲ့ ပါရီကတော့ အဲသလိုမဟုတ်ဘူး၊ မည်းမှောင်နေတယ်၊ ထိုင်းမှိုင်းနေတယ်၊ ဦးနှေ့စရာကြီး၊ ပြီးတော့ ညစ်ပတ်တယ်'

'ဟုတ်တယ်၊ ရွံရှာစက်ဆုပ်ဖို့လည်း ကောင်းတယ်'

နှစ်ယောက်သား ရယ်မိကြတယ်။

'မင်းကရော' လို့ အန်းဒရပ်စ်က ပြန်မေးတယ်။

'ပါရီကို ဘာ့ကြောင့်ရွေးလာရတာလဲ'

'ဆက်ဖ်ဖီ တီဂျုလ်မှာနေတုန်းက ဆက်ဖ်ဖို့ဆရာက ပြောတယ်၊ ပြင်သစ်ဟာ လွတ်လပ်သောနိုင်ငံတော်... တဲ့'

'သြော်...'

+ + +

အဲဒီနောက် ဆုံမိကြပြန်တော့ ဆက်ဖ်ဖီက စမေးပြန်တယ်။

'ရှင့်အဖေရော မရှိတော့ဘူးလား'

'အင်း... ကိုယ့်ဦးလေးနဲ့ အတူတူသေကြတယ်'

'ဘာလဲ... ဂျာမန်တွေရဲ့ လက်ထဲမှာလား'

အန်းဒရပ်စ်က ချက်ချင်းမပြောဘူး။ စဉ်းစားနေတယ်။ ... ပြောဖို့သင့်မသင့် ချိန်ဆနေတာပါ။ သူ့ရဲ့ အတိုးအဘွား... ဟုတ်ပါတယ်... သူတို့က ပေါက်ဖွားလာခဲ့တဲ့ သားသမီးတွေနဲ့ ... 

www.burmeseclassic.com

www.burmeseclassic.com



ခေါင်း ဆယ့်သုံးယောက်ဟာလည်း… ဟုတ်ပါတယ်… ဂျာမန်တွေရဲ့ လက်ချက်နဲ့ပါ။

နာဇီတွေဟာ ဟန်ဂေရီကိုရဖို့ ကြိုးစားကြပါတယ်။ ရလည်းရရော သူတို့ရဲ့လုပ်ငန်းကို စတာပါပဲ။ ၁၉၄၄ ခုနှစ်၊ မေလထဲမှာ စတာပါ။ ပြည်နယ်တွေထဲမှာ ရှိနေတဲ့ ဂျူးအားလုံးကို လိုက်ပြီးရှာဖွေဖမ်းဆီးတဲ့ အလုပ်နဲ့ စတာပါ။ ဟန်ဂေရီ နိုင်ငံဖွား ဂျူးတွေ၊ အရှေ့ဥရောပဘက်က ပြေးလာကြတဲ့ စစ်ပြေးဒုက္ခသည် ဂျူးတွေ၊ အားလုံးကိုဖမ်းပြီး သီးသန့်ရပ်ကွက်တွေထဲမှာထားတယ်၊ အပြင်က အလုံပိတ်ထားတယ်။

အဲဒီနှစ် နွေရာသီအတွင်းမှာ (ဂျာမန်တွေရဲ့ လက်အောက်က ပါရီလွတ်မြောက်စ) ဂျူးလေးသိန်းကို ရက်ရက်စက်စက် သတ်ဖြတ်သုတ်သင်ပစ်ခဲ့ပါတယ်။ အဲဒီ လေးသိန်းထဲမှာ ဂျစ်ပစီတစ်သိန်းကိုပါ ထပ်ထည့်ပြီး ရက်စက်စွာ သုတ်သင်ပစ်ခဲ့ပါတယ်။ အားလုံး လူသားငါးသိန်းဟာ အိုက်ခမန်းဆိုတဲ့ လူသတ်ကောင်တစ်ဦးရဲ့ လက်ချက်နဲ့ အသက်ဆုံးရှုံးခဲ့ကြရတာပါ။

ဩဂုတ်လထဲမှာ တပ်နီတော်ဆိုတဲ့ ရုရှားတွေရဲ့တပ်ဟာ နယ်စပ်ကို ဖြတ်ကျော်ပြီး ချီတက်လာနေတယ်။ အဲဒီအချိန် ဆောင်းဦးကုန်လုဆဲမှာ ဟန်ဂေရီ နိုင်ငံတွင်း အိမ်မွေးခြံပေါက် ဟန်ဂေရီယန်အုပ်စုတစ်စုဟာ 'ဟန်ဂေရီယန် ဖက်ဆစ်ပါတီ' လို့ ဖွဲ့စည်းတည်ထောင်လိုက်ကြတယ်။ ပါတီနာမည်က 'အဲရိုး ကရော့စ်ပါတီ' တဲ့။ သူတို့က နိုင်ငံတော်ရဲ့အာဏာကို သိမ်းယူလိုက်ကြတယ်။ 'အကြွင်းမဲ့ ကြောက်စရာလောကကြီး' ပေါ်ပေါက်လာပါတယ်။ သူတို့လက်ထဲမှာ ဂျူးနှစ်သိန်းဟာ အလုံကာ သီးသန့်ရပ်ကွက်ထဲမှာ အကျဉ်းချခံနေရဆဲပဲ။

ငါ သူ့ကို ပြောသင့်သလား။ အို… ဘာပြုလို့ ပြောနေတော့မှာလဲ၊ အန်းဒရပ်စ်က တွေးတယ်။ ငါ့အနေနဲ့ ငါ့ဘဝရဲ့ဇာတ်လမ်းကို တစ်မျိုးကန် တီထွင်ပြီး ပြောလည်းရတာပဲ။ ဆက်ဖ်ဖီရဲ့လူမျိုးတွေ မထိခိုက်မယ့် ဇာတ်လမ်း လည်း လုပ်လို့ရတာပဲ။ ငါ့မှာ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးမရှိတဲ့ ဇာတ်လမ်းလည်း ဖန်တီးလို့ရတာပဲ။

ငါ့ကို ဟန်ဂေရီနိုင်ငံမှာ မွေးခဲ့တာ မဟုတ်ဘူး။ ငါ့နာမည်ဟာလည်း အန်းဒရပ်စ် မဟုတ်ဘူးလို့ပြောလည်း ရတာပဲ။ သူ့ကို ဘာ့ကြောင့် အမှန်အတိုင်း ပြောတော့မှာလဲ။ အမှန်ဇာတ်လမ်းကရော သူနဲ့ ဘာပတ်သက်တာမှတ်လို့။ သူ့ အမှန်အတိုင်းသိအောင် လုပ်ရမယ်လို့ ဘယ်သူက အတင်းအကျပ်တိုက်တွန်းနေ



လဲ။ ဘယ်လိုအမှန်မျိုးတွေကို တို့က အလေးအနက်ထားရမှာလဲ။ ဘယ်လိုအမှန်မျိုးတွေကို တို့က ဥပေက္ခာပြုရမှာလဲ။

အန်းဒရပ်စ်ဟာ ဆက်ဖ်ဖီရဲ့ ဂျာမန်တွေလက်ထဲမှာလားဆိုတဲ့ မေးခွန်းကို တော်တော်နဲ့ မဖြေဘူး။ အချိန်တွေ အများကြီးယူပြီး စဉ်းစားနေတယ်။ 'မဟုတ်ဘူး' ဆိုတဲ့ ဖြေသံဟာ ခပ်တိုးတိုးထွက်လာတယ်။ 'ကိုယ့်အဖေက ဂျာမန်တွေသတ်လို့ သေတာမဟုတ်ဘူး၊ ကိုယ်ကတော့ ဂျာမန်တွေကို စိတ်မဆိုးပါဘူး၊ ကိုယ် စိတ်ဆိုးတာက လူတိုင်းကိုပဲ'

အဲသလိုနဲ့ပဲ အန်းဒရပ်စ်ဟာ သူ့အကြောင်းကို တစ်စိတ်တစ်ပိုင်းပဲ ပြောတယ်။ သူ့အစ်ကိုနှစ်ယောက်နဲ့ သူ့အဖေနဲ့ သူ့ဦးလေးတို့ကို ဒီဇင်ဘာလကုန်ခါနီး တစ်ရက်မှာ အဖမ်းခံရတာကို ပြောပြတယ်။ သီးသန့်ရပ်ကွက်ထဲနေရတာ အစားအစာ သိပ်ရှားပါးတယ်။ အဲဒါကြောင့် သူတို့လူစု အပြင်ထွက်ပြီး အစာရှာကြတာ၊ အပြင်မှာလည်း သူတို့တစ်တွေဟာ အမှိုက်ပုံတွေထဲ ဖွရှာဖို့ကလွဲပြီး တခြားနည်း ရှိတာမဟုတ်ဘူး။

ပြည်နှင်ဒဏ်ဆိုတာက လုပ်လို့မဖြစ်ဘူး။ မြို့ကို ဆိုဗီယက်စစ်တပ်က ဝိုင်းပြီးပိတ်ဆို့ထားတယ်။ ကိုယ့်လူမျိုးအချင်းချင်း နှိပ်စက်ဖို့ကိုသာ အလေးအနက်ထားနေတဲ့ အဲရိုးကရော့စ် ဖက်ဆစ်အစိုးရဟာ ဂျူးတွေကို သူတို့နည်း သူတို့ဟန်နဲ့ သုတ်သင်ရှင်းလင်းနေကြတဲ့အချိန်ပေါ့။ သူတို့က လူနှစ်ယောက်ကို လက်ထောက်ဝတ်ကနေ ပူးပြီးတွဲချည်တယ်။ ပြီးတော့ ဒန်နူဘ်မြစ်ကမ်းဘက်ခေါ်သွားပြီး ကျည်ဆန်တစ်တောင့် လူနှစ်ယောက်နှုန်းနဲ့ သေအောင်ပစ်သတ်ပြီး ရေထဲကို ချတယ်။ ကျည်ဆန်ချွေတာရေးပေါ့။ လူသေအလောင်းကောင်ဟာ မသေသေးတဲ့ သူကို ရေနစ်ပြီးသေအောင် ဆွဲခေါ်သွားနေတာကို မြင်နေကြရတယ်။

အန်းဒရပ်စ်အနေနဲ့ လူနှစ်ယောက်ထဲက ကျည်ဆန် ဘယ်သူ့ကိုထိသလဲ ဆိုတာ လုံးဝမသိဘူး။ သူ့အဖေလား၊ သူ့ဦးလေးလား၊ ဘယ်သူ့ကို ထိသလဲ။ မမြင်ရ မတွေ့ရတော့ သူ ဘယ်သိမှာလဲ။

'ရှင်ကျတော့ရော' လို့ ဆက်ဖ်ဖီက မေးပြန်တယ်။

'ရှင်နဲ့ ရှင့်အမေမှာ ဘာတွေဖြစ်ခဲ့သေးလဲ'

အန်းဒရပ်စ်နဲ့ သူ့အမေဟာ ကွန်မြူနစ်တံခါးမှူးတစ်ယောက်ရဲ့ ကျေးဇူးကြောင့် ကျေးဇူးစား ဖြစ်ခဲ့ကြရပါတယ်။ သူက သူတို့သားအမိကို အကျဉ်းကျနေသူတို့ ကြီးတစ်ခုနောက်က အိမ်တစ်အိမ်ရဲ့ မြေတိုက်ခန်းထဲမှာ ပုန်းအောင်းထားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က ဘူဒါပက်စ်မြို့တော်ဟာ ဂျာမန်နဲ့ ရုရှားတပ်တွေ တိုက်ခိုက်နေတဲ့ ဒဏ်တွေကို မရှုမလှ ခံနေရတဲ့အချိန်ပေါ့။

'အမေရိကန်နဲ့ ရုရှားတွေကြားက ဘာလင်မြို့လိုနေမှာပေါ့' လို့ ဆက်ဖ်ဖီက ပြောတယ်။

အန်းဒရပ်စ်က ဘာမှပြန်မပြောဘူး။

'အဲဒီတုန်းက ရှင့်အသက် ဘယ်လောက်ရှိပြီလဲ'

'ဆယ့်ခုနစ်နှစ်'

'အခုဆို သုံးဆယ်လောက် ရှိပြီပေါ့နော်'

'ဟုတ်တယ်၊ အခု သုံးဆယ်ရှိပြီ'

'ဆက်ဖ်ဖီက သုံးဆယ့်ငါးလောက်ရှိပြီ ထင်တာ'

'အင်း… ကိုယ်သိတယ်'

+ + +

နောက်တစ်ခါ တစ်ရက်မှာ…

'မင်းအဖေက ဘယ်လိုသေရတာလဲ' လို့ အန်းဒရပ်စ်က မေးတယ်။

'ဦးနှောက်ကြောပေါ့၊ လွန်ခဲ့တဲ့ သုံးနှစ်က…'

'မင်း စိတ်ထိခိုက်ခဲ့သလား'

'မသိတော့ပါဘူး'

အန်းဒရပ်စ်ဟာ ဆက်ဖ်ဖီ့အဖေအကြောင်း နောက်ထပ် မမေးတော့ဘူး

'မင်းအမေကျတော့ရော ဘယ်လိုဖြစ်ပြီးသေတာလဲ'

ငြိမ်တိတ်သွားတယ်။ အချိန်အကြာကြီးပဲ။ ဆက်ဖ်ဖီ့ဆီက အဖြေမရ[illegible] တစ်လတိတိ အချိန်ကုန်သွားတယ်။

+ + +

အခုဆိုရင် အီးမစ်လ် ထိုင်တတ်နေပြီ။ ဆယ်နှစ်ခွဲ လသားရှိနေပြီဆို[illegible] စမ်းထတာတို့၊ စမ်းပြီးလမ်းလျှောက်တာတို့ကို လုပ်နေပြီ။ ဆက်ဖ်ဖီနဲ့ အန်းဒ[illegible] တို့က သူ့ကို လက်ခုပ်တီးပြီး အားပေးလေ့ရှိတယ်။ သူတို့ကိုမြင်တဲ့ လူတွေက[illegible] သာမန်စုံတွဲပဲလို့ ယူဆကြတယ်။ သူတို့သားလေးနဲ့ အပြင်ထွက်ပြီး လမ်းလျှော[illegible] နေကြတယ်လို့ပဲ ထင်ကြတယ်။



အမှန်တော့ သူတို့ဟာ သာမန်စုံတွဲ မဟုတ်ပါဘူး။ သဘာဝမဟုတ်တဲ့ စုံတွဲပါ။ သဘာဝထက် လွန်ကဲတဲ့ ဘဝတစ်ခုထဲမှာ လွတ်လပ်စွာ ပျော်ရွှင်နေကြတာပါ။ သူတို့ဟာ ပါရီမြို့ရဲ့ လမ်းတွေပေါ်လည်း တစ်လမ်းဝင်တစ်လမ်းထွက် လမ်းလျှောက်လေ့ရှိကြပါတယ်။

သူတို့ အများဆုံးရောက်သွားလေ့ရှိတာကတော့ မြို့တော်ရဲ့ မြောက်ဘက် နဲ့ အရှေ့ဘက်ပိုင်းပါ။ တစ်ခါတလေမှာတော့ သူတို့ဟာ ဘတ်စ်ကားစီးပြီး မြို့တော်အပြင်ဘက်အထိ ရောက်သွားတတ်ကြပါတယ်။ ပြီးတော့ မိုးထိမြင့်တဲ့ တိုက်တွေ၊ ပုံစံအမျိုးမျိုးနဲ့ လှပနေတဲ့ အဆောက်အအုံတွေ၊ အလဟဿဖြစ်နေတဲ့ မြေကွက်တွေ၊ လမ်းမကြီးတွေနဲ့ အဆုံးမရှိတဲ့ မိုးကောင်းကင်တွေကိုသာ မကဘူး တဝေါဝေါဖြတ်သွားနေတဲ့ လျှပ်စစ်မီးရထားတွေကိုပါ ကြည့်နေတတ်ကြပါတယ်။

+ + +

နိုဝင်ဘာလထဲက ရက်တစ်ရက်မှာပါ။ သူတို့ဟာ သချိုင်းထဲက[illegible] ပေါ်မှာ ထိုင်နေကြပါတယ်။ အဲဒီအခါကျမှပဲ ဆက်ဖ်ဖီက ပြောပြပါတယ်။ [illegible] အမေအကြောင်းလေ။

သူ အားလုံးကို မှတ်မိနေပါတယ်။ သူဟာ သူ့အမေနဲ့အတူ [illegible] ပါ။ သူ့အမေက မီးပူတိုက်နေတယ်။ လျှပ်စစ်မီးပူ မဟုတ်ဘူး။ [illegible] တဲ့ မီးပူမျိုးပါ။ ကျောက်မီးသွေးမီးဖိုပေါ်တင်ပြီး အပူပေးရပါတယ်။ [illegible] တော့ အမေတိုက်ထားတဲ့ အဝတ်တွေကို ခေါက်ပေးရပါတယ်။ [illegible] ညီမငယ်လေးတွေရဲ့ အဝတ်အစားတွေပါ။ သားသမီးတွေထဲမှာ [illegible] အကြီးဆုံးပါ။ သူ့မှာ သူ့ထက်ကြီးတဲ့ အစ်ကိုတစ်ယောက်ရှိ[illegible] အိမ်မှာမရှိပါဘူး။

'သူက ဘယ်ရောက်နေလို့လဲ'

'ဆက်ဖ်ဖီ အတိအကျမသိဘူး၊ သူက အသက် [illegible] ဆက်ဖ်ဖီ့ထက် သုံးနှစ်ကြီးတယ်'

'ဟစ်တလာ ကလေးတပ်ဖွဲ့ထဲ ရောက်နေလို့လား'

'ဟုတ်တယ် ထင်တာပဲ' လို့ ဆက်ဖ်ဖီက [illegible]

'ဟုတ်ပါတယ်၊ အဲဒီတုန်းက အသက်[illegible]… [illegible] ရှင်ပြင်းလို့မရဘူး၊ မဝင်မနေရ လုပ်ထားလို့ ဝင်ကြရတယ်။ အစ်ကိုက အိမ်မှ[illegible]

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ အသက်ရှစ်နှစ်သာရှိသေးတဲ့ ဆက်ဖ်ဖီက အကြီးဆုံးဖြစ်နေတယ်'

'အဲဒီနောက်တော့ ရုရှားတွေ ရောက်လာတယ်။ အိမ်ရှေ့တံခါးရှေ့က သူတို့ရဲ့စစ်ဖိနပ်သံတွေကို အမေရော ဆက်ဖ်ဖီပါ ကြားနေကြရတယ်။ အမေက သူ့လက်ထဲက မီးပူကို မီးဖိုပေါ်သွားတင်လိုက်တယ်။ ပြီးတော့ ကလေးတွေကို အပြေးအလွှား လိုက်ရှာတယ်။ ကလေးတွေအတွက် ပုန်းစရာနေရာကိုလည်း ရှာတယ်။

'ဆက်ဖ်ဖီကလည်း သူတို့ ဘယ်ရောက်နေမှန်း မသိဘူး။ ရုရှားလေးယောက်က ရိုင်ဖယ်တွေနဲ့ အိမ်ရှေ့တံခါးကနေပြီး အော်ဟစ်နေကြတယ်၊ သူတို့ ဘာတွေပြောပြီး ဘာတွေအော်နေမှန်းလည်း ဆက်ဖ်ဖီ နားမလည်ဘူး။ သူတို့က အမေ့ကို ဝိုင်းဆွဲကြတယ်။ မီးဖိုခန်း ကြမ်းပြင်ပေါ်ကို တွန်းလှဲကြတယ်။ မီးဖိုပေါ်က မီးပူနဲ့ အမေ့ရင်ဘတ်ကို ဖိထားကြတယ်။ ဆက်ဖ်ဖီ့ရှေ့မှာ လုပ်နေကြတာ။ အမေ့ကိုယ်ပေါ်မှာ ရောက်နေတာက နှစ်ယောက်။ အမေ မအော်ဘူး... သီလားအံကို တအားကြိတ်ထားတယ်။ ကလေးငယ်တွေကြားမှာကို အမေ စိုးရိမ်တယ်။

ဆက်ဖ်ဖီဟာ စကားကိုဆက်မပြောဘဲ ထိုင်နေရာကထသွားပြီး အိမ်မစ်လ်အိပ်ပျော်မပျော် သွားကြည့်တယ်။ ပြီးတော့ ပြန်လာပြီး အန်းဒရပ်စ်ရဲ့ဘေးမှာ ဝင်ထိုင်တယ်။ သူ့မျက်လုံးတွေဟာ ခြောက်သွေ့နေတယ်။

'သူတို့က...' လို့ အန်းဒရပ်စ်က ရေရွတ်တယ်။

'ဟုတ်တယ်'

'မင်းကိုရောလား'

'အင်း...'

'နောက်ပြီးတော့ မင်းအမေကို သူတို့ သတ်ပစ်ကြသလား'

'ဟင့်အင်း... မသတ်ဘူး၊ အမေက သူ့ကိုယ်သူသတ်တာ၊ ဖြစ်ပြီး ခြောက်လကြာမှ အခုလို နံ့ဝင်ဘာလထဲမှာပေါ့။ ဘာပြုလို့လဲဆိုတော့ လူတိုင်းက အမေ ကလေးရှိနေပြီဆိုတာ မြင်နေကြရတယ် မဟုတ်လား။ ပြီးတော့ အဖေက... အဖေက စက်တင်ဘာလထဲမှာ အိမ်ပြန်ရောက်ခဲ့တယ်'

အန်းဒရပ်စ်ဟာ သူ့တံတောင်နှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်ထောက်လိုက်ပြီး ခေါင်းကို ရှေ့ကုန်းလိုက်တယ်။ ပြီးတော့ လက်ဝါးနှစ်ဖက်နဲ့ သူ့မျက်နှာကို အုပ်ထားတယ်။

'သူက သူ့ကိုယ်သူ သတ်သေတာပေါ့၊ ဟုတ်လား'



'ဟုတ်တယ်၊ ရုရှားတွေရဲ့ မတော်မတရားပြုမှု ခံရပြီးကတည်းက အမေဟာ အရင်ကနဲ့ မတူတော့ဘူး၊ ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားတယ်၊ အမေ့ သီချင်းဆိုသံကိုလည်း မကြားရတော့ဘူး၊ စကားလည်း မပြောတော့ဘူး၊ ညညကျရင် အမေ့ငိုသံကို ဆက်ဖ်ဖီတို့ ကြားနေကြရတယ်'

'အမေ့ကို လိုက်ရှာတာက ပီတာ...လေ၊ အခု အိမ်မစ်လ်လောက်ပဲ ရှိဦးမယ်။ နည်းနည်းလေး ပိုကြီးချင်လည်း ကြီးမယ်။ ပီတာက မီးဖိုခန်းထဲကို လေးဖက်ထောက်ပြီး ဝင်သွားတယ်။ အမေ့ကို ရှာတာ။ သူတွေ့လိုက်တော့ အမေက သူ့ကို ကစားနေတယ်လို့ ထင်ပုံရတယ်။ မတ်တတ်ရပ်ပြီး လေထဲမှာ တွဲလောင်းဖြစ်နေတဲ့ အမေ့ခြေထောက်တွေကို လှမ်းဆွဲနေတယ်'

မိနစ်အတော်များများ ကုန်သွားတဲ့အထိ တိတ်ဆိတ်နေပါတယ်။ ဆက်ဖ်ဖီ အနေနဲ့ သူအသက်ရှူနေတုန်းပဲ ဆိုတာကိုတော့ သတိထားမိပါတယ်။ ဒါပေမဲ့...

'လူအတော်များများပဲ' လို့ ဆက်ဖ်ဖီ့ဆီက လေသံတိုးတိုးကလေး ထွက်လာတယ်။ 'ဆက်ဖ်ဖီ့အမေတစ်ယောက်တည်းသာ မဟုတ်ဘူး၊ ဆက်ဖ်ဖီတို့ အိမ်နားနီးချင်းတွေထဲက အနည်းဆုံး ငါးယောက် ခြောက်ယောက်လောက်ရှိမယ်။ အမေ့လိုပဲ သူတို့လည်း အစော်ကားခံခဲ့ကြရတယ်။ သူတို့လည်း ဓာတ်ငွေ့ရှူတ်ပြီး သေတဲ့လူက သေတယ်။ ကြိုးဆွဲချသေတဲ့လူက သေတယ်။ အဆိပ်သောက်သေတဲ့လူက သေတယ်။

'အဲဒီနောက်မှာတော့ ဆက်ဖ်ဖီတို့ရဲ့ ဘေးချင်းကပ်အိမ်က ဖရောဆစ်လ်ဘာက ဆက်ဖ်ဖီတို့ကို လာပြီးစောင့်ရှောက်ပေးတယ်။ သူက သေသွားတဲ့ လော့တီရဲ့ အမေပေါ့။ လော့တီက ဆက်ဖ်ဖီ့သူငယ်ချင်းလေ။ သူ့ယောက်ျား [illegible] လည်း အရှေ့ဘက် ရှေ့တန်းစစ်မျက်နှာမှာ တိုက်ပွဲကျသွားတယ်။

'အမေက ရုရှားတွေအကြောင်း ဖရောဆစ်လ်ဘာကို ပြောခဲ့သလား [illegible] မပြောခဲ့ဘူးလားဆိုတာ ဆက်ဖ်ဖီ မသိဘူး၊ ဖရောဆစ်လ်ဘာဟာ ဆက်ဖ်ဖီ့ [illegible] အတော်ရက်စက်တယ်။ ဆက်ဖ်ဖီ့ကို သူ့ခါးပတ်နဲ့ အမြဲရိုက်တယ်။ [illegible] မျက်နှာ နေရာအနှံ့ပဲ။ ဆက်ဖ်ဖီ့မှာ ဘာဖြစ်ခဲ့တယ်ဆိုတာကို သိနေတော့ [illegible] ဆိုးလာမှာကို သူကြောက်တယ်ထင်ပါရဲ့။ သူက ဆက်ဖ်ဖီ့ကို [illegible] နဲ့လည်း အရောမခံဘူး။ အထူးသဖြင့် ဆက်ဖ်ဖီ့ညီမလေးတွေနဲ့ [illegible]'

* Frau ဖရော၊ အိမ်ထောင်သည်မိန်းမကို ခေါ်ခြင်း၊ [illegible] ဘာသာမှ Mrs မစ္စက်နှင့် တူသည်။

www.burmeseclassic.com

www.burmeseclassic.com



'အခုရော သူတို့ ဘယ်ရောက်နေကြလဲ၊ မင်းညီမလေးတွေကို ပြောတာ' လို့ အန်းဒရပ်စ်က မေးတယ်။

'ဆက်ဖ်ဖီ မသိဘူး၊ ဒီကိစ္စတွေက ပြီးသွားပြီ၊ ဆက်ဖ်ဖီ မသိတော့ဘူး'

ဆက်ဖ်ဖီဟာ အသက်ကို တအားရှူလိုက်တယ်။ အေးမြတဲ့ ပါရီလေ သူ့အဆုတ်ထဲ ဝင်သွားတယ်။

'ရှင်ရော… ရှင့်အစ်ကိုတွေ၊ ညီတွေ၊ နှမတွေ၊ အစ်မတွေ ဘယ်မှာလဲ' ဆက်ဖ်ဖီက ပြန်မေးတယ်။

'မရှိဘူး၊ တစ်ယောက်မှ မရှိဘူး' လို့ အန်းဒရပ်စ်က ဖြေတယ်။

'ကိုယ်က တစ်ဦးတည်းသောသားပဲ'

'ရှင့်အမေ စိတ်ထိခိုက်မှာပဲနော်'

'အင်း… ကိုယ်လည်း အဲဒီလိုပဲထင်တယ်'

\+ + +

ခရစ္စမတ်ပွဲတော်ဟာ နီးနီးလာပါပြီ။

ဒီဇင်ဘာ ၂၁ ရက်နေ့မှာ ချားလ်စ်ဒီဂေါ ဟာ သမ္မတအဖြစ် အရွေး ပါ တယ်။ ဆန္ဒမဲပေးနိုင်သူ ရှစ်သောင်းအနက် ခြောက်သောင်းက ထောက် ပေးခဲ့တာပါ။ ဘာ့ကြောင့်လဲဆိုတော့ ဒီဂေါက အယ်လ်ဂျီးရီးယားနိုင်ငံမှာ ငြ တွင်းတည်ငြိမ်မှုရအောင် လုပ်ပေးမယ်လို့ အခိုင်အမာ ကတိပေးလို့ပါ။ 'ပြည် တစ်ရပ်လုံး လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်' ဆိုတဲ့ အရာဟာ အခုအချိန်အ အနာဂတ်ရဲ့ မီးရှူးတန်ဆောင် ဖြစ်နေတုန်းပါပဲလား။

\+ + +

ရာဖေးဟာ ခရစ္စမတ်သစ်ပင်တစ်ပင် ဝယ်ခဲ့ပါတယ်။ မနှစ်က ဆက် ကိုယ်ဝန်ရှိနေချိန်မှာ ဝယ်ခဲ့သလိုပါပဲ။ သူ့အနေနဲ့ ဒီနှစ်မှာလည်း ခရစ္စမတ်ပွဲတော် ကို စနစ်တကျနဲ့ တခမ်းတနား ကျင်းပချင်ပါတယ်။ မိသားစုအစုံအလင် တ ရောက်တဲ့ပွဲလည်း ဖြစ်ချင်နေပါတယ်။ ဒါပေမယ်လို့…

သူ့အမေက ဆက်ဖ်ဖီကို ချွေးမအဖြစ်လက်ခံဖို့ သဘောမတူခဲ့ပါဘူး လူချင်း မျက်နှာချင်းဆိုင်ဖို့ကိုလည်း ငြင်းဆန်ခဲ့ပါတယ်။ သူ့အမေက ခြေ ဓာတ်ပုံကို အကျအန မှန်ပေါင်သွင်းပြီး ချိတ်ထားခဲ့ပေမယ့် ချွေးမရဲ့ဓာတ်ပုံ



တော့ မီးဖိုထဲထည့်ပစ်လိုက်တယ်။ အဲဒီတော့ ရာဖေးအနေနဲ့ သူ့အမေရဲ့ လုပ်ပိုင်ခွင့်ကို သူတားလို့ ဘယ်ရမှာလဲ။ ဒီလိုနဲ့ပဲ ရှုဒီစိန့်လမ်းက လီပိတ်ချ်မိသားစုဟာ သူတို့ရဲ့ ခရစ္စမတ်ပွဲကို သူတို့ဘာသာသူတို့ လုပ်ပိုင်ခွင့်ရှိတဲ့အတိုင်း လုပ်ကြဖို့ပဲ ရှိပါတော့တယ်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ဆက်ဖ်ဖီဟာ မယားကောင်းပီသစွာနဲ့ ခရစ္စမတ် ပွဲတော်အတွက် လိုအပ်သမျှကို လိုလေသေးမရှိအောင် လုပ်ပေးခဲ့ပါတယ်။ ခရစ္စမတ် နေ့ရဲ့ မွန်းလွဲပိုင်းမှာတော့ ရာဖေးဟာ ချမ့်စ်အီလီဆီဇာတ်ရုံမှာ ကျင်းပမယ့် ဂီတပွဲတော်မှာ ဖျော်ဖြေဖို့ သွားခဲ့ရပါတယ်။

\+ + +

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

စိတ်အာရုံခံစားမှု ပြင်းထန်လွန်းတဲ့ ဖြစ်ရပ်တိုင်းမှာ အဆုံးသတ်ဟာ ရှိစမြဲပါ။ ပေါ်ပေါက်လာမှု သို့မဟုတ် ဖြစ်ပျက်လာမှု နှေးတာနဲ့ မြန်တာပဲရှိပါတယ်။ ဖြစ်နေကျအတိုင်းကတော့ ဖြစ်လာတာပါပဲ။ ဒီလိုကိစ္စမျိုးတွေမှာ စုံတွဲအများစုဟာ လမ်းမှားပြီး တိမ်းမှောက်သွားတာ များပါတယ်။ နံရံနဲ့ ဝင်တိုက်ပြီး ပျက်စီးသွားတတ်ပါတယ်။ သူတို့ရဲ့ဘီးတွေကလည်း မိုးပေါ်ထောင်ပြီး လေထဲမှာ လည်နေတတ်ပါတယ်။

ဆက်ဖ်ဖီနဲ့ အန်းဒရပ်စ်တို့နှစ်ဦးရဲ့ အဆုံးသတ်ဟာ ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုနဲ့ အဆုံးသတ်သွားတယ်လို့တော့ ပြောလို့မရပါဘူး။ ဒါပေမယ်လို့ ၁၉၅၈-၁၉၅၉ ခုနှစ် ဆောင်းရာသီအတွင်းမှာ သူတို့ရဲ့ မကောင်းဆိုးဝါး ဝိညာဉ်တွေဟာ နွေဦးပေါက်ရာသီမှာ ထကြွသောင်းကျန်းတတ်တဲ့ ဝက်ဝံတွေလို ဖြစ်လာခဲ့ပါတယ်။ အမှောင်ဖုံးနေတဲ့ သူတို့ရဲ့စိတ်တွေထဲမှာ မဖြစ်သင့် မဖြစ်ထိုက်တာတွေဟာ လွှမ်းမိုး ကြီးစိုးလာခဲ့ပါတယ်။

အဲဒါကြောင့်မို့လည်း နဂါးဆိုတဲ့ သတ္တဝါကြီးဟာ တခြားလူတစ်ယောက်ရဲ့ ဖြူစင်တဲ့ ချစ်မေတ္တာစေးသွားအောက်မှာ အသက်ပျောက်မသွားဘဲ ဆက်ပြီး ရှင်သန်နေခဲ့ပါတယ်။

+ + +

ဒီမနက် ဖန်နဝါရီလထဲက တစ်မနက်မှာပါ။ ရာသီဥတုက သူတို့ကို အပြင်မထွက်နိုင်အောင် ပိတ်ပင်ကာဆီးထားခဲ့ပါတယ်။ လေရော မိုးပါ တဝုန်းဝုန်း တိုက်ခတ်နေတဲ့အတွက် အပြင်ကို လမ်းထွက်ပြီး မလျှောက်နိုင်ကြပါဘူး။



အီးမစ်လ်ကတော့ မှန်ချပ်နံရံကြီးနား ကုလားထိုင်ပေါ်မှာ ရပ်နေတယ်။ သိပ်ပြီးငယ်သေးတဲ့အရွယ် ဆိုပေမယ့် သူဟာ အပြင်ဘက်က တရစပ်ရွာချနေကြတဲ့ မိုးစက်မိုးပေါက်တွေကို စိတ်ဝင်တစား ကြည့်နေပါတယ်။ မိုးပေါက်တွေဟာ ဗွတင်းပေါက်ပေါင်ပေါ်ကို အဆက်မပြတ် ကျနေကြတာပါ။

အိမ်ခေါင်မိုးတစ်ပိုင်းကလည်း မှန်ချပ်ကို အမိုးတပ်ထားတာပါ။ အီးမစ်လ်ဟာ တစ်ခါတလေ အပေါ်ကို မော့ကြည့်တတ်ပါတယ်။ မှန်မိုးပေါ်ကျနေတဲ့ မိုးသံတွေကို နားထောင်နေတတ်ပါတယ်။ သူ့ကို ဘာအန္တရာယ်မှမပြုဘဲ သူ့အနား ထပ်ပြီး ဖြစ်ပျက်နေတဲ့ အရာတွေကို နားလည်ဖို့ ကြိုးစားနေသလိုပါပဲ။

ရေဒီယိုက သီချင်းတစ်ပုဒ် လာနေပါတယ်။ ဒေါရစ္စဒေး ရဲ့ သီချင်းပါ။ ဒီသီချင်းထွက်နေတာ နှစ်နှစ်ကျော်သွားပါပြီ။ အခုထိ 'စွံ'နေတုန်းပါ။ အန်းဒရပ်စ်ဟာ အိုဘိုလေမှုတ်တူရိယာကို ဖြည်းဖြည်းသာသာလေး ဖြုတ်ရာက ဒေါရစ္စဒေး ရဲ့ သီချင်းကို လေချွန်နေပါတယ်။ ဆက်ဖ်ဖီကတော့ ပက်လက်ကုလားထိုင်ပေါ်မှာထိုင်ပြီး လက်ဖက်ရည်သောက်နေရင်းက အန်းဒရပ်စ် အလုပ်လုပ်နေတာကို လှမ်းကြည့်နေပါတယ်။

အန်းဒရပ်စ်ရဲ့ လက်တွေမှာ သူ့ကိုယ်ပိုင်အတွေးနဲ့ စိတ်ကူးရှိပါတယ်။ သူ့လက်တွေဟာ သူလိုအပ်နေတဲ့ ကိရိယာတန်ဆာပလာတွေကို မျက်စိနဲ့မကြည့်ဘဲ သတ်ကအသိနဲ့ ယူတတ်ပါတယ်။ စက္ကူအာရုံအသုံးမပြုဘဲ ဖောဿဗ္ဗအာရုံနဲ့ ထိတွေ့ပြီး သူလိုတဲ့ပစ္စည်းကို ယူတတ်တဲ့သဘောပါ။

ဆက်ဖ်ဖီဟာ အန်းဒရပ်စ်လုပ်ကိုင်နေပုံကိုကြည့်ပြီး နားမလည်နိုင်ဘဲ ဖြစ်နေပါတယ်။

ဒါဟာ သူတို့နှစ်ဦးကြားမှာ ရှိနေတဲ့ အချစ်ရဲ့အဆုံးသတ်ကို ရည်ညွှန်းတဲ့ ပထမဆုံးသော အရိပ်လက္ခဏာတစ်ခု ဖြစ်ကောင်းဖြစ်လာလိမ့်မယ်လို့ ထင်ရပါ။

ဒီမနက်၊ ဆက်ဖ်ဖီ နားမလည်နိုင်ဘဲ ဖြစ်နေတာက အလွန်တည်ငြိမ် အေးဆေးတဲ့ စိတ်ရှည်မှုနဲ့ သံကလေးတွေ၊ ပင်အပ်ကလေးတွေ၊ ဝက်အူသေးသေးလေးတွေ၊ စပရိန်သေးသေးလေးတွေ၊ အသင့်ညှပ်ထားတဲ့ သိုးမွှေး အပိုင်းအစလေးတွေကို ကောက်ယူနေတာတွေ၊ တူရိယာမှာ တပ်ဆင်နေတာတွေဟာ စိတ်ဝင်စားစရာကောင်းလှပါတယ်။ အလွန်သေသပ်ပြီး သိပ်ကို [illegible] တယ်။ ဒါဟာ ဘယ်လိုလုပ်နိုင် ...

+ + +

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ နောက်ထပ်တစ်ခါ ဆက်ဖ်ဖို့ခေါင်းထဲမှာ ပေါ်လာပြန်ပါတယ်။ အပြီးမသတ်သေးတဲ့ ဝါကျတွေပါ။

✢ ✢ ✢

လက်တွေဟာ ညစ်ပတ်ပေရေနေပါတယ်။ အဲဒါကြောင့်မို့ ရုပ်ဝတ္ထုပစ္စည်းမဟုတ်တဲ့ တေးဂီတသံဟာ လေထဲမှာဖြတ်ပြီး လွင့်မျောလိုက်ပါနေနိုင်တာလား။ ဒါပေမယ့် သူ ဘယ်လိုလုပ်နိုင်…

✢ ✢ ✢

အန်းဒရပ်စ်ဟာ အောက်ခံဂွမ်းစပြားလေးကို အဆင်ပြေအောင်ညှိပြီး ပြန်ထည့်နေတယ်။ အသံညှိတဲ့ ကီးပေါက်ကို အပေါ်ဘက်ကခေါင်းတွေနဲ့ ကိုက်အောင်တပ်ပေးနေတယ်။ တကယ့် သေးသေးမွှားမွှားလေးတွေပဲ။ သူဟာ သူ့ကိရိယာကို ကောက်ယူလိုက်ပြန်ပါတယ်။

အို… သိပ်ကို အနုစိတ်ရတဲ့ အလုပ်ပါလား။ အသေးမစိတ်ရင် လုံးဝမရပါလား။ ချစ်စရာကောင်းတဲ့ တိကျမှုပါလား။ ဒါ့ကြောင့်မို့လည်း တေးဂီတ… ဒါ့ကြောင့်မို့လည်း တေးဂီတသံ… ဒါ့ကြောင့်မို့လည်း ဂီတသင်္ကေတ…ဒါ့ကြောင့်မို့လည်း နောင်တစ်ချိန်မှာ လေထဲမှာ လှိုင်းထသလို ဖြစ်နေမယ့် ဂီတဟာ ပေါ်လာတာပဲ။

✢ ✢ ✢

'ဘာပဲဖြစ်လာ ဖြစ်လာ' ဆိုတဲ့ ဒေါရစ္စဒေးရဲ့ တေးဆိုသံကို ကြားနေရတယ်။ ပြီးတော့ အန်းဒရပ်စ်ရဲ့ ဒေါရစ္စဒေးနဲ့အတူ လိုက်ဆိုနေတဲ့ သီချင်းညည်းသံ။ **'ဘာတွေပဲဖြစ်လာ… ဖြစ်လာ… ဖြစ်လာပါစေ'**

✢ ✢ ✢

ဖြစ်လာတာက နောက်တစ်ရက်မှာပါ။ အဲဒီနေ့က 'ဖတ်စ်ကွန်မြူနီယံ' လို့ခေါ်တဲ့ 'ခရစ်ယာန်ပွဲတော်နေ့' ပေါ့။ ကလေးသူငယ်အလောင်းတွေကို အမြန်



သယ်ယူနေကြတယ်။ သူတို့ဝတ်ထားတဲ့ အဖြူရောင်ဝတ်စုံတွေမှာ သွေးတွေနဲ့ နီရဲနေတာပဲ။ အုတ်ကျိုးအုတ်ပဲ့တွေနဲ့ မှန်ကွဲတွေဟာ အစုလိုက်အပုံလိုက်ပဲ။ ဘုရားရှိခိုးကျောင်းငယ်လေးပါ စိစိညက်ညက် ကျေနေပါတယ်။

ဗုံးက ရွာလယ် ကွက်လပ်ထဲကို တည့်တည့်ကြီးကျတာပါ။

ကျောင်းက ပေက်ဖ်ဖီနဲ့ သူ့မောင်လေးတွေ၊ ညီမလေးတွေ တက်နေတဲ့ ကျောင်းပါ။ ခရစ်ယာန်ဘုရားရှိခိုးစာအုပ်တွေနဲ့ ခုံတန်းရှည်တွေကို မီးလောင်နေပါတယ်။ ဗလာစာအုပ်တွေနဲ့ သင်ပုန်းကြီးတွေလည်း မီးဟုန်းဟုန်းထနေတဲ့ထဲ ရောက်နေပါတယ်။ ပြီးတော့ တွန့်လိမ်ကောက်ကွေးပြီး အရည်ပျော်ကျနေတဲ့ သံတွေ၊ ခဲတွေ၊ နောက်ပြီးတော့ စန္ဒရား။

တစ်ယောက်သောသူက အခု အန်းဒရပ်စ်အနေနဲ့ အိုဘိုလေမှုတ်တူရိယာကို ဂရုတစိုက် ပြုပြင်နေသလို စန္ဒရားကို ဂရုတစိုက်ကြည့်နေတယ်။ အဲဒီလူဟာ စန္ဒရားထားတဲ့ အဆောက်အအုံကို လှေ့လာကြည့်ရှုနေတယ်။ စန္ဒရားခလုတ်တွေ၊ ခြေနင်းဒလက်တွေနဲ့ ပိုက်တွေကို ကြည့်ရှုစစ်ဆေးနေပါတယ်။ အဲဒါကြောင့်မို့ တေးဂီတ… အဲဒါကြောင့်မို့… လေထဲမှာ တေးဂီတသံ လွင့်မျောလာတာကို ကြားရပါတယ်။

**ဘာ့ကြောင့်လဲ။** အို… အန်းဒရပ်စ်ရယ်။ **ရှင် ဘယ်လိုများ လုပ်နိုင်ခဲ့တာလဲ။** ရှင့်အနေနဲ့ တူရိယာပစ္စည်းတစ်ခုအပေါ်မှာ ခေါင်းငုံ့ပြီး တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနဲ့ သီချင်းညည်းရင်း ဘယ်လိုနည်းနဲ့ ပြုပြင်နေနိုင်တာလဲ။

✢ ✢ ✢

**'ငါ အသက်ငယ်ငယ် ကလေးမလေးဘဝတုန်းက သမီးတို့ရဲ့ရွာမှာ ဘာတွေရှိနေသလဲလို့ အမေ့ကို မေးခဲ့ဖူးတယ်'**

✢ ✢ ✢

လေက ထန်နေပါတယ်။ တောက်လောင်နေတဲ့ မီးက [illegible] ပါတယ်။ စန္ဒရားတွေဟာ ကွေးကောက်ပြီး အရည်ပျော်ကျနေပါတယ်။ [illegible] မီးလျှံတွေဟာ သစ်သားတဲငယ်ကိုရော အဖီတဲကလေးတွေကိုပါ [illegible] တုန်းပါ။ ကောင်းကင်ပြာပြာမှာ မီးခိုးလုံးတွေ ဖုံးနေတယ်။ လေထဲမှာ [illegible] ရောဆိုလို့ ပြာမှုန့်ပဲရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညှော်နံ့တွေထဲက မြင်တွေ့နေခဲ့ရတဲ့ သစ်ပင်တွေဟာ အခုလို မျက်နှာကြက်မရှိတဲ့အချိန်မှာ မော့ကြည့်လိုက်တာနဲ့ တစ်ပြိုင်နက် ဘွားခနဲမြင်နေရတယ်။

ဆက်ဖ်ဖီဟာ အုတ်ခဲတွေ၊ သစ်သားတွေနဲ့ မှန်ကွဲတွေ ပြန့်ကြဲနေတဲ့ ရွာလယ်က ကွက်လပ်ကြီးကိုဖြတ်ပြီး ပြေးသွားနေပါတယ်။ သူ့နောက်က ချက်ချင်းပဲ တခြားကလေးတွေ လိုက်လာကြမှာပါ။ သူတို့အားလုံး ဗုံးဆန်နဲ့ ကျည်ဆန်ခွံအစအနတွေ ရှာကြ ကောက်ကြမှာပါ။ မနက်ဖြန်ကျရင်တော့ ဗုံးကျထားတဲ့ တွင်းကြီးထဲမှာ ရေအများကြီး မရှိဘူးဆိုရင် သူတို့တစ်တွေ ငါးဖလောင်းတွေ ဖမ်းနိုင်ကြဦးမှာပါ။

✢ ✢ ✢

လူတစ်ယောက်အနေနဲ့ အရာဝတ္ထုတွေအပေါ်မှာ ပြင်းပြင်းထန်ထန် ကရုတစိုက်လုပ်နေဖို့ မသင့်ပါဘူး အန်းဒရပ်စ်ရယ်။ ရှင့်အနေနဲ့ ဒီပစ္စည်းတွေအပေါ်မှာ သိပ်ပြီးတွယ်တာနေဖို့လည်း မသင့်ပါဘူး။ ပစ္စည်းတွေအပေါ်မှာ သိပ်ပြီး အလေးအနက်ထားလွန်းရင် ဘေးအန္တရာယ်များတတ်ပါတယ်။ သိပ်ပြီး လိုချင်မက်မောလာပြန်ရင်လည်း အန္တရာယ်များလာတတ်ပါတယ်။

ဆက်ဖ်ဖီဟာ အတိတ်က အမှတ်တရတွေထဲမှာ လွင့်မျောလိုက်ပါနေတယ်။ အဲဒီအချိန်မှာ အီးမစ်လ်ဟာ မှန်ခေါင်မိုးပေါ် ကျလာနေတဲ့ မိုးစက်တွေကို မော့ကြည့်နေရာက သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ လိမ့်ကျသွားပါတယ်။ သူ့အော်ငိုသံကြောင့် ဆက်ဖ်ဖီဟာ ကလေးဆီကို ပြေးသွားပါတယ်။ သွက်သွက်လက်လက် မဟုတ်ဘူး။ အိပ်ချင်မူးတူးနဲ့ပါ။ ဗြုန်းခနဲခုန်ထပြီး ပြေးလာတဲ့ အန်းဒရပ်စ်က ကလေးနားကို ပထမဆုံးရောက်ပါတယ်။

အန်းဒရပ်စ်က ကလေးကိုကောက်ချီပြီး သူ့ရဲ့ လှုပ်ကုလားထိုင်သစ်ပေါ်မှာ ထိုင်ချလိုက်ပါတယ်။ သီချင်းတစ်ပိုင်းတစ်စကို အေးအေးသာသာဆိုပြီး အီးမစ်လ်ကို ချော့ပါတယ်။

'ကိုယ့်အချစ်ကို မေးတယ်၊ ဟိုနေရာမှာ သက်တံ… ပေါ်မလားကွယ်'

✢ ✢ ✢



ဆက်ဖ်ဖီဟာ သူတို့နှစ်ယောက်ဆီ ရောက်သွားပါတယ်။ သူ့သားလေးကို ငုံ့ကြည့်တယ်။ ဒါပေမဲ့ ဘာစကားမှတော့ မပြောဘူး။

✢ ✢ ✢

'မင်း ဘာပြုလို့ သီချင်းမဆိုတာလဲ' လို့ ကလေးအငိုတိတ်သွားတဲ့အခါမှာ အန်းဒရပ်စ်က လှမ်းမေးတယ်။

ဆက်ဖ်ဖီ့မျက်နှာဟာ နီရဲသွားတယ်။ သူ့ကို ရာဇဝတ်မှုတစ်ခု ကျူးလွန်တယ်လို့ အစွပ်စွဲခံလိုက်ရသလို ခံစားရတယ်။ သူ့ရင်ထဲမှာ သူ့ကိုယ်သူ အပြစ်ကျူးလွန်မိသလိုလည်း ခံစားနေရတယ်။

'ဘာပြောတယ်'

'မင်း ဘာပြုလို့ သီချင်းမဆိုတာလဲ'

အန်းဒရပ်စ်က ဆက်ဖ်ဖီကို မကြည့်ဘူး။ အီးမစ်လ် လိမ့်ကျတုန်းက ခင်ရဲ့အစွန်းနဲ့ ဆောင့်မိထားတာရှိတယ်။ အဲဒါကိုငုံ့ကြည့်ပြီး မှုတ်ပေးနေတယ်။

'ကျွန်မ… ကျွန်မ… အဲဒီသီချင်းကိုမှ မရတာ' လို့ ဆက်ဖ်ဖီက ထစ်တီးထစ်ငေါ့နဲ့ ပြန်ပြောတယ်။

'မဟုတ်ပါဘူး၊ ကိုယ်မေးတာက ဒီသီချင်းရယ်လို့ မဟုတ်ပါဘူး၊ တခြားသီချင်းတစ်ခုခုပေါ့၊ မင်း အီးမစ်လ်ကို ဆိုပြနိုင်တာပဲ မဟုတ်လား'

'ဒါပေမဲ့…'

ဆက်ဖ်ဖီဟာ သူ့ကို တိုက်ခိုက်နေတာလို့ ခံစားလာရတယ်။ သူ့ကိုယ်သူ ကာကွယ်ဖို့ လိုအပ်တယ်လို့ ယူဆတယ်။

'သူက ပြင်သစ်လူမျိုး ကလေးတစ်ယောက်ပဲ' လို့ ဆက်ဖ်ဖီက သူ့ခေါင်းထဲ ပထမဆုံးဝင်လာတဲ့ ဆင်ခြေကိုပေးတယ်။ 'ရှင် သိသားနဲ့၊ ဆက်ဖ်ဖီက ပြင်သစ်စကားလည်း ကောင်းကောင်းမတတ်တော့ ပြင်သစ်သီချင်း ဆိုပြလို့ရမှာတဲ့လား'

အန်းဒရပ်စ်ဟာ မျက်မှောင်ကုတ်သွားတယ်။ ဒါပေမဲ့ ဘာမှတော့ မပြောဘူး။ သူဟာ ဒေါရစ္စဒေးနဲ့အတူ သီချင်းလိုက်ဆိုပြီး အီးမစ်လ်ကို ဆက်ချော့နေတယ်။ နောက်ဆုံး ဒေါရစ္စဒေးရဲ့ သီချင်းဆုံးသွားတဲ့အထိပဲ။

နောက်တော့ လေအေးအေးနဲ့ ပြောတယ်။ 'မင်း အမှာ့ပဲ ခင်းဆိုတတ်တဲ့ သီချင်းကို ဆိုပြနိုင်တာပဲ၊ မင်းဟာ သူ့အမေပဲ ဆက်ဖ်ဖီ၊ သူ မင်းကို သိပ်

www.burmeseclassic.com



ချစ်တယ်၊ မင်းအနေနဲ့ ဂျာမန်သီချင်းဆိုပြချင်ရင်လည်း ဆိုပြပိုင်ခွင့် ရှိနေတာပဲ' တဲ့။

'ဟင့်အင်း' လို့ ဆက်ဖ်ဖီက စောစောကထက်ပိုပြီး စိတ်ရှုပ်သွားတဲ့အသံနဲ့ ပြန်ပြောတယ်။ 'ကျွန်မ အသံမကောင်းဘူး၊ သီချင်းလည်း မဆိုတတ်ဘူး ဘယ်လိုဆိုရမှန်းကို မသိတာ'

အန်းဒရပ်စ်ဟာ ထိုင်နေရာက ခုန်ထလာတယ်။ 'မင်းဟာ အရူးပဲ' လို့ ပြောတယ်။ ဒီတစ်ကြိမ် ပြောတာကတော့ လေအေးအေးနဲ့မဟုတ်ဘူး။ 'နို့စို့ကလေး အရွယ်ဟာ မင်းအသံကောင်းတာ၊ မကောင်းတာ၊ သီချင်းဆိုတတ်တာ မဆိုတတ်တာတွေကို ဂရုစိုက်တာ မဟုတ်ဘူးကွ။ သူကြားချင်တာ သူ့အမေရဲ့ အသံ အဲဒါပဲ။ သူကြားချင်တာ '**မင်းအသံ**' ဆက်ဖ်ဖီ…။ သူ့အတွက်ကတော့ မင်းအသံဟာ သိပ်ကိုလှတာကွ'

ကုန်လွန်သွားခဲ့တဲ့ နှစ်တွေအများကြီးထဲမှာ မဖြစ်ခဲ့ပါဘူး။ ဒပ်ဆဲလ်ဒေါ်ဖ် ဝဲလ်ကမ်း ဒေ့ကြိုမြယ်လေ့ကျင့်ရေးကျောင်းမှာ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတုန်းက ခံစားခဲ့ရတဲ့ စိတ်နာကြည်းမှုမျိုးကို ဖျတ်ခနဲ ခံစားလိုက်ရပါတယ်။ သူ့လက်ပတ်နာရီကို ငုံ့ကြည့်တယ်။

'သွားတော့မယ်' လို့ သူက ပြောတယ်။ 'ကဲ… လာ… သား၊ အမေ မင်းကို ကုတ်အင်္ကျီဝတ်ပေးမယ်၊ အမေတို့ သွားကြစို့၊ အန်းဒရပ်စ်ကို ဘိုင့်ဘိုင် လို့ နှုတ်ဆက်လိုက်'

အန်းဒရပ်စ်က သူတို့ကိုတားဖို့ မကြိုးစားဘူး။ အိမ်ပေါက်အထိလည်း လိုက်မပို့ဘူး။ သွားကြပစေတော့။ သူဟာ လေပြန်ချွန်တယ်။ ဒေါရစ္စဒေးနဲ့ သီချင်းပဲ။ ရေဒီယိုမှာကတော့ သတင်းကြေညာနေပြီ။

✢ ✢ ✢

သူတို့ အဲဒီမှာပဲ…။ အဲဒါပဲ…။

အလှည့်အပြောင်းဆိုတာ ရှိလာတယ်။

အဲဒီနေ့ ညနေခင်းမှာ ရာဖေး အိမ်ပြန်ရောက်လာတယ်။ သူရောက်လာတဲ့အခါမှာ ဆက်ဖ်ဖီဟာ သူ့သားငယ် အီးမစ်လ်ကို ရေချိုးပေးနေပါတယ်။ ရာဖေးဟာ သူ့ကင်မရာနဲ့ ရေချိုးခန်းထဲအထိ ဝင်လာပါတယ်။

'သိပ်ကိုလှတဲ့ မြင်ကွင်းတစ်ခုပါလား ဆက်ဖ်ဖီရယ်' လို့ ရာဖေးက ဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ရိုက်ယူနေရင်းက ပြောတယ်။ 'တို့ကတော့ ဒီလို



မြင်ကွင်းကို ရာသက်ပန် တည်ရှိစေချင်တယ်၊ အီးမစ်လ်ကလည်း အစဉ်အမြဲ ဒီအရွယ်မှာပဲ ရှိနေရမယ်၊ မင်းကလည်း အခုလို ညနေတိုင်း ရေချိုးပေးနေမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ' တဲ့။

ပြီးတော့ ရာဖေးက 'ဘာ့ကြောင့် ဒီလောက်လှရတာလဲဆိုတာ… ကိုယ်တော့ မသိဘူး၊ ပျောက်ဆုံးသွားတဲ့ နတ်ဘုံနတ်နန်းက ရုပ်လွှာလေးနဲ့ တူသလိုပဲ။ ဖရွိုက်က ဘာပြောသွားသလဲဆိုတာ မင်းသိလား ဆက်ဖ်ဖီ'

'လောကမှာ မိခင်တစ်ဦးက သူ့သားငယ်လေးပေါ်မှာထားတဲ့ မေတ္တာစိတ်ဟာ တစ်မျိုးပဲရှိတယ်။ စိတ်နှစ်မျိုး မရှိဘူး၊ လူသားတွေရဲ့ ခံစားမှုတွေထဲမှာ အဲဒီ မေတ္တာစိတ်လောက် ကြီးမားပြီး သန့်ရှင်းဖြူစင်တဲ့ ခံစားမှုဟာ မရှိဘူး' တဲ့။

သူ့အဖေက သူ့အမေကို ပြောခဲ့တဲ့စကားပါ။ အမေလုပ်သူက သားပေါ် သိပ်ချစ်လွန်းတာကို မြင်တွေ့နေရလို့ အဖေက ကျီစယ်တဲ့သဘောနဲ့ ပြောခဲ့တဲ့ စကားပါ။ ဆက်ဖ်ဖီ ဒီစကားကို အရင်က မကြားဖူးခဲ့ပါဘူး။

'ဥရောပတစ်လွှားမှာရှိနေတဲ့ ပြတိုက်တိုင်းမှာ '**မက်ဒိုးနားနှင့် ကလေး**' လို့ အမည်ပေးထားတဲ့ ပန်းချီကားတွေဟာ အနည်းဆုံး တစ်ဒါဇင်လောက်တော့ ရှိကြတယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုရင် စောစောက ဖရွိုက်ပြောခဲ့တဲ့ သဘောတရားကြောင့်ပဲ ဖြစ်ရမယ်'

'ဟုတ်မှာပေါ့' လို့ ဆက်ဖ်ဖီက အလိုက်သင့် ပြန်ပြောလိုက်ပေမယ့် အသံရော မျက်နှာထားကပါ စိတ်မဝင်စားသလိုပဲ။

အဲဒီအခိုက်မှာပဲ အီးမစ်လ်က ဆက်ဖ်ဖီရဲ့ ဆံစတွေကိုလှမ်းဆွဲပြီး အသံ ဗဝီသသနဲ့ '**မာ… မာ**' လို့ ခေါ်တယ်။

'တွေ့လား ဆက်ဖ်ဖီ' လို့ ရာဖေးက ပြောတယ်။

'ကိုယ်ပြောခဲ့တယ် မဟုတ်လား။ '**မာ… မာ**' တဲ့။ ဒါဟာ မင်းသားရဲ့ ပထမဆုံး အားထုတ်မှုပဲ။ '**မာ… မာ**' တဲ့။

အီးမစ်လ်ဟာ သူ့အမေရဲ့ မြစိမ်းရောင်မျက်လုံးအစုံကို စူးစူးစိုက်စိုက် ကြည့်တယ်။ ပြီးတော့ ဆံပင်ကိုလှမ်းဆွဲပြီး 'မာ… မာ' လို့ ထပ်ခေါ်တယ်။

ဆက်ဖ်ဖီက သူ့သားကို ပြန်ကြည့်တယ်။ သူ့ခေါင်းကိုငုံ့ပြီး ငိုတယ်။ ရှိုက်ပြီးငိုနေတာပါ။ အီးမစ်လ်ဟာ ရေပြင်ကို လက်ဖဝါးလေးနဲ့ ရိုက်ခိုက်တယ်။ ရေတွေက သားအမိနှစ်ယောက်စလုံးကို စင်တယ်။ အီးမစ်လ်က ရယ်ပြီးခေါ်တယ်။ 'မာ… မာ'၊ 'မာ… မာ' တဲ့။

www.burmeseclassic.com



ရက်တရက်ဆိုတော့ ရာဖေးဟာ စကားမပြောနိုင် ဖြစ်သွားတယ်။ ဆက်ဖ်ဖီ အခုလို ဝမ်းနည်းပက်လက်ငိုတာမျိုးကို အရင်က တွေ့မှမတွေ့ဖူးဘဲကိုး။ သူ့ရင်ထဲမှာ ကြီးမားထန်ပြင်းတဲ့ ခံစားမှုမျိုး ဝင်လာလို့ထင်ပါရဲ့။ မျက်လုံးတွေထဲက မျက်ရည်တွေဟာ ဖြိုင်ဖြိုင်စီးကျလာနေတယ်။ တဒင်္ဂတော့ ရာဖေးမှာ စိုးရိမ်စိတ်ဝင်ခဲ့တယ်။ ဒါပေမဲ့ ···။

'ဝမ်းသာလွန်းလို့ ကျလာတဲ့ မျက်ရည်တွေလား' လို့ သူက မေးတယ်။

ဆက်ဖ်ဖီက ခေါင်းညိတ်တယ်။ ငိုတာကတော့ တိုးပြီးငိုလာတယ်။ စိတ်မကောင်းဖြစ်လာတဲ့ ရာဖေးဟာ ဆက်ဖ်ဖီကိုဖက်ပြီး ထူတယ်။ တင်းတင်းကျပ်ကျပ်ထပ်ဖက်ထားတယ်။ ပြီးတော့ အလွန်ချိုသာအေးမြပြီး နူးညံ့တဲ့လေသံနဲ့ ပြောတယ်။

'မင်းတစ်ကိုယ်လုံး ခေါင်းကနေ ခြေထောက်အထိ ရေတွေနဲ့ စိုရွှဲနေပြီ မင်းက မင်းမျက်ရည်တွေနဲ့ ရေချိုးဇလုံထဲက ရေတွေကြား ရောက်သွားတာကိုး'

✢ ✢ ✢

နောက်နှစ်ရက်အကြာမှာ အဆက်မပြတ်ရွာနေတဲ့ မိုးဟာ တိတ်သွားတယ်။ ချက်ချင်းပဲ မြို့တော်တွင်းမှာ ပြင်းထန်တဲ့ အအေးခာတ် ဝင်လာတယ်။ ဆက်ဖ်ဖီဟာ အန်းဒရပ်စ်ဆီကို ထွက်လာခဲ့တယ်။ ဒီတစ်ခါ တွေ့ချင်တဲ့ဆန္ဒကြောင့် မဟုတ်ဘူး။ ချစ်စိတ်ကြောင့်လည်း မဟုတ်ဘူး။ တွေ့ဖို့ လိုအပ်နေလို့ပါ။

'ကျွန်မတို့ လမ်းလျှောက်ထွက်ကြရအောင်၊ ဆက်ဖ်ဖီ··· ရှင့်ကို ပြောစရာရှိနေလို့'

အန်းဒရပ်စ်က ထုံးစံအတိုင်း သူ့ကုတ်အင်္ကျီကို ယူဝတ်တယ်။ သူ ဟန်ဂေရီနိုင်ငံက ထွက်ပြေးလာခဲ့တဲ့ညကဝတ်လာတဲ့ အင်္ကျီပါ။ ပြီးတော့ နှစ်ယောက်သား ထွက်လာခဲ့ကြပါတယ်။

သူတို့ဟာ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်လာခဲ့ကြတယ်။ လမ်း တစ်နေရာမှာ သစ်အယ်သီးလှော်တစ်ထုပ် ဝယ်တယ်။ ပြီးတော့ ကင်နယ်ဒီ မာတင် ဘက်အထိ လျှောက်လာပြီး တူးမြောင်းရေဆိပ်က ခုံတန်းလျားပေါ်မှာ ဝင်ထိုင်ကြတယ်။ ပူပူနွေးနွေး သစ်အယ်သီးလှော်ကို စားလိုက်၊ အခွံတွေကို ရေဆိပ်က ဘဲတွေဆီပစ်ကျွေးလိုက် လုပ်နေကြတယ်။

အီးမစ်လ်ဟာ သူ့လက်တွန်းလှည်းထဲမှာ ထိုင်နေတယ်။ သူ မအိပ်ဘူး



သူ့ရဲ့ နက်မှောင်မှောင် မျက်လုံးအစုံဟာ 'ကျယ်'နေကြတယ်။ သူ့မှာ ဝတ်ပေးထားတဲ့ သိုးမွေးအနွေးထည်တွေနဲ့ ပတ်ပေးထားတဲ့ သိုးမွေးစောင်ကလေးတွေကြောင့် နွေးနွေးထွေးထွေးတော့ ရှိနေတယ်။

ဆက်ဖ်ဖီကတော့ အချိန်ကျပြီလို့ တွက်ထားတယ်။ သူ့အနေနဲ့ သိပ်ပြီး ပြောချင်နေတဲ့ကိစ္စကို အခုပဲ အန်းဒရပ်စ်သိအောင် ပြောပြနိုင်ပြီလို့ ယူဆတယ်။

အတော်တော့ ထူးဆန်းတယ်။ ဆက်ဖ်ဖီဟာ အမွေးပွ ခွေးရုပ်ကလေး ဆစပြီး ပြောတယ်။

'အဲဒီ ခွေးရုပ်ကလေးရဲ့ ခြေထောက်တစ်ဖက်ပဲ ဆက်ဖ်ဖီ့ဆီမှာ ကျန်ခဲ့တယ်' လို့ ဆက်ဖ်ဖီ စကားစတယ်။ 'ဆက်ဖ်ဖီ့အဖေကပေးတဲ့ လက်ဆောင်ပေါ့၊ အဲဒီအချိန်က ဆက်ဖ်ဖီ့အသက်ဟာ ငယ်ငယ်လေးရှိသေးတယ်။ သိပ်ကို ငယ်သေးတာ···။ နှစ်နှစ်··· သုံးနှစ်သမီးလောက်ပဲ ရှိဦးမယ်'

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com

## ဗာတီ

မျက်လုံးစိမ်းစိမ်းနဲ့ ရယ်ပြုံးနေတဲ့ လူငယ်တစ်ယောက်ဟာ သူ့ရဲ့ သေးသွယ်သွယ် သမီးလေးကိုနမ်းဖို့ ကိုယ်ကို ကိုင်းလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ သူ့လက်တစ်ဖက်ဟာ ပစ္စည်းတစ်ခုခုကိုကိုင်ပြီး နောက်ကျောဘက်မှာ ဝှက်ထားတယ်။ သမီးငယ်ကလည်း လူငယ်ရဲ့ပတ်ပတ်လည်မှာ ခုန်လိုက်ပေါက်လိုက်လုပ်ပြီး လှည့်ပတ်ပြေးနေပါတယ်။ သူဟာ သူ့အဖေ မြို့ထဲသွားမယ်ဆိုတော့ ခွေးရုပ်ကလေးတစ်ရုပ်ဝယ်ဖို့ ပူဆာထားတယ် မဟုတ်လား။

အရုပ်ထည့်ထားတဲ့ အထုပ်ကလေးဟာ သမီးလေးရှေ့မှာရှိတဲ့အခါ နောက်ကိုရောက်သွားပေမယ့် သမီးလေး နောက်ကိုပြေးသွားတဲ့အခါမှာ အထုပ်ကိုင်ထားတဲ့လက်ဟာ ရှေ့ကိုရောက်လာတတ်ပါတယ်။ သမီးလေးကတော့ 'သမီးကိုပေးပါ၊ သမီးကိုပေးပါ' လို့ အော်နေတယ်။ အသံက ပိုပိုပြီး ကျယ်လာတယ်။

ဆက်ဖ်ဖီ့မျက်နှာဟာ ပြေးရလွန်းလို့ နီရဲလာတယ်။ တစ်ကိုယ်လုံးလည်း ပူထူလာတယ်။ ကြာလာတော့ ဆက်ဖ်ဖီဟာ စိတ်မရှည်သလို ဖြစ်လာတယ်။ '**သမီးကိုပေး**' လို့ တအားကျုံးပြီးအော်တယ်။ နောက်တော့ လေသံပျော့ပျော့လေးနဲ့ ချော့တောင်းတယ်။ နောက်ဆုံးကျတော့ သူ့အဖေက သူ့လက်ထဲက အထုပ်ကို လွှတ်ပေးလိုက်တယ်။

ဆက်ဖ်ဖီဟာ တအားစိတ်ပျက်သွားတယ်။ တကယ့်ခွေးအစစ်မှ မဟုတ်တာ…။ အခု လက်ထဲကအထုပ်ကို ဖြေလိုက်တော့ ခွေးရုပ်ကလေးပဲ။ အသက်က နှစ်နှစ်ပဲရှိသေးတာ…။ ဒီအသက်မှာက တကယ့်ခွေးတွေကို အခုလို စက္ကူတွေနဲ့ ထုပ်မလာဘူးဆိုတာ သူဘယ်သိမှာလဲ။

ဆက်ဖ်ဖီက ခွေးရုပ်ကိုကိုင်ထားရာက သူ့အဖေကို မော့ကြည့်တယ်။ သူ့မျက်လုံးတွေဟာ မကျေနပ်သလိုပဲ။ သူ့အဖေက ပြောတယ်။ 'သမီးက မသိလို့ပါ၊ ခွေးအစစ်ထက် ခွေးအရုပ်က ပိုကောင်းတယ်' လို့ သူ့အဖေက ပြောတယ်။ 'အရုပ်ခွေးဆိုတော့ သူ မဖျားတော့ဘူးပေါ့ သမီးရယ်'



'ရှင် သိတယ်မဟုတ်လား' လို့ ဆက်ဖ်ဖီက အန်းဒရုပ်စ်ကို ပြောတယ်။ 'ဆက်ဖ်ဖီက အဖေ့ကို ခွင့်လွှတ်လိုက်ရတယ်။ ဆက်ဖ်ဖီလေ… အတွေ့အကြုံ ရလာခဲ့တယ်… သိလား။ အဖေက တိရစ္ဆာန်တွေ နေမကောင်းရင် ဆေးကုပေးတယ်။ အိမ်နီးချင်းတွေက သူတို့ခွေးတွေ၊ ကြောင်တွေနဲ့ အိမ်မွေးငှက်ကလေးတွေကို အဖေ့ဆီယူလာပြီး ပြတတ်တယ်။ အဖေ ကုပေးလိုက်ရင် နေကောင်းသွားရော၊ အိမ်ပြန်တဲ့အခါ ပျော်နေတာပဲ'

'တကယ်လို့ သူတို့လာပြတဲ့ တိရစ္ဆာန်က သိပ်အိုပြီး သိပ်နေမကောင်းဖြစ်နေလို့ ကုမရတော့ဘူးဆိုရင် ဗာတီကို သတ်ခိုင်းတယ်။ သတ်ပေးတဲ့အခါမှာလည်း သူတို့အကောင် မနာမကျင်ဘဲ သေရတာမို့ ဝမ်းသာကြတယ်။ ပြီးရင် ကျေးဇူးတင်စကားပြောပြီး အခကြေးငွေ ထပ်ပေးတယ်။ သူတို့အကောင်ကို ပြန်ယူသွားပြီး သူတို့အိမ်မှာ မြေမြှုပ်လိုက်ကြတယ်'

အချိန်အတော်ကြီးကြာကြာ တိတ်ဆိတ်နေတယ်။ အန်းဒရုပ်စ်က ဘာဆို ဘာမှမပြောဘူး။ တကယ့်ကို ဘာမှမပြောဘူး။ ဘာတစ်ခွန်းမှကို မပြောတာ။

တူးမြောင်းထဲမှာ လှေကြီးတွေ ရွေ့လျားနေကြတယ်။ အီးမစ်လီအဖို့တော့ ရွှင်းရဲ့ဖမ်းစားမှုကို ခံနေရပြီ။ အူး… အူး… အား… အား… လည်း အဝိတလဲလဲ အော်တယ်။

အဲဒီအခိုက်မှာ ဟိုးလမ်းတစ်ဖက်ကနေပြီး တူးမြောင်းတစ်လျှောက်မှာ လူတစ်ယောက် လျှောက်လာနေတယ်။ ဘယ်သူလဲဆိုတော့ မစ်ချယ်လီပေါ့။ မစ်ချယ်လီဆိုတာ တခြားသူ မဟုတ်ဘူး… ဆက်ဖ်ဖီ့မှာ ကိုယ်ဝန်ရှိစအချိန်က အဆောတဖြုတ် သွားနေခဲ့ရတဲ့ အိမ်ရှင်ပါ။

မစ်ချယ်လီဟာ စိန့်လူးဝစ္စဆေးရုံထဲက ထွက်လာတာပါ။ ဆရာဝန်တွေက သူ့ရဲ့ကလေးအငယ်ဆုံး (အဲဒီကလေးရဲ့ အိပ်ရာမှာ ဆက်ဖ်ဖီ အိပ်ခဲ့ရတာပါ) ဟာ ကျောက်ကပ်မကောင်းဘူးလို့ မစ်ချယ်လီကို ပြောပြလိုက်ပါတယ်။ သောက ဆိုတော့ မစ်ချယ်လီဟာ သူ့အပူနဲ့သူ ခေါင်းကိုငုံ့ပြီး လျှောက်လာပါတယ်။

အဲဒီအချိန်က ဆက်ဖ်ဖီဟာ သူ့အတိတ်က မှုန်ဝါးဝါးဖြစ်ရပ်တွေနဲ့ ပြီး အာရုံဝင်စားနေတာမို့ မစ်ချယ်လီနဲ့ မျက်လုံးချင်းမဆိုင်မိကြပါဘူး။ ဒီလို အဖြစ်မျိုးတွေဟာ အချိန်တိုင်းမှာ ဖြစ်လေ့ဖြစ်ထရှိပါတယ်။

'အဲဒီနောက်တော့ ဆိုးဝါးတဲ့အခြေအနေတွေဟာ ဖြစ်လာတယ်' လို့ ဆက်ဖ်ဖီက ဆက်ပြောတယ်။ 'ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာပေါ့။ ဆက်ဖ်ဖီ

www.burmeseclassic.com

www.burmeseclassic.com



ရှင် နားလည်အောင် ဘယ်လိုရှင်းပြရမှန်းတောင် မသိပါဘူး။ ရှင်လည်း သိမှာပါ၊ ဘူဒါဝက်စ် ကြောင့် ဖြစ်လာရတာတွေပေါ့'

နောက်တစ်ကြိမ် အချိန်အကြာကြီး တိတ်ဆိတ်နေပြန်ပါတယ်။ နောက်ဆုံးမှာ သူ့ဆီက စကားဆက်ပြောသံ ကြားလာရပါတယ်။ အသံက တိုးတိုးပါ။ 'ဆက်ဖ်ဖီတို့ ပြည်သူတွေဟာ စိုးရိမ်ခြင်းနဲ့ ကြောက်ရွံ့ခြင်းတွေကို သောက်လာကြပါတယ်၊ ဆက်ဖ်ဖီတို့ ပြည်သူတွေဟာ သေခြင်းကို စားနေခဲ့ကြရပါတယ်။ ဆက်ဖ်ဖီတို့ ပြည်သူတွေဟာ ယမ်းနံ့တွေကိုပဲ ရှူနေကြရပါတယ်။ အရာရာတိုင်းဟာ လေးလံလာပါတယ်'

'ငြိမ်ဆိတ်မှုဟာ ဆက်ဖ်ဖီတို့လည်မျိုကို ညှစ်ထားပါတယ်။ အိမ်ထဲမှာ ဘယ်သူမှ စကားမပြောကြတော့ပါဘူး။ ကလေးတွေအားလုံး ဆာလောင်နေကြပါပြီ။ အမှန်တော့ လူတိုင်းလည်း ဆာလောင်နေကြပါပြီ။ ဆက်ဖ်ဖီတို့တစ်တွေဟာ ကိုယ့်အိမ်ထဲမှာကိုပဲ မြေအောက်ခန်းထဲ ဆင်းနေကြရတဲ့ ဘဝပါ။ အပေါ်ထပ်တွေမှာကတော့ ပြင်သစ်တွေ နေကြပါတယ်'

'ဒီအဖြစ်ကို ဆက်ဖ်ဖီတို့ ဘယ်လိုလုပ်ပြီး နားလည်နိုင်ကြမှာလဲ။ ကလေးငယ်တွေအဖို့ ပိုပြီး နားမလည်နိုင်ကြဘူးပေါ့။ ကိုယ့်အိမ်ထဲမှာ ဘာပြုလို့ မြေအောက်ခန်းထဲ ဆင်းနေကြရတာလဲ။ မြေအောက်ခန်းထဲမှာ ဆက်ဖ်ဖီတို့ ခြေမျက်စိအထိ ရေမြုပ်နေရတာကရော ဘာ့ကြောင့်လဲ'

'ဆက်ဖ်ဖီတို့မှာ ဘာ့ကြောင့် စားစရာအစာ မရှိရတာလဲ၊ ဆေးဝါးရော အဝတ်အထည်ရော ဘာပြုလို့ မရှိရတာလဲ။ ဆက်ဖ်ဖီတို့မှာ ဘာမှမရှိရတာ ဘာ့ကြောင့်လဲ။ ဖြစ်လာနေတာတွေက တကယ့်ကို ကြောက်စရာကောင်းပါတယ်။ အန်းဒရပ်စ်အနေနဲ့ အဲဒီအခြေအနေကို နားလည်နိုင်မှာပါ'

အန်းဒရပ်စ်က ဆက်ဖ်ဖီ့လက်ကိုယူပြီး သူ့မိုးကာအင်္ကျီအိတ်ကပ်ထဲ ထည့်ထားတယ်။ စကားတော့ ဘာမှမပြောဘူး။ ဆက်ဖ်ဖီ့လက်ကို နွေးထွေးသွားအောင် လုပ်ပေးတဲ့သဘောပါ။

'အဲဒီနောက်တော့ ဘယ်သူ့မှာမှ စားစရာလုံလောက်အောင်မရှိတော့ အားလုံးဟာ သူတို့မွေးထားတဲ့ တိရစ္ဆာန်တွေကို ဘာမှမကျွေးနိုင်တော့ဘူး။ သူတို့အားလုံး တန်းစီပြီး အိမ်ရှေ့တံခါးဝမှာ ရပ်နေကြတယ်။ ဒါဇင်ပေါင်း အတော်များများရှိတဲ့ အဲဒီလူစုဟာ သူတို့ရဲ့ တိရစ္ဆာန်တွေကိုယူလာပြီး သတ်နိုင်းကြတယ်။ လှောင်ချိုင့်ထဲမှာ၊ ခြင်းထဲမှာ၊ လက်ထဲမှာ… အဲသလိုထားပြီး သတ်ခိုင်းကြတယ်။

'တိရစ္ဆာန်တွေဟာ သနားစရာပါ၊ သူတို့ မမာမကျန်း ဖြစ်နေကြပါဘူး။ သူတို့မှာ ဆာလောင်မွတ်သိပ်နေတဲ့ရောဂါပဲ ရှိပါတယ်။ သူတို့ခန္ဓာမှာလည်း လူတွေငတ်သလို ငတ်နေကြတာပါ။ အဲဒီအချိန်က ဆက်ဖ်ဖီဟာ အသက်ကိုးနှစ်ပဲ ရှိပါသေးတယ်။ လူတိုင်း ငိုနေကြတာကို ဆက်ဖ်ဖီ မြင်နေရပါတယ်။ သူတို့ဟာ သူတို့ရဲ့ ခွေး၊ ကြောင် စတဲ့ တိရစ္ဆာန်တွေကိုပွေ့ချီပြီး ရောက်လာနေကြတာပါ'

'နောက်ဆုံးမှာ သူတို့ဟာ သူတို့ယူလာတဲ့ တိရစ္ဆာန်တွေကို အိမ်ပြန်ပြီး သယ်မသွားချင်ကြတော့ဘူး၊ သေသွားတာတွေကလည်း များလို့သာလာနေတယ်။ အဲဒီတော့ သူတို့ယူလာတဲ့ တိရစ္ဆာန်တွေကို ဖာတီကပဲ မြေမြှုပ်ရမယ့်တာဝန် ရှိလာပါတယ်'

'ညနေတိုင်း အဖေဟာ အိမ်နောက်ဖေးက ဥယျာဉ်ထဲသွားပြီး သူ့ဂေါ်ပြားလေးနဲ့ တွင်းတူးတယ်။ တိရစ္ဆာန်သေတွေကို မြှုပ်တယ်။ အဖေဟာ သူတွင်းတူးပြီး မြှုပ်နေတဲ့ တိရစ္ဆာန်သေအတွက် စကားတစ်လုံးမှ မပြောဘူး။ ပင်ပန်းလွန်းလို့ ထင်ပါရဲ့။ ဒါပေမဲ့ ဆက်ဖ်ဖီက သူတို့ကို ဒီအတိုင်း မြှုပ်ပစ်နေတာကို စိတ်မကောင်းဘူး'

'အဲဒီလိုနဲ့ပဲ နောက်ပိုင်းကျတော့ ဆက်ဖ်ဖီဟာ မြေမြှုပ်ပစ်လိုက်တဲ့ တိရစ္ဆာန်တွေအတွက် ညကျရင် သီချင်းဆိုပေးတယ်။ သီချင်းက လေယာဉ်ပျံတွေ ဗုံးလာကြဲတဲ့အခါတိုင်း အမေဆိုလေ့ရှိတဲ့ သားချော့သီချင်းပါ'

ဆက်ဖ်ဖီက သူဆိုခဲ့ဖူးတဲ့ သားချော့သီချင်းကို ဆိုပြတယ်။ အတိတ်က ဖြစ်ရပ်တွေကြောင့် စိတ်ထိခိုက်နေတဲ့ ဆက်ဖ်ဖီ့အသံဟာ မမှန်ဘူး။ တုန်နေတယ်။ သီချင်းက ဂျာမန်ဘာသာနဲ့ပါ။ ဒါ့ကြောင့်မို့ သီချင်းဆုံးတော့ ဆက်ဖ်ဖီက မေးတယ်။

'ရှင် နားလည်သလား အန်းဒရပ်စ်' တဲ့။

တကယ်တော့ အန်းဒရပ်စ် နားလည်ပါတယ်။ ဘာရယ်ကြောင့် သားချော့သီချင်းကို သိထားခဲ့တဲ့ အဲဒီသီချင်းဟာ အန်းဒရပ်စ် မုန်းတီးရွံရှာခဲ့တဲ့ ဗျာမန်တွေရဲ့ စိတ်ခေတ်ကို ရပ်လုံးပေါ်အောင် ဖော်ထားပါတယ်။ ဒါပေမဲ့ သူဟာ ဆက်ဖ်ဖီ့ အမေးကို မဖြေဘဲ ငြိမ်နေတယ်။ ခေါင်းလည်း မညိတ်ဘူး၊ ခေါင်းလည်း မခါဘူး။

ဆက်ဖ်ဖီက ဆက်ပြောတယ်။ 'တစ်ခါတလေမှာတော့ အန်းဒရပ်စ်ရယ်… တိရစ္ဆာန်တွေကို မြေမြှုပ်တာက စနစ်မကျဘူးလေ၊ ဆက်ဖ်ဖီအဖေဟာ

www.burmeseclassic.com

www.burmeseclassic.com



လည်း သိပ်ပင်ပန်းလေတော့ တွင်းတူးတဲ့အခါမှာ နက်အောင်မတူးနိုင်ဘူး။ အဲဒီတော့ တိရစ္ဆာန်အသေတွေက မြေပေါ်ကို ပေါ်ပေါ်လာတတ်တယ်။ ဆက်ဖ်ဖီ နောက်ဖေး ဥယျာဉ်ထဲရောက်သွားတဲ့အခါ ဘယ်လိုဖြစ်နေသလဲဆိုရင် အသေကောင်တွေအပေါ် လမ်းလျှောက်နေရသလိုပဲ တဲ့။

ဆက်ဖ်ဖီ့စကားတွေကို နားထောင်နေရတဲ့ အန်းဒရပ်စ်ရဲ့ စိတ်အာရုံထဲမှာ မြေမြှုပ်ထားတဲ့ အလောင်းတွေ ပေါ်လာနေတယ်။ တိရစ္ဆာန်အလောင်းတွေ မဟုတ်ဘူး။ ဂျူးအလောင်းတွေပါ။ သူဟာ စာကို အငမ်းမရဖတ်တဲ့လူပါ။ တွေ့သမျှစာအုပ်ကို ဖတ်ပါတယ်။ အထူးသဖြင့် ဆိုဗီယက်စာရေးဆရာ ဗတ်ဆီလီ ဂရော့စ်မင်းရဲ့ စာအုပ်ဟာ သူ့အတွက် အဖိုးတန်စာအုပ်ပါ။

စစ်ကြီးပြီးပြီးချင်း ဂရော့စ်မင်းရဲ့စာအုပ်ဟာ ထွက်လာတယ်။ ဂရော့စ်မင်းဟာ ယူကရိန်းပြည်နယ်ထဲက သူ့မွေးရပ်ဇာတိမြို့ဖြစ်တဲ့ ဘာဒီချက်ဖ်မြို့က ဂျူးတွေရဲ့ကံကြမ္မာ ကို ရေးထားတာပါ။ ဂျူးတွေကို ရက်ရက်စက်စက်သတ်ဖြတ်ပြီး တွင်းကြီးတွေထဲမှာ မြှုပ်ထားတာပါ။ မိန်းမကြီးတွေ၊ ယောကျ်ားကြီးတွေ၊ ကလေးသူငယ်တွေနဲ့ အဘိုးကြီး အဘွားကြီးတွေ။ ရွာထဲမှာနေတဲ့ ဂျူးတစ်ယောက် မကျန် သတ်ပစ်တာပါ။

သူမြင်ခဲ့ရတာဟာ လူသေတွင်းကြီး ငါးတွင်းပါ။ ရာပေါင်းများစွာ တွင်းထဲထည့်ထားတာပါ။ အဲဒီအထဲမှာ သူ့အမေအလောင်းလည်း ပါပါတယ်။ တွင်းကြီးငါးတွင်းဟာ အကြီးကြီးတွေပါ။ ဒါပေမဲ့ အလောင်းတွေက များရတဲ့အထဲမှာ ပုပ်ပွလာကြတဲ့အခါကျတော့ မြေပေါ်ကို ထိုးထွက်လာကြပါတယ်။ ဂျာမန်တွေက လယ်သမားတွေကိုခေါ်ပြီး မြေကြီးတွေထပ်ဖို့ခိုင်းတယ်။ ဒါပေမဲ့ အလောင်းတွေဟာ မြေကြီးထဲက ထိုးထွက်လာနေတာပါပဲ။ ဘာပဲဖြစ်ဖြစ် သွေးတွေကတော့ ချောင်းစီးနေတာပါ။

✢ ✢ ✢

ဆက်ဖ်ဖီရော အန်းဒရပ်စ်ပါ အသိဝင်လာတယ်။ ခိုက်ခိုက်တုန်အောင် အေးနေတဲ့ သူတို့နှစ်ယောက်စလုံးရဲ့အဖြစ်ကို သတိထားမိလာတယ်။ အေးလိုက်တာ… ခွာတော့်ကို အေးတာပါလား။

သူတို့ စကားမပြောကြတော့ဘူး။ သူတို့နှစ်ယောက်ဟာ ပါရီမြို့တော်တွင်းက စိန့်မာတင်တူးမြောင်းနားက ခုံတန်းလျားပေါ်မှာ ဘေးချင်းယှဉ်ပြီး ထိုင်နေကြတာပါ။ အချိန်က ၁၉၅၉ ခုနှစ် ဇန်နဝါရီလထဲမှာပါ။ နှစ်ယောက်စလုံးဟာ အတိတ်က ကိုယ်ပိုင်ဖြစ်ရပ် အမှတ်တရ သွေးအိုင်တွေထဲမှာ နစ်နေကြတာပါ။



အန်းဒရပ်စ်ရဲ့ မျက်လုံးအစုံမှာ မျက်ရည်တွေနဲ့ ပြည့်နေတယ်။ အန်းဒရပ်စ်က ထိုင်နေရာက ထရပ်လိုက်တယ်။ ပြီးတော့ အန်းဒရပ်စ်ရဲ့ အလုပ်ရုံဘက်ကို ပြန်လျှောက်လာခဲ့ကြတယ်။ တစ်ယောက်ကိုတစ်ယောက် စကားမပြောကြဘူး။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ဧည့်သည်အုပ်စုတစ်စုဟာ တူရီယာပြင်ဆရာရဲ့ အလုပ်ရုံကို ဆောင်းရာသီကျရင် ရောက်ရောက်လာတတ်တယ်။ ကျောက်မီးသွေးမီးဖိုဆီက အနွေးဓာတ်ကို လိုချင်ကြလို့ပါ။ နောက်တစ်ချက်ကတော့ တူရီယာပြင်ဆရာနဲ့ တေးဂီတအကြောင်း ဆွေးနွေးပြောဆိုကြရတဲ့ စကားဝိုင်းဆီက နွေးထွေးမှုကို ရယူခံစားချင်ကြလို့ပါ။

လာကြတာကတော့ လူတန်းစားမျိုးစုံပဲ။ ရောက်လာရင် တစ်နာရီ နှစ်နာရီလောက် လက်ဖက်ရည်သောက်ရင်း၊ ဝိုင်သောက်ရင်း၊ တူရီယာအမျိုးမျိုးကို စမ်းသပ်တီးမှုတ်ရင်း အကြောင်းအရာပေါင်းစုံကို ဆွေးနွေးပြောဆိုလေ့ရှိကြပါတယ်။ သူတို့ပြောကြတဲ့အထဲမှာ အမေရိကန်ပြည်ထောင်စုက အမေရိကန်လူမည်းတွေ စတင်တီထွင်လိုက်တဲ့ ဂျက်ဇ်တေးဂီတအကြောင်းတွေပါသလို ယစ်ဒစ်ရှ်ဘာသာသမားတွေအကြောင်းတွေလည်း ပါတယ်။

ဘေးကနားထောင်နေရတဲ့ ဆက်ဖ်ဖီကတော့ သူတို့ပြောဆိုနေကြတဲ့ စကားလုံးအသံထွက်အများစုဟာ ဂျာမန်စကားအသံထွက်တွေနဲ့ တူတဲ့အတွက် နားသင့်နေပါတယ်။ သူမအဖို့ အံ့သြစရာကောင်းတဲ့ အရာတစ်ခုလည်း ဖြစ်ပါတယ်။ အဲဒီလို အန်းဒရပ်စ်ဆီ ခဏတဖြုတ် ဝင်နားတဲ့ထဲမှာ နေ့စဉ် မွန်းတည့်ချိန်တိုင်း ဝင်လာတတ်တဲ့ မဒမ် ဘလူမင်သယ်လ် လည်း ပါတယ်။

မဒမ်ဘလူမင်သယ်လ် ဟာ မုဆိုးမကြီးပါ။ ဝတာကလည်း အလွန်ပါပဲ။ တိုက်အပေါ်ဆုံးထပ်အခန်းမှ နေပါတယ်။ နေမွန်းတည့်ချိန်ကျရင် ဈေးဝယ်ဖို့ ဆင်းလာတတ်ပါတယ်။ အဲဒါဟာ သူ့နေ့စဉ်အလုပ်ပါ။ သူက နှလုံးအားနည်းသူဆိုတော့ သူ့အခန်းကို ချက်ချင်းပြန်မတက်ပါဘူး။ အဲဒါကြောင့် အန်းဒရပ်စ်ရဲ့ အလုပ်ရုံမှာ ဝင်နားလေ့ရှိတာပါ။



ဆက်ဖ်ဖီအဖို့ အဲဒီလို ဧည့်သည်တွေရောက်နေတဲ့အခါမျိုးမှာ အန်းဒရပ်စ်ရဲ့အိမ်ဟာ သူ့အိမ်သူ့ရာလို ဖြစ်နေတတ်ပါတယ်။ သူ့စိတ်ထဲမှာလည်း သူ့ကိုယ်သူ အန်းဒရပ်စ်ရဲ့ အိမ်ရှင်မလို့ ခံစားနေရပါတယ်။ ဧည့်သည်တွေကို လက်ဖက်ရည် ချော်တိုက်ရတယ်။ ပန်းကန်တွေနဲ့ ဖန်ခွက်တွေကို ဆေးကြောပေးရတယ်။ စကားဆက်ဆိုကျကြပြီဆိုရင်တော့ ဆက်ဖ်ဖီက နည်းနည်းပဲဝင်ပြောတယ်။ နားထောင်တဲ့အလုပ်ကို စိတ်ဝင်တစားနဲ့ များများလုပ်တယ်။

အီးမစ်လ်အတွက်ကတော့ စည်းမရှိ ကမ်းမရှိ အလိုလိုက်ခံနေရသလို အခြေအနေမျိုး ရောက်နေတယ်။ ဒီအလုပ်ရုံကိုလာတဲ့ လူအများစုက နိုင်ငံခြားသားတွေများတယ်မို့လား။ သူ့ကို ချီကြ၊ ပိုးကြ၊ မြှူကြတဲ့လက်တွေနဲ့ အသံတွေဟာ နိုင်ငံခြားသားလက်တွေနဲ့ အသံတွေက အများစုပဲ။ ဒီလိုနဲ့ပဲ အဲဒီနားတစ်ဝိုက်မှာ အီးမစ်လ်ကို ပရင့်စ်ဒီစီစလီ (စီစလီမင်းသားလေး)ဆိုတဲ့နာမည်နဲ့ လူသိများလာတယ်။

တကယ်လို့ သူ့လက်တွန်းလှည်းလေး ဝင်လာတာမြင်ရင် အန်းဒရပ်စ်ရဲ့ သူငယ်ချင်းတွေနဲ့ အသိတွေက လှည်းကိုဝိုင်းထားပြီး အီးမစ်လ်ကို နှုတ်ဆက်ကြတယ်။ နေကောင်းရဲ့လားလို့ မေးကြတယ်။ စကားပြောတတ်စ အီးမစ်လ်ရဲ့နှုတ်မှာ ထူးဆန်းတဲ့စကားအသုံးအနှုန်းတွေ ရှိလာတယ်။ တော်ပါသေးရဲ့။ ရာဖေးရဲ့နားမှာ နိုင်ငံခြားဘာသာစကားတွေ မကြားဖူးခဲ့လို့။

ကုန်လွန်သွားခဲ့တဲ့ သီတင်းပတ်အနည်းငယ်အတွင်းမှာ အီးမစ်လ်ဟာ အန်းဒရပ်စ်ကို 'အပူး'လို့ ခေါ်လာခဲ့ပါတယ်။ အဲဒီစကားလုံးဟာ ဟန်ဂေရီစကားပါ။ 'အဖေ'လို့ အဓိပ္ပာယ်ရပါတယ်။ ရာဖေးကတော့ သူ့ရဲ့ 'ပါပါ'ပါ။

ဘာပဲဖြစ်ဖြစ် စကားအပြောသင်နေတဲ့ အီးမစ်လ်ဟာ လိမ်ပြောနည်းကိုပါ သင်ခံနေရပါတယ်။

✢ ✢ ✢

အဲဒီနှစ် ဆောင်းရာသီအတွင်းမှာ အန်းဒရပ်စ်ရဲ့ ဧည့်သည်[illegible] ဆက်ဖ်ဖီကို စိတ်အနှောင့်အယှက်ဖြစ်အောင် နှစ်ကြိမ်လုပ်ခဲ့ပါတယ်။ [illegible] မဟုတ်ဘူး၊ နှစ်ကြိမ်မကဘူး...သုံးကြိမ်။ ဒါပေမဲ့ တတိယအကြိမ်[illegible] ပြင်းထန်ကြီးမားတဲ့ စိတ်အနှောင့်အယှက်ဖြစ်ရတယ် ဆိုတဲ့ [illegible] မရှိတော့ဘူး။ တတိယအကြိမ်ဟာ သူတို့ရဲ့ချစ်ခြင်းကိုတောင် [illegible] အဆင့်ကို ရောက်သွားခဲ့တယ်။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီလရဲ့ ဗုဒ္ဓဟူးနေ့ တစ်မနက်ခင်းမှာပါ။ အန်းဒရပ်စ်
ဆက်ဖ်ဖီနဲ့ အီးမစ်လ်ကို အလုပ်ရုံထဲမှာ နှစ်ယောက်တည်း ထားပစ်ခဲ့ပြီး သူ
သကြားဝယ်ဖို့ အပြင်ကိုထွက်သွားတယ်။ အဲဒီတုန်း ဖြုန်းခနဲ တံခါးပွင့်သွား
အလုပ်ရုံထဲကို ပေပေတေတေနဲ့ လူတစ်ယောက် ဝင်လာပါတယ်။ ဝတ်ထား
ကလည်း စုတ်စုတ်ပြတ်ပြတ်၊ အရက်နံ့ကလည်း တထောင်းထောင်း၊ ပေါက်ပြဲ
တဲ့ ဖိနပ်ရဲ့ ထိပ်နှစ်ဖက်က ထွက်နေတဲ့ ခြေချောင်းတွေကလည်း မည်းမည်း

တအားလန့်သွားတဲ့ ဆက်ဖ်ဖီဟာ အပြေးအလွှားသွားပြီး အီးမစ်လ်
ကောက်ချီလိုက်တယ်။ ကလေးကို သူ့ရင်ခွင်မှာအပ်ထားလိုက်ပြီး ဝင်လာတဲ့လူ
ပြူးတူးပြဲတဲနဲ့ ကြည့်နေမိတယ်။ ဟိုလူကလည်း ဆက်ဖ်ဖီကို သိပ်ပြီး ဂရုမစိုက်
တဲ့ပုံပဲ။ အလုပ်ရုံထဲကို လှည့်ပတ်ကြည့်ပြီး မေးတယ်။ 'မွန်စီယာ အန်ဒရီ
ဘယ်သွားလဲ၊ မွန်စီယာအန်ဒရီ မရှိဘူးလား' တဲ့။

အဲဒီအခိုက်မှာပဲ အိမ်ဝင်းထဲဝင်လာတဲ့ အန်းဒရပ်စ်ရဲ့ လေချွန်သံ
သူတို့ ကြားရတယ်။ ဆက်ဖ်ဖီဟာ အန်းဒရပ်စ်ကမေးရင် ဘာပြောရမလဲဆိုတာ
ကြိုတင်ပြင်ဆင်နေတယ်။ 'ဆက်ဖ်ဖီ စိတ်မကောင်းပါဘူး၊ သူက တံခါးမခေါက်
ဘဲ ဝင်လာတာဆိုတော့ လန့်သွားတာပေါ့၊ ဆက်ဖ်ဖီကို စိတ်မဆိုးနဲ့နော်၊ သူကတော့
ခြိမ်းလား ခြောက်လား မလုပ်ပါဘူး' စသည်ဖြင့် ပြောမယ်ပေါ့။ ဒါပေမဲ့ အံ့အား
သင့်စရာ ကောင်းနေတာက တခြားမဟုတ်ဘူး… အန်းဒရပ်စ်ဟာ ဟိုလူ
တစ်ချက်ကလေးတောင်မှ လှည့်မကြည့်ဘူး။

ပြီးတော့ မေးတယ်။ 'ဘယ်လိုနေလဲ… ပီရားရော့' တဲ့။ ပိုပြီးအံ့သြ
ကောင်းတာက အန်းဒရပ်စ်ဟာ စာအုပ်စင်ဆီကိုသွားတယ်။ စာအုပ်တချို့
နှိုက်တယ်။ အထဲက သားရေအိတ်ကလေးတစ်လုံးကို ဆွဲထုတ်ပြီး ဟိုလူ
လှမ်းပေးဘယ်။ 'ရော့… ဟောဒီမှာ ဒီည မင်းနဲ့တွေ့မယ်၊ မင်းအတွက် ကောင်း
သောနေ့ဖြစ်ပါစေ' လို့ ပြောတယ်။

'ကျေး… ကျေးဇူးတင်ပါတယ် မွန်စီယာအန်ဒရီ' လို့ ထစ်တီးထစ်ငေ့
ပြောတယ်။ ပြီးတော့ ဦးခေါင်းကိုညွှတ်ပြီး နှုတ်ဆက်ရင်း တံခါးဆီကိုသွားတယ်။
'မဒမ်ကို ကျုပ် လေးစားပါတယ်' လို့ ပြောတယ်။

အန်းဒရပ်စ်က သူ့နောက်ကလိုက်သွားပြီး တံခါးကိုပိတ်လိုက်တယ်။

'ကိုယ့်သူငယ်ချင်းတစ်ယောက်ပါ' လို့ အန်းဒရပ်စ်က ရှင်းပြတယ်။
'သူက အစားအစာရောင်းတဲ့ ဈေးထဲမှာ အိပ်တယ်၊ မင်း သိမှာပါ၊ ရှုချားလော့လန်



သော၊ ဈေးက အကြီးကြီးပဲ။ ညဆိုရင် လူလေလူလွင့်တွေ ဒီဈေးကိုလာကြတယ်၊
ထားပြောကြတယ်။ ကတ်ထူသေတ္တာတွေကြားမှာ ဝင်ပြီးအိပ်ကြတယ်။ နွေးထွေး
အောင်လို့ အဲဒီလိုအိပ်ကြတာ'

'ဒါပေမဲ့ မင်းသိတဲ့အတိုင်းပဲ… ခါးပိုက်နှိုက်တွေက အများကြီးပဲ၊
အဲဒီတော့ ပီးရားရော့ ဟာ သူ့လက်ထဲမှာ ငွေအနည်းအပါးရှိလာရင် ညပိုင်းမှာ
သိမ်းထားပေးဖို့ လာပြီးအပ်လေ့ရှိတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူက ဝိုင်သောက်
ပြီး ကုလားသေ ကုလားမော အိပ်ပျော်တတ်တယ် မဟုတ်လား။ သူရောက်လာ
တော့ မင်း လန့်သွားတယ်နော်… ဖြစ်မှဖြစ်ရပလေကွာ'

သူဟာ ရယ်မောပြီး မအေကိုရော ကလေးကိုပါ တအားဖက်ထားတယ်။
'အချစ်ရယ်… မင်း လန့်သွားသလား' တဲ့။

အီးမစ်လ်ကတော့ အန်းဒရပ်စ်ရဲ့လည်ပင်းကို ဖက်တွယ်ပြီးတက်တယ်။
ပြီးတော့ 'အပူး' လို့ ခေါ်တယ်။

ဒုတိယအကြိမ်မှာတော့ မိန်းမတစ်ယောက်ပါ။

ဆက်ဖ်ဖီဟာ တံခါးကိုတွန်းဖွင့်ပြီး ဝင်လိုက်ပါတယ်။ အထဲလည်းရောက်
ရော သူမကို မြင်ရတာပါပဲ။ ရွှေရောင်ဆံပင်နဲ့ လုံးကြီးပေါက်လှ မိန်းမတစ်ယောက်
ပါ။ အန်းဒရပ်စ်နဲ့ သက်တူရွယ်တူလောက်လို့ ထင်ပါတယ်။ သူမဟာ ဆက်ဖ်ဖီ
ထိုင်နေကျ လက်တင်ကုလားထိုင်ပေါ်မှာ ထိုင်နေပါတယ်။ အဲဒီ ကုလားထိုင်ကို
ကြာသေးခင်ကမှ ဆက်ဖ်ဖီ ပြင်ထားခဲ့တာမို့ အန်းဒရပ်စ်ကတော့ သူ့အလုပ်ခုံမှာ
ထိုင်ပြီး ထရမ်းဘုံး ကြေးခရာ တစ်ခုကို ငုံ့ကြည့်နေပါတယ်။

ဆက်ဖ်ဖီအဖို့တော့ အံ့အားသင့်စရာပါ။ ရုပ်ရှင်တစ်ကားကြည့်လိုက်ရ
တာနဲ့ တူပါတယ်။ သူ့နေရာမှာ တခြားမင်းသမီးတစ်ယောက် ပါဝင်ကပြနေတဲ့
ဇာတ်ကားတစ်ကားနဲ့ ဘာမှမခြားဘူးလို့ ထင်မိပါတယ်။ နိုင်ငံခြားဘာသာစကား
ပြောတဲ့ ရုပ်ရှင်တစ်ကား ကြည့်နေရသလိုပါပဲ။ အောက်ခြေက သူ့နားလည်တဲ့
စာတန်းထိုးထားတာလည်း မပါပါဘူး။

ဟုတ်ပါတယ်… အန်းဒရပ်စ်ဟာ ကိုယ်လုံးကိုယ်ပေါက် ကောင်း
ရောင့်ရောင့်၊ ရွှေရောင်ဆံပင်ပိုင်ရှင် အမျိုးသမီးနဲ့ စကားပြောနေ
ပြောနေကြတာ ဟန်ဂေရီဘာသာစကားနဲ့ပါ။ နှစ်ယောက်စလုံး
သတိရကြဟန် မတူပါဘူး။ မြင်ပုံလည်း မပေါ်ပါဘူး။ အန်းဒရပ်စ်ဟာ
သူ့ဟန်ဂေရီဘာသာစကား ပြောနေရရင် စိတ်အားသိပ်ထက်သန်ပါတယ်။ သူ

www.burmeseclassic.com

www.burmeseclassic.com



စကားတွေကြောင့် ဟိုတစ်ဖက်က အမျိုးသမီးက အားပါးတရ ရယ်မောနေတာ တွေ့ရပါတယ်။

ရုတ်တရက် မြင်လိုက်ရတာဆိုတော့ သူမဟာ ကြောင်နေတယ်။ ရောယ် တဲ့နေရာမှာ ရပ်နေမိတယ်။ တစ်မျက်နှာလုံးလည်း နီရဲနေတယ်။

နောက်ဆုံးမှာတော့ အန်းဒရပ်စ်က သူ့ကို မြင်သွားတယ်။ ထိုင်နေရာက ထရပ်လိုက်ပြီး 'ဟေး… ကိုယ့် ဆက်ဖ်ဖီ… ဒီကိုလာလေ'လို့ ခေါ်တယ်။ 'လာလေကွာ၊ ဒီဟာ အင်နာ'တဲ့။

'အင်ချန့်တီး'လို့ ဟန်ဂေရီအမျိုးသမီးက ရေရွတ်တယ်။ သူ့အသံက မပီဘူး။ 'အင်ချန့်တီး'ဆိုတဲ့ စကားလုံးဟာ သူနားလည်ထားတဲ့ တစ်လုံးတည်း သော ပြင်သစ်စကား ထင်ပါတယ်။

ဆက်ဖ်ဖီကတော့ ဟန်မဆောင်နိုင်ဘူး။ ဒီအမျိုးသမီးနဲ့ အခန်းထဲမှာ တွဲနေချင်တဲ့စိတ် မရှိဘူး။ ဒီမိန်းမဟာ အန်းဒရပ်စ်ရဲ့မိတ်ဆွေ။ ပြီးတော့ ဘာသာ စကားတူတဲ့ တစ်နိုင်ငံတည်းသား။ အဓိမတန်ရင်းနှီးပုံလည်း ရှိရဲ့။ သူ့မယားဖြစ် နေရင်တော့… ဘုရား… ဘုရား။

'အို… အို… ကိစ္စမရှိဘူး၊ အမှတ်တမဲ့ ဝင်လာမိတာ တောင်းပန်ပါ တယ်'လို့ ဆက်ဖ်ဖီက အထစ်ထစ်အငေါ့ငေါ့နဲ့ ပြန်ပြောပြီး သူ့လက်ပတ်နာရီကို ငုံ့ကြည့်တယ်။ 'ဆက်ဖ်ဖီ သိပ်နောက်ကျနေပြီ။ မြန်မြန်သွားမှဖြစ်မှာ ကျေးဇူးပဲ ဗွတ်ဘိုင်'လို့ နှုတ်ဆက်တယ်။

သူ အလုပ်ရုံထဲက ကပျာကယာ ထွက်လာခဲ့တယ်။ ကလေးရဲ့လှည်းကို ပြန်လှည့်တယ်။ လှည်းထဲမှာ ထိုင်နေတဲ့ အီးမစ်လ်က ထရပ်လိုက်ပြီး သူ့လက် နှစ်ဖက်ကို အန်းဒရပ်စ်ဘက် ဆန့်တန်းထားတယ်။ 'အပူး'လို့လည်း ခေါ်နေတယ်။

အင်နာ ဆိုတဲ့ မိန်းမက ရယ်တယ်။ ဟန်ဂေရီလို စကားတစ်ခွန်း ပြောတယ်။ ဆက်ဖ်ဖီကတော့ နားမလည်ဘူး။ သူ့အတွက် အရေးကြီးနေတာက ဒီနေရာနဲ့ ဝေးဝေးကိုရောက်သွားဖို့ပဲ။

အန်းဒရပ်စ်က ပြေးလိုက်လာတယ်။ ဆက်ဖ်ဖီ ခြံဝင်းအပြင်ဘက်မရောက် ခင် ဖမ်းမိသွားတော့ လက်မောင်းကို ဆုပ်ကိုင်ထားတယ်။

'မင်း အရူးပဲ ဆက်ဖ်ဖီ၊ မင်း မသိဘူးလားကွာ'လို့ ပြောတယ်။ ဂျာမန် မကတော့ ငြိမ်နေတယ်။ ဘာမှပြန်မပြောဘူး။

'အင်နာဟာ ဘူဒါပက်စ်မြို့မှာနေတဲ့ အချစ်ဆုံးသူငယ်ချင်းရဲ့ဇနီး'လို့



အန်းဒရပ်စ်က ပြောတယ်။ 'သူဟာ တေးဂီတအဖွဲ့တစ်ဖွဲ့နဲ့ လိုက်လာတာ--- ခါရီမှာ သုံးရက်နေမယ်၊ ဟိုက လူတွေအကြောင်း လာပြီးပြောပြတာ၊ မပြန်ပါနဲ့ မင်း ပြန်စရာမလိုပါဘူး'

'သူကရော ဂျူးပဲလား'လို့ ဆက်ဖ်ဖီက နှစ်ကိုယ်ကြားလေသံနဲ့ မေးတယ်။

အန်းဒရပ်စ်ဟာ ဆတ်ခနဲဖြစ်သွားတယ်။ ဆက်ဖ်ဖီက သူ့ပါးကို ရိုက် လိုက်သလို ခံစားလိုက်ရတယ်။

'ဟုတ်တယ်၊ သူလည်း ဂျူးပဲ၊ ဂျူးမှ ဂျူးအစစ်၊ ကိုယ့်သူငယ်ချင်းတွေ အားလုံးဟာ ဂျူးတွေချည်းပဲ၊ အဲဒီတော့ မင်း ဘာပြောချင်လဲ၊ မင်းက…'

'သူက ဆက်ဖ်ဖီကို ကြည့်နေတာကိုး'လို့ ဆက်ဖ်ဖီက ကြားဖြတ်ပြော တယ်။

'သူကြည့်ရတာ ရွံရှာစက်ဆုပ်သလိုမျိုးပဲ၊ တော်တော်ရှုံ့ဖို့ကောင်းတဲ့ ဂျာမန်မပါလားလို့ ပြောနေသလိုပဲ'

'အဲဒါ မင်းစိတ်ကူးယဉ်ပြီး ထင်နေတာပဲ'လို့ အန်းဒရပ်စ်က ပြန်ပြော ပြီး သူဆုပ်ကိုင်ထားတဲ့ ဆက်ဖ်ဖီ့လက်မောင်းကို လွှတ်လိုက်တယ်။ မျက်နှာချင်း ဆိုင်ရပ်ပြီး ဆက်ဖ်ဖီ့မျက်နှာကို စိုက်ကြည့်နေတယ်။ ခေါင်းတခါခါလုပ်နေရင်း က 'မင်းက သိပ်စိတ်ကူးယဉ်တတ်တာကိုး၊ မင်း မနေချင်ရင် မနေပါနဲ့၊ ပြန်ပါ'တဲ့။

ဆက်ဖ်ဖီက ချာခနဲ ပြန်လှည့်ပြီး တွန်းလှည်းကလေးကို တွန်းထွက်လာ ခဲ့တယ်။ အီးမစ်လ်ကတော့ တွန်းလှည်းထဲကနေပြီး အော်ငိုနေတယ်။

+ + +

တတိယအဖြစ်ကတော့ သူတို့နှစ်ဦးရဲ့ ချစ်ခြင်းကိုတောင်မှ ဖျက်ဆီးပစ် မယ့် အနေအထားမို့ ဆိုးဝါးတယ်လို့ ဆိုရပါလိမ့်မယ်။ ဒုတိယအဖြစ်နဲ့ ကြုံခဲ့ရ ပြီးနောက်ပိုင်းမှာ သူတို့ဆက်ဆံရေးဟာ ပျက်မသွားပါဘူး။ လူချင်းဆုံကြတယ် တွေ့တယ်။ ဒါပေမဲ့ တစ်လ နှစ်လလောက်အကြာမှာ တတိယအဖြစ်က ပေါ်လာ တယ်။ နှစ်ဦးကြားမှာ ရှိလာတဲ့ အထင်အမြင်လွဲမှုနဲ့ နားမလည်မှုတွေကို ခြေဖျက် ချေသွားအောင် သင်ပုန်းချေပြီးကာမှ ပေါ်လာရတဲ့ ပြဿနာပါ။

အဲဒီနေ့က ဆက်ဖ်ဖီနဲ့ အီးမစ်လ်တို့ဟာ ခါတိုင်း လာနေကျအချိန်ထက် နောက်ကျပြီး အလုပ်ရုံကို ရောက်လာခဲ့ကြပါတယ်။ အကြောင်းက ဒီလိုပါ။ ကုပ်တွေဖျားကြောင့် သီတင်းတစ်ပတ်ကျော်လောက် အိပ်ရာထဲ လဲနေခဲ့တဲ့ ဂျာဆေး

www.burmeseclassic.com



ဟာဒီနေ့ပဲ ဂျနီဗာ ကို ခရီးထွက်သွားပါတယ်။

ရာဖေး ဖျားနေချိန်မှာ ဆက်ဖ်ဖီဟာ မယားကောင်းတစ်ယောက်ရဲ့ ဝတ္တရားနဲ့အညီ ရာဖေးကို လိုလေသေးမရှိအောင် ပြုစုယုယပါတယ်။ သူငယ်စဉ်က သူနေထိုင်မကောင်းဖြစ်တဲ့အခါ သူ့အမေ တယုတယ ပြုစုပေးနေသလိုပါပဲ။ ရာဖေး နှစ်သက်မယ့် အစားအသောက်ကို စနစ်တကျနဲ့ ချက်ပြုတ်ကျွေးမွေးသလို အပူချိန်ကိုလည်း မနက်တစ်ကြိမ်၊ ညတစ်ကြိမ် တိုင်းပါတယ်။ 'တနင်္လာနေ့ည မှာလုပ်မယ့် ဂီတပွဲအမီ ကောင်းသွားမှာပါ' လို့လည်း မကြာခဏ အားပေးစကား ပြောပါတယ်။

ဆက်ဖ်ဖီ အဲဒီလိုလုပ်နေတာဟာ သူတော်ကောင်းယောင် ဆောင်နေတာလား… ရာဖေးကို လှည့်စားညာလှိမ့်နေတာလား… မဟုတ်ပါဘူး။ ရာဖေး အပေါ်မှာ တကယ့်စေတနာအစစ်အမှန်နဲ့ လုပ်ပေးနေတာပါ။ တကယ့်ကို သနား ကြင်နာတဲ့ စိတ်နဲ့ လုပ်ပေးနေတာပါ။

သူ့အပေါ်မှာ ရာဖေးရဲ့ ကျေးဇူးတွေဟာ ကြီးမားလှပါတယ်။ ရာဖေးရဲ့ ပြုစုစောင့်ရှောက်မှုတွေဟာ အများကြီးပါ။ ဆိုကြပါစို့ရဲ့။ သူ့ကို ပြင်သစ်နာမည် ပေးခဲ့တာ ဘယ်သူလဲ။ အန်းဒရပ်စ် မဟုတ်ပါဘူး။ ပြင်သစ်နိုင်ငံသူဘဝ ရောက် စေခဲ့တာရော ဘယ်သူလဲ။ အန်းဒရပ်စ် မဟုတ်ပါဘူး။ အဲဒါတွေအားလုံးဟာ ရာဖေးရဲ့ ကျေးဇူးပါ။

သူမအနေနဲ့ အန်းဒရပ်စ်အပေါ်မှာ ချစ်မိခဲ့တယ်ဆိုဦးတော့… အန်းဒရပ်စ် ဆီမှာ ညအိပ်ညဉ့်နေ မနေပါဘူး။ ရာဖေး ခရီးဝေးထွက်သွားချိန်မှာတောင် ဘယ်ကိုမှ ညအိပ်ညဉ့်နေ မသွားပါဘူး။ ဒါဟာ ဆက်ဖ်ဖီရဲ့ စောင့်စည်းမှုတစ်ခု ပါ။ ပြီးတော့ သူမရဲ့သား အီးမစ်လ်နဲ့ခွဲပြီးနေဖို့၊ အိပ်ဖို့ဆိုတာ သူ လုံးဝမစဉ်းစား တဲ့အရာပါ။

တကယ်တော့ ဆက်ဖ်ဖီဟာ အတွင်းစိတ်ရဲ့ ပဋိပက္ခဒဏ်ကြောင့် နှစ် ဘဝဖြစ်နေရသူပါ။ မကောင်းဘူးဆိုတာ သိပေမယ့် စိတ်အလိုကို လိုက်လွန်းအား ကြီးတော့ ဒီလိုပဲဖြစ်နေရတာပါ။

ဒီနေ့မနက် နေကောင်းသွားပြီဖြစ်တဲ့ ရာဖေးဟာ တက္ကစီတစ်စီးနဲ့ ညသီ လေယာဉ်ကွင်းကို ထွက်သွားခဲ့ပါတယ်။ သူလည်းထွက်သွားရော ဆက်ဖ်ဖီနဲ့ အီးမစ်လ်ဟာ အန်းဒရပ်စ်ရဲ့ အလုပ်ရုံကို ထွက်လာခဲ့ကြပါတယ်။

✢ ✢ ✢



ရှုဒီစိန့်လမ်းအတိုင်း လျှောက်သွားနေကြတဲ့ ဆက်ဖ်ဖီတို့ကို စောင့်ကြည့် နေသူကတော့ မဒမ်မွိုင်ဇယ် ဘလန်ချီပါ။ 'အင်း… မဒမ်လီပိတ်ချ်တစ်ယောက် ကတော့ အခုထက်ထိ သူ့ခြေထောက်နှစ်ဖက်မှာ အတောင်တွေ တပ်ထားနေတုန်း ပါလား' လို့ ဘလန်ချီက စိတ်ထဲမှာ ကျိတ်ပြီးပြောနေမိပါတယ်။ အေးလေ… ဒီလိုကိစ္စမျိုးက တချို့ကျတော့ ခဏပဲ။ တချို့ကျတော့ နှစ်နဲ့ချီပြီး ကြာတတ် တယ်။ တချို့ကျတော့…

✢ ✢ ✢

ဧပြီလ နေရောင်အောက်မှာ ဆက်ဖ်ဖီနဲ့ အီးမစ်လ်တို့သားအမိဟာ ရှုဒ မှုင်ဒီစစ္စလီလမ်းကို ရောက်လာခဲ့ကြပါတယ်။ အလုပ်ရုံထဲမှာ မီးရောင်တွေ လင်း နေရုံမကဘူး။ စကားပြောသံတွေလည်း ကြားနေရပါတယ်။ ဒါပေမဲ့ အဝင် တံခါးကိုတော့ သော့ခတ်ထားပါတယ်။ အဲဒါက ပြဿနာတော့ မဟုတ်ပါဘူး။ ဆက်ဖ်ဖီမှာ သော့ရှိနေပါတယ်။

ဆက်ဖ်ဖီဟာ တံခါးကို သူ့သော့နဲ့ဖွင့်လိုက်ပြီး အထဲကိုဝင်ပါတယ်။ အန်းဒရပ်စ်ဟာ မီးဖိုခန်းထဲက စားပွဲမှာ အဝင်တံခါးဘက်ကို ကျောပေးပြီး ထိုင်နေတယ်။ သူနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့လူကတော့ အသားညိုညို လူငယ်တစ်ယောက်ပါ။ ဆံပင်နက်နက်၊ နှုတ်ခမ်းမွေးနက်နက်၊ မျက်လုံးတွေက နီရဲရဲနဲ့။

ဆက်ဖ်ဖီ ဝင်လာတဲ့အသံကို ကြားလိုက်တော့ လူနှစ်ယောက်စလုံး ပြိုင်တူခန်း ခုန်ထလာတယ်။ သူတို့မျက်နှာတွေဟာ ဒေါသအရှိန်နဲ့ နီရဲနေတယ်။ အန်းဒရပ်စ်ကိုယ်တိုင်လည်း မျက်စိမျက်နှာပျက်ပြီး ဒေါသအရှိန်တက်နေပါတယ်။

'မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ'

'ဘာ… ကျွန်မ ဘာလုပ်နေလဲတဲ့၊ ရှင် ဘာကိုဆိုလိုတာလဲ'

ဆက်ဖ်ဖီဟာ မျက်ချင်းငြိမ်ကျသွားတယ်။ အိပ်မက်ဆိုးတစ်ခုပါလား။ အဲဒါမှမဟုတ်ရင် အကောင်းဆုံး အိပ်မက်ဆိုးထဲက အဆိုးနဲ့နိုးထလာရခြင်းတစ်ခု ပဲ ဖြစ်မယ်။

အန်းဒရပ်စ်က ဆက်ဖ်ဖီ့လက်မောင်းကို တအားကုတ်ဆွဲလိုက်တယ်။ ပြီးတော့ ခြံဝင်းထဲကို တွန်းထိုးပြီးထုတ်လာတယ်။ အပြင်ရောက်တော့ တံခါးကို ပြန်ပိတ်လိုက်တယ်။ 'အမူး… အမူး' လို့ခေါ်နေတဲ့ အီးမစ်လ်ရဲ့အသံကိုတောင်မှ တုံ့ပြန်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



'မင်း ဒီနေ့ ဒီမှာနေလို့မဖြစ်ဘူး ဆက်ဖ်ဖီ' တဲ့။ အသံကတိုးတိုးပေမယ့် တိကျပြတ်သားတယ်။

'ဘာပြောတယ်၊ ဘာဖြစ်လို့လဲ အန်းဒရပ်စ်၊ အဲဒီလူက ဘယ်သူလဲ၊ ရှင်မပြောရင် ဆက်ဖ်ဖီ…'

'မနက်ဖြန်ကျရင် ပြောမယ်၊ မင်း မနက်ဖြန် ပြန်လာခဲ့၊ ကိုယ် ရှင်းပြမယ်၊ အခုတော့ ပြန်ပေါ့ကွာ၊ ကိုယ် တောင်းပန်ပါတယ်'

အန်းဒရပ်စ်ဟာ ဆက်ဖ်ဖီဆီက အဖြေကိုမစောင့်ဘဲ အလုပ်ရုံထဲ ပြန်ဝင်သွားပြီး တံခါးကိုပိတ်လိုက်တယ်။

ဆက်ဖ်ဖီဟာ ရူဒီစိန့်လမ်းကို ပြန်လာခဲ့တယ်။ သူလမ်းလျှောက်နေသလား။ ပျံသန်းနေသလား။ ရေကူးနေသလား။ သူ ဘာလုပ်နေသလဲဆိုတာ ခွဲခြားပြီး မသိတော့ပါဘူး။

နောက်ပိုင်း ရက်အနည်းငယ်အတွင်းမှာ ဆက်ဖ်ဖီ့မျက်နှာဟာ သုန်မှုန်နေတယ်။ ကြည်လင်ရွှင်ပြမှုဆိုတာ လုံးဝမရှိတော့ဘူး။ ဟိုတစ်ဖက်လူဆီမှာ ဘယ်လီဖုန်းမရှိတော့ သူ့စိတ်ပြန်ပြီးကြည်လင်ဖို့ဆိုတာ ဖြစ်ဖို့မလွယ်တော့ဘူး။ သူမရဲ့ တိတ်ဆိတ်မှုဟာ အကြောင်းတွေအများ ရှိနေတယ်။

အန်းဒရပ်စ်က သူမရဲ့ တိတ်ဆိတ်မှုကို ဘယ်လိုကောက်ချက်ချလေမလဲ။ ဆက်ဖ်ဖီ နောင်တရသွားပြီလို့များ တွက်လေမလား။ သူ့ဘက်က သူမနဲ့ ဆက်သွယ်စရာလမ်းက မရှိသလောက်ပဲ။ တကယ်တော့ သူဟာ ဆက်ဖ်ဖီ ဘယ်မှာနေတယ်ဆိုတာတောင် အတိအကျသိတာ မဟုတ်ဘူး။ သူမရဲ့ တခြားဘဝကိုလည်း သူ မသိဘူး။ ရာဖေးနဲ့အတူတူနေရတဲ့ သူမရဲ့ လူလတ်တန်းစားဘဝကိုလည်း သူ မသိဘူး။

ရာဖေးဟာ တနင်္ဂနွေနေ့ ပြန်ရောက်မှာပါ။ ရာဖေး ရောက်မလာခင် အန်းဒရပ်စ်နဲ့ ရင်ဆိုင်နေရတဲ့ အခြေအနေကို ရှင်းပစ်ချင်ပါတယ်။ အဲဒါကြောင့် သောကြာနေ့မှာ ဆက်ဖ်ဖီဟာ မာရေ့စ်ကို ပြန်သွားခဲ့ပါတယ်။

✢ ✢ ✢

အလုပ်ရုံထဲမှာ အန်းဒရပ်စ်တစ်ယောက်တည်းပါ။ ဟိုနေ့က နှုတ်ခမ်းမွေးနဲ့ ဖေညွှသည်အကြောင်း စပ်လို့တောင် မပြောဘူး။ အဲဒီတော့ ဆက်ဖ်ဖီကပဲ မေးနေတယ်။



'အဲဒါ ဘယ်သူလဲ'

'ဘယ်သူ့ကို ဘယ်သူလဲလို့ မေးနေတာလဲ'

'တော်စမ်းပါ၊ ရှင်ပဲ ကျွန်မကို ပြောပါမယ်လို့ ကတိပေးထားတယ် မဟုတ်လား'

'အီးမစ်လ်ရေ… အပူး လုပ်ပေးထားတာကို ကြည့်စမ်း'

သူ လုပ်ပေးထားတာ ပလွေပါ။ လွန်ခဲ့တဲ့နှစ် ဆောင်းဦးပေါက်က ရထားတဲ့ ဘူးသီးကို အခြောက်လှန်း၊ အပေါက်ကလေးတွေဖောက်ပြီး လုပ်ထားတဲ့ ပလွေပါ။ အန်းဒရပ်စ်က ပလွေကို ကလေးဆီလှမ်းပေးတယ်။

'**အန်းဒရပ်စ်**'

'ဒီမယ် ဆက်ဖ်ဖီ… မင်းလည်း မင်းဘဝနဲ့ပဲ မဟုတ်လား'

'မဟုတ်သေးဘူး အန်းဒရပ်စ်၊ ဆက်ဖ်ဖီကို ပြောပါ၊ အယ်လ်ကျီးရီးယားက်ဗ္ဗလား'

ဆက်ဖ်ဖီရဲ့ အတင်းအကျပ်မေးမှုကြောင့် တဖြည်းဖြည်းနဲ့ နည်းနည်းချင်းစီ ပြောမိလာတယ်။ အဲဒီတော့ သတင်းတချို့ဟာ သူ့ဆီက ထွက်ထွက်လာတယ်။ ဒီလိုနဲ့ပဲ သူချစ်နေတဲ့လူဟာ ၁၉၄၅ ခုနှစ်အတွင်းက သူ့ဘဝကို အကြီးအကျယ် ပျက်စီးအောင် ဖျက်ဆီးပစ်ခဲ့ကြတဲ့ ရှရားတွေလို ကွန်မြူနစ်ဝါဒကို ယုံကြည်တဲ့လူ ဖြစ်နေတာ သိလာရတယ်။

'ဆက်ဖ်ဖီက ရှင့်ကို ရှရားတွေအပေါ် ဆန့်ကျင်နေတဲ့လူလို့ ထင်ခဲ့မိတယ်၊ အဲဒါကြောင့် ဟန်ဂေရီနိုင်ငံက ရှင်ထွက်လာတာလို့ ထင်တာ'

'ကိုယ့်နိုင်ငံထဲ ကျူးကျော်လာတဲ့ ရှရားတွေကိုတော့ ကိုယ် ဆန့်ကျင်တယ်၊ ဒါပေမဲ့ ဆက်ဖ်ဖီရယ်… **ဂျူးအားလုံး**ဟာ မာ့က်စ်ဝါဒီတွေချည်းပဲဆိုတာ မင်းမသိဘူးလား။ မာ့က်စ်ဝါဒီအားလုံးဟာ ဂျူးတွေချည်းလိုလိုပဲ။ မင်းလည်း သိမှာပါ။ ထရော့စကီး၊ ဇီနိုဗက်ဗ်၊ ကာမီနက်ဗ်၊ ဂရော့စ်မန်း အစရှိတဲ့ အတော်ဆုံး ဘိုလ်ရှီဗစ်တွေဟာ ဂျူးတွေပဲ'

အန်းဒရပ်စ်ဆီက သိရတဲ့အတိုင်းဆိုရင် ဟိုတစ်နေ့က ဆက်ဖ်ဖီတွေ့ခဲ့တဲ့ လူငယ်နှုတ်ခမ်းမွေးရဲ့ အမည်ဟာ ရာရှစ် ပါ။ တကယ်တော့ အန်းဒရပ်စ်ဟာ ရာရှစ်အကြောင်းကို များများစားစား မသိပါဘူး။ ရာရှစ်ဟာ ပြင်သစ်နိုင်ငံ ကွန်မြူနစ်ဝါဒီ နိုင်ငံရေး အဖွဲ့အစည်းတစ်ခုမှာ ခေါင်းဆောင်တစ်ယောက်ပါ။ သူ့ရဲ့ အဓိက တာဝန်က ရန်ပုံငွေရှာရတဲ့ အလုပ်ပါ။ သူ့အသက်က နှစ်ဆယ့်ငါးနှစ်ပဲ ရှိဦးမှာ

www.burmeseclassic.com



တယ်။ သူဟာ ဆေးပညာသင်ပြီး ခွဲစိတ်ကုဆရာဝန်တစ်ယောက်ဖြစ်ဖို့ အိပ်မက်နေသူပါ။

ရာရှစ်တို့အိမ်ထောင်စုဟာ အကြီးကြီးလို့ ဆိုပါတယ်။ မိသားစုထဲမှာ သူဟာ အစ်ကိုအကြီးဆုံးပါ။ သူ့ညီနှစ်ယောက်ဟာ သူ့ဇာတိပြည်နယ် ကွန်စတန်တင် မှာ အသတ်ခံရလို့ သေကုန်ကြပြီတဲ့။ သူ့အမေက ရာရှစ်ကို တမြတ်တနိုး ချစ်ခင်ပြီး ကိုးကွယ်နေရှာတယ်တဲ့။ သူ့အဖေကတော့ '၁၉၄၅ ခုနှစ် ဆီတစ်ဖ် လူသတ်ပွဲကြီး' အတွင်းက သေနတ်မှန်ပြီး သေဆုံးသွားရတယ်တဲ့။

ရာရှစ်မှာ နေရပ်လိပ်စာ အတိအကျမရှိဘူး။ အိပ်တော့လည်း တစ်ည တစ်နေရာပြောင်းအိပ်တယ်။ ရဲတွေရဲ့ ထောင်ချောက်တွေကို ရှောင်တိမ်းချင်လို့ အဲဒီလိုနေရတာတဲ့။ တကယ်တော့ ရာရှစ်ဟာ အအိပ်အနေ သိပ်နည်းတဲ့လူပါ။ သူဟာ တစ်ညလုံးနီးပါးမအိပ်ဘဲ ကော်ဖီတွေ တစ်ခွက်ပြီးတစ်ခွက်သောက်ရင်း နိုင်ငံရေးအကြောင်း ပြောနေတတ်တယ်တဲ့။

ရာရှစ်ဟာ အရယ်အပြုံးလည်း အလွန်နည်းတယ်။ ဒါပေမဲ့ အန်းဒရပ်စ်က ရယ်စရာပြောလိုက်လို့ ရယ်ပြီဆိုရင် မည်းနက်နေတဲ့ သူ့မျက်နှာကြားက အလွန့်အလွန် ဖြူဖွေးနေတဲ့ သွားတွေပေါ်လာတာဟာ သရဲခြောက်သလားလို့ ထင်ရတယ်တဲ့။

အခု ရာရှစ်လုပ်နေတဲ့ လှုပ်ရှားမှုမှာ အန်းဒရပ်စ် ပါနေပါတယ်။ ရာရှစ်က သူ့ကိုသူ့ရဲ့သွေးသား ညီအစ်ကိုတစ်ယောက်အဖြစ် လက်ခံထားတယ်တဲ့။

'ဒီကိစ္စက လျှို့ဝှက်ချက်တစ်ခုပဲ' လို့ အန်းဒရပ်စ်ကပြောတော့ ဆက်ဖ်ဖီဟာ မျက်မှောင်ကုတ်ပြီး ကြည့်နေတယ်။ အန်းဒရပ်စ်ကလည်း ဆက်ပြီးရှင်းပြတယ်။ ရာရှစ်ဟာ သူ့ဆီကို တစ်လတစ်ကြိမ် လာတယ်။ သူ့ရန်ပုံငွေတွေကို ခေတ္တခဏလာဝှက်တာတဲ့။ နေရင်တော့ တစ်ညတည်းပါပဲတဲ့။ တစ်ခါတလေ သူစုဆောင်းလာတဲ့ လက်နက်တွေကိုတောင် အန်းဒရပ်စ်က ဝှက်ပေးထားရတယ်တဲ့။

'ရှင်က စစ်ဖြစ်မယ့်ကိစ္စကို ကူညီနေတယ်လို့ ဆိုလိုတာလား' လို့ ဆက်ဖ်ဖီက ကြောက်လန့်တကြား မေးတယ်။ 'ရှင်ပြောနေတာက ကလယ်ရီနက်တွေကိုင်နေတဲ့ ရှင့်လက်တွေက သေနတ်တွေကိုင်တယ်ဒပေါ့။ ဟုတ်လား၊ **အဲဒီလက်တွေနဲ့ ရှင်က လူတွေကို သတ်မယ်ဆိုပါတော့၊ ဟုတ်လား၊** ရှင့်ကို ကျွန်မ မုန်းတယ်၊ စက်ဆုပ်တယ်'



'ဆက်ဖ်ဖီ'

'ရှင် ကျွန်မကို မထိနဲ့၊ **ကျွန်မ စစ်ကိုသိပ်မုန်းတယ်၊ ရှင့်ကို ကျွန်မ ရဲတိုင်မယ်'**

အန်းဒရပ်စ်က ဆက်ဖ်ဖီ့ပါးကို တအားကုန်လွှဲရိုက်လိုက်တယ်။ အော်ပြောနေတာတွေ ရပ်သွားအောင်ဆိုတဲ့ သဘောပါ။ သူ့စိတ်သူ ထိန်းချုပ်သွားနိုင်အောင် ဆိုတဲ့ သဘောလည်း ပါတယ်။ ဆက်ဖ်ဖီဟာ သူ့လက်ဝါးနှစ်ဖက်နဲ့ မျက်နှာကို အုပ်ထားပါတယ်။ ငြိမ်လည်း ငြိမ်သွားပါတယ်။ အန်းဒရပ်စ်ရဲ့ ဆောက်ကွဲမှုဟာ အံ့အားသင့်စရာပါ။ ဆက်ဖ်ဖီတို့သားအမိအပေါ် သူ တကယ်ချစ်တာပါ။ သူ့အဖို့ ဒီနှစ်ဦးဟာ ဒီကမ္ဘာပေါ်မှာ အချစ်ဆုံးလို့ပြောရင်တောင် ရနိုင်ပါတယ်။ ဒါပေမဲ့ အခုတော့...'

အီးမစ်လ်ရဲ့ လက်ထဲက ကစားစရာပလွေဟာ ကြမ်းပေါ်ကို လွတ်ကျသွားတယ်။ လူကြီးနှစ်ယောက်ရဲ့ မျက်နှာတွေကို တစ်လှည့်စီကြည့်တယ်။ မျက်လုံးအစုံကတော့ ပြူးနေတယ်။ ဒါပေမဲ့ ငိုတော့ မငိုဘူး။

+ + +

နောက်နှစ်ရက်အကြာမှာ ရာဖေးဟာ ပါရီကို ပြန်ရောက်လာတယ်။ ဈေးအင်မတန်ကြီးတဲ့ ဥဩငှက် တိုင်ကပ်နာရီတစ်လုံး ဝယ်လာတယ်။ သူ့သား အီးမစ်လ်အတွက် လက်ဆောင်ပါ။ သူ့မျက်စိထဲမှာ ဆက်ဖ်ဖီဟာ အရင်ကထက် ပိုလို့ ချစ်စရာကောင်းနေပါတယ်။

အဲဒီညမှာ ဆက်ဖ်ဖီက ရာဖေးရဲ့ တေးဂီတဖြေဖျော်ပွဲ အဆင်ပြေ မပြေ မေးပါတယ်။ 'သိပ်ပြီး အဆင်ပြေတယ်' လို့ ရာဖေးက ဖြေတယ်။ ပြီးတော့ သူ ဟိုမှာကြုံခဲ့ရတဲ့ သူ့ရဲ့ ထူးထူးခြားခြား စွမ်းဆောင်မှုကလေးတွေကို ပြောပြပါတယ်။ အဲဒီလို ကြားရပြန်တော့လည်း ဆက်ဖ်ဖီဟာ သူ့လင်ယောကျ်ားအတွက် ဝမ်းသာအားရ ဖြစ်ရပါတယ်။ 'မောင့်အတွက် ဆက်ဖ်ဖီ ဂုဏ်ယူပါတယ်' လို့လည်း ပြောတယ်။ ဒါပေမဲ့ သူပြောတာက လှိုက်လှိုက်လှဲလှဲတော့ မဟုတ်ပါဘူး။ အလိုက်သင့်ပြန်ပြောတဲ့ သဘောပါ။

'မောင်လည်းပဲ ကိုယ့်အတွက်ကိုယ် ဂုဏ်ယူမိခဲ့တယ်' လို့ ရာဖေး ပြန်ပြောတယ်။ သူကတော့ သူခံစားခဲ့ရတဲ့အတိုင်း လှိုက်လှိုက်လှဲလှဲ ပြောခြင်းပါ။

ရာဖေးဟာ အဲဒီညက သူ့ဇနီးကို စေ့စေ့စပ်စပ်ကြည့်တယ်။ လက်တွေကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းဆွဲပြီး သူ့ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားတယ်။ ‘မင်းဟာလေ… တစ်နေ့တခြား လှသည်ထက် လှလာနေတယ်’လို့ ပြောတယ်။

+ + +

ဆက်ဖ်ဖီအနေနဲ့ သူ့မှာ အပြစ်ရှိနေတယ်လို့ သိမှသိရဲ့လား။ သူ့အနေနဲ့ အခုလို နှစ်ဘဝအဖြစ်ကို ရေရှည်သွားနိုင်မတဲ့လား။ နေ့စဉ်နဲ့အမျှ သွားနေရမယ့် ထိစ္စ။ ဒီကိစ္စကို သူ့စိတ်က မစဉ်းစားဘူးလား။ စဉ်းစားတိုင်း သူ့စိတ်မှာ အနှောင့် အယှက်ရော မဖြစ်ဘူးလား။

မဖြစ်ပါဘူး။ သူ အန်းဒရပ်စ်ကို ချစ်တယ်။ ရာဖေးကို မချစ်ဘူးဆိုတဲ့ အကြောင်းလေးတစ်ခုကို လက်ကိုင်ပြုပြီး သူ့အမှားသူ မမြင်ပါဘူး။

သူ့မှာ ဟီရိုသြတ္တပ္ပလို့ခေါ်တဲ့ လူ့ကျင့်ဝတ် အရှက်တရားနဲ့ အကြောက် တရားဆိုတာရော မရှိဘူးလား။ အခုလောလောဆယ် အနေအထားအရ မရှိဘူးလို့ ပဲ ဆိုရမှာပါ။ အဲဒီတော့ သူ့ပြဿနာဟာ ဖြေရှင်းရခက်တယ်လို့ပဲ ဆိုရတော့မှာပါ။

+ + +

(၁၃)

ဘာပဲဖြစ်ဖြစ် ဆက်ဖ်ဖီမှာ ထူးခြားတာတစ်ခုတော့ တွေ့လာရပါတယ်။ သူမဟာ သူမရဲ့သား အီးမစ်လ်အပေါ်မှာ အရင်ကထက် ပိုပြီးဂရုစိုက်လာပါတယ်။ နေ့စဉ်နေ့တိုင်း သူမရဲ့ဘေးမှာ အမြဲရှိနေတဲ့ ဒီလူသား သေးသေးလေး အပေါ်မှာ သူမဟာ တိုးတိုးပြီး ဂရုစိုက်လာခဲ့ပါတယ်။

အီးမစ်လ်ကလည်း မိခင်ကို သိပ်ပြီးကိုးကွယ်ပါတယ်။ မအေကို မြင် လိုက်တာနဲ့တစ်ပြိုင်နက် သူ့လက်ကလေးနှစ်ဖက်ကိုမြှောက်ပြီး ‘မေမေ ဂျီ’ဆိုတဲ့ စကားကို သူ့အမေက မချီမချင်း ထပ်ခါတလဲလဲ ပြောနေတတ်ပါတယ်။ မအေက ကောက်ချီလိုက်တာနဲ့တစ်ပြိုင်နက် သူ့ရဲ့ ပိန်သေးသေးခြေနှစ်ဖက်နဲ့ သူ့မအေရဲ့ ခါးကို တအားဆွဲထားတတ်ပါတယ်။ သူ့လက်ကလေးနဲ့ မအေရဲ့ပါးတွေကို ကိုင် တယ်၊ ပုတ်တယ်၊ ပွတ်တယ်၊ မအေ့ဆံပင်တွေကို ဆွဲတယ်။ ပြီးတော့ သူ့မအေ ကို တအားဖက်ပြီး နမ်းလေ့ရှိပါတယ်။

ဆက်ဖ်ဖီကိုယ်တိုင်ကလည်း သူမရဲ့သားကို သိမ်းကျုံးပွေ့ဖက်ထားပြီး သားရဲ့ဆံစကလေးတွေ၊ သားရဲ့နဖူးနဲ့ ပါးတွေကို ပြန်ပြီးနမ်းလေ့ရှိပါတယ်။ ပြီးတော့ သူ့နှုတ်က ထွက်လာနေတဲ့ ‘မေမေ့သားလေး’၊ ‘မေမေ့ချစ်ချစ်ကလေး’ အစရှိတဲ့ လှိုက်လှိုက်လှဲလှဲ ပြောနေတဲ့ စကားတွေကို ကြားရတတ်ပါတယ်။

အီးမစ်လ်ဟာ သူ့အိမ်မှုကိစ္စအဝဝကို လုပ်ကိုင်နေတဲ့ မအေနောက်က တကောက်ကောက်နဲ့ လျှောက်လိုက်နေတတ်ပါတယ်။ တစ်ခန်းဝင် တစ်ခန်းထွက် ပဲ။ အမေးအမြန်းကလည်း ထူလိုက်တာ အလွန်ပဲ။ သူမသိချင်တာဆိုလို့ ဘာမှ ရှိတော့ပါကလားလို့ ထင်ရပါတယ်။

+ + +

www.burmeseclassic.com



'ဟိုဟာ ဘာလဲ'

'ဖုန်စုပ်စက် သားရဲ့'

'ဖုန်… ဖုန်… စုပ်'

'ဖုန်… စုပ်… စက်'

'ဖုန်… စုပ်… စက်'

✢ ✢ ✢

'ဒီဟာ ဘာလဲ မေမေ'

'အဲဒါ'

ဆက်ဖ်ဖီကိုယ်တိုင်က ပြင်သစ်စကားကို အကျေအညက် ပိုက်စိပ်တိုက်ပြီး သိသေးတာမဟုတ်တော့ ရုတ်တရက် မဖြေနိုင်ဘူး။ အချိန်တော်တော်ကြာကြာ စဉ်းစားနေရတယ်။ ပြီးတော့မှ ခေါင်းထဲမှာ ဖျတ်ခနဲ ပေါ်လာတယ်။

'ရေချိုး သားရဲ့'

'ရေ… ချိုး'

'အေး… ဟုတ်တယ်၊ အဲဒါ ရေချိုး'

'ရေ… ချိုး'

✢ ✢ ✢

ဒီကမ္ဘာကြီးရဲ့ မသိနားမလည်မှုတွေ၊ ရှုပ်ထွေးမှုတွေ၊ ရန်လိုတဲ့ ငြိမ်ဆိတ်မှုတွေကို ယှဉ်ပြိုင်တိုက်ခိုက်ရတာ မလွယ်ပါဘူး။ အလွန်သေးမွှားတဲ့ အောင်မြင်မှုကလေးတွေသာ ရတတ်ကြတာပါ။

✢ ✢ ✢

စာကလေးတစ်ကောင် ပြတင်းပေါက်ပေါင်ပေါ် လာနားတာမြင်ရင် အီးမစ်လ်ရဲ့ပါးစပ်က 'ဒီဒီ… ဒီဒီ' ဆိုတဲ့ စကားသံ ထွက်လာတယ်။ 'ဒီဒီ' ဆိုတဲ့ စကားလုံးဟာ ရှေးသုံးပါ။ ငှက်ကို ပြောတာပါ။ ပထမမှာတော့ ဆက်ဖ်ဖီက အဲဒီစကားလုံးကို 'ငှက်' လို့ လက်ခံပါတယ်။ နောက်ကျတော့ မှားတယ်လို့ပြောပြီး ပြင်ပေးပါတယ်။

✢ ✢ ✢

သူတို့သားအမိနှစ်ယောက်စလုံးက ရှုံရှာနေတဲ့ ငှက်တစ်ကောင်ရှိတယ်။ အဲဒီငှက်က တစ်ရက်မှာ နှစ်ဆယ့်လေးကြိမ်တိတိ နာရီအပေါက်ထဲက တိုးထွက်လာလေ့ရှိတယ်။ ရာဖေး ဆွစ်ဇာလန်နိုင်ငံက ဝယ်လာတဲ့ နာရီထဲက ငှက်ပါ။ 'ခင်… ဒေါင်' ဆိုတဲ့ နာရီထိုးသံနဲ့အတူ အဲဒီ ဥဩငှက်ဟာ ထွက်လာလေ့ရှိပါတယ်။

ရာဖေးဟာ ပလွေမှုတ်လေ့ကျင့်နေတဲ့အခါမှာ ဘယ်လိုအသံမျိုးကိုမှ ကြားလို့မရဘူး။ ဒါ့ကြောင့်မို့လည်း အဲဒီနာရီကို သူ့ရဲ့ ဂီတအခန်းနဲ့ အဝေးကြီးမှာ သွားချိတ်ထားရပါတယ်။ အဲဒီအခန်းနဲ့ အဝေးဆုံးကတော့ ကလေးရဲ့အခန်းပဲ။ အဲဒီအခန်းထဲ ရောက်ပြန်တော့လည်း ပြဿနာက ရှိလာပြန်တယ်။ ညပိုင်း နာရီထိုးလို့ ဥဩငှက်က ထွက်လာပြီး 'ဥဩ… ဥဩ…' လို့ အော်လိုက်ရင် အီးမစ်လ်က မကြာခဏနိုးလာပြီး ငိုတတ်တယ်။

အဲဒီတော့ ဒီကိစ္စဟာ သည်းမခံနိုင်တော့တဲ့ အနေအထားကို ရောက်လာတယ်။ အဲဒီလိုနဲ့ပဲ နောက်တစ်ကြိမ် ရာဖေး ခရီးဝေးကို အလုပ်ကိစ္စနဲ့ ထွက်သွားတဲ့အခါ ဆက်ဖ်ဖီဟာ နာရီကိုဖြုတ်ပြီး မီးဖိုထဲက စားပွဲပေါ်မှာ တင်ထားလိုက်တယ်။

'သားရေ… ဒီကိုလာဦး' လို့ ဆက်ဖ်ဖီက အီးမစ်လ်ကို ခေါ်တယ်။ 'ဒီမယ်ကြည့် သား… ဥဩ ဘယ်မှာနေသလဲ'

'ဒီအထဲမှာ၊ သူ့အိမ်ထဲမှာ'

ဆက်ဖ်ဖီက ရေခဲညှပ်သွားယူပြီး နာရီအိမ်ထဲက ဥဩကို သွားတစ်ချောင်း နုတ်သလိုမျိုး ညှပ်နဲ့ညှပ်ပြီး ဆွဲထုတ်လိုက်တယ်။

အီးမစ်လ်က ဝမ်းသာအားရအော်တယ်။

'သူက မကောင်းဘူး သားရဲ့'

'အင်း… ဆိုးတဲ့ဥဩနော်'

'ဥဩအမေတွေ ဘာလုပ်သလဲဆိုတာ သားသိလား'

'မသိဘူး'

'ဥဩအမေတွေဟာ သူတို့ဥတွေကို တခြားငှက်တွေရဲ့ အသိုက်တွေထဲမှာ သွားဥတယ်၊ ဥလည်း ဥပြီးရော သူ့ဥတွေကိုထားခဲ့ပြီး ဝေးရာကိုသွားရော သူတို့က သူတို့ရဲ့ ကလေးတွေကို မစောင့်ရှောက်ချင်ကြဘူး သားရဲ့'

'အဲဒီလိုလုပ်တာ မကောင်းဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



'အေးပေါ့… မကောင်းဘူးပေါ့၊ ဒီဥညကို မမေတို့ ဘယ်လိုအပြစ်ပေးမလဲ'

'ရိုက်မယ် မမေ'

'အေး… ဟုတ်တယ်၊ ရိုက်မယ်၊ ရော့… ဟောဒါကို ယူ'ဟု ပြောတော့ ဆက်ဖ်ဖီက ကြက်သွန်ဖြူချောတဲ့ သစ်သားတုတ်ကို ယူပေးတယ်။

'ကဲ… သား၊ သူ့ကိုထုလိုက်၊ သူ ညညကျရင် ထထပြီးမအော်နိုင်အောင် ရိုက်ပစ်'

သားအမိနှစ်ယောက် နာရီကို ထုကြ ရိုက်ကြတယ်။ နာရီတစ်လုံးလုံး တစ်စစီ၊ တစ်စစီဖြစ်ပြီး ကြေမွသွားတဲ့အထိပဲ။

✢ ✢ ✢

ဥညဲ ဟာ သေချင်လည်း သေသွားမယ်။ အန်းဒရပ်စ်ရဲ့ နံရံပေါ်က နာရီဟာလည်း အချိန်မှန်ချင်မှ မှန်လိမ့်မယ်။ ဒါပေမဲ့ အချိန်ကို မကုန်အောင်တော့ တားနိုင်မှာ မဟုတ်ပါဘူး။ ပါရီမှာရော တစ်ကမ္ဘာလုံးရဲ့ နေရာအနှံ့မှာပါ ရှိနေကြတဲ့ ချစ်သူတွေအတွက်ရော လူတိုင်းအတွက်ပါ အချိန်ဟာ ကုန်မှန်းမသိ ကုန်သွားနေပါတယ်။

နှစ်သစ် အစပြုပါပြီ။ ဒီနှစ်သစ်ကို ၁၉၆၀ လို့ခေါ်ပါတယ်။ နှစ်သစ်စပြီဆိုကတည်းက ခြိမ်းခြောက်မှုတွေနဲ့ စခဲ့တာမို့ ရင်လေးစရာပါ။ ဘာပဲဖြစ်ဖြစ် ဆယ်စုနှစ်အသစ်တစ်ခုရဲ့ အစကိုတော့ မြင်ကြရပါပြီ။

၁၉၆၀ ခုနှစ် ဇန်နဝါရီလထဲအထိ ဖြစ်ပေါ်တည်ရှိနေခဲ့တဲ့ ကမ္ဘာ့အရေးကိစ္စတွေဟာ ဘာတွေလဲ။ ဂျွန်အက်ဖ်ကနေဒီဟာ ဒီမိုကရက်တစ်ပါတီရဲ့ သမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းနိုင်ဖို့ အားထုတ်နေပါတယ်။ ဆိုလော့ဘ်ဆာ (သို့မဟုတ်) ပိုပေါ့ ဟာ ဆော်ဘွန်းမှာ သူသင်ကြားလေ့လာထားခဲ့တဲ့ သီအိုရီတွေကို လက်တွေ့အကောင်အထည်ဖော်ဖို့ ဖနွမ်းပင်ကို ပြန်သွားခဲ့ပါတယ်။

ဗတ်ဆီလီဂရော့စ်မင်းဟာ သူ့ရုံးခန်းကို ကေဂျီဘီ ထောက်လှမ်းရေးတွေ ဝင်မွှေလိမ့်မယ်လို့ သံသယမဝင်လေတော့ သူ့ရဲ့ 'ဘဝနှင့်ကံကြမ္မာ Life and Fate ဝတ္ထုရှည်ကြီးကို အပြီးသတ်ဖို့ ကြိုးစားနေတယ်။ အဲဒီအခိုက်မှာပဲ ကေဂျီဘီတွေဝင်လာပြီး စာမူကအစ လက်နှိပ်စက်မင်ခံ ကြိုးပြားအထိ တွေ့သမျှပစ္စည်းအားလုံးကို သိမ်းသွားကြတယ်။



အဲလ်ဘတ်ကမူး အနေနဲ့လည်း သူ့ရဲ့ အယ်လ်ဂျီးရီးယားနိုင်ငံမှာ ကုန်ခဲ့ရတဲ့ ကလေးဘဝအကြောင်း ဝတ္ထုတို အပြီးမသတ်နိုင်ဘဲ ထားခဲ့ရလိမ့်မယ်လို့ လုံးဝသံသယမဝင်ခဲ့ပေမယ့် ဟော်တင်ဆီထရာလာ လီပိတ်ချ်ရဲ့ နေအိမ်နဲ့ သိပ်ပြီးမဝေးတဲ့ ဘာဂမ်ဒီနယ်ရဲ့ လမ်းမကြီးတစ်ခုပေါ်မှာ ကားတိုက်မှုဖြစ်ပြီး ရုတ်တရက်ကြီး သေဆုံးသွားခဲ့ရပါတယ်။

ဆိုဗီယက်ပြည်ထောင်စုရဲ့ခေါင်းဆောင် နီကီတာ ကရူးရှက်ဗ် ဟာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျပန်နိုင်ငံရဲ့ မြို့ကြီးနှစ်မြို့ ဟီရိုရှီးမားနဲ့ နာဂါစကီးပေါ် ကြဲချခဲ့တဲ့ အဏုမြူဗုံးထက် အဆပေါင်းထောင်နဲ့ချီပြီး အားသာတဲ့ သူ့ရဲ့ အဏုမြူဗုံးသစ်အကြောင်းကြွားရင်း စားပွဲကို လက်သီးနဲ့ထုနေပါတယ်။

✢ ✢ ✢

အယ်လ်ဂျီးရီးယားနိုင်ငံထဲမှာလည်း ရက်တွေနဲ့ လတွေဟာ ကုန်ဆုံးသွားနေကြပါတယ်။ ပူပြင်းတဲ့ နေရောင်နဲ့ သည်းထန်တဲ့မိုးအောက်မှာ လူတွေဟာ ကစဉ့်ကလျားတွေဖြစ်ကြ၊ အိုးမဲ့အိမ်မဲ့တွေဖြစ်ကြ၊ အိမ်တွေ မီးရှို့ကြ၊ အလောင်းတွေ အစုလိုက်အပုံလိုက်ဖြစ်ကြ။ အဲဒီ ပြဿနာတွေအားလုံးဟာ ပြင်သစ်နိုင်ငံရဲ့ တာဝန် သာဖြစ်တယ်လို့လည်း အမြဲကြားကြရတယ်။

စစ်ပွဲဟာ ခြောက်နှစ်တွင်း ဝင်လာပြီ။ အမုန်းတွေဟာ ဖြည်းဖြည်းချင်း ကြီးထွားလာနေတယ်။ ဒေါသတွေဟာ လူတွေရဲ့ ဦးနှောက်ကို ပျက်စီးသွားအောင် ဖျက်ဆီးပစ်နေတယ်။ နှလုံးသားတွေဟာ ပိုမိုပြီး မာကျောလာနေတယ်။ စိတ်ခံစား တွေဟာ သံမဏိတွေလို ဖြစ်လာနေတယ်။

ဇန်နဝါရီလကုန်ခါနီး တစ်ရက်မှာ ချားလ်စ်ဒီဂေါရဲ့ သစ္စာဖောက်မှုကို မြင်ခဲ့ရတဲ့ ပြင်သစ်စစ်တပ်က ဗိုလ်ချုပ်တစ်စုဟာ အယ်လ်ဂျီးရီးယားနိုင်ငံတွင်းမှာ ပုန်ကန်ထကြွမှုတစ်ခု ထပ်မံဖြစ်ပွားလာအောင် ဆွပေးခဲ့ကြပြန်တယ်။ မြို့က လမ်းတွေပေါ်မှာ အဓိကရုဏ်းတွေနဲ့ ဝိုင်းဝန်းတိုက်ခိုက်မှုတွေဟာ ဖြစ်လာခဲ့တယ်။ လမ်းတွေပေါ် လူသေအလောင်းတွေနဲ့ ဒဏ်ရာအကြီးအကျယ်ရပြီး သေလုမျော ဖြစ်နေသူတွေနဲ့ ပြည့်လာတယ်။

ပုန်ကန်ထကြွမှုတွေကို နှိမ်နင်းကြတယ်၊ ချေမှုန်းကြတယ်။ ဒါပေမဲ့ အဲဒီ နှိမ်နင်းမှုဟာ 'လျှို့ဝှက်စစ်တပ်အဖွဲ့' မွေးဖွားလာတဲ့အချိန်မှာမှ ပေါ်ပေါက်လာခဲ့တာပါ။

✢ ✢ ✢

www.burmeseclassic.com



ဖြစ်ပျက်နေသမျှတွေကို အမြဲတမ်း ထက်ကြပ်မကွာ လေ့လာနေသူက တော့ အန်းဒရပ်စ်ပါ။ သူဟာ အဖြစ်အပျက်တွေကိုကြည့်ပြီး မကြာခဏ အံကြိတ် ပါတယ်။ လက်သီးတွေကိုလည်း ဆုပ်ပါတယ်။ သူ့စိတ်ဟာ တခြားလူတစ်ယောက် ရဲ့ အသက်ကို ယူရမယ်ဆိုရင်တောင် ယူမှာပဲဆိုတဲ့ အခြေအနေမှာ ရှိပါတယ်။

အဲဒီအချိန်ကာလအတွင်းမှာ ရာဖေးရဲ့ ကျော်ကြားမှုဟာ အထွတ်အထိပ် ကို ရောက်နေပါတယ်။ သူ့အတွက် အောင်မြင်မှုတွေဟာ ရှိလာနေပါတယ်။ သူ့အနေနဲ့ သာမန်ပလွေပညာရှင်တစ်ဦးအဖြစ်ကနေပြီး ပါရမီထူးတဲ့ ဂီတပညာရှင် အဖြစ်ကို ကူးပြောင်းရောက်ရှိသွားနေပါတယ်။

သူ့ရဲ့ ပလွေသံကို ပရိသတ်က သိပ်ပြီးနှစ်ခြိုက်နေကြပါတယ်။ အများစု က လက်ခံနေကြပါတယ်။ ဒါ့ကြောင့်မို့ လူတွေရဲ့ အာရုံဟာ ရာဖေးအပေါ်မှာ ရောက်နေကြပါတယ်။ ရာဖေးကလည်း လူတွေက သူ့ကိုချစ်လာလေလေ သူက လည်း ပလွေမှုတ်ရာမှာ တော်လာလေ ဖြစ်လာပါတယ်။ သူ့မှာရှိသမျှကို အကုန် ထုတ်ပြီး လူအများကိုပေးလေလေ သူ့အစွမ်းအစဟာ ကြီးမားလေပါပဲ။

✣ ✣ ✣

ရာဖေးရဲ့သား အီးမစ်လ်မှာ သူ့အဖေ ပလွေမှာတော်သလို တော်လာမယ့် အစွမ်းအစ ရှိနိုင်ပါ့မလား။ သူ့အဖေရဲ့ ဂီတကို အမွေဆက်ခံနိုင်မယ့် အခြေအနေ သူ့မှာ ရှိပါ့မလား။ ဇန်နဝါရီလကုန်ခါနီးမှာ သူ့မွေးနေ့ပွဲ ကျင်းပခဲ့ပါတယ်။ အဲဒီပွဲမှာ အီးမစ်လ်ဟာ သူ့ရဲ့ မွေးနေ့ကိတ်မုန့်ပေါ်မှာ ထွန်းညှိထားတဲ့ ဖယောင်း တိုင်နှစ်တိုင်ကို တစ်ချက်တည်းနဲ့ ငြိမ်းသွားအောင် မှုတ်နိုင်ခဲ့ပါတယ်။ သူ့မှာ ကြီးမားတဲ့ **'လေမှုတ်အား'** ရှိနေကြောင်း ပြခြင်းပါ။ သူ့အမေကတော့ သူ့သားကို လက်ခုပ်တီးပြီး အားပေးခဲ့ပါတယ်။

✣ ✣ ✣

သေးငယ်လှတဲ့ ဂြိုဟ်ကလေးတစ်လုံးပေါ်မှာ အလွန်များပြားတဲ့ လောက ကလေးတွေ တစ်ချိန်တည်း တစ်ပြိုင်တည်း တည်ရှိနေကြပါတယ်။ ဘယ်လို နည်းနဲ့ အဲဒီလို တည်ရှိလာကြရတာလဲ။ အဲဒီလောကတွေထဲမှာ ဘယ်ဟာက အစစ်အမှန်လဲ။ ဘယ်သင်းက အဖိုးအတန်ဆုံးလဲ။ ဘယ်ဟာက အရေးအကြီးဆုံးလဲ။ အဲဒီလောကတွေကြားမှာ ရှိနေတဲ့ ဆက်စပ်မှုတွေဟာ အလွန်ရှုပ်ထွေးလှပါတယ်။



အဲဒီလောကတွေအားလုံးဟာ တစ်ချိန်တည်းမှာပဲ ရှေ့ကိုသာ သွားနေကြ တယ်။ သူတို့ရဲ့ ဝင်ရိုးတွေပေါ်မှာ လည်နေကြတယ်။ တစ်လောကနဲ့ တစ်လောက ပူးပေါင်းပြီး လိမ်လည်လှည့်ဖြားနေကြတယ်။ အဲဒီ ဆောင်ရွက်မှုတွေက အကျိုး ဖြစ်ထွန်းမှုတွေကို ပေါ်ပေါက်လာစေတယ်။ အဲဒီ အကျိုးဖြစ်ထွန်းမှုတွေကပဲ နောက်ဖြစ်ရပ်တွေအတွက် အကြောင်းရင်းတွေ ဖြစ်လာရပြန်ပါတယ်။

✣ ✣ ✣

နွေဦးပေါက်ရာသီ ကုန်ခါနီးမှာ ရမ်ပဲလ်က ရာဖေးကိုဖိတ်ပြီး နိုင်ငံ တကာ နွေရာသီအကယ်ဒမီသင်တန်းကျောင်းတစ်ကျောင်း ဖွင့်မယ့်ကိစ္စအတွက် အကူအညီပေးဖို့ တောင်းခံခဲ့ပါတယ်။ ကျောင်းဖွင့်မှာက နိုက်စ် မှာပါ။ ဒီကိစ္စမှာ ရည်မှန်းချက်က ကမ္ဘာပေါ်မှာ ဂုဏ်သိက္ခာအမြင့်မားဆုံး ပလွေသင်တန်းကျောင်း တစ်ကျောင်းအဖြစ် တည်မြဲလာရေး ဖြစ်ပါတယ်။

ရာဖေးဟာ ဒီကိစ္စအတွက် နိုင်ငံတောင်ပိုင်းကို ခရီးထွက်သွားခဲ့ပါတယ်။ သူ့မိသားစုနဲ့ နေဖို့ စိန့်ထရိုပက်ဇ်မှာ အိမ်အကောင်းစား တစ်လုံးလည်း ငှားထား ပါတယ်။ ဆက်ဖ်ဖီကတော့ သူ့ယောက်ျားနောက် လိုက်မသွားမီရက်တွေအတွင်း မှာ သူ့သား၊ သူ့ချစ်သူတို့နဲ့ လွတ်လပ်ပျော်ရွှင်စွာပဲ နေထိုင်လျက်ရှိပါတယ်။

✣ ✣ ✣

ဇွန်လကုန်ခါနီး တနင်္ဂနွေတစ်ရက်မှာပါ။ သူတို့သုံးယောက် လမ်း လျှောက်ထွက်ခဲ့ကြပါတယ်။ ပြေးလိုက်လွှားလိုက်၊ ရယ်လိုက်မောလိုက်၊ အော် ဟစ်လိုက်၊ ထွက်လိုက်တဲ့ချွေး…တစ်ကိုယ်လုံး ရွှဲစိုနေကြတယ်။ သုံးယောက် လုံး မောဟိုက်နေကြတယ်။ ဒါပေမဲ့လို့ ကလေးငယ် အီးမစ်လ်ကတော့ သူ့ အမေ၊ သူ့ 'အပူး' တို့နဲ့နေရတာ အဆမတန်ပျော်နေတယ်။

ဆက်ပြီးသွားနေရင်းနဲ့ပဲ သူတို့ဟာ တောအုပ်ထဲ လမ်းလျှောက်ရင်း ဆက် လိုက်ကြတယ်။ ကလေးလက်တွန်းလှည်းဆိုတာက အတိတ်မှာ ထားခဲ့ပြီ။ အခုလေး စစ္စလီအနေနဲ့က အခုအခါမှာ သူ့ကိုယ်ပိုင်ခြေထောက်နှစ်ချောင်းနဲ့ လမ်း လျှောက်နိုင်နေပြီ။ တစ်ခါတလေကျတော့ 'အပူး' ရဲ့ ပခုံးအပေါ်မှာ ထိုင်ပြီး လိုက်လို့ရနေပြီပဲ။

လမ်းကျဉ်းကလေး တစ်လမ်းပေါ် ရောက်သွားကြတဲ့အခါ ပြင်သစ်

www.burmeseclassic.com

www.burmeseclassic.com



မိသားစုတစ်စုနဲ့ ဆုံမိတယ်။ အဖေ၊ အမေ၊ ကြီးကောင်ဝင်စ သားတစ်ယောက်နဲ့ ဝဝကစ်ကစ် သမီးငယ်လေးတစ်ကောင်။ သူတို့လည်း တနင်္ဂနွေအပျော်ခရီးပဲ၊ သူတို့စကား၊ သူတို့ဟန်အမူအရာတွေနဲ့ လေတွေကတော့ အချင်းချင်းကြားမှာ မအေးချမ်းမှုကလေးတွေ ရှိနေသလိုပဲ။

'ဟဲ့… ဂျူလီယန်၊ ဟိုအန်တီကို လမ်းဖယ်ပေးလိုက်လေ'၊ 'ဟဲ့… ဖရန်ကွစ်၊ ခွေးကို ဆွဲထားမှပေါ့'၊ 'သူ့ကိုကြည့်ပြီး ကလေးတွေ ကြောက်ကုန်ကြပြီ'၊ 'ဩော်… ဟဲ့… ဆူဇန်နီ၊ နင်က လမ်းပိတ် ထားသကိုး၊ ဒီဘက်ကို လာခဲ့လေ'၊ 'လူတွေရှေ့ကဖြတ်ရင် 'ခွင့်လွှတ်ပါ'လို့ ပြောရတယ်'၊ 'ဟဲ့… ကောင်လေး၊ နင့်ညီမကို အဲဒီလို မပြောရဘူးလေ'

ဆက်ဖ်ဖီနဲ့ အန်းဒရပ်စ်တို့ ရယ်တဲ့အခါ အီးမစ်လ်ကလည်း ရယ်တယ်၊ ဘာ့ကြောင့် ရယ်ရသလဲဆိုတဲ့ အကြောင်းရင်းကိုတော့ သူမသိဘူး။ သူတို့ ပျော်လို့ ရယ်နေကြတယ်။ သူတို့နဲ့တူတူရောပြီး ရယ်ရမယ်။ သူနားလည်တာ အဲဒါပဲ။

မွန်းလွဲပိုင်းကျတော့ သူတို့သုံးယောက် မက်ထရိုဘတ်စ်နဲ့ ပြန်လာခဲ့ကြတယ်။ မောပန်းသွားပြီဖြစ်တဲ့ အီးမစ်လ်ကတော့ သူ့အမေရင်ခွင်ထဲမှာ အိပ်မောကျနေပြီ။

သူတို့နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ မိန်းမက ရှေ့ကိုကုန်းပြီး အိပ်ပျော်နေတဲ့ ကလေးကို ငုံ့ကြည့်တယ်။ 'ချစ်စရာ သိပ်ကောင်းတာပဲနော်'လို့ ဟန်လုပ်ပြီး ပြုံးတဲ့အပြုံးနဲ့ ပြောတယ်။ 'ဒီအရွယ်လေးတွေဟာ တအားကို ချစ်ဖို့ကောင်းတာပဲ'

'ဟင့်အင်း'လို့ ဆက်ဖ်ဖီက ပြန်ပြောတယ်။ 'ရှင်မှားသွားပြီ မဒမ်၊ ဒီကလေးက **ဂျာမန်စစ်သားကပြားရှင့်၊ နာဇီပေါက်စလေးတစ်ကောင်**… သူ့အခုကိုပဲ ငှက်တွေကိုသတ်နေပြီ'

ဒေါသကြောင့် မိန်းမရဲ့မျက်နှာဟာ နီရဲသွားတယ်။ သူမဟာ ထိုင်နေရာက ဖြုန်းခနဲထပြီး ထိုင်ခုံပြောင်းထိုင်တယ်။

'မင်း ဘာပြုလို့ အဲဒီလိုပြောတာလဲ'လို့ အန်းဒရပ်စ်က ပြုံးရယ်ပြီး မေးတယ်။

'ကလေးတွေအပေါ်မှာ သဘောကောင်းဖို့ကျတော့ တအားကို လွယ်တာပဲ' 'ကလေးက သိပ်ကို ချစ်စရာကောင်းတာပဲတဲ့၊ ပြောလွယ်လိုက်တာ' 'ရှင်ဟာ သိပ်ကို ချစ်စရာကောင်းတာပဲ ဆိုတဲ့ စကားမျိုးကျတော့ သူ ဘာ့ကြောင့်မပြောနိုင်



တာလဲ' 'ဒီစကားမျိုးကို ဆက်ဖ်ဖီကျတော့ မပြောနိုင်ဘူး။ ဘာပြုလို့လဲ။ သူ့ရဲ့ ကရုဏာပါတဲ့ ဂရုစိုက်မှုဟာ ဆက်ဖ်ဖီတို့နဲ့ မတန်လို့လား။ ပြီးတော့ ဒီမှာမြင်လား… သူ့ရော အဲဒါမျိုးမရထိုက်ဘူးလား'

ဆက်ဖ်ဖီ ညွှန်ပြသည့်လူမှာ အသားအရေများ ရှုံ့တွနေပြီဖြစ်သော ပေါင်းချပ်ကြီးနှင့် မူဆလင်အဘိုးအိုကြီး ဖြစ်သည်။ အဘိုးကြီးသည် ကား၏ထောင့်ထဲတွင် အိပ်ပျော်လျက်ရှိ၏။

အန်းဒရပ်စ်က အလွန်အံ့သြသွားသည့် မျက်နှာထားမျိုး တမင်တကာလုပ်ပြီး ဆက်ဖ်ဖီအား ကြည့်နေသည်။ ထို့နောက် 'မင်းရဲ့ ပတ်ဝန်းကျင်မှာရှိနေတဲ့ လူတွေကို မင်း မြင်စပြုပြီလို့တော့ မပြောနဲ့နော်'ဟု ပြောသည်။

+ + +

ဇူလိုင်လလယ်ရဲ့ ပူပြင်းတဲ့နေ့တစ်နေ့ပါ။ သူတို့သုံးယောက် ချာရွန်နဲ့ပွဲတွက်ဘက်က လမ်းကျဉ်းတွေဆီ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်ခဲ့ကြတယ်။ စိန့်ဘလာစီရပ်ဘက်ရောက်တော့ အပေါစားကဖီးဆိုင်တစ်ဆိုင်ရှေ့က လှုပ်ရှားမှုကို မြင်ကြရတယ်။ ဆိုင်ရှေ့မှာ ဂီတသမားနှစ်ယောက်ဟာ ဝေါ့လ်ဇ်အကတေးကို တီးနေကြတယ်။

ဩော်… ဟုတ်သားပဲ။ ဒီနေ့ ဘတ်စတီးနေ့ ပါလား။ ဟုတ်တယ်လေ။ ဘတ်စတီးအထိမ်းအမှတ်ပွဲ ကျင်းပနေကြတာကိုး။ တို့များ လုံးဝသတိမရကြပါလား။ နောက် နာရီအနည်းငယ်အတွင်းမှာ 'လမ်းကပွဲကြီး'ပေါ်လာတယ်။ ဗျောက်အိုးဖောက်သံတွေ ကြားလာရတယ်။ တစ်မြို့လုံး ဘတ်စတီးအထိမ်းအမှတ်ပွဲ ကျင်းပနေကြပြီ။

ဆက်ဖ်ဖီဟာ မြင်ကွင်းကို အသေအချာကြည့်တယ်။ ထူးခြားတဲ့ ရှုခင်းတော့ မဟုတ်ဘူး။ ပါရီမြို့တော်ရဲ့ အောက်တန်းစားလူတန်းအလွှာက လူတွေချည်းပဲ၊ တူရိယာသမားတွေဟာ အသက်လေးဆယ်ကျော် ငါးဆယ်တွင်းတွေပါ၊ ဝတ်စားဆင်ယင်ထားပုံတွေကလည်း မသပ်မရပ်ရှိလှပါတယ်။ မကြာခင် ထမင်းစားချိန်မှာ လူတွေတွဲက လာကြတာ မြင်ရတွေ့ရတယ်။ အများစုဟာ အသက်လေးဆယ်တွင်းတွေပါ။ ဆယ်ကျော်သက်ဆိုလို့ အနည်းအကျဉ်းပဲ ပါတယ်။

ကနေသူတွေထဲမှာ ဆက်ဖ်ဖီနဲ့ အန်းဒရပ်စ်တို့က တစ်တွဲ၊ အီးမစ်လ်ကတော့ ဆိုင်ရှေ့တစ်နေရာက ကုလားထိုင်မှာ ထိုင်နေတယ်။ သူတို့နှစ်ယောက်ကတော့ ဝေါ့လ်ဇ်ကနေသူတွေထဲမှာ မျောပါသွားနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကပွဲပြီးသွားတဲ့အခါမှာ ဆက်ဖ်ဖီဟာ အီးမစ်လ်ဘေးနားက ကုလားထိုင်မှာ ဝင်ထိုင်တယ်။ အန်းဒရပ်စ်က ဘီယာနဲ့ အချိုရည်တွေမှာတယ်။ သူတို့သုံးယောက် ဆိုင်ရှေ့မှာထိုင်ပြီး မှောင်လာချိန်အထိ တေးဂီတသံ နားထောင်ကြတယ်။ အကာတွေကို ကြည့်ကြတယ်။

'လူတွေက ဘာပြုလို့ ကနေကြတာလဲ' လို့ အီးမစ်လ်က မေးတယ်။

'တော်လှန်ရေးအထိမ်းအမှတ် ကပွဲလုပ်ဖို့ ကနေကြတာ' လို့ အန်းဒရပ်စ်က ဖြေတယ်။

'တော်လှန်... တော်လှန်ရေးဆိုတာ ဘာလဲ'

'တော်လှန်ရေးဆိုတာ လူတွေ ခေါင်းဖြတ်ခံရတဲ့အခါ ဖြစ်လာတာလို့ ပြောတာ' လို့ ဆက်ဖ်ဖီက ဝင်ပြောတယ်။

'သူတို့ ခေါင်းတွေအဖြတ်ခံရတာကို လူတွေက ဘာပြုလို့ ကနေကြတာလဲ'

✢ ✢ ✢

နောက်တစ်နေ့မနက်မှာ ချားလ်စ်ဒီဂေါဟာ ချမ့်စ်အီလီဆီ မှာ စစ်တပ်တွေ အလေးပြုတာကို ခံတယ်။ ကောင်းကင်မှာ လေယာဉ်ငါးရာရဲ့အသံဟာ သောသောညံနေတယ်။ ခေတ်သစ်မှာပေါ်လာတဲ့ ဂျက်လေယာဉ်သစ်တွေပါ။ ချီတက် အလေးပြုနေကြတဲ့ စစ်သားတွေရယ်၊ ဘေးကရပ်ကြည့်ပြီး အားပေးနေကြတဲ့ ပရိသတ်တွေရဲ့ အသံတွေရယ်...။

၁၉၆၀ ခုနှစ် ဒီနှစ်နွေရာသီအတွင်းမှာပါပဲ... ချားလ်စ်ဒီဂေါဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ပါရီ၊ လိုင်းယွန်းစ်နဲ့ ဒီဂျွန်း အစရှိတဲ့ မြို့သုံးမြို့မှာ 'နေရှင်နယ် လိုက်ဘရေးရှင်း ဖရန့်' လို့ခေါ်တဲ့ အယ်လ်ဂျီးရီးယားနိုင်ငံရဲ့ 'အမျိုးသား လွတ်မြောက်ရေး တပ်ဦးအဖွဲ့' က တပ်သားရှစ်ဦးကို ခေါင်းဖြတ်စက်တွေနဲ့ ခေါင်းဖြတ်သတ်ဖို့ ခွင့်ပြုပါလိမ့်မယ်။

✢ ✢ ✢

ဆက်ဖ်ဖီဟာ ဩဂုတ်လ တစ်လလုံး ရာဖေးငှားထားတဲ့ စိန့်ထရိုပက်ဇ်ကအိမ်မှာ အချိန်ကုန်ခဲ့တယ်။ မြေထဲပင်လယ် ပတ်ဝန်းကျင်မှာ သားငယ်အီးမစ်လ်နဲ့ ကစားတယ်၊ စားတယ်၊ သဲပုံတွေနဲ့ အိမ်တွေ၊ ရဲတိုက်တွေ ဆောက်တယ်။



ကလေးသူငယ်ဘဝရဲ့ ပျော်စရာတွေကို သူ ပြန်လည်တွေ့ရှိနေလေသလား။ ဟုတ်ပါတယ်။ သူမရဲ့ ကလေးဘဝကို ပထမဆုံးအကြိမ် ရရှိခြင်းပါ။ သူဟာ ကလေးတစ်ယောက်လို ကစားတယ်၊ စားတယ်၊ အိပ်တယ်၊ အန်းဒရပ်စ်ကို သတိရတဲ့အခါ ရတယ်။

ရာဖေးဟာ နိုက်စ်မှာ အလုပ်လုပ်တယ်။ အလုပ်ပြီးချိန်နဲ့ အလုပ်ပိတ်ရက်တွေကျရင် သူ့မိသားစုသေးသေးလေးနဲ့ ပျော်ရွှင်စရာ ရှာတယ်။ ဆက်ဖ်ဖီကို ကြည့်ပြီး စိတ်ချမ်းသာနေတယ်။

✢ ✢ ✢

နိုဝင်ဘာလကုန်ခါနီးမှာ 'အိပ်မပျော်တဲ့ရောဂါ' ဟာ ဆက်ဖ်ဖီကို အနှောင့်အယှက်ပေးဖို့ ပြန်ရောက်လာပါတယ်။ တစ်ရက်မှာ အန်းဒရပ်စ်ရဲ့ အလုပ်ရုံထဲ ရောက်နေတုန်း သူ့စိတ်ဟာ ချောက်ချားလာတယ်။ ဖတ်လက်စစာအုပ်ကို ဆက်ဖတ်နိုင်တော့တဲ့အတွက် ဆက်ဖ်ဖီဟာ ခုတင်ပေါ်မှာ သွားလှဲနေတယ်။

သူ့အဖြစ်ကို မြင်လိုက်ရတဲ့ အန်းဒရပ်စ်ဟာ အီးမစ်လ်ကို ကစားစရာလေးတွေ ချပေးထားခဲ့ပြီး ဆက်ဖ်ဖီဆီ ရောက်လာတယ်။ သူ့အနေနဲ့ ဆက်ဖ်ဖီကို စမ်းသပ်ကြည့်ရှုနေရာကတစ်ဆင့် ဆက်ဖ်ဖီမျက်ခုံးနှစ်ခုကြားက ခပ်နက်နက်အရေးအကြောင်းလေးနှစ်ကြောင်းကို သူ့လက်ညှိုးနဲ့ စမ်းသပ်မိသွားတယ်။

'ဒါ ဘာလဲ' လို့ အန်းဒရပ်စ်က အဲဒီအရေးအကြောင်းလေးနှစ်ကြောင်းကို လက်ညှိုးထိပ်နဲ့ အသာအယာပွတ်နေရင်းက မေးတယ်။

'အဲဒါ ဆက်ဖ်ဖီအဖေရဲ့ အမှတ်အသားပေါ့' လို့ ဆက်ဖ်ဖီက ပြန်ပြောတယ်။

တကယ်တော့ အဲဒီစကားဟာ သူ့နှုတ်က အမှတ်တမဲ့ထွက်သွားတာပါ။ ချက်ချင်းပဲ သူ့ကိုယ်သူ ပြန်ပြီးအံ့ဩနေမိတယ်။ ပြီးတော့ ကြောက်လန့်စိတ်ဝင်လာတယ်။ ငါ ဘာပြုလို့ အခုလိုပြောမိတာပါလိမ့်လို့ စဉ်းစားတယ်။ အေးလေ... အခုလို ပြောလိုက်မိပြီဆိုတော့ သူ ဆက်ပြီးရှင်းပြရတော့မှာပေါ့။

အန်းဒရပ်စ်ကလည်း သူ့ရှင်းပြမှာကို စောင့်မျှော်နေတယ်။ မလွတ်နိုင်တော့ဘူး။ သူ့ခေါင်းထဲကို ပထမဆုံးဝင်လာတဲ့အတိုင်း ပြောချလိုက်တယ်။

'ဘာ့ကြောင့်လဲဆိုတော့ ဆက်ဖ်ဖီအဖေဟာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဘေယာ အတွက် အလုပ်လုပ်ခဲ့ရလို့ပါ၊ အဲဒါကြောင့်လည်း ဆက်ဖ်ဖီ ခေါင်း

www.burmeseclassic.com



ကိုက်လာတဲ့အခါ အဖေ့ကို အမြဲသတိရတာ'

ချက်ချင်းပဲ ဆက်ဖ်ဖီ လိမ်ညာပြောနေတယ်ဆိုတာ အန်းဒရပ်စ် သိလိုက်တယ်။ လိမ်မှုညာမှုတွေနဲ့ ဆက်စပ်ပတ်သက်လာရင် အန်းဒရပ်စ်မှာ 'ထူး တဲ့ အသိဉာဏ်' ရှိတယ်။ ဆဋ္ဌမအာရုံလို့ ဟာမျိုးပါ။

'ဘေယာ'

အန်းဒရပ်စ်က ဆက်ဖ်ဖီ ပြောခဲ့တဲ့စကားကို သံယောင်လိုက်ပြီး ရေရွတ် တယ်။

'ဟုတ်တယ်… ဘေယာ ဆိုတာ လီဗာကူစင် က ဓာတုဗေဒစက်ရုံ ကြီးလေ၊ အဖေ… အဖေက အဲဒီအလုပ်အပေါ်မှာ စိတ်ဝင်စားတယ်။ ထုံး ထုတ်တဲ့အလုပ်လေ… နာကျင်တာကို သတ်တဲ့ဆေး ပြောတာ။ သူ့ရဲ့သူငယ်ချင်း တစ်ယောက်က အဲဒီ ဘေယာစက်ရုံမှာ အလုပ်ရအောင် လုပ်ပေးခဲ့တာ။ အဲဒါ ကြောင့် အဖေဟာ စစ်မှုမထမ်းရဘူး၊ အဲဒီအလုပ်က သူ့ရဲ့ စစ်မှုထမ်းအလုပ်ပဲ အရှေ့ဘက် ရှေ့တန်းစစ်မျက်နှာကိုထွက်ပြီး မတိုက်ရတော့ဘူးလေ။ တကယ်တော့ လည်း အဖေက နားမကောင်းတော့ ဘာသံကိုမှ ကြားတာမဟုတ်ဘူး'

အန်းဒရပ်စ်ဟာ ဆက်ဖ်ဖီဆက်ပြောနေတာတွေ အားလုံးကို လုံးစေ့ပတ် စေ့ မကြားဘူး။ သူကြားနေသမျှ အားလုံးက ဆက်ဖ်ဖီ့အသံပဲ။

'အဲဒါကြောင့်မို့ ၁၉၄၅ ခုနှစ် ဆောင်းဦးတုမှာ ဆက်ဖ်ဖီတို့မိသားစုဟာ သူများတွေလို မသွားနိုင်ကြဘူး၊ ရုရှားတွေ နီးနီးလာတော့ လူတိုင်း နယ်ထဲက ထွက်သွားကြတယ်။ အားလုံး မီးရထားနဲ့ စွပ်ဖားနဲ့ ခြေထောက်နဲ့ အလွန်အေး တဲ့ ဆီးနှင်းပြင်တွေကြားမှာ ထွက်ပြေးကြရတာ။ လက်ထဲမှာ ဘာမှပါမသွားကြ ဘူး။ အစာမရှိ ရေမရှိဆိုတော့ လူတွေ သိပ်ဒုက္ခရောက်ကြတယ်'

'ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေဟာ လမ်းဘေးမှာ လဲကျပြီး သေကြတယ်၊ မြင်းတွေလည်း အဲဒီလိုပဲ၊ မအေတွေကလည်း သွားရင်းလာရင်း ဆီးနှင်းတောကြားမှာ ကလေးမွေးကြတယ်။ သူတို့ရဲ့ ကလေးတွေနဲ့ တခြားလူတွေ က ဘေးကဝိုင်းပြီး စောင့်ကြည့်နေကြရတယ်'

ဒါတွေအားလုံးကို အန်းဒရပ်စ် သိပြီးသားပါ။ သူသိထားပြီးပြီဆိုတာကို လည်း ဆက်ဖ်ဖီ သိပါတယ်။ အဲဒီလိုဆိုရင် ဘာပြုလို့ ဆက်ဖ်ဖီက သူ့ကို ထပ် ပြောနေရပြန်တာလဲ။

'အဲဒီထဲမှာ ဆက်ဖ်ဖီတို့ မပါဘူး၊ ဆက်ဖ်ဖီတို့က အိမ်ကခွာလို့မရဘူး





ဘာ့ကြောင့်လဲဆိုတော့ အဖေက မသေသေးဘူး၊ အသက်ရှင်နေတုန်းဆိုတော့ အိမ်ကိုပြန်လာမယ် မဟုတ်လား။ တကယ်လို့ ဆက်ဖ်ဖီတို့ထွက်သွားရင် သူ ဆက်ဖ်ဖီတို့ကို ဘယ်လိုလုပ်ပြီး တွေ့အောင်ရှာမလဲ၊ အဲဒါနဲ့ပဲ ဆက်ဖ်ဖီတို့ဟာ ဘယ်ကိုမှမသွားတော့ဘဲ စောင့်နေကြတယ်။ နောက်ဆုံးကျတော့ စက်တင်ဘာလ ထဲမှာ အဖေ အိမ်ပြန်လာတယ်'

အန်းဒရပ်စ် အခန်းထဲက ထွက်သွားတယ်။ ခဏနေတော့ ပြန်လာတယ်။ သူ့လက်ထဲမှာ ဆေးလက်ဖက်ခြောက်နဲ့ ပျားရည်ကိုရောပြီးဖျော်ထားတဲ့ လက်ဖက် ရည်တစ်ခွက် ပါလာတယ်။

'မင်း… နားဦး' လို့ အန်းဒရပ်စ်က ပြောတယ်။ 'နေရောင် မြင်ရပြီ၊ ကိုယ်နဲ့ အီးမစ်လ်တို့ စိန့်မြစ်ဘက် လမ်းလျှောက်လိုက်ဦးမယ်၊ မင်း အိပ်ပျော်အောင် အိပ်နိုင်ဖို့ ကြိုးစား ဆက်ဖ်ဖီ'

✢ ✢ ✢

အရပ်မြင့်မြင့် ရွှေရောင်ဆံပင်နဲ့ လူကြီးရယ်၊ အသားညိုညို ကလေးငယ် တစ်ယောက်ရယ်၊ သူတို့နှစ်ယောက်ဟာ စိန့်မြစ်ကမ်းပါး တာရိုးအတိုင်း လျှောက် လာနေကြတယ်။ လျှောက်လာနေရင်းနဲ့ပဲ အန်းဒရပ်စ်က သီချင်းတစ်ပိုဒ် စပ်နေ တယ်။

**ကျွန်တော့်ဖေဖေဟာ**

**လူလတ်တန်းစား ဘူဇွာတစ်ယောက်ပါ။**

**ကျွန်တော့်ဘွားဘွားဟာ**

**မြေပိုင်ရှင်တစ်ယောက်ပါ။**

**ကျွန်တော်ကရော၊ ကျွန်တော်ကရော၊**

**ကျွန်တော်ကရော…**

'သားကတော့ သကြားလုံးတစ်လုံး လိုချင်တယ်' လို့ အီးမစ်လ်က ရယ် မောပြီး ပြောတယ်။ ဒီကလေးဟာ သုံးနှစ်တောင် မပြည့်သေးဘူး။ သူတို့သီချင်း ကို ထပ်စပ်ပြီး ထပ်ဆိုကြပြန်ပါတယ်။

**ကျွန်တော့်ဖေဖေဟာ**

**စက်ဆုပ်စရာကောင်းတဲ့ ဘူဇွာတစ်ယောက်ပါ။**

**ကျွန်တော့်အဘွားဟာ**

www.burmeseclassic.com

www.burmeseclassic.com



ဝဝတုတ်တုတ်မြေပိုင်ရှင် ဖက်တီးမကြီးတစ်ယောက်ပါ။
ကျွန်တော်ကျတော့ ဘာပါလဲခင်ဗျာ
ကျွန်တော်ကတော့ ချိုချဉ်တစ်လုံးပဲ
လိုချင်ပါတယ် ခင်ဗျာ…။

သူတို့ဟာ မြစ်ကမ်းရဲ့ သဲသောင်ပြင်ထက်မှာထိုင်ပြီး သဲတွေနဲ့ အိမ်တွေ ဂူတွေ၊ ရဲတိုက်တွေ စတဲ့ အဆောက်အအုံတွေ ဆောက်တမ်းကစားကြတယ်။ မွန်းလွဲပိုင်း နေစွယ်ကျချိန် သူတို့ အိမ်ပြန်လာခဲ့ကြတယ်။ အိမ်ရှေ့ရောက်တော့ အီးမစ်လ်က သူတို့စပ်ထားတဲ့သီချင်းကို သူ့အမေ ကြားရအောင် ဆိုပြတယ်။

ဆက်ဖ်ဖီက သူ့ပါးစပ်ကို လက်နဲ့အုပ်ပြီး ကျိတ်ရယ်တယ်။ သူ့စိတ်က လန့်လည်းလန့်သွားတယ်။ သဘောကျသလိုလိုလည်း ဖြစ်သွားတယ်။ ဒါပေမဲ့ သူ့အမေ ရာဖေးရှေ့မှာ ဒီသီချင်းကို လုံးဝမဆိုနဲ့လို့ အီးမစ်လ်ကို သတိပေးတယ်။ အဲဒီနောက် သားအမိနှစ်ယောက် နေဝင်ချိန်လောက်မှာ အိမ်ကိုပြန်လာခဲ့ကြတယ်။

+ + +

(၁၄)

၁၉၆၀ ခုနှစ်၊ ဒီဇင်ဘာလထဲမှာ ပြင်သစ်သမ္မတ ချားလ်စ်ဒီဂေါ က အယ်လ်ဂျီးရီးယားနိုင်ငံ အရေးအခင်းနဲ့ပတ်သက်လို့ လာမယ့်နှစ် ဇန်နဝါရီလထဲမှာ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပေးမယ်လို့ ကတိပြုပြီး ကြေညာခဲ့ပါတယ်။ အဲဒီနောက် သူဟာ အယ်လ်ဂျီးရီးယားနိုင်ငံကို အလည်အပတ် ခရီးသွားရောက်ခဲ့ပါတယ်။ သူကတော့ သူ့အလည်အပတ်ခရီးဟာ အောင်မြင်မှုရလိမ့်မယ်လို့ တွက်ဆထားခဲ့ပါတယ်။

ဒါပေမယ်လို့ သူ့ကိုဆန့်ကျင်တဲ့ ဆန္ဒပြပွဲတွေဟာ တစ်မြို့ပြီးတစ်မြို့မှာ ပေါ်ပေါက်လာခဲ့တဲ့အတွက် ဒီဂေါအဖို့ အံ့အားသင့်စရာ ဖြစ်ခဲ့ရပါတယ်။ အယ်လ်ဂျီးရီးယား ကိုလိုနီနိုင်ငံရဲ့ အရေးကိစ္စမှာ အလွန်လက်ယဉ်နေကြတဲ့ စစ်သားတွေဟာ ဆန္ဒပြသူတွေကို သေနတ်တွေနဲ့ ရက်ရက်စက်စက် ပစ်ခတ်ခဲ့ကြလို့ လူတစ်ရာ သေဆုံးပြီး လူပေါင်းတစ်ထောင်ကျော် ဒဏ်ရာရရှိခဲ့ပါတယ်။ သမ္မတရဲ့ ခရီးစဉ်ဟာလည်း မူလအစီအစဉ်အတိုင်း ဖြစ်မလာတော့ဘဲ ခရီးစဉ်ကို တိုသွားအောင် အကျဉ်းရုံးပြီး သွားလာခဲ့ရပါတယ်။

အားလုံးဟာ ဖရိုဖရဲတွေဖြစ်ပြီး ပြိုကွဲပျက်စီးနေပါတယ်။ အခြေအနေ အရပ်ရပ်ဟာ အကောင်းဘက်ကို ရောက်မလာတော့ပါဘူး။ တိုးတိုးပြီးတော့သာ ဆိုးဝါးလာနေပါတယ်။

+ + +

စစ္စလီမင်းသားလေးရဲ့ တတိယအကြိမ် မွေးနေ့ပွဲ ကျင်းပခဲ့ပါတယ်။ အခုအခါမှာ အီးမစ်လ်ရဲ့ အပေါင်းအသင်းသူငယ်ချင်းတွေဟာ အရင်ကထက် များလာနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ်လို့ တစ်ရက်မှာ သူဟာ အသိတစ်ခုရခဲ့ပါတယ်။ သူ့မှာ ရန်သူတွေလည်း ရှိနေတယ်ဆိုတာ သိခဲ့ရခြင်းပါ။ အဲဒီနေ့ဟာ စနေနေ့မနက်ပါ။ အီးမစ်လ်ဟာ အိတ်တွေဆွဲပြီး ဈေးကပြန်လာတဲ့ မဒမ်ဘလူမင်သယ်လ်တစ်ယောက် လှေကားထစ်ပေါင်း တစ်ရာတစ်ဆယ့်ကိုးထစ် တက်သွားနေခိုက်မှာ ဘေးကဝင်ပြီး ကူညီနေပါတယ်။ အဲဒီတုန်းမှာ ဆယ်ကျော်သက် ကလေးအုပ်စုတစ်စုရဲ့ အော်ဟစ်သံတွေဟာ သူ့နားထဲကို ဝင်ရောက်လာကြပါတယ်။ 'ဘိုချီ… ဘိုချီ၊ ရွှံ့စရာကောင်းတဲ့ ဘိုချီ၊ ခွေးမသား အယုတ်တမာကောင် နာဇီ'… တဲ့။

သူတို့ စကားတွေကို အီးမစ်လ် နားမလည်ပါဘူး။ နောက်ပိုင်းကျမှ သူ့အမေကို မေးခဲ့ရတာပါ။

'ဘိုချီဆိုတာ ဘာလဲ'

'မင်းကို တစ်ယောက်ယောက်က ဘိုချီလို့ခေါ်သလား'

'ခေါ်တယ်'

'အို… ဟုတ်လား၊ ဂရုမစိုက်ပါနဲ့ သားရယ်၊ လူမိုက်တွေသာ အဲဒီစကားမျိုး ပြောတာ၊ သူတို့က မင်း သူတို့နိုင်ငံထဲကလာတဲ့ လူဆိုရင် ကောင်းတယ်၊ တခြားတစ်နေရာက လာတဲ့လူဆိုရင် မကောင်းဘူးလို့ ပြောတတ်ကြတယ်၊ ဒါဆိုရင် အဲဒါ လူမိုက်ပေါ့'

'အပူးလည်း အဲဒီလို ပြောတာပဲ'

'ဘာပြောလို့လဲ'

'ပါပါ့ကို သူက ဘူရွှာလို့ခေါ်နေတာပဲ'

'မဟုတ်ဘူး သားရဲ့၊ သူက နောက်ပြောင်ပြီး ခေါ်တာပါ၊ မင့်ပါပါ လူတော်တစ်ယောက်ဆိုတာ သူသိတယ်'

'သားက အပူးကို ပိုပြီးခင်တယ်'

'အေးပါ၊ ဟုတ်ပါတယ်'

'မြေပိုင်ရှင်ဆိုတာရော ဘာလဲ မေမေ'

'သြော်… အဲဒါလား'လို့ ဆက်ဖ်ဖီက ရေရွတ်ပြီးရယ်တယ်။

'သားက သားရဲ့အဘွားကို အဲဒီလိုမခေါ်ရဘူး၊ မင်း သူ့ကို မြင်တောင် မမြင်ဖူးသေးဘဲနဲ့'

'အဲဒါကရော ဘာလဲ'

'ဘာမှမဟုတ်ပါဘူး၊ ဘူရွှာဆိုတဲ့စကားနဲ့ တူတူပဲ၊ အဲဒါက ဘာလဲဆို



တော့ သားမှာ ငွေတွေအများကြီးရှိတယ်၊ ဒါပေမဲ့ ဆင်းရဲတဲ့လူတွေကို ဝေမျှမပေးချင်ဘူးဆိုရင် အဲဒီလိုခေါ်ကြတယ်။ ကဲပါ သားရယ်… မေမေ့ခြေထောက်တွေ သိပ်အေးနေပြီ၊ မြန်မြန်သွားကြစို့ နော်'

\+ + +

၁၉၆၁ ခုနှစ်ရဲ့ ပါရီမြို့ပေါ်မှာ ညစဉ်ညတိုင်း အယ်လ်ဂျီးရီးယန်းတွေ ကြောခဏ ကျက်စားတတ်တဲ့ စားသောက်ဆိုင်တွေ၊ ကဖီးတွေနဲ့ ဟိုတယ်တွေကို ရဲတွေက ဝင်ပြီးရှာလေ့ရှိတယ်။ အထူးသဖြင့် သံသယမကင်းဖြစ်တဲ့ အယ်လ်ဂျီးရီးယန်းတွေကို မက်ရှင်းဂန်းသေနတ်တွေနဲ့ ချိန်ပြီး လမ်းပေါ်ခေါ်သွားလေ့ရှိတယ်။ အင်မတန်အေးနေတဲ့ ဆောင်းရာသီညလယ်ကြီးမှာ ညဝတ်စုံနဲ့ ခေါ်ထုတ်သွားတာမျိုးတွေလည်း ရှိတယ်။

ဖမ်းရမယ့်လူလို့ သတ်မှတ်ပြီးတဲ့အခါမှာ အဲဒီလူကို နီးရာရဲစခန်းဆီ ပို့တယ်။ ဒါတင်မကသေးဘူး… အထူးရဲတပ်ဖွဲ့ ဖွဲ့ပြီး အယ်လ်ဂျီးရီးယန်းတွေကို နည်းအမျိုးမျိုးနဲ့ နှိပ်စက်တယ်၊ စစ်ဆေးမေးမြန်းတယ်။ အပြစ်ဒဏ်ခတ်တယ်။

ပါရီမှာရှိနေတဲ့ အယ်လ်ဂျီးရီးယန်းတွေထဲမှာ ရာရှစ် တစ်ယောက် ပါဝင်ပါတယ်။ သူဟာ အယ်လ်ဂျီးရီးယန်း လွတ်မြောက်ရေးစစ်ပွဲအတွက် ရန်ပုံငွေကို တစ်လတစ်ကြိမ် လှည့်လည်ပြီး ကောက်ခံရတယ်။ အဲဒီငွေကို အယ်လ်ဂျီးရီးယန်း အလုပ်သမား လေးသောင်းက ပုံမှန်ပေးကြရတာပါ။ မပေးမနေရလို့ သတ်မှတ်ထားတဲ့ လစဉ်ကြေးငွေပါ။ အဲဒီလို နည်းမျိုးနဲ့ ကောက်ခံရရှိတဲ့ငွေဟာ နှစ်စဉ် ဖရန့်ငွေ ငါးဘီလီယံအထိ ရှိပါတယ်။

စက်ရုံ၊ အလုပ်ရုံ အလုပ်သမားတွေအနေနဲ့ တစ်လကို ဖရန့်ငွေ ၃၅၀၀ နဲ့ အပိုဆောင်း လက်ဆောင်ငွေ ၅၀၀ ပေးရပါတယ်။ ပြည့်တန်ဆာမတွေကလည်း သူတို့ရလာတဲ့ ဝင်ငွေအပေါ်တည်မှီပြီး အချိုးကျ ပေးကြရပါတယ်။

ပြည့်တန်ဆာအလုပ်က တချို့ရပ်ကွက်တွေမှာ သိပ်ကောင်းပါတယ်။ တချို့ကျတော့လည်း အလယ်အလတ် ရှိပါတယ်။ ဘားဘက်စ် ရပ်ကွက်ကဆိုရင် ဖရန့်ငွေ သုံးသောင်းအထိ ပေးပါတယ်။ မစ်ဂါလီ မှာကတော့ ဖရန့်ငွေခြောက်သောင်းအထိ ပေးနိုင်ပါတယ်။ ကလီချီ ရပ်ကွက်ကတော့ ဖရန့်ငွေရှစ်သောင်း၊ ချမ့်စ်အီလီဆီကတော့ ဖရန့်ငွေတစ်သိန်းအထိ ပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီငွေတွေကို ရာရှစ်က လိုက်လံကောက်ခံပါတယ်။ ရသမျှကို လက်ဆွဲသေတ္တာတစ်လုံးထဲမှာထည့်ပြီး အန်းဒရပ်စ်ရဲ့အိမ်မှာ တစ်ညတာ လာပြီးဝှက်ထားလေ့ရှိပါတယ်။ နောက်တစ်နေ့ မနက်စောစောမှာ ပြင်သစ်လက်ဝဲသမား လူငယ်တစ်ယောက် ရောက်လာပြီး ငွေကိုယူပါတယ်။ စနစ်တကျရေတွက်ပြီး မွန်စီယာဆီ သွားပို့ပေးတယ်။ သူ့ဆီကတစ်ဆင့် ဆွစ်ဇာလန်ဘဏ်ကို တဲလက်စ်နဲ့ လွှဲပေးပါတယ်။ အဲဒီ ဆွစ်ဇာလန်ဘဏ်လုပ်ငန်းရှင်ဟာ စိတ်ဝင်စားစရာပါ။ ဘာ့ကြောင့်လဲဆိုတော့… သူဟာ အရင်က နာဇီတစ်ယောက်မို့ပါ။

နောက်ပိုင်းကျတော့ အဲဒီငွေတွေကို မဒမ်စီက ထုတ်ယူပြီး ကြယ်လေးပွင့်ဟိုတယ်မှာ ဆူဒန်သံအဖွဲ့ဝင်တွေအဖြစ် အယောင်ဆောင်ပြီးတည်းနေတဲ့ အယ်ဖတ်ကျီးရီးယန်းတပ်ဖွဲ့ဝင်တွေလက်ကို လွှဲပေးတယ်။ အဲဒီလူစုကလည်း ရှမ်ပိန်ရေတဝတပြဲသောက်ပြီး မူးလေဟန်ဆောင်ထားကြတယ်။ သူတို့ကို ဘယ်သူကမှ သံသယမဝင်အောင် လုပ်ထားကြတာပါ။ အဲ သူတို့လက်ထဲရောက်လာတဲ့ငွေတွေကို ဖောက်ခွဲပစ်နိုင်မယ့် စက်သေနတ်တွေနဲ့ အလဲအလှယ် လုပ်ကြတယ်။ ဘယ်လောက်ကောင်းလိုက်တဲ့ အလုပ်လဲ။

✢ ✢ ✢

၁၉၆၁ ခုနှစ်၊ ဖွန်လထဲမှာပါ။ ပါရီရဲစခန်းတစ်ခုရဲ့ မြေအောက်ခန်းထဲမှာ အကြီးအကျယ် ဒေါသဖြစ်နေတဲ့ ရဲအရာရှိနှစ်ယောက်ဟာ ရာရှစ်ရဲ့ လက်နှစ်ဖက်စလုံးက လက်ချောင်းတွေအားလုံးကို တူတစ်လက်နဲ့ တစ်ချောင်းစီ ချိုးပစ်ကြတယ်။ ပြီးတော့ ချက်ချင်းပဲ လွှတ်ပေးလိုက်ကြတယ်။

သူ့အဖို့တော့ လက်တွေကို အသုံးချလို့ မရတော့ပါဘူး။ လက်ဆွဲအိတ်တွေ လုံးဝဆွဲနိုင်တော့မှာ မဟုတ်ပါဘူး။ ဝါးသေးသေးလေးတစ်ချောင်းကိုတောင် ကိုင်နိုင်မှာ မဟုတ်တော့ပါဘူး။

ဆက်ဖ်ဖွီအနေနဲ့ ဒုတိယအကြိမ်တွေ့ကြတဲ့အချိန်မှာ သူ့လက်တွေ မစွမ်းမသန် ဖြစ်ပြီးစပါ။ နွေလယ် ညနေခင်းပါ။ ရာဖေးက နိုက်စ်ကို ထွက်သွားပါတယ်။ ပါရီ မိုးကောင်းကင်လွှဲလွှဲမှာ ပန်းရောင်အကွက်ကလေးတွေ ထိုးဖောက်ဝင်ရောက်နေပါတယ်။

အဲဒီနေ့က ဆက်ဆိုဖုန်းမှုတ်သူ ဘစ်လ်ဟာ သူ့မိတ်ဆွေ အပေါင်းအသင်းတွေကိုဖိတ်ပြီး တူရီယာပြုလုပ်သူရဲ့ ဝင်းထဲမှာ ဖြေဖျော်ပွဲလေးတစ်ပွဲ လုပ်တယ်။



အန်းဒရပ်စ်က အီးမစ်လ်ကို သစ်သားစွန်းနှစ်ချောင်းပေးထားပြီး ရှေ့မှာ သံပုံးတစ်လုံး ချပေးထားတယ်။ အဲဒီသံပုံးကို ခေါက်ဖို့လည်း သင်ပေးထားတယ်။

၃၄ လမ်းဘက်က ပြည့်တန်ဆာတွေ၊ ဂိုးလ်ဒင်းဘတ်စားသောက်ဆိုင်က ညစာစားပြီး ထွက်လာတဲ့ လူတွေနဲ့ လမ်းပေါ်လျှောက်နေကြတဲ့ ဆယ်ကျော်သက်တွေဟာ အပေါက်ကနေ ဝင်းထဲကို ချောင်းကြည့်တယ်။ ပြီးတော့ ဝင်လာကြတယ်။ အထပ်ခြောက်ထပ်က အခန်းရှင် အမျိုးသမီးကြီး ဘလူမင်သယ်လ်တောင် ဆက်ဆိုဖုန်းမှုတ်သံ ကြားနိုင်ဖို့အတွက် သူမရဲ့ ပြတင်းပေါက်ကို ဖွင့်ထားပါတယ်။

ရာရှစ်ဟာ ခြံဝင်းရဲ့ ထောင့်တစ်ထောင့်က မှောင်ရိပ်မှာ တစ်ယောက်တည်း ကုပ်ကုပ်ရုပ်ရုပ် ဖြစ်နေတယ်။ သူ့လက်တွေကို ပတ်တီးအဖြူတွေနဲ့ စည်း ထားတယ်။ နှစ်ဖက်စလုံး သုံးလို့မရတော့ပါဘူး။ သူ့ကို မှတ်မိနေတဲ့ ဆက်ဖ်ဖီဟာ လက်ဖက်ရည်ဖန်ခွက်တွေ လိုက်ချပေးနေရာက "ရှင်ရော ရေငတ်နေပြီလား"လို့ မေးရုံသာ မကဘူး။ လိုအပ်ရင် သူကိုယ်တိုင် "တိုက်"ပေးပါမယ်ဆိုတဲ့ အမူအရာ ပြတယ်။

"ကျေးဇူးတင်ပါတယ်"လို့ ရာရှစ်က ပြန်ပြောပြီး မျက်နှာကို တစ်ဖက်လှည့်ထားတယ်။

ဆက်ဖ်ဖီဟာ ရာရှစ်ရှေ့မှာရပ်ပြီး လက်ဖက်ရည်ဖန်ခွက်ကို ရာရှစ်နှုတ်ခမ်းမှာ တေ့ပေးထားတယ်။ အယ်လ်ကျီးရီးယန်းတစ်ယောက်ကို ဟန်ဂေရီယန်တစ်ယောက်ရဲ့ အိမ်ဝင်းထဲမှာ ဂျာမန်မတစ်ယောက်က လက်ဖက်ရည်တိုက်နေခြင်းပါ။

✢ ✢ ✢

နွေရာသီဟာ အသက်ရှူကျပ်လှပါတယ်။ အကြမ်းဖက်မှုတွေကလည်း တိုးလို့သာ လာနေပါတယ်။ အယ်လ်ကျီးရီးယားမှာရော ပြင်သစ်နိုင်ငံကြီးမှာပါ တိုးပွားလို့ လာနေပါတယ်။ အပြန်အလှန် ကလဲ့စားချေမှုတွေပါ။ တိုက်မှု ခိုက်မှုတွေနဲ့ ရန်တုံ့မှုမှုတွေဟာ ဂျာအေးသူ့အမေရိုက်ဆိုတာမျိုး ဖြစ်နေပါတယ်။

သေနတ်သံတစ်ချက် ထွက်လာပါတယ်။ ရဲတစ်ယောက်ဟာ မူဆလင်တစ်ယောက်ရဲ့အသက်ကို ခံရပါတယ်။ နောက်တစ်ခါ ဒိုင်းနဲ့ မြည်သွားတဲ့ သေနတ်သံ ကြားရပါတယ်။ ရဲကပစ်လို့ မူဆလင်သုံးယောက် သေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်မှုတွေ အများကြီးပါ။ တစ်ဖက်က တုံ့ပြန်လာတဲ့ ရက်စက်မှုတွေက လည်း များပြားလွန်းလှပါတယ်။

ရဲမိန်းမတွေဟာ မျက်ရည်စတွေနဲ့ပါ။ စစ်သားတွေရဲ့ မိခင်တွေဟာလည်း မျက်ရည်စတွေနဲ့ပါပဲ။ လုပ်ကြံသတ်ဖြတ်မှုတွေ၊ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းပျက်ပြား အောင် လုပ်မှုတွေဟာ အများကြီးပါ။ လူတွေဟာ သူတို့ အသက်ရှင်မှုအတွက် ပြေးနေကြရပါတယ်။ ကျည်ဆန်တွေဟာ သူတို့နောက်က လိုက်လာနေကြပါတယ်။

ကျည်ဆန်တွေဟာ ဗိုက်ကို၊ ဦးခေါင်းကို၊ လည်ပင်းကို ဖောက်သွားနေ ကြပါတယ်။ အာရပ်အမျိုးသမီးတွေဟာ အထိတ်ထိတ်အလန့်လန့် ဖြစ်နေကြပါ တယ်။ ကလေးသူငယ်တွေလည်း အဲဒီလိုပါပဲ။ သီးနှံတွေလည်း ပျက်ရပါတယ်။ ရွာတွေလည်း မီးလောင်တိုက်သွင်းခံနေကြရပါတယ်။ လူဖြူတွေနဲ့ လူညိုတွေရဲ့ အလောင်းတွေကို မြင်နေကြရပါတယ်။

+ + +

ဆက်ဖ်ဖီနဲ့ အီးမစ်လ်တို့သားအမိဟာ မြေထဲပင်လယ်ရဲ့ စိမ်းပြာရောင် ရေစပ်တွေမှာ ပျော်ရွှင်မြူးထူးနေကြပါတယ်။ နေရောင်ဟာ သူမရဲ့ ဖြူတဲ့အသား ရောင်ကို အညိုဖြစ်သွားအောင် လုပ်ပေးနေပါတယ်။

တစ်ညနေခင်း ညနေစာစားနေခိုက်မှာ ရာဖေးဟာ သူ့သား အီးမစ်လ်ကို စိတ်ဝင်တစား ကြည့်နေရာက 'ငါ့သားလေးလည်း တော်တော်ထွားလာပြီနော်' လို့ ပြောတယ်။

အီးမစ်လ်က သူ့အဖေကိုကြည့်ပြီး ပြုံးတယ်။ 'ဟုတ်ကဲ့ ပါပါ' လို့ ပြန်ပြောတယ်။ အဲဒီတော့ 'မင်း ကျောင်းနေဖို့ အချိန်တော်နေပြီ' လို့ ရာဖေးက ပြောတယ်။ ဆက်ဖ်ဖီ့လက်ထဲက ဝိုင်ဖန်ခွက်ဟာ လှုပ်သွားတယ်။ ဝိုင်တချို့ တစ်ဝက်တောင်မှ စားပွဲခင်းပေါ် ဖိတ်ကျကုန်တယ်။

'ကျောင်း' လို့ ဆက်ဖ်ဖီက ရေရွတ်တယ်။

'အသက်သိပ်ငယ်ပါသေးတယ်'

'မငယ်တော့ဘူး ဆက်ဖ်ဖီ၊ မင်းတို့ ဂျာမနီနိုင်ငံရဲ့ ပညာရေးစနစ် ဘယ်လို ဆိုတာတော့ ကိုယ် မသိဘူး၊ ပြင်သစ်မှာကတော့ သုံးနှစ်သားဆိုရင် ကျောင်းထား ရတယ်၊ ငါ့သား အခု အသက် ဘယ်လောက်ရှိပြီလဲ'

'သုံးနှစ်ခွဲ ပါပါ'



'သားကို ကိုယ်တို့လူကြီးတွေနဲ့ချည်းထားလို့ မဖြစ်တော့ဘူး ဆက်ဖ်ဖီ၊ သူ့သက်တူရွယ်တူတွေနဲ့ ကစားခွင့် နေခွင့်ရအောင်တော့ လုပ်ပေးမှကောင်းမယ်' လို့ ရာဖေးက ဆက်ဖ်ဖီအား လှမ်းပြောသည်။

'ဆက်ဖ်ဖီကတော့ သားကို ကျောင်းမထားချင်သေးဘူး'

'ဘာဖြုလို့လဲ'

'ဆက်ဖ်ဖီက သူ့ကို အဖော်လုပ်ပြီး လမ်းလျှောက်နေရတာ'

'ကိုယ်သိတယ်လေ၊ ဒါပေမဲ့ ဒေါက်တာဖရိုက်က ပြောခဲ့ဖူးတယ်၊ ကလေးသူငယ်တစ်ယောက်ဟာ သူ့ဘဝတစ်လျှောက်လုံး သူ့အမေနဲ့ချည်း လမ်း လျှောက်နေလို့ မဖြစ်နိုင်ဘူးတဲ့'

'ဒါပေမဲ့ ပါရီမှာ ဆက်ဖ်ဖီတစ်ယောက်တည်း လမ်းလျှောက်လို့ မဖြစ်နိုင် ဘူး၊ လမ်းပေါ်မှာရှိနေကြတဲ့ ယောကျာ်းတွေက၊ သူတို့က မိခင်တွေကျတော့သာ လေးစားတာ၊ လမ်းလျှောက်တာကလည်း ဆက်ဖ်ဖီ့ရဲ့ ကျန်းမာရေးအတွက် ကောင်းနေတော့… လမ်းလျှောက်ရင်းလည်း သင်စရာတွေ အများကြီးရှိတယ် ဆိုတာ… ပြင်သစ်သမိုင်းတို့ ဘာတို့၊ ပြီးတော့ သစ်ပင်တွေနဲ့ ဟို… ဟို… အဲဒါတွေက ကျောင်းထက်တောင် ပိုကောင်းတာပဲ'

သနားစရာတော့ အကောင်းသား။ သူ့ခမျာ ကောက်ရိုးလေးတစ်မျှင်ပဲ ဖြစ်ဖြစ် ရရာကို အတင်းဖမ်းဆွဲနေတဲ့သဘောပါ။ တကယ်တော့ အီးမစ်လ်ဟာ သူ့ဆင်ခြေပါ။ သူ တိတ်တိတ်ပုန်း ချစ်ဇာတ်လမ်းမှာ လွတ်ရာလွတ်ကြောင်း သက်သေပါ။ တစ်နည်းအားဖြင့်တော့ သူတို့ရဲ့ ဓားစာခံလို့ပြောရင် မမှားနိုင်ပါဘူး။

ရာဖေးအတွက် ဆက်ဖ်ဖီ့စကားတွေဟာ ပဟေဠိဖြစ်နေတယ်။ နောက်ဆုံး မှာတော့ သူ အရှုံးပေးလိုက်တယ်။ ဒါပေမဲ့ ဆက်ဖ်ဖီရဲ့ အကြောင်းပြချက်အပေါ်မှာ တော့ သူ သိပ်ဘဝင်မကျဘူး။

၁၉၆၂ ခုနှစ် နွေရာသီမှာ ဒီပြဿနာ ထပ်ပေါ်တယ်။ အရင်တစ်ခါလို အလျှော့ပေးမယ်လို့ ရာဖေး စိတ်ထဲက အင်တင်တင်နဲ့။ ၆၃ ခုနှစ်ကျတော့ တစ်ကြိမ်ထပ်ပြောပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ ရာဖေးဘက်မှာ ထိတ်လန့် တုန်လှုပ်မှု ရှိလာတယ်။

+ + +

ဩဂုတ်လဟာ တရွေ့ရွေ့နဲ့ ကုန်သွားနေတယ်။ ရာဖေးတို့မိသားစုဟာ

www.burmeseclassic.com

www.burmeseclassic.com



ပါရီကို ပြန်ကြတယ်။ ဒါပေမဲ့ ရာဖေးဟာ သူ့တူရိယာနဲ့တွဲတဲ့ တေးသီချင်း တေးသံသွင်းဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေလုပ်ဖို့ ရှိလာပြန်တယ်။ ဒါကြောင့်မို့ သူဟာ ဆက်ဖ်ဖီတို့နဲ့ ခွာနေရပြန်တယ်။

သူတို့သားအမိကတော့ ထုံးစံအတိုင်းပဲ။ သွားနေကျနေရာဖြစ်တဲ့ ခွန်ဒက်စ် အတ်ထ်ဘက်ကို ခြေဦးလှည့်ကြတယ်။ အဆောက်အဦစောင့် မဒမ် ဗိုင်ဇယ် ဘလန်ချီကလည်း ထုံးစံအတိုင်းပဲ။ မြေညီထပ် သူ့အခန်းထဲကနေပြီး လှမ်းကြည့်နေတယ်။ သူလည်းပဲ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းတွေရောင်တဲ့ ရောဂါဒဏ် ခံစားနေရတာ လအနည်းငယ်ရှိသွားပြီ။ လမ်းလျှောက်လိုက်တိုင်း ခြင်းထန်တဲ့နာကျင်မှု ဝေဒနာကို ခံစားနေရပါတယ်။ အခုဆိုရင် မနက်ခင်း စာတွေဝေဖို့ အတက်အဆင်းကို မာတ်လှေကားသုံးနေရပါတယ်။

✢ ✢ ✢

'မင်းတို့ မြို့တော်မှာ ဘာတွေဖြစ်နေလဲဆိုတာ မင်းသိရဲ့လား' လို့ ဒီတစ်ခါ အဆုံမှာ အန်းဒရပ်စ်က မေးတယ်။

'ဆက်ဖ်ဖီတို့မြို့တော်… ဟုတ်လား' လို့ ဆက်ဖ်ဖီက ပြန်မေးတယ်။ သူတို့ အခုနေတာ ပါရီပဲ။ ဘာဖြစ်နေလို့လဲ။ ဘာမှလည်း မဖြစ်ပါလား။

'ဘာလင်ကို ပြောတာ'

ဒီစကားဟာ ဆက်ဖ်ဖီ့အရှိက်ကို လက်သီးနဲ့ တအားပိတ်ထိုးလိုက်သလို ဖြစ်သွားတယ်။ သူက ခေါင်းခါပြတယ်။

'မင်း ဘာမှမကြားဘူးလား'

'ဟင့်အင်း… မကြားဘူး'

သူ့တစ်ကိုယ်လုံး သွေးလည်ပတ်မှု ရပ်သွားသလို ခံစားလိုက်ရတယ်။

'သူတို့က မြို့တော်ကို နှစ်ခြမ်းခွဲပစ်ဖို့ တံတိုင်းကြီးတစ်ခု တည်ဆောက် နေကြတယ်။ အရှေ့ပိုင်းက လူအများအပြားဟာ အနောက်ပိုင်းကို အစုလိုက် အပြုံလိုက် ထွက်သွားနေကြတယ်။ ဒီနှစ် နွေရာသီတစ်ခုထဲမှာ လူပေါင်း သုံးသောင်းကျော် ထွက်သွားပြီ။ ၄၉ ခုနှစ်က စတွက်ရင် လူသန်းပေါင်းကျော် သွားပြီ'

'တံတိုင်းကြီးတစ်ခု'



'ဟုတ်တယ်၊ ဘာလင်ကို အလယ်က နှစ်ပိုင်းပိုင်းမှာ… သံဆူးကြိုးတွေ၊ စက်သေနတ်ကိုင်စစ်သားတွေ အများကြီးစောင့်ကြဦးမှာ'

'အို… မဖြစ်နိုင်တာ'

'မင်းဟာ အမြဲတမ်းလိုလို ဘာကိုမှ မသိချင်ဘူး ဆက်ဖ်ဖီ၊ အခု မင်းရဲ့နိုင်ငံမှာ ဖြစ်တာကိုတောင် မင်း မသိချင်ဘူး မဟုတ်လား'

'ဆက်ဖ်ဖီက ပြင်သစ်ပဲ' ဟု ခေါင်းမာစွာ ပြောသည်။

'အေး… ဟုတ်တယ်၊ မင်း မှန်တယ်၊ မင်းက ပြင်သစ်၊ ငါက တရုတ်' လို့ အန်းဒရပ်စ်က ပြန်ပြောပြီး ဘယ်လက်ကို မြှောက်လိုက်တယ်၊ တရုတ်စစ်တပ်ကဟာတွေ အလေးပြုသလို အလေးပြုလိုက်တယ်။

'မော်စီတုံး သက်တော်ရှည်ပါစေ'

'မဟုတ်ဘူး၊ ရှင်… တရုတ်မဟုတ်ဘူး၊ ရှင်က ကွန်မြူနစ်' လို့ ဆက်ဖ်ဖီ က ပြောတယ်။ 'ဒါပေမဲ့ ရှင့်ကွန်မြူနစ်စနစ်က အလုပ်မှမဖြစ်တာ၊ ဒါနဲ့များ ရှင်… ဟန်ဂေရီက ထွက်လာရသလား၊ ကွန်မြူနစ်ဝါဒကြီးကို ရှင်သိပ်ကြိုက်တယ် ဆိုရင် ရှင့်နိုင်ငံထဲမှာပဲ နေပေါ့၊ ဘာပြုလို့ အနောက်ပိုင်းကလူတွေ အရှေ့ဘာလင် ကို ထွက်မပြေးကြတာလဲ၊ ရှင်တို့ အယ်လ်ကျီးရီးယားနိုင်ငံထဲကို သွတ်သွင်းဖို့ အားထုတ်နေတဲ့ မာ့က်စ်လောကနိဗ္ဗာန်ကြီးဆီကိုရော ဘာ့ကြောင့်မသွားကြတာလဲ'

'ဟား…' လို့ အန်းဒရပ်စ်က ရေရွတ်တယ်။ သရော်တဲ့ မျက်နှာထားနဲ့ ခေါင်းတခါခါလုပ်တယ်။ 'ဩော်… ဒီအမျိုးသမီးမှ မဟာနိုင်ငံရေးစိတ်ဓာတ် အပြည့်ပါလာသကွယ်၊ နာမည်ကလည်း မဒမ်လီဗိတ်ချ်တဲ့၊ အခု သူနဲ့တွေ့ရတဲ့ နှစ်တွေအတွင်းမှာ သတင်းစာ လုံးဝမဖတ်ဘူးလို့ ငါထင်ထားတာ မှားပါပေါ့လား၊ ဘာကယ်တော့ သူက တက္ကသိုလ်မှာ နိုင်ငံရေးသိပ္ပံ သင်ကြားနေတဲ့ ဆရာမကြီး ပါလား။ လူတိုင်းက မတ်တတ်ထပြီး လက်ခုပ်သြဘာပေးကြရမှာပါလားနော်'

'အဖြေပေးစရာမရှိတော့ သရော်တာပဲပေါ့' လို့ ဆက်ဖ်ဖီက ပြောတယ်။ 'ဆက်ဖ်ဖီ… အရမ်းစိတ်ကုန်တယ်၊ အမြဲတမ်း **စစ်… စစ်… စစ်**'

ဆက်ဖ်ဖီက ထိုင်နေရာက ထတယ်။

'မဟုတ်သေးဘူး ဆက်ဖ်ဖီ၊ ကိုယ် ဝမ်းနည်းပါတယ်၊ **စိတ်မဆိုးပါနဲ့** ခဏနေပါဦး၊ ကိုယ် မင်းကို ပြစရာရှိလို့ပါ'

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နာရီလောက်အကြာမှာ သူတို့သုံးယောက်ဟာ တံတားပေါ်မှာ ရပ်နေကြပါတယ်။ တံတားက ပါရီအနောက်ဖျားက လူသိများတဲ့ တံတားတစ်ခုပါ။ အန်းဒရပ်စ်က သူ့ဘေးမှာ ရပ်နေပါတယ်။ တံတားပေါ်ကနေပြီး လှမ်းကြည့်လိုက်ရင် ဟိုအဝေးမှာရှိနေတဲ့ နေရာတစ်ခုကို မြင်နေရပါတယ်။ အိန္ဒိယနိုင်ငံက ဘုံဘေမြို့ မဟုတ်ပါဘူး။ ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းက ဆာအိုပေါ်လိုမြို့လည်း မဟုတ်ပါဘူး။

အဲဒီနေရာဟာ ပါရီမြို့တော်ရဲ့ အတွင်းပိုင်းတစ်နေရာက ဆင်ခြေဖုံးရပ်ကွက်ပါ။ နန်တာရီးလို့ ခေါ်ပါတယ်။ အဲဒီရပ်ကွက်မှာ နေကြတာက မူဆလင်တွေပါ။ တစ်ရာ ရာနှုန်းပါပဲ။ ကားပျက်မျိုးစုံ ရောက်နေတဲ့နေရာပါ။ အမှိုက်သရိုက်ပုံတွေကလည်း ပြန့်ကြဲနေတယ်။ ချေးလေချေးလွင့်တွေလည်း ရှိပါတယ်။ ရွံ့တွေကလည်း နေရာတိုင်းမှာ မြင်နေရပါတယ်။ ကြိုးတန်းတွေတန်းပြီး လှန်းထားတဲ့ အဝတ်တွေကလည်း အများကြီးပါ။ ညစ်ပတ်နံစော်နေတဲ့ ဗွက်အိုင်တွေ နေရာတိုင်းလိုလိုမှာ ရှိနေပါတယ်။

အဲဒီနေရာဟာ ပါရီမြို့ပေါ်က လမ်းတွေကို ပြင် … ပြင်ပေးရတဲ့လူတွေ နေထိုင်ရာ ရပ်ကွက်ပါ။ ညခင်းမှာ စားကြ သောက်ကြ အိပ်ကြရတဲ့ သူတို့ရဲ့ နေရာပါ။ သူတို့ထဲက အများစုဟာ သူတို့သားမယားတွေကို အယ်လ်ဂျီးရီးယားနိုင်ငံမှာ ထားခဲ့ကြပါတယ်။ တချို့ကတော့ ခေါ်လာပြီး အစုတ်စုတ်အပြတ်ပြတ်ဖြစ်နေတဲ့ ဒီရပ်ကွက်တွင်းက ဖြစ်ကတတ်ဆန်း တိုက်အိမ်တွေမှာ နေကြပါတယ်။ တိုက်အိမ်ဆိုပေမယ့် အက်နေတဲ့ နံရံတွေ၊ ပြိုကျထားတဲ့ အုတ်ခဲပုံတွေ၊ အင်ဖော့ပုံတွေနဲ့ ပြည့်နေပါတယ်။

နေရတာကျတော့လည်း တစ်ယောက်ပေါ်တစ်ယောက် ထပ်လုမတတ်ပါ။ တစ်ခန်းထဲမှာ လူခြောက်ယောက်က ခုနစ်ယောက်ထိ ရှိပါတယ်။ အဲဒီထဲမှာ ကြွက်တယ်နှကောင်ဆိုတာ ထည့်တွက်မထားပါဘူး။ ခုတင်တစ်လုံးမှာ လူနှစ်ယောက် သုံးယောက် ပေါင်းအိပ်ကြရပါတယ်။

မြင်နေရတဲ့ ရှုခင်းဟာ မှုပြင်းလှတဲ့ နေရောင်အောက်မှာဆိုတော့ ဆဟာရားသဲကန္တာရထဲက တဲလှုပ်တစ်ခုနဲ့ တူနေပါတယ်။ ဆက်ဖ်ဖီဟာ သူ့မျက်လုံးတွေကို လက်ဖဝါးတစ်ဖက်နဲ့ကာပြီး ရှုခင်းကို လှမ်းကြည့်နေတာပါ။

ဆက်ဖ်ဖီ့စိတ်ထဲမှာ စောစောတုန်းက အန်းဒရပ်စ် ပြောခဲ့တဲ့ စကားတွေအတွက် သူ့ဘက်က တစ်ခုခုတော့ ပြန်ပြောသင့်တယ်လို့ တွေးနေပါတယ်။ နောက်ဆုံးမှာ သူဟာ အန်းဒရပ်စ်ကို တစ်ချက်လှမ်းကြည့်လိုက်ပါတယ်။



'ရှင်နားလည်ရမယ့် အချက်တစ်ချက်တော့ ရှိတယ်' လို့ ဆက်ဖ်ဖီက ပြောတယ်။ 'ဘာလင်တံတိုင်းဟာ ဘာကိုမှ ပြောင်းလဲစေမှာ မဟုတ်ပါဘူး။ ဆက်ဖ်ဖီတို့ ဂျာမန်တွေအားလုံးဟာ သူတို့ရဲ့ခေါင်းတွေထဲမှာ တံတိုင်းဆောက်ပြီး နေကြရတာပါ။ စစ်ကြီးဖြစ်ကတည်းကလို့ ဆိုရမှာပါ။ တကယ်တော့ စစ်ကြီးမဖြစ်မီကတည်းက အဲဒီလို ဖြစ်နေတာပါလို့ဆိုရင်လည်း မမှားနိုင်ပါဘူး။ ဆက်ဖ်ဖီဆိုရင် ဘဝတစ်လျှောက်လုံးပဲ …။

'ဆက်ဖ်ဖီတို့ ပြောနိုင်တာတွေနဲ့ မပြောနိုင်တာတွေကြားမှာရော ဆက်ဖ်ဖီတို့ မေးနိုင်တဲ့ မေးခွန်းတွေနဲ့ မမေးနိုင်တဲ့ မေးခွန်းတွေကြားမှာပါ တံတိုင်းက ရှိနေတာပါ'

အန်းဒရပ်စ်က ဘာမှဝင်မပြောဘူး။ ရေငုံနှုတ်ပိတ် လုပ်နေတယ်။ သူ့လျှာကို တိုနိုင်သမျှတိုအောင် ထိန်းချုပ်ထားတယ်။

'၁၉၄၆ ခုနှစ်ကျတော့ ဆက်ဖ်ဖီ့အဖေဟာ တီဂျဲလ်မှာ တရားရုံးအတင်ခံခဲ့ရတယ်၊ အဲဒီအချိန်မှာ အမေက ဆုံးပြီ၊ သူတို့က နာဇီတစ်ယောက် ဟုတ်မဟုတ် စစ်ဆေးကြတာ' လို့ ဆက်ဖ်ဖီက ဆက်ပြောနေတယ်။ 'စစ်တာ မကြာလိုက်ဘူး၊ ခဏပဲ၊ ချက်ချင်းပြီးသွားတယ်၊ နှစ်နာရီပဲကြာတယ်၊ သူတို့က ပြောတယ်၊ အဖေဟာ နာဇီတစ်ယောက် မဟုတ်ဘူးတဲ့၊ သာမန် အလုပ်သမားတစ်ယောက်ပါတဲ့'

ငါ အိပ်မက်မက်နေတာများလားလို့ အန်းဒရပ်စ်က တွေးတယ်။ အမှန်တော့ သူသိတယ်။ ဆက်ဖ်ဖီ့အဖေဟာ နာဇီတစ်ယောက်ပါ။ ရာဇဝတ်ကောင်တစ်ကောင်ပါ။ ယုတ်မာတဲ့ လူတစ်ယောက်ပါ။ သူ့အနေနဲ့ ဒီလောက်သိရရင်တော်ပါပြီ။ ဒီထက်ပိုပြီး အသေးစိတ် မသိချင်ပါဘူး။ မိဘရဲ့ မကောင်းမှုဒုစရိုက်တွေကို ပြောပြပြီး သူ့စိတ်မှာ ဆင်းရဲ ဒုက္ခရောက်မယ့်အဖြစ်ကို အန်းဒရပ်စ် ခလိုလားပါဘူး။ ဒါပေမယ်လို့ ဆက်ဖ်ဖီ့အသံဟာ ဆက်ပြီးထွက်လာနေပါတယ်။

'တစ်မနက်မှာ ဆက်ဖ်ဖီ မနက်ခင်း လာတဲ့စာ သွားယူတယ်။ ဆက်ဖ်ဖီ ရဲ့ ပြင်သစ်ဘာသာသင်ဆရာ မွန်စီယာဖာရက် ဆီက စာတစ်စောင်ရောက်နေတာ သူက ပြင်သစ်ကိုပြန်သွားတာ … ဟိုကနေပြီး ဒီစာကို ရေးလိုက်တာ'

'စာက ငါးစောင်လို့ပြောရင် ပိုမှန်မယ်၊ အဲဒီစာတွေက [illegible] မဟုတ်ဘူး၊ ဘေယာဆီက၊ သူက ဆက်ဖ်ဖီ့အဖေ လီဗာကူဇင် မှာနေခဲ့မှန်းသိထားတယ်။ သူ့စာတွေကို ပြင်သစ်သတင်းစာတစ်စောင်မှာ ပုံနှိပ်ထားတာ။ အဲဒီစာတွေကို ဆရာဖာရက်က သူ့စာနဲ့အတူ ထည့်ပေးလိုက်တာ--- ပြင်သစ်

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာဖြတ်ပိုင်းတွေ… ဘေယာက ဩစ်ဝစ်ဇ်ကို ပို့ခဲ့တဲ့စာတွေ…'

'ဆက်ဖ်ဖီ အလွှတ်ရနေတယ်၊ အိပ်ဆေးတွေနဲ့ စမ်းသပ်တာတွေ၊ စမ်းသပ်ခံခဲ့တဲ့ အမျိုးသမီးက တစ်ရာ့ငါးဆယ်တိတိ ရှိတယ်။ စာတွေက ဈေးဆစ်တဲ့စာတွေ၊ နောက်ဆုံးမှာ ဈေးတည့်သွားတယ်။ ဆေးတွေပို့လိုက်တာရလို့ ကျေးဇူးတင်တယ်တဲ့… စမ်းသပ်မှုကို လုပ်ခဲ့ပြီးပြီ။ အောင်မြင်တယ်၊ မိန်းမတွေအားလုံးသေတယ်တဲ့… နောက်ထပ် အမှာစာပို့ဖို့ ထပ်ပြီးဆက်သွယ်မယ် စသည်ဖြင့်ရေးထားတာတွေပဲ'

ဆက်ဖ်ဖီ့အသံ ပျောက်သွားတယ်။ တံတားအောက်မှာရှိတဲ့ လမ်းပေါ်က မောင်းသွားနေတဲ့ ကားသံတွေ ဝင်လာတယ်။ ပြီးတော့ အသံတွေဟာ အဝေးကြီးကို ရောက်သွားပြီး ပျောက်သွားတယ်။ အန်းဒရပ်စ်ဟာ တံတားပေါင်ကို တအားဆုပ်ထားတယ်။ မျက်လုံးတွေကို မှိတ်ထားတယ်။ အဆိုးဆုံးလို့ ဆိုရမယ့် ဇာတ်လမ်းတွေကို သူကြားနေရတာပါကလား။ ကြားရတာ စိတ်မချမ်းမြေ့စရာပါ။ မကြားချင်ပေမယ်လို့ တစ်ဖက်လူက ခေါင်းမာစွာနဲ့ ဆက်ပြောနေတော့…

'ဆက်ဖ်ဖီစာကိုလည်းဖတ်ပြီးရော ဘာဆက်လုပ်ရမှန်း မသိဘူး၊ အပေါ်ထပ်မှာရှိနေတဲ့ အဖေ့ဆီကို တက်သွားတယ်။ သူက ပက်လက်ကုလားထိုင်မှာ ထိုင်နေတယ်။ ဆက်ဖ်ဖီက သတင်းစာဖြတ်ပိုင်းကို သူ့မျက်လုံးတွေရှေ့ကို ထိုးပြတယ်။ သူ့မျက်လုံးတွေရဲ့ အရောင်က ဆက်ဖ်ဖီလို အစိမ်းရောင်… မျက်လုံးတွေ သိပ်ကောင်းသေးတယ်'

'သူက သတင်းစာဖြတ်ပိုင်းကို ဖတ်တယ်၊ သူဖတ်လို့လည်းပြီးရော ဆက်ဖ်ဖီက အဖေသိသလား၊ ဒီကိစ္စ ကြားခဲ့ဖူးသလား၊ အိပ်ဆေးတွေလေ… အဲဒီကိစ္စဟာ အဖေ့ဌာနကပဲ၊ သူတို့က အဲဒီစမ်းသပ်မှုတွေအကြောင်း အဖေ့ကို ပြောမပြဘူးလားလို့ မေးတယ်'

'အဖေ သိသလား'လို့ အသံကုန်ဟစ်ပြီး အော်မေးတယ်။ ပြီးတော့ သူ့ညာဘက်နားနားကပ်ပြီး စာကို အော်ဖတ်ပြတယ်။ သူ့ပခုံးတွေကို တအားဆုပ်ကိုင်ပြီး တအားလှုပ်ယမ်းပစ်တယ်။ အဖေကတော့ ကျောက်ရုပ်ကြီးတစ်ရုပ်လိုပဲ။ လုံးဝမလှုပ်ဘူး။ သူ့မျက်လုံးတွေတောင်မှ မလှုပ်ရှားတော့ဘူး။ ညကျတော့ အဖေသေတယ်'

✢ ✢ ✢



အဲဒီနေ့က သူ့အဖေနားနားကပ်ပြီး အော်ခဲ့တယ်ဆိုတာ တကယ်ပဲလား။ သူ ကောင်းကောင်းမမှတ်မိဘူး။ သူ့အဖေကို သူအော်ခဲ့တယ်လို့ သူထင်တယ်။ ဒါမှမဟုတ်ရင်လည်း စာတွေကို အကျယ်ကြီး ဖတ်ပြခဲ့တာ ဖြစ်ချင်လည်းဖြစ်မယ်။ ဒါပေမဲ့ အဲဒါလည်း သိပ်မသေချာပြန်ဘူး။

✢ ✢ ✢

နေကလည်း ခြစ်ခြစ်တောက်ပူနေတယ်။ အခြေအနေအရပ်ရပ်ကလည်း တင်းမာနေတယ်။ စက်တင်ဘာလရဲ့ သီတင်းပတ်တွေဟာ တရွေ့ရွေ့ ကုန်ဆုံးသွားပြီး အောက်တိုဘာလတွင်းကို ဝင်သွားပြီ။ သစ်ပင်တွေဟာ သူတို့ရဲ့အရွက်တွေကို ဖက်ကွယ်ထားနေကြဆဲပဲ။

နေရာတိုင်းမှာ သက်သာအေးဆေးမှုဆိုတာ မရှိသေးဘူး။ သတ်ဖြတ်မှုတွေနဲ့ သွေးမြေကျမှုတွေဟာ ပိုတိုး ပိုများလာတယ်။ ဒါပေမဲ့ ပါရီသူတွေကတော့ နွေရာသီဝတ်စုံတွေဝတ်ပြီး လမ်းတွေပေါ်ကို ထွက်လာနေကြတုန်းပဲ။ ပြင်သစ်ရဲတစ်ယောက်သေတိုင်း အယ်လ်ဂျီးရီးယန်းဆယ်ယောက် သေပေးနေရတဲ့ အဖြစ်က ပတ်ဝန်းကျင်မှာ ရှိလာနေတယ်။

✢ ✢ ✢

အန်းဒရပ်စ်နဲ့ ဆက်ဖ်ဖီဟာ အမြင်ချင်း၊ အယူအဆချင်း မတူပေမယ့် ခင်မင်မှုက ပိုပြီးနီးနီးကပ်ကပ် ရှိလာတယ်။ အထူးသဖြင့် နိုင်ငံရေးခံယူချက်ဟာ အတော်ခြားနားမှု ရှိကြတယ်။ ဒါပေမဲ့ အဲဒီသဘောထားကွဲလွဲမှုတွေကို ခေ့ခေ့ ပျောက်ပျောက်ထားကြတယ်။ နောက်ပိုင်းမှာတော့ ဆက်ဖ်ဖီဟာ အန်းဒရပ်စ် ပြောသမျှကိုပဲ နားထောင်တယ်။ ဘာမှပြန်မပြောတော့ဘူး။

ဒီနေ့ဟာ အောက်တိုဘာ ၈ ရက်ပါ။ အန်းဒရပ်စ်ဟာ သူ့[illegible] ခေါက်တုံ့ခေါက်ပြန် လမ်းသလားရင်း စကားတွေကို ကျယ်ကျယ်[illegible] ပြောနေတယ်။ ယခုတစ်ကြိမ် ပြင်သစ်တို့လုပ်ပုံဟာ သိပ်ကိုတ[illegible] ပြောနေတယ်။

'နေဝင်မီးငြိမ်းဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ခင်း[illegible] ဆက်ဖ်ဖီ'လို့ သူက မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖ်ဖီက သိပါတယ်လို့ပဲ ဖြေတယ်။ သူကလေးဘဝက ကြုံခဲ့ရတာတွေကိုတော့ အရင်ကလို မပြောတော့ဘူး။ ပြောဖို့ မသင့်တော်တဲ့အချိန်ကာလတစ်ခုလို့ သူထင်မိတယ် မဟုတ်လား။

'မူဆလင်တွေအတွက် နေဝင်မီးငြိမ်း အမိန့်ထုတ်ထားတယ်။ ဂျူးတွေအတွက် ဒီအမိန့်မျိုးထုတ်ခဲ့တာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကပေါ့။ ဘာမှမထူးဘူးသဘောက အတူတူပဲ။ ညရှစ်နာရီခွဲဆိုရင် သူတို့ အပြင်ထွက်ခွင့် မရှိတော့ဘူး။ သူတို့က အိမ်နဲ့ အဝေးကြီးမှာ အလုပ်သွားလုပ်ရတာ၊ အပြန် သိပ်နောက်ကျတယ်၊ အစားအစာကို ဘယ်လိုဝယ်ပြီး ဘယ်လိုစားကြမလဲ'

အန်းဒရပ်စ်က ဒေါသတကြီး အော်ပြောနေတယ်။ 'စိတ်ကို အေးအေးထားပါလား အန်းဒရပ်စ်ရယ်··· ရှင် သိပ်ပြင်းထန်လွန်းနေပြီ' လို့ ဆက်ဖ်ဖီက ပြောတယ်။

'ပြင်းထန်လွန်းနေတာ ငါမဟုတ်ဘူး၊ ပြင်သစ်တွေကွ၊ ဒီမှာ ဆက်ဖ်ဖီ ကိုယ်ပြောတာ ယုံပါ၊ ပြင်းထန်လွန်းနေတာ သူတို့'

'အန်းဒရပ်စ်ရယ်'

'···· **ကို သွားရမယ်**'

ဆက်ဖ်ဖီဟာ အန်းဒရပ်စ်ဖြုတ်ထားတဲ့ အိုဘိုလေမှုတ်တူရိယာက 'အခင်ကလေး' ကို အသေအချာကြည့်နေမိတယ်။ ကျူပင်အရိုးက ဖြတ်ယူပြီး လုပ်ယူထားတဲ့ 'အခင်ကလေး' ပါ၊ လှှာနဲ့ အတော်တူပါတယ်၊ သူ့အရွယ်အစား၊ ပမာဏနဲ့ ပုံပန်းသဏ္ဍာန်ကို ကြည့်လိုက်ရင် စိတ်ဝင်စားစရာပါ။ အလွန်လက်ဝင်တဲ့ အလုပ်တစ်ခုဆိုတာ သိပ်သိသာပါတယ်။ ဘယ်လိုလုပ်ယူရတယ်ဆိုတာကို ဟိုတစ်နေ့ကပဲ အန်းဒရပ်စ်က ရှင်းပြခဲ့ပါသေးတယ်။ ဆက်ဖ်ဖီကတော့ မမှတ်မိတော့ဘူး၊ မေ့သွားပြီ။

'ကိုယ် ခရီးဝေးတစ်ခု ထွက်ရလိမ့်မယ်၊ ကိစ္စက ရာရှစ်နဲ့ ကိုယ်တို့ညီအစ်ကိုတွေကို ကူညီရမှာ'

ဆက်ဖ်ဖီကတော့ မျက်လုံးတွေကို မှိတ်ထားတယ်။ လက်နှစ်ဖက်ကို ရင်မှာပိုက်ထားတယ်။

'ကိုယ်ပြောတာ နားထောင်ပေးပါ ဆက်ဖ်ဖီ၊ နားလည်း လည်စေချင်တယ်။ လူတွေဟာ နာဇီတွေလုပ်ချင်တာလုပ်ဖို့ ခွင့်ပြုခဲ့ကြတယ်။ နာဇီတွေက နှိပ်စက်တာ၊ ညှဉ်းပန်းတာ၊ တရားဥပဒေမဲ့ ကျူးလွန်တာတွေကို ဒီအတိုင်းကြည့်နေခဲ့ကြတယ်။ လူလူချင်း လက်နက်အားကိုးနဲ့ လက်နက်မဲ့သူတွေအပေါ် မတရား



သဖြင့် ရက်စက်ယုတ်မာခဲ့ကြတယ်။ အဲဒါတွေကို သည်အတိုင်းကြည့်နေခဲ့ကြတယ်။ အဲဒီတော့ လူသားခြောက်သန်း အကြောင်းမဲ့ အသတ်ခံခဲ့ကြရတယ်။ အခုလည်း ပါရီမြို့နားမှာ အယ်လ်ဂျီးရီးယန်းတွေအတွက် အကျဉ်းစခန်းတွေ ဖွင့်ဦးတော့မယ်'

ဆက်ဖ်ဖီ မျက်လုံးတွေကို မှိတ်ထားမြဲ မှိတ်ထားတယ်။ သူမ အန်းဒရပ်စ်ရဲ့ စကားတွေကို ကြားတစ်ချက် မကြားတစ်ချက်ပါ။

'ဂျာမန်တွေ သိမ်းပိုက်ထားတဲ့ ကာလအတွင်းက လင်မယားစုံတွဲတစ်တွဲ ရှိခဲ့တယ်' လို့ အန်းဒရပ်စ်က ဆက်ပြောတယ်။ ပြီးတော့ ဆက်ဖ်ဖီထိုင်နေတဲ့ ကုလားထိုင်ဘေးမှာ ဒူးထောက်ထိုင်ချလိုက်တယ်။ 'မင်းလက်တွေကို ပိုက်မထားပါနဲ့၊ မျက်လုံးတွေကိုလည်း ပိတ်မထားပါနဲ့။ ကိုယ်ပြောတာ နားထောင်စမ်းပါ'

'အဲဒီလင်မယားဟာ ဂျူးတွေရဲ့ လိပ်စာတွေကို စုဆောင်းသိမ်းဆည်းထားတယ်။ ရဲတွေဆီကို သတင်းပေးတယ်။ ဂျူးလေးထောင်ကို ၄၁ ခုနှစ် မေလထဲမှာ ပြည်နှင်ဒဏ်ပေးခဲ့ကြတယ်။ ဇူလိုင်လထဲကျတော့ ဂျူးတစ်သောင်းသုံးထောင်ကို ဒီနိုင်ငံက ပြည်နှင်ဒဏ်ပေးခဲ့ပြန်တယ်။ ဂျူးတွေရဲ့ အိမ်တွေ၊ ဆိုင်တွေဟာ အားလုံး ပျက်စီးကုန်တယ်။ လူသူမရှိလို့ တိတ်ဆိတ်ငြိမ်သက်နေတယ်။ ဂျူးတစ်သောင်းခုနစ်ထောင်ဟာ ပြည်နှင်ဒဏ်ခံခဲ့ကြရတယ်။ စစ်ကြီးလည်းပြီးသွားရော ဟိုလင်မယား အဖမ်းခံခဲ့ရတယ်။ တရားရုံးက ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချတာကို ခံကြရတယ်'

ဆက်ဖ်ဖီကတော့ သူပြောတာကို စိတ်မဝင်စားဘူး။ 'မဟုတ်သေးဘူး အန်းဒရပ်စ်··· ရှင့်အလုပ်ကို ပစ်ထားလို့ဖြစ်မတဲ့လား' လို့ ပြောတယ်။

**'ကိုယ်ပြောတာကို နားထောင်စမ်းပါ'** လို့ အန်းဒရပ်စ်က ဒေါသတကြီးနဲ့ အော်တယ်။ 'ကိုယ်ပြောမယ်၊ အဲဒီ လင်မယားအကြောင်းကို ရာရှစ်က ပြောပြတယ်။ သူတို့ကို မနှစ်က ထောင်ကထုတ်လာတယ်။ ဘယ်သူက ထုတ်တာလဲတဲ့··· ရဲဆိုတဲ့ကောင်တွေက ထုတ်တာ··· အယ်လ်ဂျီးရီးယန်းတွေရဲ့ စာရင်းကို ပြုစုခိုင်းချင်လို့··· ကြားရဲ့လား ဆက်ဖ်ဖီ··· အဲဒါမျိုးတွေဟာ ဒီနေ့ခေတ်မှာလည်း ဖြစ်နေတုန်းပဲ။ အခု သူတို့ အယ်လ်ဂျီးရီးယန်းတွေပေါ် လုပ်နေပုံက ၄၂ ခုနှစ်တုန်းက ဂျူးတွေအပေါ် လုပ်ခဲ့သလိုမျိုးပဲ။ အယ်လ်ဂျီးရီးယားမှာ ရက်စက်ကြမ်းကြုတ် ယုတ်မာနေကြတဲ့ ပြင်သစ်ဗိုလ်ချုပ်ကြီးတွေဟာ ဟစ်တလာရဲ့ ဂက်စတာပိုတွေနဲ့ ဘာများခြားနားလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်ကိုရောက်နေတဲ့ အီးမစ်လ်ဟာ အလုပ်ရုံထဲကို ပြန်ဝင်လာတယ်။ 'အဖူး ဘာဖြစ်လို့လဲ' တဲ့။ သူ့အမေကို မေးတယ်။ 'အဖူး ဖျားနေသလား သိမ့်ကျလို့လား' တဲ့။

'မဟုတ်ဘူး သား၊ အဖူး ဘာမှမဖြစ်ဘူး၊ အဖူး ခရီးသွားမလို့'

ခရီးသွားမယ်ဆိုတဲ့စကားကို အီးမစ်လ် နားလည်နေတယ်။ 'အပြန်ကျရင် ထွန်းတော့်ဖို့ လက်ဆောင်ဝယ်ခဲ့' လို့ သူက ပြန်ပြောတယ်။

အန်းဒရပ်စ်က ဘာမှပြန်မပြောဘဲ အီးမစ်လ်ကို ကောက်ပြီးချီထားလိုက်တယ်။ တအားဖက်ပြီး သူ့ရင်မှာ ကပ်ထားလိုက်တယ်။ ဖက်ထားတာ တင်းကျပ်လွန်းအားကြီးတော့ အီးမစ်လ်ဟာ အန်းဒရပ်စ်လက်ထဲက အတင်းရုန်းထွက်တယ်။

✢ ✢ ✢

ဆောင်းဦးအပူချိန်ဟာ ဆက်ပြီး တည်တံ့နေဆဲပါ။ ဒီရာသီ မကုန်ခင်ဆုံးအတွင်းမှာပဲ သူတို့နှစ်ဦး ခွဲခွာသွားခဲ့ရပါတယ်။ ဘယ်လောက်ကြာကြာ ခွဲနေကြရမှာလဲ… ဆက်ဖ်ဖီ သိချင်နေပါတယ်။ အန်းဒရပ်စ်ကတော့ ဆက်ဖ်ဖီသိချင်နေတာကို ပြောမပြနိုင်ပါဘူး။

နှစ်ဦးညှိနှိုင်းပြီး သဘောတူညီခဲ့တာက ဗုဒ္ဓဟူးနေ့မနက်တိုင်း ဆက်ဖ်ဖီဟာ အလုပ်ရုံကို လာကြည့်ရမယ်။ သူတို့နှစ်ဦး သဘောတူညီခဲ့တဲ့ နောက်တစ်ချက်က သူတို့ရဲ့ အချစ်ဇာတ်လမ်းဟာ အနာဂတ်မရှိတဲ့အတွက် ပိုပြီး ဂရုစိုက်ဖို့ လိုလိမ့်မယ်ဆိုတဲ့အချက်တစ်ချက်ပဲ။

✢ ✢ ✢

အန်းဒရပ်စ် အကြီးအကျယ် ဒေါသထွက်နေပါတယ်။ ပြင်းထန်တဲ့ အမုန်းစိတ်ကြောင့် တုန်လှုပ်နေပါတယ်။ တိုက်ဖို့ခိုက်ဖို့သာ တောင့်တနေပါတယ်။ အခုလောလောဆယ် သူလိုလားနေတာ ရန်ပွဲပဲ။ သူ့ဒေါသကို စိတ်နဲ့သာမကဘူး ကိုယ်နဲ့ပါ ပြချင်နေပါတယ်။ သူ့အနေနဲ့ ရာရှစ်ရဲ့လက်တွေအတွက်ရော တခြားလူတွေ ခံစားခဲ့ရတဲ့ ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှုတွေအတွက်ပါ လက်စားချေချင်နေပါတယ်။

သူ လက်တုံ့ပြန်ချင်နေတာက ပြင်သစ်နိုင်ငံကိုပါ။ ပြင်သစ်နိုင်ငံရေးသမားတွေ၊ ပြင်သစ်ရဲတွေနဲ့ ပြင်သစ်စစ်သားတွေ အားလုံးကို လက်စားချေချင်



နေတာပါ။ လူတွေအပေါ် မတော်မတရား ပြုနေသူမှန်သမျှ တစ်ယောက်လုံး ဘယ်နေရာမှာပဲရှိရှိ ချိုးနှိမ်ပစ်ချင်နေတာပါ။ အဲဒါဟာ လောလောဆယ် တည်ရှိနေတဲ့ သူ့ဆန္ဒပါ။

သူဟာ လှုပ်ရှားနေပါတယ်။ ကူညီနေတာပါ။ မော်တော်ကားကို မောင်းပြီး ရာရှစ်နဲ့ မိုဟာမက်တို့ကို လိုက်ပို့တာပါ။ ဟိုနှစ်ယောက်က ကားနောက်ထဲမှာ ဝပ်ပြီး လိုက်သွားကြပါတယ်။ ရဲက လူဖြူမောင်းလာတဲ့ကားဆိုရင် မစစ်ပါဘူး။ ကားကိုတောင် မရပ်ခိုင်းပါဘူး။ အန်းဒရပ်စ်ဟာ သူမောင်းလာတဲ့ကားကို ဆင်ခြေဖုံးရပ်ကွက်တွေ အစွန်မှာ ရပ်လိုက်ပါတယ်။ ပြီးတော့ ရာရှစ်နဲ့ မိုဟာမက်တို့ကို ရပ်ကွက်ထဲ လိုက်ပို့ပေးပါတယ်။ ဒါဟာ သူ့ရဲ့ ကူညီမှုတစ်ခုပါ။ ရာရှစ်အပါအဝင် အယ်လ်ဂျီးရီးယန်းအုပ်စုတွေကလည်း အန်းဒရပ်စ်လို့ခေါ်တဲ့ ဟန်ဂေရီယန်အပေါ်မှာ ယုံကြည်ကြပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့နှလုံးသားထဲမှာ မတရားမှုကို ဆက်ဆုပ်မုန်းတီးတဲ့ တူညီသော တော်လှန်ရေးစိတ်ဓာတ် ရှိနေလို့ပါ။

လုပ်ပုံတွေကလည်း မဟုတ်ဘူးလေ။ ရာရှစ်ရဲ့လက်တွေကို ကြည့်ပါ။ သူ့နဲ့ ကြေမွသွားအောင်ထုပြီး ချိုးပစ်တာ။ ဒီအလုပ်ကို ရဲကလုပ်တာ။ အယ်လ်ဂျီးရီးယားနိုင်ငံထဲမှာရော အဲဒီလိုပဲ သူတို့အစ်ကိုတွေနဲ့ ညီမတွေဟာ အနှိပ်စက်အညှဉ်းပန်းကို ခံနေကြရတာပဲ။

✢ ✢ ✢

ဒါဆိုရင် အယ်လ်ဂျီးရီးယားမှာရော ဒါမျိုးတွေ ဖြစ်နေသလား။ ဖြစ်တာပေါ့။ သိပ်ဖြစ်တယ်၊ အများကြီးဖြစ်တယ်။

အဲဒီသတင်းတွေကို အန်းဒရပ်စ် နေ့စဉ် သတင်းစာတွေထဲမှာ ဖတ်နေရတယ်။ ရာနဲ့ ထောင်နဲ့ သောင်းနဲ့ချီနေတဲ့ လူတွေက ခံနေကြရတာပါ။ အဲဒါတွေကို သည်အတိုင်း လက်ပိုက်ပြီး ကြည့်နေကြရတော့မှာလား။

အခု အန်းဒရပ်စ်က ရာရှစ်နဲ့ မိုဟာမက်ကို လိုက်ပို့တာ ဒီထိပဲပေါ့။ သူတို့ လာမယ့်အင်္ဂါနေ့မှာ သပိတ်မှောက် ဆန္ဒပြကြမယ်။

ဒီကိစ္စက လျှို့ဝှက်ပြီး လုပ်နေကြတာပါ။ အုံအားသင့်စရာကြီးဖြစ်သွားစေရမယ်လို့ တွက်ထားကြပါတယ်။ အိမ်မှာ သက်ကြီးရွယ်အိုတွေနဲ့ ရှေ့မီမသန်တွေပဲ နေခဲ့ရမယ်တဲ့။ မိန်းမတွေနဲ့ ကလေးသူငယ်တွေအပါအဝင် အားလုံး ထိုက်မယ့်ပွဲပါ။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com


အောက်တိုဘာ ၁၁ ရက်ပါ။ အန်းဒရုပ်စ် စထွက်သွားပြီးတဲ့နောက် နှစ်ရက်အကြာ ပထမဆုံး ဗုဒ္ဓဟူးနေ့ပါ။ ဆက်ဖ်ဖီဟာ အန်းဒရုပ်စ်ရဲ့ အလုပ်ရုံကို ရောက်သွားပါတယ်။

အန်းဒရုပ်စ်က သူ့ပေးထားတဲ့ အပိုသော့ကိုသုံးဖို့ မှာသွားတယ် မဟုတ်လား။ အဲဒီသော့နဲ့ပဲ အလုပ်ရုံထဲကို ဝင်တာပါ။ တိတ်ဆိတ်ခြောက်သွေ့နေတဲ့ အလုပ်ရုံဟာ ငြိမ်ဆိတ်နေတယ်။ ဆက်ဖ်ဖီဟာ ရောက်တတ်ရာရာတွေကို စဉ်းစားနေတယ်။

'ရေခဲမုန့်စားချင်တယ် မာမာ'

အသံက အီးမစ်လ်အသံပါ။ သူ့သားအသံကြောင့် ဆက်ဖ်ဖီဟာ လက်တွေ့ဘဝထဲကို ပြန်ရောက်လာပါတယ်။ သူဟာ ရေခဲမုန့်နှစ်ခုဝယ်ပြီး သူ့သားနဲ့တူတူ စားကြပါတယ်။ 'သားက ရေခဲမုန့် သိပ်ကြိုက်တယ်' လို့ သူ့သားက ပြောပါတယ်။

ဒီနေ့ကစပြီး ဆက်ဖ်ဖီဟာ သူ့ရဲ့ အလေ့အထအားလုံးကို စွန့်လွှတ်လိုက်ပြီး အရင်က လုပ်လေ့လုပ်ထမရှိတဲ့အလုပ်ကို စလုပ်ပါတယ်။ အဲဒါ တခြားမဟုတ်ဘူး။ ဒီနေ့ကစပြီး သူဟာ ရေဒီယိုနားထောင်ပါတယ်။ ရေဒီယိုကလာနေတဲ့ 'သတင်းတွေ' အပေါ်မှာ သူ့စိတ်ကို နှစ်ထားပါတယ်။ နိုင်ငံတကာ 'ဖြစ်ရပ်တွေ' ကို မျက်ခြည်မပြတ် လေ့လာပါတယ်။ ဒီနည်း ဒီအလေ့အထနဲ့ပဲ သူ့ကိုယ်သူ အန်းဒရုပ်စ်နဲ့ အနေနီးအောင် အားထုတ်ပါတယ်။

✣ ✣ ✣

နောက်တစ်ပတ် ဗုဒ္ဓဟူးနေ့ဟာ အောက်တိုဘာ ၁၈ ရက်ပါ။ အဲဒီနေ့မှာ ပြဿနာတစ်ခု ပေါ်လာတယ်။ ကြီးမားတဲ့ ပြဿနာတစ်ခုပါ။

ရာဖေးဟာ ပဏ္ဏာမအစမ်းလေ့ကျင့်ပွဲ (ဓာတ်တိုက်ပြီး)လုပ်ပြီး အိမ်အပြန် နောက်ကျနေပါတယ်။ အိမ်မှာလည်း ဆက်ဖ်ဖီဟာ သူ့ယောကျ်ားပြန်အလာကို မီးပူတိုက်ရင်း စောင့်နေပါတယ်။ မက်ထရိုဘတ်စ်ကို စီးလာပြီး ပေါ်တီဒီအိုလီယွန် မှာ ဆင်းလာတော့ ခုနစ်နာရီထိုးနေပြီ။ မိုးကလည်း တဖွဲဖွဲရွာနေတယ်။ ပတ်ဝန်း ကျင်တစ်ခွင်လုံး တိတ်ဆိတ်ပြီး ငြိမ်ဆိတ်အေးဆေးနေတယ်။

နောက် မိနစ်နှစ်ဆယ်လောက်အကြာ အိုးဒီယွန်လမ်းဆုံရောက်လို့ လမ်းဖြတ်အကူးမှာတော့ ပတ်ဝန်းကျင်တစ်ခွင်လုံး ပွက်ပွက်ရိုက်နေတယ်။ သောသောရုတ်ရုတ် ဆူဆူညံညံ ဖြစ်နေတယ်။ ငရဲပြည်ရောက်နေသလားလို့တောင် ထင်ရတယ်။ ဘာတွေပါလိမ့်။



မည်းမှောင်နေတဲ့ ကောင်းကင်က မိုးစက်တွေ အဆက်မပြတ်ကျနေတယ်။ အဲဒီအောက်မှာတော့ နည်းတဲ့လူတွေ မဟုတ်ဘူး။ စီတန်းလှည့်လည်လာနေတဲ့ အယ်လ်ဂျီးရီးယန်း မူဆလင်တွေ။ ရဲကားတွေက ထိုးထားတဲ့ မီးရောင်တွေဟာ ဘဝင်းဝင်းတလက်လက်။ ရဲကားတွေနဲ့ ဥသြသံတွေကလည်း ဆူညံနေတယ်။

ထောင်ချီပြီးရှိနေတဲ့ လူအုပ်ထဲက မိန်းမတွေရဲ့ ငိုသံ ယိုသံတွေ၊ အော်သံတွေ၊ ဆိုင်ပြတင်းပေါက် မှန်ကွဲသံတွေ၊ ကားတွေကို မှောက်ပစ်နေတဲ့အသံတွေ။

'တစ်နေရာမှာ ကိုယ် လူအုပ်ကြားထဲကို ရောက်သွားတယ်' လို့ ရာဖေးက ပြောတယ်။ 'လူတွေက ဝင်ပြီး တိုးကြ တိုက်ကြတော့ လက်ထဲကပလွေ လွတ်ကျသွားတယ်။ ပလွေကို ကုန်းအကောက်မှာ ကံကောင်းပေလို့သာပေါ့…အခဝင်မသင့် လူတွေတက်နင်းလို့ သေမှာ…။ ကိုယ့်ဘဝမှာ ဒီလောက် ကြောက်စရာကောင်းတာမျိုးနဲ့ တစ်ခါမှ မကြုံဖူးခဲ့ပါဘူး ဆက်ဖ်ဖီရယ်'

ရာဖေးဟာ ထိတ်လန့်အံ့သြနေဆဲပါ။ သူ့မိန်းမကပေးတဲ့ မျက်နှာသုတ်ပဝါကိုလှမ်းယူပြီး သူ့မျက်နှာကို သုတ်တယ်။ ဆိုဖာပေါ် ထိုင်ချလိုက်တယ်။ သူ့နားထဲမှာ ကြားခဲ့ရတဲ့ အော်သံတွေ၊ ငိုယိုသံတွေ၊ ရိုက်သံနှက်သံတွေ၊ ပြေးလွှားနေသံတွေနှင့် ထပ်တလဲလဲ ကြွေးကြော်နေကြတဲ့ **'အယ်လ်ဂျီးရီးယားဟာ အယ်လ်ဂျီးရီးယန်းပြည်သူတွေအတွက်၊ အယ်လ်ဂျီးရီးယားဟာ အယ်လ်ဂျီးရီးယန်းပြည်သူတွေအတွက်'** ဆိုတဲ့ ကြွေးကြော်သံတွေကို အခုအချိန်ထိ ကြားယောင်နေဆဲပါ။

သူရောက်သွားခဲ့တာဟာ လူစိမ်းတွေ ကြားမှာပါ။ အရှုးအရူး ပြေးလွှားနေကြသူတွေရဲ့ကြားမှာဆိုတော့ ကိုယ်လုံးတွေနဲ့ ဝင်တိုက်ကြတယ်၊ ခန္ဓာကိုယ်တွေ လက်တွေနဲ့ ဝင်တိုက်ကြတယ်၊ ခြေထောက်တွေနဲ့ တက်နင်းကြတယ်။ တကယ့် ကြောက်စရာအဖြစ်ပါ။ ရုတ်တရက် သူ့လက်ထဲက ပလွေလွှင့်ထွက်သွားတာ သတိထားလိုက်မိတယ်။ ဒူးထောက်ထိုင်ချပြီး လိုက်ရှာတယ်။ လမ်းဘေးရေမြောင်း ထဲကျနေတာ မြင်လိုက်ရတယ်။ လူစိမ်းတွေရဲ့ ခြေထောက်တွေကြားမှာ အတင်း တိုးဝှေ့ပြီး သွားကောက်ခဲ့ရတယ်။

'မင်း နားလည်မှာပါ ဆက်ဖ်ဖီ' တဲ့။ ရာဖေးက ပြောတယ်။ 'ဘဝရဲ့ လှုပ်ရှားရုန်းကန်မှုတွေထဲမှာ ကိုယ်ပါဝင်နေတာဟာ ဂီတနဲ့ပါ၊ ကမ္ဘာကြီးကို နေထိုင်လို့အကောင်းဆုံးနေရာဖြစ်အောင် ကိုယ့်ဂီတနဲ့ တည်ဆောက်ပေးနေတာပါ၊ ကိုယ်လုပ်နိုင်တာ အဲဒါပဲ ဆက်ဖ်ဖီ'

'ကမ္ဘာကြီးပေါ်မှာ ဂဏာရားမှုတွေနဲ့ မမျှတမှုတွေဆိုတာက အမြဲရှိနေမှာ ဲ

www.burmeseclassic.com



'ဒါပေမယ်လို့ သာယာရှင်လန်းမှုနဲ့ အလှဆိုတာတွေက ဘာတွေပဲဖြစ်နေဖြစ်နေ ရှိနေကြမှာပဲ။ ပေါင်းစပ်ဖွဲ့စည်းပြီး တည်ရှိနေကြမှာပဲ။ စစ်မှန်တဲ့ ကမ္ဘာလောကကြီးထဲမှာ အဲဒီဖြစ်နိုင်ခြေကို တည်ဆောက်ဖို့ကိစ္စဟာ နိုင်ငံရေးကိစ္စ နိုင်ငံရေးတာဝန်ပါ'

'အဲဒီတာဝန်ဟာ ကိုယ်တို့ကို မွေးဖွားလာကတည်းက အစွမ်းအစမျိုးစုံနဲ့ အခွင့်အရေးပေါင်းစုံကို ရရှိလာခဲ့တဲ့လူတွေ လက်ထဲမှာ ရှိနေပါတယ်။ အဲဒါကြောင့်လည်း ကိုယ့်လက်ထဲက ပလွေ လွတ်ထွက်သွားတော့ ဆက်ဖ်ဖီရယ်…ငါတော့ဖြင့် အရာရာတိုင်းကို လက်လွှတ်ဆုံးရှုံးရပြီလို့ စိတ်ထဲမှာ ခံစားခဲ့ရတယ်'

ရာဖေးရဲ့ စကားတွေဟာ ဆက်ဖ်ဖီ့စိတ်ကို ထိနိုက်လှုပ်ရှားစေခဲ့ပါသလား။

တကယ်တော့ ဆက်ဖ်ဖီဟာ ရာဖေးပြောသမျှ တစ်လုံးမှမကြားပါဘူး။ သူဟာ ရာဖေးရဲ့စကားကို နားထောင်နေတာမှ မဟုတ်ဘဲ၊ သူဟာ ရာဖေးရဲ့ဘေးနားမှာ ထိုင်နေရင်းနဲ့ စိတ်က အဝေးတစ်နေရာကို ပျံ့လွင့်နေပါတယ်။ သူ့ခေါင်းထဲမှာ ပေါ်နေတဲ့ မေးခွန်းတစ်ခုကြောင့်ပါ။ အဲဒီ မေးခွန်းက **'အန်းဒရုပ်စ် ဘယ်လိုလဲ'** ဆိုတဲ့ မေးခွန်းပါ။

သူ ရေဒီယိုဖွင့်ပြီး သတင်းနားထောင်ချင်နေပါတယ်။ သူ့ယောကျ်ားအနားမှာရှိနေတော့လည်း သူ မဖွင့်ရဲဘူး။ သူ့အနေနဲ့ တခြားတစ်ယောက်အတွက် ပူပန်သောကဖြစ်နေတယ်ဆိုတာကို သိသွားရင် ဘယ်လိုလုပ်မလဲ။ ရာဖေးကလည်း သူကြုံခဲ့ရတဲ့အဖြစ်ကိုပဲ ပြန်တွေးနေလေတော့ သူ့ရုပ်မြင်သံကြားစက်ကို ဖွင့်ဖို့ သတိမရဘူး။

ဒီလိုနဲ့ပဲ သူတို့ အိပ်ရာဝင်ခဲ့ကြပါတယ်။

ဆက်ဖ်ဖီ့အတွက် အိပ်မပျော်တဲ့ ညတစ်ညပါ။

+ + +

နောက်တစ်နေ့ မနက် လင်းတဲ့အခါ အပြင်မှာ မုန်တိုင်းထန်နေဆဲဆိုတာတွေ့ကြရတယ်။ မိုးခြိမ်းသံတွေနဲ့ အေးစက်နေတဲ့ မိုးဟာ ရွာချနေတုန်းပဲ။ သူတို့အခန်းဟာ ရေခဲတော့လေမလားလို့ ထင်ရလောက်အောင်ကို အေးစက်နေတယ်။ ဓာတ်အားပေးစက်ရုံက သပိတ်မှောက်ပြန်ပြီ။ အပူပေးနိုင်တဲ့ ဓာတ်ငွေ့မရဘူး။ ဝိုင်ယာလက်စက် အဆက်အသွယ်တွေ ပြတ်ကုန်တယ်။ ရာသီဥတုကလည်း



နိုင်ငံရေးဖြစ်ရပ်တွေကိုကြည့်ပြီး ပြောင်းနေလေသလား။

မနက် ဆယ်နာရီလောက်ကျတော့ ရာဖေးဟာ အသံဖမ်းစတူဒီယိုဆီ ထွက်သွားတယ်။ မျက်နှာက မကြည်မလင်နဲ့၊ စိတ်မပါ လက်မပါ ထွက်ရတာဆိုတော့ ဒီလိုပဲပေါ့။ သူလည်းထွက်သွားရော ဆက်ဖ်ဖီနဲ့ အီးမစ်လ်တို့ဟာ ကရာဘယာအဝတ်လဲပြီး ပွန်ဒက်စ်အတ်ထ်ဘက် ထွက်လာခဲ့ကြတယ်။ မိုးကတော့ မစဲသေးဘူး။

တစ်နေ့ရာရောက်တော့ သူတို့သားအမိ ရှေ့ဆက်သွားလို့ မရတော့ဘူး။ သူတို့သွားမယ့်လမ်းကို စစ်ရဲတပ်စုတစ်ခုက ပိတ်ထားတယ်။ ဒီနေ့အဖို့ စိန့်မြစ်ရဲ့ ဘတ်ဝန်းကျင်တစ်လျှောက်ဟာ အကန့်အသတ် အပိတ်အဆို့တွေ ရှိနေတယ်။

'ဒီနေ့ ဗုဒ္ဓဟူးနေ့၊ အပူနဲ့ သွားတွေ့ရမှာမို့ပါ'လို့ အီးမစ်လ်က ပြောပေမယ့် အစောင့်စစ်ရဲတွေကတော့ ဘယ်လိုမှ မတုံ့ပြန်ကြပါဘူး။

'သူတို့က ဘာပြုလို့ ဒီလိုလုပ်ထားတာလဲ မေမေ'လို့ အီးမစ်လ်က ဆက်ဖ်ဖီဘက် လှည့်မေးတယ်။

'မေမေလည်း မသိသေးဘူး'လို့ ဆက်ဖ်ဖီက ဖြေတယ်။ 'မေမေတို့ ခဏတော့ စောင့်ကြဦးစို့'

ခဏကြာတော့ ဆက်ဖ်ဖီ့မျက်လုံးတွေဟာ မြစ်ကမ်းပါးထက် တစ်နေရာဆီ ရောက်သွားတယ်။ မီးသတ်သမားတွေ ရေထဲက ဆယ်တင်ထားတဲ့ အလောင်းတစ်လောင်းပါ။ ဆက်ဖ်ဖီက သူ့သား မြင်သွားမှာစိုးလို့ ကပျာကယာဖက်ပြီး သူ့သားမျက်နှာကို သူ့ရင်မှာ အပ်ထားလိုက်ပါတယ်။ သူတို့သားငယ် သမီးငယ်တွေကို မမြင်စေချင်တဲ့ဟာ မြင်မှာကြောက်ရင် မိခင်တွေဟာ အဲဒီလိုပဲ လုပ်တတ်ကြတယ် မဟုတ်လား။

'မေမေ သိတယ်နော်'လို့ အီးမစ်လ်က အိမ်အပြန်လမ်းကျတော့ ပြောတယ်။ 'သားရဲ့ ပါးတွေပေါ်ကို မိုးစက်တွေကျလာတိုင်း သားငိုနေတယ်လို့ ထင်မိတယ်။ မေမေ ငယ်ငယ်တုန်းကရော အဲဒီလိုပဲလားဟင်'

'အဲဒီလိုပဲ သား'

+ + +

အယ်လ်ဂျီးရီးယန်းတွေအဖြစ်က ရယ်စရာပါ။ သူတို့နိုင်ငံထဲမှာ သဲသောင်ပြင်တွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ သူတို့ ရေမကူးတတ်ကြဘူး။ ရေထဲဆင်း

www.burmeseclassic.com

www.burmeseclassic.com



ရင် အလွယ်တကူနဲ့ (အုံ့ဩစရာကောင်းလောက်အောင်) ရေနစ်ကြတာပဲ။ ညနေ ရင် ရေနစ်ဖို့ ပိုပြီးတောင်လွယ်သေး။ အထူးသဖြင့် မိုးကြိုးတွေပစ်၊ လျှပ်စီးတွေ လက်ပြီး မုန်တိုင်းထန်နေတဲ့ ညမျိုးဆို ပိုပြီးလွယ်လိုက်သေးတယ်။ တကယ်လို့ ရေကူးတတ်ကြတယ်ဆိုဦးတော့ အသေအချာ စနစ်တကျနဲ့ ချိန်ရွယ်ပြီးပစ်တဲ့ ကျည်ဆန်တွေကိုတော့ ဘယ်လွတ်နိုင်ပါ့မလဲ။

အယ်လ်ကျိုးရီးယန်း ဒါ့ဇင်ပေါင်းများစွာဟာ ပါရီမြို့ပေါ်နဲ့ ပါရီအနောက် ပိုင်း ဆင်ခြေဖုံးရပ်ကွက်တွေထဲမှာ အဲဒီပုံစံနဲ့ သေကြရတာပါ။ ၁၉၆၁ ခုနှစ် အောက်တိုဘာ ၁၇ ရက်ညမှာ သေကြရတာပါ။ သူတို့ ခေါင်းတွေထဲမှာ ကျည်ဆန် တွေဝင်သွားလို့ ရေနစ်သေကြရသလို ကျည်ဆန်တွေမဝင်ဘဲ ရေနစ်ပြီးသေကြရတာ တွေလည်း ပါပါတယ်။ အန်းဒရပ်စ်ရဲ့ အဖေသေသလို သေကြရတာပါ။

နောက်ထပ် ဒါ့ဇင်အနည်းငယ်ကို မြို့တော်ရဲ့ ဆင်ခြေဖုံးအစွန်အဖျားမှာ ရှိနေတဲ့ သစ်တောတွေထဲမှာ တွေ့ကြရပါတယ်။ သစ်ပင်တွေမှာ လည်ပင်းကြိုး တန်းလန်းနဲ့ သေနေကြတာပါ။ အဲဒီထဲမှာ ရာရှစ်လည်း ပါပါတယ်။ သစ်ပင်မှာ ကြိုးဆွဲချပြီး သေကြရတဲ့ အဖြစ်မျိုးပါ။ ဆက်ဖ်ဖို့အမေ သေသလိုမျိုးပေါ့။

နောက်ထပ် ဒါ့ဇင်ပေါင်း အများအပြားကိုတော့ ဗဟိုရဲဌာနချုပ်ရဲ့ မြေ အောက်ခန်းတွေထဲမှာ ရက်ရက်စက်စက် ရိုက်နှက်သတ်ဖြတ်လို့ သေကြရတာပါ။ အဲဒီစခန်းဟာ ပါရီမြို့တော်ရဲ့အလယ်မှာ ရှိပါတယ်။

နောက်ဆုံးမှာ အယ်လ်ကျိုးရီးယန်း ရာပေါင်းများစွာဟာ အဲဒီညက လေထဲမှာ ပျောက်ပျက်ကုန်ပါတယ်။ အဲဒါဟာ ပြင်သစ်ပါ။

✢ ✢ ✢

အခင်းဖြစ်ပွားပြီးနောက် ရောက်လာတဲ့ ဗုဒ္ဓဟူးနေ့ပါ။ အောက်တိုဘာ ၂၅ ရက်ပေါ့။ မြစ်ထဲက အယ်လ်ကျိုးရီးယန်းအလောင်းတွေ အားလုံးလောက်နီးပါး ဆယ်ပြီးသွားပြီ။ စိန့်မြစ်ထဲမှာ ပြန်ပြီး သွားလို့ လာလို့ ရသွားပြီ။ ဒါပေမဲ့ အန်းဒရပ်စ်ကတော့ အခုထိ ရူဒူရှိုင်း ဒီစစ္စလီလမ်းပေါ်က သူ့ရဲ့ တူရိယာပစ္စည်း ပြုပြင်ထုတ်လုပ်တဲ့ အလုပ်ရုံကို ပြန်ရောက်မလာသေးပါဘူး။

✢ ✢ ✢



နိုဝင်ဘာ ၁ ရက်၊ ဗုဒ္ဓဟူးနေ့မှာတော့ သူပြန်ရောက်လာတယ်။ သူ့ကို ကြည့်ရတာ အသက်ဆယ်နှစ် ပိုပြီးကြီးသွားသလိုပဲ။ သိပ်ပြီး အိုစာကျသွားတယ်။ လက်သီးတွေကို ဆုပ်ထားတယ်။ အံကို ကြိတ်ထားတယ်။ စီးကရက်ကို တစ်လိပ် ပြီးတစ်လိပ် မီးညှိသောက်တယ်။

သူဟာ တုန်ယင်လှုပ်ရှားနေတဲ့အသံနဲ့ ရာရှစ်ရဲ့ ဈာပနအကြောင်း ပြော ပြတယ်။ မနေ့ကပဲ သင်္ဂြိုဟ်တဲ့ပွဲပါတဲ့။ သူဟာ အဲဒီအခမ်းအနားကို တက်ခဲ့ပါ တယ်။ ရာရှစ်ရဲ့တစ်ကိုယ်လုံး အဝတ်အစား မရှိပါဘူးတဲ့။ ရာရှစ်ကို 'အယ်လ် ကျိုးရီးယားနိုင်ငံမှ အမည်မသိ မူဆလင်တစ်ဦး' လို့ ရေးထားတယ်တဲ့။ အဲဒီအတိုင်း မြေမြှုပ်ခဲ့ရတယ်လို့ ပြောတယ်။

သူ့လိုပဲ တခြား အယ်လ်ကျိုးရီးယန်း ခြောက်ဦးကိုလည်း သိုင်းယတ်စ် သုသာန်က မြေပုံအမှတ် ၉၇ မှာ မြေမြှုပ်ခဲ့ကြရတယ်လို့ သိရပါတယ်။ ဒါပေမယ့် လို့…

အန်းဒရပ်စ်တစ်ယောက် ဆက်ဖ်ဖီနဲ့ ခွဲသွားခဲ့တာ နှစ်ဆယ့်လေးရက်ကြာ ပါတယ်။ အဲဒီရက်တွေအတွင်းမှာ သူ ဘယ်သွားနိုင်လို့ ဘယ်လာတယ်၊ ဘာတွေ လုပ်လို့ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ လုံးဝမပြောပါဘူး။ လေသံတောင်မှ မဟပါဘူး။ ဒီနေ့လည်း မပြောပါဘူး။ နောက်ရက်တွေကျတော့လည်း မပြောပါဘူး။

✢ ✢ ✢

'အခုလေ… အခု
ဂီတက အမြဲပြောထားသလို
မငိုပါနဲ့… လေ'

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

အို… အဖဘုရားသခင်၊ တပည့်တော်တို့အပေါ် သနားကရုဏာထားတော်မူပါ။ ဘာ့ကြောင့်လဲဆိုတော့ တပည့်တော်တို့ဟာ အားနည်းပါတယ်။ ကြောက်တတ်ကြပါတယ်။ အားအင်ကုန်ခန်းလွယ်ပါတယ်။ အဲဒါတွေကြောင့်ပါ။

အို… အဖဘုရားသခင်၊ တပည့်တော်တို့အပေါ် သနားကရုဏာထားတော်မူပါ။ ဘာ့ကြောင့်လဲဆိုတော့ တပည့်တော်တို့ဟာ အကန်းတွေပါ၊ အအတွေပါ၊ ကိုယ့်လက်တွေနဲ့ ကိုယ့်မျက်စိတွေကို အဝတ်စည်းပြီး မမြင်အောင်လုပ်တတ်တဲ့သူတွေပါ။ ကိုယ့်ပါးစပ်တွေကို ကိုယ့်ဘာသာ ပိတ်ထားတတ်သူတွေပါ။ အဲဒါတွေကြောင့်ပါ။

အို… အဖဘုရားသခင်၊ တပည့်တော်တို့အပေါ် သနားကရုဏာထားတော်မူပါ။ ဘာ့ကြောင့်လဲဆိုတော့ တပည့်တော်တို့ဟာ ကိုယ့်ဝေဒနာ ကိုယ်ဖြေမကုနိုင်တဲ့လူတွေပါ။ ကိုယ့်ဝေဒနာကို တခြားလူတွေလက်ထဲ အမွေစားအမွေခံသာပေးနိုင်စွမ်းရှိကြတဲ့ လူတွေပါ။ အဲဒါကြောင့်ပါ။

တပည့်တော်တို့ဟာ ဒီကမ္ဘာမြေကြီးပေါ်မှာ အချိန်တွေကို ဖြတ်သန်းသွားတဲ့အခါ တပည့်တော်တို့ရဲ့ ပုဂ္ဂလိက ဘဝထဲမှာ ခြေတစ်ဖက်နဲ့ သွားနေရသူတွေပါ။ ကျန်တစ်ဖက်ကိုတော့ တပည့်တော်တို့ရဲ့ ရာစုသမိုင်းကို ဖြတ်သန်းရာမှာ သုံးရပါတယ်။

✣ ✣ ✣



နှစ်နှစ် ကုန်လွန်သွားပါပြီ။

နောက်ဆုံး ၁၉၆၂ ခုနှစ်၊ မတ်လထဲမှာ အီဗီယန် သဘောတူညီချက်များအရ အယ်လ်ဂျီးရီးယား ကိုလိုနီနိုင်ငံကို လွတ်လပ်ရေးပေးဖို့ အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ပြင်သစ်နဲ့ အယ်လ်ဂျီးရီးယားကြားမှာ ဖြစ်ပွားခဲ့ရတဲ့ စစ်ပွဲအတွက် ပြင်သစ်လူမျိုး သုံးသောင်းနဲ့ အယ်လ်ဂျီးရီးယန်လူမျိုးသုံးသိန်းကျော် အသက်စတေးပြီးသွားခဲ့ပါပြီ။

လွတ်လပ်ရေးရပြီဆိုတော့ကာ အယ်လ်ဂျီးရီးယားတွေအနေနဲ့ သူတို့နိုင်ငံတွင်းမှာရှိတဲ့ မြေယာတွေနဲ့ သယံဇာတပစ္စည်းတွေကို ပြန်လည်ရယူပိုင်ဆိုင်ခွင့်နဲ့ အသုံးပြုပိုင်ခွင့်ကို တောင်းဆိုလာကြပါတယ်။ အဲဒီအထဲမှာ ရာဖေးလီပိတ်ချ်ရဲ့ အဖေဘက်ကအဘိုး မွန်စီယာထရာလာ ပိုင်ဆိုင်ခဲ့တဲ့ ဝိုင်ထုတ်လုပ်မှုလုပ်ငန်းကြီး တစ်ခုပါ ပါဝင်ခဲ့ပါတယ်။ အဲဒီလုပ်ငန်းကြီးဟာ ဆယ့်ကိုးရာစုနှစ် ကုန်ခါနီးမှာ စတင်တည်ထောင် အောင်မြင်ခဲ့တဲ့ လုပ်ငန်းကြီးပါ။

အဲဒီလိုနဲ့ပဲ အယ်လ်ဂျီးရီးယားနိုင်ငံတွင်းမှာ အကွဲကွဲအပြားပြားဖြစ်နေတဲ့ စစ်တပ်အုပ်စုဝင်တွေနဲ့ နိုင်ငံရေးပါတီတွေကြားမှာ ပြင်းထန်ကြီးမားတဲ့ ပဋိပက္ခတွေ ပေါက်ဖွားလာခဲ့ပါတယ်။ နိုင်ငံရဲ့ စီးပွားရေးဟာ ပျက်သုဉ်းသွားခဲ့ပါတယ်။ အသက်ထွက်လုဆဲ အခြေအနေကို ဆိုက်သွားခဲ့ပါပြီ။

ကန့်ကွက်ပွဲတွေ၊ ဆန္ဒပြပွဲတွေ၊ စီတန်းလမ်းလျှောက်ပွဲတွေဟာ အမြဲတစေ ပေါ်ပေါက်နေပါတယ်။ အခြေအနေတွေကလည်း ရှင်းလို့မရနိုင်လောက်အောင် ရှုပ်ထွေးလို့နေပါတယ်။ အမြင်သဘောထားမတူလို့ ဖြစ်ရတဲ့ ရန်ပွဲတွေကလည်း တစ်နေ့တခြား တိုးလို့သာ လာနေပါတယ်။

အထူးသဖြင့်တော့ ထွက်ပြေးနေကြတဲ့ အုပ်စုတွေထဲမှာ ဂျူးတွေဟာလည်း အများဆုံးအုပ်စုတစ်စုလို့ပြောရင် မမှားပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် လူသူကင်းမဲ့ပြီး အခြေပျက်သွားတဲ့ မာရေ့စ်ရပ်ကွက်ကိုတော့ အစိုးရက ပြန်လည်တည်ဆောက်ခဲ့ကြပါတယ်။ ၁၉၆၂ ခုနှစ်မှာ မဲလ်ရော့စ်ဥပဒေကို ပြဋ္ဌာန်းပြီး ပြန်လည်အသစ် မွမ်းမံခဲ့တာပါ။ အရင်ကနေခဲ့တဲ့ လူဟောင်းတွေကတော့ မရှိတော့ဘူး။ သူတို့နေရာတွေမှာ တခြားလူတွေ ဝင်လာကြတယ်။ အနီးအနားတစ်ဝိုက်မှာ နေထိုင်ခဲ့ကြတဲ့ အန်းဒရပ်စ်ရဲ့ မိတ်ဆွေအပေါင်းအသင်းတွေဆိုတာလည်း ဘယ်ရောက်လို့ ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး။

ဒီရပ်ကွက်တွင်းမှာ ရှိခဲ့တဲ့ လုပ်ငန်းအများစုဟာ ပျက်ပြားကုန်ပြီး နောက်

www.burmeseclassic.com

ဆုံးမှာ ပျောက်ကုန်တယ်။ ဒါပေမဲ့ လေမှုတ်ကိရိယာလုပ်ငန်း အလုပ်ရုံကတော့ တိုးပွားလာတယ်၊ ကြီးပွားလာတယ်၊ နာမည်ကျော်ကြားလာတယ်။

+ + +

ကုန်လွန်သွားခဲ့တဲ့ နှစ်နှစ်တာ ကာလအတွင်းမှာ အများကြီးပြောင်းလဲသွားတာကတော့ အီးမစ်လ်ပဲ။ သူ့ခန္ဓာကိုယ်ဟာ နုနုသေးသေးပါပဲ။ မျက်လုံးစိမ်းစိမ်းကလည်း အရင်ကလိုပါပဲ။ ဒါပေမဲ့ သူ့လေယူလေသိမ်းနဲ့ ဟန်အမူအရာတွေကတော့ အတော်ကြီးကို ပြောင်းသွားခဲ့ပါတယ်။ ကလေးနဲ့ မအပ်စပ်တဲ့ အရာတွေဟာ သူ့လက်တွေ့ဘဝထဲမှာ ဖြစ်နေတယ်မဟုတ်လား။

သူ့အမေလိုပဲ သူဟာ ဘဝနှစ်ခုထဲမှာ ကျက်စားနေသူပါ။ သူ့အဖေ ဆက်ဖ်ဖီရဲ့ ဘဝနှစ်ခုဟာ တစ်ခုပေါ်တစ်ခု တည်မှီပြီး တိုးပွားလာတာရှိသလို အဖြည့်အစွက်တွေကလည်း ရှိနေပါတယ်။ ဒါပေမဲ့ အီးမစ်လ်ကတော့ ဘဝနှစ်ခုစလုံးကို ပယ်ဖျက်ပစ်နေပါတယ်။ တကယ်တော့ သူဟာ ဘာမှမဟုတ်ပါဘူး။ သူ့မှာ ဘာမှလည်း မရှိပါဘူး။ ဘယ်သူကမှလည်း သူဘယ်သူလဲ၊ သူ့မှာ ဘာလိုသလဲဆိုတာ လှေ့လာမေးမြန်းခြင်း မပြုကြပါဘူး။

သူဟာ လမ်းလျှောက်တတ်စအရွယ် မဟုတ်တော့ပါဘူး။ အသက်ငါးနှစ်ခွဲအရွယ်ဟာ ဒီလိုနေရာမျိုးမှာ ရောက်မလာသင့်ပါဘူး။ ဒါပေမဲ့ သူဟာ အမြဲရောက်လာနေရပါတယ်။ သူ့မိခင်ရဲ့ မေတ္တာဟာ သူ့ရဲ့အရိပ်ဖြစ်နေတယ် မဟုတ်လား။ တစ်ခုတော့ ရှိလေရဲ့။ လာမယ့် ဆောင်းဦးပေါက်ဆိုရင် သူကျောင်းနေရတော့မယ်။ ဒါဆိုရင် သူ အခုလို ပါလာစရာအကြောင်း မရှိတော့ဘူး။ အဲဒီလိုဆိုရင်... ဒါပေမဲ့ သူတို့ကတော့ ကျောင်းနေဖို့ကိစ္စကို အခုထိ ငြင်းနေကြတုန်းပဲ။

ဆက်ဖ်ဖီနဲ့ အန်းဒရုပ်စ်တို့ သူ့အနားမှာမရှိတဲ့အခါ အီးမစ်လ်ဟာ လမ်းပျောက်နေတဲ့လူလို ဖြစ်နေတယ်။ အလုပ်ရုံဝင်းထဲမှာ တစ်ယောက်တည်း သူ့ကိုယ်သူ စကားပြောရင်း လူကြီးတွေ ပေါ်မလာမချင်း နေရတာ။

အီးမစ်လ်ဟာ သူ့သက်တူရွယ်တူတွေနဲ့ အတူသွား အတူလာ မနေဖူးဘူး။ သူတို့နဲ့ ဘောလုံးလည်း မကစားဖူးဘူး။ ရန်လည်း မဖြစ်ဖူးဘူး။ သူ့အသိတွေဟာ လူကြီးတွေချည်းပဲ။ သူ့မှာ အတုယူစရာဆိုလို့ လူကြီးတွေရဲ့ လေနဲ့ ဟန်အမူအရာတွေပဲ ရှိတယ်။

တကယ်လို့ ရာဖေးက သူ့အခန်းထဲဝင်လာပြီး သူ့ကို နှုတ်ဆက်အနမ်းပေး



တဲ့အခါ သူဟာ အသက်မရှူဘဲ အောင့်ထားတတ်တယ်။ သူ့အဖေက သူ့တို့နှင်ချီး သို့ ကျောပေးလိုက်တာနဲ့ တစ်ပြိုင်နက် သူ့အဖေနမ်းထားတဲ့ နဖူးပေါ်က ရေရာကို လက်ဖဝါးနဲ့ ပွတ်ပစ်တယ်။ သူ့အိပ်ရာဘေး နံရံပေါ်က လေယာဉ်ပုံရုပ်တွေကို ငြင်တဲ့အခါ အဲဒီပုံတွေကိုကြည့်ပြီး ရာဖေးဟာ အဲဒီလေယာဉ်တွေထဲ ရောက်နေတယ်။ ပြီးတော့ အဲဒီလေယာဉ်တွေ ပျက်ကျကုန်တယ်လို့ စိတ်ကူးယဉ်တယ်။

'ပါပါက သားကို လာနမ်းရင် သား မကြိုက်ဘူး မာမာ'

'အဲဒီလိုမဟုတ်ဘူးလေ၊ မာမာ သိပါတယ်။ ဒါပေမဲ့ သားက ဘာမှ မဖြစ်သလိုနေမှပေါ့၊ သူနမ်းတာကလည်း မကြမ်းပါဘူး။ သူနမ်းတဲ့အခါ သားက တခြားဟာတစ်ခုကို တွေးနေပေါ့'

လိမ်နိုင်းတာ... ပဲ။ ညာနိုင်းတာ... ပဲ။ ကလေးကို အဆိပ်ရည်စက်တစ်စက် ထပ်တိုက်တာပေါ့။

+ + +

၁၉၆၃ ခုနှစ်၊ စက်တင်ဘာလထဲမှာ ရာဖေးကို နိုင်ငံတော်က 'ရှီဗလီး ယားအော့ဖ်သည် လီးဂျင့်အော့ဖ် အော်နာ'ဘွဲ့တံဆိပ် ချီးမြှင့်ခဲ့ပါတယ်။ သူ့ရဲ့ ဆုယူပွဲအခမ်းအနားကို သူ့အောင်မြင်မှုမှာ ဆက်စပ်နေတဲ့လူမှန်သမျှကို ဖိတ်ကြားခဲ့ပါတယ်။ အဲဒီထဲမှာ အန်းဒရုပ်စ်လည်း ပါပါတယ်။ ရာဖေးက အန်းဒရုပ်စ်ကို မေ့ပါဘူး။ ပထမဆုံးအကြိမ် တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲ ပြုလုပ်မယ့် ထဲမနေ့မှာ သူ့ပလွေအသံ ပျက်သွားခဲ့ပါတယ်။ အဲဒီတုန်းက မူလအသံကို ပြန်ရအောင် ပြုပြင်ပေးနိုင်ခဲ့တဲ့ ကျေးဇူးဟာ ကြီးပါတယ်။ အဲဒီလူဟာ ဘယ်သူ လဲ... အန်းဒရုပ်စ်ပဲ မဟုတ်ပါလား။

လူတွေအများကြီးကြားမှာ ဣန္ဒြေလည်းမပျက်၊ ဟန်အမူအရာလည်း မပျက်၊ အရိပ်အခြည် တစ်စက်ကလေးမှမပျက်ဘဲ တစ်ယောက်ကိုတစ်ယောက် အခု မိတ်ဆက်ပေးခါမှ သိရသလိုမျိုးနဲ့ လက်ဆွဲနှုတ်ဆက်ခဲ့ကြသူတွေကတော့ ဆက်ဖ်ဖီနဲ့ အန်းဒရုပ်စ်ပါ။

+ + +

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်လမ်းရဲ့အဆုံးကို တဖြည်းဖြည်းချင်း နီးကပ်သွားနေပါပြီ။

✢ ✢ ✢

၁၉၆၃ ခုနှစ် ဆောင်းဦးမှာ ရာဖေးဟာ အမေရိကန်ပြည်ထောင်စုကို သွားပါတယ်။ အနောက်ဘက်ကမ်းခြေမှာ မဟာဝိဇ္ဇာဘွဲ့ သင်တန်းတွေအတွက် သင်ကြားပေးဖို့ သွားခဲ့တာပါ။ အဲဒီလို ခရီးဝေးသွားတဲ့အခါမှာ ရာဖေးဟာ သူချစ်တဲ့လူတွေနဲ့ ဝေးသွားတဲ့စိတ် မရှိပါဘူး။ သူချစ်တဲ့လူတွေဟာ သူ့အတွက် အရေးကြီးတဲ့လူတွေလို့ပဲ သတ်မှတ်ထားပါတယ်။ အဲဒီတော့ကာ သူ့အနေအထားဟာ အကောင်းဆုံးခင်ပွန်းသည်နဲ့ အကောင်းဆုံး ဖခင်ဘဝမှာပဲ ရပ်တည်နေပါတယ်။

အဲဒီတော့ကာ သူဟာ နိုဝင်ဘာ ၂၂ ရက်မှာ ဆန်ဖရန်စစ္စကိုမြို့ကို အေးအေးဆေးဆေးပဲ ရောက်နေပါတယ်။ အဲဒီနေ့ဟာ ဂျွန်ဖစ်ဇာရယ် ကနေဒီဟာ သူ့ဇနီး ဂျက်ကလင်းရဲ့ တစ်ကိုယ်လုံးကို သူ့ဦးခေါင်းကသွေးနဲ့ စွန်းထင်းစေခဲ့တဲ့ နေ့ပါ။

ရာဖေးဟာ အဲဒီအဖြစ်ကို သိပ်ပြီးဓာတ်ဆန်လွန်းတယ်လို့ တွက်ခဲ့ပေမယ့် သိပ်ပြီးနှစ်သက်စရာမကောင်းတဲ့ အဖြစ်တစ်ခုလို့ သတ်မှတ်ခဲ့ပါတယ်။ သူ့အဖေဆီက ကြားရတဲ့အတိုင်းဆိုရင် အမေရိကန်ပြည်ထောင်စုဟာ ရှေးအလွန်ဆန်တယ်၊ ရိုင်းစိုင်းတယ်၊ မရင့်ကျက်ဘူး၊ ပြင်းထန်တဲ့လူမျိုးလို့ သူတွက်ထားခဲ့တယ် မဟုတ်လား။

သူ့အိမ်သည်တွေကတော့ သူတို့နိုင်ငံအပေါ် အကောင်းမြင်စေချင်တယ်။ သူ့ကို ဆန်ဖရန်စစ္စကိုမြို့ ပတ်ဝန်းကျင်က အလှတွေကို လိုက်ပြချင်ကြတယ်။ သူကလည်း စိတ်မပါ့တပါနဲ့ပဲ သူတို့လိုက်ပို့တဲ့နေရာတွေကို သွားခဲ့ပါတယ်။ သွားရင်း လာရင်းနဲ့ပဲ ဆက်ဖ်ဖီအတွက် ဘဲရေးသံပရာခွံဦးထုပ်ကလေးတစ်လုံးနဲ့ သူ့သားအတွက် ခေါင်းဆောင်းတပ် သားမွေးအင်္ကျီတစ်ထည် ဝယ်ခဲ့ပါတယ်။ အဲဒီအင်္ကျီအမျိုးအစားဟာ လာမယ့်ဆယ်နှစ်တာ ကာလအတွင်းမှာ အရှုံးအမူးဝတ်ကြမယ့် ဒီဇိုင်းပါ။ ဒါပေမဲ့ အခု ရာဖေးဝယ်လာခဲ့တဲ့ ၁၉၆၃ ခုနှစ် ဒီဇင်ဘာလယ်ပိုင်းမှာတော့ ဒီအင်္ကျီမျိုးဟာ ပြင်သစ်နိုင်ငံမှာ အဲဒီတစ်ထည်ပဲ ရှိပါတယ်။

✢ ✢ ✢



"ကျေးဇူးတင်ပါတယ် ပါပါ" လို့ အီးမစ်လ်က သူ့ကိုပေးတဲ့ အမွေးအင်္ကျီအတွက် သူ့အဖေကို ပြောတယ်။ သူ့နဲ့ တော်မတော် ဝတ်ကြည့်ပြီး ညှော်ခန်းမှန်ထဲမှာ ထင်ဟပ်နေတဲ့ သူ့အရိပ်ကို လှမ်းကြည့်နေတယ်။

ဆက်ဖ်ဖီကတော့ ခရမ်းရောင် ကတ္တီပါစဦးထုပ်ကို ဆောင်းကြည့်ပြီး ကိုယ်ဟန်အမျိုးမျိုး လုပ်ပြနေတယ်။ ရာဖေးကလည်း သူရွေးပြီး ဝယ်လာခဲ့တဲ့ အသော်ဆောင်တွေကို သားအမိနှစ်ယောက်က ကြိုက်ကြတဲ့အတွက် [illegible]ပါတယ်။

ဒီဇင်ဘာလ ပထမလဝက်အတွင်းမှာ ရာသီဥတုဟာ ရေခဲလုနီးပါး အေးခဲ့ပါတယ်။ အီးမစ်လ်မှာ ချက်ချင်း အအေးမိသွားတဲ့အတွက် ဆက်ဖ်ဖီဟာ ဘယ်ကိုမှမထွက်နိုင်ဘူး။ သူ့သားနားက မခွာဘဲ ပြုစုနေခဲ့ရပါတယ်။ အခု ဒီဇင်ဘာလ ၂၀ ရက်နေ့ကျတော့ ရာသီက ရုတ်တရက် ပြန်ကောင်းလာတယ်။ အီးမစ်လ်ရဲ့ အဖျားကလည်း ပျောက်သွားတယ်။ ဒီကြားထဲ ရာဖေးကလည်း အနုပညာသိပ္ပံကျောင်းကို သူ့အတန်းရှိလို့ဆိုပြီး ထွက်သွားလိုက်လေတော့...

"အမေတို့ အပူးဆီ သွားကြမလား" လို့ ဆက်ဖ်ဖီက အီးမစ်လ်ကို မေးတယ်။

"မင်း နေကောင်းသွားပြီလား"

"ကောင်းသွားပြီ" တဲ့။

ဆက်ဖ်ဖီက ရာဖေး အမေရိကက ဝယ်လာတဲ့ အမွေးထည်ကို ဝတ်ခိုင်းတယ်။ အီးမစ်လ်က မဝတ်ချင်ဘူးတဲ့။ "ဟင့်အင်း... ဟင့်အင်း... သား ဝတ်ချင်ဘူး၊ အရောင်က ပန်းရောင်ကြီး၊ ကောင်မလေးတွေ ဝတ်တဲ့အရောင်"

"အမေ့ကိုချစ်ရင် ဝတ်ပါ သားရယ်၊ အပြင်မှာ သိပ်အေးနေတယ်"

✢ ✢ ✢

နေ့ခင်းမှာ အပူချိန်ဟာ တက်လာတယ်။ ဆက်ပြီးတက်ဦးမယ့် လက္ခဏာ ရှိတယ်။ အန်းဒရပ်စ်က တွိုင်လာရီးဂါးဒင်းဘက် လမ်းလျှောက်သွားကြအောင်လို့ အဆိုပြုတယ်။ အီးမစ်လ်က သူသိပ်သဘောကျတဲ့ နေရာဟာ ဒ်မို့ ခင်းသာအားရနဲ့ မြူးထူးနေတယ်။

ပန်းခြံထဲက လူသွားလမ်းတွေဟာ ရွှံ့ဗွက်တွေနဲ့ ပြည့်နေတယ်။ [illegible] လျှောက်လို့ မကောင်းဘူး။ ကုလားထိုင်တွေကိုလည်း အားလုံးတွဲချည်ပြီး တစ်နေရာမှာ စုပုံထားတယ်။ ဆောင်းတွင်းမို့ အခုလို ယာယီသိမ်းထားတာပါ။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေရဲ့ ဝင်ပေါက်ကိုလည်း သော့ခတ်ထားတယ်။ တီးဝိုင်းစင်ကိုလည်း ပိတ်ထားတယ်။ အဲဒီတော့ ဆက်ဖ်ဖီတို့သုံးဦးအဖွဲ့ စိတ်ပျက်သွားတယ်။ အဲဒီအခိုက်ခွာပဲ အီးမစ်လ်ရဲ့အော်သံ ကြားလိုက်ရတယ်။

'ဟိုမှာကြည့်စမ်း'

ပန်းခြံရဲ့ တစ်ဖက်အစွန်းမှာ လည်ပတ်နေတဲ့ ချားရဟတ်ကြီးတစ်ခုပါ။ ဇာက်သွားလိုက် နိမ့်ဆင်းလာလိုက်…

'သားတို့ စီးရမလား မာမာ'

'စီးပေါ့၊ လက်မှတ်ပေါက်ကိုပြေးလေ'

လူသုံးယောက်ပါ။ ဂျာမန်အမျိုးသမီး၊ ဟန်ဂေရီအမျိုးသားနဲ့ ကလေးတစ်ယောက်။ တစ်ယောက်လက် တစ်ယောက်ဆွဲပြီး လက်မှတ်ရုံဘက် အပြေးအလွှားသွားကြပါတယ်။ ရုံရှေ့ရောက်တော့ အီးမစ်လ်က အနွေးထည်ကိုချွတ်ပြီး သူ့အမေကို လှမ်းပေးတယ်။

'သား… သိပ်ပူလာလို့'

တန်းစီနေကြတဲ့ လူတွေကြားမှာ သူတို့အလှည့်ရောက်လာလို့ လက်မှတ်ဝယ်မယ်လုပ်တော့ လက်မှတ်ခက နှစ်ယောက်စာပဲရှိတယ်။ သုံးယောက်စွာမပြည့်ဘူး။

'မင်းတို့သားအမိ စီးကြ'လို့ အန်းဒရပ်စ်က ပြောတယ်။

'ကိုယ် ဒီမှာနေခဲ့မယ်၊ အဲဒီအင်္ကျီ ဒီကိုပေး'

ဆက်ဖ်ဖီလက်ထဲက အီးမစ်လ်ရဲ့ အနွေးထည်ကို လှမ်းယူလိုက်တယ်။

အမေနဲ့သားက ပုခက်စင်ထိုင်ခုံထဲ ဝင်ထိုင်တယ်။ ထိုင်ခုံဟာ ပြာလဲ့ကောင်းကင်ဆီ ထိုးထွက်သွားတယ်။ တိမ်မြူကင်းစင်တဲ့ ဒီဇင်ဘာမိုးကောင်းကင်ဟာ လှပလို့နေပါတယ်။ အီးမစ်လ်က သူ့မှာ ကြောက်စိတ်ဝင်လိမ့်မယ်လို့ ထင်ခဲ့ပါတယ်။ ဒါပေမဲ့ အရာရာတိုင်းဟာ အေးဆေးတည်ငြိမ်နေပါတယ်။ ဘာသံမှလည်း မကြားရဘူး။ ပုခက်ကလည်း ငြိမ့်ငြိမ့်ကလေး သွားနေပါတယ်။

သူ့မာမာ မျက်လုံးစိမ်းစိမ်းတွေဟာ ဝင်းလက်နေကြပါတယ်။ အောက်ကို ကြည့်လိုက်တဲ့အခါ အပူး ပါ။ သူ့အနွေးထည်ကိုကိုင်ပြီး စီးကရက်တစ်လိပ် ဖွာနေပါတယ်။ သူက ငုံ့ကြည့်လိုက်တော့ အပူးက ပြုံးပြပါတယ်။ ပြီးတော့ လက်ဝှေ့ယမ်း ပြနေပါတယ်။ နားခေါင်းပေါက်တွေထဲက ထွက်နေတဲ့ မီးခိုးငွေ့တွေဆိုတော့ နဂါးတစ်ကောင်နဲ့ သိပ်တူတာပဲ။ သူ အဲဒီလိုလုပ်ရင် ငါ သူ့ကိုသိပ်ချစ်တယ်။



'သား… စီးရတာကြိုက်သလား'လို့ ဆက်ဖ်ဖီက မေးတယ်။

'အင်း…'

'မူးတူးတူး ဝေတေတေတော့ ဖြစ်တယ်… ဒါပေမဲ့ အရေး… ကြိုက်တယ်'

'သူတို့ပိုင်တဲ့ ကောင်းကင်ထဲကို သားတို့လာတာ နိုတွေက အံ့သြနေကြလိမ့်မယ်လို့ ထင်သလား မာမာ'

ဆက်ဖ်ဖီက ရယ်တယ်။ ချားက ရပ်သွားပြီ။ သူတို့သားအမိက ဟိုးထိပ်ဆုံးမှာရောက်နေတယ်။ အောက်ဘက်က ပုခက်ထိုင်ခုံတွေပေါ်မှာ လူသစ်တွေဝင်နေကြတယ်။

✢ ✢ ✢

သူတို့သားအမိ မြေပေါ်ပြန်ရောက်လာကြတယ်။ အန်းဒရပ်စ်က သူ့စီးကရက်အတိုကို ပစ်ချပြီး သူ့ရှူးဖိနပ်ဦးနဲ့ နင်းချေပစ်လိုက်တယ်။ သူဟာ မျက်စိတွေကို လက်တစ်ဖက်နဲ့ကာပြီး နေရောင်ဘက်ကို ကြည့်နေတယ်။ သူ့အနေနဲ့ တခြား ဘာကိုမှသတိမထားမိဘူး။ သူသတိထားသင့်စရာအကြောင်းလည်း မရှိဘူးလေ။ ဒါပေမဲ့ အခု သူသတိထားသင့်တာက ပလေ့စ်ဒီလာ ကွန်ကော့အဝိုင်းကြီးကို တတိယအကြိမ်ပတ်ပြီး ထွက်သွားတဲ့ တက္ကစီကားပါ။

သုံးကြိမ်ဆိုရင် လုံလောက်ပါတယ်။

အမှန်စင်စစ်တော့ တစ်ကြိမ်ဆိုရင်ကို လုံလောက်ပါတယ်။ ဒါပေမဲ့ ရာဖေး အနေနဲ့ သူ့မျက်လုံးတွေကို သူမယုံကြည်နိုင်အောင် ဖြစ်နေလို့ပါ။

ရာဖေးဟာ ဒရိုင်ဘာကို ရှုဒီမက်ဒရစ်ကနေပြီး ရှုဒီမိန့်တို့ ငှားလာခဲ့တာပါ။ အဲဒီနောက် သူဟာ သူထိုင်နေတဲ့ ရှေ့ခန်း ထိုင်ခုံရဲ့တစ်ဖက်က ဒရိုင်ဘာရဲ့ ခုံးပေါ်ကို သူ့လက်တစ်ဖက် လှမ်းတင်လိုက်ပြီး ပြောတယ်။ သူ့အသံဟာ ခါတိုင်းလို ပုံမှန်အသံ မဟုတ်ဘူး။ သူ့ရင်ထဲမှာ အရာရာတိုင်းဟာ ဇရိုဖရဲ့ ကစဉ့်ကလျားဖြစ်ပြီး ပြိုပျက်ကွဲအက်သလို ဖြစ်နေပြီ ခင်ဗျာ့တော့လည်း ပုံမှန်အသံ ထွက်မလာနိုင်တော့ဘူးပေါ့။

'ဟုတ်ကဲ့'

'ပလေ့စ်ဒီလာ ကွန်ကော့ဘက်ကို နောက်တစ်ခေါက် ပတ်မောင်းပေးနိုင်မလား၊ ကျွန်တော် မြင်လိုက်တာ တစ်ခု…'

www.burmeseclassic.com



'ကိစ္စမရှိဘူး၊ ရတယ်၊ မီတာပုံမှန်အလုပ်လုပ်နေသမျှ ဘယ်နှခေါက်ပဲ ထပ်ပြီးမောင်းရ မောင်းရ မောင်းပေးနိုင်တယ်'

ဟုတ်တယ်။ သူပဲ။ သူ့နာမည်က အန်ဒရီ တဲ့။ တူရိယာပြင်တဲ့လူ။

အင်း… ဟုတ်တယ်။ သူ့လက်ထဲ ကိုင်ထားတာ အီးမစ်လ်ရဲ့ အနွေးထည်ပဲ။

ရာဖေးလီပိတ်ချ်ဟာ အသက်ရှူကျပ်တတ်တဲ့လူ မဟုတ်ပါဘူး။ တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်သက်နဲ့ ထွက်သက်ကို မှန်မှန်ရှူတတ်တဲ့လူပါ။ နိုင်ငံတကာကို လှည့်သွားပြီး ပလွေသမားလူငယ်တွေကို အသက်ရှူနည်း သင်ခန်းစာပေးနေတဲ့လူပါ။ အခုတော့ဖြင့် လုံးဝအသက်ရှူရပ်သွားပါတယ်။

'နောက်တစ်ခေါက် ထပ်မောင်းပေးပါဦး'

ဒရိုင်ဘာက သူ့ကို ဖျတ်ခနဲ လှမ်းကြည့်တယ်။ နောက်ကြည့်မှန်ထဲကိုလည်း ကြည့်တယ်။ နားမလည်ဖြစ်နေတဲ့ မျက်နှာထားနဲ့ ကြည့်နေတာပါ။ ပြီးတော့ ပခုံးတွေကိုတွန့်လိုက်ပြီး ပလေ့စ်ဒီလာ ကွန်ကော့ဒ်အဝိုင်းကို တတိယတစ်ခေါက် ထပ်ပြီးပတ်မောင်းတယ်။

ဟုတ်တယ်။ သူပဲ။

ရာဖေးရဲ့ခေါင်းထဲကို နေရောင်ခြည်တိုးဖောက် ဝင်ရောက်သွားပါတယ်။ သန်းနဲ့ချီရှိတဲ့ အစအနတွေဟာ ကြေမွလွင့်စင်ကုန်ပါတယ်။

'ရှုဒီစိန့်ကို မောင်းရတော့မလား' လို့ ဒရိုင်ဘာက မေးတယ်။

'အင်း' လို့ ရာဖေးက ဖြေတယ်။

\+ + +

သူ တိုက်ခန်းထဲပြန်ရောက်နေပါပြီ။ သူတို့တိုက်ခန်းပါ။ သူ့တစ်ကိုယ်လုံး ဒူးအေးစက်နေတယ်။ အခုထိ အသက်ရှူမမှန်သေးဘူး။ တစ်ခန်းဝင်လိုက် တစ်ခန်းထွက်လိုက်နဲ့ သူ ဂနာမငြိမ်ဖြစ်နေတယ်။ ဒီအိမ်ဟာ သူ့အိမ်ပါ။ သူ့ကို သာယာပျော်ရွှင်မှုပေးခဲ့တဲ့ အိမ်ပါ။ အားလုံး သန့်စင်ပြီး လှပလို့နေပါတယ်။

ပြတင်းပေါက်ပေါင်ပေါ်မှာ တင်ထားတဲ့ ရေမွှေးပန်းအန့်ဟာ သင်းပျံ့နေပါတယ်။ ဖုန်ရယ်လို့ လုံးဝမရှိသလောက်ဖြစ်နေတဲ့ ကြမ်းပြင်၊ စနစ်တကျ ခွင်ဆင်ခင်းကျင်းထားတဲ့ မီးဖို၊ သန့်စင်လှပနေတဲ့ ကလေးအိပ်ခန်း၊ အမှန်တော့ ကလေး မဟုတ်တော့ဘူး… အီးမစ်လ်ရဲ့အိပ်ခန်းလို့ ပြောရမှာ။



ကလေးမဟုတ်တော့ဘူးလို့ ဆိုနေရပေမယ့် သူက အခုထက်ထိ ကျောင်းမတက်သေးဘူး။ ဆက်ဖ်ဖီကလည်း အီးမစ်လ်ကို ကျောင်းထားဖို့ပြောတိုင်း အမြဲငြင်းနေတာပဲ။ အဲဒါ ဘာပြုလို့ပါလိမ့်။

နံရံကပ်စက္ကူတွေပေါ်က လေယာဉ်ပျံပုံတွေ၊ ဟိုတစ်ဖက်မှာ စီတန်းပြီး ချထားတဲ့ ကစားစရာအရုပ်တွေ၊ ဘေးတစ်ဖက်မှာကပ်နေတဲ့ အခန်းက သူတို့အိပ်ခန်း၊ ခင်းကျင်းထားလိုက်တာ သန့်ပြန့်လှပနေတာပဲ။ နူးညံ့ပျော့ပြောင်းလှတဲ့ မွေ့ရာပေါ်မှာ ခင်းထားတဲ့ အိပ်ရာခင်းကလည်း လျှော်ဖွပ်ပြီး မီးပူတိုက်ထားလိုက်တာ။

အဝတ်ဗီရိုကြီးထဲမှာ ချိတ်ဆွဲထားတဲ့ အဝတ်အစားတွေ မနည်းပါလား။ ဘယ်ဘက်မှာ ချိတ်ထားတာတွေက ရာဖေးရဲ့ပစ္စည်းတွေပါ။ ညာဘက်ကဟာတွေက ဆက်ဖ်ဖီ့ပစ္စည်းတွေလေ။ အောက်ဘက်ကြမ်းပေါ်မှ အစီအရီချထားတာက သူတို့ရဲ့ ရှူးဖိနပ်တွေ… တိုက်ထားလိုက်တာ ပြောင်လက်နေတာပဲ။

သူတို့ရဲ့ ပိုင်ရှင်တွေဟာ လင်နဲ့ မယားပါ။ နှစ်ဦးတူတူ လက်တွဲပြီး ဘဝထဲမှာ လျှောက်သွားနေကြသူတွေပါ။ တေးဂီတဖြေဖျော်ပွဲတွေ၊ ညစာစားပွဲတွေ၊ ဂုဏ်ပြုပွဲတွေ အတူတူတက်နေကြသူတွေပါ။

လီဂျင့်အော့ဖ် အော်နာဆုပေးပွဲ အခမ်းအနားမှာတုန်းကလေ… သူမှတ်မိနေပါသေးတယ်။

'ခင်ဗျားကို ကျွန်တော့်ဇနီးနဲ့ မိတ်ဆက်ပေးပါရစေ'

'တွေ့ရတာ ဝမ်းသာပါတယ်'

'ဒါ ကျွန်တော့်ဇနီး မဒမ်လီပိတ်ချ်ပါ'

'ဘာပြုလို့ ဒီလူကို သူ မမှတ်မိတာလဲ'

'အမှန်တော့ သူနဲ့ တူရိယာလုပ်တဲ့လူဟာ လူချင်းသိခဲ့ဖူးကြပြီပဲ'

'ဘာပြုလို့ အန်ဒရီဆိုတဲ့လူနဲ့ မိတ်ဆက်ပေးတာကို သူ ငြိမ်နေရတာလဲ'

သူ့လည်ချောင်းထဲက ညည်းသံတစ်ချက် ထွက်လာတယ်။ သူ့ခန္ဓာကိုယ်ထဲက အူတွေ အသည်းတွေ နှလုံးတွေဟာ ကပြောင်းကပြန်တွေ ဖြစ်ကုန်ပြီလား။ သူဟာ အိပ်ရာဘေး ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်ပြီး ဘုရားသခင်ကို အာရုံပြုတယ်၊ ဆုတောင်းတယ်။ သူ့သား အီးမစ်လ်ကို မွေးတဲ့နေ့က လုပ်ခဲ့သလိုပါပဲ။

ဒါပေမဲ့ သူ ဘယ်လိုဆုတောင်းရမလဲဆိုတာ မသိရှာပါဘူး။ 'ဘုရား

www.burmeseclassic.com

www.burmeseclassic.com



သခင်ရယ်'လို့ သူ့ဝါးစပ်က ထွက်လာပါတယ်။ 'ကျေးဇူးပြုတော်မူပါ ဘုရားဒီနေ့ သူ အိမ်ပြန်လာရင် ဒီကိစ္စဖွင့်ပြောအောင် တိုက်တွန်းပေးတော်မူပါ၊ သူ အန်းအရပ်စ်နဲ့ ဘယ်လိုတွေ့ခဲ့ကြတယ်၊ ဘယ်လိုသိခဲ့ကြတယ်၊ ချားရဟတ်ဆီကို သူတို့ ဘယ်လိုရောက်လာကြတယ် ဆိုတာတွေ၊ **ကျေးဇူးပြုတော်မူပါ။ တပည့်တော်ကို အကြောင်းစုံဖွင့်ပြောအောင် ပြုလုပ်ပေးတော်မူပါ**'

မျက်ရည်တွေဟာ အလွန်ဇီဇာကြောင်တဲ့ သူ့အသွား ထရာလာ ပထမတန္တာစစ်ကြီးအတွင်းက လက်နဲ့ချုပ်လုပ်ထားခဲ့တဲ့ အိပ်ရာဖုံးပေါ်ကို ကျနေပါတယ်။

\+ + +

ဆက်ဖ်ဖီနဲ့ အီးမစ်လ်တို့ဟာ ညနေလေးနာရီခွဲလောက်မှာ အိမ်ပြန်ရောက်လာကြတယ်။ ရာဖေးဟာ သူ့စိတ်သူ ထိန်းနိုင်ဖို့ အချိန်ကောင်းကောင်းရခဲ့ပါတယ်။ သူ့မျက်နှာကို ရေအေးအေးနဲ့ သစ်တယ်၊ ဆံပင်ကို ဘီးနဲ့ သပ်သပ်ရပ်ရပ် ဖြီးလိုက်တယ်။ မီးတွေကိုလည်း ဖွင့်လိုက်တယ်။ ပြီးတော့ ဆိုဖာပေါ်မှာထိုင်ပြီး လီမွန်ဒီကို ဖတ်ဖို့ကြိုးစားပါတယ်။ ဒါပေမဲ့… မရပါဘူး။ သူဖတ်နေသမျှဘာကိုမှ နားမလည်ပါဘူး။ အခုအချိန်ထိ အသက်ကို မှန်မှန်မရှုနိုင်သေးပါဘူး။

အိမ်ရှေ့က သူတို့ရဲ့ မြူးမြူးကြွကြွအသံတွေ ကြားရပါတယ်။ ပထမ အီးမစ်လ်ရဲ့ ရယ်သံပါ။ ပြီးတော့ ဆက်ဖ်ဖီက လိုက်ရယ်နေတဲ့အသံ၊ သော့ဖွင့်သံ ကြားရပါတယ်။ သူ့ရှေ့မှာ ဘွားခနဲပေါ်လာတဲ့ သူတို့သားအမိ။ ရာဖေးက ထုံးစံအတိုင်း ထသွားပြီးကြိုပါတယ်။ သူတို့ကလည်း သူ့ကို နွေးထွေးစွာကြိုဆိုပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ နွေးထွေးမှုထဲမှာ မရိုးသား မပွင့်လင်းမှုနဲ့ အပြစ်မကင်းမှုတွေ ပါနေတယ်လို့ ရာဖေးက ထင်နေပါတယ်။

အဲဒီနောက် ညစာစားဖို့ ပြင်ဆင်ပါတယ်။ ဆက်ဖ်ဖီက 'ဆက်ဖ်ဖီတို့ ကွန်ကော့ဘက်သွားပြီး ချားရဟတ်စီးခဲ့ကြသေးတယ်'လို့ ပြောတယ်။

'ဟုတ်လား'လို့ ရာဖေးက အလိုက်သင့် ပြန်ပြောဖို့ ကြိုးစားတယ်။ ဒါပေမဲ့ အသံထွက်မလာဘူး။ ရပ်နေလို့လည်း မရဘူး။ သူ့ဒူးတွေဟာ အားမရှိတော့သလို ဖြစ်နေတယ်။ ကုလားထိုင်ပေါ် ထိုင်ချလိုက်တယ်။

'စီးလို့ တအားကောင်းတာပဲ'လို့ အီးမစ်လ်က ဝင်ပြောတယ်။

'သား… ရေချိုးချေတော့'လို့ ဆက်ဖ်ဖီက မီးဖိုထဲက လှမ်းအော်တယ်။

ဧည့်ခန်းထဲမှာ ရာဖေးတစ်ယောက်တည်း ကျန်ခဲ့တယ်။



ရာဖေးဟာ ညနေစာကို စိတ်မပါတပါနဲ့ စားသောက်နေပါတယ်။ စားရင်းနဲ့ နောက်ကြောင်းတွေကို ပြန်စဉ်းစားနေပါတယ်။ လိမ်တာ ညာတာဟာ သူတို့အတွက် အလေ့အထတစ်ခု ဖြစ်နေပြီ ထင်ပါရဲ့။

'ထပ်ယူဦးမလား'

'ဟင့်အင်း… တော်ပြီ'

'မဆာဘူး ထင်တယ်၊ နေရော ကောင်းရဲ့လား၊ အီးမစ်လ်လိုမျိုး အအေးမိနေသလား'

'ဟင့်အင်း… ဘာမှမဖြစ်ဘူး၊ နေကောင်းတယ်'

သူ အိပ်မက်မက်နေတာဖြစ်မယ်။ သူမြင်နေရတာတွေကို သူမမြင်ဘူးလေ။

\+ + +

ဒီတစ်ခါမှာတော့ သူ့အလှည့်ဖြစ်သွားပြီ။ သူ ဒီညတစ်ညလုံး အိပ်မပျော်ဘူး။ သူ့ဘေးမှာတော့ သူ့ဇနီး ဆက်ဖ်ဖီဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတယ်။

မနက်လေးနာရီထိုးတော့ သူဟာ အိပ်မပျော်ဘဲ အိပ်ရာထဲလဲနေရတဲ့ အလုပ်ကို ဆက်မလုပ်နိုင်တော့တဲ့အတွက် အိပ်ရာက ထတယ်။ ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတယ်။ ခြောက်နာရီထိုးတော့ ဆုံးဖြတ်ချက်တစ်ခု ရလာတယ်။ သူ အီးမစ်လ်နဲ့ တစ်ယောက်ချင်းတွေ့ပြီးမေးနိုင်မယ့် နည်းလမ်းရှာဖို့ပဲ။

အဲဒီနည်းကို ဘယ်လိုရှာမလဲ။ အီးမစ်လ်က ဆက်ဖ်ဖီနားက ဘယ်တော့မှ ခွာတာမဟုတ်ဘူး။ ခြောက်နှစ်သားဆိုပေမယ့် အခုထက်ထိ မအေ့နားကခွာလို့ မရသေးဘူး။ အမြဲတွယ်ကပ်ပြီး မှီနေတာပဲ။ အဲဒါ ဆိုးတယ်လို့ ရာဖေးက မြင်တယ်။ အီးမစ်လ်ရဲ့ ကျန်းမာရေးအတွက် စိတ်ပူရတယ်လို့ ထင်နေတယ်။

ခုနစ်နာရီထိုးတော့ သူ့အမေ ဟော်တင်ဆီထရာလာ လီပိတ်ချ်ဟာ အမြဲတစေ အိပ်ရာက စောစောထတတ်တယ်ဆိုတာ သတိရလိုက်တယ်။ ချက်ချင်းပဲ တယ်လီဖုန်းဒိုင်ခွက်ကို လှမ်းဖုန်းဆက်တယ်။

ရှစ်နာရီမှာ ဆက်ဖ်ဖီ အိပ်ခန်းထဲက ထွက်လာတယ်။ သူမ အသက်နှစ်ဆယ့်ငါးနှစ်ပြည့် မွေးနေ့တုန်းက သူပေးခဲ့တဲ့လက်ဆောင် အနက်ရောင်ကီမိုနိုကို ဝတ်ထားတယ်။ ဆက်ဖ်ဖီ ထွက်လာတာနဲ့တစ်ပြိုင်နက် သူက ဆီးပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အီးမစ်လ်ကို ဒီနေ့ နေ့ခင်း ကိုယ် ဘာကန်ဒီသွားတဲ့အခါ ခေါ်သွားမယ်'

'ဘာ…'လို့ ဆက်ဖ်ဖီက အိပ်ချင်မူးတူးအသံနဲ့ ရေရွတ်တယ်။

သူက ကော်ဖီတစ်ခွက် ငှဲ့ထည့်လိုက်တယ်။ 'အမေက ခေါ်လို့'လို့ သူက ပြောတယ်။ (မင်းတို့ကလိမ်တော့ ငါကလည်း လိမ်ရမှာပဲ) 'အီးမစ်လ်ကို ခေါ်ခဲ့ဖို့ အမေက ပြောတယ်၊ မေမေကလည်း အသက်မငယ်တော့ဘူးဆိုတာ မင်းသိသားပဲ။ ကြောက်စရာသိပ်ကောင်းတဲ့ အယ်လ်ကိုးရီးယား အရေးအခင်းပြီး ကတည်းက အမေ့ကျန်းမာရေးဟာ ကျလာတာ။ အီးမစ်လ်ဟာ အမေ့ရဲ့ တစ်ဦး တည်းသော အမွေဆက်ခံရမယ့်လူ။ အဲဒီတော့ သူ့နေရာမှာ မင်းကိုယ်မင်းထားပြီး စဉ်းစားပေးနိုင်အောင် စဉ်းစားပါ။ အမေ့ကို ခွင့်လွှတ်ဖို့လည်း ကြိုးစားပါ'

'ဘယ်လောက်ကြာကြာနေမှာလဲ'

'အသွားရယ် အပြန်ရယ် ဟိုမှာနေမှာရယ်ဆိုတော့ နှစ်ဆယ့်လေးနာရီ ပေါ့၊ အမေက တွေ့ရုံလေးပါ၊ သူ့ကို ခရစ္စမတ်လက်ဆောင်လည်း ပေးချင်နေ တယ်။ အီးမစ်လ်က အသက်ခြောက်နှစ်နီးပါး ရှိနေပြီ… သူ့ရဲ့အဘွားနဲ့တော့ တွေ့မှပေါ့… မတွေ့ရရင် သဘာဝမကျဘူး'

ဆက်ဖ်ဖီက သူ့ကို မဆန့်ကျင်ပါဘူး။ ခေါင်းကိုငုံ့ပြီး မျက်လွှာကိုချထား ပါတယ်။ သူ့ရှေ့က ကော်ဖီခွက်ကိုပဲ စိုက်ကြည့်နေတယ်။

'ဒါပေါ့လေ'လို့ ဆက်ဖ်ဖီက ပြောတယ်။ 'ရပါတယ်၊ ကို့အမေကို ဆက်ဖ်ဖီ နားလည်ပါတယ်'

'မင့်သားမရှိဘဲနဲ့ဆိုရင်… မင်း… ဒီတစ်ရက် အသက်ရှင်ပါ့မလား'လို့ ရာဖေးက မေးတယ်။

'ရှင်မှာပါ'

ရာဖေးကတော့ ဆက်ဖ်ဖီကို မုန်းနေပါပြီ။

+ + +

# (၁၆)

အဲဒီလိုနဲ့ပဲ မွန်းလွဲပိုင်း တစ်နာရီထိုးချိန်မှာ ရာဖေးနဲ့ အီးမစ်လ်ဟာ ဘက္ကစီတစ်စီးနဲ့ ဂဲရားဒီလိုင်းယွန်းကို ထွက်လာကြတယ်။ သူတို့နှစ်ယောက် ထမဆုံးအကြိမ် အတူတူတွဲပြီး ထွက်ခြင်းပါ။

+ + +

သူတို့နဲ့ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ ဆက်ဖ်ဖီဟာ တဖွဲဖွဲကျနေ တဲ့ မိုးရေအောက်မှာ ထွက်လာခဲ့ပါတယ်။ ပျော်လို့ မြူးလို့ပါ။ သူချစ်သူနဲ့တွေ့ ဖို့ ထွက်လာခဲ့တာပါ။ ပွန်ဒက်စ်အတ်ထိကိုရောက်တော့ လေရူးတစ်ချက်ဒဏ် ကြောင့် သူ့ထီးဟာ လန်သွားပါတယ်။ သူကတော့ ထီးကိုကြည့်ပြီး ရယ်နေပါ တယ်။

+ + +

အီးမစ်လ်နဲ့ ရာဖေးတို့ကြားမှာ တိတ်ဆိတ်မှုက လွှမ်းမိုးထားတယ်။ နှစ်ယောက်သား ရထားတွဲထဲမှာ တွဲထိုင်နေကြပေမယ့် စကားမပြောကြပါဘူး။ အပြင်ဘက် ရှုခင်းတွေကြည့်ရတာ မှုန်တုန်တုန် မှိုင်းတိုင်းတိုင်းနဲ့ စိတ်ပျက်စရာ ကောင်းလှပါတယ်။ မိုးစက်တွေကလည်း ရထားပြတင်းပေါက်ကို လာပြီးရိုက် ခတ်နေပါတယ်။

ရေခိုးရေငွေ့တွေဟာ ပြတင်းပေါက်မှန်တွေပေါ်မှာ လာပြီးရိုက်ခတ်နေ ပါတယ်။ အီးမစ်လ်က သူ့လက်ညှိုးနဲ့ မှန်ပေါ်ကရေငွေ့တွေပေါ်မှာ အရုပ်တွေဆွဲ နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရာဖေးကတော့ သူ့ထိုင်ခုံပေါ်မှာ ထိုင်နေပေမယ့် ကိုယ်ချောစိတ်ပါ ဝန္တာမငြိမ်ဘူး။ သူ့သားကို သူမေးခွန်းထုတ်ဖို့အတွက် စဉ်းစားစိတ်ကူးနေပါ တယ်။

+ + +

အန်းဒရပ်စ်က သူချစ်သူကို ဆီးပြီးတံခါးဖွင့်ပေးတယ်။ အေးလွန်းလို့ သူ့ချစ်သူရဲ့ ပါးနှစ်ဖက်ဟာ နီရဲနေတယ်။ အန်းဒရပ်စ်က ဆက်ဖ်ဖို့လက်ထဲကအိတ် တို လှမ်းယူပြီး ပိတ်လိုက်တယ်။ တံခါးထောင့်ကြားမှာ သွားထောင်လိုက်တယ်။

နောက်ပြန်လှည့်လိုက်ပြီး ဆက်ဖ်ဖို့ကို ဖက်ထားတယ်။ 'မိုးချုပ်မှ ပြန် မယ်'လို့ ဆက်ဖ်ဖီက ပြောတယ်။ 'အီးမစ်လ် ရာဖေးနဲ့ ဘာဂန်ဒီကို လိုက်သွားတယ်'

+ + +

ပါရီ–လိုင်းယွန်းစ်–မာဆေး သွား မီးရထားပေါ်မှာတော့ တစ်ထစ်ပြီး တစ်ထစ် စစ်မေးမှုဟာ စနေပါပြီ။ သူ့အဖေရဲ့ပါးစပ်က အန်းဒရပ်စ်ရဲ့နာမည်ထွက် သံ ထွက်လာတဲ့အခါမှာ အီးမစ်လ်ဟာ သူ့ထိုင်ခုံကနေ ခုန်ထမလာပါဘူး။ ဒါပေမဲ့ မျက်တောင်တွေကိုတော့ အကြိမ်ပေါင်းများစွာ တဖျတ်ဖျတ်ခတ်နေပါတယ်။

ရာဖေးက အဲဒါကိုမြင်တယ်။ သူလိုချင်တာက ဘာလဲ… ဝန်ခံချက် (ဒါမှမဟုတ်) ဖြောင့်ချက်ပါ။ ကလေးဆီက ငြင်းချက်တွေဟာ အလကားပါပဲ လုံးဝအသုံးမဝင်ပါဘူး။ ဒါ့ကြောင့်မို့လည်း သူဟာ သူ့သားကို ချောင်ပိတ်ထား တယ်။ မေးခွန်းတွေ တစ်ခုပြီးတစ်ခုမေးရင်း တိုက်ခိုက်နေပါတယ်။ အီးမစ်လ်က တော့ ထိတ်လန့်တုန်လှုပ်နေပါပြီ။

အဲဒီလူဟာ ဘယ်သူလဲ။ သူမသိဘူး။ သူ အရင်က လုံးဝမတွေ့ဖူးဘူး တဲ့။ ရာဖေးက စိတ်တိုလာတော့ လက်ဝါးနဲ့ နှစ်ချက်ရိုက်လိုက်တယ်။ နားရင်းကို ရိုက်တာဆိုတော့ အီးမစ်လ်ရဲ့ နားနှစ်ဖက်ဟာ အူကုန်တယ်။

အဖေနဲ့ သားဟာ မျက်နှာချင်းဆိုင်ပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြတယ်။ သူတို့သားအဖ အခုလို အနီးကပ်ပြီး စူးစူးရဲရဲကြည့်တာမျိုး အရင်က လုံးဝမရှိခဲ့ဖူးဘူး။ အခုဟာ ပထမဆုံးကြည့်ခြင်းပါ။ အခုလိုကြည့်တာ နှစ်စက္ကန့်၊ သုံးစက္ကန့်တော့ ကြာမယ်ထင်ပါတယ်။ အဲဒီနောက်မှာတော့ ရာဖေး ပြုံးလဲသွားပါတယ်။



အီးမစ်လ်ရှေ့မှာပဲ သူဟာ ချုံးပွဲချပြီးငိုတယ်။ အီးမစ်လ်ကိုဖွေပြီး သူ့ရင် မှာ အပ်ထားတယ်။ သူ့ကိုခွင့်လွှတ်ဖို့ သူ့သားကို သူတောင်းပန်တယ်။ အီးမစ်လ် ကလည်း သူ့အဖေရဲ့ အားနည်းချက်ကိုကြည့်ပြီး ပိုထိတ်လန့်လာတယ်။

'ကျွန်တော့်ကို မလုပ်နဲ့'လို့ ပြောတယ်။ 'ကျွန်တော်တို့ကို ခင်ဗျား လုံးဝ ပြန်ကြည့်တာ မဟုတ်ဘူး၊ သူဟာ ကျွန်တော့်အဖေအရင်းဗျ'တဲ့။

ရာဖေးအဖို့ သိပ်ပြီးတုန်လှုပ်ရပါတယ်။

+ + +

သားအဖနှစ်ယောက်ကြားမှာ တိတ်ဆိတ်မှုဟာ ပြန်ပြီးတည်ရှိလာပြန်ပါ တယ်။ သူ့သားကို ကိုယ်ဝန်ရှိနေစဉ်က ဆက်ဖ်ဖီရဲ့ နှုတ်ဆိတ်မှုကို ရာဖေး မှ ပြီး သတိရမိပါတယ်။ အဲဒီနောက် ဆက်ဖ်ဖီ ဘာပြုလို့ အခုလို ပြောင်းလဲသွား ရတာလဲ။ တကယ်တော့ သူဟာ အရူးတစ်ယောက် ဖြစ်ခဲ့ရတာပါလား။

အချိန်ဟာ တရွေ့ရွေ့ကုန်ဆုံးသွားနေပါတယ်။ ရထားဟာ တငြိမ့်ငြိမ့် လှုပ်ယမ်းနေပါတယ်။ အပူမီးကို ရင်ဝယ်ပိုက်ထားရတဲ့ ရာဖေးဟာ အိပ်ပျော်အောင် ကြိုးစားပါတယ်။ သူ့ပခုံးပေါ်တင်လာတဲ့ အီးမစ်လ်ရဲ့ လက်တစ်ဖက်ကြောင့် သူ မျက်စိဖွင့်ကြည့်တယ်။

'ကျွန်တော် ဆာတယ်'လို့ အီးမစ်လ်က ပြောတယ်။ 'ကျွန်တော် ဘာမှ မစားရသေးဘူး'

ရာဖေးဟာ ပီပီပြင်ပြင် အသိဝင်လာတယ်။ သူ့ခေါင်းကို ဖြစ်ဖြစ်မြည် အောင် ကုပ်လိုက်တယ်။

'အေး… ဟုတ်သားပဲ'လို့ ရေရွတ်တယ်။ 'မင်းအတွက် မုန့်ယူလာဖို့ ငါ သတိမရဘူး၊ စားသောက်ခန်းတွဲကို သွားကြရအောင်၊ စားစရာတစ်ခုခုတော့ ရှိမှာပါ'

+ + +

အန်းဒရပ်စ်က ရမ်နဲ့စပ်ထားတဲ့ လက်ဖက်ရည်တစ်ခွက် ယူလာပြီး ဆက်ဖ်ဖို့ကို ပေးတယ်။ လက်ဖက်ရည်သောက်နေတဲ့ ဆက်ဖ်ဖို့ကို စိတ်ဝင်စားစွာ ကြည့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် မင်းကိုချစ်တယ် ဆက်ဖ်ဖီ'

ဆက်ဖ်ဖီက မော့ကြည့်တယ်။ သူ့မျက်လုံးတွေနဲ့ အကြည့်ချင်းဆုံတယ်။

'ဆက်ဖ်ဖီကလည်း ချစ်ပါတယ် အန်းဒရပ်စ်ရယ်'

+ + +

အီးမစ်လ်က ရှေ့က ရာဖေးက နောက်ကပါ။ သူဟာ အီးမစ်လ်ရဲ့ပခုံးပေါ်ကကျော်ပြီး ဆွဲတံခါးကြီးကို ဖွင့်ဖို့ကြိုးစားတယ်။ ရထားတွဲတွေ တစ်တွဲနဲ့ တစ်တွဲ အကူးကြားမှာ ဆက်ထားတဲ့ ပေါင်းကူးတွေရှိတယ်။ သူဟာ သူ့သားရဲ့ လက်တစ်ဖက်ကို လှမ်းကိုင်ပြီး သတ္တုပြားပေါင်းကူးကို ဖြတ်သွားနိုင်အောင် ကူညီပါတယ်။

အဲဒီ ပေါင်းကူးသတ္တုပြားတွေဟာ တစ်ခုပေါ်တစ်ခု ထပ်နေတာပါ။ လူကူးပြီဆိုရင် အဲဒီပေါ်နင်းပြီး ကူးရတာပါ။ သတ္တုပြားတွေရဲ့ လှုပ်ရှားသံတွေနဲ့ အပြင်က ဝင်လာနေတဲ့ လေသံတွေဟာ အဲဒီနားတစ်ဝိုက်မှာ ဆူဆူညံညံရှိလွန်းလှပါတယ်။ အီးမစ်လ်ဟာ အဲဒီအသံတွေကို ကြောက်နေပါတယ်။ သူငယ်ငယ်တုန်းကလည်း အဲဒီလိုအခြေအနေမျိုးတွေနဲ့တွေ့ရင် ကြောက်တတ်တာကို ရာဖေး သတိရမိလိုက်ပါတယ်။

သူတို့နှစ်ယောက်ဟာ ဟိုဘက်ယိမ်းလိုက် ဒီဘက်ယိုင်လိုက်နဲ့ တစ်တွဲကတစ်တွဲ ကူးလာကြတယ်။ ခြောက်၊ ခုနစ်၊ ရှစ် ရထားတွဲရှစ်တွဲကို ကျော်ဖြတ်လာတယ်။ အပြင်ကတိုက်နေတဲ့လေ တဖြုန်းဖြုန်းမြည်ဟီးနေကြတဲ့ ပေါင်းကူးခြေနင်းခုံတွေ၊ တွဲတွေအဖြတ်မှာ မကြားရပေမယ့် တွဲအကူးကျရင်တော့ အသံဗလံတွေဟာ ဆူညံနေတယ်။

ရာဖေးအဖို့ တွဲအကူးတွေရောက်တိုင်း အလွန်ကြီးမား လေးလံတဲ့ တံခါးကြီးတွေကို ဖွင့်ရပိတ်ရတာ အလွန်ပင်ပန်းပါတယ်။ မနေ့ညက တစ်ညလုံးမအိပ်ခဲ့ရတော့ ပိုပြီးပင်ပန်းပါတယ်။ ဒီလိုဖြစ်နေရတဲ့အထဲမှာ သူ့အတွေးတွေကလည်း ရှုပ်ထွေးနောက်ကျိနေပါတယ်။ အဲဒီအချိန်ကျခါမှပဲ သူ့ဦးနှောက်ထဲကို အလင်းရောင်တစ်ခု လက်ခနဲထိုးဖောက် ဝင်ရောက်လာတယ်။ အီးမစ်လ်ကို မေးသင့်တဲ့ မေးခွန်းတစ်ခု ဝင်လာတာပါ။ **ဒီကိစ္စ ဘယ်တုန်းကစတာလဲ။**

'ဒီလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ' တွဲရှစ်ကနေပြီး တွဲ ကိုး



ကို အကူးမှာ သူက သူ့သားကို လေသံခပ်တိုးတိုးနဲ့ မေးတယ်။

ဒါပေမယ်လို့ သူ့အဖေက သူ့နားအုံကိုရိုက်ထားလို့ ဒေါပွနေတဲ့ အီးမစ်လ်ဟာ သူ့အမေနဲ့ပတ်သက်လို့ နောက်ထပ် ဘာမေးမေး မပြောဘူးလို့ဆုံးဖြတ်ပြီးနေပြီ။

ရာဖေးဟာ အခုမှပဲ သူ့အမှားကိုသိတယ်။ သူလာနေတာ မှားနေတယ်။ ...စားသောက်တွဲက သူတို့ရှေ့မှာ မဟုတ်ဘူး။ သူတို့နောက်မှာ။ အဲဒီတော့ လာလမ်းကို ပြန်လှည့်လာရတယ်။ တံခါးတွေကို ပြန်ဖွင့် ပြန်ပိတ်နဲ့ လုပ်ရပါများတော့ သူ့မှာ အားမရှိတော့ဘူး။

သူလမ်းမှားတာကို ရာဖေးက မပြောဘူး။ သူ့သားကိုခေါ်ပြီး လှည့်ပြန်လာတယ်။ လာနေရင်းကလည်း စောစောကမေးခွန်းကို ထပ်တလဲလဲ မေးလာတယ်။

'အခုလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ၊ အန်းဒရပ်စ်နဲ့ ပထမဆုံးတွေ့တာ ဘယ်တုန်းကလဲ'

ရာဖေးဟာ သူ့မေးခွန်းအတွက် အဖြေရဖို့ကလွဲပြီး တခြား ဘာကိုမှ သတိမထားမိတော့ဘူး။ သူ့မှာ အသိပျောက်သလို ဖြစ်နေတယ်။ အခုဆို နောက်ဆုံးတွဲကို ရောက်နေကြပြီ။ ဝန်စည်စလည်တွေ တင်တဲ့တွဲပေါ့။ တံခါးတစ်ချပ်ကလည်း ပွင့်နေတယ်။ သူ့စိတ်ဟာ ရှုပ်ထွေးနောက်ကျိလာတယ်။ သူ့မေးတာကလည်း အဖြေမရဘူး။ သူ့မှာ အရှုံးတွေချည်းပါလား။ သူဟာ ဒေါသတကြီးနဲ့ အီးမစ်လ်ဘက်လှည့်ပြီး မျက်နှာချင်းဆိုင်လိုက်တယ်။

'ငါမေးတာ ပြောစမ်းကွာ'

သူ့အသံက ကျယ်လောင်လွန်းလှပါတယ်။ ဒေါသကလည်း ဖြင်းထန်သည်ထက် ပြင်းထန်လာပါတယ်။ သူဟာ တံခါးဝင်ပေါက်ရှေ့မှာ ခြေတစ်ဖက်ထိုးခံလိုက်တယ်။ ပြီးတော့ အီးမစ်လ်ကိုလှမ်းဆွဲပြီး ချိုင်းကြားမှာ ညှပ်ထားလိုက်တယ်။ ... မတဘူး။ အောက်ဘက်မှာ အပြေးအလွှားသွားနေတဲ့ မြေပြင်ထက်ကို ... တစ်ပိုင်း ထုတ်ထားလိုက်တယ်။

'ပါပါ... ပါပါ'

**'ဟုတ်တယ် ပါပါ'**လို့ ရာဖေးက တအားကျုံးပြီး အော်တယ်။ **'ဟုတ်တယ်၊ ဟုတ်တယ်၊ ငါ... မင်းပါပါ၊ အဲဒါကို မင်း မေ့မထားနဲ့'**

သူ့ဒေါသဟာ တိုးပြီးပြင်းထန်လာတယ်။ အရှိန်ပြင်းလွန်းနေတဲ့ ...သံဟာ သူ့နားတွေ ကွဲမတတ် ခံစားနေရတယ်။ သူ့ဒေါသနဲ့ ...ချိန်ဟာ သိပ်ပြီးကြီးမားလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း… ပါပါလို့ပြောတာ ဘယ်သူ့ကိုပြောတာလဲ၊ ငါလား၊ သူလား'

'ခင်ဗျားကိုပြောတာ၊ ခင်ဗျား၊ ခင်ဗျား'လို့ အီးမစ်လ်က အလန့်တကြား နဲ့ ပြန်အော်တယ်။

'အခုလိုဖြစ်နေကြတာ ဘယ်လောက်ကြာပြီလဲ'လို့ ရာဖေးက တအား ကျုံးအော်ရုံမကဘူး။ အဝတ်ရုပ်တစ်ရုပ်ခါသလို ယမ်းခါပစ်တယ်။

အီးမစ်လ်ကတော့ အကြောက်လွန်ပြီး အသက်တောင်မှန်မှန်မရှူနိုင်တော့ ဘူး။ ပြင်းထန်တဲ့လေရဲ့ တိုက်ခတ်မှုဒဏ်ကိုလည်း သူခံနေရတယ်။ မေးနေတဲ့ မေးခွန်းတွေကို သူ ဘယ်လိုလုပ်ပြီး ဖြေနိုင်မှာလဲ။ သူ့ခြေနှစ်ချောင်းဟာ လေထဲ မှာ ယမ်းခါနေတယ်။ သူဟာ သူ့ခြေထောက်ကို တံခါးအစွန်းပေါ် နင်းမိအောင် အတင်းရုန်းကန်နေတယ်။

နောက်ထပ် တစ်ခဏအတွင်းမှာ အီးမစ်လ် မရှိတော့ဘူး။

✢ ✢ ✢

အန်းဒရပ်စ်က ခတ်ပြားအသစ်တစ်ချပ် စက်ထဲကို ထပ်ထည့်လိုက် တယ်။ မျက်မမြင်ဂီတသမား ရီလင်ကပ်ရဲ့ ခတ်ပြားပါ။ သူဟာ ဆက်ဖ်ဖီ ထားခဲ့ပြီး အပြင်သွားတယ်။ တူနီစီးယန်းမုန့်မျိုးစုံ သွားဝယ်တာပါ။ သူတို့ ညစာ အတူစားကြပါတယ်။ သူတို့နှစ်ယောက် ညစာကို အတူစားကြတာ အခု ပထမဆုံးအကြိမ်ပါ။

✢ ✢ ✢

ရာဖေးဟာ အချိန်မီ ရထားရပ်သွားနိုင်အောင် အချက်ပေးသံကြိုးခလုတ် ကို ဆွဲလိုက်ပါတယ်။

✢ ✢ ✢

ဆက်ဖ်ဖီဟာ မှန်ငယ်လေးတစ်ချပ်ရှေ့မှာရပ်ပြီး သူ့ဆံပင် ဖရိုဖရဲ လက်နှင့်သပ်ပြီး ပြုပြင်နေပါတယ်။ ပြီးတော့ သူ့ဘွတ်ဖိနပ်ကိုစီး၊ ကုတ်အင် ကိုဝတ်၊ ထီးကို ချိုင်းညှပ်ပြီး အန်းဒရပ်စ်နဲ့ အတူထွက်လာခဲ့တယ်။ လမ်းလ ရောက်တော့ တစ်ယောက်ကိုတစ်ယောက် နမ်းကြတယ်။



အဲဒီနောက်တော့ ဆက်ဖ်ဖီဟာ အန်းဒရပ်စ်နဲ့ ခွဲလာခဲ့တယ်။ အဲဒီအချိန် ဟာ ရှစ်နာရီခွဲပဲ ရှိပါသေးတယ်။ သူဟာ ထီးကိုဖွင့်ဆောင်းပြီး လျှောက်လာခဲ့ တယ်။ ခရစ္စမတ်အတွက် တခမ်းတနားပြင်ဆင်ထားတဲ့ စတိုးဆိုင်ကြီးရှေ့က ဖြတ်လာခဲ့တယ်။ သူဦးတည်ပြီး သွားနေတာက စိန့်မြစ်ဘက်ကိုပါ။

✢ ✢ ✢

ဖြစ်သွားတာကတော့ အဲဒီအတိုင်းပဲ။ ဒီအဖြစ်ကို ဆက်ဖ်ဖီ မသိပါဘူး။ အီးမစ်လ်ကတော့ သေသွားရှာပြီ။ သူ့ဦးခေါင်းခွံဟာ ကျောက်တုံးထပ်တဲ့ မြေပေါ် ကို ကျတဲ့အတွက် နစ်ခြမ်းကွဲသွားပါတယ်။ အဲဒါ အဖြစ်မှန်ပါ။ အဲဒီအဖြစ်မှန် ဟာ သူ့အမေခေါင်းထဲကို မရောက်သေးပါဘူး။ သူ့မှာ အခုအချိန်ထိ အချစ်ဆိုတဲ့ အရာထဲမှာ နစ်မျောပြီး ရင်ခုန်နေတုန်းပါ။

လောလောဆယ်တော့ဖြင့် အဲဒီအဖြစ်ကို လူတချို့ သိသွားကြပါတယ်။ ရာဖေးကလွဲပြီး ဒီအဖြစ်ကို သိတဲ့လူတွေက ရထားကြီးကြပ်ရေးမှူး၊ လက်မှတ် စစ်နှစ်ယောက်နဲ့ ခရီးသည်လက်တစ်ဆုပ်စာလောက်ပါ။ ရထား ဘာပြုလို့ ရပ်သွား တာလဲဆိုတဲ့အချက်ကို သိချင်နေသူတွေပါ။ ဘာပဲဖြစ်ဖြစ် အဖြစ်ကို ဒီအတိုင်းပဲ ထားလိုက်လို့ ရနိုင်မလား။ ဒီနေရာမှာတင်ပဲ ရပ်ထားလို့ ရနိုင်မလား။ ဇာတ်လမ်း က ဒီမှာတင်ပဲ ဆုံးသွားပြီလား။

✢ ✢ ✢

ဒီအဖြစ်ကို ရဲဆီ အကြောင်းကြားတယ်။ ရှုဒီစိန့်လမ်းပေါ်က ဒုတိယ ဆပ် တိုက်ခန်းထဲမှာ တယ်လီဖုန်းသံ ထွက်လာတယ်။ ဒါပေမဲ့ တယ်လီဖုန်းကိုင် ဖြေလူ တစ်ဦးမှမရှိဘူး။ အဲဒီအချိန်မှာ ဆက်ဖ်ဖီဟာ ပွန်ဒကစ်အဝတ်ထဲဘက်က လမ်းပေါ်မှာပါ။ မိုးရေထဲမှာ တစ်ယောက်တည်း ကခုန်နေဆဲပါ။

နောက်ဆုံးမှာ ဟော်တင်ဆီထရာလာ လီပိတ်ချ်ဟာ ညကိုးနာရီထိုးချိန်က နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတဲ့ အဘောက်အဦစောင့် လန့်နိုးလာသည်အထိ ခေါ်မနား ဖုန်းဆက်ခဲ့ပါတယ်။ အဘွားကြီးဟာ အိပ်ရာစောစောဝင်တတ်ပါ။ သူ့မှာက ဖယ်လ်ဘီတစ္စဆိုတဲ့ သွေးပြန်ကြောတွေ ရောင်တဲ့ရောဂါ ရှိနေတော့ အိပ်ဆေးသောက်ပြီးမှ အိပ်ရာဝင်ခဲ့ရတယ် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီကျတော့မှပဲ လီဆက်တီဘာလန်ချီဟာ ညဝတ်အင်္ကျီကြီးနဲ့ ပက်လက်ကုလားထိုင်ကို ပြတင်းပေါက်နားချပြီး ထိုင်တယ်။ မျက်ရည်စက်လက်ကျရင်းနဲ့ မဒမ်လီပိတ်ချ် ပြန်ရောက်အလာကို တမျှော်မျှော်လုပ်တယ်။

သူ့ခမျာ ဝမ်းသာအယ်လဲနဲ့မျှော်တာ မဟုတ်ပါဘူး။ သူဟာ အလွန်ကရုဏာတရားနဲ့ ပြည့်ဝတဲ့ အမျိုးသမီးကြီးတစ်ယောက်ပါ။

✢ ✢ ✢

'မတော်တဆဖြစ်ပွားမှု တစ်ခုပါ'

၁၉၆၄ ခုနှစ်အတွင်းမှာ ကမ္ဘာကျော် ပလွေတူရီယာပညာရှင် ရာဖေးလီပိတ်ချ်ဟာ တရားရုံးမှာ အမှုရင်ဆိုင်ခဲ့ရပါတယ်။ သူကတော့ သူပြောထားတဲ့ ဖြစ်ရပ်အပေါ်မှာ ခေါင်းမာစွာနဲ့ပဲ ဖက်တွယ်ထားခဲ့ပါတယ်။

'သူ ချော်ကျသွားတာပါ… လေတိုက်တာက သိပ်ပြင်းတဲ့အတွက် ကျွန်တော့်လက်ထဲက လွတ်ထွက်သွားရပါတယ်။ သူ့ကိုကယ်ဖို့ ကျွန်တော် ကြိုးစားခဲ့ပေမယ့်…'

သူ့ထွက်ဆိုချက်ဟာ အဲဒါပါပဲ။ မျက်မြင်သက်သေရယ်လို့ တစ်ဦးတစ်ယောက်မှ မရှိလေတော့ သူ တရားသေလွတ်ဖို့ပဲ ရှိပါတယ်။ ဒါပေမဲ့ အလွန့်အလွန် ကြီးမားလွန်းလှတဲ့ စိတ်ဆင်းရဲမှုကြီးတစ်ခုကြောင့် တစ်စက္ကန့်ရဲ့ တစ်ဝက်လောက်မှ သူ့သားရဲ့လက် သူ့လက်အတွင်းက လွတ်ထွက်သွားခဲ့ရတာပါ။

✢ ✢ ✢

ဆက်ဖ်ဖီကရော…။ ဆက်ဖ်ဖီ ပျောက်သွားပါတယ်။ ပါရီကလူတွေ ဆက်ဖ်ဖီကို နောက်ထပ် မမြင်ကြရတော့ပါဘူး။ အီးမစ်လ်သေပြီးတဲ့နောက် နောက်တစ်နေ့မနက်မှာ ရူဒီစိန့်လမ်းပေါ်က တိုက်ခန်းတွေရဲ့ ဒုတိယထပ်အခန်းက ခေါင်းလောင်းဟာ အဆက်မပြတ် မြည်လာခဲ့ပါတယ်။ ဆက်ဖ်ဖီကို မတွေ့ရပါဘူး။ ရာဖေးကတစ်ဆင့် ခြေရာခံလို့လည်း မရပါဘူး။ သူဟာ လေထဲမှာ ပျောက်သွားသလို ဖြစ်နေပါတယ်။ တိုက်ခန်းအောင်း အမျိုးသမီးကြီးကလည်း ဆက်ဖ်ဖီကို အစအနတောင် မတွေ့မမြင်ခဲ့ရပါဘူးတဲ့။

ဆက်ဖ်ဖီမှာ ပြင်သစ်နိုင်ငံကူးလက်မှတ် ရှိပါတယ်။ စပိန် (ဒါမှမဟုတ်)



ဘာနေဒါ စတဲ့ နိုင်ငံတစ်နိုင်ငံကိုသွားပြီး ဘဝသစ်တစ်ခုများ စနေလေသလား။ ဒါပေမဲ့ တကယ်လို့ အဲဒီလို လုပ်သွားတယ်ဆိုရင်လည်း အဲဒီအဖြစ်က ဇာတ်လမ်းရဲ့ အပြင်ဘက် ရောက်နေတယ်။ ဒီဇာတ်လမ်းရဲ့ အမှန်ဖြစ်ခဲ့တာကတော့ ဆက်ဖ်ဖီဟာ အစအနတောင် ခြေရာခံလို့မရအောင် ပျောက်သွားတာပါပဲ။

✢ ✢ ✢

သူ ပျောက်သွားပုံက လူတွေအားလုံး နောက်ဆုံးကျရင် ပျောက်သွားသလိုပါပဲ။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်း

နောက်နှစ်ပေါင်း သုံးဆယ့်ငါးနှစ် ကုန်လွန်သွားခဲ့ပြီ။ နှစ်ဆယ်ရာစု ကုန်ဆုံးခါနီးအချိန်ကိုတောင် ရောက်သွားပါပကောလား။

ပြင်သစ်လူမျိုးတိုင်း အခုဆိုရင် ကိုယ်ပိုင်ရုပ်မြင်သံကြားစက် အစုံလိုက် ပိုင်ဆိုင်နေကြပါပြီ။ ကိုယ်ပိုင်တယ်လီဖုန်း၊ ကိုယ်ပိုင်ရေချိုးခန်း၊ အိမ်သာ စသည် တို့ကိုလည်း ပိုင်ဆိုင်နေကြပါပြီ။ အဲဒီထဲမှာ အများစုဟာ ကိုယ်ပိုင်သုံး ကွန်ပျူတာ တွေ ရှိနေကြပါပြီ။

ဂျာမနီနဲ့ ပြင်သစ်ဟာ အကောင်းဆုံးနဲ့ အရင်းနှီးဆုံးမိတ်ဆွေကြီးတွေ ဖြစ်နေကြပါပြီ။ သူတို့ဟာ နှစ်နိုင်ငံပေါင်းပြီး ဥရောပကို တည်ထောင်ဖို့နဲ့ တစ်နေ့ နေ့တစ်ချိန်ချိန်မှာ နှစ်နိုင်ငံပေါင်းပြီး စစ်တပ်ကြီးတစ်တပ် တည်ထောင်ဖို့ အိပ်မက် မက်နေကြပါပြီ။ ဘာလင်တံတိုင်းကြီးလည်း မရှိတော့ပါဘူး။ ပြိုကျသွားပါပြီ။ ဥရောပအလယ်ပိုင်းနိုင်ငံတွေမှာ ကွန်မြူနစ်ခေတ်တွေ ကျဆုံးကုန်ပါတယ်။

ဟန်ဂေရီနိုင်ငံမှာဆိုရင် လူတစ်စုကသာ ခြယ်လှယ်ကြီးစိုးတဲ့ တစ်ပါတီ အာဏာရှင်စနစ်ကနေပြီး ဈေးကွက်စီးပွားရေးစနစ် (ဘယ်သူကမှ "အရင်းရှင်စနစ်" လို့ မပြောကြတော့ဘူး) ကျင့်သုံးတဲ့ လွတ်လပ်သောနိုင်ငံ ဖြစ်သွားခဲ့ပါပြီ။ အဲလ်ဂျီးရီးယားမှာကတော့ နှစ်ပေါင်းသုံးဆယ်တိတိ ဆိုရှယ်လစ် အကျင့်ပျက်ပြား မှုနဲ့ ဗြူရိုကရေစီ ချုပ်ယွင်းမှုဒဏ်တွေကို အရှုံးအလိုမှ ခံခဲ့ရပါတယ်။ နောက်ဆုံး ထွက်ပေါက်က မရှိတော့၊ ခေတ်မမီတော့တဲ့ အတွေးအခေါ်အယူအဆတွေနဲ့ ဘာသာရေးမှိုင်းတိုက်မှုတွေ၊ စိတ်ကူးယဉ်မှုတွေရဲ့ဒဏ်ကို အပြင်းအထန် ခံခဲ့ကြရ ပြန်တယ်။ အဲဒီတော့ အယ်လ်ဂျီးရီးယားနိုင်ငံဟာ သွေးချောင်းစီးနေတဲ့ ပြည်တွင်း စစ်တွေရဲ့ဒဏ်ကို အဆက်မပြတ် ခံခဲ့ကြရပြန်ပါတယ်။



ပါရီကတော့ … ပါရီပါပဲ။ အခြေပျက်မသွားပါဘူး။ အမြဲတစေ တောက်ပထိန်လင်းပြီး ဝေဆာလှပနေတာပါပဲ။ စည်းစိမ်ခံမှုတွေကလည်း အရင်က ထက်တောင် အဆပေါင်းများစွာ ပိုလာပါသေးတယ်။ ပန်းခြံထဲ ထိုင်ချင်ရင် အခကြေးငွေ ပေးစရာမလိုတော့ပါဘူး။ လမ်းပေါ် သေးပေါက်တာတွေလည်း သုံးဝမမြင်ရ မတွေ့ရတော့ပါဘူး။ အခကြေးငွေပေးရတဲ့ အိမ်သာတွေ အများကြီး ရှိလာပါတယ်။

ချားလ်စ်ဒီဂေါဆိုတာလည်း လေယာဉ်ကွင်းနာမည်ပါ။ ဘာမှမဟုတ်တော့ ပါဘူး။ ဆင်းရဲသားရပ်ကွက်တွေဆိုတာ မရှိတော့ပါဘူး။ ဒါပေမယ်လို့ ဆင်ခြေဖုံး တွေမှာ အလုပ်သမားရပ်ကွက်တွေ ပေါ်လာပါတယ်။ ပြင်သစ်နိုင်ငံမှာ မွေးဖွား ကြီးပြင်းလာခဲ့ရတဲ့ အယ်လ်ဂျီးရီးယန်းတွေရဲ့ သားသမီး မြေးမြစ်တွေဟာ အဲဒီ ရပ်ကွက်တွေမှာ နေကြပါတယ်။ သူတို့ အနာဂတ်အတွက် မျှော်လင့်ချက်ဆိုတာ မရှိကြသလို ပစ္စုပ္ပန်မှာလည်း အလားအလာကောင်း မရှိတဲ့လူတွေပါ။

+ + +

ဒီဇာတ်လမ်းဟာ အစပြုခဲ့တဲ့ နေရာမှာပဲ အဆုံးသတ်ပါတယ်။ နေရာက ဂယားဒူနော့ဒ်လို့ ခေါ်ပါတယ်။ အဲဒီနေရာဟာ ဆက်ဖ်ဖီ ပထမဆုံး ပြင်သစ်နိုင်ငံ မှာ ခြေချခဲ့တဲ့နေရာပါ။ အတိအကျပြောရရင် နော့ဒ်ခရီးလမ်းဆုံးဘူတာနဲ့ မျက်နှာ ချင်းဆိုင်တည့်တည့်မှာ ရှိပါတယ်။

အဲဒီနေ့က အေးလည်းအေးတယ်၊ မှုန်မှိုင်းမှိုင်းနဲ့၊ မိုးကလည်း ရွာနေတယ်။ ပါရီမှာ မကြုံခဲ့ဖူးတဲ့ နေ့တစ်နေ့ပါ။ မတ်လလည်း ဖြစ်နိုင်တယ်။ နိုဝင်ဘာလ လည်း ဖြစ်နိုင်တယ်။ အတိအကျသိနိုင်ဖို့ နည်းလမ်းကတော့ မရှိဘူး။

အချိန်က မွန်းလွဲနှစ်နာရီပါ။ ရာဖေးလီပိတ်ချ်ဟာ ပြန်လည်ပေါင်းစည်း သွားတဲ့ ဘာလင်ကနေပြီး အမြင့်ဆုံးမိုင်နှုန်းနဲ့သွားတဲ့ ရထားစီးပြီး ပြန်ရောက်လာစ ဖြစ်ပါတယ်။ သူဟာ ဂျာမန်အစားတစ်မျိုးကိုစားပြီး အကောင်းစားဝိုင်နဲ့ မြှောချ နေပါတယ်။ ဂျာမန်အစားအစာပေါ်မှာ သူ အရသာတွေ့နေတာ နှစ်ပေါင်းအတော် ကြာသွားပါပြီ။

သူဟာ အစီပေနေတဲ့ နှုတ်ခမ်းတွေကို လက်သုတ်ပဝါနဲ့ သုတ်နေတယ်။ သူ့အသက်နဲ့ကြည့်လိုက်ရင် သူ့ခန္ဓာကိုယ်ဟာ အချိုးအစား သိပ်ပြီးပြေပြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်က ခြောက်ဆယ့်ကိုးနှစ် ရှိနေပြီ။ ဒါပေမဲ့ အခုထက်ထိ သူ့ဟန်နဲ့သူ အရှိန်မပျက် ရှိနေဆဲပါ။ အရင်ကထက်ပိုဝပြီး ပိုခံ့ညားထည်ဝါနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့မျက်နှာကိုမြင်လိုက်ရင် မမှတ်မိနိုင်စရာ မရှိပါဘူး။ ဟုတ်ပါတယ်။ အရင်… နှာခေါင်း၊ အရင်… ပါးနဲ့ မျက်မှန်နောက်က မျက်လုံးတွေက အရင်လိုပါပဲ။

သူဟာ အစာစားရင်းနဲ့ သတင်းစာကို ဖတ်နေတာပါ။ ရုတ်တရက် လက်ထဲက သတင်းစာကို ဘေးဘက်ချလိုက်ပြီး တစ်ချက်မော့ကြည့်လိုက်တယ်။ တစ်ကိုယ်လုံး အေးခနဲဖြစ်သွားတယ်။ ကောင်တာရှေ့က ထိုင်ခုံဟာ သူနဲ့ ကိုက်အနည်းငယ်ပဲ လှမ်းပါတယ်။ သူမြင်တာ ဟုတ်ပါ့မလား။ ဖြစ်နိုင်ပါ့မလား။

ထိုင်နေသူရဲ့ရုပ်ကို နံရံပေါ်မှာကပ်ထားတဲ့ မှန်တွေထဲမှာလည်း မြင်နေရတယ်။ အဲဒီတော့ အဲဒီလူ့ရဲ့ရုပ်ကို ရှေ့ကရော နောက်ကပါ မြင်နေရတာပေါ့။ သံသယဖြစ်စရာ လုံးဝမရှိပါဘူး။ အန်းဒရပ်စ်မှ အန်းဒရပ်စ်အစစ်ပါ။ ကော်ဖီသောက်လိုက်၊ စီးကရက်ဖွာလိုက် လုပ်နေပါတယ်။

အသက်ကတော့ ကြီးပါပြီ။ သူ့ဆံပင်ရှည်ကြီးက ဖြူဖွေးနေပါတယ်။ ဆံပင်က ရှည်လွန်းတော့ နောက်ဘက်မှာ စုစည်းပြီးချည်ထားတယ်။ သူ့မျက်နှာပေါ်မှာ အရေးအကြောင်းတွေ ထင်နေတာ အများကြီးပဲ။ မျက်မှန်တပ်ထားတယ်။ ပဝါအနီကို လည်ပင်းမှာ စည်းထားတယ်။ တချို့ အစွဲအလမ်းကြီးသူတွေဟာ သူတို့ရဲ့ တော်လှန်ရေးအိပ်မက်နဲ့ စိတ်ကူးယဉ်မှုတွေကို လွယ်လွယ်နဲ့ လက်မလွှတ်တတ်ကြပါဘူး။ အဲဒီစိတ်မျိုး သူ့မှာ ရှိနေဆဲဆိုတာ အန်းဒရပ်စ်ရဲ့မျက်နှာမှာ အထင်းသားပေါ်နေဆဲပါ။

ရာဖေးဟာ လက်သုတ်ပဝါကို စားပွဲပေါ်ချလိုက်ပြီး ထိုင်နေရာက ထရပ်လိုက်တယ်။ ပြီးတော့ ရှေ့ဘက်ကို လျှောက်သွားတယ်။ မှန်ထဲမှာ ထင်ဟပ်နေတဲ့ အန်းဒရပ်စ်ရဲ့ ရုပ်လှာကို မျက်ခြည်မပြတ် ကြည့်သွားတယ်။ ကောင်တာနား ရောက်တော့ အန်းဒရပ်စ်ရဲ့ဘေးနားမှာ ရပ်လိုက်တယ်။ အဲဒီအခါမှာတော့ အန်းဒရပ်စ်က မော့ကြည့်တယ်။

လူနှစ်ယောက်ရဲ့ မျက်လုံးတွေဟာ မှန်ထဲမှာ ဆုံမိကြတယ်။ တစ်ယောက်ကိုတစ်ယောက် စူးစူးရဲရဲ ကြည့်နေကြတယ်။

✢ ✢ ✢



သူတို့နှစ်ယောက်စလုံး အသက်တွေကြီးကုန်ကြပြီ။ ဖြူဖွေးနေတဲ့ ဆံပင်တွေ၊ မျက်နှာပေါ်က တွန့်နေကြတဲ့ အရေးအကြောင်းတွေ၊ တပ်ထားတဲ့ မျက်မှန်ထူထူကြီးတွေ…၊ သူတို့ဟာ ရုပ်ချင်းဆင်နေသလိုပဲ။ သက်ကြီးရွယ်အိုတွေဟာ အပြစ်ကင်းစင်မှု၊ ရိုးသားစင်ကြယ်မှုတွေကို ပြန်လည်ရရှိတတ်ကြပါတယ်။

အချိန်ဟာ သူတို့စိတ်တွေနဲ့ ခန္ဓာကိုယ်တွေထဲမှာ ရှိနေတဲ့ အမှတ်တရဖြစ်ရပ်တွေကို ဖျက်ပေးတတ်ပါတယ်။ ပျောက်ပျက်သွားအောင်လည်း လုပ်ပေးတတ်ပါတယ်။ ဘဝရဲ့ သင်ခန်းစာတွေအဖြစ်နဲ့ သူတို့ကို ဒဏ်ခတ်ထားသလိုဖြစ်နေတဲ့ အရာတွေကို တစ်ခုပြီးတစ်ခု ကြေပျက်သွားအောင် ဖျောက်ပေးတတ်ပါတယ်။

ဘာပဲဖြစ်ဖြစ် နတ်မိမယ်နဲ့ မတွေ့ခင်မှာ မိမိတို့ရဲ့ အပြစ်ကင်းစင်မှုနဲ့ ရိုးသားဖြူစင်မှုတွေကို ပြန်ရအောင် လုပ်ကြရမယ် မဟုတ်လား။

✢ ✢ ✢

ဟုတ်ပါတယ်။ အမှန်တော့လည်း အားလုံးဟာ အခုအချိန်ထိ အပြစ်ကင်းစင်နေကြတုန်းပါ။

✢ ✢ ✢

အန်းဒရပ်စ်နဲ့ ရာဖေးဟာ မှန်ထဲမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြတုန်းပါ။ အန်းဒရပ်စ်ဟာ သူထိုင်နေတဲ့ခုံပေါ်က မဆင်းပါဘူး။ ရာဖေးနဲ့ မျက်နှာချင်းဆိုင်ဖို့လည်း အားမထုတ်ပါဘူး။ စကားလည်း မပြောပါဘူး။ လက်ချင်းဆွဲပြီးတော့လည်း နှုတ်မဆက်ပါဘူး။ တိတ်တိတ်ဆိတ်ဆိတ်ပဲ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြတာပါ။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သူတို့နှစ်ယောက်ဟာ သူတို့ချစ်တဲ့ မိန်းမနဲ့ ကလေးကို လက်လွှတ်ဆုံးရှုံးခဲ့ကြရပါတယ်။ အခုတော့ဖြင့် သူတို့ရဲ့ နှလုံးသားတွေကို စမ်းသပ်စစ်ဆေးကြည့်နေကြပါတယ်။ နှလုံးသားတွေထဲမှာ နာကျင်မှုဝေဒနာရှိနေသေးသလား။ အမုန်းမီးတောက်တွေကို ထပ်ပြီးတောက်လောင်အောင် လုပ်လို့ရဦးမလား။ ပြာဖုံးနေတဲ့ မီးခဲတွေဟာ နောက်ဆုံးမှာ ငြိမ်းသွားပါ့မလား။

သူတို့ဟာ တစ်ယောက်ကိုတစ်ယောက် ဆက်ပြီးကြည့်နေကြတုန်းပါ။

www.burmeseclassic.com

www.burmeseclassic.com



အရိုးခံသဘော ဖြူစင်တဲ့စိတ်စေတနာအပြည့်နဲ့ အေးဆေးတည်ငြိမ်စွာ ကြည့်နေကြတာပါ။

သူတို့ဟာ ကိုယ်ရောစိတ်ပါ မကွဲပြားကြပါဘူး။

+ + +

ဒါဆိုရင်··· အဲဒါဟာ အဆုံးသတ်ပဲလား။

မဟုတ်ပါဘူး။ အဲဒါဟာ အဆုံးသတ် မဟုတ်သေးပါဘူး။

လုပ်ရမှာက မော့ကြည့်ဖို့ပါ။ အဲဒီအဖြစ်ဟာ တစ်ချိန်လုံး··· မိမိတို့ရဲ့ ဝတ်ပတ်လည်မှာ ဖြစ်နေတာပါ။

မောင်ထွန်းသူ

၂၀၀၃၊ ဒီဇင်ဘာ ၃၀

BURMESE CLASSIC

## ကျမ်းကိုးစာရင်း

၁။ Nancy Huston နန်စီဟူစတန်
၂။ Calgary ကယ်လ်ဂါရီ
၃။ Alberto Manguel အယ်လ်ဘာတို မင်ဂူယယ်လ်
၄။ Arthur Golden အာသာဂိုးလ်ဒင်း
၅။ Tzvetan Todorov တက်ဗ်ဇီတန် တိုဒိုရော့ဗ်

## ကဗျာ

၁။ Goran Tunstr'o'm ဂိုရမ်တွန်စထရောင်း
၂။ Ingeborg Banchmann အင်ဂျီဘော့ဂ်ဘားမန်း

## ခြေဆင်း

၁။ Fall of Icarus ဖေါလ်အော့ဖ်အိုင်ကာရပ်စ်

## ဂ

၁။ Saffie ဆက်ဖ်ဖီ
၂။ Marin Marais မာရင်မာရေးစ်
၃။ Folies d' Espangne ဖေါလီးစ် ဒီ-အက်စ်ပက်ဂ်ိနေး

www.burmeseclassic.com

www.burmeseclassic.com



၄။ Raphael Lepage ရာဖေးလီပိတ်ချ်
၅။ Madam Blanche မဒမ်ဘလန်ချီ
၆။ Figaro 'ဖီဂါရို'သတင်းစာ
၇။ Maria-Felice မာရီယာ-ဖီးလစ္စ
၈။ Madame Trala-Lepage မဒမ်ထရာလာ-လီပိတ်ချ်
၉။ Sorbonne ဆော်ဘွန်း
၁၀။ Les Halles လက်စ်ဟောလက်စ်(ရပ်)
၁။ Forces Frangaises de l' Inte'rieur ဖို့ဆက်စ် ဖရန်ကိုက်စ် ဒီအယ်လ် အင်တာရီးယား တော်လှန်ရေးအဖွဲ့

၂

၁။ Leda a legendary Spartan princess visited by Zeus in the form of a swan and mother by him of Pollux and Helen and at the same time mother of Castor and Clytemnestra by her husband Tyndareus လီဒါ

၃

၁။ D'u'ssel dorf ဒပ်စ်ဆဲလ်ဒေါ့ဖ်
၂။ The Pied Piper of Hamelin အင်္ကျီကွက်ကျားနဲ့ ပလွေဆရာ (ဟာမီလင်မှ)
၃။ Trombonist ထရမ်းဘုန်းသမား (သံစုံကြေးခရာမှုတ်သူ)

၄+၅

၁။ Hortense Trala Lepage ဟော်တင်ဆီ ထရာလာ လီပိတ်ချ်
၂။ Grandpa Trala အဘိုးထရာလာ
၃။ Trala-Lepages ထရာလာမိသားစုများ
၄။ Johann Joachim Quantz ဂျိုဟန်ဂျိုအာချင်းမ် ကွမ်တမ်ဇ်
၅။ Theobald Bôhm သီအိုဘောဘိုဟမ့်



၆။ The Düssel dorf Welcome Hostesses School ဒပ်ဆဲလ်ဒေါ့ဖ်အိမ်ရှင်မ သင်တန်းကျောင်း
၇။ Trombone (trombonist) သံစုံကြေးခရာ၊ ထရမ်းဘုန်း ထရမ်းဘုန်းသမား
၈။ Clichy ကလီချီ
၉။ Martin မာတင်
၁၀။ Michelle မစ်ချယ်လီ
၁။ Mademoiselle Blanche မဒမ်ဘလန်ချီ

၆

၇

Emil အီးမစ်လ်

၈

၉

၁။ Hartense Trada-Lepage ဟော်တင်ဆီထရာလာ လီပိတ်ချ်
၂။ Raphael ရာဖေး
၃။ Precision * အနုစိတ်မှု (တိကျမှု)
၄။ Work shop * (က) အလုပ်ရုံ၊ ဝပ်ရှော့ (ခ) လုပ်ငန်းခွင်ဆွေးနွေးပွဲ a poetry/ theatre workshop
၅။ Mademoiselle Blanche မဒမ်မွိုင်ဇယ် ဘလန်ချီ
၆။ Andras အန်းဒရပ်စ်
၇။ Martin and Michelle မာတင်နဲ့ မစ်ချယ်လီ
၈။ Clignancourt Market ကလစ်နန်ကုတ်ဈေး

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

| | | |
|---|---|---|
| ၁။ | Marais | မာရေးစ်ရပ်ကွက် |
| ၂။ | Yom Kippur | ယွမ်ကစ်ပါပွဲတော် |
| | The Day of Atonement | (အပြစ်ကျေအေးသောနေ့) |
| * | Ghetto | ရေပတ္တီ (သို့) ဂျူးလူမျိုး သီးသန့်ရပ်ကွက် |
| ၃။ | Frau Silber | ဖရော့ဆစ်လ်ဘား |
| ၄။ | Lotte | လော့တီ |

## ၁၁

| | | |
|---|---|---|
| ၁။ | Oboe | အိုဘိုလေမှုတ်တူရိယာ၊ အခင်တပ်လေမှုတ် (နှဲလိုပစ္စည်း)တူရိယာ |
| ၂။ | Vassilii Grossman | ဗတ်ဆီလီဂရော့စ်မင်း |
| ၃။ | Berdichev | ဘာဒီချက်ဗ်မြို့ |
| ၄။ | the Canal Saint Martin | စိန့်မာတင်တူးမြောင်း |

## ၁၂

| | | |
|---|---|---|
| ၁။ | Madame Blumenthal | မဒမ်ဘလူမင်သယ် |
| ၂။ | Apu | အပူး |
| ၃။ | Pierrot | ပီးရားရော့ထ် |
| ၄။ | Trombone | ထရမ်းဘုံး (သံစုံမှုတ်နိုင်သည့် ကြေးခရာ) |
| ၅။ | Anna | အင်နာ |
| ၆။ | Orly Airport | ဩလီလေယာဉ်ကွင်း |
| ၇။ | Rachid | ရာရှစ် |
| ၈။ | The Se'tif Massacre of 1945 | ၁၉၄၅ ခုနှစ် ဆီတစ်ဖ် လူသတ်ပွဲကြီး |

## ၁၃

| | | |
|---|---|---|
| ၁။ | Didi | ဒီဒီ (ငှက်) |
| ၂။ | Soloth Sar (or) Pol Pot | ဆိုလော့သ်ဆာ (သို့) ပိုပေါ့ |
| ၃။ | the Sorbonne | ဆော်ဘွန်း |
| ၄။ | Vassilii Grossman | ဗက်ဆီလီဂရော့စ်မင်း |
| ၅။ | Nikita Kruschev | နီကီတာ ကရုးရှက်ဗ် |
| ၆။ | Secret Army Organization OR OAS | လျှို့ဝှက်စစ်တပ်အဖွဲ့ |

## ၁၄

| | | |
|---|---|---|
| ၁။ | Nice | နိုက်စ် |
| ၂။ | the International Summer Academy | နိုင်ငံတကာ နွေရာသီအကယ်ဒမီ သင်တန်းကျောင်း |
| ၃။ | Saint Tropez | စိန့်ထရိုပက်ဇ် |
| ၄။ | Boche, boche | a German, especially a German Soldier |
| ၅။ | Charonne | ချာရွန်ရပ်ကွက် |
| ၆။ | Saint Blaise | စိန့်ဘလာဇီ (ရပ်) |
| ၇။ | Bastille Day | ဘတ်စတီးနေ့ |
| ၈။ | the Champs Elyse'es | ချမ့်စ်အီလီဆီ |
| ၉။ | Sao Paulo | ဆာအိုပေါ်လို |
| ၁၀။ | Nanterre | နန်တာရီး |
| ၁၁။ | Tegel | တီဂျဲလ် |
| ၁၂။ | Monsieur Ferrat | မွန်စီယာ ဖာရက် |
| ၁၃။ | Bayer | ဘေယာ |

www.burmeseclassic.com

www.burmeseclassic.com


၁၅

၁၆

၁။ The Evian Agreements — အီဗီယန်သဘောတူညီချက်များ
၂။ Harkis — ဟာကစ္စ
၃။ Berdichev — ဘာဒီချက်ဗ်
၄။ Oran City — အိုရန်မြို့

၁၇

၁။ The Gare de Lyon — ဂါရားဒီလိုင်းယွန်း
၂။ Roland Kirk — ရိုလင်ကစ်
၃။ Phlebitis — ဖယ်လ်ဘီတစ္စ (သွေးပြန်ကြောရောင်ရောဂါ)

နောက်ဆုံး

၁။ the Gare du Nord — ဂါယားဒူနော့ဒ်

BURMESE CLASSIC
www.burmeseclassic.com